http:\\www.dhammadownload.com

မင်းကွန်းဆရာတော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသင်္ဂါယနာ ဝိဿဇ္ဇက

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(စတုတ္ထတွဲ)

တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့.

ဓမ္မဒါန

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ်နှစ် ၁၉၉၄

http:\\www.dhammadownload.com

## တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး
## ထောကြားတော်မူသော အပ္ပမာဒ သံဝေဂထက်ာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊
ကိုယ်ကဏ္ဍပုံ၊ ဖြစ်လိုတုံလည်း၊
တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊
ဖောက်လဲတတ်စွာ၊ ဓမ္မတာကို၊
ပညာစက္ခု၊ မြော်ထောက်ရှုလျှင် –
    ယခုပင်လျှင်၊ မအိုခင်က၊
    ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
    ယခုပင်လျှင်၊ မနာခင်က၊
    ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
    ယခုပင်လျှင်၊ မသေခင်က၊
    ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ရတုချိန်တောက်၊ ဤခါရောက်မှ၊
ချုပ်ပျောက်ခန္ဓာ၊ သေလိမ့်ဝါဟု၊
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊
တစ်စက်ကမျှ၊ မရှိကြဘူး ...
“အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ”
ဘုရားစကား၊ လိုက်နာပွားသည်၊
တရားလက်မလွှတ်စေနှင့် ။ ။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏
ထေရုပ္ပတ္တိနှင့် သာသနာပြု သမိုင်းမော်ကွန်းစာအုပ် ထွက်ပါတော့မည်။
ဓမ္မဒါနပြုလိုသူများ တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက
စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

http:\\www.dhammadownload.com

ပုံနှိပ်ထုတ်ဝေသူ

ဦးအောင်သန်း(၂)
အတွင်းရေးမှူး
တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့
အမှတ် ၁၂၊ ဝကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တတိယအကြိမ်

http:\\www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

http:\\www.dhammadownload.com

မင်းကွန်းဆရာတော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(စတုတ္ထတွဲ)

တိပိဋက-နိကာယ ဥပဋ္ဌာကအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့.

ဓမ္မဒါန

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ်နှစ် ၁၉၉၄

http:\\www.dhammadownload.com

## ဟံသာဝတီပိဋကတ်တိုက် ဓမ္မာစရိယ မင်းကွန်းဆရာတော်ဘုရားကြီး ဟောစဉ်တရားတော်များ စတုတ္ထတွဲကို တတိယအကြိမ် ပြန်လည်ထုတ်ဝေရခြင်းအကြောင်း

### အမှာစာ

ဆရာတော်ဘုရားကြီး၏ တရားတော်များကို ဟောစဉ်တရားတော်များ အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ ဟောစဉ်တရားတော်များ ပထမတွဲမှ ဒသမ တွဲအထိ ဆယ်တွဲတိတိ ဖြစ်ပါသည်။ ဟောစဉ်စတုတ္ထတွဲကို နှစ်ကြိမ် ထုတ်ဝေခဲ့ပြီး ဖြစ်သော်လည်း ဝယ်အားများသဖြင့် ကုန်သွားခဲ့ရာ ယခုအခါ တတိယအကြိမ်အဖြစ် ထပ်မံရိုက်နှိပ်ရခြင်း ဖြစ်ပါသည်။

ဤဟောစဉ် စတုတ္ထတွဲ၌ -

၁။ ဝိဇယသုတ္တန် တရားတော်

၂။ ဝသလသုတ္တန် တရားတော်

၃။ ဆ ဆက္ကသုတ္တန် တရားတော်

၄။ ဗာဟိယသုတ္တန် တရားတော်

၅။ ရဋ္ဌပါလသုတ္တန် တရားတော်

၆။ ရေဝတီ ဝိမာနဝတ္ထု တရားတော်တို့ ပါဝင်ပါသည်။

၁။ ဝိဇယသုတ္တန် တရားတော်

ဤ ဝိဇယသုတ္တန်ကို အမည်သုံးမျိုးဖြင့် ခေါ်ပါသည်။

(၁) ကိုယ်ကာယ၌ တပ်မက်သော တဏှာရာဂကို အောင်နိုင်သောကြောင့် ဝိဇယသုတ္တန်၊

(၂) ကိုယ်ကာယ၌ တပ်မက်သော တဏှာရာဂကို ဖြတ်ပယ်ကြောင်း ဖြစ်သောကြောင့် ကာယဝိစ္ဆန္ဒနိကသုတ္တန်၊

http:\\www.dhammadownload.com

(၃) သိရိမာပြည့်တန်ဆာဝတ္ထုကို အကြောင်းပြု၍ မဟောမိ ဇနပဒ ကလျာဏီ နန္ဒာထေရီမကို အကြောင်းပြု၍ ဟောဖူးသောကြောင့် နန္ဒသုတ္တန် ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ဤ ဝိဇယသုတ္တန်ကို ဟောရာ၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး၏ ဒွတ္တိံသာကာရ ပါဠိအနက်တို့ဖြင့် တန်ဆာဆင်ကာ ဟောထားသောကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

၂။ ဝသလသုတ္တန် တရားတော်

သူယုတ် သူမြတ် လူဆိုး လူကောင်း ခွဲခြားသိစေရန် အဂ္ဂိကဘာရဒ္ဒါဇ ပုဏ္ဏားအား မြတ်စွာဘုရား ဟောကြားသော သုတ္တန်တရားတော် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သင်္ဂဇာဆရာတော်ကြီး၏ စတုရာရက္ခ ကျမ်းလာ ဗုဒ္ဓါနုဿတိ ဘာဝနာခန်းမှ ဘုရားဂုဏ်တော်များဖြင့် စတင်ဖွင့်ဆိုကာ ဝသလသုတ္တန်ကို ဟောကြားပါသည်။ ဇာတ်ကြောင့် လူဆိုး လူကောင်း ဖြစ်ရသည်မဟုတ်။ မိမိပြုသည့် အမှုကံကြောင့်သာ လူဆိုး လူကောင်း ဖြစ်ရသည်ဟု သိစေရန် ဟောကြားထားခြင်း ဖြစ်ပါသည်။

၃။ ဆ ဆက္ကသုတ္တန် တရားတော်

ဤ ဆ ဆက္ကသုတ္တန်ကို မယ်တော်ကြီး ဒေါ်ဓမ္မစာရီ၏ တောင်းပန်မှုကြောင့် ဟောကြားခြင်း ဖြစ်ပါသည်။ ဆ ဆက္က–ဟူသည် ၆×၆=လီ တရား ဖြစ်ပါသည်။

၁။ အဇ္ဈတ္တိကာယတန ၆ ပါး
၂။ ဗာဟိရာယတန ၆ ပါး
၃။ ဝိညာဏ် ၆ ပါး
၄။ ဖဿ ၆ ပါး
၅။ ဝေဒနာ ၆ ပါး
၆။ တဏှာ ၆ ပါး

http:\\www.dhammadownload.com

ဤ ၆ ပါး ၆ လီ တရားပင် ဖြစ်ပါသည်။

သီလ သမာဓိ ပညာ ကြီးရင့်သူတို့အတွက် ဟောကြားသည့် ဝိပဿနာ တရားဖြစ်ပါသည်။

၄။ ဗာဟိယသုတ္တန် တရားတော်

ဤ သုတ္တန်သည် ခိပ္ပါဘိည တေဒဂ်ဘွဲ့ရ ဗာဟိယအား ဟောကြားသော သုတ္တန်ဖြစ်ပါသည်။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ စသည့် အကျဉ်း ဟောကာမျှဖြင့် ဗာဟိယ ရဟန္တာဖြစ်သော သုတ္တန်ဖြစ်ပါသည်။ ဒိဋ္ဌမတ္တ တရားကို အပိုင်း ၄ ပိုင်းခွဲကာ အကျဉ်းမျှ ဟောပါသည်။ ပထမပိုင်းသည် အကျင့်ပိုင်းဖြစ်၍ ကျန်သုံးပိုင်းသည် အကျိုးပိုင်း ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးသည် မဟာဝိသုဒ္ဓါရာမ ပရမတ္ထ သရုပဘေဒနီကျမ်းလာ အဘိဓမ္မာသဘော လက်ာများဖြင့် လူအများ နားလည်နိုင်အောင် အကျယ် တဝင့် ရှင်းလင်းဟောပြတော်မူပါသည်။

၅။ ရဋ္ဌပါလသုတ္တန် တရားတော်

ဤ သုတ္တန်၌ အိုခြင်း၊ နာခြင်း၊ ဉစ္စာပျက်ခြင်း၊ ဆွေမျိုးပျက်ခြင်း ဟူသော ပါရိဇုညတရားလေးပါးနှင့် လူအပေါင်းသည် မမြဲ၊ အားကိုးစရာ မရှိ၊ ကိုယ်ပိုင်ဉစ္စာ မရှိ၊ တဏှာကျွန်သာတည်း-ဟူသော တရားအကျဉ်း ဓမ္မုဒ္ဒေသ ၄ ပါးတို့ကို အကျယ်ဖွင့်ဆိုထားသည်ကို လေ့လာသိရှိနိုင်ပါ သည်။

၆။ ရေဝတီဝိမာနဝတ္ထု တရားတော်

သူတော်ကောင်းတရားနှင့် မသူတော်တရား ဆန့်ကျင်ဘက်အကျိုး သွားရှိပုံ၊ အချိုပင်စိုက်က အချိုသီးစားရ၍ အခါးပင်စိုက်က အခါးသီး စားရပုံတို့ကို ဝိမာနဝတ္ထုဖြင့် သရုပ်ဖော်ထားပါသည်။ ဤဝတ္ထု၌ သူတော် ကောင်းတရား လိုက်စားသည့် နန္ဒိယကျောင်းဒါယကာ သေဋ္ဌေးနှင့် အဓမ္မ

http:\\www.dhammadownload.com

တရား လိုက်စားသည့် သူဌေးကတော် ရေဝတီတို့ နတ်ပြည်၌ ဘုံဗိမာန် ပေါက်သူ၊ ငရဲသို့ အရှင်လတ်လတ်ရောက်သူအဖြစ် အကျိုးသွား ခြားနားပုံ တို့ကို ဟောပြသည့် ဒေသနာ ဖြစ်ပါသည်။

ဤဟောစဉ်တရားတော်များ စတုတ္ထတွဲ၌ တရားတော် ၆ ပုဒ်ပါရှိရာ ဆရာတော်ကြီးသည် တရားတော်များကို အကွက်စေ့စေ့ ကျမ်းစုံညှိ၍ ဟော ကြားသဖြင့် လူကြိုက်များလှပါသည်။ ဟောစဉ်တရားတော် အတွဲများ မကြာခဏ ကုန်သွားကြသဖြင့် အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်နေရပါ သည်။ သို့ဖြစ်ရာ ဤဟောစဉ်စတုတ္ထတွဲကိုလည်း တတိယအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေရခြင်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**တိ=နိ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့**

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# တိပိဋကဓရ ဟောစဉ်တရားတော်များ
# (စတုတ္ထတွဲ)

## နိဒါန်း

၁၃၅၂ ခုနှစ်သည် ထူးခြားသောနှစ် ဖြစ်ပါသည်။ ဤသို့ ထူးခြားသည်ဟု ဆိုရခြင်းမှာ မင်းကွန်းတိပိဋက ဆရာတော်ကြီး သက်တော် ရှစ်ဆယ်အတွင်းသို့ ရောက်သောနှစ် ဖြစ်ခြင်း၊ ဤနှစ် အတွင်းမှာပင် နိုင်ငံတော်အစိုးရသည် ပြည်တွင်းမှာသာမက အိမ်နီးချင်း နိုင်ငံများ ဖြစ်သော သီရိလင်္ကာ၊ ယိုးဒယား၊ နီပေါအပြင် ဂျပန်နှင့် အင်္ဂလန်မှ သာသနာ့ ထိပ်ခေါင်တင် အရှင်မြတ်များကို အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း၊ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့သည် တိပိဋက= နိကာယ ဥပဋ္ဌာက (ပြည်ပသာသနာပြု) အဖွဲ့ကိုပါ တိုးချဲ့ ဖွဲ့စည်း နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

http:\\www.dhammadownload.com

[က] တိပိဋကဓရ ဟောစဉ်တရားတော်များ (စတုတ္ထတွဲ)

ဤသို့ ထူးခြားသည် အားလျော်စွာ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော် ရှစ်ဆယ်ပြည့် ပတ္တမြားရတုပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ရန် စီမံစိုင်းပြင်းလျက် ရှိနေကြပါသည်။ ဤသို့ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံတော်အစိုးရက ပြည်ပမှ မဟာထေရ်ကြီးများကိုပါ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရန် ကြေညာခဲ့ရာ မြန်မာနိုင်ငံသူ နိုင်ငံသားတို့အဖို့ အလွန်တရာ ကံထူးသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့် ဆိုသော် ဆဋ္ဌသင်္ဂါယနာ တင်စဉ်အခါက ထေရဝါဒ ငါးနိုင်ငံ အပါ အဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ မဟာထေရ်ကြီးများ ကြွရောက် ချီးမြှောက် ခဲ့ကြ၍ ပထမအကြိမ်အဖြစ် ဖူးမြော်ခွင့် ရခဲ့ကြဖူးပါသည်။ ယခုတစ်ဖန် ဘွဲ့ခံကြွတော်မူမည့် အရှင်မြတ်ကြီးများကို တစ်စုတစ်ဝေးတည်း ဖူးတွေ့ ရခြင်းသည် ဒုတိယအကြိမ် အခွင့်ထူးကို ရခြင်း ဖြစ်ပါသည်။ ဤသို့ အနှစ် ၃၀ ကျော်အတွင်း ရတောင့်ရခဲ၍ ဒုလ္လဘဟု ဆိုနိုင်သော ဤ အခွင့်အရေးကြီးမျိုး နောက်ထပ်ရရန် မလွယ်ပါချေ။ ထို့ကြောင့် တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့သည် အခါကောင်းကို လက်လွှတ် မခံဘဲ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဆဋ္ဌသင်္ဂါယနာ အဖြေ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူစဉ်က သာသနာ့ဝန်ကို အတူ တကွ ရွက်ဆောင်တော်မူခဲ့ကြသည့် သီရိလင်္ကာ၊ ယိုးဒယားမှ ဘွဲ့ခံ ဆရာတော်ကြီးများနှင့်တကွ အားလုံးသော ဆရာတော်ကြီးများကို တိပိဋကဓရ ပုဂ္ဂိုလ်ပီပီ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို ပိဋကသုံးပုံ ပါဠိတော်အစုံ အုပ်ရေ ၄၀၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို ပိဋကသုံးပုံ သင်ရိုး အုပ်ရေ ၂၀၊ ဆရာတော်ဘုရားကြီး ပြုစုတော်မူသော မဟာဗုဒ္ဓဝင် (၆ တွဲ၊ ၈ အုပ်)၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေစုံ၊ ဆရာတော်ဘုရားကြီး၏

http:\\www.dhammadownload.com



ဟောစဉ်တရားတော် စာအုပ်များနှင့်တကွ တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့က ဖြန့်ချိသော ကျမ်းစာအုပ်များကို လှူဒါန်းမည် ဖြစ်ပါသည်။

ဤသို့ လှူဒါန်းရာတွင် မင်းကွန်း တိပိဋကဆရာတော်ကြီးသည် ညီတော်အာနန္ဒာနှင့် စံထားရသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည် အားလျော်စွာ ညီတော်အာနန္ဒာ သက်တော် ၁၂၀ ရှည်သည်ကို အာရုံပြု၍ သက်တော် ၁၂၀ ရှည်စေရန် ရည်သန်ချက်ဖြင့် ဘွဲ့ခံဆရာတော်ပေါင်း -

| | | | | | | |
|---|---|---|---|---|---|---|
| မြန်မာနိုင်ငံမှ | အဘိဓဇ | ၄ + | အဂ္ဂမဟာပဏ္ဍိတ | ၅၀ | = | ၅၄ |
| ထိုင်းနိုင်ငံမှ | အဘိဓဇ | ၁ + | အဂ္ဂမဟာပဏ္ဍိတ | ၁၀ | = | ၁၁ |
| သီရိလင်္ကာနိုင်ငံမှ | | | အဂ္ဂမဟာပဏ္ဍိတ | ၂ | = | ၂ |
| နီပေါလ်နိုင်ငံမှ | | | အဂ္ဂမဟာပဏ္ဍိတ | ၁ | = | ၁ |
| ဂျပန်နိုင်ငံမှ | | | အဂ္ဂမဟာပဏ္ဍိတ | ၁ | = | ၁ |
| အင်္ဂလန်နိုင်ငံမှ | | | အဂ္ဂမဟာပဏ္ဍိတ | ၁ | = | ၁ |
| | | ၅ + | | ၆၅ | = | ၇၀ |

အပြင် တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့၏ နာယကဆရာတော်များ၊ ပြည်နယ်နှင့်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ နာယက ဆရာတော်များ စုစုပေါင်း ၁၂၀ ဖြစ်ပါသည်။

ဤသို့ တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့က ဓမ္မပူဇာအဖြစ် ပိဋက သုံးပုံနှင့်တကွ ကျမ်းစာအုပ် အမျိုးမျိုးကို ဓမ္မပူဇာအဖြစ် လှူဒါန်းသည့် နည်းတူ ဆရာတော်ဘုရားကြီးကလည်း အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများကို အာမိသပူဇာအဖြစ် စီဝိုင်စီ သင်္ကန်းတစ်စုံစီ ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသည်။

http:\\www.dhammadownload.com



## ဟောစဉ်တရားတော်များ (စတုတ္ထတွဲ)

ကမ္ဘာအေး သာသနာရေးဦးစီးဌာနသည် မိမိဌာန ကျမ်းပြုဌာနစုက ဝန်ထမ်းများ၏ ကြိုးပန်းချက်ဖြင့် ဟောစဉ်တရားတော်များ ပထမတွဲနှင့် ဒုတိယတွဲကို ထုတ်ဝေခဲ့ပါသည်။ သို့သော် ဒုတိယတွဲ ထုတ်ဝေပြီးသည့် နောက်တွင် ဆက်လက်မထုတ်ဝေ ဖြစ်တော့သဖြင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကို ဟောစဉ်တရားတော်များ ရိုက်နှိပ်ထုတ်ဝေရန် သဘောတူညီခဲ့ပါသည်။ [ဤအဖွဲ့နှင့် သာသနာရေး ဦးစီးဌာနတို့၏ သဘောတူညီချက်ကို သာသနာ့ ချိန်ခွင်ကြီးလေးလက် တရားတော် သို့မဟုတ် တိပိဋကဓရဟောစဉ် တရားတော်များ (ပဉ္စမတွဲ)၌ ရှုပါ။] ထို့ကြောင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သည် ဟောစဉ်တရား တော်များ ပထမတွဲ၊ ဒုတိယတွဲကို ပြန်လည်ရိုက်နှိပ် ထုတ်ဝေခဲ့သည် သာမက ဟောစဉ်တရားတော်များ တတိယတွဲကိုလည်း ဆက်လက် ထုတ်ဝေနိုင်ခဲ့ပါသည်။ ယခုအခါ တိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ တိပိဋက=နိကာယ ဉပဋ္ဌာကအဖွဲ့ ဖြစ်လာသော အခါတွင်လည်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော် ရှစ်ဆယ် အကြို ပူဇော်ပွဲအဖြစ် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများကို ပူဇော်သည့်ပွဲတွင် ထည့်သွင်း ပူဇော်နိုင် ရန် ပတ္တမြားရတု ပူဇာဒါန အထိမ်းအမှတ်အဖြစ် ဤဟောစဉ် တရားတော်များ (စတုတ္ထတွဲ)ကို ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

## ကျမ်းစာအုပ်၏ ဂုဏ်ရည်

ဤ တိပိဋကဓရ ဟောစဉ်တရားတော်များ စတုတ္ထတွဲကို မဖတ်နာမိ စာဖတ်သူ ဓမ္မမိတ်ဆွေအပေါင်းကို ဆရာတော်ဘုရားကြီး၏ ဟောစဉ် တရားတော်များနှင့် မိတ်ဆက်ပေးလိုပါသည်။ ဆရာတော်ဘုရားကြီး၏ ဟောစဉ် တရားတော်များကို ကျမ်းစာဟန်ဖြင့် ရိုက်နှိပ်ထားခြင်း မဟုတ်

http:\\www.dhammadownload.com



ထို့နောက် အင်္ဂကဘာရဒွါဇထံ ရောက်၍ 'သူယုတ်မာ၊ မလာနှင့်၊ ရပ်' ဟု အဆဲခံရသောအခါ မြတ်စွာဘုရားသည် သားကို ဖခင်က ချစ်သော မျက်လုံးဖြင့် ကြည့်သကဲ့သို့ ပြုံး၍ ကြည့်တော်မူပြီး "အို အင်္ဂကဘာရဒွါဇပုဏ္ဏား၊ သင်သည် သူယုတ်ကိုလည်းကောင်း၊ သူယုတ် ဖြစ်အောင် ပြုတတ်သော တရားကိုလည်းကောင်း ခွဲခြား၍ သိပါ သလော" ဟု မေးတော်မူပါသည်။

ပါရမီခံ ရင့်သန်ပြီးဖြစ်သော အင်္ဂကဘာရဒွါဇပုဏ္ဏားက ဟောပြရန် တောင်းပန်သည့် အဆုံးတွင် ဣဝသလသုတ္တန်ကို ဟောကြားတော် မူခဲ့ပါသည်။

ပုဏ္ဏားတို့၏ အယူအဆအားဖြင့် ဇာတ်ကို စွဲ၍ အယုတ်အမြတ် ခွဲခြား ကြပါသည်။ ဗြာဟ္မဏဇာတ်သာလျှင် အမြတ်ဆုံးဖြစ်၍ ဦးပြည်း ခေါင်းတုံး ရဟန်းများသည် ခတ္တိယ ဇာတ်ပင်ဖြစ်သော်လည်း ပုဏ္ဏားတို့ ၏ အမြင်အားဖြင့် ဇာတ်ညံ့ သူယုတ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် လည်း ဒီဃနိကာယ် သီလက္ခန် ပါဠိတော် အမ္ဗဋ္ဌသုတ်၌ ရဟန်းများကို ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားသူများဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် မြတ်စွာဘုရားကမူ –

အမျက်ထွက်လေ့ရှိသူ

ရန်ငြိုးဖွဲ့လေ့ရှိသူမှ အစ

မိဖကို ချုပ်ချယ်သူ အလယ်

ရဟန္တာ မဟုတ်ဘဲ ရဟန္တာဟု ဝန်ခံသူ အဆုံး အားလုံးကို ဝသလ (သူယုတ်)ဟု ဟောတော်မူပြီးနောက် အချုပ်အားဖြင့် –

ဇာတ်ကြောင့် သူယုတ်မာ၊ လူစင်ကြယ် မဟုတ်၊

ကံကြောင့် သူယုတ်မာ၊

ကံကြောင့် စင်ကြယ်သူ ဖြစ်ကြောင်း ဟောပြထားတော်မူခြင်း ဖြစ်ပါသည်။

http:\\www.dhammadownload.com



## ၃။ ဆ ဆက္ကသုတ္တန် တရားတော်

ဤ ဆ ဆက္ကသုတ္တန်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ ပါဠိတော်မှ သဠာယတနဝဂ်၏ ခြောက်ခုမြောက် သုတ္တန် ဖြစ်ပါသည်။ ဆ ဆက္က၏ အဓိပ္ပာယ်မှာ ခြောက်ခြောက်လီ (၆×၆) ဖြစ်ပါသည်။ ဤသုတ်၏ ထူးခြားချက်မှာ မြတ်စွာဘုရား လက်ထက်တော်ကရော သီဟိုဠ်ခေတ်မှာပါ ဟောရာ ဟောရာဌာနတိုင်း၌ မထေရ်ကြီးပေါင်း ခြောက်ကျိပ်၊ ခြောက်ကျိပ် ကျွတ်တမ်းဝင်တော်မူကြခြင်း ဖြစ်ပါသည်။

ဤ သုတ္တန်သည် ဘာဝနာတရားတော် ဖြစ်၏။ ပညာတရား ဖြစ်၏။ ထို့ကြောင့် ဆရာတော်ကြီးသည် ဤတရားတော်ကို သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူကြသော ရဟန်းပရိသတ်၊ သီလရှင်ပရိသတ် စည်းဝေးခဲ့ကြသည့် တိပိဋကဓရ မယ်တော် သစ္စဝါဒီဋီကာကျမ်းပြု ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ၈၃ နှစ်ပြည့် မွေးနေ့မင်္ဂလာ အခါသမယတွင် ပရိသတ်နှင့် လျော်သည့်အတွက် ရွေးချယ်ထားသည့်အထဲတွင် မယ်တော်ကြီးကိုယ်တိုင်က ဤဆဆက္ကသုတ္တန်ကိုမှ နာချင်ပါသည်ဆို၍ ဟောကြားတော်မူသည့် တရားတော် ဖြစ်ပါသည်။

ဤ ဆ ဆက္ကသုတ်သည် ဂုဏ်ထူး ရှစ်ခုဖြင့် ချီးကျူးအပ်သော သုတ္တန် ဖြစ်ပါသည်။ ဤသုတ္တန်သည် -

အစ၏ ကောင်းခြင်း

အလယ်၏ ကောင်းခြင်း

အဆုံး၏ ကောင်းခြင်း

အနက်နှင့် ပြည့်စုံခြင်း

သဒ္ဒါနှင့် ပြည့်စုံခြင်းဟူသော ရှေ့ပိုင်းဂုဏ်ပုဒ်ငါးပါး။

http:\\www.dhammadownload.com



ဘယ်နေရာမှာမှ လိုသည်ဟူ၍ ဖြည့်စွက်ဖွယ်ရာ မရှိ၊ ထက်ဝန်းကျင် ပြည့်စုံခြင်း၊

အပြစ်ဟူ၍ ပြောစရာ မြူမျှ မရှိခြင်း၊

မြတ်သော ဗြဟ္မစရိယ အကျင့်ဖြစ်ခြင်း ဟူသော နောက်ပိုင်း ဂုဏ်သုံးပါး၊ ပေါင်းဂုဏ်ရှစ်ပါးနှင့် ပြည့်စုံ၏။

ဤ ဆဆက္ကသုတ္တန်၏ ခေါက် ခေါက်လိမှာ -

(၁) အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အာယတန ၆ ပါး

(၂) အပြင် အပ အာယတန ၆ ပါး

(၃) ဝိညာဉ်အစု ၆ ပါး

(၄) ဖဿတရား အစု ၆ ပါး

(၅) ဝေဒနာတရား အစု ၆ ပါး

(၆) တဏှာတရားအစု ၆ ပါး၊ ဤခေါက်ပါး ခေါက်လိပင် ဖြစ်ပါသည်။

ဤခေါက်ပါး ခေါက်လိကို မာတိကာအဖြစ် ထား၍ တစ်ခုစီ တစ်ခုစီကို ရှင်းလင်းဟောကြားထားတော်မူသည်မှာ ဖတ်သူ နာသူ နားလည် လွယ်နိုင်ပါသည်။ သီလ သမာဓိ ပညာကြီးသူတို့ တရား ပေါက်နိုင်သည့် ဟောကြားချက်မျိုး ဖြစ်ပါသည်။

## ၄။ ဗာဟိယသုတ္တန် တရားတော်

ဗာဟိယသုတ္တန်သည် ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် ဗောဓိဝဂ်၏ ဆယ်ခုမြောက် သုတ္တန် ဖြစ်ပါသည်။ ဤသုတ္တန်၌ ဗာဟိယ ဒါရုစီရိယ သည် ရှေးဘုရားတို့ထံ၌ လျင်လျင်မြန်မြန် အရိယမဂ်ဉာဏ်ရသူတို့တွင် အမြတ်ဆုံး အသာဆုံး ဖြစ်သည့် "ခိပ္ပာဘိညာ-ဧတဒဂ်" ဘွဲ့ထူးကို ရယူ ရပါစေကြောင်း ဆုတောင်းခဲ့သူ ဗျာဒိတ်ရခဲ့သူ ဖြစ်ပါသည်။

http:\\www.dhammadownload.com



ဤသို့ ဆုတောင်း ကောင်းခဲ့သော ဗာဟိယသည် မြတ်စွာဘုရားကို ဖူးတွေ့ရသည့် ခဏမှာပင် ဘုရားရှင် အကျဉ်းမျှ ဟောအပ်သော တရားကို နာရရုံမျှနှင့် တရားရသူ ဖြစ်ပါသည်။ ဤသို့ ဗာဟိယကို အကျဉ်းမျှ တရားဟောပြတော်မူသော မြတ်စွာဘုရားကို ကြည်ညိုတတ်စေရန်–

၁။ ရူပပ္ပမာဏိကပုဂ္ဂိုလ် – ရုပ်ရည်အဆင်း တင့်တယ်လျှင် ကြည်ညို တတ်သူ၊

၂။ ဃောသပ္ပမာဏိကပုဂ္ဂိုလ် – အသံကောင်းလျှင် ကြည်ညိုတတ်သူ၊

၃။ လူခပ္ပမာဏိကပုဂ္ဂိုလ် – ပစ္စည်းလေးပါး စင်ကြယ်သူ၊ ခေါင်းခေါင်းပါးပါး ကျင့်သူကို ကြည်ညိုသူ၊

၄။ ဓမ္မပ္ပမာဏိကပုဂ္ဂိုလ် – တရားဂုဏ်ကို ကြည်ညိုသူ၊

ဟူ၍ ကြည်ညိုသူ လေးမျိုးလုံး ကြည်ညိုထိုက်သည့် မြတ်စွာဘုရားကို နမက္ကာရကျမ်းလာ "နယနသုဘဂကာယင်္ဂ" အစရှိသော ဂါထာဖြင့် ဘုရားရှိခိုးပြီးမှ ဤသုတ္တန်ကို ဟောကြားတော် မူထားပါသည်။

ဤသုတ္တန်ကို ဟောကြားရာ၌ မြတ်စွာဘုရားနှင့် တွေ့သည့် ပစ္ဆိမဘဝကိုသာမက ပဒုမုတ္တရ ဘုရားရှင်ထံ၌ ဗျာဒိတ်ခံယူခဲ့ပုံကိုလည်းကောင်း၊ ကဿပဘုရားရှင် သာသနာ နောက်ပိုင်း၌ အပြင်းအထန် တရားအားထုတ်ခဲ့သည့် ဘဝကိုလည်းကောင်း၊ ပစ္ဆိမဘဝ၌ ကုန်သွယ်ရင်း သင်္ဘောပျက်၍ သုပ္ပါရက သင်္ဘောဆိပ်၌ မရိုးမျှင် အဝတ်ကို ဝတ်သူ ဒါရုစီရိယဘဝကို လည်းကောင်း စိတ်ဝင်စားဖွယ် ဟောပြထားတော်မူပါသည်။

ဗာဟိယသည် မြတ်စွာဘုရားထံမှောက် ရောက်သောအခါ ဆွမ်းခံရင်း တန်းလန်း တရားဟောရာအခါ မဟုတ်ဘဲ မြတ်စွာဘုရား၏ လည်းကောင်း၊ မိမိ၏လည်းကောင်း အသက်အန္တရာယ်ကို မသိနိုင်ရကား မြတ်စွာဘုရားကို တရားဟောရန် တောင်းပန်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားက ဒိဋ္ဌေဒိဋ္ဌမတ္တံတရားကို အပိုင်း ၄ ပိုင်းခွဲ၍ အကျဉ်းမျှ

http:\\www.dhammadownload.com



ဟောပြတော်မူပါသည်။ ဤလေးပိုင်းတွင် ပထမပိုင်းသည် ဖတ်သူနာသူတို့ ကျင့်ရမည့် အပိုင်းဖြစ်၍ ကျန်သုံးပိုင်းသည် ကျင့်သည့်အတွက် ရသည့် အကျိုးပိုင်း ဖြစ်ပါသည်။

ဤသို့ ပါရမီဓာတ်ခံရှိသူ အထူးဆုပန်သူ အဖို့သာ ရည်ရွယ် ဟောအပ်သော အကျဉ်းမျှတရားကို သာမန်ပရိသတ်တို့ နားလည်နိုင်စေရန် ခံက်ခဲနက်နဲသော အဘိဓမ္မာဒေသနာကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ပရမတ္ထသရုပဘေဒနိကျမ်းလာ လင်္ကာဖြင့် တရားနှလုံးသွင်းနိုင်အောင် ဟောပြထားတော်မူပါသည်။

## ၅။ ရဋ္ဌပါလသုတ္တန် တရားတော်

ရဋ္ဌပါလသုတ္တန်သည် မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ၄ ရာဇဝဂ်၏ နှစ်ခုမြောက် သုတ္တန် ဖြစ်ပါသည်။ ဤသုတ္တန်ကို မမ္မာရုံဒါယကာ ဦးတုတ်၏ တောင်းပန်ချက်အရ ဟောတော်မူခြင်း ဖြစ်ပါသည်။

ဤသုတ္တန်ကို မဟောကြားမီ အဝန်းသုံးပါး ဘုရားရှိခိုးဖြင့် ရှိခိုးပူဇော်ပါသည်။ အဝန်းသုံးပါး ဘုရားရှိခိုးကို သင်္ဂဇာဆရာတော် ရေးဖွဲ့ဟန် ရှိပါသည်။ သက္ကရာဇ် ၁၂၅၂ ခုလောက်က မန္တလေးတောင်ခြေ ရွှေကျောင်ငါးတိုက် တရားပွဲများ၌ ဆရာတော်များ ရွတ်ဆို ကြည်ညိုကြသဖြင့် ထိုစဉ်က "အင်းဝ ဝန်စာရေးမင်း" ဟု အမည်တွင်သော သီပေါမင်းလက်ထက်၌ "ကွမ်းရေတော်မင်း ဦးဖေ" ဟူ၍ ထင်ရှားသောဉပါသကာက ဆရာတော်များထံမှ ကူးယူ၍ ဂါထာအနက်ကို မိမိနှစ်သက်သလို ပြင်ဆင်၍ အသက် ၁၂ နှစ်ရွယ် မတုတ်၊ နောက်အခါသစ္စဝါဒီ ဋီကာကျမ်းပြု သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီအား ပေးခဲ့သဖြင့် ထို ၁၂ နှစ်သမီး အရွယ်ကပင် ရွတ်ဆို ရှိခိုးခဲ့သော ဂါထာဖြစ်ပါသည်။

http:\\www.dhammadownload.com



ထို့နောက် သုတ္တန်ကို ဟောတော်မူပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်းအတွင်း ဒေသစာရီ ကြွချီတော်မူရာ ထုလ္လကောဋ္ဌိက နိဂုံးသို့ ရောက်တော်မူစဉ် တရားကို နာရသဖြင့် ရဋ္ဌပါလ သေဋ္ဌေးသား ခဲရာခက်ဆစ် ရဟန်းပြုခဲ့ပုံ၊ ရဟန္တာ ဖြစ်ပြီးနောက် မိဘထံ ပြန်ကြွရာ မိဘတို့က ရွှေငွေ သားမယားတို့ဖြင့် ဖြားယောင်းပုံ၊ ရဋ္ဌပါလက ဖခင်ကြီးကို တရားဟောသောအခါ –

မိမိကိုယ်ကို လိမ္မာလှသော သမင်နှင့် လည်းကောင်း၊

ဖခင်ကြီးကို မုဆိုးကြီးနှင့် လည်းကောင်း၊

ဥစ္စာစီးပွားနှင့် ဇနီးဟောင်းများကို ကျော့ကွင်းနှင့်လည်းကောင်း နှိုင်းခိုင်း၍ တရားဟောတော်မူပုံကို သံဝေဂ ရဖွယ် ဖတ်နာရမည် ဖြစ်ပါသည်။

ထို့နောက် ကောရဗျမင်းကြီး၏ မိဂစိရ ဥယျာဉ်တွင်း၌ နေ့သန့်နေသော ရဋ္ဌပါလရဟန်းကို သွားရောက်ဖူးမြော်ရင်း ကောရဗျမင်းကြီးက–

အိုခြင်း၊ နာခြင်း၊ ဥစ္စာပျက်ခြင်း၊ ဆွေမျိုးပျက်ခြင်း ဟူသော ပျက်စီးခြင်း(=ပါရိဇုည) လေးပါးနှင့် ကြုံတွေ့မှသာလျှင် ရဟန်းပြုရိုး ဖြစ်ပါလျက် ဘာပျက်စီးခြင်းမှ မကြုံတွေ့ရပဲ ငယ်ငယ်ရွယ်ရွယ်နှင့် အဘယ်ကြောင့် ရဟန်းပြုပါသနည်းဟု မေးလျှောက်ပါသည်။ ထိုအမေးကို ရဋ္ဌပါလက –

လူ့အပေါင်းသည် မမြဲ၊

အားကိုးစရာ မရှိ၊

ကိုယ်ပိုင်ဥစ္စာ မရှိ၊

တဏှာ့ကျွန်သာတည်းဟု အကျဉ်းမျှဖြင့် ပြောကြားခဲ့ပါသည်။ ထိုအကျဉ်းကိုပင် အကျယ်ချဲ့၍ ဟောပြထားသည်မှာ သံဝေဂ ရယူစရာ ဖြစ်ပါသည်။

http:\\www.dhammadownload.com



## ၆။ ရေဝတီဝိမာနသုတ္တန် တရားတော်

ရေဝတီဝိမာနသုတ္တန်သည် ခုဒ္ဒကနိကာယ်ဝင် ဝိမာနဝတ္ထု ပါဠိတော်၊ ပုရိသဝိမာန၊ မဟာရထဝဂ္ဂ၏ နှစ်ခုမြောက် သုတ္တန် ဖြစ်ပါသည်။ ဤသုတ္တန်ကို တရားပွဲ ဒါယကာ ဦးတုတ်ကြီး တောင်းပန်သဖြင့် ဒုတိယအကြိမ်အဖြစ် ဟောရသော သုတ္တန် ဖြစ်ပါသည်။ တရားဦး အဖြစ် –

န ဟိ ဓမ္မော အဓမ္မော စ – ချီ ဂါထာနှင့်

ယာဒိသံ ဝပ္ပတေ ဗီဇံ – ချီ ဂါထာ တို့ကို တရားနာ ပရိသတ်တို့ စောစောစီးစီး တင်ကြို သတိပြုနိုင်စေရန်အတွက် –

အကုသိုလ်ဆယ်ပါး အဓမ္မတရားတို့သည် အပါယ်လေးပါး ရောက်တတ်ပုံ၊

ကုသိုလ်သုစရိုက်ဆယ်ပါး ဓမ္မတရားတို့သည် နတ်ရွာသုဂတိ ရောက်စေတတ်ပုံ၊

"မိမိစိုက်ပျိုးသည့်အတိုင်း အသီးကို ရိတ်ရသည်" ဟူသော သိုးဆောင်း စကားပုံကဲ့သို့ ကောင်းမှုပြုလျှင် ကောင်းကျိုး၊ မကောင်းမှုပြုလျှင် မကောင်းကျိုး ခံစားရတတ်ပုံ ဦးစွာဟောကြားပြီးမှ ရေဝတီဝိမာန သုတ္တန်ကို ဟောကြားတော်မူပါသည်။

ရေဝတီသည် ဒါနပတိ အလှူရှင် နန္ဒိယ၏ဇနီး ဖြစ်လင့်ကစား သဒ္ဓါတရား ရှိသူမဟုတ်၊ ဘုရားအစရှိသော ရဟန်းသံဃာတို့အပေါ် မကြည်ညိုချေ။ ထို့ကြောင့် နန္ဒိယ မရှိခိုက်တွင် လည်းကောင်း၊ နန္ဒိယ သေဆုံး၍ နတ်ပြည်ရောက်သွားပြီးသည့် နောက်တွင် လည်းကောင်း ရဟန်းသံဃာတို့အပေါ် ဒါနဝတ်ဖြတ်ခြင်း၊ မရိုမသေပြုခြင်း စသည်တို့ ကြောင့် ငရဲသားတို့က ယနေ့မှ နောက် ၇ ရက်မြောက်လျှင် ရေဝတီကို

http:\\www.dhammadownload.com



ငရဲပြည်သို့ ခေါ်ဆောင်ရမည့်အကြောင်း ဗာရာဏသီတစ်မြို့လုံးကို ကြွေးကြော်ပါသည်။ ၇ ရက်မြောက်နေ့မှာ ငရဲသား ဘီးလူးနှစ်ကောင် ရောက်လာပြီး ရေဝတီကို တစ်ဖက်တစ်ချက် ဆွဲယူ၍ ခေါ်သွားကြပါသည်။ ဦးစွာ နန္ဒိယ၏ တာဝတိံသာမှ နတ်ဗိမာန်ကို ပြပါသည်။

သူ့အရှင်သခင် လင်ယောကျ်ား၏ ဗိမာန်ဖြစ်၍ ထိုဗိမာန်ထဲတွင် နေခဲ့ချင်ပါသည် ဆိုသော်လည်း ဘီလူးများက အခွင့်မပေးဘဲ ဘင်ပုပ် ငရဲသို့ ပစ်ချလိုက်ကြပါသည်။

ဤသို့ အရှင်လတ်လတ် ငရဲပြည်သို့ ခေါ်ဆောင်ပစ်ချ ခံရသည့် အပြစ်မှာ သာသနာ၌ လွန်စွာ ရှားလှပါသည်။ ဤ အဖြစ်မျိုး၏ ကြောက်စရာ ကောင်းလှပုံကို ဆရာတော်ကြီး ဟောကြားထားသည်မှာ ဖတ်နာသူတို့အဖို့ ထိတ်လန့် သံဝေဂ ရစရာပင် ဖြစ်ပါတော့သည်။

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# တိပိဋကဓရ ဟောစဉ်တရားတော်များ
# (စတုတ္ထတွဲ)

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


နိဒါန်း (က)

**ဝိဇယသုတ္တန်တရားတော်**

ရှုပွားရန်တစပဉ္စကပါဌ်အနက်နှင့်မှတ်သားဖွယ်များ ၁
သိရိမာ ပြည့်တန်ဆာဖဝတ္ထု ၇
သိရိမာ၏ နေ့စဉ် သံဃာရှစ်ပါး ဆွမ်းအလှူ ၉
သိရိမာကို စွဲလမ်းသော ရဟန်း ၁၂
သိရိမာ အနာရောဂါ ကပ်ရောက်ခြင်း ၁၃
သိရိမာ ယာမာနတ်ဘုံ ရောက်ခြင်း ၁၆
သိရိမာ၏ကိုယ်ကောင် အသုဘရှုပွားခန်း ၁၇
သိရိမာ၏ ရုပ်အလောင်းကို အလကား ယူသူမရှိ ၂၂
မြတ်စွာဘုရား အသုဘတရား ဟောကြားတော်မူခြင်း ၂၅
သက်ရှိ အသုဘ ရှုပွားခန်း ၂၆
အမူအရာဟူသမျှ ရုပ်လှုပ်ရှားခြင်းမျှသာဖြစ် ၂၇
လက္ခဏာရေးသုံးပါးကို ဖုံးလွှမ်းသော တရားသုံးပါး ၃၀
ယန လေးမျိုး ၃၃
အခြင် ရနယ် ဒိုင်းဖြာ နံရံတို့နှင့်တူသော ခန္ဓာကိုယ် ၃၆
စားသည့်အစာ ဝမ်းထဲ၌ ငါးမျိုးကွဲပုံ ၄၂

http:\\www.dhammadownload.com



စရိုက် ၆-ပါးနှင့် သွေးအရောင်ခြောက်မျိုး ၄၄
သရက်ရွက်ခေါ် အဖျဉ်း ၄၇
နှပ် တံတွေး စသည်ဖြင့် ပြည့်နေသော ခန္ဓာကိုယ် ၄၈
ဦးခေါင်းပိုင်းမှ ရွံရှာဖွယ်များ ၄၈
သက်မဲ့ အသုဘ ရှုပွားခန်း ၅၂
ဆွေညာတိရင်း မိတ်ခပင်းတို့ ငဲ့ကွက်ခြင်းကင်းသည့်
ခန္ဓာကိုယ် ၅၃
ခန္ဓာ၌ ပရိညာသုံးပါးဖြင့် ပိုင်းခြားသိပုံ ၅၆
အတွင်းအပ ကိုယ်ကာယ၌ တပ်မက်မှုဆန္ဒကို
သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ခြင်း ၅၈
သေသူ့ကိုယ်နှင့် မိမိကိုယ် ထပ်မျှတူအောင်ရှု ၆၀
တဏှာချုပ်လျှင် နိဗ္ဗာန်ဝင် ၆၁
အပုပ်အမျိုးမျိုး ပြည့်လျှံထွက်နေသော ခန္ဓာကိုယ် ၆၂
သူ့ကို ရှုတ်ချ ကိုယ့်ကိုမြှောက်ပင့် မပြုသင့်ပုံ ၆၄
ဝိဇယသုတ္တန်ဒေသနာ နိဂုံး ၆၅

ဝသလသုတ္တန်တရားတော် ၆၈
ဗုဒ္ဓကိစ္စငါးပါး အချိန်ပိုင်းခြားချက် ၆၉
ကျွတ်ထိုက်သူ သတ္တဝါများကို ကြည့်ရှုတော်မူခြင်း ၈၇
အဂ္ဂိကဘာရဒွါဇပုဏ္ဏားအိမ်သို့ ဘုရားကြွတော်မူခြင်း ၈၉
ဘုရားအား သူယုတ်ဟု ပုဏ္ဏားက ဆိုခြင်း ၉၂
သူယုတ်သူမြတ်ဖြစ်ခြင်းအကြောင်း ဟောတော်မူခြင်း ၉၅
သာသနာမှာ ခိုးသူကြီး ငါးဦး ၁၁၇
လောကမှာ အကြီးမားဆုံး အယုတ်မာဆုံး သူခိုးကြီး ၁၂၀
မာတင်္ဂဒွန်းစဏ္ဍား ၁၂၃

http:\\www.dhammadownload.com




ဆ ဆက္ကသုတ္တန် တရားတော် ၁၃၂

ထက်ဝန်းကျင်ပြည့်စုံသော တရား ၁၃၃

ဂုဏ်ပုဒ် ရှစ်ပုဒ်ဖြင့် ဘုရားချီးကျူး ဟောကြားခြင်း ၁၃၆

ခြောက်မျိုးစီ ခြောက်လီ တရားတော် ၁၃၈

(၁) အဇ္ဈတ္တိကာယတန ခြောက်ပါး ၁၄၀

အဇ္ဈတ္တိကာယတန + ဗာဟိရာယတန ဟူ၍ ခေါ်ရခြင်းအကြောင်း ၁၄၇

(၂) ဗာဟိရာယတန ခြောက်ပါး ၁၄၈

(၃) ဝိညာဏ် ၆ ပါး ၁၅၀

(၄) ဖဿ ၆ ပါး ၁၅၂

(၅) ဝေဒနာ ၆ ပါး ၁၅၅

(၆) တဏှာ ၆ ပါး ၁၅၇

ခြောက် ခြောက်လီ တရားအားလုံး ကိုယ်တွင်းမှာရှိ၊ ရှာကြည့် ၁၅၈

စက္ခုဆက္က၌ အတ္တဒိဋ္ဌိဖြစ်ပုံနှင့် အတ္တစစ်တမ်း ၁၅၉

ဆွမ်းသွတ်လျှင် လူသေမှ အတ္တလိပ်ပြာကို ခေါ်ခြင်း ၁၆၀

အနတ္တဖြစ်အောင် ရှုပုံ ၁၆၅

စက္ခုနည်း မှီ၍ သောတ စသည်တို့ကို ရှုရန် ၁၆၉

ဒုက္ခသစ္စာ တိုးပွားကြောင်း တရားသုံးပါး ၁၇၁

ဒုက္ခသစ္စာချုပ်ကြောင်း တရားသုံးပါး ၁၇၄

အနိစ္စ ဒုက္ခ အနတ္တ သုံးပါးလုံးဖြင့် ရှုနိုင် ၁၇၇

ဝေဒနာသုံးပါး၌ ရာဂ ဒေါသ မောဟ မပယ်နိုင်လျှင် သံသရာ မဆုံးနိုင် ၁၇၉

ဝေဒနာပေါ်၌ အနုသယကို ပယ်ဖြတ်နိုင်လျှင် သံသရာဝဋ်ဒုက္ခမှ ငြိမ်းနိုင်ခြင်း ၁၈၄

တရားတော်နိဂုံး ၁၉၄

http:\\www.dhammadownload.com



**ဗာဟိယသုတ္တန် တရားတော်** ၁၉၇


ကြည်ညိုတတ်သူ ပုဂ္ဂိုလ် လေးမျိုး လေးစု ၁၉၇
နမက္ကာရကျမ်းလာ ဂုဏ်တော်လေးပါး ဘုရားရှိခိုး ၂၀၀
ဗာဟိယ သုတ္တန် နိဒါန်း ၂၀၄
ဗာဟိယ မထေရ်၏ အတိတ်ဝတ္ထုများ ၂၀၅
ဗာဟိယ ဗျာဒိတ် စတင်ရရှိခြင်း ၂၀၆
ဓာတ်ကော့ဆုတောင်း ၂၀၆
သံဃာ ၇ ပါး အသက်စွန့်၍ တရားအားထုတ်ခြင်း ၂၁၀
မထေရ်ကြီး ချက်အဘိညာဏ်ရသော ရဟန္တာဖြစ်ခြင်း ၂၁၂
ဒုတိယ မထေရ်ကြီး အနာဂါမ်ဖြစ်ခြင်း ၂၁၄
ရဟန်းငါးပါး တရားမရဘဲ ပျံတော်မူပြီး
နတ်ပြည်၌ ဖြစ်ခြင်း ၂၁၅
အန္တရကပ်၏ကာလ ၂၁၅
ဗာဟိယ ဒါရုစီရိယ ဟူသော အမည်ဖြစ်ပုံ ၂၁၆
ဗာဟိယ၏ ရွက်သင်္ဘော ပင်လယ်တွင်းမှာ ပျက်စီးခြင်း ၂၁၇
ဗာဟိယ ဒါရုစီရိယအား ရဟန္တာဟု ထင်ကြခြင်း ၂၁၉
ဗာဟိယ အယူမှားခြင်း ၂၂၁
သုဒ္ဓါဝါသ ဗြဟ္မာကြီးက သတိပေးပြီး ဘုရားထံလွှတ်ခြင်း ၂၂၄
ဗာဟိယ အမြင်မှန် သံဝေဂ ရရှိခြင်း ၂၂၈
ဗာဟိယသည် မြတ်စွာဘုရားထံ အမြန်သွားခြင်း ၂၂၉
ဘုရားအား တွေ့ရန် သာဝတ္ထိမြို့ထဲသို့ လိုက်သွားခြင်း ၂၃၁
ဗာဟိယ ဘုရားကို ဦးတိုက်၍ တရားအမြန်ဟောရန်
တောင်းပန်ခြင်း ၂၃၃
ဟောသင့် မဟောသင့် ဆင်ခြင်တော်မူပြီးမှ
မြတ်စွာဘုရား ဟောကြားတော်မူခြင်း ၂၃၅

http:\\www.dhammadownload.com



အသက်အန္တရာယ်ကို မသိနိုင်၍ တရားအမြန်ဟောရန်
　　လျှောက်ထားခြင်း ၂၃၇
မြတ်စွာဘုရား တရားဟောတော်မူခြင်း ၂၃၉
ကျင့်စရာ တရား အပိုင်းလေးပိုင်း ၂၄၀
နေ့စဉ် နေ့တိုင်း တရား ၆ မျိုးသာ လူတိုင်းမှာရှိ ၂၄၂
ကုသိုလ်ဇော ဖြစ်အောင် အားထုတ် ၂၄၃
ဆိုင်ရာ ဒွါရသို့ ရောက်မှ အာရုံယူသော ရှင် ၃ ပါး ၂၄၅
မဟာကုသိုလ်ဇော စောအောင် ပွားများနည်း ၂၄၇
ပရိညာ ၂ ပါး ဖြစ်ပုံ ၂၄၉
လက်ာ ကဗျာနှင့် တရားနှလုံးသွင်းနည်း ၂၅၂
ဒိဋ္ဌ, သုတ, မုတ, ဝိညာတဋ္ဌ တရားရှုပွားရန် လက်ာများ ၂၅၃
ဒိဋ္ဌဋ္ဌ ဝိပဿနာ ရှုပုံ လက်ာ ၂၅၅
ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပုံ ၂၅၇
အနိစ္စ, ဒုက္ခ, အနတ္တ သဘော ၂၅၇
မဂ်ဖိုလ် ရပုံ ၂၆၃
လောဘ ဒေါသ မောဟ အနှောင်အဖွဲ့မှ လွတ်မြောက်ပုံ ၂၆၃
တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ကင်းခြင်း ၂၆၆
ဗာဟိယ လူဝတ်ကြောင် အဖြစ်နှင့် ရဟန္တာဖြစ်ခြင်း ၂၆၈
ဗာဟိယ နွားငှေ့၍ ပရိနိဗ္ဗာန်ပြုခြင်း ၂၇၀
ဗာဟိယ၏ လားရောက်ရာ ဂတိ ၂၇၃
ဥဒါန်းဂါထာ ကျူးရင့်တော်မူခြင်း ၂၇၅
ဆွမ်းခံကြွစဉ် ခရီးအကြားရပ်၍ ဟောသောတရား ၂၇၈
တရားတိုသော် နည်းသော်လည်း
　　ချီးမွမ်းအပ်မြတ်သောတရား ၂၈၀
ခိပ္ပါဘိညာ ဧတဒဂ် ရရှိခြင်း ၂၈၂
တရားတော်နိဂုံး ၂၈၃

http:\\www.dhammadownload.com




ရဋ္ဌပါလ သုတ္တန် တရားတော်　　၂၈၅

လရထားပမာ အေးမြဖေတော်မူသော မြတ်စွာဘုရား　　၂၈၇

အဝန်းသုံးပါး　　၂၈၈

ဘုရားဒေသစာရီ ကြွချီတော်မူပုံ　　၂၈၉

ထုလ္လကောဋ္ဌိက နိဂုံးသို့ ဘုရားကြွတော်မူခြင်း　　၂၉၂

ပုဏ္ဏားသူကြွယ် အစုအဝေးကြီးထဲမှ ထူးချွန်သူ
သေဌ္ဌေးသားတစ်ဦး　　၂၉၆

သေဌ္ဌေးသား စဉ်းစားပိခြင်း　　၂၉၉

ရဋ္ဌပါလ သေဌ္ဌေးသား ရှင်ရဟန်းပြုပေးရန် တောင်းပန်ခြင်း　　၃၀၁

ရဋ္ဌပါလ မိဘတို့ထံ ရှင်ရဟန်းပြုဖို့ ခွင့်ပန်ခြင်း　　၃၀၃

ရဋ္ဌပါလ သေဌ္ဌေးသား အစာငတ်ခံ ဆန္ဒပြခြင်း　　၃၀၄

မိဘတို့က ချော့မော့ကြခြင်း　　၃၀၅

သူငယ်ချင်းတို့က ဖျောင်းဖျကြခြင်း　　၃၀၆

သူငယ်ချင်းတို့၏ အကြံပေးစကား　　၃၀၈

မိဘနှစ်ပါး လိုလားချက်တောင်း၍ ခွင့်ပြုကြခြင်း　　၃၀၉

ရဋ္ဌပါလ အမျိုးကောင်းသား ရဟန်းပြုခြင်း　　၃၁၀

ရဋ္ဌပါလ သေဌ္ဌေးသား ရဟန္တာဖြစ်ခြင်း　　၃၁၂

အရှင်ရဋ္ဌပါလထေရ် မိဘအိမ် ဆွမ်းရပ်ခြင်း　　၃၁၄

ခမည်းတော်က ဝတ္ထုကာမ ကိလေသာကာမတို့ဖြင့်
ဖျားယောင်းခြင်း　　၃၂၂

ခမည်းတော်အား အရှင်ရဋ္ဌပါလ တရားဟောခြင်း　　၃၃၁

ရဟန္တာအား ကာမဂုဏ် မှိုင်းတိုက်၍ မရနိုင်　　၃၃၅

ကျောကွင်းအသီးသီးမှ ရှောင်ကွင်းသွားသော
အရှင်ရဋ္ဌပါလ　　၃၃၈

http:\\www.dhammadownload.com




သုတ္တန် ဒုတိယပိုင်း ၃၄၁
အရှင်ရဋ္ဌပါလနှင့် ကောရဗျမင်း တွေ့ဆုံခြင်း ၃၄၂
ပျက်စီးခြင်း(=ပါရိဇုည) လေးမျိုး လျှောက်ထားမေးမြန်းခြင်း ၃၄၇
ပထမပုစ္ဆာ ၃၄၈
ဒုတိယပုစ္ဆာ ၃၅၃
တတိယပုစ္ဆာ ၃၅၆
စတုတ္ထပုစ္ဆာ ၃၆၀
ဓမ္မုဒ္ဒေသတရား အကျဉ်းလေးပါး ၃၆၄
လူ့အပေါင်းသည် သေခြင်းတရားသာ ၃၆၆
လူတိုင်းသည် အားကိုးစရာ မရှိ ၃၆၇
လူအားလုံး၌ ကိုယ်ပိုင်ဥစ္စာ မရှိ ၃၆၈
လူတိုင်း ပြည့်စုံသည်မရှိ တဏှာ၏ကျွန် ၃၇၀
ပထမ ဓမ္မုဒ္ဒေသ အကျယ်ဖြေကြားခြင်း ၃၇၃
ဒုတိယ ဓမ္မုဒ္ဒေသ အကျယ်ဖြေကြားခြင်း ၃၇၉
ဆွေမျိုးတို့အား ဝေဒနာကို ခွဲဝေပေး၍ မရနိုင် ၃၈၂
တတိယ ဓမ္မုဒ္ဒေသ အကျယ်ဖြေကြားခြင်း ၃၈၅
ယခု ဘဝ စည်းစိမ်ကို တမလွန်ဘဝ ယူမရ ၃၈၆
စတုတ္ထဓမ္မုဒ္ဒေသအကျယ် ဖြေကြားခြင်း ၃၉၀
လေးကျွန်းလုံးကို အုပ်စိုးလိုခြင်း ၃၉၁
ပို၍ ပို၍သာ လိုချင်မှု ၃၉၉
မျက်စဉ်းကျောက် ဥပမာ ၄၀၀
ကိုယ့်ကံတရားနှင့် ကိုယ်သာဖြစ် ၄၀၇
အသက်ရှည်အောင် ဥစ္စာဖြင့် ဝယ်မရ ၄၀၈
လူမိုက်သေနည်းနှင့် လူလိမ္မာသေနည်း ၄၁၀
ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် ၄၁၄
ကာမဂုဏ်၏ အပြစ် ၄၁၆
တရားတော် နိဂုံး ၄၁၉

http:\\www.dhammadownload.com

[ခေါ]　　တိပိဋကဓရ ဟောခဉ်တရားတော်များ (စတုတ္ထတွဲ)


ရေဝတီ ဝိမာန ဝတ္ထု တရားတော် ၄၂၀

ဓမ္မနှင့် အဓမ္မ ၄၂၁

နန္ဒိယ အမျိုးသားနှင့် ရေဝတီ အမျိုးသမီးတို့
အိမ်ထောင်ရေး ၄၂၄

နန္ဒိယသေဌေး လှူဒါန်းသောကျောင်း ယနေ့တိုင်ရှိနေ ၄၂၈

ကျောင်းဒကာ နန္ဒိယအတွက် ဘုံဗိမာန်ကြီး ပေါက်ခြင်း ၄၃၀

ဒါနဝတ်များကို ဖျက်ဆီးပစ်သော ရေဝတီ ၄၃၆

နန္ဒိယ စုတေ၍ တာဝတိံသာရောက်ခြင်း ၄၃၉

ရေဝတီကို ငရဲချမည်ဟု ဘီလူးများ ကြွေးကြော်ခြင်း ၄၄၁

နန္ဒိယနတ်သား၏ ဗိမာန်ကို ရေဝတီအား ပြခြင်း ၄၄၄

ရေဝတီအား ဘင်ပုပ်ငရဲသို့ ခေါ်ဆောင်ခြင်း ၄၄၉

အရိယာတို့အား မုသာဝါဒဖြင့် ဆဲရေးပြောဆိုမှု ၄၅၃

ရေဝတီ ထပ်တလဲလဲ ထိတ်လန့်ငိုကြွေး တောင်းပန်ခြင်း ၄၅၅

ရေဝတီ နောင်တရ၍ ပြောသောစကားများ ၄၅၇

ပါဠိမဟာရိယာဂက္ခယူပုံ အမျိုးမျိုး ၄၆၂

ရေဝတီကို ဘင်ပုပ်ငရဲသို့ ပစ်ချပြီ ၄၆၃

ရေဝတီ၏ နောက်ဆုံး နောင်တ သံဝေဂ ဂါထာ ၄၆၄

ရေဝတီ၏ အကြောင်းအရာ များစွာပါ၍
ရေဝတီဝိမာနဟု ခေါ်ခြင်း ၄၆၇

ရေဝတီဝိမာနဝတ္ထု တရားတော်နိဂုံး ၄၇၀

မှတ်သားဖွယ် အက္ခရာစဉ် အညွှန်း ၄၇၂


အရှင်ဝိစိတ္တသာရာဘိဝံသ၏

တိပိဋကဓရ ဟောခဉ်တရားတော်များ (စတုတ္ထတွဲ)

မာတိကာ ပြီးပြီ

http:\\www.dhammadownload.com

အရှင်ဝိစိတ္တသာရာဘိဝံသ၏

# တိပိဋကဓရ ဟောခဉ်တရားတော်များ

(စတုတ္ထတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဝိဇယ သုတ္တန် တရားတော်

ရှုံ့ဖွယ်လိလိ စက်ဆုပ်ဖွယ် အတိသာ ဖြစ်သော
မိမိခန္ဓာ၊ သူတစ်ပါးခန္ဓာတို့၌
စွဲလမ်းတပ်မက်မှု တဏှာဆန္ဒ ကင်းကွာစေရန်
ရည်သန်ဟောကြားခြင်း

သာသနာနှစ် ၂၅၁၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့၊ မန္တလေးမြို့ မဟာဗောဓိ ဝိပဿနာကမ္မဋ္ဌာန်းတိုက်၌ ဟောကြားအပ်သော ဝိဇယသုတ္တန် တရားတော်။ တစ်နည်းအားဖြင့် ကာယဝိစ္ဆန္ဒနိက သုတ္တန်တရားတော်။

ဝိဇယသုတ္တန်လို့လည်း ခေါ်တယ်၊ ကာယဝိစ္ဆန္ဒနိက သုတ္တန်လို့လည်း ခေါ်တယ်။ ခန္ဓာကိုယ်၌ တွယ်တာတပ်မက်တဲ့ တဏှာရာဂကို အောင်မြင်ကြောင်းဖြစ်လို့ 'ဝိဇယသုတ္တန်'၊ ခန္ဓာကိုယ်၌ တွယ်တာတပ်မက်တဲ့ ဆန္ဒရာဂ ကင်းကွာကြောင်းဖြစ်လို့ ဒီသုတ္တန်ကို 'ကာယဝိစ္ဆန္ဒနိက သုတ္တန်' လို့လည်း ခေါ်ပါတယ်တဲ့။ အမည်နှစ်ပါး ရှိတဲ့ သုတ္တန်။

### ရှုပွားရန် တစပဉ္စကပါဠိအနက်နှင့် မှတ်သားဖွယ်များ

ဒီ သုတ္တန်ကို ဟောမယ်လို့ဆိုကော့ ရှေးဦးစွာ ဘုန်းကြီးတို့ မန္တလေးမြို့မှာ တချိန်က နေတစ်ဆူ လတစ်ဆူ ထွန်းပတော်မူခဲ့တဲ့ သီလကျေးဇူး၊

http:\\www.dhammadownload.com



သမာဓိကျေးဇူး၊ ပညာကျေးဇူး အနန္တ ပြည့်ဝတော်မူခဲ့တဲ့ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားသွားတော်မူတဲ့ ဒွိတ္တိံသာကာရပါဠိရဲ့ အနက်ကို ကြားထားဖို့၊ နှုတ်တိုက်ထားဖို့ လိုပါတယ်။ အဲဒီအနက်ကို နှုတ်တိုက်ထားတယ်၊ ကြားထားတယ် ဆိုလို့ရှိယင် ဒီ သုတ္တန် နာရတာ အင်မတန် အရသာ ရှိနိုင်ပါတယ်။ ဆရာတော်ဘုရားကြီးအားလည်း ပူဇော်သောအားဖြင့် တရားနာပရိသတ်တို့အားလည်း နာဖူးသောအားဖြင့် ဆရာတော်ဘုရားကြီးရဲ့ ဒွတ္တိံသာကာရပါဠိအနက်ထဲက အနည်းဆုံး တစပဥ္စကလောက်တော့ ရွတ်ကြည့်ကြရအောင်၊ နာကြည့်ကြရအောင်။

အတ္ထိ ဣမသ္မိံ ကာယေ -

ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊ မံသံ နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ၊ ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖာသံ၊ အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ၊ ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ၊ အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ။

ဣမသ္မိံကာယေ=တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း အရေလွှမ်းထုံကာယ၌ -

ခန္ဓာကိုယ် အပြင်ဘက် ကြည့်ဦးမလား၊ အတွင်းဘက် ကြည့်ဦးမလားတဲ့။ သန့်ရှင်းစင်ကြယ်တာတွေရယ်လို့ ဘာမှ မရှိပါဘူး။ အမြဲတစေ ဆေးကြောသုတ်သင် ပေမယ့်လို့လည်းပဲ အမြဲတမ်း မစင်မကြယ် သူ့အမြဲ ရှိနေပါတယ်။ ဒါကြောင့် ဣမသ္မိံကာယေ=တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း အရေလွှမ်းထုံကာယ၌ -

(၁) ကေသာ = အဆင်းမည်းဖြူ ချိန်တူသဏ္ဌာန် ချက်ဌာန်ဥပရိ ဦးမှာရှိသား ဒွိပရိစ္ဆေ နှစ်ကုဋ္ဌေငါးသန်း ဂဏန်းများဖြင့် ဆံပင်အစုတို့သည်။ အတ္ထိ-သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏ တကား။

http:\\www.dhammadownload.com



အပေါ်ယံမှာ မြင်လွယ်တဲ့ ကောဋ္ဌာသငါးခု။ ပထမဆုံးပေါ်လာတဲ့ ဆံပင်ဆိုတဲ့ ကောဋ္ဌာသကို ကြည့်ကြစို့တဲ့။ ကောဋ္ဌာသ တစ်ခု တစ်ခုကို **ဝဏ္ဏ**=အဆင်းအားဖြင့် ဘယ်လိုနေသလဲ။ **သဏ္ဌာန**=ပုံပန်းသဏ္ဌာန် အားဖြင့် ဒီကောဋ္ဌာသဟာ ဘယ်ပုံဘယ်ပန်းလဲ။ **ဒိသာ** တဲ့၊ ခန္ဓာကိုယ်ရဲ့ အထက်ပိုင်း အောက်ပိုင်း ဘယ်အရပ်မှာ ရှိတယ်လို့ ဒီလိုလဲ သိရမယ်။ **ဩကာသ** တဲ့၊ ခန္ဓာကိုယ်မှာ၊ လည်ပင်းမှာ ရှိတယ်၊ ခေါင်းမှာ ရှိတယ်၊ ရင်မှာ ရှိတယ်၊ ခြေမှာ ရှိတယ်၊ လက်မှာ ရှိတယ်။ ဒီလို ဆိုင်ရာပေါ့လေ၊ ဦးခေါင်းတို့၊ လက်တို့၊ ရင်တို့၊ ခြေတို့ဆိုတဲ့ အရပ်အားဖြင့် **ပရိစ္ဆေဒ** တဲ့။ ကောဋ္ဌာသတို့ရဲ့ အပိုင်းအခြားအားဖြင့် ငါးဌာန ငါးဌာနစီ ကောဋ္ဌာသ တစ်ခု တစ်ခုမှာ နားလည်ရမယ်။ သဘောကျရမယ်။ အဲဒီလို သဘောကျအောင် ဆရာတော်ဘုရားကြီးက ငါးဌာန စုံလင် အောင် အနက်ပေးပြီးဟော့ ထားတော်မူတယ်။

**ကေသာ=အဆင်းမည်းဖြူ**=ဝဏ္ဏအားဖြင့် ဆံပင်သည် အသက်ကြီး တဲ့ ပုဂ္ဂိုလ်များကျတော့ ဖြူလို့၊ အသက်ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်များကျတော့ မည်းလို့၊ ဒါကြောင့် အဆင်းအားဖြင့် အမည်းလည်း ရှိတယ်၊ အဖြူ လည်း ရှိတယ်။ သဏ္ဌာန်အားဖြင့် ချိန်ခွင်ရိုးသဏ္ဌာန် ရှိတယ်။ **ချိန်တူ သဏ္ဌာန်** တဲ့။ ဒိသာ=အရပ်မျက်နှာအားဖြင့် **ချက်ဌာန်ဥပရိ**=ချက်မှ အထက်ပိုင်းမှာ ရှိတယ်လို့ ပြောပါတယ်။ ဩကာသ အရပ်အားဖြင့် **ဦးမှာရှိသား**=ဦးခေါင်းမှာ ရှိပါတယ်။ **ဒွိပရိစ္ဆေ**+ဝိသဘာဂပရိစ္ဆေဒ အားဖြင့် ပရိစ္ဆေဒနှစ်ပါးနဲ့ ခွဲခြားရမယ်။

ဝိသဘာဂ ပရိစ္ဆေဒအားဖြင့် ခွဲဆိုတာ ဆံပင်သည် မွေးညင်း မဟုတ် ဘူး၊ ဆံပင်သည် ခြေသည်းလက်သည်း မဟုတ်ဘူး၊ ဆံပင်သည် သွား မဟုတ်ဘူး။ အခြားအခြားသော သဘောမတူတဲ့ ကောဋ္ဌာသတို့နဲ့ ဆံပင် တည်းဟူသော ကောဋ္ဌာသကို တခြားစီ ဖြစ်အောင် ပိုင်းခြားယူတာ ဝိသဘာဂပရိစ္ဆေဒ တဲ့။ မိမိတည်းဟူသော ဆံပင်ကောဋ္ဌာသမှာပင်လျှင်

http:\\www.dhammadownload.com



တစ်ပင်နဲ့ တစ်ပင်၊ တစ်ပင်နဲ့ တစ်ပင် အဲဒီလို ကွဲအောင် ဉာဏ်နဲ့ ကြည့်ခြင်းသည် သဘာဂပရိစ္ဆေဒ။ အဲဒီလို ပရိစ္ဆေဒအားဖြင့် သဘာဂ ဝိသဘာဂ ပရိစ္ဆေဒ နှစ်မျိုးရှိတဲ့အတွက် ဒွိပရိစ္ဆေ။ အရေအတွက်အားဖြင့် နှစ်ကုဋေငါးသန်း ရှိတယ်။ ဘယ်နှယ်လုပ်ပြီးတော့ ရေထားတုံးဆိုတော့ ကိုယ်က မရေနိုင်ဘူး။ သဗ္ဗညုတ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ရေထားတာဖြစ်လို့။ ဘုရားရေထားတဲ့အတိုင်း နှစ်ကုဋေငါးသန်းလို့သာ မှတ်ထားပေတော့တဲ့။ ဒါကို ကေသာ=အဆင်း မည်းဖြူ ချိန်တူသဏ္ဌာန် ချက်ဌာန်ဥပရိ ဦးမှာရှိသား ဒွိပရိစ္ဆေ နှစ်ကုဋေ ငါးသန်း ဂဏန်းများဖြင့် ဆံပင်အစုတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ=ထင်ရှား ပုံသေ ရှိကုန်ပေ၏တကား ... ။

ခန္ဓာကိုယ် ခေါင်းပိုင်းမှာ ရှိတဲ့ ဒီကောဋ္ဌာသတစ်ခုပဲ စူးစူးစိုက်စိုက် အဆင်းအားဖြင့်၊ သဏ္ဌာန်အားဖြင့်၊ အရပ်ဒေသအားဖြင့်၊ တည်ရာဌာန အားဖြင့်၊ အပိုင်းအခြားအားဖြင့် ငါးဌာန သိလိုက်ယင်ပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်၏ ဥပနိဿရည်း ပစ္စည်းအထောက်အပံ့ ဖြစ်နိုင်ပါတယ်။

(၂) လောမာ = စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့။

မွေးညင်းဆိုတာ အနည်းငယ် မည်းတယ်တဲ့။ နည်းနည်းနက်တယ်၊ ဆံပင်လောက်တော့ မနက်ဘူး။ အဆင်းအားဖြင့်၊ သဏ္ဌာန်အားဖြင့် ထန်းမြစ်သက်သို့ ဆိုစရာ ထန်းပင်က အမြစ်တွေ ဖွာနေသလို ပုံသဏ္ဌာန်အားဖြင့် ထန်းမြစ်ဖျားနဲ့ တူတယ် တဲ့။

စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက်ကိုယ်ရေ အနှံ့နေသား ... ခန္ဓာကိုယ်မှာ အထက်ပိုင်း အောက်ပိုင်း နှစ်ပိုင်းစလုံး အနှံ့ နေပါတယ်တဲ့။ ဒါပြောတာ။ အောက်ထက်ကိုယ်ရေ အနှံ့နေသား တွက်ရေကိုးသောင်း ကိုးထောင်ပေါင်းဟု မွေးညင်းအစုတို့သည်။ အတ္ထိ-သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏တကား ... ။

http:\\www.dhammadownload.com



မွေးညင်းဟာ တစ်ကိုယ်လုံး ရေတွက်ကြည့်ယင် ကိုးသောင်းနဲ့ ကိုးထောင်ရှိတယ်တဲ့။ အပေါ်ယံရှိတဲ့ ကောဋ္ဌာသ နှစ်မျိုးရတယ်။

(၃) နခါ = ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည်။ အတ္ထိ–သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏တကား ... ။

အဆင်းအားဖြင့် လက်သည်းခြေသည်းသည် အဖြူအဆင်းရှိတယ်။ ပုံပန်းသဏ္ဌာန်အားဖြင့် ငါးကြင်းကြေးနဲ့ တူတယ်တဲ့။ တည်ရာဒွါနက တော့ အထက်ပိုင်းမှလည်း ရှိတယ်၊ လက်သည်း။ အောက်ပိုင်းမှာလည်း ရှိတယ်၊ ခြေသည်းက။ ဒါက သိသာလို့ မရေးတော့ဘူး။ ဒါကို နခါ= ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏တကား။

(၄) ဒန္တာ=အလယ်လေးစုံ ဘူးစေ့ပုံသို့ ပန်းငုံအသွင် ထိုပြင်ယာဉ် ထောက်ခွ ဒွေတြဖျားမြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်းစွန်းကယ် သုံးဆယ်သော သွားအစုတို့သည်။ အတ္ထိ–သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏တကား .... ။

အထက် ဆယ့်ခြောက်ချောင်း၊ အောက်မှာ ဆယ့်ခြောက်ချောင်း အားဖြင့် လူတိုင်းလူတိုင်း မိန်းမ ယောကျ်ားမှာ သွားဟာ သုံးဆယ့်နှစ် ချောင်းရှိတယ်။ အဲဒီ အထက်အောက် ဆယ့်ခြောက် ချောင်းစီ ရှိတဲ့ အနက်က အလယ်လေးချောင်းဟာ ဘူးစေ့လိုပဲတဲ့။ အမြစ်အားဖြင့် တစ် မြစ်ပဲ ရှိတယ်။ အလယ်လေးစုံ ဘူးစေ့ပုံသို့၊ အဲဒီ အလယ်လေးချောင်း ရဲ့ အပြင်ဘက်နား နှစ်ချောင်းကျတော့ ပန်းငုံစံပယ်ဖူးလေးများလို။ အင်း ... အဲဒီ နှစ်ချောင်းရဲ့ အပြင်ဘက် ထွက်သွားတဲ့ လေးချောင်းကျ တော့ ယာဉ်ထောက်ခွ။ ဟို လှည်းထောက်ခွလို ပုံးပန်းသဏ္ဌာန် ရှိတယ်တဲ့။

http:\\www.dhammadownload.com



**ဒွေတြဲဖျားမြစ်၊ လေးမြစ်လေးဖျား၊ နှစ်ပါးစီပေါင်း** ဆိုတာက ဒွေဆိုတာ အမြစ်မှာ နှစ်မြစ်ရှိတဲ့ သွားနှစ်ချောင်း၊ လက်ယာဘက်မှာပေါ့လေ။ ဒီ အလယ်လေးချောင်းရဲ့ ပြင်ဘက်နားမှာ ပန်းငုံလို သဏ္ဍာန်ရှိတဲ့ သွား နှစ်ချောင်းမှာ အမြစ်က နှစ်မြစ်စီ နှစ်မြစ်စီ ရှိတယ်။ အဲဒီ အပြင်ဘက်က လှည်းထောက်ခွလိုတူတဲ့ သွားလေးချောင်းပေါ့လေ။ အံဆုံးရှေ့က အဲဒီ လေးချောင်းမှာ ပထမနှစ်ချောင်းက အမြစ်သုံးမြစ် ရှိတယ်။ အေး အံဆုံး တစ်ချောင်းကျတော့ အမြစ်လေးမြစ် ရှိတယ်။

အဲဒါကြောင့် ဆရာတော်ဘုရားကြီးက ဒန္တာ=အလယ်လေးစုံ ဘူးစေ့ပုံသို့ ပန်းငုံအသွင် ထိုပြင်ယာဉ်ထောက်ခွ ဒွေတြဲဖျားမြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်းစွန်းကယ် (အထက်အောက်) သုံးဆယ်သော သွားအစုတို့သည်။ အတ္ထိ–သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏ တကား ...

လို့ သွားကို ကြည့်မယ်ဆိုရင် ဒီပုံအတိုင်း အဆင်းအားဖြင့် ဖြူတယ်၊ အင်း ... ပုံပန်းသဏ္ဍာန်အားဖြင့် အလယ်လေးချောင်းက ဘူးစေ့နဲ့ တူတယ်။ အဲဒီ အပြင်ဘက်နား နှစ်ချောင်းက စံပယ်ငုံလေးလို။ အဲဒီ အပြင်ဘက်က လက်ဝဲလေးချောင်း၊ လက်ယာလေးချောင်းက ယာဉ် ထောက်ခွ=လှည်းထောက်ခွနဲ့ တူတယ်လို့ အဲဒီလို ပုံပန်းသဏ္ဍာန်နှင့် တကွ အထက်ပိုင်း ကိုယ်မှာရှိတာကို မြင်ပါစေ .... ။

**(၅) တစော = ကိုယ်လုံးပတ်ခြုံ ကိုယ်ပုံဟန်တူ အဆင်းဖြူသော အရေထူ အစုသည်။ အတ္ထိ–သံဝိဇ္ဇန္တိ=ထင်ရှားပုံသေ ရှိကုန် ပေ၏ တကား။**

တစခေါ်တဲ့ အရေထူက အမှန်အားဖြင့် သူ့ရဲ့အဆင်းသည် ဖြူဖွေး သော အဆင်းရှိတယ်။ တပည့်တော်တို့ အပေါ်ယံ မြင်ရတော့ကတော့ အဝါလည်း မြင်တယ်၊ အညိုလည်း မြင်တယ်၊ အဖြူလည်း မြင်တယ်။ တချို့ မည်းမည်းနက်နက်လည်း မြင်ပါတယ်။ အဲဒါက အပေါ်ယံ

http:\\www.dhammadownload.com



အရေပါး။ အခုပြောတာက အရေထူဟာကတော့ အရေပါးရဲ့ အောက်က အရေတွေကတော့ ဖြူတဲ့ အဆင်းရှိတယ်။ အဲဒီ တစခေါ်တဲ့ အရေထူဟာ ကတော့ တစ်ကိုယ်လုံး ပတ်ခြုံပြီး သကာလ ကိုယ်ပုံရဲ့ ဟန်ပန်တူပါ တယ်တဲ့။ ကိုယ်လုံးပတ်ခြုံ ကိုယ်ပုံဟန်တူ အဆင်းဖြူသော အရေထူ အစုသည်။ အတ္ထိ–သံဝိဇ္ဇတိ=ထင်ရှားပုံသေ ရှိကုန်ပေ၏တကား ... ။

## သီရိမာ ပြည့်တန်ဆာမ ဝတ္ထု

အပေါ်ယံ တွေ့လွယ်မြင်လွယ်တဲ့ ကောဋ္ဌာသ ငါးပါးလောက်တော့ အနည်းဆုံး၊ အင်း ... မှတ်ထားလိုက်ကြစမ်းပါ။ နားထဲမှာပေါ့လေ၊ အာရုံယူထားလိုက်ကြစမ်းပါ ... တဲ့။ အမှန် သုံးဆယ့်နှစ် ကောဋ္ဌာသ စလုံး စုံအောင်ရထားဖို့၊ စုံအောင်လေ့လာဖို့ ဖြစ်ပါတယ်။

ဒီတော့ ဘုန်းကြီး အလျင်တစ်ပတ်က တရားဟောခဲ့တယ်။ ဥတ္တရာ ရဲ့ အကြောင်းဟောတော့ ဥတ္တရာနဲ့ အဆက်အသွယ်ရှိတဲ့ သီရိမာဟာ–

အက္ကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာ+လိက ဝါဒိနံ။

ဆိုတဲ့ ဆွမ်းအနုမောဒနာ တရားပွဲမှာ မြတ်စွာဘုရား ဟောကြားတဲ့ ဒီ ဂါထာအဆုံးမှာ သီရိမာဆိုတဲ့ ပြည့်တန်ဆာမ သောတာပတ္တိ မဂ် ဖိုလ် သို့ ရောက်ခဲ့တယ်။ သီရိမာရဲ့ အကြောင်းက အကျဉ်းချုပ်လည်းပဲ နားလည်ထားကြစမ်းပါ။

ဘုရားလက်ထက်တုန်းက ဝေသာလီပြည်မှာ အမ္ဗပါလီ ဆိုတဲ့ ပြည့်တန်ဆာမ တစ်ယောက် ရှိဟာယ်။ ရာဇဂြိုဟ်ပြည်က ကုန်သည်ကြီး အသင်းက လူတွေ ဝေသာလီ သွားတဲ့အခါကျတော့ အမ္ဗပါလီ ပြည့်တန်ဆာမ အကြောင်းပြုပြီး ဝေသာလီပြည်သည် အင်မတန် သိုက်

http:\\www.dhammadownload.com



မြိုက် စည်ကားတာတွေတော့ ရာဇဂြိုဟ် ပြန်လာတဲ့အခါ ဗိမ္ဗိသာရမင်း တရားထံ ထိုအကြောင်း လျှောက်ထားတယ်။ မိမိတို့ ရာဇဂြိုဟ်ပြည်မှာ လည်းပဲ ပြည့်တန်ဆာမ ထားဖို့ကောင်းတဲ့အကြောင်း လျှောက်ထား တော့ ဗိမ္ဗိသာရ မင်းတရား ခွင့်ပြုချက်အရ မင်း အသိအမှတ်ပြုတဲ့ ပြည့်တန်ဆာမ တစ်ယောက် ထားပါတယ်။

ပထမဆုံးထားတဲ့ ပြည့်တန်ဆာမက 'သာလဝတီ' အမျိုးသမီး။ သာလဝတီ အမျိုးသမီးကို ပြည့်တန်ဆာမထားတော့ တစ်နေ့ တစ်ည ဆိုယင် ငွေတစ်ရာ တစ်ရာ ပေးရတယ်။ အဲဒီ သာလဝတီ ပြည့်တန်ဆာ မမှ ပထမဦးဆုံး သားဦးဖွားတဲ့အခါကျတော့ ထိုသားကလေးကို လူမသိ အောင် လမ်းမမှာ ပစ်ထား၊ အဘယမင်းသားက ကောက်ပြီးတော့မွေး၊ အချိန်ရောက်တော့ 'ဇီဝက'လို့ နာမည်ပေးပြီးတော့ အရွယ်ရောက်တဲ့ အချိန်မှာ တက္ကသိုလ်ဆီမှာ ပညာသင်လို့ ဆေးပညာတစ်ဖက်ကမ်းခတ် တတ်မြောက်။ 'ဆရာဇီဝက'ရယ်လို့ ယနေ့တိုင်အောင် ကျော်စော ထင်ရှားလျက် ရှိတယ်။

ထို သာလဝတီ ပြည့်တန်ဆာမမှပင် နောက်တစ်ချိန်မှာ သမီး တစ်ယောက် ဖွားမြောက်ပြန်တယ်။ ထို သမီးကျတော့ မိခင်ရဲ့အလုပ် ဆက်ခံနိုင်တဲ့အတွက် သားဇီဝက တုန်းကလို စွန့်ပစ်မှု မပြုတော့ဘဲ အရွယ်ရောက်အောင် မွေးကျွေးသုတ်သင်လို့ မိခင် သာလဝတီ ပြည့်တန်ဆာမ ကွယ်လွန်တဲ့အခါ 'သိရိမာ'ဆိုတဲ့ ဒီသမီးက မိခင်ရဲ့ ရာထူး၊ မင်းအသိအမှတ်ပြုတဲ့ ပြည့်တန်ဆာမရာထူးကို ရရှိပါတယ်။ သိရိမာ လက်ထက်ကျတော့ တန်ဖိုးကြီးလာပြီ။ တစ်နေ့နဲ့တစ်ည မြူးတူးပျော်ပါးဖို့ဆိုယင် အသပြာတစ်ထောင် တစ်ထောင် ပေးရတယ်။

အဲဒီလို လာခဲ့တဲ့ သိရိမာသည် ဥတ္တရာနဲ့ တွေ့တဲ့အချိန်မှာ ဟို ဝါကျွတ်ခါနီး ဆယ့်ငါးရက်အလိုမှာ ဥတ္တရာနဲ့ တွေ့တယ်။ နက်ဖြန် သီတင်းကျွတ်လပြည့်နေ့၊ အင်း … ဝါလည်း ကျွတ်ကရော ဆိုပါစို့ရဲ့၊

http:\\www.dhammadownload.com



သီရိမာလည်း သောတာပတ္တိဖိုလ် ရောက်တဲ့နေ့။ အဲ ဒီကနေပြီးတော့ လှမ်းပြီးတော့ ကြည့်စမ်း။

## သီရိမာ၏ နေ့စဉ် သံဃာရှစ်ပါးဆွမ်းအလှူ

သောတာပန်အရိယာ ဖြစ်ပြီဆိုလို့ရှိယင် သာသနာကို မလှူဘဲ မတန်းဘဲ ဘယ်တော့မှ မနေနိုင်ဘူး။ သီရိမာသည် သောတာပန် ဖြစ်တဲ့ နေ့မှ နောက်တစ်နေ့ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့ဆိုယင် ဘုရားအမှူးရှိသော သံဃာကို မိမိအိမ်ပင့်တယ်။ ကြီးစွာသော အလှူဒါန ပေးပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်။ နေ့စဉ် နေ့စဉ် တပည့်တော်မအိမ် သံဃာတော် ရှစ်ပါး ဆွမ်းစား ကြွတော်မူပါ၊ နိဗဒ္ဓ သံဃာရှစ်ပါး ကျွေးတဲ့ဆွမ်းကို အဋ္ဌကဘတ်လို့ ဘုန်းကြီးတို့ စာထဲက ခေါ်ပါတယ်။

အဋ္ဌကဆွမ်းဆိုတာ သံဃာရှစ်ပါးကို အမြဲတမ်း ကျွေးတဲ့ဆွမ်း။ အဲဒီလို သံဃာရှစ်ပါး ရှစ်ပါး နေ့တိုင်း နေ့တိုင်း ကြွရောက်လာတယ် ဆိုယင် "အရှင်ဘုရား၊ ယာဂု ဘုန်းပေးပါဦး" ရောက်တယ်ဆိုယင် ယာဂု ကပ်တယ်။ ယာဂုဘုဉ်းပေးပြီးတဲ့အခါကျတော့ ခဲဖွယ်များ၊ မုန့်များ ကပ်တယ်။ ဆွမ်းချိန်ကျတော့ ဆွမ်းကို သပိတ်နဲ့ အပြည့် ထည့်ပြီးတော့ မွန်မြတ်တဲ့ ဆွမ်းများ လှူဒါန်းတယ်။ ရဟန်းတစ်ပါးတစ်ပါးရတဲ့ ဆွမ်းသည် သုံးပါးလေးပါး စားလောက်တယ်။ သံဃာရှစ်ပါး ဆွမ်း လောင်းသကောလို့လည်းပဲ ကနေ့အနေနဲ့ကြည့်ယင် သိပ်ပြီးတော့ ပိုက်ဆံကုန်လှတာ မဟုတ်ဘူး။ အဲဒီတုန်းက ဆယ့်ခြောက်ကျပ်ပဲ ကုန်သတဲ့။

တစ်နေ့တစ်နေ့ တစ်ဆယ့်ခြောက်ကျပ် တစ်ဆယ့်ခြောက်ကျပ်သော အသပြာ စွန့်လှူပြီးတော့ သံဃာရှစ်ပါး ရှစ်ပါး ဆွမ်းကပ်ပြီးတော့ လာခဲ့ တာ ရက်မှလဲကူး၊ လမှနှစ်ကူးလို့ နှစ်ပရိစ္ဆေဒလေး တော်တော်ကြာ ညောင်းလာတဲ့ တစ်နေ့သဌ္ဌ သီရိမာရဲ့အိမ်မှာ အဋ္ဌကဆွမ်း အလှည့်ကျ

http:\\www.dhammadownload.com



လို့ ရတဲ့ ကိုယ်တော်တစ်ပါး သိရိမာအိမ်က ဆွမ်းစားပြီးတော့ ရာဇဂြိုဟ်က သုံးယူဇနာ ဝေးကွာတဲ့ အရပ်မှာရှိတဲ့ တောကျောင်းတစ်ခု ရောက်သွားတယ်။ ညကျတော့ တောကျောင်းမှာ ရှိတဲ့ မထေရ်ကြီးထံ အားလုံး သီတင်းသုံးဖော် သံဃာတော်တို့ ဆည်းကပ်တဲ့အခါ ဒီ အာဂန္တု ကိုယ်တော်လည်း ပါတယ်။ ပါတော့ ဒီကိုယ်တော်ကို သီတင်းသုံးဖော်တွေက မေးတယ်။

အာဝုသော၊ ကဟံ ဘိက္ခံ ဂဟေတွာ အာဂတောသိ။

အာဝုသော=ငါ့ရှင်။ တွံ=သင်သည်။ ကဟံ=အဘယ်အရပ်၌။ ဘိက္ခံ =ဆွမ်းကို။ ဂဟေတွာ=ခံယူ၍။ အာဂတော=လာရောက်သည်။ အသိ =ဖြစ်သနည်း။

"ကိုယ်တော်၊ ကနေ့ ဘယ်က ဆွမ်းခံပြီးလာခဲ့တုန်း"လို့ မေးတော့-

သိရိမာယ အဋ္ဌကဘတ္တံ မေ ဘုတ္တံ။

အာဝုသော=ငါ့ရှင်ရဟန်းများတို့။ မမ=ငါသည်။ အဇ္ဇ=ယနေ့။ သိရိမာယ=သိရိမာ၏။ အဋ္ဌကဘတ္တံ=သဒ္ဒါပြဋ္ဌာန်း သံဃာရှစ်ပါးအား လှူဒါန်းတဲ့ ဆွမ်းကို။ ဘုတ္တံ=စားအပ်ခဲ့ပြီ။

"ကနေ့ တပည့်တော် သိရိမာရဲ့ အဋ္ဌကဘောဇဉ်ကို စားပြီး လာခဲ့ပါတယ်"လို့ ပြန်ကြားလျှောက်ထားတဲ့အခါ သံဃာတော်တွေက -

မနာပံ ကတွာ ဒေတိ အာဝုသော။

အာဝုသော=ငါ့ရှင်။ သိရိမာ=သိရိမာဆိုတဲ့ ပြည့်တန်ဆာမက။ မနာပံ=နှစ်သက်ဖွယ်ကောင်းအောင်။ ကတွာ=ပြု၍။ ဘတ္တံ=ဆွမ်းကို။ ဒေတိ=ပေးလှူခဲ့သလား။

"သိရိမာအိမ်မှာ ဆွမ်းစားတာ ဟုတ်ပါပြီ၊ ဆွမ်းများ ကောင်းကောင်း မွန်မွန်ချက်ပြီး သူ လှူဒါန်းရဲ့လား"လို့ သံဃာတော်တွေက မေးတဲ့အခါ အာဂန္တုကိုယ်တော်က -

http:\\www.dhammadownload.com



န သက္ကာ တသ္သာ ဘတ္တံ ဝဏ္ဏေတုံ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့။ တဿာ=ထိုသီရိမာ၏။ ဘတ္တံ=ဆွမ်းကို။ ဝဏ္ဏေတုံ=ချီးမွမ်းခြင်းငှာ။ န သက္ကာ=မတတ်နိုင်။

"သူ့ဆွမ်း ဘယ်လောက် ကောင်းတယ်ဆိုတာကို ချီးမွမ်းဖို့ရန် မတတ်နိုင်ပါဘူး ကိုယ်တော် ... " တဲ့။

အတိဝိယ ပဏီတံ ကတွာ ဒေတိ။

အတိဝိယ=အလွန်လျှင်။ ပဏီတံ ကတွာ=မွန်မြတ်အောင်ပြု၍။ ဒေတိ=သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါပေ၏။

ဧကေန လဒ္ဓံ တိဏ္ဏမ္ပိ စတုန္နမ္ပိ ပဟောတိ။

ဧကေန=ရဟန်းတော်တစ်ပါး။ လဒ္ဓံ=ရအပ်သော ဆွမ်းသည်။ တိဏ္ဏမ္ပိ=သုံးယောက်သော ရဟန်းတို့အားလည်းကောင်း။ စတုန္နမ္ပိ= ရဟန်းလေးပါးတို့အားလည်းကောင်း။ ပဟောတိ=လောက်င ပါ၏။

"သဒ္ဓါတရားကလည်း ကောင်းလိုက်တာ ကိုယ်တော်ရေ ... မပြောနဲ့။ လောင်းတဲ့ ဆွမ်းဟင်းကလည်း အကောင်း လှူတဲ့အပြင် ကိုယ်တော်တစ်ပါး တစ်ပါးအား လောင်းလှူလိုက်တဲ့ ဆွမ်းဟာ ရဟန်း သုံးပါးလေးပါး စားလောက်တယ်"တဲ့။

တဿာ ပန ဒေယျဓမ္မတောပိ ဒဿနမေဝ ဥတ္တရိတရံ

သာ ဟိ ဣတ္ထီ ဧဝရူပါ စ ဧဝရူပါ စ။

အာဝုသော=ငါ့ရှင်ဘုရား ရဟန်းများတို့။ တဿာ=ထိုသီရိမာ၏။ ဒေယျဓမ္မတော=လှူဖွယ်ဝတ္ထုထက်။ ဒဿနမေဝ=မြင်ရခြင်းက ပင်လျှင်။ ဥတ္တရိတရံ=အထူးသဖြင့် မြင့်မြတ်လှပေ၏။

"သီရိမာ လှူတဲ့ဆွမ်း စားရတာထက် သီရိမာကို မြင်ရတာဟာ ကောင်းလွန်း မွန်လွန်း မြတ်လွန်းလို့ ကိုယ်တော်ရေ ... " တဲ့။ ပုထုဇဉ် ရဟန်းတွေ ဆိုတော့ ပုထုဇဉ်သဘောအတိုင်း ပြောကြတာပ။

http:\\www.dhammadownload.com



သာ ဣတ္ထိ=ထိုအမျိုးကောင်း မိန်းမသည်။ ဓေရူပါ စ=ဤသို့ သဘောရှိသော အဆင်းနှင့်လည်း ပြည့်စုံ၏။ ဓေရူပါ စ=ဤသို့ သဘောရှိသော အဆင်းနှင့်လည်း ပြည့်စုံ၏။ သဘော ရှိသော အဆင်းနှင့်လည်း ပြည့်စုံ၏။

လို့ ဒီ အာဂန္တု ကိုယ်တော်က သီရိမာရဲ့ လက်သဏ္ဌာန်၊ ခြေသဏ္ဌာန်၊ အင်း ... ကိုယ်လုံးကိုယ်ပေါက် သဏ္ဌာန်၊ မျက်နှာနေပုံသဏ္ဌာန် သူ သိသမျှ ဘယ်လောက် ချောတယ်၊ လှတယ်၊ အမျိုးသမီးတစ်ယောက် မြင်ရတာကိုက မြတ်လှပါတယ် ကိုယ်တော် ... လို့ အာဂန္တုကိုယ်တော် က သူကြိုက်သလောက် သီရိမာကို အမွှမ်းတင်ပြောတော့ မမြင်ရဘဲနဲ့ စိတ်ထဲက ကိုယ်တော်တစ်ပါး သီရိမာကို ချစ်ခင်တယ်။

## သီရိမာကို စွဲလမ်းသော ရဟန်း

မယာ တတ္ထ ဂန္တုံ ဝဋ္ဋတိ။

မယာ=ငါသည်။ တတ္ထ=ထိုသီရိမာအိမ်သို့။ ဂန္တုံ=သွားခြင်းငှာ။ ဝဋ္ဋတိ=သင့်၏။ ဝါ-ဂန္တုံ ဝဋ္ဋတိ=သွားမှ တော်မယ်။

သီရိမာအိမ် ငါသွားမှပဲ။ ဒါလောက်လှတယ်ဆိုတော့ သူဟာ မနေ နိုင်တော့ဘူး။ သူ အင်မတန် စိတ်ထဲက ချစ်ခင်တဲ့ စိတ်ပေါ်ပြီးတော့ မနေနိုင်တော့ဘူး။ အာဂန္တု ကိုယ်တော်ကို မေးတယ်။

"အရှင်ဘုရား၊ အရှင်ဘုရား ကနေ့ ကြွလာတော့ သံဃာရဲ့ထေရ် စဉ်ဟာ ဘယ်လောက်ရှိပြီလဲ" တဲ့။ ဝါစဉ် ဘယ်လောက်ရှိပလဲ။

"ဟာ-တပည့်တော် ကြွလာတဲ့အချိန်မှာ ဆယ့်ငါးဝါရတဲ့ ကိုယ် တော်တွေ အလှည့် ရောက်နေပြီ"

"အရှင်ဘုရား သွားချင်လို့လား"

"သွားချင်လို့"

"ဒါဖြင့် အရှင်ဘုရား ဘယ်နှစ်ဝါလဲ"

"တပည့်တော် ဆယ့်လေးဝါ" ဆိုတော့ -

http:\\www.dhammadownload.com



သွေ အာဝုသော တသ္မိံ ဂေဟေ တွံ သံဃတ္ထေရော ဟုတွာ အဂ္ဂကာသတ္တံ လဘိဿသိ။

အာဝုသော=ငါ့ရှင်။ တွံ=သင်သည်။ သွေ=နက်ဖြန်ခါ။ တသ္မိံ ဂေဟေ=ထိုအိမ်၌။ သံဃတ္ထေရော=သံဃာ့ထေရ်သည်။ ဟုတွာ=ဖြစ်၍။ အဂ္ဂကာသတ္တံ=သိရိမာ လှူတဲ့ အဂ္ဂကဆွမ်းကို။ လဘိဿသိ=ရမှာ ဧကန်။

"ကိုယ်တော်တဲ့၊ ကနေ့ ကိုယ်တော်ကြွသွားယင် နက်ဖြန်ခါကျ သိရိမာအိမ် သံဃာရှစ်ပါး စာရင်းထဲ ကိုယ်တော် ပါမယ်။ ပါသမှ ကိုယ်တော် ထိပ်တန်းက သံဃာ့မထေရ်အဖြစ်နဲ့ ပါလိမ့်မယ်။ ဝါစဉ်က ဒီရောက်နေတယ်"ဆိုတော့ ခပ်သုတ်သုတ်ပဲ သပိတ်သင်္ကန်းယူပြီးတော့ သုံးယူဇနာခရီးကို နေ့ချင်းပေါက် သွားတယ်။ အင်း ... ခြောက်တိုင် ခြောက်တိုင် ခြောက်တိုင်။ ခြောက်တိုင် သုံးပြန်၊ ဆယ့်ရှစ်တိုင်ပေါ့လေ။ တစ်သောင်းခွဲရှိတဲ့ခရီး နေ့ချင်းပေါက်သွားတယ်။ နောက်တစ်နေ့နံနက် အရုဏ်လည်း တက်ကရော တခါတည်း စာရေးတံမဲရုံ ဒီကိုယ်တော် ဝင်လိုက်တယ်။ အံ့ခုနင်က အာဂန္တုကိုယ်တော် ပြောတဲ့အတိုင်း သူသည် ထိပ်ဖျားက သံဃာ့ထေရ်အဖြစ်နဲ့ သိရိမာရဲ့အိမ်ကို ဆွမ်းခံကြွရတယ်။ ဆွမ်းခံကြွဖို့ တခါတည်း စာရင်းရတယ်။

## သိရိမာ၏ကိုယ်၌ အနာရောဂါ ကပ်ရောက်ခြင်း

အရေးသိပ်မလှဖို့ အကြောင်းခံတော့ ယမန်နေ့က ဆွမ်းခံပြီးလို့ တောကျောင်းသွားတဲ့ ကိုယ်တော်တွေလည်း ပြန်သွားရော သိရိမာကိုယ်မှာ အနာရောဂါ ကပ်ရောက်တယ် ဆိုပါစို့။ ရောဂါဘယ ကပ်ရောက်လို့ ဖြန်းခနဲ ရောဂါကပ်ရောက်တဲ့အတွက် ကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဆင်တန်ဆာတွေကို ချွတ်ပြီး အိပ်ရတယ်။ ဒီကနေ့တော့ သိရိမာ ကိုယ်တိုင် ဆွမ်းဝတ် မပြုနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါပေမယ် လို့ သံဃာရှစ်ပါး ဆွမ်းဝတ်ကိုတော့ မပိတ်ဘူး။ မပိတ်ဘဲနဲ့ သိရိမာ

http:\\www.dhammadownload.com



နေမကောင်းလို့ သံဃာရှစ်ပါး ဆွမ်းစားမကြွပါနဲ့လို့ မလျှောက်ထားဘူး။ ဒီအတိုင်းပဲ လူမြဲတိုင်းပဲ အိမ်မှာရှိတဲ့ တပည့်တွေနဲ့ စီမံထားတော့ ကိုယ်တော်ရှစ်ပါး ကြွလာတယ်။

သီရိမာရဲ့ အိမ်စေမတွေက "ရှင်မ၊ ကိုယ်တော် ရှစ်ပါး ကြွလာပြီ" ဆိုတော့ ဘာပြောသလဲ။

အမ္မာ ပတ္တေ ဂဟေတွာ အယျေ နိသီဒါပေတွာ ယာဂုံ ပါယေတွာ ခဇ္ဇကံ ဒတွာ ဘတ္တဝေလာယ ပတ္တေ ပူရေတွာ ဒေထ။

အမ္မာ=အမိတို့။ ပတ္တေ ဂဏှထ=အရှင်မြတ်တွေရဲ့ သပိတ်ကို ဆီးယူကြပါ။ ပတ္တေ ဂဟေတွာ=သပိတ်တို့ကို ယူပြီးသကာလ။ အယျေ=အရှင်မြတ်တို့ကို။ နိသီဒါပေထ=နေရာထိုင်ခင်းများ ပေးကြပါ။ နိသီဒါပေတွာ=နေရာထိုင်ခင်း ပေးပြီးသကာလ။ ယာဂုံ ပါယေတွာ-ယာဂုံ ပါယေထ=ယာဂု အလျင်တိုက်ကြပါ။ ယာဂုံ ပါယေတွာ=ယာဂု တိုက်ပြီးတော့။ ခဇ္ဇကံ=ခဲဖွယ်ဘောဇဉ်ကို။ ဒတွာ-ဒေထ=ပေးလှူကြပါ။ ဒတွာ=ပေးလှူပြီးသကာလ။ ဘတ္တ ဝေလာယ=ဆွမ်းချိန်၌။ ပတ္တေ=သပိတ်တို့ကို။ ပူရေတွာ=အပြည့်ဖြည့် ၍။ ဘတ္တံ=ဆွမ်းကို။ ဒေထ=ပေး ပူကြပါ။

သီရိမာက အိပ်ရာထဲက နေပြီးတော့ "အမိတို့၊ အရှင်မြတ်တွေလာလျှင် ငါကျန်းမာတုန်းက အတိုင်းပဲ သပိတ်များ ဆီးပြီးတော့ ယူကြပါ။ ယူပြီးတော့ အရှင်မြတ်တွေကို နေရာထိုင်ခင်းပေး၊ ပေးပြီးပြီဆိုယင် ယာဂုကပ်၊ ယာဂုကပ်ပြီးတဲ့နောက် ခဲဖွယ်မုန့်များကပ်၊ ဆွမ်းချိန်ကြတော့ သပိတ်အပြည့် ဆွမ်းထည့်ပြီးတော့ လှူကြပါ"လို့ ပြောတော့ "သာဓု အယျေ=ကောင်းပါပြီ အရှင်မ" လို့ ပြောကြတယ်။

"ကောင်းပါပြီ အရှင်မ" လို့ ပြောပြီးတော့ သပိတ်ဆီးယူ၊ နေရာထိုင်ခင်းပေး၊ ယာဂုကပ်၊ အင်း ... ခဲဖွယ်မုန့်များ ကပ်ပြီးလို့ ဆွမ်းချိန်မှာ သပိတ်အပြည့် ဆွမ်းထည့်ပြီးတဲ့ အခါကျတော့ "သခင်မ၊ ကိုယ်

http:\\www.dhammadownload.com



တော်ရှစ်ပါး သပိတ်အပြည့် ဆွမ်းထည့်ပြီးပြီ" ဆိုတော့ -

မံ ပရိဂ္ဂဟေတွာ နေထ၊ အယျေ ဝန္ဒိဿာမိ။

အမ္မာ=အမိတို့။ မံ=ငါ့ကို။ ပရိဂ္ဂဟေတွာ=ပွေ့ချီ၍။ နေထ= အရှင်မြတ်တို့ရဲ့ အနီးအပါးသို့ ဆောင်ကြကုန်။ အယျေ=အရှင်ကောင်း အရှင်မြတ်တို့ကို။ ဝန္ဒိဿာမိ=ငါရှိခိုးဦးအံ့။

လို့ ဆိုပြီးတော့ သူ့အိမ်စေမတွေကို သူ့ကို အပွေ့ခိုင်းတယ်။ ကိုယ်တော်မြတ်တွေ ထိုင်တဲ့နေရာ ရောက်တော့ တုန်တုန်ရီရီနဲ့ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်နဲ့ပဲ တရိုတသေ ကိုယ်တော်မြတ်တွေကို ရှိခိုးတယ်။

အဲဒီလို ရှိခိုးခံရတော့ အခုနင်က ကိုယ်တော်ရှစ်ပါးထဲက တောကျောင်းကလာတဲ့ အကြီးဆုံးဆိုတဲ့ ကိုယ်တော်က သိရိမာကို ကြည့်ပြီးတော့ -

ဂိလာနာယ တာဝ ဝေရူပါ အယံ ဧတိဿာ ရူပသောဘာ။

တာဝ=သို့စဉ်ကလောက်။ ဂိလာနာယ ပိ=မမာမကျန်း ဖြစ်ပါလျက်နဲ့။ ဧတိဿာ=ဤသိရိမာ၏။ အယံ ရူပသောဘာ=ဤရုပ်ရည်အဆင်းတင့်တယ်ခြင်းသည်။ ဝေရူပါ=ဤသို့သဘော ရှိတုံသေး၏။

"နေမကောင်းတာတောင် ဒါလောက် လှသေးတယ်"လို့ ဒီလို ပြောတယ်။

အရောဂကာလေ ပန=အနာရောဂါကင်းစင်သော အခါကာလ၌။ သဗ္ဗာဘရဏ ပဋိမဏ္ဍိတာယ=ခပ်သိမ်းသော အမျိုးသမီးတို့၏ တန်ဆာဖြင့် တန်ဆာဆင်အပ်သည်ရှိသော်။ ဣမိဿာ=ဤသိရိမာ၏။ ရူပသမ္ပတ္တိ=ရုပ်ရေအဆင်း တင့်တယ်ခြင်းသည်။ ကီဒိသီ=ဘယ်လိုများ ရှိပါလိမ့်မလဲ။

မတွေးတတ်နိုင်အောင်ပေါ့လေ။ သူ့စိတ်ထဲမှာ။ အမယ်လေး ... အနာရောဂါ ကင်းတဲ့အချိန် အမျိုးသမီးတို့ရဲ့ အဆင်တန်ဆာတွေ

http:\\www.dhammadownload.com



အပြည့်အစုံများ ဝတ်ဆင်ထားတဲ့အခါ ဒီ သိရိမာရဲ့အလှ ဘယ့်လောက်များ လှမလဲလို့ မတွေးနိုင်အောင် ဖြစ်ပြီးတော့ ဆွမ်းသပိတ်တောင် အနိုင်နိုင် ယူပြီးတော့ သွား၊ ကျောင်းရောက်၊ ဒီကိုယ်တော့်စိတ်ထဲမှာ ဘယ်လောက်တောင် ဖြစ်လိုက်သလဲဆိုတော့ အဋ္ဌကထာက ပြောတယ်။ နှစ်ပေါင်း ကုဋေများစွာ ကြာညောင်းပြီးတော့ ခန္ဓာကိုယ်ထဲ အောင်းနေသလိုပဲတဲ့။ လောဘ ကိလေသာတွေက တစ်ခါတည်း သောင်းကျန်းလာလိုက်တာ ဆွမ်းလည်း မစားနိုင်တော့ဘူး။

ကျောင်းရောက်တော့ ဆွမ်းသပိတ်ကို တစ်နေရာ ထားပြီးတော့ အိပ်ရာမှာ လှဲအိပ်တော့တာပဲ။ အစာငတ်ခံပြီးတော့ ပြောလည်းပြောစရာ မရှိဘူး၊ သိရိမာ မရယင် မထဘူးလည်း ပြောစရာ မရှိဘူး။ အဆွေခင်ပွန်း ရဟန်းတစ်ပါးက "ကိုယ်တော် ဆွမ်းစားပါ" ဆိုလည်း "မစားပါဘူး ကိုယ်တော်"လို့ ပြောတယ်။ ဘယ်သူမှလဲ ဒီကိစ္စ တတ်နိုင်တဲ့ အရာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီကိုယ်တော်က ကျောင်းမှာ သပိတ်ထဲက ဆွမ်း သွန်လည်း မပစ်ဘူး၊ သပိတ်ကြီးအတိုင်း ထိုးထားပြီးတော့ အိပ်ရာထဲမှာ လျောင်းပြီးနေတယ်။ ဓမ္မပဒ အဋ္ဌကထာက ပြော ပါတယ်။

တံ ဒိဝသမေဝ သာယန္ဟသမယေ သိရိမာ ကာလ+မကာသိ (ဓမ္မပဒ၊ဋ္ဌ၊၃။၆၈။)လို့.

တံ ဒိဝသမေဝ=ထိုနေ့၌ပင်လျှင်။ သာယန္ဟသမယေ=ညနေချမ်းကာလ၌။ သိရိမာ=သိရိမာသည်။ ကာလ+မကာသိ=စုတိပြတ်ကြွေ သေလွန်ခဲ့ပြီ ... ။

## သိရိမာ ယာမာနတ်ဘုံ ရောက်ခြင်း

ဓမ္မပဒ အဋ္ဌကထာ အဆိုက 'ထိုနေ့ ညနေချမ်းမှာ သိရိမာ စုတေတယ်'လို့ ဆိုပါတယ်။

သုတ္တနိပါတ် အဋ္ဌကထာ အရှင်မဟာဗုဒ္ဓဃောသကတော့ ဗိဗိသသကြီး ဘယ့်နှယ်ဆိုသလဲ ဆိုတော့ -

http:\\www.dhammadownload.com



တသ္မိံ တထာ နိပန္နေယေဝ သိရိမာ ကာလံ ကတွာ ယာမဘဝနေ သုယာမဿ ဒေဝီ အဟောသိ။ (သုတ္တနိ။ဋ္ဌ။ပ။၂၃၆။)

တသ္မိံ=ထိုရဟန်းငယ်သည်။ တထာ=ယင်းသို့သော အခြင်းအရာဖြင့်။ နိပန္နေယေဝ=ဝမ္ဗ္ဘာန်းကျောင်း လျောင်းလျှင်ပင်။ သိရိမာ=သိရိမာသည်။ ကာလံ ကတွာ=စုတိပြတ်ကြွေသေလွန်လတ်၍။ ယာမဘဝနေ=ယာမာ နတ်ပြည်၌။ သုယာမဿ=သုံယာမ နတ်မင်း၏။ ဒေဝီ=အဂ္ဂဒေဝီ မဟေသီ မိဖုရားခေါင်ကြီးသည်။ အဟောသိ=ဖြစ်လေပြီ။

သိရိမာဟာ လူ့ပြည်က စုတိတဲ့အခါကျတော့ မြေအိုးကွဲ စွန့်ပြီး ရွှေအိုးယူရသလို ဖိုကိုယ်တော် ကျောင်းမှာ အစာငတ်ခံ၍ လျောင်းတဲ့ အချိန်မှာပဲ သိရိမာသည် စုတိပြတ်ကြွေ သေလွန်ပြီး သကာလ စတု မဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာဆိုတဲ့ နတ်ပြည်ခြောက်ထပ် မှာ ယာမာနတ်ပြည်၌ သုယာမ နတ်မင်း၏ နတ်မိဖုရားကြီး သွားဖြစ် တယ်။ သိရိမာ နတ်မိဖုရားကြီး ဖြစ်သွားပြီလို့ စိတ်ထဲက မှန်းကြည့် ပေတော့။ သူကတော့ မြေအိုးခွဲပြီးတော့ ရွှေအိုး ယူရသလို ဖြစ်သွား တယ်။

သိရိမာ ကွယ်လွန်ပြီဆိုတဲ့ သတင်းဟာ ဗိမ္ဗိသာရမင်းတရားရဲ့ ရွှေနန်းတော် တမဟုတ်ချင်း ရောက်သွားတယ်။ ဒါက ဘုရင် အသိ အမှတ်ပြုတဲ့ ပြည့်တန်ဆာဆိုတော့ ဘုရင့်နားတော်ကြား လျှောက်ထား ရတယ်။ ဗိမ္ဗိသာရ မင်းတရားက သိရိမာ ကွယ်လွန်ပြီဆိုတဲ့ အကြောင်း ကြားယင်ပဲ မြတ်စွာဘုရားထံ မင်းချင်းများ လွှတ်ပြီးတော့ လျှောက် ထားတယ်။

## သိရိမာ၏ ကိုယ်ကောင် အသုဘ ရှုပွားခန်း

ဘန္တေ=ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဇီဝကဿ =ဆရာဇီဝက၏။ ကနိဋ္ဌဘဂိနီ=ညီမငယ်ဖြစ်သော။ သိရိမာ=သိရိမာ တစ်ယောက်ဖြင့်။ ကာလမကာသိ=စုတိပြတ်ကြွေ သေလွန်ပြီဘုရား။

http:\\www.dhammadownload.com



သီရိမာ ကွယ်လွန်တဲ့အကြောင်း ဗိမ္ဗိသာရမင်းတရားက ဘုရားကျောင်းတော် လူလွှတ်ပြီး လျှောက်ထားတော့ မြတ်စွာဘုရားက ပြန်ပြီး မှာကြားတော်မူလိုက်တယ်။

သိရိမာယ ဈာပနကိစ္စံ နတ္ထိ။

သိရိမာယ=သီရိမာ၏။ သရီရံ=ကိုယ်ကို။ ဈာပနကိစ္စံ=မီးသင်္ဂြိုဟ်ဖွယ်ကိစ္စသည်။ နတ္ထိ=မရှိ။

"သီရိမာရဲ့ ကိုယ်ကို မီးသင်္ဂြိုဟ်ပြီး မပစ်လိုက်နဲ့"

ယထာ=အကြင်သို့သော အခြင်းအရာဖြင့်။ တံ=ထိုသီရိမာရဲ့ ဥတုဇရုပ်ကလာပ်ကို။ ကာကသုနခါဒယော=ကျီး ခွေး စသည်တို့သည်။ န ခါဒန္တိ=မခဲစားနိုင်ကုန်။ တထာ=ထိုသို့သော အခြင်းအရာဖြင့်။ အာမကသုသာနေ=သူကောင်ပစ်ရာ သုသာန်တစ သင်္ချိုင်းဝ၌။ နိပဇ္ဇာပေတွာ=သိပ်၍။ ရက္ခာပေထ=အစောင့်အရှောက်များ ချထားစေကြကုန်။

မြတ်စွာဘုရား ပြန်ကြားလိုက်တယ်။ ကျီးများ ခွေးများ လင်းတများ စားမသွားအောင် မင်းအမှုထမ်းများ စောင့်ရှောက်ပြီးတော့ သီရိမာရဲ့ ဥတုဇရုပ်အလောင်းကို သုသာန်တစ သင်္ချိုင်းဝမှာ ဒီအတိုင်း သိပ်ပြီးတော့ စောင့်နေကြ-တဲ့။ မြတ်စွာဘုရားက မှာလိုက်တယ်။ ဒီလို ဘုရားက မှာလိုက်တဲ့အကြောင်း ဗိမ္ဗိသာရ မင်းတရားကို မင်းချင်းယောကျ်ားပြောတော့ ဘုရားမှာကြားတဲ့အတိုင်းပဲ ဗိမ္ဗိသာရ မင်းတရားက သီရိမာရဲ့ ဥတုဇရုပ်အလောင်းကို မီးမသင်္ဂြိုဟ် မြေမမြှုပ် ရေမမျှောဘဲနဲ့ သုသာန်တစ သင်္ချိုင်းဝမှာ သွားပြီးတော့ ဒီအတိုင်း သိပ်ထားတယ်။ ခွေး၊ မြေခွေးတွေ မစားအောင် အစောင့်အနေ ချထားလို့ တစ်ရက်၊ နှစ်ရက်၊ သုံးရက် လွန်မြောက် လေးရက်ရောက်တော့ တစ်ခါတည်း ပင်ကိုယ်ရုပ် မပေါ်တော့ဘူး။ ဥတုဇ ရုပ်ကလာပ်ကြီးဟာ ဖူးဖူးရောင်ပြီး မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့ ထိုထို ကိုးပေါက်ဒွါရ အမာဝမှ

http:\\www.dhammadownload.com



နေပြီးတော့ ပိုးလောက်တွေ တဖွားဖွား ကျတယ်။ အဲဒီလို ကျနေတော့ ကြည့်လိုက်မယ်ဆိုယင် ထိုအချိန်မှာ သလေးထမင်းအိုးကြီး ကွဲနေသလို ပဲတဲ့။ သိရိမာရဲ့ ကိုယ်ခန္ဓာဟာ နဂိုရုပ်အဆင်းတွေ ပျက်ပြီး သလေး ထမင်းအိုးကွဲကြီးလို ဖြစ်နေတယ်။

ဒီတော့မှ ဗိမ္ဗိသာရ မင်းကြီးက ရာဇဂြိုဟ်မြို့ထဲမှာ စည်လည် စေတယ်။

ဌပေတွာ ဂေဟရက္ခကေ ဒါရကေ သိရိမာယ ဒဿနတ္ထံ အနာဂစ္ဆန္တာနံ အဋ္ဌ ကဟာပဏာနိ ဒဏ္ဍော။

ဘောန္တော=တိုင်းသားပြည်သူ ဗိုလ်လုံအပေါင်းတို့။ ဂေဟေ= အိမ်တိုင်း အိမ်တိုင်း၌။ ဂေဟရက္ခကေ=အိမ်ကို စောင့်ရှောက်ကြတဲ့။ ဒါရကေ=ကလေးသူငယ်တို့ကို။ ဌပေတွာ=ထားခဲ့၍။ သိရိမာယ= သိရိမာကို။ ဒဿနတ္ထံ=ကြည့်ရှုဖို့ရန်။ အာဂစ္ဆန္တု=သုသာန်တစ သင်္ချိုင်းဝသို့ လာရောက်ကြရမည်။ အနာဂစ္ဆန္တာနံ=မလာရောက်ကြ သော သူတို့အား။ အဋ္ဌ ကဟာပဏာနိ ဒဏ္ဍော=ငွေအသပြာ ရှစ်ကျပ် ဒဏ်တပ်ရမည်။

"သိရိမာရဲ့ ဥတုဇရုပ်ကလာပ်ကို လူတိုင်း လူတိုင်း လာကြည့်ရ မယ်၊ အိမ်မှာ အိမ်စောင့်တဲ့ ကလေးများ ထားပြီးတော့ လူတိုင်း သုသာန် လာပြီးတော့ သိရိမာရဲ့ ဥတုဇရုပ်ကလာပ် ကြည့်ရမယ်။ မလာရောက်တဲ့ လူ ငွေ ရှစ်ကျပ် ရှစ်ကျပ် ဒဏ်တပ်မယ်"လို့ ဒီလို မြို့ထဲမှာ အနှံ့ စည် လည်စေပါတယ်။ မြတ်စွာဘုရားထံကိုလည်းပဲ မင်းတမန်များ လွှတ်ပြီး တော့ -

ဗုဒ္ဓပ္ပမုခေါ ဘိက္ခုသံဃော သိရိမာယ ဒဿနတ္ထံ အာဂစ္ဆတု။

ဗုဒ္ဓပ္ပမုခေါ=မြတ်စွာဘုရား အမှူးရှိသော ဘိက္ခုသံဃော=ရဟန်း သံဃာသည်။ သိရိမာယ=သိရိမာကို။ ဒဿနတ္ထံ=ရှုကြည့်ဖို့ရန်၊ အာဂစ္ဆတု=ကြွလာတော် မူစေချင်ပါသည်ဘုရား ... ။

http:\\www.dhammadownload.com



"သီရိမာကို ကြည့်ဖို့ရန်၊ အသုဘရှုဖို့ရန် ဘုရားအမှူးရှိတဲ့ သံဃာတော် ကြွလာတော်မူစေချင်ပါတယ် ဘုရား"လို့ မင်းချင်းယောကျ်ားများ စေလွှတ်လျှောက်ထားတော့ ဘုရားကိုယ်တော်မြတ်က သံဃာတော်များကို –

သီရိမာယ ဒဿနတ္ထံ ဂမိဿာမ။

ဘိက္ခူ=ရဟန်းတော်များ အို ချစ်သားတို့။ သီရိမာယ=သီရိမာကို။ ဒဿနတ္ထံ=ကြည့်ရှုခြင်းငှာ။ ဂမိဿာမ=သွားကြကုန်စို့ ... ။

အားလုံး ရဟန်းတွေကို ဘုရားက ခေါ်တော့ ခုနင်က အစာငတ်ခံ ဆန္ဒပြနေတဲ့ ကိုယ်တော်လေးရဲ့ သူငယ်ချင်း ရဟန်းတစ်ပါးက အဲဒီ ကမ္မဋ္ဌာန်းကျောင်း သွားပြီးတော့ –

အာဝုသော သတ္ထာ သီရိမာယ ဒဿနတ္ထံ ဂစ္ဆတိ။

အာဝုသော=ငါ့ရှင်။ သတ္ထာ=မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ သီရိမာယ=သီရိမာကို။ ဒဿနတ္ထံ=ကြည့်ရှုဖို့ရန်။ ဂစ္ဆတိ=သွားမလို့။

ငါ့ရှင်၊ ဘုရားကိုယ်တော်မြတ်ကြီးသည် သီရိမာကို အကြည့်သွားမလို့" ဆိုတော့ ဖြုန်းခနဲ ခေါက်ခနဲ ကိုယ်တော်က ထပြီး "ကိံ ဘဏသိ= ကိုယ်တော် ဘာပြောလိုက်ဘာလဲ"။ ဒီအတိုင်းပဲ စာက ဆိုတယ်။ ဒီတော့ အဖော်ကိုယ်တော်က –

သတ္ထာ=မြတ်စွာဘုရားသည်။ သီရိမံ=သီရိမာကို။ ဒဋ္ဌုံ=ကြည့်ရှုခြင်းငှာ။ ဂစ္ဆတိ=သွားတော်မူမလို့။ တွမ္ပိ=သင် ငါ့ရှင်လည်းပဲ။ ဂမိဿသိ=လိုက်ပါမလား။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သီရိမာကို အကြည့်သွားမလို့ ကိုယ်တော်ကော လိုက်မလားဆိုတော့ "အာမ ဂမိဿာမိ=အေး ငါလည်း လိုက်မယ်" လို့ဆိုပြီး ဒီကျတော့မှ လေးရက်ပစ်ထားတဲ့ သပိတ်ထဲက ဆွမ်းတွေ စွန့်ပစ်၊ သပိတ်ကို ဆေးကြော သုတ်သင်ပြီး

http:\\www.dhammadownload.com



တော့ သပိတ်ကို သပိတ်အိတ်ထဲထည့်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်နဲ့ ဒီကိုယ်တော် တစ်ခါတည်း တပါတည်း လိုက်ခဲ့တယ်။

သုသာန်တစ သချိုင်းဝ ရောက်ပြီ။ ဗိမ္ဗိသာရ မင်းတရားကြီး စီစဉ်ထားတဲ့အတွက် မြို့သူမြို့သားတွေလည်း ရောက်ကြပြီ။ နေတော့ ဘယ်လိုနေတုန်းဆိုတော့ အဋ္ဌကထာက–

သတ္ထာ=လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ ဘိက္ခုသံဃပရိဝုတော=ရဟန်းအပေါင်း ခြံရံလျက်။ ဧကပဿေ=နံပါးတစ်ဖက်၌။ အဋ္ဌာသိ=ရပ်တည်တော်မူပြီ။ ဘိက္ခုနီသံဃောပိ=ဘိက္ခုနီသံဃာသည်လည်းကောင်း။ ရာဇပရိသာပိ=မင်းပရိသတ်သည်လည်းကောင်း။ ဥပါသကာ ပရိသာပိ=လူဒါယကာ ပရိသတ်သည်လည်းကောင်း။ ဥပါသိကာ ပရိသာပိ=လူဒါယိကာမ ပရိသတ်သည် လည်းကောင်း။ ဧကေကပဿေ=တစ်ဖက်တစ်ချက်သော နံပါး၌ အစုလိုက် အစုလိုက်။ အဋ္ဌံသု=ရပ်တည်ကြကုန်ပြီ။

ဘုရားအမှူးရှိတဲ့ သံဃာက တစ်စု၊ ဘိက္ခုနီသံဃာက တစ်စု၊ ဗိမ္ဗိသာရ မင်းတရားကြီး မင်းပရိသတ်က တစ်စု၊ တိုင်းသူပြည်သား အမျိုးကောင်းသားများက တစ်စု၊ အမျိုးကောင်းသမီးများက တစ်စု သိရိမာရဲ့ ဥတုဇရုပ်ကလာပ်ကို ဝိုင်းပြီးတော့ ကြည့်ကြတယ်။ အဲဒီလို ပရိသတ် စုံလင်တဲ့ အခါကျတော့ ဘုရားကိုယ်တော်မြတ်က ဗိမ္ဗိသာရ မင်းကြီးကို ဘာပြောသလဲဆိုတော့ –

ကာ ဧသာ မဟာရာဇ – တဲ့။

"ဗိမ္ဗိသာရ မင်းကြီးတဲ့၊ အခု ဥတုဇရုပ်ကလာပ်ရှင်ဟာ ဘယ်သူလဲ" လို့ မေးတော့ ဗိမ္ဗိသာရမင်းတရားက –

ဘန္တေ ဇီဝကဿ ဘဂိနီ သိရိမာ နာမ။

"ဘန္တေ=ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဇီဝကဿ =ဆရာဇီဝက၏။ ဘဂိနီ=နှမငယ်ဖြစ်သော။ သိရိမာ နာမ=သိရိမာ

http:\\www.dhammadownload.com



အမည်ရှိတဲ့ သူပါဘုရား"။ လျှောက်ထားတော့ မြတ်စွာဘုရားက "သိရိမာ ဧသာ=ဒါဟာ သိရိမာလား"တဲ့။ ဒီတော့ ဗိမ္ဗိသာရမင်းတရားကြီးက "အာမ ဘန္တေ=ဟုတ်ပါတယ် မြတ်စွာဘုရား" လို့ လျှောက်တော့-

တေန ဟိ နဂရေ ဘေရိံစရာပေဟိ

"သဟဿံ ဒတွာ သိရိမံ ဂဏှန္တု" တိ။

"တေန ဟိ=သို့တင်းကား။ မဟာရာဇ=မြတ်သောမင်းကြီး။ နဂရေ=ရာဇဂြိုဟ်မြို့ရဲ့ အတွင်း၌။ သဟဿံ ဒတွာ သိရိမံ ဂဏှန္တုတိ=ငွေအသပြာတစ်ထောင် ပေးပြီးတော့ သိရိမာရဲ့ ရုပ်အလောင်း ယူကြကုန်လော့"ဟူ၍။ ဘေရိံ=စည်ကို။ စရာပေဟိ=လှည့်လည်စေလော့"

**သိရိမာ၏ ရုပ်အလောင်းကို အလကားတောင် ယူသူမရှိ**

"ဒီရုပ်ကလာပ်ဟာ သိရိမာရဲ့ ရုပ်ကလာပ်ဆိုလို့ရှိယင် မြို့ထဲမှာ အသပြာ တစ်ထောင်ပေးပြီးတော့ သိရိမာရဲ့ ရုပ်ကလာပ်ကို လာပြီးတော့ ယူလိုသူများ ယူကြ" လို့ စည်လည်ခိုင်းတယ်။

ဘုရားအမိန့်ရှိတဲ့အတိုင်း စည်လည်စေပါတယ်။ သဟဿံ ဒတွာ သိရိမံ ဂဏှန္တု=ငွေအသပြာတစ်ထောင် ပေးပြီးတော့ သိရိမာကို အလိုရှိသူများ ယူနိုင်ပါတယ်လို့ အဲဒီလို လမ်းဆုံ လမ်းတိုင်း လမ်းတိုင်း စည်လည်စေသော်လည်းပဲ တစ်ဦးတစ်ယောက်မှ ယူသူမရှိတော့ မြတ်စွာဘုရားကို မင်းကြီးက "န ဂဏှန္တိ ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အသပြာတစ်ထောင်နဲ့ စည်လည်စေသော်လည်းပဲ တစ်ယောက်မျှ ယူသူ မရှိပါဘုရား" လို့ လျှောက်တယ်။ ဒီတော့ မြတ်စွာဘုရားက "တေန ဟိ မဟာရာဇ အဍ္ဎံ ဩဟာရေဟိ=မင်းကြီး၊ အဖိုးကို ယခု အသပြာ တစ်ထောင်အောက် လျှော့ချလော့၊ ဈေးလျှော့ပြီးတော့ မြို့ထဲလှည့်ကြီး စည်အလည်ခိုင်းစမ်း" လို့ ဆိုတော့ -

ပဉ္စသတာနိ ဒတွာ သိရိမံ ဂဏှန္တု။

http:\\www.dhammadownload.com



ဒီတခါကျတော့ အသပြာငါးရာ ပေးပြီးတော့ အလိုရှိတဲ့ ပုဂ္ဂိုလ်များ သိရိမာကို ယူနိုင်တယ်ဆိုတော့ ယူမယ့်လူ ထွက်မလာဘူး။ "ငါးရာနဲ့ လည်း ယူသူမရှိဘူး ဘုရား"လို့ လျှောက်တယ်။ လျှော့ပေး၊ နှစ်ရာ့ ငါးဆယ်။ နှစ်ရာ့ငါးဆယ်နဲ့ မြို့ထဲ ခင်းလည်ပေမယ့် ယူသူမရှိ၊ နှစ်ရာ့ အစိတ်နဲ့လည်း ယူသူမရှိ။ နှစ်ရာနဲ့လည်း ယူသူမရှိ။ တစ်ရာနဲ့လည်း ယူသူမရှိ။ ငါးဆယ်နဲ့လည်း ယူသူမရှိ။ အစိတ်နဲ့လည်း ယူသူမရှိ။ တစ်ဆယ်နဲ့လည်း ယူသူမရှိ။ ငါးကျပ်၊ တစ်ကျပ်၊ အေး ... ငါးမူးနဲ့ လည်း ယူသူမရှိဘူး။ နောက်ဆုံး တစ်ပဲနဲ့လည်း သိရိမာရဲ့ ဥတ္တမရုပ် ကလာပ်ကို ယူသူမရှိဘူး။ တစ်ချင်ရွေးနဲ့လည်း ယူသူမရှိဘူး။

ဒီတော့မှ မြတ်စွာဘုရားက "ဟင် ... တစ်ချင်ရွေးနဲ့မှ ယူချင်သူ မရှိယင်လည်း အလကား ယူပစေ" ဆိုပြီးတော့ နောက်ဆုံး စည်အလည် ခိုင်းတယ်။

"သိရိမာရဲ့ ဥတ္တမ ရုပ်ကလာပ်ကို လိုချင်သူများ အလကား ယူနိုင် တယ်"

စောစောကတော့ တစ်နေ့ တစ်နေ့ ငွေအသပြာ တစ်ထောင်ပေးရ တာတောင် သိရိမာကို အင်မတန် ရခဲတယ်။ အခု အလကား ယူနိုင် တယ် ဆိုသော်လည်း တစ်ယောက်မှ ယူသူမရှိတော့ ဗိမ္ဗိသာရမင်းတရား က–

မုဓာပိ ဘန္တေ ဂဏှန္တော နာမ နတ္ထိ။

ဘန္တေ=ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား။ မုဓာပိ=အချည်း နှီး အလကားတောင်မှ။ ဂဏှန္တော နာမ=ယူသောသူမည်သည်။ နတ္ထိ= မရှိပါဘုရား။

လျှောက်ထားတယ်။ အဲဒါလောက် ထိအောင် အခြေအနေ ရောက် တော့ ဘေးနားက စုနေတဲ့ တိုင်းသူပြည်သား လူအများက ဘာပြော သလဲဆိုတော့ –

http:\\www.dhammadownload.com



ပုဗ္ဗေ သိရိမာယ အဋ္ဌုတ္တရသဟဿေနာပိ ဒဿနံ ဒုလ္လဘံ။

ပုဗ္ဗေ=ရှေးအခါတုန်းက။ အဋ္ဌုတ္တရသဟဿေန=အပိုအဆောင်း ငွေရှစ်ကျပ်နှင့်တကွ ငွေတစ်ထောင်ဖြင့်။ သိရိမာယ=သိရိမာကို။ ဒဿနံပိ=မြင်ဖို့ရန်တောင်မှ။ ဒုလ္လဘံ=အခွင့်အပေါက် ရခဲလှ၏။

ဒါနိ=ယခုအခါ၌။ တံ=ထိုသိရိမာကို။ ကာကဏိကာယာပိ= တစ်ချင်ရွေးမျှဖြင့်လည်း။ ဂဏ္ဟန္တော=ယူသောသူမည်သည်။ နတ္ထိ=မရှိတော့ချေ။

ရှေးတုန်းကဆိုယင် ငွေတစ်ထောင် မရလို့ တစ်ထောင့်ရှစ်ကျပ် ပေးတာတောင် သိရိမာကို မြင်ဖို့ ပျော်ဖို့ အခွင့် အင်မတန် ရခဲတယ်။ အခုတော့ အွင်း ... တစ်ချင်ရွေးနဲ့တောင် ယူသူမရှိတော့ဘူးတဲ့ဆိုပြီး လူတွေ အုတ်အုတ်ကျက်ကျက် ရပ်ရပ်သဲသဲ ပြောနေကြတယ်။

အဲဒီလို ပြောတဲ့အချိန်မှာပဲ သိရိမာက ကောင်းကင်ကနေပြီးတော့ သုယာမာဘုံက စဉ်းစားတယ်။ ဘယ်ကောင်းမှုကြောင့် ဒီဘုံရောက်သလဲ။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အလှူဒါနပေး၊ အဋ္ဌက ဆွမ်းများ လှူဒါန်းခဲ့လို့ ယာမာဘုံ ရောက်တဲ့အကြောင်း ကောင်းကောင်းကြီး သိတယ်။ အခု သူ့ရဲ့ ဥတုဇရုပ်ကလာပ်အကြောင်း သိပြီးတော့ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ ပရိသတ်လေးပါး စုံညီတဲ့အခါ ဘုရားကိုယ်တော်မြတ်ကြီး တရားဟောလိမ့်မယ်၊ ငါတရားနာ သွားဦးမှပဲ ဆိုပြီးတော့ ကောင်းကင်ကနေပြီး နတ်ရထားအစီး ငါးရာဖြင့် ထိုသုသာန်တစမှာ ရောက်လာတဲ့ အကြောင်းကို -

သိရိမာပိ ဒေဝကညာ ပဉ္စဟိ ရထသတေဟိ ပရိဝုတာ တတြာဂမာသိ။ လို့ သုတ္တန်ပါတ် အဋ္ဌကထာက ဆိုပါတယ်။

သိရိမာပိ ဒေဝကညာ=သိရိမာ နတ်သမီးသည်လည်း။ ပဉ္စဟိရထသတေဟိ=ရထားငါးရာတို့ဖြင့်။ ပရိဝုတာ=ခြံရံအပ်လျက်။ တတြ=ထိုသုသာန်တစ၊ သင်္ချိုင်းသို့။ အဂမာသိ=ရောက်လာခဲ့ပြီ။

http:\\www.dhammadownload.com



## မြတ်စွာဘုရား အသုဘတရား ဟောကြားတော်မူခြင်း

လူရော နတ်ရော ရာဇဂြိုဟ်ပြည်ရဲ့ သုသာန်မှာ ပရိသတ်လေးပါး စုံညီတဲ့ အခါကျတော့မှ ဘုရားကိုယ်တော်မြတ်က တရား စပြီး ဟောပါတယ်။ အဲဒီ သိရိမာကို ခုံမင်တပ်မက်တဲ့ ကိုယ်တော်အား အဆုံးအမ ဩဝါဒ ပေးဖို့ရန်လည်း ပါတယ်။ ပြီးတော့ စည်းဝေးမိတဲ့ ပရိသတ်အား ဒီအသုဘကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ တရားစကား ဟောကြားဖို့ရာ ဆိုပြီးတော့ ပရိသတ်စုံတဲ့ အချိန်မှာ ဘုရားကိုယ်တော်မြတ်က -

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဣမသ္မိံ နဂရေ=ဤမြို့၌။ ပုဗ္ဗေ=ရှေးအခါတုန်းက။ မဟာဇနသ=လူများ အပေါင်းက။ ပိယံ=ချစ်နှစ်သက်အပ်သော။ မာတုဂါမံ=မာတုဂါမ သိရိမာဆိုတဲ့ မင်းမိန်းမကို။ ပဿထ=ရှုကြကုန်။ ပုဗ္ဗေ=ရှေးအခါ တုန်းက။ ဣမသ္မိံ နဂရေ=ဤမြို့၌။ သဟဿံ ဒတွာ=ငွေအသပြာတစ် ထောင် ပေးမှ။ ဧကဒိဝသံ=တစ်နေ့တွက်တာ။ လဘိံသု=ပျော်ပါးမှုကို ရကြကုန်၏။ ဣဒါနိ=ယခု ယနေ့၌ကား။ မုဓာပိ=အချည်းနှီးသော်မှ။ ဂဏှန္တော နာမ=ယူသောသူ မည်သည်။ နတ္ထိ=မရှိ။

ဧဝရူပမ္ပိ ဟိ ရူပံ နာမ ခယဝယပတ္တံ။

ဟိ=မှန်၏။ ဧဝရူပမ္ပိ=ဤသို့သဘောရှိသည်လည်း ဖြစ်သော။ ရူပံ နာမ=ရုပ်မည်သည်။ ခယဝယပတ္တံ=ကုန်ခြင်း ပျက်စီးခြင်းသို့ ရောက် ချေပြီတကား။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ အာတုရံ=အမြဲမပြတ် နာကျင်သော။ အတ္တဘာဝံ=သတ္တဝါတို့၏ အတ္တဘောကို။ ပဿထ= ဖန်ဖန်စေ့ငှ ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုကြကုန်။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

(ဓမ္မပဒဂါထာ-၁၄၇)

http:\\www.dhammadownload.com



ဘိက္ခဝေ=ဝရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ယဿ အရုကာယဿ=အကြင်ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြိုန်းဖြိုန်း ရွံရှာဖွယ် အပြည့်ဖုံးသဖြင့် တစ်ကိုယ်လုံး အနာကြီးသဖွယ် မတင့်တယ်သော ဤခန္ဓာကိုယ် အတ္တဘော၏။ ဓုဝံ=မယိုင်မလဲ ခိုင်မြဲသော သဘောသည် လည်းကောင်း။ ဌိတိ=ကြံ့ကြံ့ခိုင်ကျည် တည်တံ့သော သဘောသည် လည်းကောင်း။ နတ္ထိ=တစိုးတစိ မရှိပါချေ။ စိတ္တကတံ =အဝတ်တန်ဆာ ပန်းနံ့သာ စသည်တို့ဖြင့် သာယာစုံမက် နှစ်သက်စဖွယ် အဆန်းတကြယ် ခြယ်လှယ်ပြုမြင်၍ ထားအပ်သော။ သမုဿိတံ=သုံးရာသော အရိုးများကြောင့် မားမားမြင့်ခေါင် စိုက်ထောင်ရပ်တည်၍ နေနိုင်သော။ ဗိမ္ဗံ=ရှည်သင့်ရာရှည် တိုသင့်ရာတို ထိုထိုအင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်သည်ဟု အမှတ်ပြုလောက်အောင် ပေါင်းစု၍ တည်နေပေထသော။ အာတုရံ=အမြဲတစေ နာကျင်ပေထသော။ ဗဟုသင်္ကပ္ပံ=လူသူအများ ပုထုဇဉ် အန္ဓသားတို့ တရားမမြီ ဉာဏ်မသိ၍ တင့်တယ်သည်၊ ဖွယ်ရာသည်၊ မင်္ဂလာရှိသည် ထိုဤများပြား အကြံမှားအပ်သော။ တံ အရုကာယံ=ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြိုန်းဖြိုန်း ရွံရှာဖွယ် အပြည့်ဖုံးသည့် တစ်ကိုယ်လုံး အနာကြီးသဖွယ် မတင့်တယ်သော ထိုသီရိမာရဲ့ ခန္ဓာကိုယ် အတ္တဘောကို။ ပဿ ပဿထ=ဖန်ဖန်စေ့ငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့ ... ။

## သက်ရှိ အသုဘ ရှုပွားခန်း

ဓမ္မပဒက တစ်ဂါထာ။ ဝိဇယသုတ္တန်ကျတော့ တစ်ဆယ့်လေးဂါထာ ဟောပါတယ်။ အဲဒီ ဂါထာကိုလည်း ဟောတယ်။ ဝိဇယ သုတ္တန်ကိုလည်း ဟောတယ်။ ဒီဂါထာကတော့ စိတ္တကထာ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ဆိုတာ အမှန်ကတော့ အင်မတန်ကို စက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့ ခန္ဓာကိုယ်ကြီး၊ အဝတ်တန်ဆာတွေ၊ ပန်းနံ့သာတွေနဲ့ သာယာစုံမက်

http:\\www.dhammadownload.com



နှစ်သက်စဖွယ်ဖြစ်အောင် အဆန်းတကြယ် ခြယ်လှယ်ထားတာပါ။ ပြီးတော့ အရိုးသုံးရာတို့ဖြင့် မားမားမြင့်ခေါင် စိုက်ထောင်၍ ရပ်တည်နေတဲ့ ခန္ဓာကိုယ်ကြီးပဲ ... တဲ့။

ဗိမ္ဗ=ရှည်သင့်တဲ့နေရာက ရှည်၊ တိုသင့်တဲ့နေရာက တို၊ ထိုထို အင်္ဂါကြီးငယ်ဖြင့် တင့်တယ်တယ်လို့ သူသူငါငါ အမှတ်ပြုလောက်အောင် အင်္ဂါကြီးငယ်တို့ ပေါင်းစုတည်နေတဲ့ ဤခန္ဓာကိုယ်ကြီးပါတဲ့။ ဒါပေမယ့် အာတုရံ=အမြဲတစေ နာကျင်၍နေတဲ့ ခန္ဓာကိုယ်ပါ တဲ့။ ဗဟုသင်္ကပ္ပံ=ပညာမဲ့တဲ့ ပုထုဇဉ် အန္ဓသားတို့ တင့်တယ်တယ်၊ ဖွယ်ရာတယ်၊ မင်္ဂလာရှိတယ် ထိုဤများပြား အကြံမှားအပ်တဲ့ အရကာယ ခေါ်သော ကိုးပေါက်ဒွါရ အမာဝဏ ရွံဖွယ်တွေ ဖုံးလွှမ်းနေတဲ့ ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်မျက်စိနဲ့ စိစိပါအောင် မြင်အောင် ကြည့်ကြလို့ မြတ်စွာဘုရားက အသုဘ အရှုခိုင်းတယ်။

### အမူအရာ ဟူသမျှ ရုပ်လှုပ်ရှားခြင်းမျှသာ ဖြစ်

(၁) စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊
နိသိန္နော ဉဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊
ဧသာ ကာယဿ ဣဉ္ဇနာ။

(ဝိဇယ သုတ္တန်ကို ဆက်ပြီး ဟောပါတယ်။)

ဘိက္ခဝေ=ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ စရံ ဝါ= သွားလည်း သွား၏။ ယဒိ=ထိုမှို့။ တိဋ္ဌံ ဝါ=ရပ်လည်း ရပ်တည်၏။ နိသိန္နော ဝါ=ထိုင်လည်း ထိုင်နေ၏။ ဉဒ=ထိုမှို့။ သယံ ဝါ= လျောင်းလည်း လျောင်းစက်၏။ သမိဉ္ဇေတိ=ထိုထို အဆစ်တို့ကို ကွေးလည်း ကွေးညွတ်၏။ ပသာရေတိ=ထိုထိုအဆစ်တို့ကို ဆန့်လည်း ဆန့်တန်း၏။ ဧသာ=ဤ သွားရပ်ထိုင်လျောင်း ရှေ့နှောင်း တက်ဆုတ် ကွေးရုပ် ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံ

http:\\www.dhammadownload.com



သည်။ ကာယဿ=စတုဇခေါ်ဆို ဤခန္ဓာကိုယ်၏။ ဗျာပ္ဖန္ဒနာ=ရုပ် အစုစု ဖြစ်ပွား လှုပ်ရှားမှု သာတည်း။

ပထမဂါထာ ဖြေလိုက်တယ်။ ဒီ ပထမဂါထာဖြင့် မြတ်စွာဘုရား ဘာတွေ ပြောတုန်း။

ဧသော ကာယဿ ဗျာပ္ဖန္ဒနာ တဲ့။

သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ရှေ့တက်တယ်၊ နောက်ဆုတ်တယ်၊ ကွေးရပ်တယ်၊ ဆန့်တန်းတယ်ဆိုတဲ့ ထိုထိုအရာ တွေဟာ ... တဲ့၊ ပုဂ္ဂိုလ်၏၊ သတ္တဝါ၏ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း မဟုတ်။

ယောကျ်ား မိန်းမတို့ သွား ရပ် ထိုင် လျောင်း ကွေးဆန့်မှု မဟုတ်။ ဘာလဲဆိုတော့ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ခေါ်တဲ့ စတုဇခေါ်ဆို ဤခန္ဓာကိုယ်၏ ရုပ်အသစ်အသစ် ဖြစ်ပွားပြီးတော့ လှုပ်ရှားမှုတွေကို လောကပညတ်က သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ရှေ့တက်တယ်၊ နောက်ဆုတ်တယ်၊ ကွေးတယ်၊ ဆန့်တယ်လို့ ဆိုနေ တာပါတဲ့။

ဒီ ပထမဂါထာဟာ သုညကမ္မဋ္ဌာန်းကို ပြတဲ့ ဂါထာ ဖြစ်ပါတယ်။

### ကျက်မှတ်ရန် ဓမ္မလင်္ကာ

(၁) သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။
(၂) စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော ရုပ်ဝယ်ပြည့်။
(၃) ဝါယောပြည့်သော်၊ ဝိညတ်ပေါ်၊ ရုပ်သော် သွားပေ၏။
(၄) ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။
(၅) ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ် ဉာဏ်ဖြင့်သိ။
(၆) ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်ဖြင့်သိ။
(၇) ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ။
(၈) ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။
(၉) ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်သိ။

http:\\www.dhammadownload.com



လို့ ဒီ ဣရိယာပုထ်တိုင်း ပုထ်တိုင်း သွားရပ် ထိုင် လျောင်း ရှေ့နောင်း တက်ဆုတ် ကွေးရုပ်ဆန့်တန်းမှုဆိုတဲ့ ဒိဗ္ဗာကိုယ်က ရှိရှိသမျှသော အမူအရာတွေမှာ ရုပ်သဘော စတုဇခေါ်သော ဒီခန္ဓာကိုယ်ရဲ့ ရုပ်အဖြစ် အပျက် ဖြစ်ပွားလှုပ်ရှားမှုတွေကို မြင်အောင်ကြည့်ပါ ... တဲ့။

သွားမယ်ဆိုယင် သွားချင်တဲ့စိတ်က အလျင်ဖြစ်တယ်။ သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။ သွားလိုတာ၊ ရပ်လိုတာ၊ ထိုင်လို တာ၊ အိပ်လိုတာ ဒါက စိတ်။ သွားလိုတဲ့စိတ်၊ ရပ်လိုတဲ့စိတ်၊ ထိုင်လိုတဲ့ စိတ်၊ အိပ်လိုတဲ့စိတ် အသီးသီး ဖြစ်တယ်။ သွားလိုသောစိတ် ဖြစ်တော့ အဲဒီစိတ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်ကြတယ်။ အဲဒီ စိတ္တဇရုပ်ထဲမှာ အခြေခံ မူလအနေနဲ့ ဝါယောဓာတ် ပါလာတယ် ... တဲ့။ အဲဒီ ဝါယော ဓာတ်က တစ်ကိုယ်လုံး အနှံ့ဖြစ်တယ်။ ဒါကြောင့် သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟု သိ။ စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ်ပြည့်။ စိတ္တဇဝါယောတွေဟာ တစ်ကိုယ်လုံး နှံ့ပြီးတော့ ဖြစ်နေတယ်။

တစ်ကိုယ်လုံး အနှံ့နေရာယူပြီးတော့ သူတို့ လှုံ့ဆော်ပေးသည့် အတွက် ဘယ်လိုဖြစ်လာသလဲဆိုတော့ ဝါယောပြည့်သော်၊ ဝိညတ်ပေါ်၊ တစ်ကိုယ်လုံး ဝါယောဓာတ်တွေ လှုပ်လှုပ်ရှားရှားနဲ့ ပြည့်လာတဲ့ အခါ ကျတော့ နောက်ထပ်ဖြစ်တဲ့ ရုပ်တွေက ဟောဒီ အရှေ့သွားမယ်ဆိုယင် အရှေ့ဘက်သို့ ရှေးရှုသော ရုပ်အဆက်ဆက်၊ ရုပ်အထူးတွေ ဖြစ်ပေါ် လာတယ်။ ခြေတစ်လှမ်း တစ်လှမ်းမှာပေါ့လေ။ အင်း ... အပ်ဖျားနဲ့ ဆံဖျားနဲ့ ထောက်ချယင် တစ်ချပ် တစ်ချပ် တစ်ချပ် တစ်ချပ်မှာ ရုပ်တွေဟာ တစ်သုတ် တစ်သုတ် ချုပ်ပြီးတော့ သွားကြတယ်။

အဲဒါနဲ့ သွားလိုသောစိတ် ဖြစ်တယ်။ စိတ်ဖြစ်တဲ့အတွက် စိတ် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ထဲ ဝါယောဓာတ် တစ်ကိုယ်လုံး ပြည့်တယ်။ ဝါယောဓာတ် လှုံ့ဆော်ချက်ကြောင့် အရုပ်တစ်ပါး တစ်ပါး၌ ရုပ်အသစ် အသစ်တို့ တဖွားဖွား ဖြစ်တယ်။ အဲဒီလို ရုပ်အသစ်အသစ် အင်

http:\\www.dhammadownload.com



တစ်ပါးမှာ တဖွားဖွား ဆက်ကာဆက်ကာ ဖြစ်တာကိုပဲ လောကပညတ်အားဖြင့် 'သွားတယ်'လို့ ခေါ်တယ်။

ရုပ်၏ အသစ်ဖြစ်ပွား လှုပ်ရှားမှုသည်သာ ပရမတ္ထမည်တယ်။ ရုပ်ချင်တယ်၊ ရုပ်လိုသောစိတ် ဖြစ်တယ်။ အဲဒီစိတ်ကြောင့် စိတ္တဇဝါယော တစ်ကိုယ်လုံး ပြည့်ပြီးတော့ နေတယ်။ အဲဒီ ဝါယောဓာတ်၏ လှုံ့ဆော်ချက်ကြောင့် ရုပ်တွေဟာ အောက်နဲ့အထက် 'ဥပရူပရိ' အဆက်ဆက် အဆင့်ဆင့်အားဖြင့် ဖြစ်ကြတယ်။ ရုပ်အသစ်အသစ် အထက်နဲ့အောက် ဒီလိုဆင့်ပြီး ဖြစ်နေတာကို လောကပညတ်အားဖြင့် 'ရုပ်တယ်'လို့ ခေါ်တယ်။

ထိုင်လိုတဲ့စိတ် ဖြစ်တယ်။ အဲဒီစိတ်ကြောင့် စိတ္တဇ ဝါယောဓာတ် တစ်ကိုယ်လုံး နှံ့တယ်။ ဝါယောဓာတ် နှံ့သောကြောင့် ဝါယောဓာတ်၏ လှုံ့ဆော်ချက်အရ ဖြစ်ပေါ်သမျှသော ရုပ်ဟာ အောက်ပိုင်းက စုရုံးဆိုတဲ့ အခြင်းအရာ၊ အထက်ပိုင်းက ဆန့်တန်းသော အခြင်းအရာဖြင့် ဒီခန္ဓာကိုယ်မှာ ရုပ်တွေဖြစ်တယ်လို့ ရုပ်အသစ်အသစ်တို့ဟာ ဤအခြင်းအရာဖြင့် ဖြစ်တာကိုပင် လောကပညတ်အနေဖြင့် 'ထိုင်တယ်'လို့ ခေါ်တယ်။

လျောင်းတဲ့အခါမှာ ထို့အတူ လျောင်းလိုတဲ့စိတ် အလျင်ဖြစ်တယ်။ စိတ်ကြောင့် စိတ္တဇဝါယော တစ်ကိုယ်လုံး ပြည့်တယ်။ ဝါယောဓာတ် လှုံ့ဆော်ချက်ကြောင့် လျောင်းသောအခြင်းအရာဖြင့် ရုပ်အသစ် အသစ်တွေ ဖြစ်ပွား၍ နေတယ်။ အဲဒီလို လက္ခဏာရေး သုံးပါးကိုလည်း ဒီဂါထာက ပြတယ်။ ဘယ်နှယ် ပြသလဲ။

## လက္ခဏာရေးသုံးပါးကို ဖုံးလွှမ်းသော တရားသုံးပါး

'ဒုက္ခလက္ခဏာကို ဣရိယာပုတ်က ဖုံးလွှမ်းထားတယ်'တဲ့။ ပညာရှိကြီးများ စကားဖြစ်တယ်။ 'အနိစ္စလက္ခဏာကို သန္တတိက ဖုံးလွှမ်းထားတယ်'တဲ့၊ 'အနတ္တလက္ခဏာကို ဃနက ဖုံးလွှမ်းထားတယ်'တဲ့။ ဖုံးလွှမ်းချက် သုံးချက်ကို ဂရုပြုပြီးတော့ ထားရမယ်။

http:\\www.dhammadownload.com



ဒုက္ခလက္ခဏာကို ကိုယ်ဆင်းရဲနာကျင်မှု သဘောလက္ခဏာကို ဣရိယာပုထ်က ဖုံးထားတယ်။ လူတစ်ယောက်ဟာ သွားနေတဲ့ ဣရိယာပုထ်နဲ့သာ အမြဲ သွားကြည့်စမ်း။ အင်း ... တစ်တိုင် နှစ်တိုင် ဟုတ်လား၊ တစ်ယူဇနာ၊ နှစ်ယူဇနာ၊ သုံးယူဇနာ စသည် သွားမိယင် ဆင်းရဲတယ်။ အဲဒီလို ဆင်းရဲလာတဲ့ ဒုက္ခလက္ခဏာကို ဣရိယာပုထ် တစ်ခုတည်းဖြင့် ပြန်လာလို့ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ ပျောက်ချင်တော့ ထိုင်လိုက်တယ်။ ကြာကြာထိုင်တော့ ညောင်းလာပြန်ရော။ အဲဒီမှာ ဆင်းရဲတဲ့ ဒုက္ခ လက္ခဏာ ရောက်လာပြန်ရော။ ရပ်လိုက်တယ်။ အင်း ကြာကြာ ရပ်တော့လည်းပဲ ထို့အတူ ဒုက္ခဝေဒနာတွေ ရောက်လာပြန် ရော။ အိပ်လိုက်တယ်။ အမြဲ အိပ်နိုင်သလားဆိုတော့ အိပ်တဲ့ ဣရိယာ ပုထ် ကြာပြန်တော့ တစ်ခါ ဆင်းရဲဒုက္ခ ရောက်လာပြန်တယ်။ ထိုင်ပြန် တယ်။ အဲဒီလို အိပ်လိုက်၊ ထိုင်လိုက်၊ ရပ်လိုက်၊ လျောင်းလိုက်၊ သွား လိုက်၊ ဆန့်လိုက်၊ ကွေးလိုက်၊ ဒါနဲ့ ဣရိယာပုထ်တွေ အမျိုးမျိုး အမျိုးမျိုး ပြောင်းနေတာဟာ ဒုက္ခကို ဖုံးနေတာတဲ့။

မြတ်စွာဘုရားက –

စရံ ဝါ=သွားလည်း သွားတယ်။ တိဋ္ဌံ ဝါ=ရပ်လည်း ရပ်တယ်။ နိသိန္နော ဝါ=ထိုင်လည်း ထိုင်တယ်။ သယံ ဝါ=အိပ်လည်း အိပ်တယ်။ သမိဉ္ဇေတိ=ကွေးလည်း ကွေးတယ်။ ပသာရေတိ=ဆန့်လည်း ဆန့် တယ်လို့ –သွားလိုက်၊ ရပ်လိုက်၊ ထိုင်လိုက်၊ လျောင်းလိုက်၊ ကွေးလိုက်၊ ဆန့်လိုက် ဒီလို အမျိုးမျိုး ဖြစ်နေတယ်။ ဣရိယာပုထ်တွေဟာ အမျိုးမျိုး ပြောင်းလဲနေတယ်လို့ ဟောတော်မူလိုက်တဲ့ မြတ်စွာဘုရားက အဲဒါ ဒုက္ခရောက်လွန်းလို့ သွားလိုက်၊ ရပ်လိုက်၊ ထိုင်လိုက်၊ လျောင်းလိုက်၊ ကွေးလိုက်၊ ဆန့်လိုက် နေတာ။ ဒုက္ခရောက်လွန်းလို့ သွား ရပ် ထိုင် လျောင်း ကွေးမှု ဆန့်မှု ပြောင်းလဲနေတာကို ပြသဖြင့် အကြောင်းဖြစ်တဲ့ ဒုက္ခလက္ခဏာကိုလည်း မြင်ရော၊ အင်း ...ဣရိယာပုထ် အမျိုးမျိုး ပြောင်းသလောက် ဒုက္ခရောက်နေတာ၊ ဒုက္ခ၊ ဒုက္ခနဲ့သာ ကြည့်ပေတော့။

http:\\www.dhammadownload.com



**အနိစ္စလက္ခဏာကို သန္တတိက ဖုံးထားတယ် ... တဲ့။** သန္တတိ ဆိုတာ ဘုန်းကြီးတို့ ပါဠိစကား။ မြန်မာလို ဆိုလို့ရှိယင် ဒီ ရုပ်နာမ် တရားတွေဟာ အစဉ်မပြတ် အဆက်မပြတ် ဖြစ်ပွားနေတာကို သန္တတိ လို့ ခေါ်တယ်။ အဲဒီ အစဉ်မပြတ် အဆက်မပြတ် ဖြစ်ပွားနေတဲ့ သန္တတိ လို့ ဆိုတာ အလျှင်ဖြစ်တဲ့ ရုပ်နာမ်ရဲ့ ဖြစ်တဲ့ ခဏဟာ အခြားမရှိဘဲနဲ့ ဆက်သွားအောင်၊ အဲဒီလို တည်ပျက် တည်ပျက် တည်ပျက်နဲ့ အခြား မရှိအောင် ဆက်လျက်ဖြစ်တော့ အရှိဘက်က အားရှိသကဲ့သို့ဖြစ်တော့ ယခုမြင်ရတဲ့ ဝတ္ထုသည် ယခင်မြင်ရသော ဝတ္ထုလို့ ဒီလို အောက်မေ့ရ တယ်။

ဆိုကြပါစို့။ ဒီကနေ့ပြီးတော့ မြစ်ကြီးထဲ လှမ်းကြည့်။ မြင်လောက် တဲ့ နေရာက နေပြီး ရေတွေဖွေးဖွေး မြင်နေရတယ်။ ရေသန္တာန်တွေဟာ မပြတ်ဘဲနဲ့ စီးသွားနေတော့ ယခုမြင်ရတဲ့ ရေသည် ယခင်မြင်ရတဲ့ ရေပဲလို့ ဒီလို ထင်ရတယ်။ အဲဒီလို ရုပ်သစ် နာမ်သစ် သန္တာန်ဆက်ပြီး တော့ အကြားမရှိ ဆက်ပြီး ဖြစ်ပွားမှုကို 'နိရန္တရတာ'လို့ ဘုန်းကြီးတို့ စာထဲမှာမတော့ ခေါ်တယ်။ အဲဒီလို အကြားမရှိ ဆက်ပြီး ဖြစ်ပွား နေတဲ့အတွက် အနိစ္စလက္ခဏာ မပေါ်ဘူး ဖြစ်နေတယ်။ ဒီလို အကြား မရှိ ဆက်ပြီး ဖြစ်ပွားနေတဲ့ အတွက် ယခုမြင်ရသော ပစ္စည်းသည် ယခင်မြင်ရသော ပစ္စည်းလို့ ဒီလို ထင်ရခြင်း ဖြစ်တယ်။

မီးခဲကြီးများပေါ့လေ။ မီးခဲကြီးများကို လုံဖျားမှာ စူးဖျားမှာ စွပ်ပြီး တော့ အားကောင်းမောင်းသန် လူတစ်ယောက်က လှည့်လိုက် ယမ်းလိုက်မယ်ဆိုယင် မီးဝိုင်းကြီး ထင်ရတယ်။ မီးစကြီးကို ကိုင်ပြီး ယမ်းကြည့်စမ်း၊ ဝိုင်းကြည့်စမ်း။ ခပ်လှမ်းလှမ်းက ကြည့်ယင် မီးဝိုင်း ကြီးပဲ ထင်ရတယ်။ အဲဒါ ဘာပြုလို့တုန်း။ အလျှင်အမြန် သန္တာန်မပြတ် မီးတွေဖြစ်ပွားတာ။ အေး ... အဲဒါ သန္တတိဆက်ပြီးတော့ 'ဖြစ်'ဆိုတာဟာ အဲဒီသဘောပဲ။

http:\\www.dhammadownload.com



ငါတို့ရဲ့ ခန္ဓာကိုယ်မှာလည်းပဲ သွားသော အခြင်းအရာဖြင့် ရုပ်သန္တာန်တွေ ဖြစ်နေတယ်။ ရပ်သောအခြင်းအရာ၊ ထိုင်သောအခြင်းအရာ၊ လျောင်းသောအခြင်းအရာဖြင့် ရုပ်သန္တတိကို ဆက်နေတဲ့အတွက် သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ် ဆိုတဲ့ ဝေါဟာရ ပေါ်နေပါတကား။ တကယ်ဆိုတော့ သွားတဲ့အခိုက် အခိုက်မှာ နည်းတဲ့ ရုပ်တွေ မဟုတ်ဘူး၊ ပျက်လိုက်တာ။ ရပ်တဲ့အခိုက်မှာ ပျက်လိုက်တာ၊ ထိုင်တဲ့ လျောင်းတဲ့အခိုက် ပျက်လိုက်တာ။ ဒီဣရိယာပုထ် တစ်ပုထ် တစ်ပုထ်ထဲမှာ မြောက်မြားစွာသော ရုပ်တွေ ပျက်စီးနေပါတကား၊ အနိစ္စပါလား ဆိုတာ အဲဒီဣရိယာပုထ်ကို ပြတဲ့ ပါဠိဖြင့်ပဲ ဘုရားကိုယ်တော်မြတ် အနိစ္စလက္ခဏာကိုပဲ ဖော်ပြပါတယ်။

## ဃနလေးမျိုး

ဃနက နေပြီးတော့ အနတ္တလက္ခဏာကို ဖုံးထားတယ်။ ဃနသည် လေးမျိုးရှိတယ်။ ဃနဆိုတာ ဘာလဲ တစ်စုတည်း တစ်တွဲတည်း စုလျက် တွဲလျက် ခဲလျက် အင်း ... ရုပ်နာမ်ဓမ္မတွေဖြစ်တာကို ဃနလို့ ခေါ်တယ်။

အဲဒီ ဃနကလည်းပဲ –

(၁) သန္တတိဃန

(၂) သမူဟဃန

(၃) ကိစ္စဃန

(၄) အာရမ္မဏဃန လို့ ဃနလေးမျိုးရှိတယ်။

(၁) သန္တတိဃန ဆိုတာ ယခင်ကပြောခဲ့တဲ့ ရုပ်နာမ်တရားတို့ဟာ ရှေ့နောက် အပျက်နဲ့အဖြစ် ဆက်ကာ လုံးခနဲ ခဲခနဲ စုလျက် တွဲလျက် ဖြစ်ပွားတာကို သန္တတိဃနလို့ ခေါ်ပါတယ်။

(၂) သမူဟဃန ဆိုတာ ရုပ်နာမ် တစ်ခုခု ဖြစ်လိုက်တဲ့အခါ ဘယ်တော့မှ ရုပ်တရားလည်း သူတစ်လုံး တစ်ခုတည်း ခွဲမဖြစ်ဘူး။ အနည်း

http:\\www.dhammadownload.com



ဆုံး အဋ္ဌကလာပ် ရုပ်အနေနဲ့ ရှစ်ခုတွဲပြီးတော့ ဖြစ်ရတယ်။ နာမ်တရား လည်းပဲ ဘယ်တော့မှ နာမ်တရား စိတ်တစ်လုံး တစ်ခုတည်း ခွဲပြီးတော့ မဖြစ်ဘူး။ အနည်းဆုံး ရှစ်ခု၊ စက္ခုဝိညာဏ်နဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး တွဲပြီးတော့ ဖြစ်ရတယ်။ အဲဒီလို တစ်ပါးတည်း မဖြစ်ဘဲနဲ့ အများစုပေါင်း၍ စုလျက် တွဲလျက် ခဲလျက် ပစ္စည်းတစ်ခု တည်း ထင်အောင် ဖြစ်တာကို သမူဟဃနလို့ ခေါ်တယ်။

(၃) ကိစ္စဃန တဲ့။ ဆိုကြပါစို့ရဲ့။ စက္ခုဝိညာဏ်အမြင်စိတ်ကလေး ဖြစ်လိုက်ယင်ပဲ စက္ခုဝိညာဏ်က သူက မြင်ခြင်းကိစ္စကို အလုပ်လုပ် တယ်။ အဲဒီ သူ့ရဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဖဿက အာရုံကို တွေ့ထိ ခြင်းကိစ္စ၊ ဝေဒနာက အာရုံရဲ့ အရသာ ခံစားမှုကိစ္စ၊ သညာက မှတ်သား မှု၊ စေတနာက စေ့ဆော်မှု၊ ဧကဂ္ဂတာက အာရုံ တည်တည်ကြည်ကြည် နေ၍ သူ့ကိစ္စသူ ရွက်ဆောင်ပြီး ဖြစ်ကြတယ်။ အဲဒီလို ဖြစ်ကြတဲ့ နေရာ မှာ တစ်စုတည်း၊ တစ်ခဲတည်း လာဖြစ်တာကို ကိစ္စဃနလို့ ခေါ်တယ်။

အမှန်ကတော့ ရုပ်တရား ရှစ်ပါးဖြစ်တယ်။ ပထဝီက ပထဝီကိစ္စကို ဆောင်၍ အာပေါက အာပေါရဲ့ အလုပ်ကိစ္စ၊ တေဇောက တေဇောရဲ့ ကိုယ့်ကိစ္စ၊ ဝါယောက ဝါယောရဲ့ ကိုယ့်ကိစ္စ အသီးအသီးဆောင်၍ ရုပ်တရားတွေ စုလျက် ခဲလျက် တွဲလျက် ဖြစ်တာ၊ နာမ်တရားတွေ စုလျက် တွဲလျက် ခဲလျက် ဖြင်တာကို ကိစ္စဃနလို့ ခေါ်ပါတယ်။ အဲဒီ ကိစ္စဃနကလည်းပဲ အင်း ... ပရမတ္ထဉာဏ် မျက်စိနဲ့ မကြည့်နိုင်လို့ရှိ ယင် ကိစ္စကို မမြင်တော့ဘူး။ ငါမြင်တယ်၊ သူမြင်တယ် ဆိုပြီးဟော့ ပုဂ္ဂိုလ်ထိအောင် ရောက်သွားတယ်။

(၄) အာရမ္မဏဃနတဲ့။ ဆိုကြပါစို့ရဲ့၊ စက္ခုဝိညာဏ်စိတ်၊ အမြင် စိတ်ကလေး ဖြစ်လိုက်ယင်ပဲ ထိုစက္ခုဝိညာဏ်ရဲ့ အာရုံဖြစ်တဲ့ ရူပါရုံကို တစ်ခုတည်း တစ်ပေါင်းတည်းအနေနဲ့ အာရုံပြုသောအားဖြင့် လည်း ကောင်း၊ ရုပ်ကလာပ် တစ်ခုခုမှာပါတဲ့ ထိုထိုရုပ်တရားတို့ရဲ့ အာရုံတစ်ခု

http:\\www.dhammadownload.com



တည်းအနေဖြင့်လည်းကောင်း ပရမတ္ထတရားသား (သဘာဝသတ္တိ) တစ်ခုတည်းလို့ ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွား ခြင်းကို အာရမ္မဏာဃနလို့ ခေါ်တယ်။

**ရေတ်စေ့ဒြ၊ စိတ်တွေ့ သတ်သတ်၊ အစပ်ကိုတည့်၊ ရှုမျှော်**
**ကြည့်သို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ။**

ရေတ်စေ့ကလေးကို လျှာပေါ်တင်ပြီးတော့ စပ်တယ်ဆိုတဲ့ အရသာ ကလေးကို စဉ်းစားကြည့်။ အဲဒီ စပ်တာကလေးကို မျက်စိနဲ့ ကြည့်ယင် ရှည်ရှည်လား၊ တိုတိုလား၊ ဝိုင်းဝိုင်းလား၊ ပြားပြားလား၊ လုံးလုံးလား၊ သဏ္ဍာန် ဘာမှ မရဘူး။ အဲဒီ အစပ်ဆိုတဲ့ သတ္တိကလေးကို စိတ်နဲ့ သိသလိုတဲ့ (ရေတ်စေ့ဒြ၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတည့်၊ ရှုမျှော် ကြည့်သို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ) ပရမတ္ထတရား ရှုချင်ယင် သတ္တိကို ရောက်အောင် ကြည့်တဲ့။

ဖဿရဲ့ တွေ့ထိမှု သတ္တိ၊ ဝေဒနာရဲ့ ခံစားမှု သတ္တိ။ ဝေဒနာရဲ့ ခံစားမှု သတ္တိကလေး ရောက်လို့ရှိယင် ရေတ်စေ့ရဲ့ အစပ်သတ္တိကလေး ဟာ လုံးလုံးပဲ ပြားပြားပဲ ရှာမရဘူး။ တိုတိုပဲ၊ ရှည်ရှည်ပဲ၊ သဏ္ဍာန် မရဘူး။ အထည်ဒြပ် မရဘူး။ တွေ့ထိမှု ဖဿ၊ ခံစားမှု ဝေဒနာ။ အဲဒီ သဘောတွေမှာလည်းပဲ ပုံပန်းသဏ္ဍာန် မရောက်ဘဲနဲ့ စိတ်နဲ့ စဉ်းစား ကြည့်မှ ပရမတ္ထသတ္တိကို ရောက်တယ်။

**သတ္တိဆိုက်မှ ပရမတ္ထ ရောက်တယ်၊**
**ပရမတ္ထရောက်မှ ဃနပြိုတယ်၊**
**ဃနပြိုမှ အတ္တအယူဝါဒ ဆိတ်သုဉ်းမယ်၊ အနတ္တ ဖြစ်မယ်။**

အခု ဘုရားကိုယ်တော်မြတ်က 'သောကာယဿ ဏှဉ္စနာ'လို့ ဟောလိုက်တယ်။ သွား ရပ် ထိုင် လျောင်း ရှေ့ နောင်း တက် ဆုတ် ကွေး ရပ် ဆန့်တန်းမှု အစုစုဟာဖြင့် အသစ်အသစ် ဖြစ်ပွား ရုပ်တရား တို့၏ လှုပ်ရှားမှုသာလို့ ပရမတ္ထ သဘာဝတို့၏ လှုပ်ရှားမှု၊ ပုဂ္ဂိုလ်

http:\\www.dhammadownload.com



သတ္တဝါ ငါ သူတစ်ပါးရဲ့ လုပ်ရှားမှု မဟုတ်ဘူး။ အဲဒီလို ပရမတ္ထ သဘာဝသတ္တိ ရောက်အောင် ဆိုက်အောင် ဉာဏ်မမြင်တဲ့အတွက် ဘာဖြစ်သလဲဆိုတော့ အတ္တဝါဒီတွေကျတော့ သွားတာဟာ အတ္တက သွားတယ်၊ လိပ်ပြာက သွားတယ်၊ အတ္တလိပ်ပြာက ရပ်တယ်၊ အတ္တ လိပ်ပြာက ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ်လို့ ဆိုတယ်။ ဒါဟာ ပရမတ္ထရောက်အောင် ဉာဏ်အမြင် မဆိုက်တာ။

## အခြင်ရနှယ် ဒိုင်း မြား နံရံတို့နှင့် တူသော ခန္ဓာကိုယ်

ဘုရားကိုယ်တော်မြတ်က ဓာတုဓရုပ်တွေရဲ့ အသစ်အသစ် ဖြစ်ပွား လှုပ်ရှားမှုသာ ဖြစ်တယ်၊ အတ္တ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမရဲ့ လှုပ်ရှားမှု မဟုတ်ဘူးလို့ အဲဒီလို အမိန့်ရှိလိုက်သဖြင့် ဒါ အနတ္တလက္ခဏာကိုလည်းပဲ ဒီဂါထာက ဖော်ပြတယ်။

ဒီဂါထာနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် နိစ္စသဘော၊ သုခ သဘော၊ အတ္တသဘောမှ ဆိတ်သုဉ်းတဲ့ သုညတလက္ခဏာ=တစ်နည်း အားဖြင့် သုညတကမ္မဋ္ဌာန်း ပြပြီးတော့ အဲဒီ သုညတကမ္မဋ္ဌာန်းအား ကျေးဇူးများမယ့် သဝိညာဏက၊ အဝိညာဏက အသုဘ ကမ္မဋ္ဌာန်းကို ဆက်ပြီး ဖော်ပြချင်တဲ့အတွက် မြတ်စွာဘုရားက –

(၂) အဋ္ဌိနှာရုသံယုတ္တော၊
တစ မံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊
ယထာဘူတံ န ဒိဿတိ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အယံ ကာယော =သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်ကို။ အဋ္ဌိ နှာရုသံယုတ္တော= သုံးရာသောအရိုး၊ ထိုအရိုးကို ဖွဲ့တဲ့ ကိုးရာသောအကြော၊ အရသာကို ဆောင်သော ခုနစ်ထောင်သော အကြောတို့နှင့် ဖွဲ့ယှက်ရစ်ပတ်

http:\\www.dhammadownload.com



အပေါ်မှာ အဆင်းဖွေးဖြူ ထူသော အတွင်းရေ၊ ကိုးရာသော သားတစ်တို့ဖြင့် လိမ်းကျံအပ်သည် ဖြစ်ရကား။ (ပရမဒုဂ္ဂန္ဓာဇေဂုစ္ဆပဋိကူလော =အလွန့်အလွန်ပင် ရန့်ပုပ်လှောင်း စက်ဆုပ်ဖွယ် ရွံ့ရှာဖွယ် ကောင်းလှပါပေ၏။)

ကာယော=သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်ကို။ ဆဝိယာ= အဆင်းထူးတွေ အပေါ်ရေ (အရေပါး)ဖြင့်။ ပဋိစ္ဆန္နော=အိမ်နံရံကို အညို စသည် ဆိုးရည်သုတ်မွန်း ပုံနှုန်းနှန်းလျှင် ဖုံးလွှမ်းခြယ်လှယ် အပ်သည်ဖြစ်၍။ ယထာဘူတံ=ဟုတ်မှန်လှစွာ အသုဘအခြင်းအရာကို။ န ဒိဿတိ=ပညာအန္ဓ လူ့ဗာလတို့ လုံးဝမထင် မမြင်ကြရပါချေ။

ကြည့်စမ်း – ဒီခန္ဓာကိုယ် အသက်ရှိပါတယ်ဆိုတဲ့ မောင်တို့ အမိတို့ရဲ့ ကိုယ်ကို သေသေချာချာ ဓာတ်သတ္တု ခွဲကြည့်စမ်း။ အဋ္ဌိ=အရိုးပေါင်းကိုက သုံးရာရှိတယ်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက –

**အဋ္ဌိ=အဆင်းဖြူစွာ နှာ နှလုံး ဦး နဖူး တပါး (အရိုးဆိုတာ အဆင်းအားဖြင့် ဖွေးနေတယ်၊ နှာတံရိုးက တစ်ချောင်းရှိတယ်၊ နှလုံးဆိုတဲ့ နေရာမှာ အရိုးတိုလေး တစ်ချောင်းပါတယ်။ နဖူးရိုးကလည်း တစ်ခု ရှိတယ်။) နဖူးတပါး၊ မျက် နား မေးရိုး၊ ညှပ်ရိုး ပခုံး၊ လက်ရိုး ပေါင် ခါး၊ ဒူးအား ခြေနောက်၊ ရောက်သည် နှစ်ချက်၊ ဖမျက်မြင်း ခေါင်း၊ မောင်းဖျားလေးမည်၊ လည်ခုနှစ်ရိုး၊ ခေါင်းခွံကိုးတည် ...** တဲ့။

မျက်ခုံးရိုးကလည်း နှစ်ခု၊ နားရိုးက နှစ်ခု၊ မေးရိုးက နှစ်ခု၊ ညှပ်ရိုးကလည်းပဲ လက်ဝဲတစ်ချောင်း လက်ယာတစ်ချောင်း၊ ပခုံးရိုးကလည်း လက်ဝဲတစ်ချောင်း လက်ယာတစ်ချောင်း၊ လက်ရုံးရိုးကလည်း လက်ဝဲတစ်ချောင်း လက်ယာတစ်ချောင်း၊ ပေါင်ရိုးကလည်း လက်ဝဲတစ်ချောင်း လက်ယာတစ်ချောင်း၊ ခါးရိုးကလည်း ထို့အတူ နှစ်ချောင်း။

http:\\www.dhammadownload.com



**အဋ္ဌိ=အဆင်းဖြူစွာ၊ နှာ နှလုံး ဦး၊ နဖူးတပါး၊ မျက် နား မေးရိုး၊ ညှပ်ရိုး ပခုံး၊ လက်ရုံး ပေါင် ခါး၊ ဒူး အား ခြေ နောက်၊ ရောက်သည် နှစ်ချက်၊ ဖမျက် မြင်းခေါင်း၊ မောင်းဖျားလေးမည်၊ လည်ခုနှစ်ရိုး၊ ခေါင်းခွံ ကိုးတည့်၊ ရင်ရိုးစုဒ္ဒသ်၊ ဋ္ဌာရသ် ကျောက်မှန်၊ နံနှစ်ဆယ့်လေး၊ ခြောက်ဆယ့်လေးထွေ၊ လက်ခြေရိုးနှ၊ သုံးရာသော အရိုးစုသည်။ အတ္ထိ–သံဝိဇ္ဇတိ=ထင်ရှားပုံသေ ရှိကုန်ပေ၏ တကား ... ။**

ဒွတ္တိံသာကာရမှာ အရိုးချည့်ထဲ စိုက်ကြည့်ယင် အရိုးသုံးရာပေါ်အောင် ဒီလို ကြည့်ရမယ်။ အဲဒီ အရိုးသုံးရာကို သူ့နေရာနဲ့သူ နိမ့်ကျမသွားအောင် ကိုးရာသော အကြောတို့က ဆိုင်းထားတယ်–တဲ့။

**နှာရု=အဆင်းဖြူစွာ၊ လည်ဂီဝါမှ၊ ဝဲယာရှေ့နောက်၊ ရှေ့နောက်ခြေလက်၊ ငါးစီသက်၍၊ တွယ်ခက်ရစ်ရံ၊ ခတ္တာငုံလို၊ ကိုယ်ကိုဆောင်တွယ်၊ ခြောက်ဆယ်ကြောမ၊ စသည်များစွာ၊ ကွန်ရက်ဖြာသို့၊ ကိုးရာသော အကြောစုသည်။အတ္ထိ–သံဝိဇ္ဇတိ=ထင်ရှားပုံသေရှိကုန်ပေ၏ တကား။**

အေး ... အကြောနဲ့ ပတ်သက်လို့လည်း ဒီလိုမြင်အောင် ဆရာတော်ဘုရားကြီးကတော့ ပုံပန်းနှင့်တကွ ပေါ်အောင် ရေးသားထားခဲ့တယ်။

ကိုင်း ... အခု ဂါထာအရ ကြည့်လိုက်စမ်း။ သုံးရာသော အကြောတည်းဟူသော အခြင်တွေ၊ ရနယ်တွေ၊ ဒိုင်းတွေ၊ မြားတွေကို ကြိမ်နွယ်နဲ့တူတဲ့ ကိုးရာသော အကြောတွေနဲ့ ဟိုက ဆိုင်း၊ ဒီက တုတ်တော့ နံရိုးကျဲကျဲ အိမ်ကြီး ဖြစ်လာတာပ။ အဲဒီ နံရိုးကျဲကျဲဖြစ်လာတဲ့ အိမ်ကို ဘိတ္တိခေါ်သော နံရံလုပ်တဲ့အခါ နွားချေးနဲ့ မြေနဲ့ ရောနယ်ပြီး သကာလ မျက်ကွက်တွေမှာ ဟိုဘက် ဒီဘက်က ကပ်သလို (တစမံသာဝလေပနော) အပေါ်ယံမှာရှိတဲ့ အရေထူ၊ ထိုအထဲက အသား၊ အသားတစ်

http:\\www.dhammadownload.com



တည်းဟူသော နွားချေး မြေညက်တွေကို အရိုးကြို အရိုးကြား၊ မျက်ကွက်တွေ ကြားထဲ ဟိုအနားက ကပ်၊ ဒီအနားက ကပ်၊ ဒီလို ကပ်ရတယ်။ ကပ်ပြီးလို့ ဒီဘိတ္တိခေါ်သော နံရံပုံပန်း ပေါ်လာတော့ ဒီအပေါ်ချောအောင် အင်္ဂတေ အချောကျံသလို အပေါ်က အရေထူနဲ့ တစ်ခါတည်း အချောတင်ပေးလိုက်တယ်။ လူပုံပန်း ချောချောမွေ့မွေ့ ကြီး ဖြစ်လာတယ်။

အဲဒီလို လူပုံပန်း ချောချောမွေ့မွေ့ ဖြစ်လာလို့ တိုက်နံရံမှာ အင်္ဂတေ အချောကိုင်ပြီးတဲ့နောက် ဒီအပေါ်မှာ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ အပြာရောင်၊ ကိုယ်အလိုရှိတဲ့အရောင် ခြယ်သလို အရေထူတည်း ဟူသော အင်္ဂတေအချောရဲ့ အပေါ်ကနေပြီးတော့ အရေပါး ရှိတယ်။ တချို့မှာ ဝါဝါအဆင်း၊ တချို့မှာ ဖြူဖြူအဆင်း၊ တချို့မှာ ညိုညို အဆင်း၊ တချို့မှာ နီနီအဆင်း၊ ကိုယ်တွင်းရှိ ကိုယ်ကြိုက်သလို ဘဝ နိကန္တိ တဏှာ ကြိုက်သလို ခြယ်လှယ်ထားလိုက်တာ လူတိုင်း လူတိုင်း တချို့ အသားဖြူတယ်၊ တချို့ ဝါတယ်၊ တချို့ ညိုတယ်၊ တချို့ အသား နီတယ်၊ အမျိုးမျိုး ပုံပန်းရှိတယ်။

ခုဘဝကျမှတော့ပေါ့လေ၊ ခြယ်ပြီးတဲ့နောက်မှတော့ ဆေးက ဖျက်လို့ မရတော့ဘူး၊ ငါ့မှာ ဒီဘဝ အသားမည်းလို့ စိတ်ပျက်လိုက်တာလို့ မရှိဘူး။ အသားဖြူလို့ စိတ်ပျက်လိုက်တာလဲ မရှိနဲ့၊ အစောကတည်း ကိုက တဏှာက နိကန္တိနဲ့ ကိုယ်ကြိုက်သလို ခြယ်ခဲ့တယ်။ ဒီအပေါ်မှာ အရေပါးကလေးကကို တဏှာရဲ့ အကြိုက်အတိုင်း ပေါ်လာသို့ ဖြူတယ်၊ နီတယ်၊ ညိုတယ်ဆိုတာ ဖြစ်ရတယ်။ ဒီတော့ အိမ်ကြီးနဲ့ အင်မတန် တူပါတယ်။ ပြီးတော့ အဲဒီ အိမ်ကြီးထဲ ဝင်ကြည့်တော့ ဘာမှ အနှစ် သာရ မရှိဘူး။ ဘာတွေရှိတုန်းဆိုတော့ ပီးလောင်စရာတွေ ဘာတွေပ။

ဒါဖြင့် ခန္ဓာကိုယ်တည်းဟူသော အိမ်ကြီးထဲမှာကော ဘာတွေ ရှိတုန်း။

http:\\www.dhammadownload.com



(၃) အန္တပူရော ဥဒရပူရော၊
ယကာနပေဠသော ဝက္ကိနော။
ဟဒယဿ ပပ္ဖါသဿ၊
ဝက္ကဿ ပိဟကဿ စ။

## အူမခွေ

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ အယံကာယော=သဝိညာဏက ခေါ်ဆို မောင်တို့ အမိတို့ရဲ့ ကိုယ်သည်။ (နမုတ္တာ မဏိပရိပူရော=ပုလဲ ပတ္တမြား အစရှိသော ရတနာတို့ဖြင့် ပြည့်နေသည် မဟုတ်။ အထ ခေါ=ဧကန်မယုတ် အဟုတ်သော်ကား။) အန္တပူရော=အူမခွေ အစုဖြင့် ရွံ့ရှာဖွယ် ပြည့်၍ နေပေ၏။

ခန္ဓာကိုယ်ကြီးထဲ ကြည့်စမ်းပါ။ စိန်တွေ၊ ကျောက်သံပတ္တမြားတွေ ရှိသလား၊ မရှိဘူး။ ဘာတွေ ရှိတုံး၊ အူမခွေ။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက –

အန္တံ=ယောကျ်ား ဒွတ္တိံမ်း မိန်းမဋ္ဌဝီ အတောင်ရှည်သား (ဟူ၍ အမျိုးသား အမျိုးသမီးတို့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အူကို ထုတ်ပြီးတော့ တောင်လိုက်ယင် တဲ့၊ ယောကျ်ားရဲ့ အူဟာ ဒွတ္တိံသ=သုံးဆယ့်နှစ်တောင် ရှည်သတဲ့။ အမျိုးသမီးရဲ့ အူကတော့ အဋ္ဌဝီသ=နှစ်ဆယ့်ရှစ်တောင် ရှည်တယ်တဲ့။ အဲဒါကို ယောကျ်ား ဒွတ္တိံမ်း မိန်းမဋ္ဌဝီ အတောင်ရှည်သား) ဖြူသည်အဆင်း ကတေအင်းသို့ (အင်္ဂတေ အဖြူလိုပဲတဲ့ အရောင်က။ သဏ္ဌာန်အားဖြင့်) သွေးကျင်းမှာ ခွေခေါင်းပြတ်မြွေလို (ခေါင်းဖြတ်ထားတဲ့ မြွေကို သွေးကျင်းထဲ အခွေလိုက် ချထားသလို ပဲတဲ့။ ခန္ဓာကိုယ်အိမ်တည်းဟူသော သွေးကျင်းကြီးထဲမှာ ခေါင်းဖြတ်ထားတဲ့ မြွေကို အခွေလိုက် ချထားသလို) လည်မျိုဝစ္စ ပဒေသဝယ် နှစ်ဆယ်တတွန့် လိမ်တွန့်ရစ်နေသော အူမခွေအစုဖြင့် ရွံ့ဖွယ်လိလိ ပြည့်၍နေ၏တကား ... ။

http:\\www.dhammadownload.com



## အစာသစ်

အန္တပုပ္ပရောကို အဲဒီအတိုင်း သဘောကျအောင် ကြည့်ပေတော့။

ဥဒရပုပ္ပရော = အစာသစ်ဖြင့် ပြည့်၍နေ၏။

ဗိုက်ထဲ ဘာတွေရှိတုန်း၊ အစာသစ်။ အစာသစ် ဆိုတာ တပည့်တော်တို့ အင်မတန် ကောင်းတာ မွန်တာတွေ စားကြတာ ဝမ်းထဲမလည်း သိပ်လှမှာပဲလားဆိုတော့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဖွင့်ပြချက်အတိုင်း ရေးထားတယ်။

ဥဒရိယံ=စားသည်အစာ သွင်လျာရှုပ။

စာလိုက်တဲ့အစာက သစ်ရွက်စိမ်းတွေ စားယင်တော့ အစာသစ်ဟာ ဝမ်းထဲမှာ ခပ်အေးအေးလေးပဲတဲ့။ ကလေးငယ်လေးတွေ စားယင်တော့ နီနေမှာပ။ အဲ မျိုစားယင် ဝါမှာပ။ သစ်သီးအစိမ်းစားယင် စိမ်းစိမ်းပ။ အဲဒါကို စားသည်အစာ သွင်လျာရှုပ (အူမထက်ဖျား ဆန်ထုပ်လားသို့) အူမရဲ့ အထက်မှာ ဆန်ထုပ်လိုပဲ အစာအိမ်က။ အူမထက်ဖျား ဆန်ထုပ်လားသို့ (ပကား သန့်ရှင်း တွင်း ပိန္နဲခွံ) အစာသစ် တည်နေတဲ့ အိမ်ဟာ အပြင်ဘက် ကြည့်လိုက်လို့ရှိယင် သန့်သန့်ရှင်းရှင်းပါပဲတဲ့။ အတွင်းကြည့်လိုက်ယင်ဖြင့် ပိန္နဲခွံလို တကတည်း ဆူးတွေနဲ့ တူတယ်။ ပကား သန့်ရှင်း တွင်း ပိန္နဲခွံ –

ရွံဖွယ်ဘိခြင်း တံစီးတွင်းနှယ် သုံးဆယ်နှစ်မျိုး ပိုးတို့နေရာ အူထုံး မှာဝယ် လျှာရည်တံဒွေး သွားမြွေးအာစေး ထိုထိုကြေးကို သိမ်ထွေးပေါင်းစု ထောင်းစုဝါးချေ မျိုလေဆင်းသက် ဓာတ်မီးချက်၍ ပရုပွက်ဦ ကျိုက်ကျိုက်ဆူပွ အမြုပ်ထကာ –

ပါးစပ်ထဲကရှိတဲ့ သွားက အောက်သွားက ဆုံ၊ အထက်သွားက ကျည်ပွေ့၊ ဟုတ်လား။ ကျည်ပွေ့ကိစ္စ အထက်သွားက၊ အောက်သွားက

http:\\www.dhammadownload.com



ဆုံ။ သုံးသပ်ညီပြီးတော့ စားလိုက်တဲ့ ဒီအာထဲ နှောင်လိုက်တဲ့ အစာတွေကို ရှောင်းရှောင်း ရှောင်းရှောင်းနဲ့စား၊ ထောင်းပြီးတော့ ဟိုဝါယောဓာတ်က တွန်းပို့လိုက်တဲ့အခါ ဟိုအထဲလည်း ရောက်ကရော ဓာတ်မီးချက်တော့ ပရပွက်ဦ ကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ။

## စားသည့်အစာ ဝမ်းထဲ၌ ငါးမျိုးကွဲပုံ

ဝမ်းမီးက စားလိုက်တဲ့ အစာကို အလုပ်ငါးခု လုပ်ပေးတယ်။

"ပိုးစာလောင်မီး ကျင်ကြီး ကျင်ငယ် တစ်သွယ်သွေးသား"

(၁) စားလွတ်လိုက်တဲ့ အစာအာဟာရတွေကို ခုနင်ကတုန်းက သုံးဆယ့်နှစ်မျိုး ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပိုးတွေက ပထမ စားပစ်လိုက်လို့ တစ်ပုံကုန်သွားရော၊ ပိုးစာ။

(၂) လောင်မီး=ပါစက ဝမ်းမီးချက်လိုက်လို့ စားလိုက်တဲ့ အစာဟာ တစ်ပုံကုန်ပြန်ရော။ ဝမ်းမီးစာ ဖြစ်သွားတယ်။

(၃-၄) ကျင်ကြီး ကျင်ငယ်-တဲ့။ တစ်ပုံက ကျင်ကြီး၊ တစ်ပုံက ကျင်ငယ်ဘက်သွား။

(၅) တစ်သွယ်သွေးသား=ခန္ဓာကိုယ်ထဲမှာ အသွေးအသားဖြစ်ဖို့က တစ်ပုံ။

**ငါးပါးကွဲလျက် ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေးအန်ဖတ်အတု အစာသစ်အစုဖြင့် ရွံ့ဖွယ်လိလိ ဖြစ်၍နေပေ၏တကား။**

မိုက်ထဲဝင်ကြည့်ယင် ဒါတွေ တွေ့မယ်ဆိုတဲ့အကြောင်း ဖော်ပြထားတယ်။

## အသည်းဆိုင်

**ယကနပေဠသ = အသည်းဆိုင်ဖြင့်။ ပူရော=ပြည့်၍နေ၏။**

http:\\www.dhammadownload.com



## ပညာရှိ ပညာမဲ့တို့၏ အသည်းပုံစံ အရွယ်အစား

အသည်းဆိုတာ အကောင်းပဲ မဟုတ်လား ဘုရား ဆိုတော့ ဒွတ္တိံသာကာယ အနေနဲ့ ကြည့်လို့ရှိယင် သုံးဆယ့်နှစ်ကောဋ္ဌာသစလုံး ဘာမှ တစ်ခုမှ မကောင်းဘူးတဲ့။ ချစ်သား ချစ်သမီးတို့၊ ကိုယ့်ဝမ်းထဲ ကြည့်၊ အသည်းဆိုင်တွေ အပြည့်ရှိတယ်။ ဘယ်လိုလဲလို့ဆိုတော့ -

ယကန်=ကုမုဒြာ ကြာချပ်ကြောက်နယ် (ကုမုဒြာကြာချပ်ရဲ့ ကျောနဲ့ တူတယ်တဲ့ ပုံပန်းက)။ စဉ်းငယ်နီလျက် ကသစ်ရွက်သဏ္ဌာန် (အရောင် အားဖြင့် ကုမုဒြာကြာချပ်ရဲ့ ကျောကလေး နည်းနည်းနီနေသလို အနီ ကြီးတော့ မဟုတ်ဘူး။ စဉ်းငယ်နီလျက် သဏ္ဌာန်အားဖြင့်တော့ ကသစ် ရွက်နဲ့ တူတယ်တဲ့)။ ဉာဏ်မဲ့ကြီးကြီး (ဉာဏ်မကောင်းတဲ့လူ၊ လူမိုက် ကျတော့ အသည်းက အကြီးကြီးတဲ့။ ဒါကြောင့် ဒီအကောင် သိပ် အသည်းကြီးတယ်လို့ လူမိုက်ကျတော့ ပြောကြတယ်။) ဉာဏ်မဲ့ကြီးကြီး တစ်ခုတည်းသော (ပညာမရှိတဲ့လူ၊ လူမိုက်ကျတော့ အသည်းက တစ်ခု တည်း အကြီးကြီးတဲ့)။ ပညာရှိဝယ် နှစ်-သုံး-ငယ်-လတ် (ပညာရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒီ အသည်းက နှစ်လွှာ၊ သုံးလွှာ၊ အဲဒီလို နေတယ်။ ငယ်ငယ်ပဲတဲ့)။

ပညာရှိဝယ် နှစ်-သုံး-ငယ်-လတ် ထနဗ္ဗန္တရေ ညာမှာနေသော (သားမြတ်နှစ်ခုရဲ့ အကြား ညာဘက်နားမှာ ရှိတယ် တဲ့)။ ထနဗ္ဗန္တရေ ညာမှာနေသော အသည်းဆိုင်ဖြင့် ရွံဖွယ်လိလိ ပြည့်၍နေပေ၏။

ဒီအပြင် တစ်ခါကြည့်လိုက်ပါဦးတဲ့။

### ကျင်ငယ်

ဝတ္ထိနော=ကျင်ငယ်ဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။ (ကျင် ငယ်ဆိုတာ ဘယ်လိုနေတုံးဆိုပေ -

http:\\www.dhammadownload.com



ပဲပြာရည်ဆင်း ဆီးစတွင်းဝယ် သက်ဆင်းကိုယ်မှ မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုဖြင့်။ ပူရော=ရွံဖွယ် လိလိ ပြည့်၍နေ၏။

မြတ်စွာဘုရားက စည်းဝေးမိတဲ့ ပရိသတ်တွေကို ဟောပြတော်မူနေ တယ်။ ချစ်သား ချစ်သမီးတို့ရဲ့ ခန္ဓာကိုယ်အိမ်ကြီးထဲ ကြည့်စမ်းပါ-တဲ့၊ ကျင်ငယ်တွေ ပြည့်နေတယ်။

## နှလုံးသား

**ဟာဒယဿ**=နှလုံးသားဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။

နှလုံးသားဆိုတာ ဘယ်မှာနေတုန်း။

ဟာဒယံ=ဆင်းရှက်ပဒုံ ကျောပြင်ပုံတည်း (နှလုံးသားရဲ့ ကျောကို ကြည့်ယင် ပဒုမ္မာကြာရွက်ရဲ့ ကျောပြင်ကဲ့သို့ အဆင်းရှိတယ် ... တဲ့)။ ဆင်းရှက်ပဒုံ ကျောပြင်ပုံတည်း ကြာငုံအောက်ရှု ဉာဏ်ရှိသူဝယ် စဉ်းငယ်ပွင့်တုံ စုငုံမန္ဒ (ကြာငုံကလေးကို အောက်စိုက်ထားသလိုပဲတဲ့။ ဉာဏ်ကောင်းတဲ့ လူကျတော့ အဲဒီ နှလုံးသားလေးက နည်းနည်းလေး ပွင့်တယ်။ စုငုံမန္ဒ=ဉာဏ်နဲ့တဲ့ လူကျတော့ အဲဒီ နှလုံးသားက စုငုံနေ တယ်)။ အပသန့်ရှင်း တွင်းသပွတ်အူ နှစ်ဆူဓာတ်မှီ (အပြင်ဘက်က ကြည့်ယင် အလွန်သန့်ရှင်းပါတယ်။ ပဒုမ္မာကြာပန်းကြီးလို။ အတွင်းကျ တော့ သပွတ်အူတွေလို ရှုပ်လိမ်နေတာပဲတဲ့။ နှစ်ဆူဓာတ်မှီ=မနောဓာတ် မနောဝိညာဏဓာတ် ခေါ်တဲ့ ဝိညာဏ်ဓာတ်နှစ်မျိုးရဲ့မှီရာ)။

## စရိုက် ၆ ပါးနှင့် သွေးအရောင် ၆ မျိုး

**နီသည်ရာဂ**=ရာဂစရိုက် ပြောများတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသွေးဟာ နီနေ တယ်တဲ့။

**ဒေါသမည်းငြား**=ဒေါသစရိုက်အားကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသွေးက မည်းနေတယ်တဲ့။

http:\\www.dhammadownload.com



သားဆေးရည်မောဟ=မောဟစရိုက် အားကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ သွေးဟာ သားဆေးရည်လို နောက်ကျိကျိ ရှိတယ်တဲ့။

တဏှ ပဲရည်=ဝိတက်စရိုက် ပြောများတဲ့ ပုဂ္ဂိုလ်ရဲ့ သွေးသည် ပဲရည်လိုပဲတဲ့။

ဝါသည် သဒ္ဓါ=သဒ္ဓါစရိုက် ပြောများတဲ့ ပုဂ္ဂိုလ်ရဲ့ သွေးအရောင် အဆင်းသည် ဝါကျင့်ကျင့်ကလေး ... တဲ့။

ပညာပြိုးပြက် ဓောတမြက်သွင် ဖြူစင်လွန်ကဲ=ပညာစရိုက် ကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒီ နှလုံးသွေးလေးကိုက ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ဓောတမြက် ကျောက်အသွင်ကို တဖြန်းဖြန်း အရောင်ထွက်နေတယ်တဲ့။

ဓောတမြက်သွင် ဖြူစင်လွန်ကဲ လက်ဆွန်ခွဲမျှ လောဟိတသည် =(လက်ဆွန်ခွဲဆိုတာ ဟောဒီ လက်တစ်ဆွန်ရဲ့ တစ်ဝက်လောက် ရှိတယ် ... တဲ့။ နှလုံးသွေးဟာ)

ပုန္နာဂဋ္ဌိတွင်းမှာရှိလတ်=ပုံးညက်စေ့သဏ္ဍာန်ရှိသော တွင်းကလေးထဲမှာ ဒီလက်ဆွန်ခွဲမျှသော နှလုံးသွေးဟာ တည်နေတယ်တဲ့။

သားမြတ်လယ်ဗွေ ရင်မှာနေသော နှလုံးသားအစုဖြင့်။ ပူရော= ရှုံ့ဖွယ်လိလိ ပြည့်၍နေ၏။

## အဆုတ်

ပပ္ဖါသဿ=အဆုတ်ဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။

အဆုတ်ဆိုတာ ဘာမှ ဩဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့် နှစ် အသားတစ်တည်းဟူသော အသွေး။

ပပ္ဖါသ်ဆိုတာ ရှမ်းမှည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဍာန်စုတ်ပဲ့ မုန့်ယှက်ကဲနှုန်း သည်နှလုံးကို အုပ်ဖုံးတွဲရရွဲ အစာနည်းက ထန်ကဲ တောဇာ ပူလောင်လာ၍ –

http:\\www.dhammadownload.com



သဖန်းသီး အမှည့်အရှမ်းလို ပုံပန်းသဏ္ဌာန်က အင်မတန် စုတ်စုတ်ပွဲပွဲ ရှိပါတယ်။ သူ့ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်လို့ရှိယင် မှန့်ယှက်လို အသည်းရယ်၊ နှလုံးရယ် အပေါ်ကနေပြီးတော့ ဒီအဆုတ်က ဖုံးပြီးတော့ အောက်ကို တွဲလျားကျတယ်။ ဝမ်းထဲမှာ အစာနည်းလာပြီး –

ဩဇမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့် နှစ်အသားတည်းဟူသော အဆုတ်အစုဖြင့်။ ပူရောရှုံ့ဖွယ်လိလိ ပြည့်၍နေဘိတကား ... ။

ကြည့် ... တဲ့၊ ခန္ဓာကိုယ်ကို။

အညှိ

ဝက္ကသ စ=အညှိ့နှစ်ခုဖြင့် လည်းကောင်း။ ပိဟကသ စ=အဖျဉ်းအားဖြင့်လည်းကောင်း။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။

ဝက္က=အညှိ့ဆိုတာ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက သရုပ်ဖော်ထားတယ်။

ဝက္ကံ=ကသစ်စေ့နှယ် စဉ်းငယ်နီမှု။ (ကသစ်စေ့လေးလိုပဲတဲ့၊ နည်းနည်းလေး အနီရောင်သမ်းတယ်။) တန္တုတစ်ညှာ နှစ်မွှာသရက် လည်မှသက်၍ တစ်ချက်နှစ်ခု ကြောဖွဲ့ပြုလျက်။ ဥပမာအားဖြင့် ... တဲ့၊ အညှာတစ်ခုတည်းက သရက်သီးနှစ်ခု မွှာပြီး ထွက်လာသလိုတဲ့။ ဒါကို တန္တုတစ်ညှာ နှစ်မွှာသရက် လည်မှသက်၍ တစ်ချက်နှစ်ခု ကြောဖွဲ့ပြုလျက်။ အညှာကတော့ တစ်ခုပေါ့၊ အဲဒီ တစ်ညှာကနေပြီးတော့ အချက်နှစ်ခု မွှာပြီးတော့ ထွက်လာတယ်။ လည်ချောင်းက ဆင်းလာတာ တစ်ညှာပဲ။ (လည်မှသက်၍ အချက်နှစ်ခု ကြောဖွဲ့ပြုလျက်)

ဝတ္ထုပတ်လည် ရံ၍တည်သော အညှိ့နှစ်ခု (လို့ စောစောကပြောတဲ့ နှလုံးသားဟာ ဟဒယဝတ္ထုရဲ့ ပတ်လည်မှာ ရံ၍တည်သော အညှိ့ဖြင့် ရွံဖွယ်လိလိ ဒီခန္ဓာကိုယ်ကြီးဟာ ရှိနေတယ် ... တဲ့။ ဒါပြောတာ)။

http:\\www.dhammadownload.com



## သရက်ရွက်ခေါ်အဖျဉ်း

ပိဟာကဿ စ=အဖျဉ်းဖြင့်လည်း။ ပူရော=ပြည့်၍နေ၏။ အဖျဉ်းဆိုတဲ့ ကောဋ္ဌာသက ဘယ်လိုလဲဆိုတော့ ပိဟကံ=ကြောင်ပန်းပွင့်သွင် ညိုရောင်ထင်သော သတ္တဂုံလာ နွားလျှာပုံတု။ (ကြောင်ပန်းရွက် မြင်ရတာ ပြာလဲ့လဲ့ အရောင်ရှိတယ်။ အခု အဖျဉ်းလို့ ခေါ်သော ပစ္စည်းဝတ္ထုဟာလည်းပဲ ကြောင်ပန်းပွင့်လို ပြာလဲ့လဲ့လေးပဲတဲ့။ ပမာဏအားဖြင့် လက်ခုနစ်သစ်လောက်ရှိတဲ့ နွားလျှာကြီးလိုပဲတဲ့။)

ဝတ္ထုဝဲဘက်=ဟဒယဝတ္ထုခေါ်တဲ့ နှလုံးသားရဲ့ ဘယ်ဘက်မှာ တည်နေတယ်တဲ့။ လူ့အခေါ်အားဖြင့် သရက်ရွက်လို့ ခေါ်တယ်တဲ့။ ဝတ္ထုဝဲဘက် သရက်ရွက်ဝမ်းလျှာ=ဗိုက်ထဲမှာတော့ လျှာနဲ့တူလို့ သူ့ကို ဝမ်းလျှာလို့ ဆိုတယ်။ ဘေသညာတွင်သော (အဖျဉ်း) အပြင်အစုဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍ နေဘိတကား။

မြတ်စွာဘုရားက အရှုအကြည့် ခိုင်းတယ်။ ပိဟကဿ=အပြင်အစုဖြင့် ပြည့်၍နေဘိတကား ... လို့ ဆိုယင် အဲဒီ ဘုရားလက်ထက်က ပရိသတ်ကတော့ အခုပုံပန်းသဏ္ဌာန်အတိုင်းပဲ တခါတည်း အရောင်ကြီးက ကြောင်ပန်းပွင့်လို ညိုရောင်ထင်လျက် လက်ခုနစ်သစ်ထောက် ပမာဏရှိတဲ့ နွားလျှာကြီးလို ဒီ ဟဒယ နှလုံးသားရဲ့ လက်ဝဲဘက်မှာ သရက်ရွက်လို့လဲ ခေါ်တယ်၊ ဝမ်းလျှာလို့လဲ ခေါ်တယ်။ ငှက်ဖျားသမားများကျတော့လဲ ဒီသရက်ရွက်ထဲ အပူဝင်နေတော့ သရက်ရွက်ကိုက ရောင်ကြီးလာတယ်။ သူ့ကို ဘီလီလို့ ခေါ်ပြန်တယ်တဲ့။

ဒါကို သရက်ရွက်ဝမ်းလျှာ ဘေသညာတွင်သော အပြင်အစုဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေချေတကား ... လို့ ဒီအတိုင်းကိုပဲ တရားနာ ပရိသတ်က မြင်တာပဲ၊ ဘုရားလက်ထက်က။

http:\\www.dhammadownload.com



## နှပ် တံတွေး စသည်ဖြင့် ပြည့်နေသော ခန္ဓာကိုယ်

(၄) သိင်္ဃာဏိကာယ ခေဠဿ၊
သေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊
ပိတ္တဿ စ ဝသာယ စ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အယံ ကာယော =မောင်တို့ အမိတို့ရဲ့ သဝိညာဏက ခေါ်ဆို ဤခန္ဓာကိုယ်သည်။ သိင်္ဃာဏိကာယ=နှပ်အစုဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။ ခေဠဿ=တံတွေးအစုဖြင့်။ ပူရော=ရွံဖွယ်လိလိ ပြည့်၍နေ၏။ သေဒဿစ=ချွေးဖြင့်လည်းကောင်း။ မေဒဿ စ=အဆီခဲဖြင့်လည်း ကောင်း။ ပူရော=ရွံဖွယ်လိလိပြည့်၍ နေဘိတကား ... ။

ချစ်သားတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ စိန်တွေ၊ ရွှေတွေ၊ မြတွေ၊ ပတ္တမြား တွေ၊ ကြောင်တွေ ပြည့်နေတာ မဟုတ်ဘူးတဲ့။ နှပ်တွေ၊ တံတွေးတွေ၊ ချွေးတွေ၊ အဆီခဲဆိုတဲ့ ရွံစရာတွေ ပြည့်နေတာ။

လောဟိတဿ စ=သွေးဖြင့်လည်းကောင်း။ လသိကာယ စ=အစေး ပုပ်ဖြင့်လည်းကောင်း။ ပိတ္တဿ စ=သည်းခြေဖြင့်လည်းကောင်း။ ဝသာယ စ=ဆီကြည်ဖြင့်လည်းကောင်း။ ပူရော=ရွံဖွယ်လိလိ ပြည့်၍ နေ၏တကား ... ။

သက်ရှိ သဝိညာဏက အသုဘ သရုပ်ပေါ်အောင်၊ အထဲထဲမှာ ဒါတွေမြင်အောင် ချစ်သား ချစ်သမီးတို့ ကြည့်ကြ ... တဲ့။

## ဦးခေါင်းပိုင်းမှ ရွံရှာဖွယ်များ

ဒါဖြင့် ကောင်းပြီ၊ အတွင်းက ရွံစရာကောင်းတာတွေကို အပြင်က လက်ညှိုးထိုးပြီး မပြနိုင်ဘူးလားဆိုတော့ အပြင်ထွက်လာတာတွေနဲ့ လည်း ပြနိုင်တယ်။ ဘာလဲလို့ဆိုတော့ –

http:\\www.dhammadownload.com



(၅) အထသ္သ နဝဟိ သောတေဟိ၊
အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊
ကဏ္ဏမှာ ကဏ္ဏဂူထကော။

(၆) သိင်္ဃာဏိကာ စ နာသတော၊
မုခေန ဝမတေ ကဒါ။
ပိတ္တံ သေမှဉ္စ ဝမတိ၊
ကာယမှာ သေဒဇလ္လိကာ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ အထ=ထိုမှတစ်ပါး။ အသ္သ=ဤခန္ဓာကိုယ်၏။ နဝဟိ သောတေဟိ=ကိုးပေါက်ဒွါရအမာဝတို့မှ။ သဗ္ဗဒါ=နေ့နေ့ညည ခပ်သိမ်းသော ကာလ၌။ အသုစိ=မစင်မကြယ် ရွံရှာဖွယ်အစုသည်။ သဝတိ=တားဆီးမရ အမြဲတစေယိုစီး၍ ကျကျနေ၏။

အထဲထဲက အကောင်းတွေဆိုယင် အပြင်ဘက်ကို ရွံစရာတွေ ယိုစီးဖို့ မလိုဘူး။ အထဲထဲမှာ အကောင်းတွေ ရှိနေယင် အပြင်ဘက်ကို အကောင်းတွေပဲ ယိုကျတယ်၊ အထဲထဲက စင်ကြယ်တာတွေ ရှိနေယင် အပြင်ဘက်မှာ စင်ကြယ်တာပဲ ယိုမယ်။ အခုတော့ အထဲထဲက မစင်ကြယ်တာတွေရှိလို့ အပြင်ဘက် ယိုထွက်လာတာလည်းပဲ မစင်မကြယ်တာတွေပဲ ယိုထွက်လာတယ်။ ဘာတွေလဲဆိုတော့ -

အက္ခိမှာ=မျက်စိနှစ်ဖက်မှ။ အက္ခိဂူထကော=မျက်ဝတ်မျက်ချေး အညစ်အကြေးသည်။ သဝတိ=တားဆီးမရ ယိုစီး၍ ကျ၏။

မျက်လုံးထဲက ထွက်လာတာ ပုလဲတွေ၊ ရွဲတွေ၊ ဓာတ်ထဲမှာ ပြတာမဟုတ်တယုတ်၊ ကိုယ်တိုင်တွေလာတော့ မျက်ဝတ်မျက်ချေး ရွံစရာတွေပဲ ထွက်လာတယ်၊ ဟုတ်လား။

http:\\www.dhammadownload.com



ကဏ္ဏမှာ=နားနှစ်ဖက်မှ။ ကဏ္ဏဂူထကော=နဖာနားချေး အညစ်အကြေးသည်။ သဝတိ=တားဆီးမရ ယိုစီး၍ ကျ၏။ နာသတော=နှာခေါင်းနှစ်ဖက်မှ။ သိဃာဏိကာ=နှပ်အစုသည်။ သဝတိ=တားမရ ဆီးမရ ယိုစီး၍ ကျ၏။ ဧကဒါ=တစ်ရံတစ်ခါ။ မုခတော=ခံတွင်းမှ။ သိဃာဏိကာ=နှပ်တွေနှာခေါင်းက မထွက်နိုင်တဲ့အခါ ခံတွင်းမှ။ ဝမတိ =တစီစီ တပွက်ပွက် ပျို့အန်၍ ထွက်၏။

ထွက်လာတာတွေ ကြည့်စမ်း။ တစ်ကိုယ်လုံးကို ခြုံပြီး ကြည့်လိုက်မယ်ဆိုလို့ရှိယင် –

ပိတ္တဉ္စ = ဗဒ္ဓအဗဒ္ဓ နှစ်ဝသော သည်းခြေသည် လည်းကောင်း။ သေမှဉ္စ=သလိပ်သည်လည်းကောင်း။ ဧကဒါ=တစ်ရံတစ်ခါ။ မုခတော =ခံတွင်းမှ။ ဝမတိ=တစီစီ တပွက်ပွက် ပျို့အန်၍ ထွက်၏။ (ချုံးပြီး ပြောရလို့ရှိယင်) ကာယမှာ=တစ်ကိုယ်လုံးမှ။ န မုတ္တာမဏိအာဒိ ဝမတိ=ပုလဲ ပတ္တမြား စသည် ပျို့အန်၍ မထွက်။ အထ ခေါ=စင်စစ်သော်ကား။ သေဒဇလ္လိကာ=ချွေးဆား အရေလွှာ မြူအညစ်အကြေးတွေသာ။ ဘဝတိ=တားဆီးမရ ယိုစီး၍ ကျ၏။

တစ်ကိုယ်လုံးက ထွက်တာကိုလည်း ကြည့်လိုက်စမ်းပါတဲ့။ မျက်စိက မျက်ဝတ်မျက်ချေး၊ နားက နဖာချေး၊ နှာခေါင်းက နှပ်တွေ၊ သလိပ်တွေ၊ သလိပ်ပုပ်တွေ၊ ချွေးတွေ၊ တစ်ကိုယ်လုံး အညစ်အကြေးပဲ ထွက်တယ်။ ဒါထွက်တာဟာ အတွင်းက စင်ကြယ်လို့ ထွက်တာလား၊ မစင်ကြယ်လို့ မစင်ကြယ်တာတွေ ထွက်တာလား။ ချစ်သား ချစ်သမီးတို့ ကြည့်ကြ ... တဲ့။ အတွင်းက မစင်ကြယ်တာကို အပြင်ထွက်လာတဲ့ မစင်ကြယ်တာတွေနဲ့ ကိုင်ပြီး ပြတော်မူလို၍ ဒီဂါထာ ဟောပါတယ်။

ဆက်ပြီးသကာလ ခေါင်းကလည်း ဦးနှောက်လို ရွံစရာတွေနဲ့ ပြည့်နေတဲ့ အကြောင်းကို –

http:\\www.dhammadownload.com



(၇) အထဿ သုသိရံ သီသံ၊
　　မတ္ထလုင်္ဂဿ ပူရိတံ။
　　သုဘတော နံ မညတိ ဗာလော၊
　　အဝိဇ္ဇာယ ပုရက္ခတော။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ အထ=ထိုမှ တပါး။ အဿ=ထိုသဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်သည်။ သုသိရံ= အခေါင်းရှိသော။ သီသံ=ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ=ဦးနှောက်ဖြင့်။ ပူရိတံ=ရွံဖွယ်လိလိ ပြည့်၍နေ၏။

ခေါင်းကို ဘယ်လောက် မြတ်နိုးတယ် မှတ်သလဲ။ လက်ကို ရိုက်ယင် မနာဘူး၊ ခေါင်းကို ပုတ်သွားယင် အင်မတန် နာတယ်။ တော်တော် တန်တန် မာန်မာန ကြီးနေတဲ့အတွက် ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်များ ခေါင်းချပြီး ရှိမခိုးချင်ဘူး။ လောက ခေါင်းကို အင်္ဂါထဲမှာ အမြတ် ဆုံးထားတယ်။ အဲဒီလို လူတိုင်း လူတိုင်း အမြတ်ဆုံးထားတဲ့ ဒီဦးခေါင်း ထဲမှာ ဘာတွေရှိလို့လဲတဲ့။ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ ရှိလို့လား။

မတ္ထလုင်္ဂဿပူရိတံ=ဦးနှောက်တွေနဲ့ ရွံဖွယ်လိလိ ပြည့်နေတယ်။ အဲဒီ ဦးနှောက်ရဲ့ သရုပ်ကို ဘယ့်နှယ်ဖော်ထားသလဲဆိုတော့ –

**ဦးခွံထဲချောင် မှို့ခဲလှောင်သို့**=ဦးခွံဆိုတဲ့ အထဲချောင်ထဲမှာ မှို့ခဲတွေ လှောင်ထားသလို **အရောင်ဖြူစွာ** တဲ့။ အရောင်အဆင်းအားဖြင့် ဖြူ တယ်။ **ဦးချာလေးဆက် လေးပုံဝက်သည် မုန့်ညက်စိုင်အတု ဦးနှောက်အစုဖြင့်**။ ပူရိတံ=ရွံဖွယ်လိလိ ပြည့်၍နေ၏။

အကောင်းဆုံး အမြတ်ဆုံးလို့ဆိုတဲ့ ခေါင်းမှာတောင်မှ စက်ဆုပ် ရွံရှာဖွယ်ကောင်းတဲ့ ဦးနှောက်ပဲ ရှိတယ်။ စိန်တွေ၊ ရွှေတွေ မရှိဘူး။ ဦးနှောက်ကမှ ရွံစရာ ကောင်းသေးတာ၊ ခေါင်းမှ ဦးနှောက်ကတောင် ရွံစရာ ကောင်းသေးတာ၊ ခေါင်းမှ အောက် ဘယ်နေရာများ ရွံစရာ မကောင်းတာ ရှိသေးသလဲ။ တစ်ကိုယ်လုံးပေါ့လေ၊ ဘယ်အနား ကြည့် ကြည့် ရွံစရာချည်းပဲတဲ့။

http:\\www.dhammadownload.com



နံ=ထိုသုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်တွေ ပြည့်ဝ၍နေတဲ့ သဝိညာဏက ခေါ်ဆို ဤခန္ဓာကိုယ်ကို၊ ဗာလော=ပညာအန္ဓ လူ့ဗာလသည်။ အဝိဒ္ဒွာယ ပုရက္ခတော=အဝိဇ္ဇာမောဟ ရှေ့သွားပြုကာ ဖုံးလွှမ်းပိတ်ပင် အပ်သည် ဖြစ်ရကား။ သုဘတော=ငါ့ကိုယ်ကာယ တင့်တယ်စွ၊ ငါ တင့်တယ်စွ၊ ငါ၏ တင့်တယ်ခြင်းကား နိစ္စဟူ၍။ မညတိ=တဏှာ မာန ဒိဋ္ဌိအားဖြင့် အမှားမှားပင် မှတ်ထင်အောက်မေ့၍ နေပေ၏။

မောဟဖုံးလွှမ်းနေတဲ့အတွက် ဉာဏ်ပညာမရှိတဲ့ ပုဂ္ဂိုလ်များအဖို့ ဒီခန္ဓာကိုယ်ကြီးဟာ တင့်တယ်ဖွယ်ကြီး ဖြစ်နေတာတဲ့။ ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်အနေနဲ့ ကြည့်ချင်ယင် သုံးဆယ့်နှစ်ကောဋ္ဌာသ ပေါ်အောင် ကြည့်။ သိယင် အသုဘ အခြင်းအရာ မြင်လာလိမ့်မယ်။ ဒါက သဝိညာဏက အသုဘနဲ့ ခန္ဓာကိုယ်ပေါ်မှာ မြင်နေအောင် စက်ဆုပ်အောင် ဟောတာ။

## သက်မဲ့ အသုဘ ရှုပွားခန်း

အဝိညာဏက အသုဘနဲ့ ဟောချင်လို့ –

(၈) ယဒါစ သော မတော သေတိ၊
ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊
**အနပေက္ခာ ဟောန္တိ ဉာတယော။ ။**

ဘိက္ခဝေ=ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ ယဒါ စ= အကြင်အခါ၌ကား။ သော=ထိုသဝိညာဏကခေါ်ဆို မောင်တို့ အမိတို့ ကိုယ်သည်။ (အာယုဥသ္မာ ဝိညာဏာပဂမေန=အသက်လို့ ခေါ်တဲ့ ရုပ်နာမ် ဇီဝိတရယ်၊ ကမ္မဇတေဇောရယ်၊ စိတ်ဝိညာဏ်တည်းဟူသော သုံးပါးသောတရား ကင်းကွာနေခြင်းကြောင့်။) မတော=စုတိပြတ်ကြွေ သေလွန်သည်ဖြစ်ရကား။ ဥဒ္ဓုမာတော=သေသည်မှနောက် နှစ်ရက် သုံးရက်ရောက်လက်သော် လေပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူး

http:\\www.dhammadownload.com



ရောင် ပွထ၍ လာရကား။ ဝိနီလကော=သုံးရက်လွန်မြောက် လေးရက် ရောက်သော် နဂိုအဆင်း ပျက်ယွင်း ယုတ်ယို မည်းညိုသော အဆင်းရှိရ ကား။ သုသာနသ္မိံ=သုသာန်တစ သင်္ချိုင်းဝ၌။ အပဝိဒ္ဓေါ=စွန့်ပစ်အပ် သော သဘောရှိသည်ဖြစ်၍။ သေတိ=မသာခေါင်းဝယ် လျောင်းရလေ တော့၏။ တဒါ=ထိုသို့ မသာအခေါင်း လျောင်းရသောကာလ၌။ ဉာတယော=မသေမီခါ ချစ်လှစွာသည့် ဆွေညာတိရင်း မိတ်ခပင်းတို့ သည်။ အနပေက္ခာ='ထိုသူတစ်ဖန် ပြန်၍ အသက်မဆက်တော့ပြီ မှန်လှ သည်'ဟု ရွယ်ရည်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်။ ဟောန္တိ=စင်စစ်ပုံသေ ဖြစ်ကြကုန်၏။

## ဆွေညာတိရင်း မိတ်ခပင်းတို့ ငဲ့ကွက်ခြင်းကင်းသည့်ခန္ဓာကိုယ်

အို ချစ်သား ချစ်သမီးတို့။ သဝိညာဏက ခေါ်တဲ့ အမောင်တို့ အမိတို့ရဲ့ ခန္ဓာကိုယ်မှာ အသက်လို့ခေါ်တဲ့ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ နှစ်ပါး ရယ်၊ သက်စောင့် ကမ္မဇတေဇောရယ်၊ ဝိညာဏ်ခေါ်တဲ့ စိတ်ရယ်၊ ဒီ တရားသုံးပါးက စွန့်သွားလိုက်ယင် ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်သဘော ဖြစ်သွားသလဲ။ အင်း ... သုံးရက်ရောက်ယင် ဖူးဖူးရောင်ထလာပြီ၊ ဥဒ္ဓုမာတက ဖြစ်တယ်။ လေးရက်မြောက်ကျတော့ ဝိနီလကဖြစ်ပြီး ဟိုအနားက ညို၊ ဒီအနားက ကွက်၊ ညိုမည်း ဖြစ်လာတယ်။

အဲဒီလို ဖြစ်လာတော့ ဘယ်သူကမှ မထားနိုင်တော့ဘူး။ ကဲ - ခေါင်း ထဲသွင်းကြစို့၊ ထည့်ပြီးပြီ။ ခေါင်းထဲထည့်ပြီး သုသာန်ပို့ကြစို့။ အပဝိဒ္ဓေါ သုသာနသ္မိံ=အဲဒီလို သုသာန်ပို့လိုက်သည်နှင့် တစ်ပြိုင်နက် ဆွေမျိုးတွေ အကုန်လုံး အဲဒီအချိန် ကြည့်စမ်းပါ။ စောစောက ဒီဥတုဇ ရုပ်ကြီးကို ကြည့်စမ်းပါ။ ချစ်သေးသလား၊ မချစ်တော့ဘူး။ 'ထိုသူ တစ်ဖန် ပြန်၍ အသက်မဆက်တော့ပြီ မှန်လှသည်'ဟု ရွယ်ရည်ရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

http:\\www.dhammadownload.com



ကိုယ့်ကိုယ်ကိုများ သိပ်ပြီးတော့ အထင် ကြီးမနေနဲ့။ ဘယ့်နှယ် လဲ။ သေတိ=မသာခေါင်း လျောင်းရပြီဆိုယင် ဘာလုပ်နိုင်သေးသလဲ။ ဟို အသက်ရှင်စဉ်တုန်းက ငါ အသက်ရှင်သကွ=ဇီဝိတမာန်။ အင်း တကတည်း ခန္ဓာကိုယ် တက်တက်ကြွကြွ အားအင်ဗလ ကောင်းတဲ့ ဗလမာန်တွေ ဘယ်လောက် တက်ကြွပေမယ်လို့ သေပြီဆိုတော့ ယားယင်ထားတဲ့အတိုင်းပဲ။ ခေါင်းကလည်း ထားထားတဲ့အတိုင်းပဲ။

မတော သေတိ ဟူသော ပါဠ်ဖြင့် ဇီဝိတမာန်နဲ့ ဗလမာန် ပယ်ရှား ဖို့ရန်အတွက် မြတ်စွာဘုရား သတိပေးပါတယ်။ ဥဒ္ဒမှာတော ဝိနီလကော=ဖူးဖူးရောင်ကြွ နောက်တစ်နေ့ လေးရက်ပြောက်ကျတော့ ညိုရောင်ပေါက်လာတယ်လို့ ဆိုသဖြင့် ပကတိအခါမှာ ကိုယ်ခန္ဓာ တင့်တယ်ပုံကို အစွဲပြု၍ ဖြစ်ပြီးတော့ စိတ်တွေများ သိပ်ပြီး မတက်ကြွနဲ့၊ တစ်ချိန်မှာ အဲဒီ အဆင်းတွေလည်း ပျက်မယ်၊ သဏ္ဌာန်တွေလည်း ပျက်မယ်။ အဲဒီ အဆင်းပျက်၊ သဏ္ဌာန်ပျက်တဲ့သဘော ရှိစွတကားလို့ သိယင် ကိုယ်အဆင်းလှတာကို အမှီပြုပြီး စိတ်တက်ကြွမှု ဝဏ္ဏမာန်တွေ မဖြစ်ကြနဲ့လို့ ဒါပြောတာ။

အပဝိဒ္ဓေါ သုသာနသ္မိံ=သုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချအပ်သော သဘောရှိတဲ့ ခန္ဓာကိုယ်ပါတကားလို့ ပြောလိုက်သဖြင့် ကိုယ်ပိုင်ဥစ္စာ ရယ်လို့ ဘာများရှိသေးသလဲ။ ကိုယ့်ကိုယ်ကိုတောင်မှ နောက်ဆုံး တစ်နေ့ စွန့်ပစ်ရမယ့် အရာဝတ္ထုမှန်းသိယင် ကိုယ်ပိုင်ဥစ္စာရယ်လို့ ဘာမှ မစွဲလမ်းနဲ့။ စောစောစီးစီးက ကုသိုလ်ကောင်းမှုဖြစ်အောင် ကိုယ့်ဥစ္စာက ကုသိုလ်ကောင်းမှုအသွင်ပြောင်းအောင် ပြုကြလို့ ဒီလို သတိပေးတာ။

အနပေက္ခာ ဟောန္တိ ဉာတယော=အေး ... သေလို့ မသာခေါင်းထဲ ရောက်ပြီဆိုလို့ရှိယင် ဘယ်ဆွေမျိုးကမှ မငဲ့တွက်တော့ဘူးတဲ့။ သုသာန် တစ ပို့လိုက်ကြတော့တာပါပဲ။ သားက လည်းကောင်း၊ သမီးက လည်း ကောင်း၊ ဘယ်သူကမှ အိမ်ပေါ်မှာ မထားချင်တော့ဘူး။ ဒီတော့ စောစောစီးစီး အသက်ရှင်နေတဲ့ အချိန်မှာ အင်း ... ငါ့သားတွေ

http:\\www.dhammadownload.com



သမီးတွေ ဟုတ်လား။ အခြေအရုံတွေ ပေါများသားပဲလို့ ပရိဝါရ မာန်မာနများ ယောင်၍ မဖြစ်ပါနဲ့တဲ့။

ဤဂါထာမှာ တစ်ပိုဒ်စီ တစ်ပိုဒ်စီဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အသီးအသီးသော မာန်မာန ကွာပို့ရန်အတွက် ဒီဂါထာနဲ့ ပြတယ်။

**ကျီး လင်းတ စသည်တို့၏ အစာသာဖြစ်သော ခန္ဓာကိုယ်**

အကောင်မပျက်သော အဝိညာဏက အသုဘအပြင် အကောင်ပျက်တဲ့ အဝိညာဏက အသုဘနဲ့ ကိုင်ပြီးတော့ ဒီခန္ဓာကိုယ်ကို တွယ်တာတပ်မက်တဲ့ တဏှာလောဘ ပယ်ရှားဖို့ရန်အတွက် –

(၉) ခါဒန္တိ နံ သုဝါနာ စ၊
သိင်္ဂါလာ စ ဝကာ ကိမိ။
ကာကာ ဂိဇ္ဈာ စ ခါဒန္တိ၊
ယေ စညေ သန္တိ ပါဏိနော။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ နံ=ထိုလေးရက်လွန်မြောက် ငါးရက်လောက် ရောက်လာတဲ့ ဥတုဇရုပ်ကလာပ်ကို။ သုဝါနာ စ=အိမ်ခွေးတို့သည်လည်းကောင်း။ သိင်္ဂါလာ စ=တောခွေးတို့သည်လည်းကောင်း။ ဝကာ စ=သစ်ကျုတ်တို့ကလည်းကောင်း။ ကိမိ စ=ပိုးလောက်တို့ကလည်းကောင်း။ ခါဒန္တိ =ခဲစားကြကုန်၏။ ကာကာ စ=ကျီးတို့က်လည်းကောင်း။ ဂိဇ္ဈာ စ= လင်းတတို့ကလည်း ကောင်း။ အညေ=ထိုမှ တစ်ပါးကုန်သော။ ယေ စ ပါဏိနော=အကြင် အသားစား သစ်ကျား သိန်းစွန် အစရှိတဲ့ သတ္တဝါတို့သည်။ သန္တိ= ရှိကုန်၏။ တေ စ=ထိုအသားစား သစ်ကျား အစရှိသော သတ္တဝါတို့က လည်းကောင်း။ ခါဒန္တိ=ခဲစားကြကုန်၏။

အကောင်ပျက်သွားပြီ။ ဒီအချိန်ကျတော့ နောက်ဆုံး ကျီးစာ လင်းတစာဖြစ်မယ့် ဒီခန္ဓာကိုယ် အစွဲပြုပြီးတော့ သူတစ်ဖက်သားအပေါ်

http:\\www.dhammadownload.com



မှာ အထင်သေးမှု မိမိကိုယ်ကို အထင်ကြီးမှုဆိုတဲ့ မာန်မာနပြုလို့ ဘာအကျိုးရှိမလဲ။

ကိုင်း ... ဤမျှလောက် အသုဘ စင်းစင်းဖြစ်တဲ့ ရူပကာယရဲ့ အပေါ်မှာ အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်တို့က ငါ၏တင့်တယ်ခြင်းလို့ တဏှာ။ တင့်တယ်တဲ့ ငါလို့ မာန၊ ငါ့ရဲ့ တင့်တယ်မှုသည် နိစ္စလို့ မညနာသုံးပါးနဲ့ အထင်မှားတော့ ဘုရားကိုယ်တော်မြတ်ရဲ့ သာဝက ဖြစ်ကြသော ဥပါသကာ ဥပါသိကာ သားတော် သမီးတော်များအဖို့ တော့ ဘယ်လိုတုန်းဆိုတော့ –

ခန္ဓဘ္ဒ ပရိညာသုံးပါးဖြင့် ပိုင်းခြားသိပုံ

(၁၀) သုတွာန ဗုဒ္ဓဝစနံ
ဘိက္ခု ပညာဏဝါ ဣဓ။
သော ခေါ နံ ပရိဇာနာတိ၊
ယထာဘူတဉှိ ပဿတိ။

ဘိက္ခဝေ=ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ (အရိယာ သာဝက ငါဘုရားရဲ့ သားတော် သမီးတော် စင်စစ် ဖြစ်ကြမယ်ဆိုလို့ ရှိယင်ဖြင့်) ဣဓ=အံ့ဖွယ်ရှစ်ဖြာ ဤသာသနာ၌။ ဗုဒ္ဓဝစနံ=မြတ်စွာ ဘုရား ဟောဖော်ကြားတဲ့ ဒွတ္တိံသာကာရနဲ့ စပ်တဲ့ တရားစကား၊ ယခု ဝိဇယသုတ္တန် ကာယဝိစ္ဆန္ဒနိကနဲ့ စပ်တဲ့ တရားစကားကို။ သုတွာန= ကြားနာရ၍။ ဝါ–ကြားနာရသောကြောင့်။ ပညာဏဝါ=ဝိပဿနာ ဉာဏ်ပညာရှိသော။ သော ဘိက္ခု=သံသရာဘေး ထောက်ထွေးမြော်မြင် ထိုပညာရှင်သည်။ –

ဒီနေရာမှာ ဘိက္ခုလို့ ဘာကြောင့်ပြောရသလဲ။ အကြောင်းအမျိုးမျိုး ပြတဲ့ အထဲက အခုပြောတဲ့ အကျင့်ပဋိပတ်ကို ကျင့်ကြံကြတဲ့ ပုဂ္ဂိုလ် မှန်ယင် ဘိက္ခုပဲတဲ့။ ဘိက္ခု=သံသရာဘေး ထောက်ထွေးမြော်မြင် ငါဘုရားရဲ့ တပည့်သား သာဝက တပည့်မ သာဝိကာ သူတော်စင် သည်။

http:\\www.dhammadownload.com



ဟိ–ယသ္မာ=အကြင်ကြောင့်။ ယထာဘူတံ=မဖောက်မပြန် ဟုတ်မှန်သော အခြင်းအရာအတိုင်း။ ပဿတိ=သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသကို ပိုင်းခြားထင်ထင် ရှုမြင်လေ၏။ တသ္မာ=ထို့ကြောင့်။ နံ=ထို ရူပကာယကို။ ပရိဇာနာတိ=ဉာတ တီရဏ ပဟာနအားပရိညာ သုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လေတော့၏။

ချစ်သားတို့ ... ၊ ငါဘုရားရဲ့ တပည့်သား၊ ငါဘုရားရဲ့ တပည့်မ၊ ငါဘုရားရဲ့ သားတော် သမီးတော်ဖြစ်တဲ့ ဘိက္ခုခေါ်တွင် သူတော်စင်ကတော့ ငါဘုရား ဟောကြားတော်မူတဲ့ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း၊ ဒီဝိဇယသုတ္တန်တရား ကြားနာရတဲ့အတွက် ဒီခန္ဓာကိုယ်ရဲ့ သဘောကို ယထာဘူတ နေရာကျအတိုင်း သိတယ် ... တဲ့။ သိတဲ့အတွက် ဒီခန္ဓာနဲ့ ပတ်သက်ပြီးတော့ ပရိညာသုံးပါးဖြင့် ဒီခန္ဓာကိုယ်ကို ပိုင်းခြား၍ သိနိုင်တယ် ... တဲ့။

ဒီ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို အနုလုံ ပဋိလုံ အစုန်အဆန်အားဖြင့် ရှုယင် –

အတ္ထိ ဣမသ္မိံကာယေ–ကေသာ, လောမာ, နခါ, ဒန္တာ၊ တစောကနေပြီးတော့ လသိကာ, မုတ္တံ တိုင်အောင် သုံးဆယ့်နှစ်ကောဋ္ဌာသတွင် နှစ်ဆယ်က ပထဝီ။ တစ်ဆယ့်နှစ်ပါးက အာပေါလို့ ဒွတ္တိံသာကာရကို မြင်အောင်ကြည့်လို့ ဒွတ္တိံသာကာရ မြင်တော့ ဩော် ... ဒီခန္ဓာကိုယ်ထဲမှာ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစုအဝေးသာ ရှိပါကလား၊ စောစောက ငါတို့ ဟိုလို သည်လို အထင်မှားတဲ့ အဖိုးတန်တွေ ဘာမှ မရှိဘူး၊ တကယ်ဆိုတော့ စက်ဆုပ်ရွံရှာဖွယ်တွေသာ ရှိပါတကားလို့ ဒီလိုသိတာ ဉာတပရိညာ။

အဲဒီလို ဉာတပရိညာနဲ့ ဒွတ္တိံသာကာရကို ရှုပြီးတဲ့နောက် ဒီ ဒွတ္တိံသာကာရကြီးနဲ့ သွားဟဲ့ ရပ်ဟဲ့ ထိုင်ဟဲ့ လျောင်းဟဲ့ ဣရိယာပုထ်အမျိုးမျိုးပြောင်းပြီးတော့ ဒုက္ခခံနေရပါကလား။ ဣရိယာပုထ် တစ်ပုထ်

http:\\www.dhammadownload.com



တစ်ပုထ်မှာ သန္တတိဖုံးလို့ အနိစ္စလက္ခဏာ မမြင်ရပေမယ့် ဖြောက်ဖြား လှစွာသော ရုပ်နာမ်ဓမ္မတို့သည် ချုပ်ပျောက်နေပါတကား။ ဒီတော့ ဣရိယာပုထ် တစ်ခုတစ်ခုမှာပင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတွေ၊ ရုပ်တွေ၊ နာမ်တွေ အများကြီး ချုပ်ကြ ပျောက်ကြပါကလားလို့ ဒီခန္ဓာကိုယ် သုံးဆယ့်နှစ်ကောဋ္ဌာသ မြင်တာက ဉာတပရိညာ။

အဲဒီ သုံးဆယ့်နှစ်ကောဋ္ဌာသ မြင်ပြီးတဲ့နောက် မရဏ် ဓုဝံ အနိစ္စံ ဒုက္ခံ အနတ္တာလို့ သိတာက တီရဏပရိညာ။

အနိစ္စ ဒုက္ခ အနတ္တသိလို့ လေးပါးသော မဂ်အစဉ်ဖြင့် အရဟတ္တ မဂ်ရောက်လို့ ဒီခန္ဓာကိုယ်၌ တွယ်တာတပ်မက်တဲ့ ဆန္ဒရာဂကို ပယ်တဲ့ အခါကျတော့ ပဟာနပရိညာ။ အဲဒီ ပရိညာသုံးပါးနဲ့ ဒီခန္ဓာကိုယ်ကို ပိုင်းပိုင်းခြားခြား ငါဘုရားရဲ့ စကား နားထောင်တဲ့ သာဝကဆိုယင် သိ ဖြစ်တယ်။

## အတွင်းအပ ကိုယ်ကာယ၌ တပ်မက်မှု ဆန္ဒကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ခြင်း

ဘယ်လို သိရပါမတုန်း မြတ်စွာဘုရားလို့ ဆိုတော့ –

(၁၁) ယထာ ဣဒံ တထာ ဧတံ၊
ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊
ကာယေ ဆန္ဒံ ဝိရာဇယေ။

ဘိက္ခဝေ = ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဣဒံ= သဝိညာဏက ခေါ်ဆို ဤယခု အသက်ရှိနေတဲ့ ခန္ဓာကိုယ်သည်။ (တိဏ္ဏံ ဓမ္မာနံ=ရုပ်နာမ်ဇီဝိတ၊ ကမ္မဇတေဇော၊ စိတ်ဝိညာဏ်တည်းဟူသော သုံးပါးသော တရားတို့၏။ အနုပဂမာ=မကင်းခြင်းကြောင့်၊ (ဝါ) မကင်းသေးသောကြောင့်။ စရဏာဒိဓမ္မံ=သွား ရပ် ထိုင် လျောင်း ရှေ့ နောင်း တက် ဆုတ် ကွေး ရုပ် ဆန့်တန်းခြင်း သဘောရှိသည်။

http:\\www.dhammadownload.com



ဟောတိ ယထာ =ဖြစ်သကဲ့သို့။) တထာ=ထို့အတူ။ ဧတံ–ဧတရဟိ= ယခုအခါ သုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချ၍ ထားတဲ့ ရူပကာယ လည်းပဲ။ (ပုဗ္ဗေ=မသေမီ ရှေးအခါတုန်းက။ တေသံ=ထိုတရားသုံးပါး တို့၏။ အနုပဂမာ=မကင်းစဲခြင်းကြောင့်။ စရဏာဒိဓမ္မော=သွား ရပ် ထိုင် လျောင်း ရှေ့ နှောင်း တက် ဆုတ် ကွေး ရပ် ဆန့်တန်းခြင်း သဘောရှိသည်။ အဟောသိ= ဖြစ်ခဲ့ဖူးလေပြီ။)

ဩော် ... ယခု ငါရဲ့ သက်ရှိခန္ဓာကိုယ်မှာ ရုပ်နာမ်ဇီဝိတ၊ ကမ္မဇ တေဇော၊ စိတ်ဝိညာဏ် တည်းဟူသော တရားသုံးပါးတို့ မကင်းကွာ သေးတဲ့အတွက် သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ တက်တယ်၊ ဆုတ်တယ်၊ ကွေးတယ်၊ ဆန့်တယ်ဆိုတဲ့ ဤသဘော ရှိသလို ဟိုသုသာန်မှာ ပစ်ချထားတဲ့ ဥတုဇ ရုပ်ကလာပ်လည်းပဲ ရှေးအခါ အသက်ရှင်စဉ် ဇီဝိတရယ်၊ ကမ္မဇတေဇောရယ်၊ စိတ်ဝိညာဏ် ဆိုတဲ့ တရားသုံးပါးတို့ မကင်းခင်တုန်းက သူလည်းပဲ သွား ရပ် ထိုင် လျောင်း ရှေ့ နှောင်း တက် ဆုတ် ကွေး ရပ် ဆန့်တန်းခြင်း သဘော ရှိခဲ့ပြီ ... ။

ဧတံ ဧတရဟိ မတသရီရံ=ယခုသေသော ထိုအဝိညာဏက အသုဘအကောင်သည်။(တေသံ ဓမ္မာနံ=ထိုဆိုခဲ့ပြီးပြား တရားသုံးမျိုး တို့၏။ အပဂမာ=ချုပ်စဲ ပြတ်ကင်းခြင်းကြောင့်။ န စရဏာဒိဓမ္မံ ယထာ=သွား ရပ် ထိုင် လျောင်း ရှေ့နှောင်း တက် ဆုတ် ကွေး ရပ် ဆန့်တန်းခြင်း သဘော မရှိသကဲ့သို့။) တထာ=ထို့အတူ။ ဣဒံ ဣဒမ္ပိ=သဝိညာဏက ခေါ်ဆို ယခု အသက်ကလေးရှိနေတဲ့ ငါ့ကို လည်းပဲ။ တိဏ္ဏံ ဓမ္မာနံ=ဇီဝိတ ကမ္မဇတေဇော စိတ်ဝိညာဏ်တည်းဟူ သော သုံးပါးသော တရားတို့၏။ အပဂမာ=တစ်နေ့နေ့ ကင်းကွာ လတ်သည်ရှိသော်။ န စရဏာဒိဓမ္မံ=သွား ရပ် ထိုင် လျောင်း ရှေ့ နှောင်း တက် ဆုတ် ကွေး ရပ် ဆန့်တန်းခြင်း သဘောမရှိသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်တကား။

http:\\www.dhammadownload.com



## သေသူ့ကိုယ်နှင့် မိမိကိုယ် ထပ်မျှ တူအောင်ရှု

အေး ... သုသာန်တစ သင်္ချိုင်းဝက ပစ်ချထားတဲ့ ရုပ်ကာယ ဥတုဇရုပ်အလောင်းဟာ ဇီဝိတ၊ ကမ္မဇတေဇော၊ စိတ်ဝိညာဏ်ခေါ်တဲ့ အာယု ဥသ္မာ ဝိညာဏ်ဆိုတဲ့ တရားသုံးပါး ကင်းတဲ့အတွက် မသွား မရပ် မထိုင် မလျောင်းနိုင်သလို သဝိညာဏကခေါ်ဆို ဤယခု အသက်ရှိနေတဲ့ ငါကိုယ်လည်းပဲ ဇီဝိတ၊ ကမ္မဇတေဇော=ဥသ္မာ ဝိညာဏ်ခေါ်သော စိတ်၊ ဒီတရားသုံးပါး ကင်းလို့ရှိယင်ဖြင့် သုသာန်က အကောင်လိုပဲ မသွား မရပ် မထိုင် မလျောင်းနိုင်ဘဲ ရှိလိမ့်မယ်လို့ ဒီကိုယ်နဲ့ သေသူ့ကိုယ်ကို၊ သေသူ့ကိုယ်နဲ့ ဤကိုယ်ကို ထပ်မျှတူအောင် ရှုတဲ့။ ရှုဖန်များယင် ဘာဖြစ်မလဲ။

(ဇဝံ=ဤသို့။ ပဋိပန္နော=ကျင့်ကြံကြိုးကုတ် အားထုတ်သိမြင်သော။ ယောဂါဝစရော=ပုထုဇဉ် သေက္ခ ယောဂါဝစရ ပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန=မဂ်ဉာဏ်လေးပါးအစဉ်ဖြင့်။) အဇ္ဈတ္တဉ္စ ကာယေ=ကိုယ်တွင်း အဇ္ဈတ္တ ကိုယ်ကာယ၌ လည်းကောင်း။ ဗဟိဒ္ဓါ စ ကာယေ=အပြင် ဗဟိဒ္ဓ ကိုယ်ကာယ၌ လည်းကောင်း။ ဆန္ဒံ=တွယ်တာတပ်မက်တဲ့ တဏှာဆန္ဒကို။ ဝိရာဇယေ ဝိရာဇေယျ=လေးပါးမဂ်ဉာဏ် သမုစ္ဆေဒပဟာန်အားဖြင့် ပယ်လှန်ရှင်းကာ ကင်းကွာပယ်ရှား ဖြတ်တောက်နိုင်ရာ၏။

ဤကဲ့သို့သာ ရှုပါ ... တဲ့။ ဒီကိုယ်နဲ့ အပြင်က ကိုယ်နဲ့ တစ်သားတည်းဖြစ်အောင် ထားပြီး ရှုဖန်များယင် လေးပါးသော မဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် တဏှာဆန္ဒကို ပယ်လှန်လွင့်ဖျောက်နိုင်ပါလိမ့်မယ်တဲ့။

ဒီဂါထာမှာ မြတ်စွာဘုရား ဘာဟောတုန်း။ ပြန်ပြီးတော့ တွေးကြည့်ရအောင်။

ဤငါ၏ကိုယ်သည် ယခုအသက်ရှင်နေတုန်း၊ အာယု ဥသ္မာ ဝိညာဏ် တရားသုံးပါး မကင်းသေးသောကြောင့် သွား ရပ် ထိုင် လျောင်းခြင်း

http:\\www.dhammadownload.com



သဘောရှိတယ်။ ဟို သုသာန်တစမှာ ပစ်ချထားတဲ့ ခန္ဓာကိုယ်လည်းပဲ ဟိုရှေးက အသက်ရှိစဉ်ကာလ ဒီတရားသုံးပါး ရှိနေတုန်းက သူလည်း ရပ်ခဲ့ သွားခဲ့ ထိုင်ခဲ့ လျောင်းခဲ့ပြီလို့ မိမိကိုယ်နဲ့ သေသူ့ကိုယ်ကို ထပ်မျှ မြင်အောင် ကြည့်ခြင်းကြောင့် ဘာအကျိုးရှိတုန်း ဆိုတော့ သူတစ်ပါးကို အကြောင်းပြုပြီး ဒေါသမဖြစ်ဘူးတဲ့။ အဲဒီလိုသာကြည့်ယင် သူတစ်ပါး ကိုပေါ့လေ။ ဗဟိဒ္ဓကာယ=အပြင်အပလောကကြောင့် ဒေါသ မဖြစ်ဘူး။

ပြီးတော့ တစ်ခါ အပြင်အပ အဝိညာဏက အသက်မဲ့ဖြစ်တဲ့ သုသာန်တစ သင်္ချိုင်းဝ ပစ်ချတဲ့ ကိုယ်ကို နမူနာထားပြီးတော့ ဒီ သုသာန်တစ သင်္ချိုင်းဝ ပစ်ချထားတဲ့ ဥတုဇရုပ်ကလာပ်ဟာ တရားသုံး ပါး ကင်းခြင်းကြောင့် မသွား မရပ် မထိုင် မလျောင်းသလို ငါရဲ့ ခန္ဓာ ကိုယ်လည်းပဲ တစ်နေ့ ဒီတရားသုံးပါး ကင်းစဲသွားလို့ရှိယင် သွားနိုင် ရပ်နိုင် ထိုင်နိုင် လျောင်းနိုင် ကွေးနိုင် ဆန့်နိုင်တော့မှာ မဟုတ်ဘူး လို့ ယထာဘူတ အမှန်အတိုင်းသိယင် ကိုယ့်ခန္ဓာကိုယ်ကို အစွဲပြု၍ မောဟ မဖြစ်ဘူးတဲ့။

ပြင်ပကို အစွဲပြု၍ ဒေါသမဖြစ်၊ ကိုယ်ခန္ဓာကို အစွဲပြု၍ မောဟ မဖြစ်။ မသိလို့ လောဘ ဒေါသ ဖြစ်တာ။ လောဘ ဒေါသ မဖြစ်ယင် မောဟလည်း မဖြစ်ဘူး။ အဲဒီလိုသိယင် ရှေ့ပိုင်းမှာလည်း လောဘ ဒေါသ မောဟကို တဒင်္ဂပဟာန် အနေနဲ့ပယ်ပြီးတော့ ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် မဂ်လေးပါး အစဉ်ဆိုက်ရောက်တဲ့အခါ သမုစ္ဆေဒ ပဟာန်ဖြင့် လောဘကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်နိုင်ပါလိမ့်မယ်။

## တဏှာချုပ်လျှင် နိဗ္ဗာန်ဝင်

ပယ်နိုင်လို့ အရဟတ္တဖိုလ်ပေါက် ရောက်တဲ့အခါကျတော့ –

(၁၂) ဆန္ဒရာဂဝိရတ္တော သော၊
ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊
နိဗ္ဗာနံ ပဒမစ္စုတံ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဣဓ= အံ့ဖွယ်ရှစ်ဖြာ ဤ ငါဘုရားသာသနာ၌။ ဆန္ဒရာဂဝိရတ္တော=တဏှာဆန္ဒ အကြွင်းမဲ့ ကင်းကွာပြီးသော။ ပညာဏဝါ=အရဟတ္တမဂ်ပညာနှင့် ပြည့်စုံသော။ သော ဘိက္ခု=အရဟတ္တမဂ္ဂါနန္တရ ဖိုလ်သို့ ရောက်ပြီးသော ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ အမတံ=သေခြင်းကင်းရာဖြစ် သော။ ဝါ-အမြိုက်သုဒ္ဓါအရသာသို့ လွန်စွာမွန်မြတ် ချမ်းသာလှစွာ သော။ သန္တိ=သန်ါရဝပ်သိမ်း ကင်းငြိမ်းရာဖြစ်သော။ ဝါ=သန္တိလက္ခဏာ ငြိမ်းချမ်းစွာသော။ နိဗ္ဗာနံ=တဏှာမှ ထွက်မြောက်ရာဖြစ်သော။ အစ္စုတံ =လျှောကျသက်ကြွေ စုတေရခြင်း အလျင်းမရှိသော။ ပဒံ=မဂ်ဉာဏ် စသည်ဖြင့် ရောက်အပ်သော နိဗ္ဗာနဓာတ်သို့။ အဇ္ဈဂါ=ကိုယ်ခံဖြောင့် ဖြောင့် မျက်မှောက်ပြုရလေပြီ။

အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါ သဉပါ ဒိသေသ အနုပါဒိသေသ နိဗ္ဗာနဓာတ်နှစ်ပါးဖြင့် ဝင်စံတဲ့အကြောင်း၊ တစ်နည်းအားဖြင့် ဒွတ္တိံသာကာရ အသုဘကမ္မဋ္ဌာန်း အခြေခံ ပွားများဖို့ အရဟတ္တမဂ် အသုဘကမ္မဋ္ဌာန်း အခြေခံ ပွားများဖို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အပြီးအဆုံးနှင့်တကွ ဟောတော်မူပြီး၍ အဲဒီ ဤမျှ လောက် အဖိုးတန်တဲ့ ကမ္မဋ္ဌာန်းအာရုံ ယူချင်ယင် အနှောင့်အယှက် အနေနဲ့ ပေးတတ်တဲ့ တရားက ဘယ်သူလဲဆိုတော့ ပမာဒဝိဟာရပဲ။

## အပုပ်အမျိုးမျိုး ပြည့်လျှံထွက်နေသော ခန္ဓာကိုယ်

ဒီ ဒွတ္တိံသာကာရဟာ သေသေချာချာ သူ့သဘာဝအတိုင်း ကြည့် လို့ရှိယင် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကျေးဇူးပြုနိုင်တဲ့ ကမ္မဋ္ဌာန်းတစ်ခုပါပဲ။ သို့သော် အဲဒီ ကမ္မဋ္ဌာန်းတရားကို အရဟတ္တ ဖိုလ်ပေါက် ကျေးဇူးမပြုအောင်၊ အင်း ... သံသရာထဲ ရောက်အောင် ပို့ဆောင်တာ သယ်သူလဲဆိုတော့ ပမာဒ တရား၊ အဲဒီ ပမာဒ တရားကို ဘုရား ကဲ့ရဲ့ရှုတ်ချတော်မူလိုတဲ့အတွက်–

http:\\www.dhammadownload.com



(၁၃) ဒွိပါဒကောယံ အသုစိ။
ဒုဂ္ဂန္ဓော ပရိဟာရတိ။
နာနာကုဏပ ပရိပူရော၊
ဝိဿဝန္တော တတော တတော။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဒွိပါဒကော =အခြေနှစ်ချောင်းရှိသော။ အယံ အသုစိ=မစင်မကြယ် ရွံဖွယ်အတိ ပြည့်၍နေသော ဤကိုယ်ကြီးသည် -

အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါမှ ရွံစရာလား။ အခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ အခြေမရှိတဲ့ သတ္တဝါကော ရွံစရာ မဟုတ်ဘူးလား။ ဟုတ်တယ်။ ရွံစရာပါပဲ။ နို့ ဘာပြုလို့ အခြေနှစ်ချောင်းရှိတဲ့ လူတွေကိုချည်း လက်ညှိုးထိုး ပြောနေရတုန်းဆိုတော့ ဟောဒီ တရားပွဲမှာလေ၊ တွေ့တာ၊ မျက်မှောက်က ကြည့်ပါလား။ သီရိမာကဒွိပါဒက အခြေနှစ်ချောင်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သီရိမာရဲ့ ဥတုဇရုပ်ကို အကြောင်းပြုပြီး ဟောနေတာ မို့လို့။

ဒွိပါဒကော=အခြေနှစ်ချောင်းရှိသော။ အယံ အသုစိ=မစင်မကြယ် ရွံဖွယ်လိလိ ပြည့်၍နေသော ဤကိုယ်ကြီးသည်။ ဒုဂ္ဂန္ဓော=ရနံ့ပုပ် လှောင်း မကောင်းသောအနံ့ အမြဲတစေ လှိုင်၍နေရကား၊ ပရိဟာရတိ= ရေချိုးခြင်း၊ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်း စသည်ဖြင့် အမြဲတစေ ပြုပြင် နေရပေ၏။ (အထ=ထိုသို့ နေ့ဆက် ရက်စဉ် ပြုပြင်ဆောင်ရွက်၍ ပေးနေပါလျက်)။ နာနာကုဏပ ပရိပူရော=အထူးထူး အပြားပြား တစ်ပါးမက များလှစွာဘိ အပုပ်တိတိ ပြည့်ပြဲ ပြည့်၍နေ၏။ တတော တတော=ထိုထို ကိုးပေါက်ဒွါရ အမာဝခပင်း ဆံမွေးတွင်းတို့မှ။ ဝိဿ ဝန္တော=နံ့သာလိမ်းကျံ ပန်းကိုပန်၍ ဖန်ဖန်ကြိုးကုတ် ဖုံးလွှမ်းရန် အား ထုတ်ပါသော်လည်း ပြုလုပ်သမျှ ကျိုးမရဘဲ ခေဋတံတွေး မျက်ဝတ်ချေး နှင့် နှပ်ချေးနဖာ ရွံဖွယ်ရာတို့ များစွာဒီးဒီး တတွေ့တွေ့ ယိုစီးလျက် ကျနေပေ၏တကား ... ။

http:\\www.dhammadownload.com



## သူ့ကို ရှုတ်ချ ကိုယ့်ကို မြှောက်ပင့် မပြုသင့်ပုံ

ဘယ်လောက်ပဲ ပြုပြင် ပြုပြင်ပေမယ့်လို့ နေ့တိုင်း နေ့တိုင်း ဆိုးမရ တားမရ အမြဲတစေ ယိုစီး၍ ကျနေတယ်။

(၁၄) စောဒိသေန ကာယေန၊
ယော မညေ ဥဏ္ဏမေတဝေ။
ပရံ ဝါ အဝဇာနေယျ၊
ကိမညတြ အဒဿနာ။

ဘိက္ခဝေ=ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ စောဒိသေန=ဤသို့သော မစင်မကြယ် ရွံဖွယ်လိလိ စက်ဆုပ်ဖွယ်အတိသဘောရှိသော။ ကာယေန=ဤကိုယ်ကောင်ကြီးဖြင့်။ ဝါ-ဤ ကိုယ်ကောင်ကြီး အစွဲပြုပြီး သကာလ။ ယော=အမှတ်မထား ယောကျ်ား မိန်းမ အကြင် သို့သော လူ့ဗာလသည်။ ဥဏ္ဏမေတဝေ=မာန်တကြွားကြွား ငါတကားဟု ထောင်လွှားခြင်းငှာ။ မညေ-မညေယျ=တဏှာအားဖြင့် ငါ၏ကိုယ်၊ မာနအားဖြင့် ငါတကား၊ ဒိဋ္ဌိအားဖြင့် ငါ့ကိုယ် နိစ္စ ဟူ၍ စိတ်က ထင်မှတ်လေရာ၏။ ပရံ ဝါ=သူတစ်ပါးကိုမူလည်း။ အဝဇာနေယျ=ဇာတိနာမ ဂေါတ္တစသည် ထိုထိုသို့သော ဂုဏ်ရည်ဖြင့် မထီမဲ့မြင် အထင်သေးမှု ပြုလေရာ၏။

ဉာဏ်ပညာ နည်းပါးတဲ့ ယောကျ်ား မိန်းမတွေလည်း ကြည့်စမ်း ချစ်သား ချစ်သမီးတို့။ ဘာတစ်ခုမှ စင်ကြယ်တဲ့သဘော မရှိသော ဒီခန္ဓာကိုယ်ကြီး စွဲပြီးသကာလ ငါဟ=တဏှာအားဖြင့်၊ ငါ၏ကိုယ်လို့ တဏှာနဲ့ စွဲတယ်။ မာနအားဖြင့် ငါ၊ ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်ဟာ နိစ္စလို့ အဲဒီလို အောက်မေ့တတ်တယ်။ ကိုယ့်ကိုယ်ကို မြှောက်ပင့်တတ်တယ်။ သူ့ကိုတော့ အဝဇာနေယျ=မထီမဲ့မြင်မှု အထင်သေးမှု ဒီအကောင်နဲ့ ငါတန်လို့လား စသည်ဖြင့် 'ပရံ ဝါ အဝဇာနေယျ'။ ပရံ ဝါ=သူတစ်ပါးကိုမူကား။ အဝဇာနေယျ=ဇာတိ နာမ ဂေါတ္တ စသည် ထိုထိုသို့သော

http:\\www.dhammadownload.com



ဂုဏ်ရည်ဖြင့် မထိမဲ့မြင် အထင်သေးမှု ပြုပေရာ၏။

(အတြ = ထိုသို့ ကိုယ့်ကို မြှောက်လျှင်း သူ့ကို နှိမ့်ချခြင်း၌)။ အဒဿနာ=သစ္စာလေးပါး တရားမသိခြင်းကို။ အညတြ-ဌပေတွာ =ချန်လှပ်ဖယ်ရှား အလွတ်ထား၍။ ကာရဏံ=အခြားတစ်ပါး အကြောင်းတရားသည်။ ကိံ သိယာ=အဘယ်မှာလျှင် ဖြစ်ရာတော့ အံ့နည်း။ န သိယာ ဓဝ=တစိုးတစိ မရှိသည်သာ။

ချစ်သားတို့၊ ဒီခန္ဓာကိုယ်ကြီး စွဲပြီးတော့ ကိုယ့်ကိုယ်ကိုမြှောက် သူ့ကိုတော့ အောက်ချတယ်ဆိုတဲ့ ကိစ္စမှာ အကြောင်းရင်း လိုက်ရှာယင် မသိခြင်း၊ မသိခြင်း၊ မသိခြင်းဆိုတဲ့ မောဟအကြောင်း တစ်ပါးပဲ ရှိတယ်။ ဒီခန္ဓာကိုယ်ရဲ့ အကြောင်းကို ကောင်းကောင်းမသိခြင်းဟူသော အကြောင်းမှတစ်ပါး အခြားအကြောင်းမရှိဘူးတဲ့။ ဒီခန္ဓာကိုယ်ကို ကောင်းကောင်း မသိခြင်းကြောင့် ကိုယ့်ကိုတော့ မြှောက်တယ်။ သူ့ကို တော့ နှိမ့်ချတယ်ဆိုတဲ့ သဘောတွေ ပေါ်နေတာ။

ကိုယ့်ကိုမြှောက်တဲ့=အတ္တုက္ကံသန၊ သူ့ကိုနှိမ့်တဲ့=ပရဝမ္ဘန ဆိုတဲ့ ဒီသဘောတွေ ပေါ်နေတယ်။ ဒါ ဈာန်မဂ်ဖိုလ် မရနိုင်ဘူး။ ဒီတော့ ဈာန်မဂ်ဖိုလ် ရချင်ယင် ကိုယ့်ကို မမြှောက်နဲ့။ သူ့ကို မနှိမ့်နဲ့။ ကိုယ့်ကို မမြှောက်ချင်ယင် သူ့ကို မနှိမ့်ချင်ယင် ဒီခန္ဓာကိုယ်ရဲ့ သဘောကို အမှန် အတိုင်း မြင်အောင်ကြည့်။ အမှန်အတိုင်း မြင်လို့ရှိယင် ကိုယ့်ကိုလည်း မမြှောက်ဘူး၊ သူ့ကိုလည်း မနှိမ့်ဘူး။ အတ္တုက္ကံသန၊ ပရဝမ္ဘန တရား နှစ်ပါး ကင်းမည်။ လောဘ ဒေါသ ကင်းပြီဆိုလို့ရှိယင် မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ သေချာပြီ။

## ဝိဇယသုတ္တန်ဒေသနာနိဂုံး

ဤတွင် ဝိဇယသုတ္တန် (တစ်နည်း=ကာယဝိစ္ဆန္ဒနိက သုတ္တန်) ဒေသနာနိဂုံး ဆုံးပါတယ်။

http:\\www.dhammadownload.com



ဒေသနာပရိယောသာနေ=ဒေသနာနိဂုံး အဆုံးရောက်သောကာလ၌။ စတုရာသီတိယာ ပါဏသဟဿာနံ=သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့၏။ ဓမ္မာဘိသမယော=သစ္စာလေးပါး တရားသိမြင်ကျွတ်တမ်းဝင်ခြင်းသည်။ အဟောသိ=ဖြစ်ပြီ။

ဒီသုတ္တန် ဒေသနာနိဂုံး ဆုံးလတ်သောအခါမှာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြတယ် ... တဲ့။

သိရိမာ ဒေဝကညာ=သိရိမာ နတ်မိဖုရားသည်။ အနာဂါမိဖလံ ပတ္တာ=အနာဂါမိဖိုလ်သို့ ရောက်ရှိလေ၏။ သော စ ဘိက္ခု=သိရိမာကို တပ်မက်သော ရဟန်းသည်လည်း။ သောတာပတ္တိဖလေ ပတိဋ္ဌဟိ=သောတာပတ္တိဖိုလ်၌ တည်လေတော့၏။

နတ်ရထား အစီးငါးရာ ခြံရံပြီး ဤသုသာန်တစ သင်္ချိုင်းဝသို့ ရောက်ရှိကာ တရားနာရတဲ့ သိရိမာ နတ်မိဖုရားသည် အနာဂါမ်အဖြစ် ရောက်ရှိသွားတယ်။ သိရိမာကို ချစ်ခင်နှစ်သက် တပ်မက်နေတဲ့ ရဟန်းကတော့ သောတာပန် ဖြစ်သွားတယ်။

ဤတွင် ဝိဇယသုတ္တန် အပြီးအဆုံး ရောက်ပါတယ်။

ဤသို့လျှင် ဝိဇယသုတ္တန် ဟူ၍လည်းကောင်း၊ ကာယဝိစ္ဆန္ဒနိကသုတ္တန် ဟူ၍လည်းကောင်း အမည်နှစ်မည်ရတဲ့ သုတ္တန်တရားဒေသနာကို နာကြားရခြင်း=ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ လှူဒါန်းရခြင်း=ဒါနမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလဆောက်တည်ရခြင်း=သီလမယကောင်းမှု ကုသိုလ်ကံစေတနာ၊ မိမိ၏အတွင်းအဇ္ဈတ္တ ခန္ဓာကိုယ်နှင့် သူသေကောင်တည်းဟူသော အပြင်ဗဟိဒ္ဓ ခန္ဓာကိုယ်သည် သုံးဆယ့်နှစ်ပါးသော အစုအဝေးမျှသာ ဖြစ်၍စက်ဆုပ်ရွံရှာဖွယ် အတိမ္ဗုသာ ဖြစ်ပါတကားဟု မိမိတို့ ဉာဏ်အမြင်

http:\\www.dhammadownload.com



မိကြသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို ကောင်းစွာ ဆင်ခြင်ရခြင်း=ဘာဝနာမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူ ပေးလှူရခြင်း=ဓမ္မဒါန=အမတဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့စသည် များမြတ် ပေါင်းအပ် သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တပစ္စုပဋ္ဌာန် အရိယမဂ်တည်းဟူသော ရောက်ကြောင်း သမ္ပါပက ပဒဋ္ဌာန် ရှိသော အသင်္ခတဓာတ် စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ် ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်ရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အကျွန်ုပ်တို့ တစ်စု အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ကိုယ် ဖြစ်ပါစေကုန် သတည်း ... ။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံး ဘဝ ပရိနိဗ္ဗာနစုတိစိတ်၏ နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယမှာမှ ရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားကို တစ်ဖန်အသစ် မဖြစ် ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ-အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း ... ။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးပုံကြီး ငြိမ်းပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု။ သာဓု။ သာဓု။

ဝိဇယသုတ္တန် တရားတော် ပြီး၏။

http:\\www.dhammadownload.com

# ဝသလသုတ္တန်တရားတော်

## သူယုတ် သူမြတ် လူဆိုးလူကောင်း ခွဲခြားသိစေရန် ရည်သန်၍ မီးပူဇော်သော အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားအား ဘုရားချေချွတ်တော်မူပုံကို ဟောကြားခြင်း။

## ဗုဒ္ဓ၏နေ့စဉ်လုပ်ငန်းဆောင်ရွက်တော်မူပုံ

ခေဒံ အဂဏာယံ နာထော၊
ပဉ္စဗုဒ္ဓကတံ ဝဟံ။
သတ္တသိဒ္ဓေါ ပရတ္ထံဝ၊
ဗျာဝဋော သုမဟာဒယော။

သတ္တသိဒ္ဓေါ = ကိုယ်တော်မြတ်၏အကျိုး ပြည့်ဖြိုး လုံလောက်ပြီးမြောက်တော်မူပြီးပေထသော။ သုမဟာဒယော=အလွန်ကြီးစွာ မဟာကရုဏာတော်ရှင် ဖြစ်တော်မူပါပေထသော။ နာထော=လူသုံးဦးတို့၏ ကိုးကွယ်ရာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ပရတ္ထံဝ= သူတစ်ပါးတို့၏ အကျိုးစီးပွား အလို့ငှာသာလျှင်။ ပဉ္စဗုဒ္ဓကတံ=ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စတည်းဟူသော ဗုဒ္ဓကိစ္စငါးပါးအပေါင်းကို။ ဝဟံ-ဝဟန္တော=မနေမနား အားထုတ်ရွက်ဆောင်တော်မူသည်ဖြစ်၍။ ခေဒံ=ကိုယ်တော် ပင်ပန်းနွမ်းနယ်ခြင်းကို။ အဂဏာယံ-အဂဏာယန္တော=ရေတွက်တော်မမူဘဲ။ ပရတ္ထံဝ=သူတစ်ပါး၏ အကျိုးကိုသာလျှင်။ ဗျာဝဋော=လုံ့လကြိုးကုတ် အားထုတ်တော်မူခဲ့လေပြီ။

ဘုရားကိုယ်တော်မြတ်ရဲ့ ဗုဒ္ဓကိစ္စ=နေ့စဉ် ဗုဒ္ဓ၏ လုပ်ငန်းစဉ်နဲ့ ဗုဒ္ဓ၏လုပ်ငန်းကို ကြိုးပမ်းအားထုတ်တော်မူတဲ့ ဘုန်းတော်ခြောက်ပါး

http:\\www.dhammadownload.com



ထဲမှာ ပယတ္တ ဘုန်းတော်ထဲ ထည့်သွင်းရေးရတဲ့ သမ္မာဝါယာမ မဂ္ဂင်ကို အကြောင်းပြုပြီးတော့ ဗုဒ္ဓါနုဿတိ အာရုံခြံနိုင်စေ ဆိုပြီးတော့ သင်္ဃာ ဆရာတော်ဘုရားကြီးက မိမိရဲ့ စတုရာရက္ခကျမ်း ဗုဒ္ဓါနုဿတိ ဘာဝနာ ခန်းထဲမှာ ဒီဂါထာလေး ထည့်ရေးထားတယ်။

အဓိပ္ပါယ်ကတော့ –

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ သက်တော် ၃၅ (သုံးဆယ့် ငါး)နှစ် ပြည့်တဲ့နေ့မှာပဲ ကိုယ်တော်ရဲ့ အတွက်ဟာ အလုပ်ကိစ္စတွေ အကုန်ပြီးသွားပြီ။

သတ္ထုသိဒ္ဓေါ=ကိုယ်တော်မြတ်ကြီးရဲ့အကျိုး ကိုယ်တော်မြတ် အတွက်တာ ဆိုလို့ရှိယင် သက်တော်သုံးဆယ့်ငါးနှစ် ဘုရားဖြစ်ပြီးတဲ့ နောက်မှာ ဘာမှ ကိုယ်တော့်အတွက် လုပ်ငန်းအသစ် လုပ်စရာ မရှိ တော့ဘူး။ ဘုရား ရဟန္တာဆိုတဲ့ အရှင်သူမြတ်တွေဟာ မိမိတို့ရဲ့လုပ်ငန်း ရှိယင်ရှိ၊ မရှိလို့ရှိယင်ဖြင့် (အကယ်၍ မရှိခဲ့သော်) ဒိဋ္ဌဓမ္မသုခဝိဟာရ ငါးပါးတည်းဟူသော မီးတောက်ကြီး ငြိမ်းတဲ့အချိန်ကိုပဲ သူတို့ မျှော်ကိုး တော်မူကြတယ်။ မငြိမ်းခင်အတွင်းမှာလည်းပဲ တတ်နိုင်သလောက် နိရောဓသမာပတ် ဝင်စားတော်မူကြတယ်။

## ဗုဒ္ဓကိစ္စငါးပါး အချိန် ပိုင်းခြားချက်

ဒီတော့ ဘုရားကိုယ်တော်မြတ်အဖို့ရာ သက်တော် သုံးဆယ့်ငါးနှစ် ပြည့်တဲ့အချိန်မှာ ဘုရားဖြစ်သည်ဖြစ်၍ ကိုယ်တော်မြတ်ရဲ့အတွက် အလုပ် လုပ်ငန်း အလုံးစုံ ပြီးမြောက်ပါပြီ။ ပြီးမြောက်ပြီးတဲ့နောက် လေးဆယ့်ငါးဝါ (လေးဆယ့်ငါးနှစ်) ကြာအောင် နေတော်မူခြင်းဟာ ဝေနေယျ သတ္တဝါတွေအတွက်ပါပဲတဲ့။ ဝေနေယျသတ္တဝါတွေအပေါ်မှာ မဟာကရုဏာ ကြီးမားတော်မူတဲ့အတွက် –

(၁) နံနက်မှာ ပုရေဘတ္တကိစ္စ၊

(၂) မွန်းလွဲပြီးတဲ့နောက် နေဝင် ၆ နာရီထိအောင် ပစ္ဆာဘတ္တကိစ္စ၊

http:\\www.dhammadownload.com



(၃) ညဉ့်ဦးယာမ်ဆိုတဲ့ ပုရိမယာမကိစ္စ၊
(၄) သန်းခေါင်ယာမ်ဆိုတဲ့ အလယ် မဇ္ဈိမယာမကိစ္စ၊
(၅) မိုးသောက်ယာမ်ဆိုတဲ့ ပစ္ဆိမယာမကိစ္စ လို့ –

တစ်နေ့နဲ့ တစ်ညကို ငါးပိုင်း ပိုင်းပြီးတော့ ဗုဒ္ဓရဲ့ လုပ်ငန်းတွေကို နေ့စဉ် နေ့စဉ် နေ့ရှိသမျှ ကြိုးပမ်းအားထုတ်တော်မူခြင်းဟာဖြင့် ကိုယ်တော်မြတ်အတွက် မဟုတ်ပါဘူး ... တဲ့။

ပရတ္ထံ=ဝေနေယျများစွာ သတ္တဝါတို့ရဲ့ အကျိုးငှာသာလျှင်။ ပဉ္စဗုဒ္ဓကတံ=ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စတည်းဟူသော ဗုဒ္ဓကိစ္စငါးပါး အပေါင်းကို။ ဝဟံ ဝဟန္တော=မနေမနား ကြိုးစားရွက်ဆောင်တော်မူသည်ဖြစ်၍။ ခေဒံ=ကိုယ်တော် ပင်ပန်းနွမ်းနယ်ခြင်းကို။ အဂဏယံ–အဂဏယန္တော=ရေတွက်တော်မမူဘဲ။ ပရတ္ထံဝ=ဝေနေယျတို့၏ အကျိုးကိုသာလျှင်။ ဗျာဝဋ္ဌော=လေးဆယ့်ငါးဝါ ကာလကြာအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူခဲ့လေပြီ ... ။

ဘုရားရဲ့ သမ္မပ္ပဓာန်လုံ့လ ဘယ်လောက်ပြင်းထန်သလဲ။ နေ့တိုင်း နေ့တိုင်း ဗုဒ္ဓကိစ္စငါးဝ ကြိုးစားခြင်းဖြင့် ဝေနေယျ သတ္တဝါတွေ အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခဲ့တယ်။

၁။ အဲဒီ ဗုဒ္ဓကိစ္စငါးပါးဆိုတာက နေ့အဖို့ရာမှ စ,လိုက်စမ်းပါ။ မနက်ခြောက်နာရီ၊ မနက်ခြောက်နာရီက နေပြီးတော့ မွန်းလွဲတစ်ဆယ့်နှစ်နာရီထိအောင် နေ့၏ရှေ့ပိုင်း ပုရေဘတ္တအချိန်လို့ ခေါ်တယ်။ အဲဒီ နေ့၏ ရှေ့ပိုင်းအချိန်မှာ ဘုရားကိုယ်တော်မြတ်ကြီး ဘာလုပ်တုန်း။ အလုပ်အကျွေး ဥပဋ္ဌာကဖြစ်တဲ့ အရှင်အာနန္ဒာတို့လို၊ အရှင်အာနန္ဒာ ဥပဋ္ဌာက မပြုလုပ်မီ ရှေ့အဖို့မှာလည်းပဲ အရှင်နာဂိတတို့၊ အရှင်သာဂတတို့၊ အဲဒီလို မမြဲတဲ့ ဥပဋ္ဌာကမထေရ်တွေရဲ့ အပြုအစု အလုပ်အကျွေးကို ခံယူတော်မူတော့မယ်၊ ပြုစုလုပ်ကျွေးတော်မူကြတဲ့ အရှင်မြတ်တွေအား

http:\\www.dhammadownload.com



ကုသိုလ်တရား ပွားဖို့ရန်အတွက် နံနက်မိုးသောက် ခြောက်နာရီ ရောက်တယ်ဆိုလို့ရှိယင် မျက်နှာတော် သစ်တယ်။ ကိုယ်လက်သန့်စင်တယ်။ ရေမိုးချိုးတော်မူတယ်။ ဥပဋ္ဌာကရဲ့ ဝတ္တရားတွေ အကျိုးများပါစေ ... ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီလို ကိုယ်လက်သန့်စင်ပြီးပြီဆိုတော့ အင်မတန် တိတ်ဆိတ်တယ်၊ အင်မတန် အေးမြတယ်။ ဂန္ဓကုဋီတိုက်တော်ထဲမှာ ဝင်ပြီးတော့ ခဏကလေး အပန်းဖြေတော်မူတယ်၊ အနားနေတော်မူတယ်။

အဲဒီလို နေရာက ခုနစ်နာရီ မတ်တင်း၊ ခုနစ်နာရီလောက်ရှိပြီဆိုတော့ ကျွတ်ထိုက်သူ သတ္တဝါက ခရီးဝေးမှာ ရှိတယ်ဆိုယင် တစ်ပါးတည်း ဆွမ်းခံကြွသွားတယ်။

ဒီလို မဟုတ်ဘဲနဲ့ ချွေချွတ်ရမယ့် သတ္တဝါက မိမိသီတင်းသုံးတော်မူတဲ့ မြို့ရွာရဲ့အတွင်းမှာ ရှိတယ်ဆိုလို့ရှိယင် ခုနစ်နာရီမတ်တင်းလောက် ကျပြီဆိုပါစို့၊ အဲဒီ အချိန်ရောက်ပြီဆိုယင် တစ်ခါတည်း ဂန္ဓကုဋီတိုက်ထဲက ထွက်ကြွတော်မူလာတယ်။

အချိန်ကျလို့မှ ဘုရားကိုယ်တော်မြတ် ထွက်ကြွတော်မမူလာယင် အားလုံးသော ရဟန်းတော်တွေက အမှတ်ထားပြီးတော့ သိရတယ်။ ကနေ့ ဘုရားကိုယ်တော်မြတ်ဟာ တစ်ပါးတည်း ဆွမ်းခံကြွတော်မူလို၍ပဲ။ အချိန်ကျလို့မှ မလာယင် အဲဒီလိုပဲ အားလုံး ရဟန်းတွေက သိရတယ်။ နာရီကြည့်သလိုပဲ။ ဒီအချိန် ဂန္ဓကုဋီတိုက်တော်က ထွက်တယ်ဆိုယင် အချိန်မှန်မှန် ထွက်တာပဲ။ အဲဒီလို အချိန်မှန်မှန် ထွက်လာပြီဆိုလို့ရှိယင် ရဟန်းတော်တွေနဲ့ အတူတကွ မြို့တွင်း ဆွမ်းခံကြွမလို့။ ဂန္ဓကုဋီတိုက်က ထွက်ချိန်မှာ မထွက်သေးဘူး ဆိုလို့ရှိယင် ရဟန်းတော်တွေက သိပြီ၊ ဒီကနေ့ ဘုရားကိုယ်တော်မြတ်ဟာ တစ်ပါးတည်း ဆွမ်းခံကြွတော်မူလိုလို့ပဲလို့ သိတယ်။ အဲဒီကျတော့မှ အစောကြီးကတော့ စောင့်နေရတယ်၊ ဘယ်သူမှလဲ သွားပြီးတော့ "အရှင်ဘုရား၊ တပည့်

http:\\www.dhammadownload.com



တော်တို့နဲ့ ဆွမ်းခံအတူ ဝင်မှာလား ဘုရား၊ တခြား ဝင်မှာလား ဘုရား" လို့ မမေးဝံ့ဘူး။ မေးမနေရဘူး၊ လုပ်ငန်းကကိုကပဲ မေးစရာမရှိတဲ့ လုပ်ငန်း။

ရဟန်းတော်တွေနဲ့ အတူတကွ ဆွမ်းခံဝင်မယ်ဆိုလို့ရှိယင် တစ်ခါတည်း အချိန်ကျ ထွက်လာတာပဲ။ အချိန်ကျလို့မှ မထွက်လာဘူး ဆိုလို့ရှိယင် ရဟန်းတော်တွေက သိပြီ။ ဘုရားတစ်ပါးတည်း ဆွမ်းခံကြွချင်လို့ပဲ၊ တစ်ပါးတည်း ကြွပြီး ချေချွတ်စရာ သတ္တဝါရှိလို့ပဲ ဆိုပြီးတော့ ရဟန်းတော်များက အဲဒီလို အချိန်ကို သိပြီးတော့ မိမိဘာသာ ဆွမ်းခံဝင်ရတယ်။ ဝါကပ်နေတဲ့ မြို့တွင်း ရွာတွင်းကို ဆွမ်းခံဝင်ကြတယ်။

ရဟန်းတော်များနဲ့ ဆွမ်းခံဝင်ကြွတယ် ဆိုပါစို့။ ကြွတဲ့အခါ ပကတိအကြွမျိုးဖြင့်လည်း ကြွတယ်၊ တစ်ရံတစ်ခါ တန်ခိုးပ္ပါဋိဟာပါဒ်ဖြင့် ကြွတာလည်း ရှိတယ်။ တစ်ရံတစ်ခါ ရောင်ခြည်တော်တွေများ ဖုံးပြီးတော့ ကြွတာရှိတယ်။

ကိုင်း တန်ခိုးပ္ပါဋိဟာပါဒ်နဲ့ ကြွတယ်ဆိုပါစို့။ တန်ခိုးပ္ပါဋိဟာပါဒ်နဲ့ ကြွတယ်ဆိုယင်ပဲ ဘုရားကိုယ်တော်မြတ်ကြီး ထွက်လာယင် အားလုံးရဟန်းတွေဟာ အသင့်ရှိနေရတယ်။ ဘယ်သူမှ ဆွမ်းခံမဝင်ရသေးဘူး၊ အားလုံးရဟန်းတွေ ဘုရားနောက်က စပြီးတော့ တန်းပြီးတော့ ချောင်းတောင် မဟန့်ရဘူး။ တစ်ခါတည်း အင်မတန် တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ကြွရတယ်။ ဘုရားကိုယ်တော်မြတ်ကြီးကလည်း ရှေ့ကနေပြီး လေးတောင်ခန့် ကြည့်ပြီးတော့ ဗုဒ္ဓဣန္ဒြေတော်ကြီးနဲ့ ဖြည်းညင်းသာယာစွာ လှမ်းကြွသလို သာသာယာယာ လှမ်းကြွတယ်။

ကျောင်းတော်က ထွက်လိုက်တယ်ဆိုသည်နှင့် တစ်ပြိုင်နက်ကောင်းကင်က နေပြီးတော့ တိမ်တွေက ဘုရား နေမပူအောင် မိုးပေးရတယ်၊ မိုးဖွားကလေးတွေက ဘုရားရှေ့ကရှိတဲ့ မြေကြီးမှာ ဖုံမထအောင် မိုးညင်းကလေးတွေ ဖျန်းပေးရတယ်၊ အေး ... လေကလည်းပဲ အဲဒီ

http:\\www.dhammadownload.com



အချိန်မှာ ပွင့်နေတဲ့ ပန်းတွေကို ဘုရားကြွမယ့် လမ်းမှာ လေကိုက အလိုလို ယူပြီးတော့ ဖျန်းပေးရတယ်။ အမှိုက်သရိုက်တွေကလည်း ပထမ သူ့ဘာသာသူ လှည်းသွားတယ်။ တစ်ခါတည်း လမ်းမှာ အမှိုက်သရိုက် ဆေးပြီးသား ဖြစ်နေတယ်။ ပကတိ မြေအပြင်က နိမ့်နေတယ် ဆိုလို့ရှိယင် ဘုရားရဲ့ ဖဝါးတော် ချလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ခါတည်း မြေကပြည့်တယ်။ မြင့်နေတဲ့ မြေဆိုလည်းပဲ ဘုရားဖဝါးတော် ချလိုက်ယင် တစ်ခါတည်း ညီသွားတယ်။

နိန္နံ ဌာနံ ဥန္နမတိ၊
ဂစ္ဆန္တေ လောကနာယကေ။
ဥန္နတဉ္စ သမံ ဟောတိ၊
ပထဝီ ပိ အစေတနာ။

ဇိနာလင်္ကာရဋီကာ

ပထဝီ=မဟာပထဝီ ဤမြေကြီးသည်။ အစေတနာပိ=စိတ်စေတနာ မရှိပါဘဲလျက်လည်း။ လောကနာယကေ=လောကသုံးပါး၏ ရှေ့သွား ခေါင်းဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ= ခရီးဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော်။ နိန္နံ ဌာနံ=နိမ့်ဝှမ်းသော အရပ်သည်။ ဥန္နမတိ=သူ့အလိုလို မြင့်မောက်၍ လာပေ၏။ ဥန္နတဉ္စ=နဂိုက မြင့်မောက်နေတဲ့ အရပ်ဒေသများလည်းပဲ။ သမံ= ပကတိမြေနှင့် တပြင်တည်း တူညီမျှသည်။ ဟောတိ=ဖြစ်ပေတော့၏ ... လို့ -

ဘုရားကြွတဲ့အခါမှာ မြေကြီးကိုက မြင့်တဲ့မြေက နိမ့်လို့ ညီမျှပေးရတယ်။ နိမ့်တဲ့မြေကလည်း မောက်ပြီးတော့ ပကတိမြေနဲ့ ညီအောင် လုပ်ပေးရတယ်။ ချိုင့်တွေ ကျင်းတွေ မရှိဘူးတဲ့။ ဤနည်းဖြင့် သာဝတ္ထိပြည်မှာ ဝါကပ်ယင် သာဝတ္ထိမြို့တံခါး ရောက်အောင်ကြွလို့၊ သာဝတ္ထိမြို့တံခါးထဲမှာ တံခါးခုံကို ဘုရားကိုယ်တော်မြတ် ခြေလှမ်း လှမ်းမိသည်နှင့် တစ်ပြိုင်နက်တည်း ကိုယ်တော်မြတ်မှာ ရောင်ခြည်တော်

http:\\www.dhammadownload.com



ခြောက်ပါးတွေဟာလေ သာ၀တ္ထိပြည်ကြီး တစ်ပြည်လုံးဟာ နီလ ရောင်ခြည်တော်တွေ၊ ပီတ ရောင်ခြည်တော်တွေ၊ လောဟိတ ရောင်ခြည်တော်တွေ၊ ဩဒါတ ရောင်ခြည်တော်တွေ၊ မဥ္ဇိဋ္ဌ ရောင်ခြည်တော်တွေ၊ ပဘဿရ ရောင်ခြည်တော်တွေ၊ ဒီရောင်ခြည်တော်တွေဟာ တစ်ခါတည်း လူးလာပျံ့ဝဲ တဝင်းဝင်း တဖိတ်ဖိတ်နဲ့ ဒီလို ဖြစ်ရတယ်။

ဒီတင်ပဲလားလို့ဆိုတော့ လူတွေ ဝတ်ဆင်ထားတဲ့ လက်ကရှိတဲ့ လက်ကောက်တွေကလည်း အချင်းချင်း တူရိယာများ တီးသလိုပေါ့လေ၊ ဂျောက်ဂျက် ဂျောက်ဂျက်နဲ့ တစ်ခါတည်း လက်ကောက်တွေကလည်း လှုပ်နေသတဲ့။ ဟို ထိုအိမ် ဤအိမ်မှာ ရှိကြတဲ့ တူရိယာမျိုးတွေကလည်း လူမတီးဘဲနဲ့ သူ့ဘာသာသူ အလိုလိုမြည်ကုန်ကြတယ်။ မြို့တွင်းမှာ ရှိတဲ့ ဆင်တွေ၊ မင်းစီးဆင်တွေ၊ မင်းစီးမြင်းတွေ၊ အဲဒီလို သတ္တဝါတွေကလည်းပဲ ဆင်တွေက ကြိုးကြာသံ ဟီကြတယ်။ မြင်းတွေက ဟေလာသံ ဟီကြတယ်။ အလိုလို သူ့ဘာသာသူ တစ်ခါတည်း ဆူပြီးတော့သွားတယ်။ သက်ရှိသက်မဲ့ အသံတွေဟာ ဆူပြီးသွားတဲ့အတွက် အားလုံးသော မြို့သူမြို့သားတွေ သိကြတယ်။

ယနေ့ ငါတို့ရဲ့ မြို့တွင်း ဘုရားကိုယ်တော်မြတ် ဆွမ်းခံဝင်လာတယ်။ သိပြီ။ မြို့တံခါးဝရောက်ရုံနဲ့ သိရတယ်။ ဝင်လာတယ်လို့ သိယင်ပဲ အားလုံး မြို့သူမြို့သားတွေဟာ မြို့ရဲ့အလယ်ခေါင်မှာ စုတယ်။ စုပြီးတော့ မဏ္ဍပ်ကနားဖျင်း ခပ်မြန်မြန်ထိုး၊ ဖျာခင်းတဲ့လူက ခင်း၊ အဲဒီလို ခင်းကျင်းပြီးတော့ တစ်ရွာလုံး တစ်မြို့လုံး ဝိုင်းဝန်းပြီးတော့ ခင်းကျင်းပြီးတဲ့အချိန်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ရောက်လာတယ်။

ရောက်လာတယ်ဆိုယင်ပဲ ဒီမြို့လယ် ရွာလယ်မှာ ဒီလို စည်းရုံးမိလျှင်ပဲ တတ်နိုင်တဲ့ ဒကာ ဒကာမတွေက "တပည့်တော်မအတွက် တပည့်တော်တို့အတွက် သံဃာဆယ်ပါး ပေးပါဘုရား၊ ဆွမ်းပြုပါရစေ။

http:\\www.dhammadownload.com



တပည့်တော်တို့အတွက် အပါးနှစ်ဆယ်။ တပည့်တော်အတွက် သုံးဆယ်"ဆိုတဲ့ လူကတစ်မျိုး၊ လေးဆယ်တစ်မျိုး၊ တစ်ရာတစ်မျိုး၊ နှစ်ရာတစ်မျိုး။ အဲဒီလို တစ်ခါတည်း ကိုယ်စီကိုယ်ငှ သံဃာတွေကို တာဝန်ယူပြီးတော့ ဆွမ်းပြုကြတယ်။ လုပ်ကျွေးကြတယ်။ အဲဒီလို လုပ်ကျွေးလို့ ဘုရားကိုယ်တော်မြတ်ကြီး အမှူးပြုတဲ့ သံဃာတော်များ ဆွမ်းစားပြီးလောက်ပြီ ဆိုလို့ရှိယင် ဘုရားဆွမ်းစားတဲ့ အခန်းကလည်းပဲ တော်တော်တော့ အံ့ဩစရာ ကောင်းတယ်နော်။

ဆွမ်းခံတယ်ဆိုယင် ဘုရားကိုယ်တော်မြတ်ဟာ ဆွမ်းက ပိုပြီးဟင်းက နည်းအောင်၊ ဟင်းက ပိုပြီး ဆွမ်းက နည်းအောင် ဘယ်တော့မှမခံဘူး။ ဆွမ်းနဲ့ဟင်းနဲ့ဟာ သပိတ်တော်ထဲ ခံတယ်ဆိုကတည်းကအမျှပဲ။ ဆွမ်းဟာ ကိုယ်တော်နဲ့ မျှတရုံရှိယင် ဆွမ်းအတွက် လက်ပြပြီးတော့ ပြည့်စုံပြီဆိုတဲ့ အချက်ကလေး ပြလိုက်တယ်။ ဆွမ်းဟင်းလည်းပဲကိုယ်တော်နဲ့ မျှတပြီဆိုယင် ပြည့်စုံပြီဆိုတဲ့ အခြင်းအရာ ပြတယ်။ ဆွမ်းလောင်းတဲ့လူတွေကလည်း သိတယ်။

အဲဒီဆွမ်း ဘုဉ်းပေးလိုက်တယ် ဆိုလို့ရှိယင်လည်းပဲ အင်မတန်မှသာယာပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာငါးရာဖြစ်စေ၊ တစ်ထောင်ဖြစ်စေ ဆွမ်းဘုဉ်းပေးတယ်ဆိုယင် ဇွန်းသံတစ်ချက် မကြားပါဘူး။ ပန်းကန်သံ တစ်ချက် မကြားပါဘူး။ ဘုရားကိုယ်တိုင်က အသံမထွက်ဘဲနဲ့ အင်မတန် တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဆွမ်းဘုဉ်းပေးနေတာဖြစ်တော့ လူတွေလည်း မဆူဘူး၊ ရဟန်းတွေလည်း မဆူဘူး၊ ဇွန်းသံ၊ ပန်းကန်သံလည်း မကြားရဘူး။ နောက်ဆုံးဆွမ်းနဲ့ နောက်ဆုံးဟင်းနဲ့ဟာ တစ်ခါတည်း တိလို့ပဲ။ အပြည့်အစုံပဲ။ နောက်ထပ် ဆွမ်းထည့်ရတယ်။ နောက်ထပ် ဟင်းလိုက်ရတယ် မရှိပါဘူး။ ဘုရားလက်ထက်က။

ကနေ့ ဆွမ်းကျွေးတဲ့ ဒကာ ဒကာမများကတော့ စေတနာတွေတော်တော်လွန်တယ်နော်။ ဒီဆွမ်းတစ်ပွဲ တစ်ပွဲမှာ ရှေးတုန်းကတော့

http:\\www.dhammadownload.com



ဘုရားလက်ထက်ကတော့ ဒီလို မဟုတ်ဘူးနော်။ သပိတ်ထဲမှာ ဆွမ်းကို အလှူခံပုဂ္ဂိုလ် ကျေနပ်လောက်အောင် လောင်းလိုက်တယ်။ ဟင်းကို လည်းပဲ အလှူခံပုဂ္ဂိုလ်ရဲ့ အလိုကို ကြည့်ပြီးသကာလ လောင်းလိုက်တယ်။ အဲဒီ သပိတ်ထဲမှာပဲ ကိုယ်စီကိုယ်ငှ ကိုယ့်သပိတ်ထဲမှာပဲ ဆွမ်းလည်း ပြည့်စုံတယ်။ ဟင်းလည်း ပြည့်စုံတယ်။ အဲဒီလို တစ်ခါခံတာနဲ့ ပြီးစီးကြတာပါပဲ။

ကနေ့တော့ ဝိုင်းကြီးနဲ့ ကျွေးကြတာဖြစ်တော့ သဒ္ဓါတရားကိုတော့ ဘယ်သူမှ မတားမြစ်နိုင်ပါဘူး။ ကျွေးလည်း ကျွေးကောင်းပါတယ်။ စားလည်း စားကောင်းပါတယ်။ သို့သော်လည်းပဲ ဒကာ ဒကာမတွေက ရှေ့က ရောက်လာတယ်။ ဘယ်နှယ့်လဲ။ ဒီက ဆွမ်းစားတဲ့ ကိုယ်တော်တွေက ပြီးလုပြီ၊ သူတို့က ထပ်ပြီးတော့ ထည့်လိုက်တာ ပန်းကန်ထဲ အပြည့်။ ပန်းကန်ထဲ နည်းနည်းမျှပဲ လျော့သေးတယ်၊ နည်းနည်းမျှပဲ ဟောက်သေးတယ်၊ သူတို့က အဲဒါကို မကြည့်ရက်ဘူး။ အဲဒါ သံဃာကသာ ဆွမ်းစားပြီးတယ်၊ ခံထဲမှာ ဆွမ်းဟင်းက မလျော့သေးဘူး။ ဒီလို ဖြစ်ပါတယ်။ ဘုရားသဗ္ဗညု ရှိလျှင်ဖြင့် ဒီဒကာ ဒကာမတွေကို လည်းပဲ တားမြစ်မှာပဲ။ ဒီရဟန်းတော်တွေလည်းပဲ ချစ်သားတို့၊ ဒီလို ကြည့်မနေကြနဲ့လို့ ပြောမှာ အမှန်ပဲ။

ဒီတော့ မျှတရုံဆိုတဲ့ အလုပ်ဟာ အင်မတန်မှ ကောင်းပါတယ်။ ဘုရားကိုယ်တိုင်က မျှမျှတတ ဘုဉ်းပေးတော်မူတယ်။ ဆွမ်း မပိုစေရဘူး။ ဟင်း မပိုစေရဘူး။ ဆွမ်းစားပြီးတယ် ဆိုလို့ရှိယင် ဘုရားကိုယ်တော်မြတ်ကြီး ခဏကလေး အားလုံးကိစ္စ ပြီးအောင် ငြိမ်ငြိမ်နဲ့ထိုင်ပြီး စောင့်နေတယ်။ တစ်ဆယ့်ငါးမိနစ်လောက် ဆိုပါစို့၊ ခုနင်ကတုန်းက ဒီ–အိုးတို့ ဘာတို့ သိမ်းတဲ့လူတွေ သိမ်းနိုင်အောင် ရဟန်းတော်အများလည်းပဲ သပိတ်ပါ ဆေးကျင်းပြီးလို့ နေရာတကျရှိအောင် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ဘုရားကိုယ်တော်မြတ်ကြီးဟာ ငြိမ်ပြီးတော့

http:\\www.dhammadownload.com



နေလိုက်တယ်။ အဲဒီ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ရှိပြီဆိုလို့ရှိယင် ဆွမ်းအနုမောဒနာတရား ဟောလိုက်ပြီဆိုယင် တချို့ သရဏဂုံတည် တယ်။ တချို့ သရဏဂုံနဲ့တကွ သောတာပန် ဖြစ်ကြတယ်။ တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ် ဖြစ်ကြတယ်။ တချို့ဟာ ရဟန္တာ ဖြစ်ပြီး တော့ တောက်လျှောက်ပဲ ဘုရားနောက်မှာ ရဟန်းပြုဖို့ တစ်ခါတည်း လိုက်ပါလာကြတယ်။

အဲဒီလို နံနက် ဆွမ်းအနုမောဒနာတရား ဟောပြီးလို့ ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက်ရှိပြီဆိုတော့ မြတ်စွာဘုရားရဲ့ တင့်တယ်ခြင်းဖြင့် မနက်ခင်းမှာ ဝေနေယျတို့ကို ချွတ်တန်သမျှ မြို့ထဲရွာထဲမှာ ချွတ်ပြီး တော့ သံဃာတော်များနဲ့ ဘုရားကိုယ်တော်မြတ် ကျောင်းတော်ပြန်ကြွ သွားပြီ။ ပျာယီးပျာယာနဲ့ ဘယ်တော့မှ မသွားဘူး။ ပျာယီးပျာယာ မသွားလို့ လေးလေးကန်ကန် သွားသလား၊ ဒီလိုလည်း မဟုတ်ဘူး။ အရေးတကြီးလည်း မသွားဘူး။ လေးလေးကန်ကန်လည်း မသွားဘူး။ မှန်မှန်ပဲ ဗုဒ္ဓလက္ခဏာတော်ဖြင့် ကြွတယ်။ ဗုဒ္ဓက ဗုဒ္ဓလက္ခဏာတော်နဲ့ကြွတော့ သာဝကတွေကလည်းပဲ သာဝကတွေရဲ့ လက္ခဏာဖြင့် ဘုရားနောက်က လိုက်ပါပြီးတော့ ကြွကြတယ်။

ကျောင်းတော်ရောက်ပြီဆိုလို့ရှိယင် ဥပဋ္ဌာက ပုဂ္ဂိုလ်က နေရာလေး ခင်းထားရတယ်။ သွားပြီးတော့ နေရာခင်းနှင့်ရတယ်။ ခြေဆေးရေလေး များ တည်ထားနှင့်ရတယ်။ အဲဒီ နေရာမှာ ထိုင်ပြီးတော့ ခြေဆေးရေနဲ့ ဆေးပြီးတဲ့ အခါကျတော့ ဒီနေရာက ထိုင်ရင်းက ရဟန်းတော်များ စုံညီအောင် စောင့်တော်မူတယ်။ ရဟန်းတော်များ စုံညီပြီဆိုတော့ အားလုံး ရဟန်းတော်တွေဟာလေ ဘုရားဆီမှာ အားလုံး ရောက်ကြရ တယ်။ ရောက်ပြီဆိုယင် ဗုဒ္ဓရှင်တော်မြတ်ဘုရားက အပ္ပမာဒ ဩဝါဒ ဆိုတဲ့ အပ္ပမာဒတရားဖြင့် အဆုံးအမ ပေးတယ်။

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ အပ္ပမာဒေန=ကုသိုလ်တို့ကို မမေ့မလျော့တဲ့ အပ္ပမာဒတရားနှင့်။ သမ္ပာဒေထ=ပြည့်စုံကြကုန်လော့။ အပ္ပမာဒေန=အပ္ပမာဒတရားဖြင့်။ သမ္ပာဒေထ=သိက္ခာသုံးပါး အကျင့်တရားကို ပြည့်စုံအောင် ကြိုးကုတ် အားထုတ်ကြကုန်။ လောကသ္မိံ=သတ္တလောကကြီးထဲ၌။ ဗုဒ္ဓုပ္ပါဒေါ=ဘုရားမြတ်စွာ ပွင့်ထွန်းရာ ကာလကြီးသည်။ ဒုလ္လဘော=အလွန်အမင်း ရခဲလှပေ၏။

ဘုရားပွင့်ဖို့ရန် အချိန်အခါကာလ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘခေတ် ချစ်သားတို့ ရခဲတယ်။

ဒုလ္လဘော မနုဿတ္တ ပဋိလာဘော။

မနုဿတ္တ ပဋိလာဘော=လူ့အဖြစ်ကို ရခြင်းသည်။ ဒုလ္လဘော=ရခဲလှပေ၏။

ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ။ သဒ္ဓါသမ္ပတ္တိ=သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ မိမိဘက်မှာ ဣန္ဒြေတို့နဲ့ ပြည့်စုံခြင်းဆိုတဲ့ သမ္ပတ္တိသည်။ ဒုလ္လဘာ=ရခဲလှပေ၏။

ဒုလ္လဘာ ပဗ္ဗဇ္ဇာ။ ပဗ္ဗဇ္ဇာ=ရှင်အဖြစ် ရဟန်းအဖြစ်လည်းပဲ။ ဒုလ္လဘာ=ချစ်သားတို့အဖို့ရာ ရခဲလှစွာ၏။

ဒုလ္လဘံ သဒ္ဓမ္မဿဝနံ။ သဒ္ဓမ္မဿဝနံ=သူတော်တရား နာကြားရခြင်းဟာလည်း။ ဒုလ္လဘံ=ရခဲလှ၏။လို့ ယခုအချိန်အခါမှာ ဘုရားပွင့်ထွန်းတော်မူရာ အခါကာလတည်းဟူသော ဒုလ္လဘကြီးကိုလည်း ချစ်သားတို့ ရပြီ။ ဒီအခါမှာ လူ့အဖြစ်ဆိုတဲ့ ဒုလ္လဘကိုလည်းပဲ ချစ်သားတို့ ရလျက်၊ သဒ္ဓါသမ္ပတ္တိ၊ ဣန္ဒြေသမ္ပတ္တိ တရားနာနိုင်လောက်တဲ့ နားပြည့်စုံခြင်း၊ ဘုရားဖူးမြော်နိုင်လောက်တဲ့ မျက်စိ ပြည့်စုံခြင်း။ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါသမ္ပတ္တိတွေ၊ ဣန္ဒြေသမ္ပတ္တိတွေ ချစ်သားတို့မှာ သမ္ပတ္တိအမျိုးမျိုး ရခဲတဲ့ ဒုလ္လဘတရားတွေကို ရလျက်ရှိပြီ။ ချစ်သားတို့မှာလေ စတုတ္ထဒုလ္လဘဖြစ်တဲ့ ရဟန်း

http:\\www.dhammadownload.com



အဖြစ်ကိုလည်း ရကြပြီ။ အင်မတန် ကြားရခဲ နာရခဲတဲ့ ဓမ္မဿဝန ဒုလ္လဘဆိုတဲ့ ပဉ္စမဒုလ္လဘတရားကိုလည်း ချစ်သားတို့ ရကြပြီ။

ဒီလို ဒုလ္လဘငါးပါးနဲ့ ဆုံတဲ့အခါမှာ မေ့ပြီးတော့နေလို့ မတော်ဘူး။ မမေ့မလျော့ကြနဲ့လို့ ဒုလ္လဘဩဝါဒ ပေးလိုက်လျှင်ပဲ ဘုရားရဲ့ ဩဝါဒ ဆုံးသည်နှင့် တစ်ပြိုင်နက် အချို့ကိုယ်တော်တွေက ကမ္မဋ္ဌာန်း မေးကြ တယ်။ အားလုံးကိုယ်စီကိုယ်င ကမ္မဋ္ဌာန်း မေးကြပြီးလို့ ရဟန်းတော်တွေ ကျေနပ်လောက်ပြီ ဆိုတော့မှ ရဟန်းတော်တွေ ဘုရားရှိခိုးပြီးတော့ မိမိတို့ဆိုင်ရာပေါ့လေ၊ တချို့တောထဲမှာ သွားပြီး သစ်ပင်ရင်းမှာ နေ့ သန့်တယ်။ တချို့ ကမ္မဋ္ဌာန်းကျောင်းမှာ၊ တချို့ စတုမဟာရာဇ် နတ် ပြည်သွားတယ်။ တချို့ တာဝတိံသာ၊ မိမိတို့ နှစ်သက်ရာ ဝိဝေက ရတဲ့ နေရာကို သွားပြီးတော့ နေ့သန့်တော်မူကြတယ်။ အဲဒီ အချိန်ထိအောင် နံနက်ပိုင်း ဗုဒ္ဓကိစ္စ-တဲ့။

၂။ အဲဒီ ဗုဒ္ဓကိစ္စ နံနက်ပိုင်း ပြီးပြီဆိုတော့ ဆယ့်နှစ်နာရီထိုး လောက်တဲ့ အချိန်ကျတော့ အားလုံး ရဟန်းတော်တွေလည်းပဲ ကိုယ်စီ ကိုယ်င နေ့သန့်ရာ ဌာနသို့ ကြွသွားကြရော၊ ဘုရားကိုယ်တော်မြတ်ကြီး ဂန္ဓကုဋီတိုက်ထဲမှာ ခေတ္တဝင်ပြီးတော့ ကိုယ်တော်ရဲ့ အတွက်တာ အပန်း ဖြေတော်မူပါတယ်၊ နာရီဝက်လောက်။ အပန်းဖြေပြီးတဲ့နောက် ဝေနေ ယျ သတ္တဝါတွေကို ကြည့်တယ်။ ဒီနေ့ ညနေပိုင်း ဘယ်များသွားပြီး တရားဟောရမှာပါလိမ့်။ ဝေနေယျသတ္တဝါ အဝေးရှိလျှင်လည်း အဝေး သွားဟောဖို့၊ အနီးရှိလျှင်လည်း အနီးသွားတယ်။ ဒီလိုမှ မဟုတ်လို့ ရှိယင်လည်းပဲ ဘုရားကိုယ်တော်မြတ်ရှိတဲ့ ကျောင်းတော်ဆိုတာ နေ့တိုင်း နေ့တိုင်း ညနေပိုင်းလောက်ကျတော့ လူတွေဟာလေ မနက်က ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ပြုစုဦးလို့ ရေမိုးပါချိုး၊ အပန်းအနွမ်း ပါ ဖြေပြီးပြီဆိုယင် ညနေပိုင်းကျတော့ သုံးနာရီလောက်ကျတော့ ကျောင်းလာပြီ။

http:\\www.dhammadownload.com



အဲဒီ သုံးနာရီလောက်ကျယင် ဓမ္မသဘာဆိုတဲ့ တရားမဏ္ဍပ်မွှာရုံကြီးအတွင်းမှာ ပရိသတ်တွေ လူတွေ ရောက်လာတယ်။ ဘုရားကိုယ်တော်မြတ် အဖို့ရာကတော့ သွားလည်း ကြည့်မနေရပါဘူး၊ ဂန္ဓကုဋီကျောင်းတိုက်ထဲက ဟိုက်တော်ထဲက နေပြီး ကြည့်လိုက်တယ်။ ပရိသတ် စုံလောက်ပြီဆိုတဲ့ အချိန်ကျတော့ ဗုဒ္ဓ၏ ကျက်သရေတော်ဖြင့် ဂန္ဓကုဋီတိုက်တော်မှ ကြွလာ၊ ဗုဒ္ဓါသန ဓမ္မပလ္လင်ပေါ်မှာ သီတင်းသုံးပြီးတော့ အဲဒီ လူတွေနဲ့ ထိုက်သင့်လျောက်ပတ်တဲ့ တရားဟောပြီးတော့ တချို့ သရဏဂုံ တည်စေတယ်။ တချို့ ငါးပါးသီလ၊ တချို့သောတာပန်၊ တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ် ဖြစ်ပြီးတော့ တချို့မှာဆိုလို့ရှိယင် အရဟတ္တဖိုလ်ပေါက် ရောက်ပြီးတော့ ကျောင်းတော်မှာ ကျန်၍ ရဟန်းပြုရစ်ကြတယ်။

အဲဒီ လူတွေအတွက် တရားဟောလို့ ညနေ လေးနာရီခွဲလောက်ရှိယင် မြို့တွင်းပြည်တွင်း ရွာတွင်း ပြန်ဝင်ဖို့ရန် အချိန်တန်တော့လည်းပဲ–

ယဿ ဒါနိ တုမှေ ကာလံ မညထ။

တုမှေ=သင် ဒါယကာ ဒါယိကာမ အပေါင်းတို့သည်။ ယဿ ဂမနဿ=အကြင် မိမိတို့ မြို့တွင်း ရွာတွင်းသို့ တဖန်ပြန်၍ သွားခြင်း၏။ ကာလံ=အချိန်ကာလကို။ မညထ=သိကြကုန်။

"ဒကာ ဒကာမတွေ၊ မြို့ထဲ ရွာထဲ ပြန်ဖို့ အချိန်ကာလကို သင်တို့ဘာသာ သင်တို့ သိကြ" လို့ ဆိုလိုက်တာပဲ။

အဲဒီလို အမိန့်ရှိလိုက်လျှင်ပဲ ဒကာ ဒကာမတွေက နားလည်ပြီ။ ဒို့ကို ဘုရားက ခွင့်ပြုပြီ၊ မြို့ထဲရွာထဲ ပြန်ဖို့ ခွင့်ပြုပြီ၊ တရားပွဲ ပြီးပြီ ဆိုလိုတာပဲ။ အဲဒီမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ တချို့ မြို့ထဲ ပြန်သွားကြပြီ၊ ရဟန္တာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီကျောင်းပြန်ပြီးသကာလ တပည့်တော် ရဟန်းပြုပါရစေဆိုတဲ့ အနေဖြင့် ရဟန်းပြုလို့ ရဟန်းသံဃာတော်တွေအား အပ်ပြီးတော့ ဘုရားကိုယ်တော်မြတ်

http:\\www.dhammadownload.com



က ရဟန်းပြုခိုင်းလိုက်တယ်။

ခြောက်နာရီလောက်မှာဖြင့် နေ့ပိုင်းကိစ္စ ပြီးသွားတယ်။ အဲဒီတော့ ဒီလူတွေ ပြန်တာနဲ့ အားလုံး ငါးနာရီလောက်မှာပေါ့လေ၊ တချို့ ကျန်ရစ်လို့ ရဟန်းပြုရတဲ့ ပုဂ္ဂိုလ်တွေ၊ ကိစ္စတွေ ဘာတွေနဲ့ ပြီးပြီဆိုပါစို့။ အဲဒီ အချိန်ကျအောင် ပစ္ဆာဘတ္တကိစ္စ=ဆွမ်းစားပြီးတဲ့ နောက်အချိန်မှာ ပြုရတဲ့ ဗုဒ္ဓကိစ္စလို့ ခေါ်တယ်။

အဲဒီ ပုရေဘတ္တ၊ ပစ္ဆာဘတ္တလို့ ဆိုတဲ့ အချိန်ပိုင်း နှစ်ပိုင်းမှာ ဒကာ ဒကာမတွေရဲ့ အကျိုးကို သယ်ပိုး ရွက်ဆောင်တော်မူတယ်။ အဲဒီ နှစ်ကိစ္စ အချိန်အပိုင်းအတွက်ကို သင်္ဂဇာ ဆရာတော်ဘုရားကြီးက မိမိရဲ့ စတုရာရက္ခကျမ်းထဲမှာ –

သမုတ္တေဇိယ ဂိဟီနံ၊
အနုပုဗ္ဗိကထော ဓိနော။
အဒါသိ ပရမံ တုဋ္ဌိံ၊
သတ္တာနံ ဒသဿယံ ဒိဝါ။

ဇိနော=ငါးမာန်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒိဝါ=ပုရေဘတ္တ–ဆွမ်းစားသည်မှ ရှေ့ပိုင်းကာလ။ ပစ္ဆာဘတ္တ–ဆွမ်းစားပြီးသည်မှ နောက်ပိုင်းကာလဟု ဆိုအပ်သော နေ့အခါ၌။ ဂိဟီနံ= တပည့်ဖြစ်ကြသော လူဒါယကာ ဒါယိကာမ အပေါင်းတို့အား။ သမုတ္တေဇိယ=စိတ်ကို ထက်သန်စေ၍။ အနုပုဗ္ဗိကထော=ဒါနကထာ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မအာနိသံသ ကထာ တည်းဟူသော အစဉ်အတိုင်းသော တရားစကား ဟောကြား တော်မူလျက်။ သတ္တာနံ=ဆယ့်ခြောက်အနက် လေးချက်သစ္စာ နက်နဲစွာ တို့ကို။ ဒသဿယံ–ဒသဿယန္တော=မြူတိမ်ပယ်ကင်း ရွှေလမင်းသို့ လင်းလင်းထင်ပေါ် ပြတော်မူလျက်။ ပရမံ တုဋ္ဌိံ=သံသရာတွင် တစ်ခါ တစ်လေမျှ မရစဖူး လွန်ကျူးကဲမို မင်ဖိုလ်တည်းဟူသော နှစ်သက်ခြင်း

http:\\www.dhammadownload.com



ကို။ အဒါသိ=ကရုဏာ ရှေးရှု ပေးတော်မူခဲ့လေပြီ။

ပုရောဘတ္တကိစ္စနဲ့ ပစ္ဆာဘတ္တကိစ္စဆိုတဲ့ နေ့ပိုင်းနှစ်ကိစ္စ အတွက်ကို သင်္ဂဇာဆရာတော်ဘုရားကြီးက အဲဒီလို ဂါထာလေး ရေးထားတယ် နော်။

၃။ ကိုင်း ဒါဖြင့်ယင် ညနေပိုင်း လွန်မြောက်လို့ ညဦးပိုင်း ရောက်တော့မယ်ဆိုပါစို့။ အားလုံး ဒကာ ဒကာမတွေ ပြန်သွားပြီဆိုတော့ ဘုရားကိုယ်တော်မြတ် ဘယ်ကြွတုန်း။ ဥပဋ္ဌာက=အပြုအစု အလုပ် အကျွေးဖြစ်တဲ့ မထေရ်သူမြတ်က အချိန်သိပြီးတော့ ရေချိုးတိုက်ကလေး ထဲမှာ ချိုးရေတော် စီမံထားတယ်။ အလိုတော်ရှိယင် အဲဒီ ရေချိုးတိုက် ကြွပြီးတော့ ဥပဋ္ဌာကရဲ့ဝတ်ကို ခံယူတော်မူတဲ့ အနေနဲ့ ရေချိုးတော်မူ တယ်။ ရေချိုးပြီးပြီဆိုတော့ ဂန္ဓကုဋီ ကျောင်းဆောင်တော်ရဲ့ ပရိဝုဏ် အတွင်းမှာ ဘုရားကိုယ်တော်မြတ် ဒီမှာ ရေချိုးနေစဉ် အလုပ်အကျွေး ကိုယ်တော်က ဗုဒ္ဓါသန သွားပြီးတော့ ခင်းရတယ်။ ဂန္ဓကုဋီကျောင်း တော်ရဲ့ ပရိဝုဏ်အတွင်းကလည်း အမြဲတမ်း သန့်ရှင်းနေတယ်။ အဲဒီ ပရိဝုဏ်အတွင်းမှာ ခင်းထားတဲ့ ဗုဒ္ဓါသန=ဘုရားနေရာတော်မှာ တစ်ပါး တည်း ကြွပြီးတော့လေ-၊ ကိုယ်တော်အပင်ပန်း နွမ်းနယ်မှုတွေ ပယ် ဖျောက်တော်မူတယ်။ စိတ်တော်လည်း အနားယူနေတယ်။ အေးအေး မြမြ ဘယ်လောက်ရှိလိုက်သလဲ။ ဘယ်ကိုယ်တော်တစ်ပါးမှ ကျောင်း တော်နား လာပြီးတော့ ချောင်းဟန့်ခြင်း၊ ဖိနပ်စီးပြီး တဖျတ်ဖျတ် သွားခြင်းဆိုတဲ့ ဒီအမှုတွေ ဘယ်တော့မှ မရှိရဘူး။ အင်မတန် တိတ် တိတ်ဆိတ်ဆိတ် ရှိပါတယ်။

တိတ်ဆိတ်တဲ့ နေရာကလေးမှာ ဘုရားကိုယ်တော်မြတ် တစ်နေ့ လယ်လုံး လူတွေကို တရားဟောရတဲ့ အပန်းတွေ အနွမ်းတွေ ဖြေတော် မူလို့ ခဏလောက် အပန်းပြေလောက်ပြီဆိုကော့ ရဟန်းတော်တွေ ရောက်လာပြီ။ ခြောက်နာရီခွဲလောက်။ အလျှိုအလျှို မိမိတို့ နေ့သန့်ရာ

http:\\www.dhammadownload.com



အရပ်က အသီးသီး ပြန်လာကြပြီး ဘုရားထံမှောက် ရောက်တယ်။ ရောက်တဲ့အခါမှာ တချို့ကိုယ်တော်က အမေးပုစ္ဆာပြဿနာ မေးတယ်၊ တချို့ကိုယ်တော်က မိမိတရား အားထုတ်လို့ ဉာဏ်ထဲမှာ မြင်လာတာ လျှောက်တယ်။ ရှေ့ဆက်ပြီးတော့ ကမ္မဋ္ဌာန်းအလုပ်ကို ဘယ်လို အားထုတ်ရပါ့မတုန်းဘုရားလို့ လျှောက်တဲ့ ကိုယ်တော်က လျှောက်တယ်။

အဲဒီလို ရဟန်းတော်တွေရဲ့ ယုံမှားသံသယတွေ ပယ်ဖျောက်ရတယ်။ အဲဒီလို ပယ်ဖျောက်ပြီးလို့ အချိန်ရှိသေးလို့ရှိယင် ရဟန်းတော်တွေနဲ့ သင့်လျော်လျောက်ပတ်တဲ့တရား ဟောကြားတော်မူရတယ်။ ခြောက်နာရီက နေပြီးတော့ ခုနစ်နာရီ၊ ရှစ်နာရီ၊ ကိုးနာရီ၊ ဆယ်နာရီထိအောင် လေးနာရီပတ်လုံး ရဟန်းတော် အရှင်သူမြတ်တို့ရဲ့ ယုံမှားသံသယကို ပယ်ဖျောက်ပြီး သကာလ ရဟန်းတော် အရှင်သူမြတ်များအား တစ်ကြိမ်သောက်ယင် သေပေါက်ငြိမ်းအေးတဲ့ အမြိုက်ဆေးကြီးကို နိဗ္ဗာန်ဆေးကြီးကို တိုက်ကျွေးတော်မူခဲ့တယ်။

၄။ ဆယ်နာရီထိုးလို့ ရဟန်းတော်တွေ ပြန်သွားပြီဆိုယင်ပဲ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ ရောက်လာတယ်။ ညဉ့်ဦးယံဆိုတဲ့ ခြောက်နာရီမှ ခုနစ်နာရီ၊ ရှစ်နာရီ၊ ကိုးနာရီ၊ ဆယ်နာရီဆိုတဲ့ ပထမယံကိစ္စ ပြီးသွားတဲ့နောက် မဇ္ဈိမယံဆိုတဲ့ ညရဲ့အလယ်ပိုင်း ရောက်ပြန်တော့လည်းပဲ စကြာဝဠာတိုက်တစ်သောင်းက နတ်တွေ ဗြဟ္မာတွေ ဘုရားထံမှောက် လာရောက်ပြီး သကာလ ဒေဝတာသံယုတ်တို့လို အမေးတွေ အဖြေတွေ ထူပါဘိ ပြောပါဘိသနဲ့နော်။ မင်္ဂလသုတ်လည်းပဲ အဲဒီလို သန်းခေါင်ယံ ဟောတာပဲ။ ဒီနတ်တွေရဲ့ အချိန်ပိုင်းမှာ ဟောတဲ့ သုတ္တန်ပဲနော်။

မျှော်ပြီးတော့ ကြည့်လိုက်စမ်း။ မင်္ဂလသုတ်လို သုတ္တန်ကို ဟောတော်မူတာဟာ ဆယ်နာရီက စပြီးတော့ ဟိုဘက်အချိန်ပဲလို့ သိပါ။ အဲဒီ ဒေဝတာသံယုတ်တို့၊ ဒေဝပုတ္တသံယုတ်တို့ဆိုတဲ့ နတ်တွေ ဗြဟ္မာ

http:\\www.dhammadownload.com



တွေ မေးလျှောက်လို့ ဟောကြားရတဲ့ သံယုတ်ကိုပဲ တစ်ပိုင်း တစ်ခန်း ပိဋကတော်မှာ ဒီလိုပဲ ထားရတယ်နော်။ သင်္ဂါယနာ တင်ထားရတယ်။ အဲဒီ စကြဝဠာတိုက်တစ်သောင်းက ရောက်လာတဲ့ နတ်ပြဟ္မာတွေကို ဆယ်နာရီကစပြီးတော့ ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီ၊ တစ်နာရီ၊ နှစ်နာရီထိအောင် လေးနာရီကြာအောင် နတ်ပြဟ္မာတွေရဲ့ ယုံမှားသံသယ ပယ်ဖျောက်ပြီးသကာလ မသေရာမှန် နိဗ္ဗာန်တည်းဟူသော အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့တယ်။ မဇ္ဈိမယံကိစ္စလေ။

အဲဒီ ပထမယံကိစ္စ၊ မဇ္ဈိမယံကိစ္စဆိုတဲ့ ကိစ္စနှစ်ပါးအတွက်ကို သင်္ဂဇာဆရာတော်ဘုရားကြီးက -

ဘိက္ခူနံ ပဌမေ ယာမေ၊
ပါယေသိ အမတာဂဒံ။
ဇာတိခေတ္တာဂ ဒေဝါနံ၊
ကင်္ခစ္ဆေဒေါ သ မဇ္ဈိမေ။

သ-သော ဇိနော=ထိုငါးမာန်အောင်မြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ပဌမေ ယာမေ=ညဥ့်၏ရှေ့ပိုင်း ပထမယံ လေးနာရီအတွင်း၌။ ဘိက္ခူနံ=တပည့်သားတော် ဖြစ်ကြတဲ့ ရဟန်းတို့၏။ ကင်္ခစ္ဆေဒေါ=ယုံမှားသင်္ကာကို ပယ်ဖြတ်တော်မူလျက်။ အမတာဂဒံ= မသေရာမှန် အမြိုက်နိဗ္ဗာန်တည်းဟူသော ဆေးကို။ ပါယေသိ= ကရုဏာရှေး တိုက်ကျွေးတော်မူခဲ့လေပြီ။ မဇ္ဈိမေ=ညဥ့်၏အလယ်ပိုင်း သန်းခေါင်ယံ လေးနာရီအတွင်း၌။ ဇာတိခေတ္တာဂ ဒေဝါနံ=ဇာတိခေတ်ပေါင်း တိုက်တစ်သောင်းမှ ချဉ်းရောက်လာ နတ်ပြဟ္မာတို့အား။ ကင်္ခစ္ဆေဒေါ=ယုံမှားသင်္ကာကို ပယ်ဖျောက်တော်မူလျက်။ အမတာဂဒံ=တစ်ကြိမ်သောက်က သေပေါက်ငြိမ်းအေး အမြိုက်နိဗ္ဗာန်တည်းဟူသော ဆေးကို။ ပါယေသိ=ကရုဏာရှေး တိုက်ကျွေးတော်မူခဲ့လေပြီ။

http:\\www.dhammadownload.com



ညဉ့်ဦးယံ ပထမယံကိစ္စ၊ အလယ်ပိုင်း သန်းခေါင်ယံ မဇ္ဈိမယံကိစ္စ နှစ်ပါးကို ဒီလိုပဲ သင်္ဂဇာဆရာတော်ဘုရားကြီးက ဂါထာလေး ရေးပြီးတော့ ဗုဒ္ဓါနုဿတိ ဘုရားရဲ့ လုံ့လ ဝီရိယဆိုတဲ့ ပယတ္တဘုန်းတော် ဘယ်လောက် ပြင်းထန်သလဲ၊ အာရုံပြုနိုင်ဖို့ ဆိုပြီးတော့ ရေးသားထားတော်မူခဲ့တယ်။

၅။ ကိုင်း–ကောင်းပြီ၊ သန်းခေါင်ယံ လွန်မြောက်လို့ မိုးသောက်ယံ ရောက်ပြီ။ နှစ်နာရီက နေပြီးတော့ သုံးနာရီ၊ သုံးနာရီက လေးနာရီ၊ လေးနာရီက ငါးနာရီ၊ ငါးနာရီက ခြောက်နာရီဆိုတော့ မိုးသောက်ယံ အချိန် ကုန်သွားတယ်။ မိုးသောက်ယံကို နာရီနဲ့ ပိုင်းယင် လေးနာရီ အရှိထား။ အဲဒီ လေးနာရီမှာ ဒီဃနိကာယ် အဋ္ဌကထာတို့၊ သုတ္တနိပါတ် အဋ္ဌကထာတို့ အလိုအားဖြင့် လေးနာရီကို လေးပိုင်း ပိုင်းရမယ်တဲ့။

ပစ္ဆိမယံကို လေးပိုင်းပိုင်း။

(၁) ပထမပိုင်းမှာ ဘာလုပ်တုန်း။ တစ်နေ့လုံး တစ်ညလုံး ပင်ပန်း နွမ်းနယ်ထားတဲ့ အပန်းတွေ အနွမ်းတွေ ပျောက်အောင်လို့ တစ်နာရီ တိတိ စင်္ကြံလျှောက်တော်မူတယ်။

(၂) အဲဒီ တစ်နာရီ စင်္ကြံလျှောက်တော်မူပြီးတဲ့ အခါကျတော့ တစ်နာရီတိတိ ဖလသမာပတ် ဝင်စားပြီး သက်ာလ အနားယူတော်မူတယ်။

(၃) တတိယ တစ်နာရီကျတော့ ကရဇကာယခေါ်တဲ့ အပန်းကလေး အနွမ်းကလေး ပြေပျောက်အောင် သီဟသေယျခေါ်တဲ့ ကေသရာခြင်္သေ့မင်းပမာ လက်ယာနံတောင်း လျောင်းစက်ခြင်းဖြင့် လျောင်းစက်တော်မူတယ်။ ဘုရားမြတ် လျောင်းစက်ယင် ညာဘက်မှာပဲ လျောင်းစက်တော်မူတယ်နော်။ ပက်လက်လည်း ဘယ်တော့မှ လျောင်းတော်မမူဘူး။ ဝမ်းလျားမှောက်လျက်လည်း လျောင်းတော်မမူဘူး။ လက်ဝဲနံတောင်းနဲ့လည်း လျောင်းတော်မမူဘူး။

http:\\www.dhammadownload.com



လက်ဝဲနံတောင်းနဲ့ လျောင်းတယ်၊ အိပ်တယ်ဆိုတာ ဂိဟိကာမဘောဂီ=လူဝတ်ကြောင်များမှ အိပ်တာ။

ပက်လက်လှန်လျက် အိပ်တယ်ဆိုတာ ပြိတ္တာများမှ အိပ်တာ။

ဘုရားကိုယ်တော်မြတ် အနေနဲ့ကတော့ ကေသရာ ခြင်္သေ့မင်းပမာ လက်ယာနံတောင်းဖြင့် လျောင်းတော်မူတယ်။ ဘယ်လိုတုန်း။ ကေသရာ ခြင်္သေ့မင်းဟာလေ အိပ်တော့မယ်ဆိုတော့ ခြေလေးနှစ်ချောင်း နောက်ပစ်တယ်။ လက်ကလေးနှစ်ချောင်း ရှေ့မှာ တစ်ခါတည်း စုချပြီးတော့ အဲဒီ လက်နှစ်ခုကြား ခေါင်းလေးထားပြီးတော့ သူ့ရဲ့အမြီးနေပုံ၊ ခြေ ထောက်နေပုံ၊ လက်နှစ်ဖက်နေပုံ၊ ခေါင်းနေပုံကို အကုန်လုံး အမှတ်အသားထားတယ်။ မှတ်သားပြီးတော့ သူအိပ်ချင်သလောက် အိပ်လိုက်တယ်။ အိပ်ရာက နိုးတဲ့အခါကျတော့ ဖြုန်းခနဲထပြီးသကာလ မသွားဘဲနဲ့ 'ငါ နဂိုထားတဲ့ လက်ထား ခြေထား အမြီးထား ပျက်သလား၊ မပျက်ဘူးလား'လို့ ဒီလို ကြည့်သေးတယ်။ နဂို မအိပ်ခင်က ထားရင်းစွဲ လက်ထား ခြေထား အမြီးထား ခေါင်းထား မပျက်ဘူးဆိုလို့ရှိယင် သူ၏ ကေသရာဇာတ်နှင့် (ကေသရာဇာ မဟုတ်ဘူးနော်၊ ကေသရလို့ ပါဠိရင်းက လာတဲ့ ကေသရာ) ကေသရာဇာတ်နှင့် လိုက်လျောပေဟယ်။ သူရသတ္တိဂုဏ်နဲ့ ပြည့်စုံပေတယ်၊ အခြေအနေ မပျက်ယင်။ ဇာတိမာန်တက်ကြွပြီး အဲဒီတော့မှ ထပြီးသကာလ ခြင်္သေ့ရဲ့ ဟိန်းဟောက်သံရဲရဲတောက် မရွံ့မကြောက် ဟိန်းဟောက်သံကို သုံးကြိမ်တိုင်တိုင် ဟိန်းဟောက်တယ်။

အဲဒါလိုပဲ ဘုရားကိုယ်တော်မြတ်က လျောင်းတော်မူတယ်၊ ကျိန်းတော်မူတယ်ဆိုတဲ့ အချိန်မှာလေ နဂိုထားတဲ့ လက်ထား၊ လက်ယာနံတောင်း၊ လက်ဝဲ လက်ထား။ လက်ယာလက်ထား၊ လက်ဝဲ ခြေတော်၊ လက်ယာခြေတော်၊ လက်ဝဲခြေတော်ရဲ့ ရှေ့နားမှာ လက်ယာခြေတော်ကို အနည်းငယ် ပိုထားတဲ့ အဲဒီ အထားက ဘယ်တော့မှ တစိုးတစိ မပျက်

http:\\www.dhammadownload.com



ဘူးတဲ့။ မပျက်ဘဲနဲ့ ကေသရာခြင်္သေ့မင်းပမာ လက်ယာနံတောင်း တစ်နာရီလောက် လျောင်းပြီးသကာလ ကရဇကာယ အပန်းအနွမ်းတွေကို ဖြေတော်မူတယ်။

## ကျွတ်ထိုက်သူသတ္တဝါများကို ကြည့်ရှုတော်မူခြင်း

(၄) စတုတ္ထနာရီ စတုတ္ထအဖို့အစု ရောက်တဲ့အခါကျတော့ ယနေ့ ငါ ဘယ်သတ္တဝါကို ချေချွတ်ရပါ့မလဲလို့ အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ခေါ်တဲ့ ဗုဒ္ဓစက္ခု=ဘုရားမျက်စိဖြင့် ဇာတိခေတ် စကြဝဠာ တိုက်တစ်သောင်းကို ဖြန့်ပြီး ကြည့်တော်မူရတယ်။ တစ်နာရီ–နော်။

အဲဒီ နောက်ဆုံး ပစ္ဆိမယံကိစ္စရဲ့ အကြောင်းကို သင်္ဂဇာဆရာတော်ဘုရားကြီးက –

အာဒေါ ဖလသုခံ ဝေဒိ၊
မဇ္ဈေ သေယျံ မကာ ဓိနော။
ဝေနေယျာလောကနံ အန္တေ၊
ပစ္ဆိမေ ပိ တိဓာ ကတော။

(ဆရာတော်ဘုရားကြီးရဲ့ ပစ္ဆိမယံကိစ္စကို ပြတဲ့ ဂါထာပါပဲ။ အပိုင်းသုံးပိုင်းနဲ့။ ဟို မဇ္ဈိမနိကာယ်တို့ အဆိုအတိုင်း ရေးသားထားတော်မူတဲ့ ဂါထာပါပဲ နော်။)

ပစ္ဆိမေ ပိ=ညဉ့်၏နောက်ပိုင်း ပစ္ဆိမယံကိုလည်း။ တိဓာ ကတော =သုံးဖို့သုံးစု ပြုတော်မူပြီးသည်ရှိသော်။ ဓိနော=ငါးမာန်အောင်မြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အာဒေါ=ပထမအပိုင်းအစု၌။ ဖလသုခံ=ဖလသမာပတ်ချမ်းသာကို။ ဝေဒိ=ကိုယ်တိုင်ခံစား၍ အနားဖြေတော်မူပြီ။ မဇ္ဈေ=အလယ်ပိုင်းအဖို့ အစု၌။ သေယျံ=ကေသရာခြင်္သေ့မင်းပမာ လက်ယာနံတောင်းဖြင့် လျောင်းစက်ခြင်းကို။ အကာ=ပြုတော်မူပြီ။ အန္တေ=အဆုံးပိုင်းအစု၌။ ဝေနေယျာလောကနံ=ကျွတ်

http:\\www.dhammadownload.com



ထိုက်သမျှ ဝေနေယျအား ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်မျက်စိဖြင့် ကြည့်ရှုတော်မူခြင်းကို။ အကာ=ကရုဏာရေးရှု ပြုတော်မူလတ်လေပြီ။

သုံးပိုင်းထားတယ်။ ဒီဃနိကာယ် အဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့ အလိုက လေးပိုင်း ရှိတယ်နော်။ အဲဒီ လေးပိုင်းအလို ဆိုလို့ ရှိယင်ဖြင့် -

စင်္ကမာ+ဒေါ တတော ပရံ၊
တတော သေယျ+မကာ ဇိနော။
ဝေနေယျော လောကနံ အန္တေ၊
ပစ္ဆိမေ စတုဓာကတော။

လို့ ဒီလို ဂါထာ စီရပါတယ်။

ဇိနော=ငါးမာန်အောင်မြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ပစ္ဆိမေ=ပစ္ဆိမယံကို။ စတုဓာကတေ=လေးပုံ လေးစု ပြုတော်မူအပ်သည်ရှိသော်။ အာဒေါ=ပထမအပုံ ပထမအစု ပထမတစ်နာရီ၌။ စင်္ကမံ=လူးလားတုံ့ခေါက် စင်္ကြံလျှောက်ခြင်းကို။ အဓိဋ္ဌာသိ=ဆောက်တည်တော်မူလတ်ပြီ။ တတော=ထိုပထမအပုံ ပထမအစု ပထမတစ်နာရီမှ။ ပရံ= နောက်ဖြစ်သော ဒုတိယအစု ဒုတိယအပုံ ဒုတိယတစ်နာရီအတွင်း၌။ သုခံ=ဖလသမာပတ် ချမ်းသာမြတ်ကို။ ဝေဒိ=ကိုယ်တော်ခံစား၍ အနားယူတော်မူလေပြီ။ တတော=ထိုဒုတိယ အစုအပုံမှ။ ပရံ=နောက်ဖြစ်သော အစုအပုံ တတိယ တစ်နာရီ၌။ သေယျံ=ကေသရာ ခြင်္သေ့မင်းပမာ လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူခြင်းကို။ အကာ=ပြုတော်မူလေပြီ။ တတော=ထို တတိယအစုမှ။ ပရံ=နောက်ဖြစ်သော စတုတ္ထအစု စတုတ္ထ တစ်နာရီ၌။ အန္တေ=အဆုံးဖြစ်သော စတုတ္ထ တစ်နာရီ၌။ ဝေနေယျာလောကနံ=ကျွတ်ထိုက်သမျှ ဝေနေယျအား ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်မျက်စိဖြင့် ကြည့်ရှုတော်မူခြင်းကို။ အကာ=ပြုတော်မူလေပြီ ... လို့ -

http:\\www.dhammadownload.com



ဗုဒ္ဓကိစ္စ ငါးပါးကိုလေ၊ သင်္ဂဇာဆရာတော် ဘုရားကြီးက ဗုဒ္ဓါနုဿ တိ ဘာဝနာခန်းမှာ ပွားရစ်ကြလေ၊ အောက်မေ့ရစ်ကြလေ ... လို့ ဒီအနေနဲ့ ဂါထာတွေ ရေးသားထားခဲ့တယ်။

အဲဒီမှာ ပစ္ဆိမယံကိစ္စရဲ့ နောက်ဆုံး စတုတ္ထနာရီပိုင်းမှာ ကြည့်တော် မူတဲ့ ဝေနေယျလောကန ခေါ်သော ဝေနေယျသတ္တဝါတွေကို ကြည့်တဲ့ အခန်းကနေပြီးတော့ ကနေ့ ကြည့်စမ်းစို့။

## အဂ္ဂိကဘာရဒွါဇပုဏ္ဏားအိမ်သို့ ဘုရားကြွတော်မူခြင်း

စတုတ္ထငါးနာရီမှ ခြောက်နာရီအတွင်း ဝေနေယျ သတ္တဝါတွေ ကနေ့ ဘယ်သူ့ကို ချေချွတ်ရပါ့မလဲလို့ ကြည့်လိုက်တဲ့အခါမှာ သာဝတ္ထိပြည် အတွင်းမှာရှိတဲ့ **အဂ္ဂိကဘာရဒွါဇ**လို့ မီးကို သူတစ်ပါးထက် ထူးချွန် ပူဇော်လွန်းလို့ – အဂ္ဂိက၊ အနွယ်က ဘာရဒွါဇမို့လို့ အဂ္ဂိကဘာရဒွါဇ အမည်ရတဲ့ ပုဏ္ဏား ကိုယ်တော်မြတ်ရဲ့ ဉာဏ်ထဲမှာ ထင်လာတယ်။

ဒီပုဏ္ဏားကြီးနဲ့ ကနေ့ ဘယ်လိုများ တရားအချိတ်အဆက် ဖြစ်မလဲ လို့ ကြည့်လိုက်တဲ့အခါ ယနေ့ ငါဘုရားသည် အဂ္ဂိကဘာရဒွါဇပုဏ္ဏား ရဲ့အိမ်ကို သွားလို့ရှိယင် ဆီးပြီးတော့ ငါဘုရားကို မခံချင်အောင် ပြော လိမ့်မယ်၊ ပြောလို့ရှိယင် ငါက ဒီလို ပြန်ပြောလိုက်မယ်၊ သူ ဒီစကား နားမလည်လို့ ပြဿနာ မေးလိမ့်မယ်၊ အဲဒီလို မေးတဲ့အခါကျတော့ ဝသလသုတ္တန် ဒေသနာကို ငါဘုရား ဟောကြားရလိမ့်မယ်။ ဝသလ သုတ္တန် ဒေသနာနိဂုံး ဆုံးတဲ့အခါကျတော့ အဂ္ဂိကဘာရဒွါဇ ပုဏ္ဏား သရဏဂုံနဲ့တကွ ငါးပါးသီလတည်တဲ့ ဗုဒ္ဓရဲ့ ဥပါသကာ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာမယ်ဆိုတာ ဉာဏ်တော်ထဲမှာလေ အစောကြီး ကတည်းက ငါးနာရီနဲ့ ခြောက်နာရီ အတွင်းကတည်းက ရှင်းရှင်း လင်းလင်းကြီး ထင်းထင်းကြီး မြင်ပြီးသား ဖြစ်နေပြီ။

အဲဒီလို မြင်ပြီးသား ဖြစ်နေတော့ ကိုင်း အဲဒီနေ့မှာ ပုရေဘတ္တကိစ္စ အနေနဲ့ မနက်ခြောက်နာရီမှာ ကိုယ်တော်ရဲ့ မျက်နှာတော်များ သစ်ပြီး

http:\\www.dhammadownload.com



တော့ ခေတ္တခဏဆွမ်းခံချိန် ငံ့လင့်ပြီးတော့ တည်တည်ငြိမ်ငြိမ် တိတ်တိတ် ဆိတ်ဆိတ်နေရာက ခုနစ်နာရီလောက် ရောက်တဲ့အခါ ယခင်က ပြောခဲ့ တဲ့အတိုင်း ဘုရားကိုယ်တော်မြတ်ရဲ့ တင့်တယ်စံပယ်ခြင်းဖြင့် သာဝတ္ထိ ပြည်အတွင်း ဆွမ်းခံကြွတော်မူခဲ့ပြီ။

သာဝတ္ထိပြည်အတွင်း ဆွမ်းခံကြွတော်မူတဲ့အချိန်မှာ ပါဠိတော်မှာ ဖြည့်စွက်ပြီး ဘာတွေပြောတုန်းဆိုတော့ –

တေန ခေါ ပန သမယေန အဂ္ဂိကဘာရဒွါဇဿ ဗြာဟ္မဏဿ နိဝေသနေ အဂ္ဂိ ပဇ္ဇလိတော ဟောတိ အာဟုတိ ပဂ္ဂဟိတာ။

တေန ခေါ ပန သမယေန=ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည် အတွင်း ဆွမ်းခံကြွတော်မူသော အခါကာလ၌။ အဂ္ဂိကဘာရဒွါဇဿ ဗြာဟ္မဏဿ=အနွယ်အားဖြင့် ဘာရဒွါဇ အမည်အားဖြင့် အဂ္ဂိက အမည်ရတဲ့ ပုဏ္ဏားအား၏။ နိဝေသနေ=အိမ်အတွင်း၌။ အဂ္ဂိ=ဟုံးနတ် အား ပူဇော်တဲ့မီးသည်။ ပဇ္ဇလိတော=တပြောင်ပြောင် တောက်လောင် လျက် ရှိသည်။ ဟောတိ=ဖြစ်၏။ အာဟုတိ=ဟုံးနတ်ပူဇော်ရန် ထောပတ် ဆီ ပျား အဂရုရှိသော ပူဇော်ဖွယ် ဝတ္ထုအစုစုကို။ ပဂ္ဂဟိတာ= မြှောက်ချီတင်ချီ အသင့်ပြင်ဆင်ထားအပ်သည်။ ဟောတိ=ဖြစ်၏။

အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားကြီးက သူတို့ ဗြဟ္မာကို ပူဇော်မယ်ဆိုပြီး မီးပူဇော်ဖို့ရန် ဆီကတစ်မျိုး၊ ထောပတ်ကတစ်မျိုး၊ ပျားရည်ကတစ်မျိုး နွားနို့ကတစ်မျိုး၊ ဒီလို ပူဇော်စရာတွေကို သူတို့အနေနဲ့ ဗြဟ္မာကြီးလက် ထဲ ရောက်အောင်လည်း လှမ်းမတင်နိုင်တော့ဘူး။ ဗြဟ္မာကြီးဆီ ရောက် ချင်တယ်ဆိုယင် ဒီမီးထဲပဲ ဆီလောင်းရတယ်။ ဗြဟ္မာကြီး အာရုံပြုပြီး တော့ မီးထဲ ဆီလောင်းလိုက်ယင် ဒီဆီကောင်းမှုက ဗြဟ္မာ့ဆီ ရောက် တယ်လို့ သူတို့က ဒီလို ယူဆတယ်။

ထောပတ်လောင်းယင် ထောပတ်ပူဇော်တာ၊ အဲဒါ မီးထဲလောင်းတာ ချည်းပဲ။ မီးထဲ လောင်းတာနဲ့ပဲ ဗြဟ္မာ့ပြည် ရောက်တယ်လို့ ဒီလို သူ့ကို

http:\\www.dhammadownload.com



ကာ ယူဆတယ်။ အဲဒီလို ယူအဆအတိုင်း မီးပူဇော်ဖို့ရန် ဟုံးနတ်ပူဇော်ဖို့ရန် ဆီတွေ၊ ထောပတ်တွေ၊ ပျားတွေ၊ သကာတွေ၊ နွားနို့တွေ ခွက်ကြီးခွက်ငယ်နဲ့ အသင့်ထားပြီးတော့ ပထမ မီးအား ကောင်းအောင် ထင်းတွေထည့်၊ ယပ်တွေနဲ့ မီးမှုတ်လို့ မီးတဟုန်းဟုန်း တောက်တဲ့ အချိန်မှာ ဘုရားကိုယ်တော်မြတ်ကြီး ကြွသွားတယ်။ ကြွတော့ ဘုရားကိုယ်တော်မြတ်က ပကတိ ရိုးရိုးကြွတာပဲ။ ဒါပေမယ့် အချိန်က ကိုက်လို့။

အထ ခေါ ဘဂဝါ သာဝတ္ထိယံ သပဒါနံ ပိဏ္ဍာယ စရမာနော ယေန အဂ္ဂိကဘာရဒွါဇဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။

အထ ခေါ=ထိုအခါ၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ သာဝတ္ထိယံ= သာဝတ္ထိပြည် အတွင်း၌။ သပဒါနံ=အိမ်စဉ်အတိုင်း။ ပိဏ္ဍာယ=ဆွမ်း အလို့ငှာ။ စရမာနော=လှည့်လည်တော်မူလတ်သည်ရှိသော်။

ဆင်းရဲသား အိမ်ရယ်လို့ ကျော်မသွားဘူး။ လူကုံထံအိမ်မှ ကွက်ပြီး တော့ ဆွမ်းခံမယ်လို့ ကျော်ပြီးမခံဘူး။ ဆင်းရဲသားသော လူကုံထံသော မျက်နှာမရွေးဘူး။ အိမ်စဉ်အတိုင်း တစ်ခါတည်း ဘုရားကိုယ်တော်မြတ် ဆွမ်းခံကြွလို့ အစဉ်အတိုင်း ကြွလာတဲ့အခါ –

ယေန=အကြင်အရပ်၌။ အဂ္ဂိကဘာရဒွါဇဿ ဗြာဟ္မဏဿ နိဝေ သနံ=အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားၢ၏အိမ်သည်။ အတ္ထိ=ရှိ၏။ တေန=ထို အဂ္ဂိကဘာရဒွါဇပုဏ္ဏား အိမ်ရှိတဲ့ အရပ်သို့၊ ရှိတဲ့လမ်းသို့။ ဥပသင်္ကမိ =ကြွချီတော်မူခဲ့လေပြီ ... ။

ဘုရားကိုယ်တော်မြတ်ကြီး ရောင်ခြည်တော် ခြောက်ပါးဖြင့် အင်မတန် တင့်တယ်တဲ့ မဟာပုရိသလက္ခဏာတော်ကြီးတွေ၊ အနုဗျဉ္ဇန လက္ခဏာတော်ငယ်တွေနဲ့ နတ်တွေ၊ လူတွေ၊ ဗြဟ္မာတွေရဲ့ မျက်စိထဲမှာ အရသာစုံယူတဲ့ စက္ခုရသာယန ဆေးကြီးသဖွယ် ကြွချီတော်မူလာတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီး မြင်ယင် ဒီလိုဆိုယင် ဝမ်းသာဖို့ပေါ့။ မြင်တိုင်း မြင်တိုင်းသော လူတွေဟာ

http:\\www.dhammadownload.com



ကုသိုလ်တရားတွေ ဖြစ်သလောက် အင်္ဂုလိမာလရဲ့ဒါဇပုဏ္ဏားအဖို့ရာမ တော့ ကုသိုလ်မဖြစ်နိုင်ဘူး။

## ဘုရားအား သူယုတ်ဟု ပုဏ္ဏားက ဆိုခြင်း

ဘာကြောင့်လဲ။ ဒီလို ဗြဟ္မာအား သူတို့ ဟုံးနတ်ပူဇော်တဲ့အချိန်မှာ ဒီလို ရဟန်းများ လာရောက်လို့ရှိယင် အဝမင်္ဂလာတဲ့၊ အမင်္ဂလာလို့ အယူရှိတယ်။ အဲဒီလို အယူရှိတဲ့အတွက် ငါ ဟုံးနတ်ပူဇော်မယ့်အချိန်မှာ ဒီရဟန်းကြီး ဂေါတမ ကြွလာရလေခြင်း၊ ကြွလာရလေတကားလို့ သူတစ်ပါးတွေ ကုသိုလ်ဖြစ်မယ့်အရာမှာ နှလုံးသွင်း လွဲပြီးတော့ နှလုံး မသာမယာတဲ့၊ စိတ်ဆိုးတဲ့ ဒေါမနဿ ဝေဒနာတွေ၊ ဒေါသစိတ်တွေ မိုးမွှန်ပြီးတော့ ဆီးပြီး ဘယ့်နှယ်ပြောလိုက်သလဲ။

တတြေဝ မုဏ္ဍက၊ တတြေဝ သမဏက၊
တတြေဝ ဝသလက တိဋ္ဌာဟိ။

မုဏ္ဍက=ဟယ် ... ဦးပြည်းယုတ်ဖြစ်သော ရဟန်းကြီးဂေါတမ။ တတြေဝ=ဒီအနား မလာခဲ့နဲ့၊ အဲဒီနေရာမှာပင်လျှင်။ တိဋ္ဌာဟိ=သင် ရပ်လော့။ သမဏက=ရဟန်းယုတ်ဖြစ်တဲ့ ဟယ် ... ရဟန်းကြီး ဂေါတမ။ တတြေဝ=ငါ့အိမ်မှောက်ရောက်အောင် မလာခဲ့နဲ့။ ထို ယခု ရောက်တဲ့ နေရာမှာပင်လျှင်။ တိဋ္ဌာဟိ=သင်ရပ်လော့။ ဝသလက= အယုတ်ဖြစ်သော ရဟန်းကြီးဂေါတမ။ တတြေဝ=ငါ့အိမ်မှောက် ရောက်အောင် မလာခဲ့နဲ့၊ ထို ယခုရောက်တဲ့ နေရာမှာပင်လျှင်။ တိဋ္ဌာဟိ=သင် ရပ်လော့။

ဘယ်လောက် ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်သလဲ။ သူ့အနေနဲ့က တော့ အမင်္ဂလာကြီးကိုး။ သူ့ရဲ့မိစ္ဆာဒိဋ္ဌိ အယူအားဖြင့်တော့ အမင်္ဂလာ ဖြစ်နေတဲ့အတွက် ဒါလောက်ကြီး စိတ်ဆိုးပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်တယ်။ လောကသုံးပါးမှာ အဝတုမရှိတဲ့ ဘုရားကိုယ်တော်မြတ် ကြီးကို ဒီလို ပြောလိုက်တာပေါ့နော်။ ဘုရားနောက်က စိတ်ဆတ်ဆတ်

http:\\www.dhammadownload.com



ကိုယ်တော်ပေါ့လေ၊ ပုထုဇဉ် ကိုယ်တော်ပါယင်ဖြင့် ပုဏ္ဏားကို လက်သီးနဲ့ ထိုးချင်မလား မသိဘူး။

အခုတော့ နောက်တော်ကပါတဲ့ ရဟန်းတော်တွေကလည်းပဲ အရိယာကိုယ်တော်တွေဆိုတော့ အင်မတန် ရိုင်းတဲ့ အဂ္ဂိကဘာရဒ္ဒါဇ ဆိုတဲ့ နွားရိုင်းကြီး၊ ကျွဲရိုင်းကြီး၊ မြင်းရိုင်းကြီး၊ ဆင်ရိုင်းကြီးကိုဖြင့် ကနေ့ ဘုရားကိုယ်တော်မြတ်က အယဉ်ကျေးဆုံးဖြစ်အောင် ဆုံးမတော်မူတော့မယ်လို့ ရဟန်းတော်တွေကလဲ ကိုယ့်ဆရာဘုရားရဲ့ ဂုဏ်ကျေးဇူးကို သိပြီးတော့ အားလုံးက ပြုံးပြီး နေကြတယ်။

ဘုရားကိုယ်တော်မြတ်ကတော့ အစောကြီးကကို ဒီလိုပြောလိမ့်မယ် သိပြီးတော့ ထားတယ်။ သိထားတာဖြစ်တော့ ငါတရားဟောဖို့ အချိန်မီလာပြီလို့ ပြောမှ တရားဟောရမှာကိုး။ အချိန်မီလာပြီလို့ ဘုရားကိုယ်တော်မြတ်ကလေ သားကို ဖခင်က ချစ်တဲ့မျက်လုံးနဲ့ ကြည့်တဲ့အသွင်မျိုးနဲ့ ဘုရားကိုယ်တော်မြတ်က ပြုံးပြုံးကြီး ကြည့်ပြီး ဘယ့်နှယ်ပြောတုန်း။

ဇာနာသိ ပန တွံ ဗြာဟ္မဏ ဝသလံ ဝါ ဝသလကရဏေ ဝါ ဓမ္မေ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒ္ဒါဇ ပုဏ္ဏား။ တွံ=သင်သည်။ ဝသလံ ဝါ=သူယုတ်ကိုလည်းကောင်း။ ဝသလကရဏေ=သူယုတ်ဖြစ်အောင် ပြုလုပ်တဲ့။ ဓမ္မေ ဝါ=တရားတို့ကို လည်းကောင်း။ ဇာနာသိ ပန=ပိုင်းခြားထင်ထင် သင်သိပါ၏လား။

အဂ္ဂိကဘာရဒ္ဒါဇပုဏ္ဏား ... ၊ အခု ငါ့ကို သင်က သူယုတ်မာကြီးလို့ လှမ်းပြီးတော့ ပြောလိုက်တာများ သင့်ကိုယ်တိုင်က ဘယ်လိုပုဂ္ဂိုလ်ကို ဝသလ သူယုတ်လို့ ခေါ်တယ်၊ ဘယ်လိုတရားတွေဟာ သူယုတ်ဖြစ်အောင် ပြုလုပ်တတ်တယ်လို့ သင် သိရဲ့လားတဲ့။ မသိလို့ရှိယင် ဟောမယ်ဆိုတဲ့ အနေမျိုးနဲ့ ဘုရားက မေးလိုက်တယ်။

မေးလိုက်လို့ ပါရမီ မရှိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် မသိကော ဘာပြုတုန်းလို့ ဆိုလိမ့်မယ်၊ အခု အဂ္ဂိကဘာရဒ္ဒါဇကလေ၊ ပါရမီသီလ

http:\\www.dhammadownload.com



ကောင်းမှု ကုသိုလ်အခံရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ စောစောစီးစီး ဓားမဦးချ ပုဏ္ဏားတို့ အယူကို မိစ္ဆာဒိဋ္ဌိထဲမှာ မျိုးစေ့သွားကျလို့ ဗြာဟ္မဏမာန်နဲ့ ပြောမိပေ မယ်လို့ ရှေးက ပုဗ္ဗေစ ကတပုညတာ ကောင်းမှု ကုသိုလ်က ထောက်ပံ့တဲ့အတွက် စိတ်မဆိုးနိုင်ဘူး။ ဘူးပြန်ပြီး ကန့်လန့်ပြန်ပြီး သကာလ မသိတော့ကော ဘာဖြစ်ရမတုန်းဆိုတဲ့ အဖြေမျိုး မပေးဘဲနဲ့ ဘုရားကိုယ်တော်မြတ်က ကရုဏာပြဋ္ဌာန်းပြီးတော့ –

ဇာနာသိ ပန တွံဗြာဟ္မဏ ဝသလံ ဝါ ဝသလကရဏေ ဝါ ဓမ္မေ။

အဂ္ဂိကဘာရဒွါဇပုဏ္ဏား ...၊ အသင်သည် ဝသလဆိုတဲ့ သူယုတ် ဆိုတာ ဘယ်လို ဘယ်နှစ်မျိုး ရှိတယ်လို့ သိရဲ့လား။ အဲဒီ သူယုတ် ဖြစ်အောင် ပြုလုပ်တတ်တဲ့ တရားတွေ ဘယ်ဟာတွေရယ်လို့ သိရဲ့လား။ မသိယင် ငါဘုရား ဟောကြားမယ်လို့တော့ အပေါ်စားတော့ မပြောပါ ဘူး။ မျက်နှာတော်ကို မျှော်ပြီး ကြည့်လိုက်လို့ရှိယင် ငါ လင်းလင်းထင်း ထင်း ဟောကြားမယ်ဆိုတဲ့ မျက်နှာအပြုံးနဲ့ အကြည်ဓာတ်နဲ့ ဘုရားက ပေးပြီးတော့ မေးလိုက်တော့လေ တစ်ခါတည်း မီးနဲ့တွေ့တဲ့ ဖယောင်းလို အဂ္ဂိကဘာရဒွါဇပုဏ္ဏားရဲ့ စောစောက မာန်မာနခက်ထန်နေတဲ့ စိတ်တွေ ဟာ အကုန်ပြောင်းပြီးတော့ တောင်းပန်လိုတဲ့ စိတ်တွေ ပေါ်လာတယ်။

န ခွာဟံ ဘော ဂေါတမ ဇာနာမိ ဝသလံ ဝါ ဝသလကရဏေ ဝါ ဓမ္မေ။

ဘော ဂေါတမ=အို အနွယ်တော်ဂေါတမ ဖြစ်တော်မူသော မြတ်စွာ ဘုရား။ အဟံ=အကျွန်ုပ်သည်။ ဝသလံ ဝါ=သူယုတ်ကို လည်း ကောင်း။ ဝသလကရဏေ=သူယုတ်ဖြစ်အောင် ပြုလုပ်တတ်တဲ့။ ဓမ္မေ ဝါ=တရား ဘယ်နှစ်မျိုး ရှိသည်တို့ကိုလည်းကောင်း။ န ခေါ ဇာနာမိ= မသိကေန် မှန်လှပါတယ် ဘုရား။

http:\\www.dhammadownload.com



သာဓု မေ ဘဝံ ဂေါတမော တထာ ဓမ္မံ ဒေသေတု၊ ယထာဟံ ဇာနေယျံ ဝသလံ ဝါ ဝသလကရဏေ ဝါ ဓမ္မေ။

သာဓု အာယာစာမိ=တောင်းပန်စကား လျှောက်ထားပြောကြားပါ၏။ ယထာ=အကြင်သို့သော အခြင်းအရာအားဖြင့် အရှင်ဘုရား ဟောကြားလတ်သည်ရှိသော်။ အဟံ=အကျွန်ုပ်သည်။ ဝသလံ ဝါ= သူယုတ်မာ ဘယ်နှစ်မျိုးရှိသည်ကို လည်းကောင်း။ ဝသလကရဏေ ဓမ္မေ ဝါ=သူယုတ်မာဖြစ်အောင် ပြုလုပ်တတ်တဲ့ တရားတို့ကို လည်းကောင်း။ ဇာနေယျံ=သိရာ၏။ တထာ=ထိုသို့သော အခြင်းအရာ အားဖြင့်။ မေ=အကျွန်ုပ်အား။ ဓမ္မံ=ဝသလ သုတ္တန်တရား ဒေသနာ တော်မြတ်ကို။ ဒေသေတု=ကရုဏာရှေ့ထား ဟောကြားတော်မူပါ။

**သူယုတ်သူမြတ် ဖြစ်ခြင်းအကြောင်း ဟောတော်မူခြင်း**

သာယာညွတ်ပျောင်း တောင်းပန်လိုက်တဲ့အခါ ဘုရားကိုယ်တော် မြတ်က–

တေန ဟိ ဗြာဟ္မဏ သုဏာဟိ သာဓုကံ မနသိကရောဟိ၊ ဘာသိဿာမိ။

ဒါဖြင့်ယင် အဂ္ဂိကဘာရဒွါဇ ပုဏ္ဏား ... မြဲမြဲစွဲစွဲ နားထောင်နော်၊ မြဲမြဲစွဲစွဲ နှလုံးသွင်းနော်။

**ဘာပြုလို့ မြဲမြဲစွဲစွဲ နားထောင်ရမလဲ၊ ဘာပြုလို့ မြဲမြဲစွဲစွဲ နှလုံးသွင်း** ရမလဲ ဆိုယင်–တဲ့။ ငါဘုရားရဲ့ စကားတော်ဟာလေ– သဒ္ဒါအနေအား ဖြင့်လည်း အင်မတန် နက်နဲတယ်နော်။ ဒါကြောင့် နားထောင်တဲ့အခါ မှာ အာရုံတစ်ပါး စိတ်မသွားဘဲ မြဲမြဲစွဲစွဲ အသံသဒ္ဒါရုံကိုပဲ နားထောင်၊ အနက်ကို စဉ်းစားတဲ့အခါမှာလည်းပဲ အနက်ကလည်း လေးနက်တယ်။ နက်နဲတဲ့ အနက်အဓိပ္ပါယ်တွေဖြစ်တော့ ပေါ့ပေါ့များ မစဉ်းစားနဲ့၊ မြဲမြဲ စွဲစွဲ လေးလေးနက်နက် စဉ်းစားလေ ... လို့ 'သုဏာဟိ သာဓုကံ မနသိ ကရောဟိ'လို့ ဒီလို ဆိုလိုက်ယင်ပဲ ပုဏ္ဏားရဲ့ စိတ်ထဲမှာ ခက်ချည့်။

http:\\www.dhammadownload.com



ယခုဟောမယ့် တရားစကားဟာ သဒ္ဓါကလည်း နက်နဲတယ်၊ အနက်က လည်း ခက်ခဲတယ် ဆိုလို့ရှိယင် ငါသိမှ သိပါ့မလားလို့ စိတ်ထဲမှာလေ အားငယ်သွားမှာစိုးလို့ ဘာသိဿာမိ=သင် အဂ္ဂိကဘာရဒွါဇပုဏ္ဏား မသိယင် သိအောင် အကျယ်တဝင့် ငါဘုရားဟောကြား ပြသမယ်လို့ အဲဒီလို ဘုရားကိုယ်တော်မြတ် ရဲရဲတောက် ဝန်ခံလိုက်တဲ့အခါကျ တော့-

ဧဝံ ဘော=ကောင်းပါပြီ ရှင်ကြီးဂေါတမ ... လို့ အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားက ဘုရားရဲ့ စကားကို ကောင်းကောင်း လက်ခံတော့မှ ဘုရား ကိုယ်တော်မြတ်က ဆက်ပြီးသကာလ -

ကောဓနော ဥပနာဟီ စ၊ ပါပမက္ခီ စ ယော နရော။

ဝိပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ။

(ဒီတော့မှ ကိုယ်တော် ဟောချင်တဲ့တရား စ,ရတယ်နော်)။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော နရော=အကြင်သူသည်။ ကောဓနော=အမျက်ထွက်လေ့ရှိပေ၏။ တံ ဝါ=ထိုအမျက်ထွက်လေ့ရှိ တဲ့ သူကိုလည်းကောင်း။ ဥပနာဟီ=ရန်ငြိုးဖွဲ့လေ့ရှိပေ၏။ တံ ဝါ=ထို ရန်ငြိုးဖွဲ့လေ့ ရှိတဲ့သူကိုလည်းကောင်း။ ပါပမက္ခီ=ယုတ်မာတဲ့သဘော နဂိုရှိတဲ့အတွက် သူ့ကျေးဇူးကို ချေဖျက်လေ့ ရှိပေ၏။ တံ ဝါ=ထို သူ့ကျေးဇူးကို ချေဖျက်တဲ့ ပုဂ္ဂိုလ်ကိုလည်းကောင်း။ ဝိပန္နဒိဋ္ဌိ= ဖောက်ပြန် မှားယွင်းသော မိစ္ဆာအယူ ရှိပေ၏။ တံ ဝါ=ထိုဖောက်ပြန် မှားယွင်းသော မိစ္ဆာအယူရှိတဲ့ လူကိုလည်းကောင်း။ မာယာဝီ=မိမိ အပြစ်ကို ဖုံးလွှမ်းလေ့ရှိတဲ့ လူကိုလည်းကောင်း။ ဝသလော ဣတိ= အကုသိုလ်တရားတွေကို တစ်နေ့တခြား တိုးပွားယိုစီး စေတတ်တဲ့ အတွက် ဝသလဟူ၍ သူယုတ်မာဟူ၍။ ဇညာ ဇာနေယျ=ပိုင်းခြား ထင်ထင် သိမြင်ရာ၏။

http:\\www.dhammadownload.com



နားလည်ပလားတဲ့။ ဝသလလို့ ခေါ်ရမှာ သူယုတ်မာလို့ ခေါ်ရမှာ မြန်မာလို၊ ပါဠိလို ဝသလလို့ ခေါ်ရမှာ၊ ဘာကြောင့် ဝသလလဲ။ အကုသိုလ်တရားတွေကို ယိုစီး တိုးပွားစေတတ်တဲ့အတွက် ဝသလလို့ ခေါ်ရတာ။ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ အကုသိုလ်တရားတွေ ယိုစီးတိုးပွား စေတတ်သလဲလို့ ဆိုတော့ -

(၁) စိတ်ဆိုးတတ်တဲ့ ပုဂ္ဂိုလ်၊ အမျက်ထွက်တဲ့ ပုဂ္ဂိုလ်၊ အဲ သူလည်း အကုသိုလ်တရား တိုးပွားနေတာပဲတဲ့။ အဲဒီ ပုဂ္ဂိုလ်မျိုးကို ဝသလ လို့ ဆိုရတယ်။

(၂) ရန်ငြိုး အာဃာတ ထားတဲ့ပုဂ္ဂိုလ်။ အဲဒီလို ပုဂ္ဂိုလ်ကို ဝသလလို့ ဆိုရတယ်။

(၃) သူ့ကျေးဇူးကို ချေဖျက်တဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ကို ဝသလလို့ ဆိုရတယ်။

(၄) မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်ကို နတ္ထိ မာတာ၊ နတ္ထိ ပိတာ။ အမေ အဖေရယ်လို့ အခုလောကမှာ မရှိပါဘူးကွာ၊ ခေါ်ဝေါ်ပညတ်ရုံ သာပါ၊ သူတို့ကို ကောင်းကောင်း ပြုစုပေမယ့် ဒို့ကောင်းကျိုး မရပါဘူး။ အဲဒီလို ယူဆတဲ့ အန္တဂ္ဂါဟိကဒိဋ္ဌိလို့ ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ အယူရှိနေတဲ့ ပုဂ္ဂိုလ်များမှ အကုသိုလ်တရားတွေ တစ်နေ့ တစ်ခြား တိုးပွားတဲ့အတွက် ဝသလလို့ ပါဠိလို ခေါ်တယ်။ သူယုတ်မာလို့ မြန်မာလို ခေါ်ရတယ်။

(၅) မာယာဝီ=ကိုယ်နှုတ်ဖြင့် အပြစ်တွေကို ဖုံးလွှမ်းပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်ကိုမှ ဝသလ=အကုသိုလ်တရားတွေ တစ်နေ့တခြား တိုးပွားလေ့ရှိစေတတ်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်ရတယ်။

ဘယ်လောက်ရှိသွားပြီလဲ။ ဝသလငါးမျိုး ရပြီနော်။ သူယုတ်မာ ငါးမျိုးရပြီ။ အမျက်ထွက်တတ်တဲ့ ပုဂ္ဂိုလ်လည်း သူယုတ်မာပဲ။ ရန်ငြိုးဖွဲ့ တတ်တဲ့ ပုဂ္ဂိုလ်လည်း သူယုတ်မာပဲ။ သူ့ကျေးဇူးခြေဖျက်တတ်တဲ့

http:\\www.dhammadownload.com



ပုဂ္ဂိုလ်လည်း သူယုတ်မာပဲ။ မိစ္ဆာဒိဋ္ဌိ မိ မရှိဘူး၊ ဖ မရှိဘူး ဆိုတဲ့ အန္တဂ္ဂါဟိက ဒိဋ္ဌိသမားများလည်းပဲ သူယုတ်မာပဲလို့ သူယုတ်မာငါးမျိုး ဤဂါထာက ပြခဲ့တယ်။

ပုဂ္ဂလာဓိဋ္ဌာန်က ဓမ္မာဒေသနာ နည်းအားဖြင့် အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ဖောက်ပြန်မှားယွင်းစွာ ယူခြင်း၊ မိမိရဲ့ အပြစ်ကို ဖုံးလွှမ်းခြင်းဆိုတဲ့ ဤတရားငါးပါးဟာ သူယုတ်မာ ဖြစ်အောင် ပြုလုပ်တတ်တဲ့ တရားပဲလို့ ဒီ ပထမဂါထာက သူယုတ်မာငါးမျိုးနဲ့ ပြခဲ့တယ်။

> ဧကဇံ ဝါ ဒွိဇံ ဝါပိ၊
> ယောဓ ပါဏံ ဝိဟိံသတိ။
> ယဿ ပါဏေ ဒယာ နတ္ထိ၊
> တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ဣဓ=ဤလောက၌။ ယော= အမှတ်မထင် အကြင်သူသည်။ ဧကဇံ ဝါ=တစ်ကြိမ်သာ ဖွားမြောက်ရသော။ ပါဏံ ဝါ=ဇလာဗုဇသတ္တဝါ၊ သံသေဒဇသတ္တဝါ၊ ဩပပါတိက သတ္တဝါကိုလည်းကောင်း။ ဒွိဇံ ဝါပိ=နှစ်ကြိမ်တိုင်တိုင် ဖွားမြောက်ရသော။ ပါဏံ ဝါ=အဏ္ဍဇသတ္တဝါကိုလည်းကောင်း။ ဝိဟိံသတိ=ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ပေ၏။ ယဿ=အကြင်သူအား။ ပါဏေ= သတ္တဝါလေးမျိုး၌။ ဒယာ=ငဲ့ညှာထောက်ထား သနားကရုဏာသည်။ နတ္ထိ=တစိုးတစိ မရှိပေ။ တံ=ထိုသတ္တဝါတို့အပေါ်မှာ ကာယကံအားဖြင့် လည်း မငဲ့ညှာ မထောက်ထား၊ ဝစီကံအားဖြင့်လည်း မငဲ့ညှာမထောက် ထား၊ မနောကံအားဖြင့်လည်း မငဲ့ညှာ မသနားပဲ ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိတဲ့ သတ္တဝါကို။ ဝသလောဣတိ=အကုသိုလ်တရား တစ်နေ့တစ်ခြား တိုးပွားစေတဲ့ ဆိုးဝါးလှစွာသော သူယုတ်မာဟူ၍။ ဇညာ-ဇာနေယျာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏ ... လို့ -

http:\\www.dhammadownload.com



ဝသလခေါ်တဲ့ ပုဂ္ဂိုလ်မျိုးကို တစ်ဂါထာနဲ့ ဟောလိုက်ပြန်ပြီနော်။ အဲဒီမှာ ခွဲပြီးတော့ ကြည့်လိုက်ယင် သတ္တဝါလေးမျိုးရှိတယ်။ အဏ္ဍဇ သတ္တဝါ၊ ဇလာဗုဇသတ္တဝါ၊ သံသေဒဇသတ္တဝါ၊ ဩပပါတိက သတ္တဝါ လို့ လေးမျိုးရှိတယ်။ အဏ္ဍဇသတ္တဝါဆိုတာ အဥမှ ပေါက်ဖွားရတဲ့ သတ္တဝါ၊ ကြက်များလိုပေါ့နော်။ ကြက်များမှာ အမိဝမ်းမှ တစ်ကြိမ် ပေါက်ရတယ်။ ဥထဲက တစ်ကြိမ်ပေါက်ရတယ်။ အဲဒီလို နှစ်ကြိမ် ပေါက်ရတဲ့အတွက် ဒီကြက်ကို ဒွိဇသတ္တဝါလို့ ခေါ်တယ်။ ဇလာဗုဇ သတ္တဝါ=အမိဝမ်းမှ ဖွားရတဲ့ သတ္တဝါ၊ သံသေဒဇသတ္တဝါ၊ အညိမှာ သန္ဓေတည်တဲ့ သတ္တဝါ၊ ဥပပတ်သတ္တဝါကတော့ တစ်ကြိမ်တည်း ဖွား လိုက်ရလို့ ဧကဇသတ္တဝါလို့ ခေါ်တယ်။

ဧကဇလို့ခေါ်တဲ့ ဇလာဗုဇ၊ သံသေဒဇ၊ ဥပပတ် သတ္တဝါ သုံးမျိုး။

ဒွိဇ ခေါ်တဲ့ အဏ္ဍဇ သတ္တဝါ တစ်မျိုး။

(၆) ဒီသတ္တဝါလေးမျိုးကို မညှာမတာ မသနားဘဲ ရက်ရက်စက် စက် ကာယကံဖြင့် သတ်ဖြတ်တယ်၊ ဝစီကံဖြင့် သတ်ဖြတ်တဲ့ ပုဂ္ဂိုလ်၊ မနောကံဖြင့် မသနားတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်မှ ဝသလလို့ ခေါ်ရတယ်။

ပြန်ပြီးတော့ ကြည့်လိုက်မယ်ဆိုယင်လေ အဲဒီလို ဘုရားက ဟော နေတယ်ဆိုယင် အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီးက အင်း ... ငါပြောတဲ့ ဝသလ ငါ့ခေါင်းပေါ် ပြန်ကျနေပါပကောလို့ သူစဉ်းစားမိတယ်။ ဘာပြု လို့လဲ။ ဘုရားက ကောဓနော=အမျက်ထွက်တဲ့ ပုဂ္ဂိုလ်မှ ဝသလ။ အမျက်မထွက်တဲ့ ပုဂ္ဂိုလ်ဟာ ဝသလ မဟုတ်ဘူး။ ငါကလည်း စိတ်ဆိုး လို့မို့ တကတည်း အသမ္ဘိန္နခတ္တိယနွယ်စင် ဖြစ်တဲ့ ဘုရားရှင့်မာကြီးကိုပဲ ဝသလ၊ မုဏ္ဍက-သမဏက-ဝသလကလို့ ရင့်ရင့်သီးသီးနဲ့ နာနာကြီး ဒေါသပဒဋ္ဌာန် ပြောကြားခဲ့ပြီ။ ငါပဲ ဝသလ ဖြစ်နေပါပကောလို့ သူ လည်း တွေးမိတယ်။ မှန်လည်း မှန်တယ်။

http:\\www.dhammadownload.com



ဒါ–ဘုရားရဲ့ သား၊ ဘုရားရဲ့ သမီးသည် သင်ခန်းစာ ယူရမယ် နော်။ (သံ၊ ၁၊ ၁၆၃) အက္ကောသက ဘာရဒွါဇပုဏ္ဏားကြီးက ဘုရားကို တစ်ချိန်က ဆဲဖူးတယ်။ ဆဲလိုက်တာမှလေ ဂါထာပေါင်း ၅၀၀ နဲ့ အမျိုးမျိုးကို ဆဲတယ်။ (သံ ၁။၁၆၃။ သံ၊ဋ္ဌ၊၁၊၂၀၈) အခုဟာက တော် သေးတာ။ အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားက အဲ သုံးခွန်းလောက် ဆဲသေးတာ ပဲ။ မုဏ္ဍက=ဦးပြည်းယုတ်ကြီး၊ သမဏက=ရဟန်းယုတ်ကြီး၊ ဝသလက=ဟဲ့ သူယုတ်မာကြီး ဆိုတဲ့ သုံးခွန်းလောက်ပဲ ဆဲသေးတာပဲ။ အက္ကောသက ဘာရဒွါဇဆိုတာ ဘုရားအနားလာပြီး တစ်နာရီလောက် ကြာအောင် ဆဲရေးစကားတွေ ပြောနေတာ။ အဲဒီ ဆဲရေးစကားတွေ ပြောတော့လေ ဘုရားကိုယ်တော်မြတ်က ဘယ့်နှယ်ပြန်ပြောသလဲ။

ဘာရဒွါဇ၊ ငါ မင့်ကို ပြန်ပြီးတော့ တစ်ခုမေးမယ်တဲ့။ ဆိုစမ်းပါ။ ဘုရားက အပြုံးမပျက်ဘူး။ ဖြေစမ်းပါ၊ မေးတာကို။ ဟို–သင်တို့မှာလေ ဧည့်သည်တစ်ယောက် ရောက်လာတဲ့အခါ ဧည့်သည်ကို ဆီးပြီး သကာလ သင်က ထမင်းပွဲကြီး ပြင်ပြီးတော့ ဧည့်သည်ကို ကျွေးတယ် ဆိုပါစို့။ ဘာပြုတုန်း။ အဲဒီ ကျွေးတဲ့ ထမင်းပွဲကြီးကို ဧည့်သည်က ဟာ တော်ပါပြီ၊ ကျုပ်စားခဲ့ပြီ၊ ကျုပ်ပြီးပြီ၊ ပြည့်စုံပါပြီ၊ ကျွေးဖို့ မလိုပါဘူးလို့ ဧည့်သည်က ထမင်းပွဲ လက်မခံလိုက်တော့ အဲဒီ ထမင်းပွဲ ဘယ်သူ့ပဲ ပြန်ပိုင်တုန်း။ ဟာ–ဒါကတော့ ကျွန်ုပ်ရဲ့ ထမင်းပွဲ ကျွန်ုပ်ပဲ ပိုင်တာပေါ့။ ဒီအတိုင်းပါပဲတဲ့။

အခု သင်က ဆဲရေးတိုင်းထွာတဲ့ စကားဆိုတဲ့ အနံ့တထောင်း ထောင်း ဟောင်းနေတဲ့ ဟင်းတွေ ထမင်းတွေနဲ့ ထမင်းပွဲကြီး ပြင်ကျွေး ပေမယ်လို့ ငါဘုရားက အဲဒါတွေကို စိတ်ထဲမှာ တစိုးတစိမှ လက်ခံခြင်း သာယာခြင်း မရှိပါဘူး။ အဲဒီလို မရှိတဲ့အတွက် ဘာရဒွါဇ၊ မင်းရဲ့ ဆဲရေးတိုင်းထွာခြင်းဆိုတဲ့ ထမင်းပွဲကြီးဟာ မင့်ပွဲကြီးပဲ၊ မင်းပဲ ပြန်ပိုင် နေပါတယ်လို့ ပြောလိုက်တယ်။ အဲဒီလိုပေါ့နော်။ သူတကာက ကိုယ့်

http:\\www.dhammadownload.com



လာ ဆဲမယ်ဆိုလို့ရှိယင် အဲဒါကို ကိုယ်က ဆီးလက်မခံနဲ့။ ဆီးပြီး လက်မခံလို့ရှိယင် အဲဒီ သူ့အဆဲဟာ သူ့ပစ္စည်း ဖြစ်တယ်။ အဲဒါ ကိုယ့် ပစ္စည်း မဖြစ်ဘူး။

အဲဒီလိုပဲ အခုလည်းပဲ အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီးက ဘုရားကို သုံးခွန်းတော့ ဆဲတာပဲ။ အဲဒီလို ဆဲလိုက်တာက ဒေါသပဋ္ဌာန်နဲ့ ဆဲ တော့ ဝသလက ဆိုတော့ သူပဲ ဝသလကကြီး ပြန်ပြီးတော့ ဖြစ်နေ တယ်။ မိစ္ဆာဒိဋ္ဌိ အယူရှိတာလည်း သူပဲ။ ပြီးတော့ မိမိတို့ရဲ့ ပုဏ္ဏားတို့ အမည်မှာ အပြစ်တွေကို ဖုံးလွှမ်းထားတာလည်း သူပဲ။ အချက်တိုင်း အချက်တိုင်း ခွန်းတိုင်း ခွန်းတိုင်းမှာ အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီး ခေါင်းပေါ် ရောက်နေတယ်။ အခု ခြောက်ခုမြောက် ဝသလတရား ဟော ပြန်တော့လည်းပဲ သတ္တဝါကို သတ်တယ်၊ သတ္တဝါတွေကို ကြင်နာစိတ် မထားဘူးဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ဝသလပဲ၊ သူယုတ်မာပဲ ဆိုပြန်တော့ ပုဏ္ဏားတွေဟာ တစ်ခါတစ်လေကျတော့ အလျှော်မသင့်ယင် သတ်ရ မယ်ဆိုတဲ့ အယူရှိတယ်။ သူတို့ရဲ့အယူ။ ဒီတော့ သူတို့ပဲ ပြန်ပြီးတော့ ဝသလ ဖြစ်နေပြန်တယ်။

ကိုင်း ဒါနဲ့ ဝသလက ခြောက်မျိုးတင်လားလို့ဆိုတော့ မကသေး ပါဘူး။

ယော ဟန္တိ ပရိရုန္ဓတိ၊
ဂါမာနိ နိဂမာနိ စ။
နိဂ္ဂါဟကော သမညာတော၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော=အမှတ်မထင် အကြင် သူသည်။ ဂါမာနိ=ရွာတို့ကိုလည်းကောင်း။ နိဂမာနိ=နိဂုံးတို့ကို လည်း ကောင်း။ နဂရာနိ=မြို့ကိုလည်းကောင်း။ ဟန္တိ=သတ်ဖြတ်ညှဉ်းဆဲလေ ၏။ ပရိရုန္ဓတိ=စစ်ကြီးဆင်ကာ ထက်ဝန်းကျင်မှ ဝန်းရံပတ်ခြံ၍ ထား

http:\\www.dhammadownload.com



လေ၏။ နိဂ္ဂါဟကော သမညာတော=မြို့ကိုဖျက်တဲ့ သူပုန်သူကန် ရွာကို ဖျက်တဲ့ သူပုန်သူကန် နိဂုံးကိုဖျက်တဲ့ သူပုန်သူကန်ဟူ၍ ထင်ရှား ကျော်စောဘိ၏။ တံ=ထို မြို့ဖျက် ရွာဖျက် နိဂုံးကိုဖျက်တဲ့ မြို့ဖျက်ဓားပြ၊ ရွာဖျက်ဓားပြ၊ နိဂုံးဖျက်ဓားပြဆိုတဲ့ ဓားပြအကြီးစားများကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့တစ်ခြား ပွားစေတဲ့ ဝသလဟူ၍။ ဇညာ–ဇာနေယျ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၇) ဒါကတော့ ဒီလောက်ဆိုလို့ရှိယင် အဓိပ္ပာယ် နားလည်ကြပါ ပြီ။ မြို့တွေကို နှိပ်စက်တယ်၊ ရွာတွေကို နှိပ်စက်တယ်၊ နိဂုံးတွေကို နှိပ်စက်တယ်၊ သတ်ဖြတ်တယ်၊ ဝိုင်းထားတယ်၊ ဘာပေးရမယ်၊ ညာပေး ရမယ်နဲ့ ဒီလို ဆိုပြီးတော့ မြို့တွေရွာတွေကို နှိပ်စက်တယ်ဆိုလို့ရှိယင် အဲဒီပုဂ္ဂိုလ်ဟာ ဝသလပါပဲတဲ့၊ အဲဒီလို နှိပ်စက်ခြင်းဟာဖြင့် ဝသလ ကရဏ တရားပဲတဲ့နော်။

ဂါမေ ဝါ ယဒိ ဝါ ရညေ၊
ယံ ပရေသံ မမာယိတံ။
ထေယျာ အဒိန္နမာဒေတိ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ဂါမေ ဝါ=ရွာ၌ဖြစ်စေ။ ယဒိ= အကယ်၍။ အရညေ=တော၌ဖြစ်စေ။ ပရေသံ=သူတစ်ပါးတို့၏။ ယံ မမာယိတံ=အကြင်မြတ်နိုးအပ်တဲ့ သိမ်းဆည်းအပ်တဲ့ ဝတ္ထုသည်။ အတ္ထိ=ရှိ၏။ တံ=ထိုမြို့မှာဖြစ်စေ တောမှာဖြစ်စေ ရွာမှာဖြစ်စေ သူတစ်ပါးတို့ သိမ်းဆည်းထားအပ်တဲ့ ဥစ္စာကို။ ထေယျာ=ခိုးယူလို သောစိတ်ဖြင့်။ အဒိန္နံ=အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်ပါဘဲ။ အာဒေတိ=ခိုးယူငြားအံ့။ တံ=ထိုသူ့ကို။ (တံ–ထိုအဒိန္နာဒါန်သမား ကို။) ဝသလောဣတိ =အကုသိုလ်တရား တိုးပွားစေတတ်တဲ့ ဝသလ =သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏–လို့။

http:\\www.dhammadownload.com



(၈) အဒိန္နာဒါန်သမားများမှ ဝသလလို့ ခေါ်ရတယ်၊ အဒိန္နာဒါန် အမှုပြုမှ ဝသလကရဏတရား စင်စစ်ဖြစ်တယ်လို့ မြတ်စွာဘုရားက ဝသလတရား တစ်မျိုး ဟောလိုက်ပြီနော်။ တရားရှစ်မျိုး ရှိသွားပြီ။

ယော ဟဝေ ဣဏမာဒါယ၊
စုဇ္ဇမာနော ပလာယတိ။
'န ဟိတေ ဣဏမတ္ထိ'တိ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒ္ဒါဇပုဏ္ဏား။ ဟဝေ=စင်စစ်ကေန်အားဖြင့်။ ယော=အကြင်သူသည်။ ဣဏံ=ပစ္စည်းရှင်ထံမှ ကြွေးမြီကို။ အာဒါယ =အပေါင်ထား၍ ဖြစ်စေ၊ အတိုးပေးပါ့မယ်လို့ အာမခံ၍ ဖြစ်စေ၊ အတိုးကို တစ်ယောက်တစ်ဝက်ဟူ၍ စာချုပ်စာတမ်းဖြင့်ဖြစ်စေ ယူပြီး သကာလ။ စုဇ္ဇမာနော=ကြွေးရှင် မြီရှင်တို့က တောင်းခံအပ်သည် ရှိသော်။ တေ=သင်၏။ ဣဏံ=ကြွေးမြီသည်။ န အတ္ထိ=တစိုးတစိ မရှိကေန် မှန်လှပေ၏။ ဣတိ=ဤသို့ ပြောဆို၍။ ပလာယတိ=အရပ် တစ်ပါးသို့ ပြေးသွားလေ၏။ တံ=ထိုကြွေးယူပြီး မဆပ်ဘဲ ဘူးကွယ် ကာ အရပ်တပါးသို့ ပြေးသွားတဲ့ ပုဂ္ဂိုလ်ကို။ ဝသလောဣတိ= အကုသိုလ်တရား တိုးပွားစေတတ်တဲ့ ဝသလဟူ၍။ ဇညာ=ပိုင်းခြား ထင်ထင် သိမြင်ရာ၏။

(၉) ဒို့လို ပုဂ္ဂိုလ်ကို ဝသလလို့ မဆိုဘူး အဂ္ဂိက။ အဂ္ဂိကတို့ရဲ့ လူ့ပြည်လောကမှာ ကိုယ်က အခွင့်မသင့်တဲ့ အခါကျတော့ စီးပွားရှိတဲ့ လူဆီ သွားပြီးတော့ မျက်နှာလေး ချိုချို ချိုချိုနဲ့ ကြွေးသွားယူတယ်၊ ယူတုန်းကတော့ ပြုံးပြုံး၊ ကြွေးပြန်ဆပ်ချိန်ကျလို့ ကြွေးရှင်က တောင်းတဲ့ အခါကျတော့ 'ခင်ဗျားကြွေး ကျုပ်ဘယ်တုန်းက ယူလို့တုန်း။ ကျုပ် မမှတ်မိပါဘူး' တောပြော တောင်ပြောနဲ့၊ ဟိုလိုလှည့်ပတ် ဒီလိုလှည့် ပတ်ပြီး ရှောင်တိမ်းနေတဲ့ အဲဒီ ပုဂ္ဂိုလ်မျိုးမှ အကုသိုလ်တရားတွေ

http:\\www.dhammadownload.com



တစ်နေ့ တစ်ခြား တိုးပွားတဲ့ ဝသလလို့ ခေါ်တယ်တဲ့။ အဲဒီမှာ ဝသလ တစ်မျိုး ရခဲ့ပြန်ပြီနော် - ၊ ကိုးမျိုး။

ကြွေးယူပြီးသကာလ သူ့ကြွေးမပေးဘဲ တိမ်းရှောင်နေတဲ့ ပုဂ္ဂိုလ်က ဝသလ။ အဲဒီလို တိမ်းရှောင်နေခြင်းက ဝသလကရဏတရားလို့ သိပါတဲ့။

ယော ဝေ ဣဏမုပါဒါယ၊ စုဇ္ဇမာနော ပလာယတိ။

ဟန္ဒာ ဣဏံ ဒမာဒေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ဝေ=စင်စစ်။ ယော=အကြင်သူသည်။ ဣဏမုပါဒါယ=အနည်းငယ်မျှ သူ့လက်ထဲမှာ ပါလာတဲ့ ရွှေတို ငွေစ အစရှိသည်ကို တောင့်တလင့်ဆို အလိုရှိတဲ့အတွက်။ ပန္ထသ္မိံ=လမ်းခရီး၌။ ဝဇန္တံ=သွား၍နေသော။ ဇနံ=လူကို။ ဟန္ဒာ= သတ်ဖြတ် ညှဉ်းဆဲပြီးသကာလ။ ကိဉ္စိက္ခံ=ထိုသူ့လက်မှာပါတဲ့ အနည်းငယ်မျှသော ရွှေစ ငွေစကို။ အာဒေတိ=လုယက်ပြောင်းအံ့။ တံ=ထိုသူ့ကိုမှ။ ဝသလော ဣတိ=အကုသိုလ်တရား တိုးပွားစေတတ်တဲ့ ဝသလ=သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၁၀) တောထဲမှာ အနကြမ်းပ။ တစ်နည်းအားဖြင့် ခါးပိုက်နှိုက်လို လူတွေ၊ အခွင့်သာယင် တိတ်တိတ်ပုန်း ယူပြီးတော့ အခွင့်မသာယင် ခြိမ်းခြောက်ပြီး ယူမယ်ဆိုတဲ့ အဲဒီလို ပုဂ္ဂိုလ်မျိုးမှ ဝသလ လို့ ခေါ်ရတယ်။ ဒို့ဟာ တောထဲက ဆီးပြီး လုယက်ယူတဲ့ လူတွေလဲ မဟုတ်ပါကလားလို့၊ အဲဒီလိုပြုတဲ့ ပုဂ္ဂိုလ်မျိုးမှ ဝသလ ခေါ်ပြီး သကာလ အဲဒီလို ပြုလုပ်ခြင်းကို ဝသလကရဏ တရားလို့ ခေါ်တယ်။ ဆယ်ပါး ရှိသွားပြီနော်။

အတ္တဟေတု ပရဟေတု၊

ဓနဟေတု စ ယော နရော။

သက္ခိပုဋ္ဌော မုသာ ဗြူတိ၊

တံ ဇညာ ဝသလော ဣတိ။

http:\\www.dhammadownload.com



ဗြာဟ္မဏော=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော=အကြင်သူသည်။ အတ္တဟေတု စ=မိမိ၏ အသက်ဟူသော အကြောင်းကြောင့်ဖြစ်စေ။ ပရဟေတု စ=သူတစ်ပါး၏ အသက်ဥစ္စာ စီးပွားဟူသော အကြောင်းကြောင့်ဖြစ်စေ။ ဓနဟေတု စ=မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ စီးပွား ဥစ္စာဟူသော အကြောင်းကြောင့်ဖြစ်စေ။ သက္ခိပုဋ္ဌော=မောင်သိသလောက် ပြောပြပါဟူ၍ မျက်မှောက်ထင်ထင် မေးမြန်းသည်ရှိသော်။ မုသာ=သိလျက် မသိပါ၊ မသိပါဘဲလျက် သိတယ်၊ မမြင်ပါဘဲလျက် မြင်တယ်ဟူ၍ အလွဲလွဲ အမှားမှား။ ဗြူဟိ=အဖြေစကား ပြောကြား၏။ တံ=ထိုမုသာဝါဒစကား ပြောကြားသူကို။ ဝသလော ဣတိ=ကိလေသာတွေ တိုးပွားယိုစီးစေတတ်တဲ့ ဝသလ ဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၁၁) မုသာဝါဒသမားကိုမှ ဝသလလို့ ခေါ်တယ်နော်။ မုသာဝါဒစကား ပြောကြားခြင်းဟာ သူယုတ်မာဖြစ်အောင် ပြုလုပ်တတ်တဲ့ တရားပဲ။ ဟောဒါ တစ်ပါး၊ ၁၁ ပါး ရှိသွားပြီနော်။

ယော ဉာတီနံ သခီနံ ဝါ၊
ဒါရေသု ပဋိဒိဿတိ။
သာဟသာ သမ္ပိယေန ဝါ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော=အကြင်သူသည်။ ဉာတီနံ ဝါ=ဆွေမျိုးတော်စပ် သူတို့၏ လည်းကောင်း။ သခီနံ ဝါ= အရွယ်တူ မိတ်ဆွေ သူငယ်ချင်းတို့၏ လည်းကောင်း။ ဒါရေသု= အိမ်ရှင်သက်ထား ဇနီးမယားတို့၌။ ပဋိဒိဿတိ=ပညာရှိ သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်သော အခြင်းအရာဖြင့် ထင်ရမြင်ရ၏။ (ကာမေသုမိစ္ဆာစာရ အမှုတွေ ပြုနေတာ၊ ကာမေသုမိစ္ဆာစာရ အနီးအပါး စကားတွေ ပြောကြားနေတဲ့အရာကို) ပဋိဒိဿတိ=စက်ဆုပ်ဖွယ်

http:\\www.dhammadownload.com



စဉ်းစားဆင်ခြင်ရာ၏။ သာဟာသာ ဝါ= နိုင်ထက်ကလူ ပြုမှု၍ ဖြစ်စေ။ သမ္ဗိယေန ဝါ=နှစ်ဦးသဘောတူ အချစ်ချင်း မတူညီသောကြောင့် ဖြစ်စေ။ ပဋိဒိသ္သတိ=ပညာရှိတို့ ရှေးရှုသော် စက်ဆုပ်ဖွယ်သော အခြင်းအရာဖြင့် သူငယ်ချင်း ဆွေမျိုးတို့ အိမ့်ရှင်သက်ထား ဇနီး မယားတို့အပေါ်၌ ကာယကံ ဝစီကံ အမူအရာကို မြင်ရသည် ဖြစ်အံ့။ တံ=ထိုသူ့ကိုမှ။ ဝသလော ဣတိ= အကုသိုလ်တရား တစ်နေ့တခြား ပွားစေတဲ့ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၁၂) ဆယ့်နှစ်ခုမြောက် ဝသလ ကရဏတရား၊ ဆယ့်နှစ်ခုမြောက် သူယုတ်မာ အယုတ်တရား ဟောကြားပြီးတော့ ဆယ့်သုံးခုမြောက် ဝသလ ကရဏ တရားက ဘာလဲ။

ယော မာတရံ ပိတရံ ဝါ၊
ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟု သန္တော န ဘရတိ၊
တံ ဇညာ ဝသလော ဣတိ။

ယော=အမှတ်မဲ့ အကြင်သို့သော သား မလိမ္မာ သမီး မလိမ္မာ သည်။ ဇိဏ္ဏကံ=ရင့်ရော် အိုမင်းခြင်းရှိသော။ ဂတယောဗ္ဗနံ=ပစ္ဆိမ အရွယ်သို့ ရောက်လေပြီးသော။ မာတရံ ဝါ=မွေးမိသခင် ကျေးဇူးရှင် ကို လည်းကောင်း။ ပိတရံ ဝါ=မွေးသဖခင် ကျေးဇူးရှင်ကိုလည်း ကောင်း။ ပဟု=မိမိကိုယ်၌က ပြုစုရန် လုပ်ကျွေးရန် လက်ခြေသန်သူ အားအင်ဗလ ပြည့်ဝသူသည်။ သန္တော=ဖြစ်ပါလျက်။ န ဘရတိ= မလုပ်မကျွေး ဥပက္ခာပြု၍ ထားပေ၏။ တံ=ထို မိအို ဖအို နှစ်ပါးကို မိမိက ပြုစု လုပ်ကျွေးနိုင်တဲ့ အင်အားရှိပါလျက်ကနဲ့ မလုပ်မကျွေး မပြုစုတဲ့ ပုဂ္ဂိုလ်ကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့ တခြား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

http:\\www.dhammadownload.com



(၁၃) ဒါ–မိအို ဖအိုတွေ စွန့်ပစ်ပြီးတော့ ထားရဲကြသေးရဲ့လားနော်။ တစ်ဆယ့်သုံးခုမြောက်ဖြစ်တဲ့ ဝသလ ကရဏ တရားဟာ မိအိုဖအိုတွေကို ပြုနိုင်ရက်ကနဲ့ မပြုစုဘဲ လျစ်လျူရှုထားတဲ့ ပုဂ္ဂိုလ်တွေကို ဝသလလို့ ခေါ်တယ်။ ဒီလို မိအို ဖအိုတွေကို လျစ်လျူရှုထားခြင်းကို ဝသလ ကရဏလို့ ခေါ်တယ် ... နော်။

ကိုင်း ဒါဖြင့် ၁၄–ခုမြောက် ဝသလကရဏတရား ရှာကြဦးစို့။

ယော မာတရံ ပိတရံ ဝါ၊
ဘာတရံ ဘဂိနိံ သသုံ။
ဟန္တိ ရောသေတိ ဝါစာယ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော=အမှတ်မထင် အကြင်သူသည်။ မာတရံ ဝါ=အမိကိုလည်းကောင်း။ ပိတရံ ဝါ=အဖကိုလည်းကောင်း။ ဘာတရံ ဝါ=အစ်ကိုကြီးကိုသော် လည်းကောင်း။ ဘဂိနိံ ဝါ=အစ်အကြီး နှမငယ်ကိုသော် လည်းကောင်း။ သသုံဝ= ယောက္ခမ ယောကျ်ားသူ ယောက္ခမ မိန်းမသူကိုသော် လည်းကောင်း။ ဟန္တိ=ထိုးကြိတ်ရိုက်နှက် နှိပ်စက်ငြားအံ့။ ဝါစာယ=နှုတ်ဖြင့်။ ရောသေတိ=ချုပ်ချယ်စကား ပြောဆိုငြားအံ့။ တံ=ထိုသူ့ကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့တခြား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ–ဇာနေယျ=သိရာ၏။

(၁၄) ခု မြောက်ဖြစ်တဲ့ ဝသလတရားဆိုတာ အမိကိုဖြစ်စေ၊ အဖကိုဖြစ်စေ၊ အစ်ကိုကြီးကိုဖြစ်စေ၊ အစ်မကြီး နှမငယ်ကိုဖြစ်စေ၊ ယောက္ခမ ယောကျ်ားသူကိုဖြစ်စေ၊ ယောက္ခမ မိန်းမသူကိုဖြစ်စေ လက်ဖြင့် ထိုးကြိတ်၊ တုတ်လှင်ကန် စသည်ဖြင့် ရိုက်နှက်လျှင် လည်းကောင်း၊ နှုတ်က ဆဲရေးတိုင်းတွာ ဖရုသဝါစာစကား ပြောကြားချုပ်ချယ်လျှင်သော်လည်းကောင်း၊ ထိုပုဂ္ဂိုလ်မျိုးကို ဝသလ=အကုသိုလ်တရား

http:\\www.dhammadownload.com



တစ်နေ့တခြား တိုးပွားစေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ ထိုသူသန္တာန်မှာ ဖြစ်တဲ့ ဒေါသ အကုသိုလ်တရားများကို ဝသလကရဏ တရားလို့ ခေါ်တယ်။

ယော အတ္ထံ ပုစ္ဆိတော သန္တော၊
အနတ္ထ+မနုသာသတိ။
ပဋိစ္ဆန္နေန မန္တေတိ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ယော=အမှတ်မထင် အကြင် သူသည်။ အတ္ထံ=ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုး၊ ပရမတ္ထ မဂ်ဖိုလ် နိဗ္ဗာန်အကျိုးကို၊ (ဝါ)ပစ္စုပ္ပန်၊ တမလွန် နိဗ္ဗာန်အကျိုး တိုးပွားရန် အကြောင်း ရရန်အကြောင်းကို။ ပုစ္ဆိတော သန္တော=မေးမြန်းအပ်သည် ဖြစ်ပါလျက်။ အနတ္ထံ အနုသာသတိ=အကျိုးမဲ့စကားကို ပြောဆို ငြားအံ့၊ (ဝါ) အကျိုးမရနိုင်တဲ့ စကားကိုသာ ပြောဆိုငြားအံ့။ ... (ဂါထာအနက် မဆုံးသေး)။

ပစ္စုပ္ပန်ဘဝမှာ မဆင်းရဲချင်လို့၊ တမလွန်ဘဝမှာ မဆင်းရဲချင်လို့ ချမ်းသာရာ ချမ်းသာကြောင်းကို မေးလိုက်တယ်။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထအကျိုးကို ရချင်လို့ ဘယ်လိုကျင့်ကြံရမည်လဲ ... လို့ မေးလိုက် တယ်ဆိုယင် အဲဒီ မေးလိုက်တဲ့ ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုး၊ ပရမတ္ထအကျိုး ရအောင်တော့ မပြောဘဲ ပစ္စုပ္ပန် အကျိုးမဲ့ဖြစ်အောင်၊ တမလွန်အကျိုးမဲ့ဖြစ်အောင်၊ ပရမတ္ထအကျိုးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဖီလာကန့်လန်ဖြစ်မယ့် တရားတွေကို လျှောက်ပြီး ပြောနေမယ်၊ ဆိုနေ မယ်၊ ဟောနေမယ် ဆိုလျှင်လည်းကောင်း။

ပဋိစ္ဆန္နေန=ဖုံးကွယ်လျှို့ဝှက် အသိခက်တဲ့စကားတွေဖြင့်။ မန္တေ တိ=ဖြေကြားငြားအံ့။ တံ=ထိုကဲ့သို့သောသူကို။ ဝသလော ဣတိ= အကုသိုလ်တရား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ=

http:\\www.dhammadownload.com



ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၁၅) တစ်ဆယ့်ငါးခုမြောက်ဖြစ်တဲ့ သူယုတ်မာတရား။ တစ်ဆယ့်ငါးခုမြောက်ဖြစ်တဲ့ သူယုတ်မာဆိုတာ ဘာလဲ။ အကျိုးလိုချင်လို့ မေးတာကို အကျိုးမရှိတာတွေ လျှောက်ပြောခြင်း၊ တကယ်လို့ ပြောယင်လည်းပဲ သူနားမလည်အောင် ပြောကြားခြင်း၊ အဲဒါဟာ တစ်ဆယ့်ငါးခုမြောက်ဖြစ်တဲ့ သူယုတ်မာဖြစ်အောင် ပြုတဲ့တရား၊ တစ်ဆယ့်ငါးခုမြောက်ဖြစ်တဲ့ သူယုတ်မာပါပဲတဲ့။

ယော ကတွာ ပါပကံ ကမ္မံ။
'မာ မံ ဇညာ' တိ ဣစ္ဆတိ။
ယော ပဋိစ္ဆန္နကမ္မန္တော၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=ပုဏ္ဏား။ ယော=အကြင်သူသည်။ ပါပကံ ကမ္မံ=ယုတ်မာသော ကာယကံမှု ဝစီကံမှုကို။ ကတွာ=ပြုပြီးသကာလ။ မံ=ငါ့ကို။ မာ ဇညာ=တစ်ဖက်သားတို့ မသိပါစေသား။ ဣတိ=ဤသို့။ 'ဣစ္ဆတိ= တောင့်တလင့်ဆို အလိုရှိ၏။ ယော=အကြင်သူသည်။ ပဋိစ္ဆန္နကမ္မ-န္တော=ဖုံးကွယ်အပ်သော ကာယကံမှု၊ ဖုံးကွယ်အပ်သော ဝစီကံမှု၊ မိမိပြုတဲ့ ကာယကံမှု၊ မိမိပြောတဲ့ ဝစီကံမှုတွေကို တဖုံးဖုံး တကွယ်ကွယ် ထားပေ၏။ တံ=ထိုသူမျိုးကိုမှ။ ဝသလော ဣတိ= အကုသိုလ်တရား တိုးပွားစေတတ်တဲ့ ဝသလဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

(၁၆) အကုသိုလ်တွေလုပ်။ ငါ အကုသိုလ်လုပ်တာကို သူတစ်ပါး မသိပါစေနဲ့လို့ စိတ်ထဲကလေ အဲဒီလို တွေးတောပြီးတော့ အလိုရှိတဲ့ ပုဂ္ဂိုလ်မျိုး၊ စိတ်ထဲက တွေးတောရုံတင်သာ မကဘဲနဲ့ တကယ်လည်း ဖုံးလွှမ်းတဲ့ ပုဂ္ဂိုလ်မျိုး၊ အဲဒီလို ပုဂ္ဂိုလ်မျိုးမှ ဝသလ-လို့ ခေါ်ရတာ။ ဒီလို အပြုအမူမျိုးမှ သူယုတ်မာဖြစ်အောင် ပြုလုပ်တတ်တဲ့ တရားလို့

http:\\www.dhammadownload.com



ခေါ်ရတာ။ ဒါ တစ်ဆယ့်ခြောက်။ တစ်ဆယ့်ခုနစ်ခုမြောက် ဖြစ်တဲ့ ဝသလကရဏ တရား။

ယော ဝေ ပရကုလံ ဂန္တွာ၊
ဘုတွာန သုစိဘောဇနံ၊
အာဂတံ နပ္ပဋိပူဇေတိ၊
တံ ဇညာ ဝသလော ဣတိ။

ဘုရားကလေ-လူကဲခတ် အပါးအနပ်ကို ဘယ်လောက် သင်လိုက်သလဲ။ ဒီလူဟာ သူယုတ်ပဲ၊ ဒီလူဟာ လူကောင်းပဲလို့ သိချင်လို့ရှိယင် ဟောဒီအချက်နဲ့လည်း စဉ်းစားကြည့်စမ်း။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ဝေ=စင်စစ်။ ယော=အကြင်သူသည်။ ပရကုလံ=သူ့အိမ်ကိုတော့။ ဂန္တွာ=သွားပြီးသကာလ။ သုစိ ဘောဇနံ= သူကျွေးတဲ့ စင်ကြယ်မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို။ ဘုတွာ= စားသုံး၍ လာခဲ့လေ၏။ အာဂတံ=မိမိအိမ်မှောက် ထိုသူ ရောက်လာတဲ့အခါကျတော့။ နပ္ပဋိပူဇေတိ=ထိုသူ့အား တဖန်ပြန်၍ ပူဇော်မှု၊ ကျွေးမွေးမှု အလျှင်းမပြု။ တံ=ထိုသို့ ကိုယ်ကသာ စား၊ ကိုယ့်အိမ်ကို သူလာတဲ့အခါမှာကား လားလားမျှ အသိမလုပ်တဲ့ ပုဂ္ဂိုလ်ကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့တခြား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

အင်မတန် ထင်ရှားတယ်။ သူ့အိမ်တော့ သွားစား၊ ကိုယ့်အိမ်လာတော့ မမြင်ချင်ယောင်ဆောင်နေ၊ မတွေ့အောင် ပုန်းနေတယ်၊ ဟုတ်လား။ အဲဒီလိုလူမျိုး၊ အင်း ကျွေးပြန်ပါသော်လည်းပဲ မိမိရှိတာက အမွန်အမြတ်ရှိပါလျက်ကနဲ့ ဝတ်ကျေတန်းကျေ အကျန်တွေ ကျွေးမယ်၊ မကောင်းတာတွေ ကျွေးမယ်။ သူ့အိမ်တော့ ကောင်းတာတွေ စား၊ ကိုယ့်အိမ်ကျတော့ မကောင်းတာတွေ ကျွေးတယ်ဆိုတဲ့ အဲဒီလူမျိုးလည်း ဝသလပဲတဲ့။ ဒီအလုပ်မျိုးလည်းပဲ ဝသလကရဏတရားပဲ-တဲ့။

http:\\www.dhammadownload.com



ယော ဗြာဟ္မဏံ သမဏံ ဝါ၊ အညံဝါပိ ဝနိဗ္ဗကံ။
မုသာဝါဒေန ဝဉ္စေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ယော=အမှတ်မထင် အကြင်သူသည်။ ဗြာဟ္မဏံ ဝါ=ပုဏ္ဏားကိုလည်းကောင်း။ သမဏံ ဝါ=ရဟန်းကိုလည်းကောင်း။ အညံ=ထိုမှတစ်ပါး။ ဝနိဗ္ဗကံ ဝါ=ဖုန်းတောင်းယာစကာကိုလည်းကောင်း။ မုသာဝါဒေန=မုသားစကားဖြင့်။ ဝဉ္စေတိ=လှည့်ပတ်ဖျားယောင်း၍နေ၏။ တံ=ထိုသူ့ကို။ ဝသလော ဣတိ=အကုသိုလ်တရား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

အလှူခံပုဂ္ဂိုလ်တွေကို လှူပါ့မယ် ပေးပါ့မယ်ဆိုပြီး သကာလ နောက်ကျတော့တစ်ခါ ရှိပါလျက်ကနဲ့ မလှူနိုင် မပေးနိုင်သယောင်ယောင် မုသာဝါဒနဲ့ အလွဲလွဲ ပြောပြီးတော့ လှည့်ပတ်တယ်ဆိုလို့ရှိယင် အဲဒီ ပုဂ္ဂိုလ်လည်း သူယုတ်မာပဲတဲ့။ ဝသလပဲနော်။

ယော ဗြာဟ္မဏံ သမဏံ ဝါ၊
ဘတ္တကာလေ ဥပဋ္ဌိတေ။
ရောသေတိ ဝါစာ န စ ဒေတိ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ယော=အမှတ်မထင် အကြင်သူသည်။ ဗြာဟ္မဏံ ဝါ=ပုဏ္ဏားကိုလည်းကောင်း။ သမဏံ ဝါ=ရဟန်းကိုလည်းကောင်း။ ဘတ္တကာလေ=စားချိန်သောက်ချိန်သည်။ ဥပဋ္ဌိတေ=ဖြစ်လတ်သည်ရှိသော်။ (ဘတ္တကာလေ=စားချိန်သောက်ချိန်၌။ ဥပဋ္ဌိတေ =ရောက်လာလတ်သည် ရှိသော်။) ဝါစာ-ဝါစာယ=နှုတ်ဖြင့်။ ရောသေတိ=ချုပ်ချယ်စကား ပြောကြား၍ လွှတ်၏။ န စ ဒေတိ= တစိုးတစိ ပေးလည်းမပေး။ တံ=ထိုပေးရမှာ ကြောက်၍ အလှူခံပုဂ္ဂိုလ် ရောက်လာတဲ့အခါ မျက်နှာထား တင်းတင်းနဲ့ ချုပ်ချယ်စကား

http:\\www.dhammadownload.com



ပြောကြားလွှတ်တဲ့ ပုဂ္ဂိုလ်ကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့တခြား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ= ပိုင်းခြားထင်ထင် သိမြင်ရာ၏။

ဒါက အလှူခံပုဂ္ဂိုလ်တွေနဲ့ စပ်ပြီးသကာလ ဒီပုဂ္ဂိုလ်ဟာ ဝသလပဲ လို့ သိရအောင်ပေါ့လေ။ အကဲခတ်နည်း တရားဟောတယ်။ ဒါကတော့ အင်း ... အကဲခတ်ခံရမှာက တောင်းရမယ့် ပုဂ္ဂိုလ်က အင်း-ရဟန်း ပုဏ္ဏားတွေဖြစ်တော့ ဒါလောက်ဆိုယင် နားလည်ထားကြပါစို့။ အလှူခံ ပုဂ္ဂိုလ်တွေ မိမိစားတဲ့ သောက်တဲ့အချိန်မှာ ရောက်လာတဲ့အခါကျတော့ မလာဝံ့ မပြုဝံ့အောင် ဆီးပြီးသကာလ ရန်တွေ့လွှတ်တဲ့ အဲဒီပုဂ္ဂိုလ်မျိုးကို မှ ဝသလ ခေါ်တယ်လို့ ဆိုလိုရင်းပါပဲ။ ဒါ နှစ်ဆယ်ခုမြောက်ဖြစ်တဲ့ ဝသလ။ ဝသလဖြစ်အောင် ပြုလုပ်တဲ့ တရားပါပဲတဲ့နော်။

(၂၁) အသတံ ယော'ဓ ပဗြူတိ၊
မောဟေန ပလိဂုဏ္ဍိတော။
ကိဉ္စိက္ခံ နိဇိဂီသာနော၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ဣဓ=ဤလောက၌၊ ယော=အမှတ်မထင် အကြင်ပုဂ္ဂို ်သည်။ ကိဉ္စိက္ခံ=အနည်းငယ်မျှသော စီးပွားဥစ္စာကို။ နိဇိဂီသာနော=ရှာမီးလိုသည်ဖြစ်၍။ ပရဿ=သူတစ်ပါးအပေါ်မှာ။ အသတံ=သူတော်မဟုတ် သူယုတ်တို့၏ ခြောက်လှန့်စကားကို။ ပဗြူတိ=ပြောကြား၏။ မောဟေန=မောဟဖြင့်။ ပလိဂုဏ္ဍိတော= ကပ်ငြိမွေ့ယှက်သည်ဖြစ်၍။ ပရံ=သူတစ်ပါးကို။ အသတံ ဝစနံ= သူတော်မဟုတ် သူယုတ်တို့၏ ပြောကြားမြဲဖြစ်တဲ့ ဖြားယောင်း စကားကို။ ပဗြူတိ=ပြောကြား၏။

တံ=ထိုကဲ့သို့သော သူကိုမှ။ ဝသလော ဣတိ=အကုသိုလ်တရား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင် ရာ၏။

http:\\www.dhammadownload.com



အင်္ဂကပုဏ္ဏား၊ ဝသလကရဏ တရားတစ်ခုကိုလေ တိုးပြီးတော့ နားလည်လိုက်စမ်း။ လောကမှာလေ တချို့ရှိတယ် မဟုတ်လား။ ဘယ့်နယ်လဲ။ လိုချင်တာက တစ်မူးတစ်မတ်၊ ငါးမူးတစ်ကျပ် ဆိုသလို အဲဒီလို သူ့ဆီက လိုချင်တယ်။ သူ့ဆီက ငါးမူလိုချင် တစ်ကျပ်လိုချင် တစ်မတ်လိုချင် တစ်မူးလိုချင်တာကို သာယာညွတ်ပျောင်း 'ပေးခဲ့ပါ' လို့ တောင်းယူရမှာ၊ ဒီလို မတောင်းဘဲနဲ့ ဘယ့်နယ်ပြောသလဲ။ 'အမယ် ခင်ဗျားကို ကျုပ်နိမိတ်မြင်တယ်ဗျာ၊ နက်ဖြန်ခါကျယင် ခင်ဗျား ဘာလို ဖြစ်တော့မှာပဲ၊ ဘယ်လို ဖြစ်ဖို့ရန်အတွက် နိမိတ်မြင်တယ်'နဲ့။

ဒါကတော့ ခြောက်လှန့်တဲ့ ဗေဒင်ဆရာများ ခေါင်းပေါ် ကျသွားပြီနော်၊ ဒီလို ပြောတဲ့ ပုဂ္ဂိုလ်မျိုး ဒါ ဝသလပဲ။ တစ်နည်းအားဖြင့် ညာပြီးတော့ ပြောတတ်တဲ့ ပုဂ္ဂိုလ်၊ လိမ်ပြီးပြောတတ်တဲ့ ပုဂ္ဂိုလ် လောကမှာ တစ်မျိုးရှိတယ်။

ဘယ်လိုလဲ။ အမျိုးသမီးကလေး တစ်ယောက်ကို သူ့မှာရှိတဲ့ အဝတ်တွေ၊ သူ့မှာရှိတဲ့ အစားတွေကို လုယက်ယူငင်ချင်တော့ ဘယ့်နယ် ပြောသလဲ။ 'အို ဘယ်အရပ်မှာလေ၊ ကျုပ်အိမ်ကြီး ရှိတယ်၊ အင်မတန်မှ အိမ်ထောင်ပရိဘောဂတွေနဲ့ ပြည့်စုံတယ်၊ အဲဒီအိမ်ကို ခင်ဗျား အပ်နှင်းချင်တယ်၊ လိုက်ခဲ့ပါလား၊' သူ့ရည်ရွယ်ချက်က လိုက်လာလို့ရှိယင် လမ်းရောက်ယင် လက်ဝတ်လက်စားလေးတွေကို ချွတ်ယူချင်လို့။ အဲဒီလို စကားမျိုးပြောတဲ့ ပုဂ္ဂိုလ်မျိုးမှ ဝသလလို့ ခေါ်တယ်။ ပြောဆိုခြင်းကိုမှ ဝသလကရဏတရား ခေါ်တာတဲ့။ ဒီလို နှစ်ဆယ့်တစ်ပါး ရှိသွားပြီ။

(၂၂) ယော စ+တ္တာနံ သမုက္ကံသေ၊
ပရေ စ မဝဇာနာတိ။
နိဟီနော သေန မာနေန၊
တံ ဇညာ ဝသလော ဣတိ။

http:\\www.dhammadownload.com



ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ယော=အမှတ်မထင် အကြင်သူသည်။ (ဒါလဲ ပုဏ္ဏားခေါင်းပေါ် ကျမှန်းမသိ ကျလာဘယ်။) သေန မာနေန= မိမိ၏ မာန်မာနဖြင့်။ နိဟီနော=ယုတ်ညံ့သသူ ဖြစ်ပါလျက်။ အတ္တာနံ =မိမိကိုယ်ကို။ သမုက္ကံသေ=ချီးမြှောက်စကား ပြောကြား၏။ ပရေ စ=သူတစ်ပါးတို့ကိုကား။ အဝဇာနာတိ=နှိမ်ဘဲ့စကား ပြောကြား၏။ တံ=ထို မိမိကိုယ်ကို ချီးမြှောက်၊ သူ့ကိုတော့ နှိမ့်ပြောကြားတဲ့ ပုဂ္ဂိုလ် ကို။ ဝသလော ဣတိ=အကုသိုလ်တရား တစ်နေ့တခြား တိုးပွားစေ တတ်တဲ့ ဝသလ သူယုတ်မာဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင် ရာ၏။

ဝသလတရားနှစ်မျိုး ဟောတယ်နော်။ ကိုယ့်ကိုယ်ကို မြှောက်ပင့် ခြင်း အတ္တုက္ကံသနတဲ့၊ ဝသလတရားပဲတဲ့။ သူ့ကို နှိမ်ခြင်းဆိုတဲ့ ပရဝမ္ဘန တရားလည်းပဲ ဝသလ ကရဏ တရားပဲတဲ့။ ကိုယ့်ကိုယ်ကို မြှောက်တဲ့ သူလည်း သူယုတ်မာပဲ။ သူ့ကိုနှိမ်တဲ့ ပုဂ္ဂိုလ်လည်း သူယုတ်မာပဲတဲ့ နော်။

(၂၃) ရောသကော ကဒရိယော စ၊
ပါပိစ္ဆော မစ္ဆရီ သဌော။
အဟိရိကော အနောတ္တပ္ပီ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ (ဒီတစ်ခါမှာ ယုတ်မာအောင် ပြုတတ်တဲ့ တရားတွေ ခပ်များများ ပြောပြမယ်။) ယော=အကြင်သူသည်။ ရော သကော=သူတစ်ပါးတို့ကို ချုပ်ချယ်စကား ပြောကြားတတ်၏။ ကဒရိယော=အထူးသဖြင့် စေးနှဲ ဝန်တိုတတ်ပေ၏။

(အဲဒီလိုပဲ ကိုယ့်ကိုယ်တိုင်က မလှူလို မပေးလိုတဲ့အပြင် သူတစ်ပါး လှူတာ ပေးတာကိုတောင်မှ ဘာပြုလို့ လှူရမှာလဲ၊ ဘာပြုလို့ပေးရမှာလဲ

http:\\www.dhammadownload.com



လို့ လိုက်ပြီးတော့ ကန့်ကွက်တဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ကို ကဒရိယပုဂ္ဂိုလ်လို့ ခေါ်သတဲ့။ အင်မတန်မှ ကောက်ကျစ်တဲ့ စေးနဲတဲ့ ပုဂ္ဂိုလ်တဲ့။ ထဒ္ဓမစ္ဆရိယမှ အကြမ်းကြီး၊ အကြမ်းကြီး။ ကိုယ့်ပစ္စည်းကို မပေးလိုတဲ့ ပုဂ္ဂိုလ်က မစ္ဆရိယပုဂ္ဂိုလ်ပဲ ခေါ်တယ်။ ကိုယ့်ဟာကို မပေးလိုရုံတင် မဟုတ်ဘူး၊ သူတစ်ပါး ပေးတာကိုတောင်မှ လိုက်ပြီး ဘာပြုလို့ ပေးရမှာလဲလို့ သပန်တိုတဲ့ ပုဂ္ဂိုလ်မျိုးကို ကဒရိယ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးလည်းပဲ ဝသလပုဂ္ဂိုလ်ပဲ။)

ယော=အကြင်သူသည်။ ပါပိစ္ဆော=ယုတ်မာသော အလိုဆိုး ရမ္မက်ရှိ၏။ (မိမိကိုယ်တိုင်က သီလရှိသူ မဟုတ်ဘဲနဲ့ သီလရှိသူလို့ အများအထင်ကြီးဖို့ရန် အလိုရှိတယ်။ သမာဓိ မရှိဘဲ ပညာမရှိဘဲနဲ့ သမာဓိရှိတဲ့ ပုဂ္ဂိုလ်၊ ပညာရှိတဲ့ ပုဂ္ဂိုလ်လို့ အများအထင်ကြီးဖို့ရန် အလိုရှိတယ်။ အဲဒီလို အလိုဆိုးရှိတဲ့ ပုဂ္ဂိုလ်မျိုးကို ဝသလလို့ ခေါ်တယ်။ ဒီလို အလိုဆိုးမျိုးကို ဝသလကရဏ တရားလို့ ခေါ်တယ်။)

မစ္ဆရီ=မိမိစီးပွားဥစ္စာကို ဝန်တိုလေ့ရှိ၏။ (ထိုသူလည်းပဲ သူယုတ်မာ။) သဌော=ကောက်ကျစ်စဉ်းလဲ၏။ (တကတည်း မရှိတဲ့ ဂုဏ်သရေတွေနဲ့ ပါဝါတွေပြ၊ မရှိတာတွေ အရှိလုပ်ပြီးတော့ ပြောတယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးကို စဉ်းလဲတယ်လို့ ခေါ်တယ်။ အဲဒီ စဉ်းလဲခြင်းလည်း ဝသလကရဏ တရားပဲ။ ဒီ-စဉ်းလဲတဲ့ ပုဂ္ဂိုလ်လည်းပဲ ဝသလပဲ။) အဟိရိကော = အကုသိုလ် ဒုစရိုက်တို့မှ မရှက်တတ်သောသူ။ အနောတ္တပ္ပီ=အကုသိုလ် ဒုစရိုက်တို့မှ မထိတ်လန့်တဲ့သူ။ တံ=ထိုသူမျိုးကို။ ဝသလော ဣတိ=အကုသိုလ်တရား တိုးပွားစေတတ်တဲ့ သူယုတ်မာ ဟူ၍။ ဇညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

ဝသလကရဏ တရားတွေ အပါးသုံးဆယ် ရှိသွားပြီ။ ရှေ့ ဘာလာဦးမလဲ။

http:\\www.dhammadownload.com



(၂၄) ယော ဗုဒ္ဓံ ပရိဘာသတိ၊
အထ ဝါ တဿ သာဝကံ။
ပရိဗ္ဗာဇံ ဂဟဋ္ဌံ ဝါ၊
တံ ဇညာ ဝသလော ဣတိ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ယော=အကြင်သူသည်။ ဗုဒ္ဓံ ဝါ=မြတ်စွာဘုရားကို လည်းကောင်း။ အထ=ထိုမှတပါး။ တဿ=ထိုမြတ်စွာဘုရား၏။ သာဝကံ=တပည့်သာဝကဖြစ်သော။ ပရိဗ္ဗာဇံ ဝါ=ရဟန်းကို လည်းကောင်း။ ဂဟဋ္ဌံ ဝါ=လူကိုလည်းကောင်း။ ပရိဘာသတိ=ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောကြား၏။ တံ=ထိုဘုရား, ဘုရားရဲ့ တပည့်သားကို ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောတဲ့ပုဂ္ဂိုလ်ကို။ ဝသလော ဣတိ=အကုသိုလ်တရား တိုးပွားစေတတ်တဲ့ သူယုတ်မာဟူ၍။ ဇညာ =ပိုင်းခြားထင်ထင် သိမြင်ရာ၏။

ဒီမှာ ဝသလကို သရုပ်ဖော်၍ သုံးဆယ်ကျော်ကျော် ထုံးပြီးတော့ ရတနာသုံးပါးကို ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောတယ်။ ရတနာသုံးပါးက သူ့ကို ဝသလ လုပ်တာ မဟုတ်ဘူး၊ ဝသလကရဏတရားတွေက သူ့ကို သူယုတ်မာဖြစ်အောင် လုပ်တယ်။ အကုသိုလ်တရားတွေ သူ့မှာ တစ်နေ့တခြား တိုးပွားနေတယ်။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်ကိုမှ ဝသလလို့ ခေါ်ရတယ်။

(၂၅) ယော ဝေ အနရဟံ သန္တော၊
အရဟံ ပဋိဇာနာတိ။
စောရော သဗြဟ္မကေ လောကေ၊
ဧသော ခေါ ဝသလာဓမော။
ဧတေ ခေါ ဝသလာ ဝုတ္တာ၊
မယာ ယေ တေ ပကာသိတာ။

http:\\www.dhammadownload.com



ဒါက လူ့ပြည်လောကက ဝသလ မဟုတ်ဘူးတဲ့၊ ဘုရား သာသနာတော်က ဝသလ။ ဒါကို ပြချင်လို့။ မြတ်စွာဘုရားကလေ၊ ပုဏ္ဏားကို ပြောပေမယ်လို့ ပုဏ္ဏားတို့ကိုချည်းထဲ တစ်ဖက်သားကြီး မနှိမ်ဘူး။ တရားသဘောကြည့်လို့ရှိယင် ကိုယ်တော်မြတ်ရဲ့ ပရိသတ်ဖက်မှာလည်းပဲ ဒီအဖြစ်ရှိယင် တရားကိုကြည့်ပြီး ဟောတယ်။ ပရိသတ်ကို အလေးပြုပြီး သကာလ ဒါ ငါ့ပရိသတ်၊ ငါနှိမ်လို့ မတော်ဘူး၊ ဒါသူ့ပရိသတ်၊ နှိမ်မှပဲ၊ ဒီလိုစိတ် မရှိဘူး။ အခု ဝသလကရဏ တရားကို နောက်ဆုံး အနေနဲ့ နိဂုံးအနေနဲ့ ဘယ်လိုဟောလိုက်သလဲ။

ဗြာဟ္မဏ=အဂ္ဂိကပုဏ္ဏား။ ဝေ=စင်စစ်။ ယော=အကြင်သူသည်။ အနရဟံ=မိမိကိုယ်တိုင်က ရဟန္တာ မဟုတ်သည်။ သန္တော=ဖြစ်ပါလျက်။ အရဟံ ပဋိဇာနာတိ=ငါ ကိလေသာ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာဟူ၍ ဝန်ခံ၏။ သဗြဟ္မကေ=ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွသော။ လောကေ=လူ့ပြည်လောက နတ်ပြည်လောက လောကသုံးပါး၌။ စောရော=အထက်ဆုံး အဆိုးဆုံး အယုတ်ဆုံး သူခိုးကြီးဖြစ်သော။ ဧသော ခေါ=ဤသူသည်သာလျှင်။ ဝသလာဓမော=အကုသိုလ်တရားတို့ကို တစ်နေ့တခြား တိုးပွားစေတတ်တဲ့အတွက် ဝသလ=အယုတ်မည်ကြတဲ့ ပုဂ္ဂိုလ်တကာတို့ထက် သာလွန်၍ ယုတ်မာတဲ့ အတွက် ဝသလာဓမ ဝသလတမ ဝသလတရ ပုဂ္ဂိုလ်မည်၏ဟူ၍။ ဧညာ=ပိုင်းခြားထင်ထင် သိမြင်ရာ၏။

## သာသနာမှာ ခိုးသူကြီး ငါးဦး

ဒို့ သာသနာမှာနော် - ခိုးသူကြီး ငါးဦးလို့ ဘုရားဟောထားတာ ရှိတယ်။ ဘယ့်နှယ်လဲလို့ဆိုတော့-

ပဉ္စိမေ ဘိက္ခဝေ မဟာစောရာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ချစ်သားတို့ လောကမှာလေ သူခိုးကြီးငါးဦးရှိတယ်။

http:\\www.dhammadownload.com



(၁) ပဌမသူခိုးကြီးက ဘယ်လိုလဲ။ သူခိုးဗိုလ်ကြီးက နောက်လိုက် နောက်ပါတွေ တစ်ရာတစ်ထောင်နဲ့ ခေါင်းဆောင်ပြီးတော့ မြို့တွေ ရွာတွေ နိဂုံးတွေကို ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်ပြီးသကာလ ကိုယ်လိုချင်တာတွေ ယူဖို့ရန် ဘယ်အချိန်များ ဒီလိုလူမျိုး ဒီလိုစွမ်းရည်သတ္တိနဲ့ ပြည့်စုံပါ့မလဲလို့ အကြံဖြစ်တယ်။ ဖြစ်တဲ့ အတိုင်းဘဲ လိုက်ပြီးတော့ စည်းရုံးတယ်။ စည်းရုံးပြီးပြီဆိုတော့ ကိုယ့်အခြံအရံ လူမိုက် အခြံအရံတွေ ရပြီးတော့ အကြံအောင်ပြီး သကာလ လူမိုက်တစ်ရာ တစ်ထောင်နဲ့ ရွာတွေ နိဂုံးတွေ လိုက်ပြီးဖျက်တဲ့ သူခိုးကြီးလိုပဲတဲ့။

ဒီသာသနာမှာလည်းပဲ တစ်ချို့ ယုတ်မာတဲ့ ရဟန်းရဲ့စိတ်ထဲမှာ ဘယ်လိုအကြံရှိသလဲ။ ဘယ်လိုအချိန်များမှာ အခြွေအရံ ပရိသတ်တွေ တစ်ရာတစ်ထောင် ဝန်းရံခြံရံပြီးသကာလ မင်းတွေ မင်းရဲ့အမတ်တွေ အပူဇော်ခံပြီး မြို့ရွာ နိဂုံးတွေ လှည့်လည်နိုင်ရပါ့မလဲ။ ဘယ်အခါများမှ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးဆိုတဲ့ လာဘ်လာဘ ပေါများပါ့မလဲလို့ အဲဒီလို အကြံဖြစ်ပြီးတော့ အဲဒီလို ပစ္စည်းလေးပါး လာဘ်လာဘ ပေါများရေးအတွက် အမျိုးမျိုး မအပ်သော အပ်သောနားမလည်ဘူး။ ပေါများဖို့ရာ အဓိကထားပြီး ကြိုးစားတယ်။ ကြိုးစားတဲ့အတိုင်း ဟုတ်လား၊ တပည့်တွေကလည်း ပေးနိုင်တော့ နောက်ကကပ်၊ ဟုတ်လား။ အဲဒီလို တစ်ခါတည်း မြို့တကာ ရွာတကာ လှည့်လည်ပြီးသကာလ မင်းတွေ မင်းအမတ်ကြီးတွေ မြို့ရွာ ဒကာ ဒကာမတွေရဲ့ အပူဇော်ခံပြီး တခြိမ့်ခြိမ့် တည်ည်ဖြစ်နေတဲ့ပုဂ္ဂိုလ် မရှိဘူးလား။ အဲဒီပုဂ္ဂိုလ်ဟာ ဒီသာသနာမှာ ပဌမသူခိုးပဲ။

ဘုရားပေးချင်တာက သာသနာ့ဝန် ထမ်းလို့ရှိယင် ဂန္ထဓုရ= ကျမ်းဂန် အားထုတ်ရမယ်။ ဝိပဿနာဓုရ=ဝိပဿနာတရား အားထုတ်ရမယ်။ ကျမ်းဂန်ပေစာ သင်ရမယ်။ မြို့တကာ ရွာတကာ လှည့်ပြီးသကာလ ပစ္စည်းလေးပါး ပေါများဖို့ ရှာနေဖို့ မဟုတ်ဘူး။ ဘုရားက

http:\\www.dhammadownload.com



ခိုင်းတာက စုရနှစ်ပါးကို ခိုင်းတယ်၊ ကိုယ်က မြို့တကာ ရွာတကာ လှည့်ပြီးသကာလ ပစ္စည်းလေးပါးကို ဓားပြတိုက်နေတယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ပထမ မဟာစောရကြီး၊ ဒီသာသနာမှာ ဖြင့် ပထမသူခိုးကြီးလို့ အဲဒီလို ကမ္ပည်းတပ်ပြီးတော့ ပေးလိုက်တယ်။

သာသနာတော်မှာ ဒုတိယ ခိုးသူက ဘာလဲ။ ပိဋကတ်တော်တွေ တရားပေစာတွေကို ဆရာသမားများထံသင်၊ သင်ပြီးပြီဆိုတော့ သူက ဟောတယ်၊ အဲဒီဟောတဲ့အခါ လူတွေက သူ့ကိုအံ့ဩတဲ့ အခါကျတော့ 'အရှင်ဘုရား .... ဒီတရားတွေ အရှင်ဘုရား ဘယ်ကများ တွေ့ရ သိရတုန်း၊ တပည့်တော် တစ်ကြိမ်တစ်ခါ တစ်ခါတရံ တစ်ခါမျှ မကြား ရ မနာရဖူးပါကလား' နဲ့ ထိုသို့ပြောတဲ့အခါ ရိုးရိုးပြောလို့ရှိယင် ဘယ် ပိဋကတ်က လာတာပါ၊ ဘယ်သုတ္တန်က လာတာပါ၊ ဘယ် နိကာယ်က လာတာပါလို့ ဒီလို ရိုးရိုးပြောရမယ့်အစား မပြောဘဲနဲ့ ဩော် .... ဒီလို တရားမျိုးဆိုတာ ငါတို့လို ပုဂ္ဂိုလ်ကမှ ဟောတတ်တာ၊ ကိုယ့်တရား လုပ်ပြီးတော့ ဘုရားတရားကို ကိုယ့်တရား လုပ်ပြီးတော့ အထင် ကြီးအောင် ပြောတဲ့ ရဟန်း။ အထင်ကြီးအောင် ပြောတဲ့ပုဂ္ဂိုလ်ဟာ ဒုတိယ ဓားပြဗိုလ်တဲ့၊ ဒုတိယ သူခိုးဗိုလ်။ ဘာကိုခိုးသလဲ၊ ဘုရားရဲ့ တရားတွေကို ကိုယ့်တရားလုပ်ပြီး ပြောတာဟာ ဘုရားရဲ့ တရားတွေကို ခိုးတာပေါ့။ အဲဒါကြောင့် အဲဒါ ဒုတိယ ဓားပြဗိုလ်တဲ့၊ ဒုတိယ သူခိုး ဗိုလ်တဲ့။

သာသနာမှာ တတိယဓားပြဗိုလ်၊ တတိယသူခိုးဗိုလ်က ဘယ်လို လဲ။ မိမိကိုယ်တိုင် မစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါလျက်ကနဲ့ သာသနာ တော်မှာ စင်စင်ကြယ်ကြယ် ထိန်းကျောင်းနေတဲ့ ပုဂ္ဂိုလ်ကို သွားပြီး သကာလ သီလ မစင်ကြယ်ဘူး အစရှိသည်ဖြင့် စွပ်စွဲပြောဆိုတဲ့ ပုဂ္ဂိုလ် သည် တတိယသူခိုးကြီး။ ဘာခိုးသတုန်း၊ ကိုယ်ကဖြင့် သီလမရှိဘဲနဲ့ သူတစ်ပါးရှိတဲ့ သီလ သွားပြီး သကာလ ဖျက်လိုဖျက်ဆီး သွားခိုးတာ ပေါ့။ အဲဒါကြောင့် အဲဒီပုဂ္ဂိုလ်ကို တတိယသူခိုးလို့ ခေါ်တယ်။

http:\\www.dhammadownload.com



သာသနာမှာ စတုတ္ထသူခိုးပိုလ်၊ စတုတ္ထ ဓားပြဗိုလ် ဆိုတာ ဘာလဲ။ သံဃိကဖြစ်တဲ့ ပစ္စည်း လာဘ်လာဘတွေကို ဒကာဒကာမတွေ ပေးပြီး ဖျားယောင်းတဲ့ ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်ဟာဖြင့် စတုတ္ထဓားပြဗိုလ်၊ စတုတ္ထ သူခိုးဗိုလ်ကြီးပဲတဲ့။ နို့ သူဘာခိုးသလဲ၊ သံဃိက လာဘ်တွေကို ခိုးတာ ပေါ့။ သံဃိယ ပစ္စည်းတွေနဲ့ သူက ဟိုဒကာ ဒကာမအပေါ် မျက်နှာ လုပ်၊ ဖျားယောင်း။ ဒီလိုပေးတယ်ဆိုတာ သံဃိက ပစ္စည်းတွေ ခိုးနေတာ ပဲတဲ့။ ဒါကြောင့် သူ့ကို စတုတ္ထသူခိုးဗိုလ်၊ စတုတ္ထဓားပြဗိုလ်လို့ ခေါ် တယ်။

## လောကမှာ အကြီးဆုံး အယုတ်မာဆုံး သူခိုးကြီး

သဒေဝကေ ဘိက္ခဝေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အယံ အဂ္ဂေါ မဟာစောရော ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ။ (ဝိ၊၁။၁၁၄။)

ချစ်သားတို့-၊ ပဉ္စမမြောက် သူခိုးကြီးကတော့ ဟို-နတ်ဗြဟ္မာနှင့် တကွသော လောကကြီးတစ်ခုလုံးမှာ အကြင်ပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ ပစ္စုပ္ပန်အားဖြင့်လည်း ထင်ရှားရှိတာ မဟုတ်၊ အတိတ်ကလည်း မဖြစ် ဖူးခဲ့တဲ့ ဈာန်တရားတွေ မဂ်တရားတွေ ဖိုလ်တရားတွေကို မရ မသိဘဲနဲ့ ရတယ် သိတယ်လို့ ဝါကြွား ပလွှားပြောကြား၏။ အဲဒီ ပုဂ္ဂိုလ်ဟာဖြင့် လောကကြီး တစ်ခုလုံးမှာဖြင့် အကြီးဆုံးသော သူခိုးကြီးပဲတဲ့။ အဲဒီ ပဉ္စမမြောက် သူခိုးကြီးကို အခု နောက်ဆုံး ဝသလပုဂ္ဂိုလ်အနေနဲ့ -

ယော ဝေ အနရဟံ သန္တော။
အရဟံ ပဋိဇာနာတိ။
စောရော သဗြဟ္မကေ လောကေ၊
ဧသော ခေါ ဝသလာဓမော။

http:\\www.dhammadownload.com



ဗြာဟ္မဏာ=အဂ္ဂိကဘာရဒွါဇ ပုဏ္ဏား။ ယော=အကြင်သူသည်။ ဝေ= စင်စစ်ကေန် အမှန်အားဖြင့်။ အနရဟံ သန္တော=ရဟန္တာ မဟုတ်ပါဘဲ လျက်။ အရဟံ ပဋိဇာနာတိ=ငါရဟန္တာပဲလို့ ရဲရဲကြီး ဝန်ခံ၏။ သဗြဟ္မကေ လောကေ=ဗြဟ္မာနှင့်တကွသော လောကသုံးပါး၌။ စောရော=အကြီးဆုံးသော ပဉ္စမခိုးသူကြီး ဖြစ်တဲ့။ ဧသော ခေါ=ဤ ရဟန္တာ မဟုတ်ဘဲ ရဟန္တာပါလို့ ဝန်ခံတဲ့ ပုဂ္ဂိုလ်သည်။ ဝသလာ ဓမော=အကုသိုလ်တရားကို တိုးပွားစေတတ်တဲ့ ပုဂ္ဂိုလ်တို့အနက် ပုဂ္ဂိုလ်တို့အောက် အစစ တွင်းတူး၍ ယုတ်မာ အကုသိုလ်တရားတွေ ကို တိုးပွားစေတတ်တဲ့ အတွက်။ ဝသလာဓမော=သူယုတ်မာအောက် အယုတ်ဆုံး အညံ့ဆုံး မည်ပါပေ၏။

နောက်ဆုံး ပဉ္စမ ခိုးသူကြီးကိုဖြင့် အဲဒါလောက် ရက်ရက်စက်စက် ဘုရား နှိမ်ပြီးတော့ ဟောလိုက်တယ်။ ဟောပြီးတော့ -

ဧတေ ခေါ ဝသလာ ဝုတ္တာ၊
မယာ ယေ တေ ပကာသိတာ။ (နိဂုံးအုပ်ပြီ။)

ဗြာဟ္မဏာ=အဂ္ဂိကပုဏ္ဏား။ မယာ=ငါသည်။ ယေ တေ ဝသလာ= အကြင်ယုတ်မာသော သူတို့ကို။ ဝုတ္တာ=ဟောအပ်ကုန်ပြီ။ ဧတေ=ထို ယုတ်မာသော သူတို့ကို။ ပကာသိတာ=ယခုအကျယ်အားဖြင့် သုံး ဆယ့်နှစ်ပါး ပြအပ်ကုန်ပြီ။

ပြန်တွက်ယင် သုံးဆယ့်နှစ်ပါး ရှိလိမ့်မယ်တဲ့နော်။ သူယုတ်မာ၏ အဖြစ်ကို ပြုတတ်တဲ့ တရားတွေဟာ သုံးဆယ့်နှစ်ပါး ရှိတယ်။

ငါဘုရားကို ဝသလလို့ သင်က ပြောတယ်။ ဘာစွဲပြောသလဲ။ ဇာတ်ကိုစွဲပြီးတော့ ဝသလလို့ ပြောသလား။ အဂ္ဂိကပုဏ္ဏားသည် ဗြာဟ္မဏဇာတ်၊ မြတ်စွာဘုရားက အသမ္ဘိန္နခတ္တိယဇာတ်၊ ဇာတ်ကို စွဲယူ တဲ့ ဝသလလို့ ဘုရားကို မသုံးထိုက်ဘူး။ အဲဒီလို မသုံးထိုက်ပါပဲလျက်

http:\\www.dhammadownload.com



သူ သုံးခြင်းဟာ လောကဗြာဟ္မဏတွေရဲ့ ပကတိအယူမှာ ဇာတ် နိမ့်တဲ့ ပုဂ္ဂိုလ်ကို ဝသလလို့ ခေါ်ပါလျက်ကနဲ့ မဟုတ်တာ သူ မှသား စကားနဲ့ ဘုရားကို ဝသလလို့ ဆိုလိုက်ခြင်းဟာ သူ့ကိုယ်တိုင်က မှသား သုံးတယ်။ ဒီတော့ သူရည်ရွယ်တာက ဘာလဲ။ ဘုရားကို ဝသလလို့ ဆိုလိုက်ခြင်းဟာ မြတ်စွာဘုရားက ဇာတ်ညံ့တဲ့ ပုဂ္ဂိုလ်တွေပဲ သာသနာမှာ လက်ခံပြီးတော့ ရဟန်းပြုတယ်။ ထိုသူတွေနဲ့အတူ စားတယ်။ ဒါကြောင့် ဘုရားလည်း ဝသလပဲလို့ ဒီအစွဲမျိုးနဲ့ ဘုရားကို ဝသလလို့ ခေါ်လိုက်တာ။

ဒီတော့ ပုဏ္ဏားတို့ရဲ့ အယူမှာ ဒီပုဂ္ဂိုလ်ဟာ ဝသလပဲ၊ သူယုတ်မာပဲ ဆိုတာ ဇာတ်ညံ့သူ ဝသလ၊ ဇာတ်မြတ်ယင် ဗြာဟ္မဏလို့ သူတို့က ထင်တယ်။ အေး ... သူတို့က ဗြာဟ္မဏ၊ ဝသလဆိုတဲ့ အထဲမှာ ဇာတ်ပေါ် မူတည်ပြီး သကာလ ဇာတ်ညံ့ယင် ဝသလ၊ ဇာတ်မြတ်ယင် ဗြာဟ္မဏလို့ သူတို့က ဒီလို ခေါ်တယ်။

ဘုရားကိုယ်တော်မြတ်က ပရမတ္ထသဘာဝအားဖြင့် ဝသလနဲ့ ဗြာဟ္မဏ ခွဲပြချင်လို့ -

န ဇစ္စာ ဝသလော ဟောတိ၊
န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
ကမ္မုနာ ဝသလော ဟောတိ၊
ကမ္မုနာ ဟောတိ ဗြာဟ္မဏော။

ဗြာဟ္မဏ=အဂ္ဂိကဘာရဒွါဇပုဏ္ဏား။ ဇစ္စာ=အမောင်တို့ ထင်တဲ့ အတိုင်း ဇာတ်ညံ့ခြင်းကြောင့်။ ဝသလော=သူယုတ်မာသည်။ န ဟောတိ=ဖြစ်သည် မဟုတ်ပေ။ ဇစ္စာ=သင်တို့ ထင်တဲ့အတိုင်း ဗြာဟ္မဏဇာက်လို ဇာတ်က မြတ်လေသောကြောင့်။ ဗြာဟ္မဏော= ဗြာဟ္မဏမည်သည်။ န ဟောတိ=မဖြစ်ပါပေ။ ကမ္မုနာ=ယုတ်မာတဲ့ အကုသိုလ်ကံကြောင့်။ ဝသလော=သူယုတ်မာသည်။ ဟောကိ=

http:\\www.dhammadownload.com



ဖြစ်၏။ ကမ္မုနာ=စင်ကြယ်တဲ့ ကုသိုလ်ကံကြောင့်။ ဗြာဟ္မဏော= အမည်စင်ကြယ်တဲ့ ပုဂ္ဂိုလ်သည်။ ဟောတိ=ဖြစ်ပါပေ၏။

## မာတင် ဒွန်းစဏ္ဍား

ပုဏ္ဏား၊ သင်ထင်သလို မဟုတ်ဘူး။ ဇာတ်ကြောင့် သူယုတ်မာ၊ ဇာတ်ကြောင့် လူစင်ကြယ် မဟုတ်ဘူးနော်-တဲ့။ ကံကြောင့် သူယုတ်မာ ဖြစ်တယ်၊ ကံကြောင့် စင်ကြယ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အကုသိုလ်ကံ ကြောင့် သူယုတ်မာ ဖြစ်တယ်။ ကုသိုလ်ကံကြောင့် စင်ကြယ်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။

တဒမိနာပိ ဇာနာထ၊ ယထာ မေဒံ နိဒဿနံ။

ငါပြောတဲ့စကားကို အခု ပြလတ္တံ့သော ဥပမာနဲ့လည်းပဲ နားလည် စမ်း။ စဉ်းစားစမ်းတဲ့။ ဥပမာက ဘယ်လိုလဲလို့ ဆိုတော့ -

စဏ္ဍာလပုတ္တော သောပါကော၊
မာတင်္ဂေါ ဣတိ ဝိဿုတော။

ကြားဖူးတယ် မဟုတ်လား။ ဟိုတစ်ခေတ်က ပေါ်ခဲ့တဲ့ မာတင်ဆိုတဲ့ ဒွန်းစဏ္ဍားလေ၊ မကြားဖူးဘူးလား။ ကြားဖူးတယ်။ ဒီပုဏ္ဏားတွေရဲ့ အမှတ်အသားသည် ဝေဒကျမ်းတွေမှာလည်းပဲ အင်း ပုရာဏ်ကျမ်းတွေ ထဲမှာ မာတင်တို့ရဲ့ အဖြစ်တွေကို အကုန်လုံး ရှေးက ရှိထားတယ်။ အစဉ်အဆက်အားဖြင့် ရှေးက ပုရာဏ်ကျမ်းအနေနဲ့ ကြားထားတာ ရှိတယ်။ ဘာပြုတုန်း။

သော ယသံ ပရမံ ပတ္တော၊
မာတင်္ဂေါယံ သုဒုလ္လဘံ။
အာဂစ္ဆုံ တဿုပဋ္ဌာနံ၊
ခတ္တိယာ ဗြာဟ္မဏာ ဗဟူ။

http:\\www.dhammadownload.com



အဲဒီ မာတင်္ဂဝတ္ထုများ မျှော်ကြည့်လိုက်စမ်း။ ပထမပိုင်းမှာ ဆင်းရဲနေသည်။ နောက်ကျတော့ သူ ဈာန်တွေရအောင် အားထုတ်ပြီးတော့ ဗြဟ္မာကြီးအသွင်ဖြင့် ဒိဋ္ဌမင်္ဂလိကာကို သူချီးမြှောက်တယ်။ နောက်တစ်ချိန်မှာ ဒိဋ္ဌမင်္ဂလိကာရဲ့သား မဏ္ဍဗျဟာ ပုဏ္ဏားတွေသာ လှူပြီးသကာလ ဒီပြင် ပုဂ္ဂိုလ်တွေကို အလှူမပေးတဲ့အတွက် မဏ္ဍဗျကို သွားပြီးသကာလ ရသေ့ရဟန်းအသွင်ဖြင့် သွားပြီးတော့ ဆုံးမခဲ့တယ်။ မဏ္ဍဗျရဲ့ အယူမှားကို ဆုံးမပြီးတဲ့ အခါကျတော့လည်းပဲ ဒီဇာတိဝါဒ ဗြာဟ္မဏရသေ့ရဲ့ အယူမှား မာန်မာနကို ဆုံးမခဲ့တယ်။

အဲဒီလို ဆုံးမပြီးတဲ့ နောက်တစ်ချိန်မှာ မာတင်္ဂရသေ့သူမြတ်ရဲ့ ကျော်စောခြင်းဟာ– လူ့ပြည်မှာ အင်မတန် ပျံ့နှံ့ခဲ့တယ်။ ကြိုင်လှိုင်ခဲ့တယ်။ သူ့ထံကို မင်းတွေ၊ ပုဏ္ဏားတွေ အများကြီး လာရောက်ပြီးတော့ ခစားခဲ့ရတယ် မဟုတ်လား။ မာတင်္ဂဝတ္ထု ပြန်ကြည့်တဲ့။ နောက်ဆုံး သူ ဘာဖြစ်သလဲ။

ဒေဝယာနံ အဘိရုယှ၊
ဝိရဇံ သော မဟာပထံ။
ကာမရာဂံ ဝိရာဇေတွာ၊
ဗြဟ္မလောကူပဂေါ အဟု။

သော=ထို မာတင်္ဂ ပညာရှိသည်။ ဝိရဇံ=ကိလေသာတည်းဟူသော မြူအညစ်အကြေးမှ ကင်းစင်သော။ မဟာပထံ=မြတ်သော ဘုရားလောင်း သူတော်ကောင်းတို့ သွားရာ လမ်းကြောင်းသဖွယ် ဖြစ်သော။ ဒေဝယာနံ=ဗြဟ္မာ့ပြည်ရောက်ကြောင်း ယာဉ်ကောင်းသဖွယ်ဖြစ်တဲ့ ရှစ်သွယ်သော သမာပတ် ဗြဟ္မာ့ပြည် သွားရောက်ကြောင်း ယာဉ်ရထားကြီးပေါ်သို့။ အဘိရုယှ=တက်စီးပြီးသကာလ။ ကာမရာဂံ ဝိရာဇေတွာ=ကာမရာဂကို ခွာပြီးသကာလ။ ဗြဟ္မလောကူပဂေါအဟု =စုတိပြုတ်ကြွေ သေသည်မှ နောက်ကာလဝယ် ဗြဟ္မာ့ပြည်သို့

http:\\www.dhammadownload.com



ကပ်ရောက်ခဲ့လေပြီ။

မာတင်္ဂလောက် ဓာတ်ညံ့တာ ဘယ်သူ ရှိသေးသလဲ။ မာတင်္ဂလောက် ဓာတ်ညံ့တဲ့ ပုဂ္ဂိုလ်က အကျင့်ကောင်းတော့ ဂုဏ်ကောင်းတော့ အင်မတန် ထင်ရှားတဲ့၊ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်မသွားဘူးလား။ ပစ္စုပ္ပန်မှာ သာ မဟုတ်ဘူး၊ တမလွန်မှာလည်းပဲ အမောင် အင်္ဂကတို့ လိုလားနေကြ တဲ့ ဗြဟ္မာ့ပြည်ကို မာတင်္ဂ ရောက်တယ်။

နံ ဇာတိနိဝါရေသိ၊
ဗြဟ္မလောကူပပတ္တိယာ။

အမောင်တို့ ထင်တာက ဓာတ်ညံ့တဲ့ ပုဂ္ဂိုလ်များ ဗြဟ္မာ့ပြည် မရောက်ရဘူးလို့ ထင်တယ် မဟုတ်ဘူးလား၊ မာတင်္ဂရဲ့ဓာတ်ဟာ ဒွန်းစဏ္ဍားဓာတ်၊ မောင်တို့အလို အလွန်အညံ့ဆုံးပဲ မဟုတ်လား။ အဲဒီ ဒွန်းစဏ္ဍားဓာတ်က မာတင်္ဂကို ဗြဟ္မာ့ပြည် ကပ်ရောက်မယ့် ပဋိသန္ဓေ အကျိုးများ တားမြစ်သလားတဲ့၊ မတားမြစ်ဘူး။ အဲဒီစကားအရ ဘာသိ သလဲ။ ဓာတ်ကြောင့် ဝသလ ဖြစ်တာ မဟုတ်ဘူး၊ ဓာတ်ကြောင့် ဗြာဟ္မဏ ဖြစ်တာ မဟုတ်ဘူး၊ ကံကြောင့် ဝသလဖြစ်တာ၊ ကံကြောင့် ဗြာဟ္မဏ ဖြစ်တာ။

ဤမှာ ဓာတ်ကြောင့် ဝသလဖြစ်တာ မဟုတ်ဘူးဆိုတဲ့အချက် ပြီး သွားရော။ ကံကြောင့် ဝသလ ဖြစ်တာ၊ ကံကြောင့် ဗြာဟ္မဏ ဖြစ်တာ ဆိုတဲ့ စကားနှစ်ခွန်းမှာ မာတင်္ဂဟာ ဓာတ်အားဖြင့် ယုတ်ညံ့တဲ့ ပုဂ္ဂိုလ် ပင် ဖြစ်လင့်ကစား စင်ကြယ်တဲ့ ကောင်းမှုကုသိုလ်ကံတွေ ပြုလုပ်တဲ့ အတွက် ဗြာဟ္မဏ ဖြစ်သွားရတယ်။ ပစ္စုပ္ပန်မှာလည်း စင်ကြယ်တယ်၊ တမလွန်မှာလည်း ဗြဟ္မာ့ပြည်ကို ကပ်ရောက်ရတယ်။

ကိုင်း-ပုဏ္ဏားတွေ ဓာတ်မြင့်တယ် မြတ်တယ်ပဲ ထားဦး၊ ဓာတ် ကြောင့် ဗြာဟ္မဏ မဖြစ်တာ ပြောပြဦးမယ်။

http:\\www.dhammadownload.com



အဇ္ဈာယက ကုလေ ဇာတာ၊
ဗြာဟ္မဏာ မန္တဗန္ဓဝါ။
တေ စ ပါပေသု ကမ္မေသု၊
အဘိဏှာ မုပဒိဿရေ။

ဗြာဟ္မဏာ=အင်္ဂကပုဏ္ဏား။ အဇ္ဈာယကကုလေ=ဗေဒင်သရဇ္ဈာယ်တဲ့ အမျိုး၌။ ဇာတာ=ဖြစ်ကြကုန်သော။ (မောင်တို့ ပုဏ္ဏားမျိုးက အဇ္ဈာယကကုလေ=ဗေဒင်သရဇ္ဈာယ်တဲ့ အမျိုးဆိုတာ အခုမှ ဂုဏ်တင်ပြီး ခေါ်နေတာပဲ။ ရှေးတုန်းက ဈာန်မဝင်စားတဲ့ ပုဂ္ဂိုလ်တွေလို့ ခေါ်တာ) အဇ္ဈာယကကုလေ=ဗေဒင်သုံးပုံ သရဇ္ဈာယ်တဲ့ ဗြာဟ္မဏအမျိုး၌။ ဇာတာ=ဖြစ်ရောက်ကုန်သော။ မန္တဗန္ဓဝါ=ဗေဒင်သုံးပုံလျှင် အဆွေခင်ပွန်း ရှိကြကုန်သော။ ဗြာဟ္မဏာ=ပုဏ္ဏားတို့သည်။ သန္တိ=ရှိကြလေကုန်၏။ (မောင်တို့ ဗြာဟ္မဏဇာတ် အမြတ်ထားတဲ့ လူတွေ မရှိဘူးလား။) တေ စ=ထိုဗြာဟ္မဏဇာတ် မောင်တို့ အမြတ်ထားတဲ့ ပုဂ္ဂိုလ်များသည်လည်း။ ပါပေသု ကမ္မေသု=အကုသိုလ်အမှုတို့၌။ အဘိဏှံ=အမြဲမပြတ်။ စေ ဥပဒိဿရေ=အကာယ်၍ ထင်ကုန်ငြားအံ့။

အဲဒီ ပုဏ္ဏားထဲမှာ ပုဏ္ဏားမိုက်တွေကော မရှိဘူးလား၊ ပါဏာတိပါတ အမှုကို ပြုနေတဲ့ ပုဏ္ဏားတွေ၊ ပုဏ္ဏားစားပြတွေလည်း ရှိသမှနော် အဲဒီလို ဗြာဟ္မဏဇာတ်ထဲက နေပြီးသကာလ ငါးမျှားတဲ့ ပုဏ္ဏားတွေ အကုသိုလ်သမားတွေ မရှိဘူးလား။ ရှိတာပေါ့နော်။ ဇာတ်ကြည့်ပါက ဟုတ်လား။ မန္တလေးမှာတောင်မှ သူတို့ ဗြာဟ္မဏပါဆိုတဲ့ စကားကိုပေါ့ နော်–ဟုတ်လား။ ဖောင်ကြားက နေနေပြီးတော့ ငါးမျှားနေသေးတာပဲ ခေါင်းကလည်းပဲ သူဟာ ဆံပင်လေးလည်း ပါရဲ့။ အဲဒီလို မိမိဗြာဟ္မဏ ထဲမှာလေ အကုသိုလ်တွေကို နေ့စဉ်ရက်ဆက် ပြုလုပ်နေတဲ့ ဗြာဟ္မဏ တွေ မရှိဘူးလား၊ ရှိတယ်။ အဲဒီရှိတဲ့ ဗြာဟ္မဏတွေကို –

http:\\www.dhammadownload.com



ဒိဋ္ဌေဝ ဓမ္မေ ဂါရယှာ၊
သမ္ပရာယေ စ ဒုဂ္ဂတိ။
န နေ ဇာတိ နိဝါရေတိ၊
ဒုဂ္ဂတျာ ဂရဟာယ ဝါ။

အဂ္ဂိကပုဏ္ဏား ...၊ အဲဒီ လူတွေကို သူတို့ အမေ အဖေတွေက ဘယ့်နှယ်ပြောသလဲ။ 'ဟာ ဒီအကောင်တွေ ဒို့သားသမီး မဟုတ်ဘူးဟာ' သူတို့ အမေ အဖေဖြစ်တဲ့၊ ပုဏ္ဏားကြီးတွေက၊ ဟုတ်လား။ ကိုယ်ကျင့်ကောင်းတဲ့ ပုဏ္ဏားကြီးတွေက 'ဒီအကောင်တွေ ဒို့သားသမီး မဟုတ်ဘူးဟာ၊ အလကား သူယုတ်မာတွေ' ဟော–သူတို့ကိုယ်က ပြောတယ်။ အင်းတစ်ခါ၊ ပုဏ္ဏား အချင်းချင်းလည်းပဲ ဒီအကောင်တွေ အကုသိုလ်တွေ လုပ်နေတယ်၊ ပုဏ္ဏားဇာတ်ပျက်ပြီ၊ ဒီအကောင်တွေ နောက်ကို ဒို့ရဲ့ ထမင်းစားပွဲမှာ မသွင်းနဲ့၊ စာရင်းမသွင်းနဲ့လို့ ဝိုင်းပယ်ပြီ။ ဒီ့ပြင် ဗြာဟ္မဏဇာတ် မရှိတဲ့ လူတွေကလည်း ဒီအကောင်တွေ ဗြာဟ္မဏလည်း ဆိုသေးတယ်၊ ငါးလည်း မျှားသေးတယ်၊ ဟုတ်လား။ သူတပါး ဥစ္စာလည်း ခိုးသေးတယ်နဲ့။ မျက်မှောက် ပစ္စုပ္ပန်ဘဝမှာလဲ အကဲ့ရဲ့မခံရဘူးလား။ တမလွန်ဘဝမှာလည်းပဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်ဘုမ္မိ ဒုဂ္ဂတိကို သူတို့မလားရဘူးလား။ အေး အကုသိုလ်မှု ပြုတဲ့အတွက် ဗြာဟ္မဏမှာတော့ အပါယ်လွတ်လား၊ ဟုတ်လား။

အကုသိုလ်မှု ပြုလုပ်လို့ရှိယင် ဇာတ်ညံ့တဲ့ ဝသလ၊ စဏ္ဍာလလိုလူမှ အပါယ်ရောက်စေလား၊ မဟုတ်ဘူး။ အကုသိုလ်မှု ပြုယင်ဖြင့် မောင်တို့ ဇာတ်မြင့်ပါတယ်ဆိုတဲ့ ဗြာဟ္မဏတွေလည်း သေသည်၏ အခြားမဲ့မှာ အပါယ်လေးဘုံ ရောက်ရတာပဲ။ ဒါ–သူတို့လည်း ဝန်ခံတယ်၊ လက်ခံတယ်၊ အဲဒီ လူတွေကို။

န နေ ဇာတိ နိဝါရေတိ၊
ဒုဂ္ဂတျာ ဂရဟာယ ဝါ။

http:\\www.dhammadownload.com



အဲဒီလူတွေကို သူတို့ နဂိုက မိဘက မွေးထုတ်လိုက်တဲ့ ဗြာဟ္မဏ ဇာတ်ကမျှား ဒုဂ္ဂတိဘေးက လွတ်အောင် ကယ်နိုင်ရဲ့လား၊ ဟုတ်လား။ အကဲ့ရဲခံရတဲ့ ပစ္စုပ္ပန်၊ အကဲ့ရဲ့ခံရတဲ့ ဥပဝါဒဘေးမှ လွတ်အောင် ကယ်ရဲ့လား၊ မကယ်ဘူး-နော်။ ဒါကြောင့် ဇာတ်ဟာ ဇာတ်ကြောင့် ပုဏ္ဏား မဖြစ်နိုင်ဘူး။ ဇာတ်ကြောင့် သူယုတ်မာ မဖြစ်နိုင်ဘူး။ ကောင်းမှု ကုသိုလ်ကံကြောင့် စင်ကြယ်တဲ့ ဗြာဟ္မဏ ဖြစ်နိုင်တယ်။ မကောင်းမှု အကုသိုလ်ကံကြောင့် မစင်ကြယ်တဲ့ ဝသလ ဖြစ်နိုင်တယ်။ ဒီစကား နှစ်ရပ် စုံပြီ။

န ဇစ္စာ ဝသလော ဟောတိ၊
န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
ကမ္မုနာ ဝသလော ဟောတိ၊
ကမ္မုနာ ဟောတိ ဗြာဟ္မဏော။ လို့ -

မူလစကားရင်းအတိုင်း အဂ္ဂိကပုဏ္ဏား၊ ဇာတ်ကြောင့်သူယုတ်မာ ဖြစ်တာ မဟုတ်ဘူး၊ ဇာတ်ကြောင့် ဗြာဟ္မဏ ဖြစ်တာ မဟုတ်ဘူး။ အကုသိုလ်ကံကြောင့် သူယုတ်မာ ဖြစ်တယ်၊ ကုသိုလ်ကံကြောင့် စင်ကြယ်တဲ့ ဗြာဟ္မဏ သူမြတ်စင်ဖြစ်တယ်လို့ အဲဒီလို ဒေသနာနိဂုံး အဆုံးအုပ်တဲ့ အခါကျတော့ အဂ္ဂိကပုဏ္ဏားက ဘာလျှောက်သလဲ။

အဘိက္ကန္တံ ဘော ဂေါတမ၊
အဘိက္ကန္တံ ဘော ဂေါတမ၊
သေယျထာပိ ဘော ဂေါတမ၊
နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ။

ဘော ဂေါတမ=အို ရှင်ကြီး ဂေါတမ။ အဘိက္ကန္တံ=နှစ်လိုအားရမ်း ဝမ်းမြောက်ဖွယ် ရှိပါပေစွ။ အဘိက္ကန္တံ= နှစ်လိုအားရမ်း ဝမ်းမြောက် ဖွယ် ရှိပါလေစွ။ သေယျထာပိ ဘော ဂေါတမ=လောကမှာ နှိုင်းဖွယ် ရာကား ရှင်ကြီးဂေါတမ။ နိက္ကုဇ္ဇိတံ=အောက်သို့ မှောက်နေသော ပြွတ်

http:\\www.dhammadownload.com



ထားအပ်သော ဝတ္ထုကို။ ဥက္ကုဇ္ဇေယျ သေယျထာပိ=လှန်၍ ပြသကဲ့သို့ လည်းကောင်း။ ပဋိစ္ဆန္နံ=တစ်စုံတစ်ခုဖြင့် ဖုံးလွှမ်း၍ထားတဲ့ ဝတ္ထုကို။ ဝိဝရေယျ သေယျထာပိ=ဖွင့်လှစ်၍ ပြသကဲ့သို့ လည်းကောင်း။ မူဠှဿ=မျက်စိလည် လမ်းမှား၍နေသောသူအား။ မဂ္ဂံ=လမ်းမှန်ကို။ အာစိက္ခေယျ သေယျထာပိ=လက်ကိုကိုင်ဆွဲ မောင်သွားရမယ့်လမ်းဟာ ဤလမ်းပဲဟု ညွှန်ပြ ပြောကြားဘိသကဲ့သို့ လည်းကောင်း။ အန္ဓကာရေ=အမိုက်မှောင်၌။ စက္ခုမန္တော=မျက်စိအမြင်ရှိကြတဲ့ ပုဂ္ဂိုလ်တို့သည်။ ရူပါနိ=အဆင်းရူပါရုံ တို့ကို။ ဒက္ခန္တိ=မြင်ကြကုန်လတ္တံ့။ ဣတိ=ဤသို့ နှလုံးပိုက်၍။ အန္ဓကာရေ=အမိုက်မှောင်၌။ တေလပဇ္ဇောတံ=ဆီမီးတန်ဆောင်ကို။ ဓာရေယျ သေယျထာပိ= ထွန်းညှိ ဆောင်ပြဘိသကဲ့သို့ လည်းကောင်း။ ဧဝမေဝ=ဤအတူသာလျှင်။ ဘောတာ ဂေါတမေန=အရှင်ဂေါတမသည်။ အနေကပရိယာယေန=များစွာသော အကြောင်းဖြင့်။ ဓမ္မော=တရားဒေသနာတော်ကို။ ပကာသိတော=ပြတော်မူပါပေ၏။

အဂ္ဂိကဘာရဒွါဇပုဏ္ဏား ဘုရားရဲ့တရားတော်ကို နာကြား၍ မြတ်စွာဘုရားအား ကောင်းချီးသြဘာပေးပြီး သကာလ နှစ်လိုအားရမ်းဝမ်းပန်းတသာ ဘုရားကို ရှိခိုးပြီးတော့ –

> ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

လို့ ဆိုပြီးကော့ မြတ်စွာဘုရားကို လျှောက်တယ်။

ဘော ဂေါတမ=အို အရှင်ဂေါတမ။ ဘဝံ ဂေါတမော=အရှင်ဂေါတမသည်။ အဇ္ဇတဂ္ဂေ=ယနေ့ကို အစပြု၍။ မံ=အကျွန်ုပ်ကို။ ပါဏုပေတံ=အသက်ထက်ဆုံး။ သရဏံ ဂတံ=ရတနာသုံးပါးကိုကိုးကွယ်ခြင်းသို့ ရောက်သော။ ဥပါသကံ = ဥပါသကာ ဟူ၍။ ဓာရေတု=မှတ်တော်မူပါဘုရား ...

http:\\www.dhammadownload.com



လို့ ပုဏ္ဏားကြီး ဥပါသကာအဖြစ် ခံယူရရှိသွားပြီ။ သရဏဂုံတည်တဲ့ ဥပါသကာဆိုတာ အပါယ်လေးပါး မကျအောင် ရတနာသုံးပါးကို ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားက တားမြစ်ထားတယ်။ ရတနာသုံးပါးကို ယုံယုံကြည်ကြည်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် ငါးပါးသီလလည်း လုံခြုံအောင် စောင့်ထိန်းရန် မခဲယဉ်းတော့ဘူး။ ငါးပါးသီလ လုံယင် အပါယ်လေးပါး လားရောက်မှု ဘေးမှလည်း လုံခြုံတယ်။

ဒီနေရာမှာပဲ တရားဆုံးပါတယ်။ အဂ္ဂိကဘာရဒွါဇသုတ်လို့ ခေါ်တဲ့ ဝသလ သုတ္တန် ပြီးပြီ။

ဤသို့လျှင် ဝသလသုတ္တန် တရားဒေသနာတော်မြတ်ကို နာကြားရခြင်း=ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံ စေတနာ၊ နေ့စဉ် နေ့စဉ် စွမ်းအင်ရှိသမျှ ဒါနကောင်းမှု ပြုရခြင်း=ဒါနမယ ကောင်းမှုကိုသိုလ်ကံ စေတနာ၊ သရဏဂုံသီလ ဆောက်တည်ရခြင်း=သီလမယ ကောင်းမှု ကုသိုလ်ကံစေတနာ၊ အတွင်းအပ ခြောက်ပါး ခြောက်ပါးဖြစ်သော အာယတနတို့၏ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမပိုင်သော အနတ္တသဘောကို နက်နဲစွာ ဆင်ခြင်ကြည့်ရှုခြင်း တည်းဟူသော=ဘာဝနာမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် များမြတ်တဲ့ ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် 'ဒုက္ခ ခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဓာတ်သိမ်း ပြည်နိဗ္ဗာန်'ဆိုတဲ့ ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ ပြတ်ရာ ငြိမ်းရာ သံသရာ ဓာတ်သိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ရည်သန်အပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း ... ။

http:\\www.dhammadownload.com



အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ထိုနောက်ဆုံး ဘဝ ပရိနိဗ္ဗာနစုတိစိတ်၏ နောက်ကာလ၌ ကာမရူပ အရူပတည်းဟူသော ဘဝသုံးပါး ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒါနိရောဓ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း … ။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု။ သာဓု။ သာဓု။

ဝသလသုတ္တန် တရားတော်

ပြီးပြီ။

http:\\www.dhammadownload.com

# ဆ ဆက္ကသုတ္တန် တရားတော်

ဘုန်းကြီးဟောမယ့် ခြောက် ခြောက်လီ (၆×၆ လီ) တရားက လည်းပဲ ဘုရားလက်ထက်ကရော သီဟိုဠ်ကျွန်း ခေတ်မှာရော ဝါတော် ခြောက်ဆယ်ကျော်ပြီးတဲ့ သက်တော်ရှစ်ဆယ်ကျော်ပြီးတဲ့ မထေရ်ကြီးပေါင်း ခြောက်ကျိပ် ခြောက်ကျိပ် ရဟန္တာဖြစ်တဲ့ သုတ္တန်။

## ပညာတရား ဒေသနာ

အဲဒီတော့ ဒီသုတ္တန်ကို ဟောလိုက်တယ် ဆိုလို့ရှိယင် ခြောက်ကျိပ် ခြောက်ကျိပ် ကျွတ်သတဲ့။ ပါဠိတော်ကတော့ ဆ ဆက္ကသုတ္တန်လို့ ခေါ်တယ်။ အဲဒီ သုတ္တန်ဟာ ဒါနကထာလား၊ သီလကထာလား၊ ဘာဝနာတရားလား ဆိုလို့ရှိယင်လေ - ဘာဝနာတရားပဲနော်။ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် ခွဲခြားလို့ ရှိယင်ဖြင့် ပညာတရားပဲ။ ပညာသိက္ခာ - ပညာသာသနာကို အရောက်ချီတက်တဲ့ တရားပဲ။ ဒီတော့ ဒီနေ့ အစည်းအဝေးကြီးကလဲ သူတော်စင် ပရိသတ်တွေ သီလ ဆိုလို့ရှိယင်လေ အင်မတန် ဖြူဖြူစင်စင် ကျင့်ကြံရပြီ။ သမာဓိမှာ ဆိုလို့ ရှိယင်လည်းပဲ တော်တော်အခြေရရ နှလုံးသွင်းမိကြပြီ။ ဒီတော့ ဒီ ပရိသတ်မျိုးနဲ့ ဒီ ဆ ဆက္ကသုတ္တန် ခြောက် ခြောက်လီ - ပညာဒေသနာ ပညာကို ဟောတဲ့ တရားဒေသနာမျိုးဟာ ဒီပရိသတ်မျိုးမှ မဟောလို့ ရှိယင် ဘယ်သူ့ ဟောရမတုန်း။

အဲဒါကြောင့် ဒီပရိသတ်နဲ့ ဒီဆရာကြီးရဲ့ မွေးနေ့အထိမ်းအမှတ်နဲ့ ဒီသုတ္တန်နဲ့ကတော့ အင်မတန် အဆင်ပြေနေပါတယ်။ ဆရာကြီးက လည်းပဲ သူက ဒီသုတ္တန်ပဲ နာချင်သတဲ့။ ဒီတော့ ကိုယ့်စိတ်ထဲမှာ အာရုံပြုထားဖို့ကတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သာဝတ္ထိ ပြည်မှန် ဇေတဝန်ရွှေကျောင်းမှာ ဓမ္မသဘာ-ဓမ္မာရုံကြီးအတွင်းမှာ ရဟန်းတော်အပေါင်း ခြံရံလျက်ရှိတာကို မှန်းပြီး အာရုံပြုထား။ အဲဒီလို

http:\\www.dhammadownload.com



အာရုံပြုတာကနေပြီးတော့ အင်မတန် တိတ်ပြီးနေတဲ့ အထဲက မြတ်စွာဘုရားက –

'ဘိက္ခဝေါ'=ရဟန်းတော်များ အို ချစ်သားတို့။ မဟာကရုဏာတည်းဟူသော စမ်းအိုင်ထဲက ရေကြည်ရေပေါက်ကလေးတွေဟာ ဖွားဖွားဖွားဖွားနဲ့ဖျန်းပြီး ထွက်လာသလို မဟာကရုဏာ ပြဋ္ဌာန်းပြီးတော့ ဘိက္ခဝေါ=ရဟန်းတော်များ အို ချစ်သားတို့။' ဒါဟာ တရား စလိုက်တာပါပဲ။

အဲဒီလို ဘုရားက ဘာလို့ ခေါ်ရတုန်းဆိုတော့ တရားနာတဲ့ ရဟန်းတော် အရှင်သူမြတ်တွေဟာ တချို့ ကမ္မဋ္ဌာန်း နှလုံးသွင်းပြီးတော့ နေကြတယ်။ အဲဒီလို ကမ္မဋ္ဌာန်း နှလုံးသွင်းနေတဲ့ ရဟန်းတော်များကို ကမ္မဋ္ဌာန်းများ ခဏရပ်ထားဦး၊ တရားဟောတော့မယ်လို့ အချက်ပေးလိုက်တယ်။ အဲဒီလို မြတ်စွာဘုရားက – ဘိက္ခဝေါ=ရဟန်းတော်များ အိုချစ်သားတို့လို့ တရားဟောတော့မယ်လို့ မိန့်ခွန်းတော် ကျူးရင့်လိုက်ယင်ပဲ ရဟန်းတော် အရှင်သူမြတ်တွေကလေ – မိုးရာသီအခါမှာ မိုးချုန်းပြီဆိုတော့ ဒွေဥဒေါင်းတွေဟာ တစ်ကောင်နဲ့ တစ်ကောင် အတိုင်အပင် မရှိကြဘဲနဲ့ မိုးခြိမ်းသည်နှင့် တပြိုင်နက် တခါတည်း သံပြိုင် 'ကေကာ' ဆိုတဲ့ အသံကို မြည်ကြတာလို ရဟန်းတော် အရှင်သူမြတ်တွေကလည်းပဲ –

'ဘဒ္ဒေ'

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ တေ=ရှင်ပင်ဘုရားအား။ ဘဒ္ဒ=ကောင်းခြင်းမင်္ဂလာသည်။ ဟောတု=ဖြစ်ပါစေဘုရား။

## ထက်ဝန်းကျင် ပြည့်စုံသော တရား

အဲဒီလို ပြန်ပြီးတော့ သံပြိုင်လျှောက်ကြတယ်။ တပည့်တော်တို့ တရားနာဖို့ အသင့်ရှိပါတယ်ဘုရား၊ ရှင်တော်ဘုရားအား ကောင်းမြတ်

http:\\www.dhammadownload.com



သော မင်္ဂလာ ဖြစ်ပါစေလို့ ဒီလို မင်္ဂလာနဲ့ ပြန်ပြီး စကားတို့ ပြောဆိုတဲ့ အခါကျတော့ ဘုရားကိုယ်တော်မြတ် ဆက်ပြီးတော့ တရားဟောပြီ။

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေဿာမိ၊ ယဒိဒံ ဆ ဆက္ကာနိ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ အာဒိကလျာဏံ=အစ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော။ မဇ္ဈေကလျာဏံ=အလယ်၌ ကောင်းခြင်းနှင့် ပြည့်စုံသော။ ပရိယောသာနကလျာဏံ=အဆုံး၌ ကောင်းခြင်းနှင့် ပြည့်စုံသော။ သာတ္ထံ=အနက်နှင့် ပြည့်စုံသော။ သဗျဉ္ဇနံ=သဒ္ဒါနှင့် ပြည့်စုံသော။ ဓမ္မံ=တရားကို။ ဝေါ=သင်ချစ်သား တို့အား။ ဒေသေဿာမိ=အကျယ်အား ငါဘုရား ဟောကြားပေအံ့။ ယဒိဒံ ယာနိ ဣမာနိ ဆ ဆက္ကာနိ=အကြင်ခြောက်ပါးသော ဆက္က တရားတို့သည်။ သန္တိ=ရှိကုန်၏။ ကေဝလပရိပုဏ္ဏံ=ထက်ဝန်းကျင် ပြည့်စုံသော။ ပရိသုဒ္ဓံ=ထက်ဝန်းကျင်မှ အပြစ်တင်ဖွယ်မရှိ ဖြူစင် လှစွာသော။ တံ ဗြဟ္မစရိယံ=ထို ဆ ဆက္ကဓမ္မဒေသနာ တည်းဟူသော မြတ်သောအကျင့်ကို။ ပကာသေဿာမိ= အထင်အရှား သင်ချစ်သား တို့အား ငါ ဘုရား ပြပေအံ့။

ဒီ ဆ ဆက္ကသုတ္တန်ဟာ ဘုရားကိုယ်တော်မြတ် ဂုဏ်ပုဒ်ပေါင်း များစွာဖြင့် ချီးကျူးပြီးတော့ ဟောခဲ့ရတယ်။

ဘုန်းကြီးတို့ မဟာသတိပဋ္ဌာန သုတ်များ မြတ်စွာဘုရားကတော့–

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

http:\\www.dhammadownload.com



ယဒိဒံ ယေ ဣမေ စတ္တာရော သတိပဋ္ဌာနာ=အကြင်လေးပါးသော သတိပဋ္ဌာန် တရားတို့သည်။ သန္တိ=ရှိကုန်၏။ အယံ=ဤသတိပဋ္ဌာန် လေးပါး တရားအကျင့်သည်။ သတ္တာနံ=သတ္တဝါတို့အတွက်။ ဝိသုဒ္ဓိယာ=ကိလေသာခပ်သိမ်းမှ စင်ကြယ်ခြင်းငှာလည်းကောင်း။ သောကပရိဒေဝါနံ=စိုးရိမ်ခြင်း ငိုကြွေးခြင်း တရားတို့ကို။ သမတိက္ကမာယ=လွန်မြောက်ခြင်းငှာလည်းကောင်း။ ဒုက္ခဒေါမနဿာနံ=ကာယိကဒုက္ခနှင့် စေတသိကဒုက္ခ နှစ်ပါးတို့၏။ အတ္ထင်္ဂမာယ=အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းငှာ လည်းကောင်း။ ဉာယဿ=အရိယာမဂ်ကို။ အဓိဂမာယ=ရခြင်းငှာ လည်းကောင်း။ နိဗ္ဗာနဿ=အသခ်ံတဓာတ် နိဗ္ဗာန်ပရမတ်ကို။ သစ္ဆိကိရိယာယ=မျက်မှောက်ပြုခြင်းငှာ လည်းကောင်း။

အဲဒီလို မဟာသတိပဋ္ဌာနသုတ်မှာ သတိပဋ္ဌာန်ဘာဝနာ သတိပဋ္ဌာန် ဒေသနာကို ခုနစ်ပါးသော ဂုဏ်ကျေးဇူးဖြင့် ချီးကျူးပြီးတော့ မြတ်စွာဘုရား ဟောခဲ့တယ်။ ဘာပြုလို့ ဒီလို ဂုဏ်ပုဒ်တွေ ထုတ်ပြီးတော့ ပြနေရတာတုန်း။ အေး ... ပစ္စည်းရှင်ဆိုတာ ဈေးရောင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ မိမိရောင်းတဲ့ ပစ္စည်းရဲ့ ရောင်းလိုတဲ့ ဂုဏ်ကို ထုတ်ပြီးတော့ ပြောရသလိုပေါ့နော်။

အင်မတန် နူးညံ့သိမ်မွေ့တဲ့ ပဏ္ဏာကမ္ဗလာ ရောင်းတဲ့ကုန်သည်ဟာ မိမိပဏ္ဏာကမ္ဗလာရဲ့ ဂုဏ်ကျေးဇူးတွေ၊ အဆင်းအားဖြင့်လည်း အင်မတန် ထိန်ထိန်ပြောင်ပြောင်၊ လောင်တသိမ့်သိမ့် တင့်တယ်လှပါတယ်။ အတွေ့အားဖြင့်လည်းပဲ အင်မတန် နူးညံ့သိမ်မွေ့ပါတယ်။ ဟင်-တစ်ခါ သုံးစွဲရာမှာလည်း ပေါ့ပေါ့ပါးပါး အင်မတန် ရှိပါတယ်။ ယခုနှစ် ဆောင်းရာသီမှာ ခြုံလိုက်ယင် အအေးတွေကို ပျောက်ကင်း ငြိမ်းစေနိုင်ပါတယ် စသည်ဖြင့် မိမိရဲ့ ကမ္ဗလာ ဂုဏ်ကျေးဇူးတွေကို ထုတ်ပြီးတော့ ပြောရသလိုပဲ။

http:\\www.dhammadownload.com



မြတ်စွာဘုရား ကိုယ်တော်မြတ်လည်းပဲ ကိုယ်တော်မြတ် ဟောမယ့် သတိပဋ္ဌာနဒေသနာကို သတိပဋ္ဌာန်တရားဟာ သတ္တဝါတို့အတွက် ကိလေသာ ခပ်သိမ်းမှ စင်ကြယ်ဖို့လည်း ဖြစ်နိုင်တယ်၊ သောကကို လည်း လွန်မြောက်နိုင်တယ်၊ ပရိဒေဝကိုလည်း လွန်မြောက်နိုင်တယ်၊ ကာယိက ဒုက္ခလည်း ချုပ်ငြိမ်းစေနိုင်တယ်၊ စေတသိက ဒုက္ခကိုလည်း ချုပ်ငြိမ်းစေနိုင်တယ်၊ အရိယမဂ်ကိုလည်း မြန်မြန်ရစေနိုင်တယ်၊ နိဗ္ဗာန် ကိုလည်း မြန်မြန် မျက်မှောက်ပြုရနိုင်တယ်။ အဲဒီလို ဂုဏ်ကျေးဇူးရှိတဲ့ သတိပဋ္ဌာန်တရားကို သင် ချစ်သားတို့အား ငါဘုရား ဟောကြားမယ် ဆိုတဲ့ မဟာသတိပဋ္ဌာန သုတ္တန်မှာ ခုနစ်ပုဒ်ဖြင့် သတိပဋ္ဌာန ဒေသနာ တော်ရဲ့ ဂုဏ်ကျေးဇူးကို ထုတ်ပြသလို -

ယခု ဆ ဆက္ကသုတ္တန် ဒေသနာမှာလည်းပဲ -

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ။

## ဂုဏ်ပုဒ်ရှစ်ပုဒ်ဖြင့် ဘုရား ချီးကျူးဟောကြားခြင်း

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အာဒိကလျာဏံ=အစ၌ သီလ၏ကောင်းခြင်းနှင့် ပြည့်စုံသော။ မဇ္ဈေကလျာဏံ=အလယ်၌ သမာဓိ၏ကောင်းခြင်းနှင့် ပြည့်စုံသော။ ပရိယောသာနကလျာဏံ= အဆုံး၌ ပညာ၏ကောင်းခြင်းနှင့် ပြည့်စုံသော။

အစမှာလည်းပဲ အင်မတန်ကောင်းတဲ့ တရား၊ အလယ်မှာလည်းပဲ အင်မတန် ကောင်းတဲ့တရား၊ အဆုံးမှာလည်းပဲ အင်မတန် ကောင်းတဲ့ တရား။

သာတ္ထံ=အနက်နဲ့ပြည့်စုံသော။ သဗျဉ္ဇနံ=သဒ္ဒါနဲ့ ပြည့်စုံသော။ ဓမ္မံ =နိဗ္ဗာန်ရကြောင်း တရားကောင်းကို။ ဒေသေဿာမိ=သင်ချစ်သားတို့ အား အကျယ်အား ငါဘုရား ဟောကြားပါပေအံ့။

ပထမ ငါးပုဒ်နဲ့ အစမှာ သီလ၏ ကောင်းခြင်း အလယ်မှာ သမာဓိ ၏ကောင်းခြင်း၊ အဆုံးမှာ ပညာ၏ကောင်းခြင်း၊ အနက်နဲ့ ပြည့်စုံခြင်း၊

http:\\www.dhammadownload.com



သဒ္ဒါနဲ့ပြည့်စုံခြင်းဆိုတဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ တရားတော်ကို သင်ချစ်သားတို့အား ငါဘုရား ဟောမယ်။

ကေဝလပရိပုဏ္ဏံ=တစိုးတစိ ဖြည့်စရာရယ်လို့ မရှိ၊ ထက်ဝန်းကျင်ကုံလုံပြည့်စုံပေထသော။ ပရိသုဒ္ဓံ=အပြစ်ဟူ၍ ပြောစရာ မြူမရှိ စင်ကြယ်စွာထသော။ ဗြဟ္မစရိယံ=မြတ်သောအကျင့် တည်းဟူသော ဆ ဆက္ကဓမ္မဒေသနာကို။ ပကာသေဿာမိ=သင်ချစ်သားတို့အား အကျယ်အား ငါဘုရားဟောကြားပေအံ့ ... လို့ –

နောက်ပိုင်းက ဂုဏ်ပုဒ်သုံးပုဒ်၊ ရှေ့ပိုင်းက ဂုဏ်ပုဒ်ငါးပုဒ်ဆိုတော့ နှစ်ရပ်ပေါင်းလို့ရှိယင် ဂုဏ်ပုဒ်ရှစ်ပုဒ်ဖြင့် မြတ်စွာဘုရားဟာ ဒီ ဆဆက္ကသုတ္တန်ကို ချီးကျူးပြီးတော့ ဟောတော်မူတယ်။

ဆိုလိုတာက ဆ ဆက္ကသုတ္တန် ဒေသနာ – ဆ ဆက္ကတရားဟာ အစလည်း ကောင်းတယ်၊ အလယ်လည်း ကောင်းတယ်၊ အဆုံးလည်း ကောင်းတယ်၊ အနက်နဲ့လည်း ပြည့်စုံတယ်၊ သဒ္ဒါနဲ့လည်း ပြည့်စုံတယ်၊ ဟင်–ဒီအထဲမှာ ဘာလေးလိုပါသေးတယ်လို့ ထပ်ပြီးတော့ ဖြည့်စွက်စရာ မရှိ၊ အကုန်လုံး ပြည့်စုံပြီးသား ဖြစ်တယ်။ ပြီးတော့ ဒီ ဆ ဆက္ကသုတ္တန် ဒေသနာထဲမှာ ဘယ်ဟာကဖြင့် အပြစ်ရှိတယ်လို့ ပြောစရာ ဘာမှ မရှိဘူးတဲ့။ အပြစ်ဟူ၍ မြူမျှမရှိ ထက်ဝန်းကျင် စင်ကြယ်တဲ့ တရားဖြစ်တယ်။ ဗြဟ္မစရိယမှ တကယ် မဂ်ဖိုလ်နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် ကျေးဇူးပြုတတ်တဲ့ ဗြဟ္မစရိယမျိုးလည်း ဖြစ်တယ်။

အဲဒီလို ဂုဏ်ကျေးဇူး ရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဆ ဆက္ကဒေသနာကို သင် ချစ်သားတို့အား ငါဘုရား ဟောကြားမယ်... လို့ ဝန်ခံပြီးတော့မှ–

တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမိ။

တံ=ငါဘုရားဟောကြားမယ့် ဂုဏ်ရှစ်ပါးနှင့် ပြည့်စုံသော ဆ ဆက္ကဓမ္မဒေသနာကို။ သုဏာထ=သင် ချစ်သားတို့ အာရုံတစ်ပါး စိတ်မသွားဘဲ နားထောင်ကြကုန်လော့။ သာဓုကံ=ကောင်းမွန်စွာ။ မနသိ

http:\\www.dhammadownload.com



ကရောထ=နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ=အကျယ်အားဖြင့် သင် ချစ်သားတို့အား ငါဘုရား ဟောကြားပေအံ့။

တိုက်တွန်းလိုက်သေးတယ်၊ တိုက်တွန်းပြီးတော့မှ အကျယ်တဝင့် ဟောမယ်တဲ့။ အဲဒီလို ဆိုယင်ပဲ ရဟန်းတော်တွေက ဘုရားအသံတော် တိတ်သည်နှင့် တစ်ပြိုင်နက် -

ဧဝံ ဘန္တေ။

ဘန္တေ=ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဧဝံ သာဓု =ကောင်းပါပြီ ဘုရားလို့ ပြန်လျှောက်ကြတယ်။

## ခြောက်မျိုးစီ ခြောက်လီ တရားတော်

အဲဒီလို လျှောက်ပြီးသည်နဲ့ တစ်ပြိုင်နက် မြတ်စွာဘုရားက -

ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ၊ ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ၊ ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ၊ ဆ ဖဿကာယာ ဝေဒိတဗ္ဗာ၊ ဆ ဝေဒနာကာယာ ဝေဒိတဗ္ဗာ၊ ဆ တဏှာကာယာ ဝေဒိတဗ္ဗာ။

လို့ မာတိကာ ဖွင့်ပေးတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ တုမှေဟိ=သင်ချစ်သား တို့သည်။ ဆ=ခြောက်မျိုးကုန်သော။ အဇ္ဈတ္တိကာနိ=အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော။ အာယတနာနိ=အာယတနာတို့ကို။ ဝေဒိတဗ္ဗာနိ= သာမန်သိ မဟုတ်ဘဲ ဝိပဿနာဉာဏ် အသိဖြင့် သိအပ်ကုန်၏။ ဆ=ခြောက်မျိုးကုန်သော၊ ဗာဟိရာနိ အာယတနာနိ=အပြင်အပ အာယတနတို့ကို။ ဝေဒိတဗ္ဗာနိ=နာမည်မျှ အသိမဟုတ်ဘဲ ဝိပဿနာ နဲ့တကွ မဂ်ဉာဏ်တိုင်အောင်သော အသိမျိုးဖြင့် သိအပ်ကုန်၏။ ဆ ဝိညာဏကာယာ=ခြောက်မျိုးသော ဝိညာဏ်အစုတို့ကို။ ဝေဒိတဗ္ဗာ= နာမည်လောက် အသိမဟုတ်ဘဲနဲ့ ဝိပဿနာဉာဏ်သိ မဂ်ဉာဏ်သိ

http:\\www.dhammadownload.com



တိုင်အောင် သိအပ်ကုန်၏။ ဆ ဖဿကာယာ=ခြောက်မျိုးသော ဖဿ တရားအစုတို့ကို။ ဝေဒိတဗ္ဗာ= နာမည်လောက် အသိမဟုတ်ဘဲ သဘာဝ ဆိုက်ရောက်၍ ဝိပဿနာ ဉာဏ်အသိ မဂ်ဉာဏ်အသိဖြင့် သိအပ်ကုန်၏။ ဆ=ခြောက်မျိုးကုန်သော။ ဝေဒနာကာယာ=ဝေဒနာ တရားအစုတို့ကို။ ဝေဒိတဗ္ဗာ=သင် ချစ်သားတို့ နာမည်လောက် ပြီးပြီးပျောက်ပျောက် အသိမျိုးမဟုတ်ဘဲ ဝိပဿနာဉာဏ်ဖြင့် မဂ်ဉာဏ်ဖြင့် သိအပ်ကုန်၏။ ဆ တဏှာကာယာ= ခြောက်မျိုးသော တဏှာတရား အစုတို့ကို။ ဝေဒိတဗ္ဗာ=အပေါ်ယံသိ ပြီးပြီးပျောက်ပျောက် သိတဲ့ နာမည်လောက် အသိမျိုးမဟုတ်ဘဲ ဝိပဿနာ ဉာဏ်မျက်စိဖြင့် သိတဲ့ အသိမျိုး မဂ်ဉာဏ် မျက်စိဖြင့် သိတဲ့ အသိမျိုး သိအပ်ကုန်၏။

ဆ ဆက္ကသုတ်မှာ မြတ်စွာဘုရားဟောဖို့ မာတိကာ ထားလိုက်တာက ခြောက်မျိုး။ အဇ္ဈတ္တိကာယတန ခြောက်ပါးရှိတယ်။ ဗာဟိရာယတန ခြောက်ပါး ရှိတယ်၊ ဝိညာဉ်ခြောက်ပါး ရှိတယ်၊ ဖဿခြောက်ပါး ရှိတယ်၊ ဝေဒနာခြောက်ပါး ရှိတယ်၊ တဏှာ ခြောက်ပါးရှိတယ်။

ဒါလောက် ဆိုလို့ရှိယင်ပလေ ပရိသတ်က နားလည်ပြီ။ ဒို့သိရမယ့် တရားတွေဟာ ဘာတွေလဲလို့ ဘုရားသာသနာမှာ ဝိပဿနာဉာဏ်ဖြင့် စိုက်စိုက်စူးစူး ကြည့်ပြီးတော့ မဂ်ပေါက် ဖိုလ်ပေါက် သိရမယ့် တရားဟာ ပထမ သိဖို့ရာက အဇ္ဈတ္တိကာယတန ခြောက်ပါးကို ဒို့သိရမယ်။ ဒုတိယ သိရမှာက ဗာဟိရာယတန ခြောက်ပါးကို ဒို့သိရမယ်။ ထို့နောက် ဝိညာဏ် ခြောက်မျိုးကို သိရမယ်။ ထိုနောက် ဖဿ ခြောက်မျိုးကို သိရမယ်၊ ထို့နောက် ဝေဒနာ ခြောက်မျိုးကို သိရမယ်၊ ထို့နောက် တဏှာ ခြောက်မျိုးကို သိရမယ်။

များများ မဟုတ်ဘူး၊ ဒီခြောက်မျိုး ခြောက်လီဆိုတော့ ဆ ဆက္ကဒေသနာအတိုင်း ခြောက်မျိုးခြောက်လီသိဖို့ မြတ်စွာဘုရား သာသနာမှာ ဒီခြောက်မျိုး ခြောက်လီကို ဒို့သိဖို့ အရေးကြီးတယ်။

http:\\www.dhammadownload.com



## (၁) အဇ္ဈတ္တိကာယတန ၆–ပါး

ကိုင်း ပထမ ခြောက်မျိုးကို မြတ်စွာဘုရားက ဘယ်လို ဟောတုန်း ဆိုတော့ –

"ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိတိ=သင်ချစ်သားတို့အား အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို ဝိပဿနာ ဉာဏ်မျက်စိ မဂ်ဉာဏ်မျက်စိဖြင့် သိအပ်ကုန်၏ဟူ၍။ ဣတိ ခေါ=ဤသို့လျှင်။ ဧတံ=ဤစကားရပ်ကို။ မယာ= ငါဘုရားသည်။ ဝုတ္တံ=မာတိကာထား အကျဉ်းအားဖြင့် ဟောကြားအပ်ခဲ့ လေပြီ။ ဧတံ=ဤစကားရပ်ကို။ ကိဉ္စ=အဘယ်တရားကို။ ပဋိစ္စ=အစွဲ ပြု၍။ ဝုတ္တံ=မာတိကာထား အကျဉ်းအားဖြင့် ငါဘုရား ဟောကြားအပ် သနည်းဟူမူကား ... ။

စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ။

စက္ခာယတနံ=မျက်စိအကြည်ဟု ဆိုအပ်သော စက္ခာယတနလည်း ကောင်း။ သောတာယတနံ=နားအကြည်ဟု ဆိုအပ်သော သောတာ ယတန လည်းကောင်း။ ဃာနာယတနံ=နှာခေါင်းအကြည်ဟု ဆိုအပ် သော ဃာနာယတန လည်းကောင်း။ ဇိဝှါယတနံ=လျှာအကြည်ဟု ဆိုအပ်သော ဇိဝှါယတန လည်းကောင်း။ ကာယာယတနံ=ကိုယ်အကြည် တည်းဟူသော ကာယပသာဒရုပ် ခေါ်တဲ့ ကာယာယတနလည်း ကောင်း။ မနာယတနံ=စိတ်အကြည် ခေါ်တဲ့ မနောဒွါရ မနာယတန လည်းကောင်း။

ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိတိ=အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို သင်ချစ်သားတို့ နားလည်ရမယ် ဟူ၍။ ဣတိ=

http:\\www.dhammadownload.com



ဤသို့။ ယံ တံ=အကြင်မာတိကာ စကားကို။ ဝုတ္တံ=ငါဘုရား ဟော ကြားအပ်ခဲ့လေပြီ။ ဣဒံ=ဤဆိုအပ်ခဲ့ပြီးတဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနောတည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးကို။ ပဋိစ္စ=စွဲ၍။ ဧတံ=ဤစကားကို။ မယာ=ငါဘုရားသည်။ ဝုတ္တံ=ဟော အပ်လေပြီ။

ဘယ့်နှယ်လဲ၊ ကနေ့ဆိုလို့ရှိယင် စကားတွေ ထပ်တလဲလဲ ပြောတာ နဲ့ သိပ်ပြီး တူတာပဲနော်။ မြတ်စွာဘုရားက တရားကို အနက်လည်း မပြည့်မစုံ မဟောဘူး၊ ပြည့်ပြည့်စုံစုံ ဟောမယ်။ သဒ္ဒါလည်း ဘယ် နေရာမှ လိုလေသေးမရှိရအောင် အပြည့်အစုံ ဟောမယ်ဆိုတဲ့ အတိုင်း ပထမ မာတိကာအရ အဇ္ဈတ္တိကာယတန ခြောက်ပါးဆိုတာ ဘာကို စွဲပြီးတော့ ငါဘုရား ဟောလိုက်သလဲဆိုတော့ -စက္ခာယတန သောတာ ယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတန ဆိုတဲ့ ဒီခြောက်ပါးကို ငါဘုရား စွဲပြီးတော့ ဟောလိုက်တာပဲ။ ချစ်သားတို့၊ အဇ္ဈတ္တိကာယတန ခြောက်ပါး သိရမယ်ဆိုတာ ဒီခြောက်ပါးကို ပြော တာ။

ဒီတော့ တရားနာပရိသတ်ထဲက နေပြီးတော့ပေါ့လေ၊ ဒါ့လောက် တော့ တပည့်တော်တို့လဲ အသိသားပဲ။ ဒီလို တွေးကြည့်လိုက်စမ်းပါဦး။

ဟို-ဘုန်းကြီးတို့ ရှေးတုန်းက မြန်မာရှင်ဘုရင် လက်ထက်တုန်းက ရှမ်းဘုန်းကြီးတစ်ပါး ပိဋကတ်သုံးပုံကို တတ်တယ်ဆိုတာလို။ ရှမ်း ဘုန်းကြီးက ပိဋကတ်သုံးပုံကို သူလည်း တတ်တယ်လို့ဆိုတော့ ပိဋကတ်သုံးပုံ တတ်ယင် ဆိုစမ်းပါဆိုတော့ သုတ္တန်ပိဋက၊ ဝိနည်း ပိဋက၊ အဘိဓမ္မာပိဋက၊ ဒါ ပိဋကသုံးပုံလို့ ဆိုတာပေါ့နော်။ စက္ခာ- ယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတန ဆိုတဲ့ ဒီအာယတန ခြောက်ပါးဟာ အဇ္ဈတ္တိကာယတန ခြောက်ပါး အသိသားပဲလို့ ဒီလိုများ ရှမ်းဘုန်းကြီး အပြောလွဲသလို

http:\\www.dhammadownload.com



မပြောမိကြပါစေနဲ့။

မြတ်စွာဘုရား သိစေချင်တာက နာမည်လောက် သိစေချင်တာ မဟုတ်ဘူးတဲ့။ စက္ခာယတနလို့ ဆိုလိုက်လို့ရှိယင် အများတကာ မြင်နေရတဲ့ မျက်လုံးကြီး မျက်အိမ်ကြီးထဲမှာ အလယ်ခေါင်မှာ သန်းဦးခေါင်းလောက်မျှသော အကြည်ဓာတ်ကလေးက နေပြီးတော့ အဲဒီ သန်းဦးခေါင်းလောက်မျှသာ အကြည်ဓာတ်ကလေးကို လှမ်းပြီးတော့ ကြည့်ရမှာ။ မြတ်စွာဘုရား သိစေချင်တဲ့ စက္ခာယတန။

အကြည်ဓာတ်ဟာ သန်းဦးခေါင်းလောက် မကပါဘူး ဘုရားလို့ ပြောတယ်။ မျက်လုံးတစ်လုံးလုံးကို ကြည့်နေတာပဲ၊ တစ်လုံးလုံး မဟုတ်ဘူးဆိုလို့ရှိယင် အပြင်ဘမ်းက အဖြူကြီးက မကြည်ဘူးလား၊ အလယ်ခေါင် မျက်နက်ကျတော့ ကြည်တာပဲ၊ အရှင်ဘုရား ပြောသလို သန်းဦးခေါင်လောက် မဟုတ်ပါဘူးလို့ ပြောဦးမလား။ မှန်တယ်၊ အဲဒီ မျက်နက်ဝန်းတစ်ခုလုံး ကြည်နေတဲ့ အကြည်ဟာ မျက်နက်ဝန်းတစ်ခုလုံးမှာ စက္ခုပသာဒ ရှိနေလို့ ကြည်တာ မဟုတ်ဘူးတဲ့။ အဲဒီ မျက်နက်ဝန်းရဲ့ အကြည်ဓာတ်ကလေးက ရိုက်၍ မျက်နက်ဝန်း တစ်ဝန်းလုံး ကြည်နေတာ။

လောကဥပမာ ဘယ်လိုလဲ၊ မြန်မာရှင်ဘုရင်များ လက်ထက်တုန်းက ငမောက်ဆိုတဲ့ ကျောက်ဟာပေါ့လေ- ကြက်ဥလုံးလောက် ရှိတယ်။ ငမောက်ဆိုတဲ့ ပတ္တမြား။ သူက ဂွမ်းတစ်ပိဿာလောက် ငုံတယ်လို့ ဆိုတယ်။ အမိပ္ပာယ်က ဖတ်ပြီးသား ဂွမ်းအလယ်ခေါင်မှာ ငမောက်ပတ္တမြားကို ထည့်ပြီးတော့ လဆုတ်ပက္ခမှာ မှောင်ထဲချလိုက်လို့ရှိယင် အဲဒီ ဂွမ်းတစ်ပိဿာ အလုံးကြီးဟာ တစ်ခါတည်း အဝေးက ကြည့်ယင် မီးလုံးကြီးလို ထင်ရတယ်။ ဒါ ဘာလဲဆိုတော့ အလယ်ခေါင်က ငမောက်ဆိုတဲ့ ပတ္တမြားရဲ့ အရှိန်ဟပ်လို့ တစ်ပိဿာမျှရှိတဲ့ ဂွမ်းလုံးကြီးကို ပတ္တမြားလုံးကြီး ထင်ရတယ်။ အဲဒါလို- အဲဒါလို။

http:\\www.dhammadownload.com



(၁) ဒီ စက္ခုပသာဒဆိုတဲ့ အကြည်ကလေးကတော့ သန်းဦးခေါင်းလောက် ရှိတာပဲ။ အဲဒီ သန်းဦးခေါင်းလောက်သော အကြည်ကလေးက ငမောက်ထက် အပြန်ပြန်ကြည်တဲ့ အကြည်ဓာတ်မို့လို့ အလယ်ခေါင်က မျက်နက်ဝန်းကြီးလည်း ကြည်လို့၊ သူ့ဘေးနားက မျက်ရစ်ကလေးလည်း ကြည်လို့။ အင်း မှန်ထဲ ဘာထဲ ကြည့်စမ်းပေါ့။ ကြည့်စမ်းတဲ့အခါကျတော့ ဩော် ... အလယ်ခေါင်က ငမောက်ကြောင့် တစ်ပိဿာလောက်ရှိတဲ့ ဂွမ်းလုံးကြီး ကြည်နေတာလိုပါလား။ သန်းဦးခေါင်းမျှသော အကြည်ဓာတ်ကလေးကြောင့် တစ်ပဲပိုင်းလောက်ရှိတဲ့ သူ့ရဲ့ မျက်ဝန်းဟာ ကြည်နေတာပါလားလို့ အဲဒီလို သိဦး။

အဲဒီ မူရင်းဖြစ်တဲ့ အကြည်ဓာတ်ကလေးဟာဖြင့် စက္ခုပသာဒပဲ၊ စက္ခာယတနပဲနော်။

(၂) သောတ ဆိုကြပါစို့။ သောတပသာဒကို သောတာယန ခေါ်တယ်။ အသိသားပဲ။ ပြင်ဘက်က မြင်နေရတဲ့ နားရွက်ဟာ တကယ့် သောတပသာဒ မဟုတ်သေးဘူး။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ ရှိယင် ဖရုံသီးကို အရွက်တပ်ထားတာနဲ့ တူနေတာပဲ၊ နားကို အရွက် တပ် ထားတာနဲ့ တူနေတာပဲ၊ နားကို အရွက်တပ်ထားလို့ သူ့ကို နားရွက်လို့ ခေါ်တာ။

အမှန်က သောတပသာဒက ဟို-နားအခေါင်းအတွင်းထဲမှာ ရှိတာ။ အရပ်လေးမျက်နှာကလာတဲ့ အသံတွေကို ပြန်ပြီးတော့ ထွက်မသွားအောင် မိုက်နဲ့ ရေဒီယို ဖမ်းထားသလိုပေါ့နော်၊ ဒီအသံတွေဟာ ဒီမှာ မလွတ်ဘူး။ လာထိခိုက်ပြီးတော့မှ ဟို-သောတပသာဒနဲ့ အဆင်ပြေအောင်လို့ ကံက ဖန်တီးပေးထားတာ။ အဲဒီ နားခေါင်းရဲ့ အတွင်းထဲမှာ ကြေးနီကွင်းသဏ္ဌာန်ရှိသော မွေးညင်းကလေးတွေ ဝိုင်းပြီးပေါက်နေတာ ရှိတယ်။ အဲဒီ ထိပ်ဖျားနဲ့ ဆက်တဲ့ ကြေးနီကွင်းကလေးဟာ ထိပ်ဖျားက လှုပ်တုပ် လှုပ်တုပ်နဲ့နေတာကို အဲဒီ မွေးညင်းကလေးတွေ

http:\\www.dhammadownload.com



ဟာ သောတပသာဒတော့ မဟုတ်ဘူးနော်။ သောတပသာဒကတော့ မျက်စိနဲ့ မြင်ရတဲ့အရာ မဟုတ်ဘူး။ သောတပသာဒရှိ၍ လှုပ်တာဂဲ၊ ဒီအထဲမှာ သောတခေါ်တဲ့ အကြည်ဓာတ်ရှိတယ်-လို့ စိတ်နဲ့သိရမယ်။

(၃) ဃာနပသာဒဆိုတဲ့ ဃာနာယတနလဲပဲ အများမြင်နေရတဲ့ တချို့မှာ ချွန်းတွန်းတွန်း၊ တချို့မှာ လုံးတုံးတုံး၊ တချို့မှာ မောက်တောက်တောက်၊ တချို့မှာ ပြားတားတား ပုံစံအမျိုးမျိုး မြင်နေရတာဟာ သမ္ဘာရဃာနလို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရလို့ရှိယင် ပသာဒဃာန။ ဃာနာယတနရဲ့ နေအိမ်ကြီးပါပဲ။ ဃာနာယတနခေါ်တဲ့ တရားက အဲဒီ နှာခေါင်းအိမ်ကြီးထဲမှာ ဆိတ်ခွာသဏ္ဍာန်ရှိတဲ့ ဌာန၌ သူနဲ့ပြီး အထဲထဲမှာ တည်နေတယ်။

ဒါ-ဘယ်လိုပုဂ္ဂိုလ်ကျတော့ ပိုထင်ရှားလဲလို့ ဆိုတော့လေ၊ သေခါနီး ပုဂ္ဂိုလ်များကျတော့ ဒီ ဃာနပသာဒဟာ သိပ်ထင်ရှားတယ်။ သေသေချာချာကြည့်၊ စူးစူးစိုက်စိုက်ကြည့်။ နာရီပိုင်းလောက် လိုတော့တယ်။ အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် ဇီဝိတသန္တာန် ပြတ်တော့မယ်ဆိုလို့ရှိယင်ဖြင့် နာရီပိုင်းလောက်မှာ ဒီ ဃာနပသာဒရုပ်တွေ တစ်ချိန်ထက်တစ်ချိန် အားနည်း အားနည်းလာပြီးတော့ အဲဒီ နှာခေါင်းမှာ ဆိတ်ခွာသဏ္ဍာန် ဌာနကလေးဟာ တစ်ခါတည်း ညှိုးသွားတာကို ကောင်းကောင်းကြီး မြင်ရတတ်တယ်။ ကြည့်တတ်ယင် မြင်ရတယ်။ အဲဒီ ညှိုးသွားတာ မြင်သဖြင့် လန်းဆန်းနေစဉ်သကာလ သြော် ... ဒီဆိတ်ခွာသဏ္ဍာန်ဌာနမှာ ဃာနပသာဒတွေ အကြည်ဓာတ်တွေ နှံ့တည်နေလို့ လန်းဆန်းနေတာ ကြည်လင်နေတာပါလား။

ဒီလို ကြည်လင်နေတဲ့ အင်း ... သဘာဝဟာဖြင့် ဒါ ဃာနပသာဒ ဃာနာယတနပဲလို့ သိရမယ်။

(၄) ဇိဝှါယတန ဆိုတာကလည်း မြင်နေတဲ့ လျှာကြီးတစ်ခုလုံး မဟုတ်ဘူး။ လျှာအလယ်မှာ ကြာရွက်ဖျား သဏ္ဍာန်ရှိတဲ့ဌာနမှာ နှံ့ပြီး

http:\\www.dhammadownload.com



တော့ အကြည်ဓာတ်ကလေး တည်နေတယ်။ ဒီအကြည်ဓာတ်ပေါ်မှာ သလိပ်၊ သည်းခြေ၊ လေဆိုတဲ့ ဒေါသသုံးပါး တစ်ပါးပါး ဖုံးလွှမ်းနေလို့ ရှိယင် အရသာကို မသိဘဲ ရှိတတ်တယ်။ ဒီဒေါသသုံးပါး စင်ကြယ်မှ အရသာကို သိနိုင်တယ်။ အဲဒီလို အရသာကို သိဖို့ရန်အကြောင်း အထောက်အပံ့ဖြစ်တဲ့ အကြည်ဓာတ်တစ်မျိုးဟာ ဇိဝှါပသာဒပဲလို့ သိလား။

(၅) ကာယပသာဒကလည်း ထို့အတူ တစ်ကိုယ်လုံးမှာပေါ့လေ၊ ဆံဖျားမှ ခြေဖျားတိုင်အောင် အပ်နဲ့ထောက်ပြီးတော့ ကြည့်စမ်း။ စိတ်မကူးနဲ့။ နာတဲ့ နေရာတိုင်း နေရာတိုင်းဟာ ကာယပသာဒ ရှိတယ်။ အင်မတန်လည်း ဆန်းကြယ်ပါတယ်။ ဒီကာယပသာဒဟာ ပစ္စည်းတစ်ခုမှာပေမယ်လို့ အရင်းပိုင်းမှာရှိပြီး အဖျားပိုင်းမှာ မရှိဘူးနော်။ ဥပမာ-လက်သည်း ခြေသည်း ကြည့်ပါ။ အဲဒီ လက်သည်း ခြေသည်းမှာ ကာယပသာဒ မရောက်တဲ့နေရာ ကာယပသာဒ ရောက်တဲ့နေရာ နှစ်ပိုင်းရှိတယ်။ အသားမှ မလွတ်တဲ့ အစိတ်အပိုင်းထဲမှာ ဒီလက်သည်း ခြေသည်းထဲမှာ ကာယပသာဒ ရှိတယ်။ အသား ဒီဘက်ထွက်လာတဲ့ အစိတ်အပိုင်းထဲမှာ ကာယပသာဒ မရှိဘူး။

ကာယပသာဒ မရှိတဲ့ နေရာကို လက်သည်းညှပ်နဲ့၊ ကတ်ကြေးနဲ့၊ ဓားနဲ့ လှီးလိုက်လို့ရှိယင် မနာဘူးနော်။ ကာယပသာဒရှိတဲ့ နေရာမှာ ညှပ်မိတယ်၊ လှီးမိတယ်ဆိုလို့ရှိယင် အင်မတန် နာတယ်။ လက်သည်းတစ်ခုထဲမှာပဲ ကာယပသာဒ မရောက်တဲ့နေရာ ရောက်တဲ့နေရာ စိတ်ကူးနဲ့ ကြည့်ပါ။

(၆) "ဘဝင်စိတ်မျိုး၊ တစ်ဆယ့်ကိုး၊ ခေါ်ရိုးမနောဒွါ"လို့ လယ်တီဆရာတော်ဘုရားကြီးက သံခိပ်လင်္ကာ ရေးထားခဲ့တယ်။ သဂြိုဟ်ကျမ်းမှာလည်း မနောဒွါရံ ပန ဘဝင်္ဂံ ပဝုစ္စတိ-လို့ ရေးဖွင့်ခဲ့ပါတယ်။ ဘဝတစ်ခုမှာ အစဆုံးဖြစ်တဲ့ စိတ်ကို ပဋိသန္ဓေစိတ်လို့ ခေါ်တယ်။

http:\\www.dhammadownload.com



နောက်ဆုံး ဖြစ်တဲ့စိတ်ကို စုတေစိတ်လို့ ခေါ်တယ်။ ပဝတ္တိအခါ တစ်ဝီထိနှင့် တစ်ဝီထိတို့၏ကြားမှာ ဘဝအဆက်မပြတ်အောင် ဆက်ကာဆက်ကာ ဖြစ်နေသော စိတ်အစဉ်ကို ဘဝင်စိတ်လို့ ခေါ်တယ်။ တစ်ဘဝအတွက်သာ သတ္တဝါတစ်ယောက်၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့မှာ တစ်မျိုးတည်းပင် ဖြစ်ပါသည်။ ဥပမာ မိမိသည် မဟာဝိပါက် ပထမစိတ် (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်)ဖြင့် ပဋိသန္ဓေတည်နေခဲ့သူဖြစ်လျှင် ထိုသူ၏ အဖို့ရာ ပဝတ္တိအခါ၌ အခြား ဝီထိစိတ်များ မဖြစ်သမျှ ထိုမဟာဝိပါက် ပထမစိတ်သည် ဘဝင်ကိစ္စ တပ်၍ အကြိမ်ကြိမ်ဖြစ်ပြီး နောက်ဆုံး သေချိန်မှာလည်း မဟာဝိပါက် ပထမစိတ်သည် စုတိကိစ္စ တပ်၍ ဖြစ်လာပြီး ဘဝဆုံးရသည်။

ထို မနောဒွါရခေါ်သော ဘဝင်စိတ်သည် ဟဒယနှလုံးအိမ်ဝယ် လက်ဆွမ်းဝက်မျှသော သွေး၌ နှံ့၍ တည်နေသော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ရသည်။ မနောဒွါရ၌ ဓမ္မာရုံထင်သောအခါ ထင်လျှင်ထင်ချင်း ဝီထိစိတ်များ မဖြစ်နိုင်သေး၊ အနည်းဆုံး ဘဝင်စိတ် ၃ ကြိမ်လောက် ဖြစ်ပြီးမှ အာဝဇ္ဇန်း (ဝီထိ)စိတ် စ၍ ဖြစ်သည်။ ထိုဘဝင်စိတ် ၄ ကြိမ်တို့ အနက် ထင်လျှင်ထင်ချင်းခဏ ပြိုင်သော ဘဝင်စိတ်ကို (ဒွါရ၌ အာရုံထင်ပြီး ကျော်လွန်သွားသောစိတ်ဖြစ်၍) (တီ)=အတီတ ဘဝင်စိတ်ဟု ခေါ်၍ နောက်ဆက် ဘဝင်စိတ် ၂ ပါးတွင် ရှေ့ဘဝင်စိတ်ကို (န)= တုန်လှုပ်ရုံသာ ရှိသေးသော ဘဝင်စိတ်ဟု ခေါ်ပြီး ၎င်းနောက်က ဘဝင်စိတ်ကိုကား (ဒ)=ဘဝင်စိတ်အဖြစ် ပြတ်ရပ်သွားသော ဘဝင်စိတ်ဟု အမည်တပ် မှတ်သားပေးထားသည်။

ဤ၌ 'ဒွါရ ၆ ပါး=အကြည် ၆ ပါးတို့တွင် ၆ ခုမြောက်ဖြစ်သည့် မနောအကြည် ဟူသည်မှာ ဘဝင်စိတ်မျိုး ၁၉ ကို ခေါ်သည်'ဟူ၍ ဆိုလိုရင်း ဖြစ်ပါသည်။ ထိုဒွါရ ၆ ပါးကို အတွင်းအာယတန(အဇ္ဈတ္တိ

http:\\www.dhammadownload.com



(ယာတန)လို့ ခေါ်ရခြင်းအကြောင်း၊ အာရုံ ၆ မျိုးကို အပြင်အာယတန (ဗာဟိရာယတန)လို့ ခေါ်ရခြင်းအကြောင်းကို ဆက်လက်၍ ပြောပြပါမည်။

## အဇ္ဈတ္တိကာယတန+ဗာဟိရာယတန ဟူ၍ ခေါ်ရခြင်း အကြောင်း

လူတစ်ယောက်က တစ်ယောက်ကို မေးတယ်ဆိုပါစို့။ ခင်ဗျားမှာ မျက်စိရှိတယ်၊ နားရှိတယ်၊ နှာရှိတယ်၊ လျှာရှိတယ်၊ ကိုယ်ရှိတယ်၊ စိတ်ရှိတယ်၊ ဒီ ၆ မျိုးကို တစ်ပုံထား။

အဆင်းရှိတယ်၊ အသံရှိတယ်၊ အနံ့ရှိတယ်၊ အရသာရှိတယ်၊ တွေ့ထိအပ်တာရှိတယ်၊ စိတ်နဲ့သိရတဲ့သဘောတွေ ခင်ဗျားမှာ ရှိတယ်။ ဒီ ၆ မျိုးကို တစ်ဖက်ကထား။ အဲဒီတစ်ပိုင်းခြောက်မျိုး နှစ်ဖက်ထားပြီးတော့ ဟိုဘက်ခြောက်မျိုး ဒီဘက်ခြောက်မျိုးမှ တစ်ခုခုတော့ စွန့်ရလိမ့်မယ်။ အဲဒါ ဘယ်ခြောက်မျိုးကို စွန့်မလဲလို့ မေးတယ် ဆိုပါစို့။ ဥပမာ မျက်စိကို စွန့်မလား၊ ဟုတ်လား။ မျက်စိတော့ မစွန့်ပါရစေနဲ့၊ လူချင်း မတူမှာ စိုးလွန်းလို့ပါ။ နားကို၊ သူပြောတာ မကြားမှာ စိုးလို့ပါ။ နှာခေါင်းကို၊ ဒီနှာခေါင်းနဲ့ လူလုပ်နေရတာပါ။ လျှာကို၊ ဒီလျှာနဲ့ စားနေသောက်နေ လျက်နေရတာပါ။ ကိုယ်ကို၊ ဒီ ကိုယ်ကြောင့် လူတစ်လုံးသူတစ်လုံး ဖြစ်နေတာ။ စိတ်၊ ဒီစိတ်မှ မရှိရင် အသေကောင် ဖြစ်သွားမှာပေါ့။ တစ်နည်းအားဖြင့် ဒီစိတ်မှ မရှိလို့ ရှိယင် ရူးသွပ်သွားချေရဲ့။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဆိုတဲ့ ဒီခြောက်ပါးသော တရားကိုတော့ဖြင့် မပေးနိုင်ဘူး။ အဲဒီ ခြောက်ပါးသော တရားကို ယူမယ့်အစား ဟို–အဆင်းကို ယူချင် ယူသွား ယူသွားတော့၊ အသံကို ယူချင် ယူသွားတော့၊ အသံမရှိပေမယ်လို့ နားထောင်နိုင်သေးတယ်။

http:\\www.dhammadownload.com



အဲဒီလို ဟိုဘက် ဒီဘက် ပုံထားတဲ့ အခါကျတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဆိုတဲ့ ဒီခြောက်ပါးနဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ ဒီခြောက်ပါးကို ကိုယ်က ဘယ်သူ့ကို အတွင်းသားအနေနဲ့ သိမ်းဆည်းမလဲ။ ဟုတ်လား၊ အဲဒီလို စဉ်းစားကြည့်။ စဉ်းစားလို့ရှိယင် ဒီ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒီအတွင်းခြောက်ပါးကို ကိုယ်တွင်းတရားအနေနဲ့ သိမ်းဆည်းတယ်။

အေး ... အဆင်းတို့၊ အသံတို့၊ အနံ့တို့၊ အရသာတို့၊ အတွေ့အထိတို့၊ ဓမ္မသဘာဝလို့ ဆိုတဲ့ ဒီအာရုံ ခြောက်ပါးထက် ဒီဒွါရခြောက်ပါးကို မြတ်နိုးတာ အမှန်ပဲ။ အဲဒီလို မြတ်နိုးတော့ အတွင်းသား ထားရာ ရောက်တယ်။ အဲဒီလို အတွင်းသား ထားရာရောက်လို့မို့ ဒီခြောက်ပါးကို အဇ္ဈတ္တိကာယတန ခြောက်ပါးခေါ်တယ်။ လူတိုင်း လူတိုင်း ကိုယ်တွင်းတရားအနေနဲ့ သိမ်းဆည်းထားတဲ့ တရားမို့လို့ အဇ္ဈတ္တိကာယတန ခြောက်ပါးလို့ ခေါ်တယ်။

## (၂) ဗာဟိရာယတန ခြောက်ပါး

ကိုင်း–ဒါဖြင့်ယင် ပထမ မာတိကာအရ အနုဗောဓအနေနဲ့ အဇ္ဈတ္တိကာယတန ခြောက်ပါး သိပါပြီ။ ဒုတိယ မာတိကာအရတော့ မြတ်စွာဘုရား ဘာ ဟောသလဲ။

"ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ" တိ
ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ချစ်သားတို့ ဒုတိယ ခြောက်မျိုးအနေနဲ့ ဗာဟိရာယတန ခြောက်ပါးတို့ကို သင်ချစ်သားတို့ နားလည်ကြရမယ်၊ သိကြရမယ်ဆိုတဲ့ ဤစကားကို ဘာကို စွဲပြီးတော့ ငါဘုရား ဟောကြားသလဲလို့ ဆိုတော့ –

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ
ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ။

http:\\www.dhammadownload.com



အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ ရူပါယတန၊ အသံအမျိုးမျိုး သဒ္ဒါရုံဆိုတဲ့ သဒ္ဒါယတန၊ အနံ့အမျိုးမျိုး ဂန္ဓာရုံဆိုတဲ့ ဂန္ဓာယတန၊ အရသာအမျိုးမျိုး ရသာရုံဆိုတဲ့ ရသာယတန၊ အကြမ်းအနု အစရှိတဲ့ အတွေ့အထိ အမျိုးမျိုး ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဖောဋ္ဌဗ္ဗာယတန၊ စိတ်ဖြင့်သာ ကြံဆ၍သိရတဲ့ ဓမ္မသဘော အမျိုးမျိုးဆိုတဲ့ ဓမ္မာရုံတည်းဟူသော ဓမ္မာယတန။ အဲဒီ ခြောက်ပါးကို နားလည်ထားပါတဲ့။

"ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ" တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။

ချစ်သားတို့-ဗာဟိရာယတန ခြောက်ပါးကို နားလည်ရမယ်လို့ ဆိုတဲ့ ဒီစကားကို အခုပြောခဲ့တဲ့ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတနဆိုတဲ့ အဲဒီခြောက်ပါးကို စွဲပြီးတော့ ငါဘုရား ဟောတာဖြစ်တယ်။

(၁-၆) အေး ... တိုတိုပြောရမယ်ဆိုလို့ရှိယင် ဗာဟိရာယတန ခြောက်ပါးဆိုတာ အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ်၊ အရသာရယ်၊ အတွေ့အထိရယ်၊ စိတ်ဖြင့်သာ သိရတဲ့ တရားသဘောတွေရယ်၊ ဒီ ခြောက်မျိုးကို ခေါ်တယ်။ ဒါကတော့ အင်မတန် နေ့စဉ် မြင်နေကျ၊ နေ့စဉ်ကြားနေကျ၊ နေ့စဉ်နမ်းနေကျ၊ နေ့စဉ်လျက်နေကျ၊ နေ့စဉ်တွေ့ထိ နေကျ၊ နေ့စဉ်သိနေကျတွေဖြစ်လို့ အင်မတန် ထင်ရှားပါတယ် ... နော်။

ဒီတော့ ဒီခြောက်ပါးကို ဘာပြုလို့ ဗာဟိရာယတနလို့ ခေါ်တုန်း။ မျက်စိနဲ့ ရူပါရုံ တစ်ခုခု စွန့်ဆိုလို့ရှိယင် မျက်စိတော့ မစွန့်ဘူး၊ ရူပါရုံပဲ စွန့်မယ်၊ နားနဲ့ သဒ္ဒါရုံ တစ်ခုခု စွန့်ပါ၊ မစွန့်ဘဲ မနေရဘူး ဆိုလို့ရှိယင် နားကိုတော့ မစွန့်ဘူး၊ သဒ္ဒါရုံကိုပဲ စွန့်လိမ်မယ်။ နှာခေါင်းနဲ့ ဂန္ဓာရုံ တစ်ခုခု စွန့်ပါ၊ မစွန့်ဘဲတော့ဖြင့် မနေရဘူးဆိုလို့ရှိယင် နှာခေါင်းတော့ မစွန့်ဘူး၊ ဂန္ဓာရုံကိုပဲ စွန့်လိမ့်မယ်။ အေး ... ဒွါရခြောက်ပါးနဲ့ အာရုံ ခြောက်ပါးကို ယှဉ်ပြီးတော့ပေါ့လေ၊ တစ်ခုခုကို စွန့်ပါဆိုလို့ရှိယင်

http:\\www.dhammadownload.com



ဒွါရကို မစွန့်ဘူး၊ အာရုံတော့ စွန့်လိမ့်မယ်၊ ဒီလို စွန့်ကတည်းကိုက အာရုံပေါ်မှာ မိမိစိတ်က အပြင်သား ထားတယ်။ အပြင်ဘာရအနေနဲ့ သိမ်းပိုက်ထားတာမို့လို့ ဒီခြောက်ပါးကို ဗာဟိရာယတနလို့ ခေါ်တယ်။ ပြီးပြီနော်၊ ဒါ ဒုတိယမာတိကာအရ။

## (၃) ဝိညာဏ် ၆-ပါး

ပြီးတော့ ဆက်ပြီးတော့ မြတ်စွာဘုရားက -

"ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ။ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့ ...။ ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာတိ=ဝိညာဏ်အစု ခြောက်ပါးတို့ကို သင်ချစ်သားတို့ ဝိပဿနာ ဉာဏ်မျက်စိ မဂ်ဉာဏ်မျက်စိဖြင့် သိအပ်ကုန်၏ဟူ၍။ ဣတိ ခေါ=ဤသို့လျှင်။ တေံ=ဤစကားကို။ ကိဉ္စ=အဘယ်တရားကို။ ပဋိစ္စ=စွဲ၍။ ဝုတ္တံ=ဟောကြားအပ်သနည်း ဟူမူကား -

ဝိညာဏကာယခြောက်ပါး သင်ချစ်သားတို့ သိရမယ်လို့ဆိုတဲ့ စကားကို ဘာစွဲပြီးတော့ ငါဘုရား ဟောတာလဲလို့ဆိုယင် -

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုံ=စက္ခုပသာဒ စက္ခာယတနကိုလည်းကောင်း။ ရူပေ စ=ရူပါရုံဆိုတဲ့ ဗဟိဒ္ဓ ရူပါယတနကိုလည်းကောင်း။ ပဋိစ္စ=စွဲ၍။ စက္ခုဝိညာဏံ =မြင်မှုဆိုတဲ့ စက္ခုဝိညာဏ်ဓာတ်သဘောသည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတပသာဒနဲ့ သဒ္ဒါရုံ နှစ်ပါး စွဲပြီးသကာလ ကြားမှုဆိုတဲ့ သောတဝိညာဏ် ဖြစ်တယ်။ ဃာနပသာဒနဲ့ ဂန္ဓာရုံ နှစ်ပါး စွဲပြီး သကာလ နမ်းရှူမှုဆိုတဲ့ ဃာနဝိညာဏ်စိတ်ဖြစ်တယ်။ ဇိဝှါပသာဒနဲ့ ရသာရုံနှစ်ပါး ပေါင်းဆုံမိတဲ့အခါ နှစ်ပါးစွဲပြီးသကာလ လျက်မှု စားမှု

http:\\www.dhammadownload.com



ဆိုတဲ့ ဇိဝှါဝိညာဏ် ဖြစ်တယ်။ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနှစ်ပါး စွဲပြီး သကာလ တွေ့ထိမှုဆိုတဲ့ ကာယဝိညာဏ် ဖြစ်တယ်။ မနောဒွါရနဲ့ ဓမ္မာရုံနှစ်ပါး စွဲပြီးသကာလ အာရုံကို သိမှုဆိုတဲ့ မနောဝိညာဏ် ဖြစ်တယ်။

ဝိညာဉ်ခြောက်ပါးပေါ့လေ၊ အကြမ်းဖျင်းအားဖြင့် မြင်မှုရယ်၊ ကြားမှုရယ်၊ နမ်းမှုရယ်၊ လျက်မှုရယ်၊ ထိမှုရယ်၊ သိမှုရယ်-ဒီခြောက်ပါးကို ဝိညာဏ်ခြောက်ပါးလို့ ခေါ်တယ်။

မီးခတ်သံနဲ့ မီးခတ်ကျောက်နဲ့ ခိုက်မိ တိုက်မိပြီ ဆိုလို့ရှိယင်ဖြင့် ဖွားကနဲ ဖွားကနဲ မီးပွားတွေ ထွက်လာသလို- စက္ခုပသာဒနဲ့ ရူပါရုံ ခိုက်မိ တိုက်မိပြီ ဆိုလို့ရှိယင် မြင်မှုဆိုတဲ့ စက္ခုဝိညာဏ် မီးပွားတွေ ဖြစ်လာရော။ သောတဒွါရနဲ့ သဒ္ဒါရုံ ခိုက်မိပြီဆိုလို့ရှိယင် သောတ ဝိညာဏ်ဆိုတဲ့ ကြားမှု မီးပွားတွေ တစ်ခါ ဖြစ်ပေါ်လာတယ်။ ဃာနဒွါရနဲ့ ဂန္ဓာရုံ ခိုက်မိပြီဆိုလို့ရှိယင် နမ်းရှုမှု ဃာနဝိညာဏ်ဆိုတဲ့ မီးပွားလေး ဖြစ်ပေါ်လာတယ်။ ဇိဝှါဒွါရနဲ့ ရသာရုံ ထိခိုက်မိပြီ ဆိုလို့ရှိယင် လျက်မှု စားမှုဆိုတဲ့ ဇိဝှါဝိညာဏ် မီးပွားပွင့်လာတယ်။ ကာယဒွါရနဲ့ ဖောဋ္ဌဗ္ဗာရုံ တွေ့ထိယင် ကာယဝိညာဏ် တည်းဟူသော မီးပွားပွင့်၍လာတယ်။ မနောဒွါရနဲ့ ဓမ္မာရုံ=မနာယတနနဲ့ ဓမ္မာယတနတို့ ဒီနှစ်ပါးစွဲပြီး သကာလ ဒီနှစ်ပါးတို့ ဆုံမိ တိုက်မိလို့ရှိယင် မနောဝိညာဏ်ဆိုတဲ့ အသိဓာတ် မီးဖွားပွင့်လာတယ်။

အမြင်ရယ်၊ အကြားရယ်၊ အနံ့ရယ်၊ အစားရယ်၊ အတွေ့ရယ်၊ အသိရယ် ဆိုတာတွေဟာလေ ဒါ နေ့စဉ်နေ့စဉ် ဖြစ်နေတဲ့ တရားတွေပဲ။ အဲဒီတရားတွေကို မြတ်စွာဘုရားက ဝိညာဏ်ခြောက်ပါး သိရမယ်ဆို တာ မသိနိုင်တဲ့တရားတွေ ပြောနေတာ မဟုတ်ဘူးတဲ့။ နေ့စဉ်နေ့စဉ် ဖြစ်နေတဲ့ အမြင်ဓာတ်၊ အကြားဓာတ်၊ အနံ့ဓာတ်၊ အစားဓာတ်၊ အတွေ့ဓာတ်၊ အသိဓာတ်ဆိုတဲ့ ဒီဝိညာဏ်ခြောက်ပါးကို ချစ်သားတို့ နားလည် ရမယ်။

http:\\www.dhammadownload.com



သွင်းပြီးတော့ သစ်ခါတည်း နာမည်ကိုပေါ့လေ မြင်လိုက်စမ်း။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်နဲ့ ပါဠိလို ဒီလို ခေါ်နိုင်ရမယ်။ မြန်မာလိုလည်းပဲ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုဆိုတဲ့ ဒီ ခြောက်ပါးကို သိနေရမယ်။ တပည့်တော်တို့ အသိသားပဲ။ ဒီလို နာမည်တင် သိထားလို့လည်းပဲ မဟုတ်သေးဘူးနော်။ ဘုရားအကြိုက် ကို၊ ဘုရားကြိုက်တဲ့ အသိမျိုးကို ကောင်းကောင်း မရောက်သေးဘူး။ အခုဟာက နာမည်တွေတင် ထုတ်ပြောနေရုံ ရှိသေးတယ်။ ဘုရား သိစေ ချင်တဲ့ အသိမရောက်သေးဘူး၊ မဆုံးသေးဘူး။ ဒါ တတိယဆက္က။

(၁-၆) ကိုင်း မြတ်စွာဘုရားက ဘယ့်နှယ်ဟောတုန်း။

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊
ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊
ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊
"ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ" တိ ဣတိ ယံ တံ ဝုတ္တံ။
ဣဒမေတံ ပဋိစ္စ ဝုတ္တံ။ ဣဒံ တတိယံ ဆက္ကံ။

ဝိညာဏကာယ ခြောက်ပါးကို သင် ချစ်သားတို့ နားလည်ရမယ် ဆိုတာ အခုပြောခဲ့တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော ဝိညာဏ်ဆိုတဲ့ ဒီဝိညာဏ်ခြောက်ပါးကို ပြောလိုရင်းပဲ။ အဲဒီတတိယ တရားခြောက်မျိုးကို သင်ချစ်သားတို့ နားလည်ရမယ်။

## (၄) ဖဿ ၆ ပါး

ပြီးတော့ ဘာလာတုန်းဆိုတော့-

"ဆ ဖဿကာယာ ဝေဒိတဗ္ဗာ" တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊

http:\\www.dhammadownload.com



ကိစ္စေတံ ပဋိစ္စ ဝုတ္တံ။

ဝိညာဏ် ခြောက်ပါး နားလည်ပြီးတော့ ဖဿခြောက်ပါး နားလည်ရမယ်လို့ ငါဘုရား ဘာကိုစွဲပြီး ဟောကြားသလဲဆိုတော့-

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ
　　တိဏ္ဏံ သင်္ဂတိ ဖဿော။

စက္ခုဒွါရရယ် ရူပါရုံရယ် ဒီနှစ်ပါး စွဲပြီးသကာလ စက္ခုဝိညာဏ် ဆိုတဲ့မီးပွင့် ပွင့်တယ်။ မြင်မှုဆိုတဲ့ မီးပွင့် ပွင့်တယ်။ အဲဒီ ဒွါရရယ်၊ အာရုံရယ်၊ ဝိညာဏ်ရယ် သုံးပါးတို့ ပေါင်းဆုံခြင်းကြောင့် မီးခတ်တွေလို တွေ့ထိမှုဆိုတဲ့ စက္ခုသမ္ဖဿသဘော ပေါ်ခဲ့တယ်။

(၂) ထို့အတူ သောတဒွါရနဲ့ သဒ္ဒါရုံ ပေါင်းဆုံမိခြင်းကြောင့် သောတဝိညာဏ် ဖြစ်တယ်။ အဲဒီ အာရုံရယ်၊ ဒွါရရယ်၊ ဝိညာဏ်ရယ် သုံးပါးတို့ ပေါင်းဆုံမိခြင်းဟူသော အကြောင်းကြောင့် သဒ္ဒါရုံကို တွေ့ထိမှုဆိုတဲ့ သောတသမ္ဖဿ ဖြစ်ခဲ့တယ်။

(၃) ဃာနဒွါရ ဂန္ဓာရုံနှင့် တွဲပြီးသကာလ ဃာနဝိညာဏ်ဆိုတဲ့ နမ်းရှူမှုစိတ် ဖြစ်ပြီးသကာလ အဲဒီသုံးပါး ဒွါရ အာရုံ ဝိညာဏ် သုံးပါး ပေါင်းဆုံခြင်းကြောင့် ဂန္ဓာရုံ တွေ့ထိမှုခေါ်တဲ့ ဃာနသမ္ဖဿ ဖြစ်ခဲ့တယ်။

(၄) ဇိဝှါပသာဒ၊ ရသာရုံ၊ ဇိဝှါဝိညာဏ် သုံးပါးဆုံတော့ အဲဒီ ဇိဝှါဒွါရပေါ်မှာ ရသာရုံကို တွေ့ထိတဲ့ နာမ်အတွေ့၊ နာမ်အထိမျိုးဆိုတဲ့ ဇိဝှါသမ္ဖဿ ဖြစ်ခဲ့တယ်။

(၅) ကာယဒွါရနဲ့ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ် သုံးပါးဆုံတော့ ကာယပသာဒပေါ်မှာ မှီပြီး ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတဲ့ နာမ်အတွေ့၊ နာမ်အပူမျိုးခေါ်တဲ့ ကာယသမ္ဖဿ ဖြစ်ခဲ့တယ်။

(၆) မနောဒွါရ၊ ဓမ္မာရုံ၊ မနောဝိညာဏ် သုံးပါးဆုံခြင်းကြောင့် မနောသမ္ဖဿဆိုတဲ့ စိတ်အတွေ့ ဖြစ်ခဲ့တယ်။

http:\\www.dhammadownload.com



ဒါကတော့နော်–ဖဿဟာ ဘယ်သဘော ရှိသလဲ။ ဖဿဟာ အာရုံကို ကြိတ်ချေပေးခြင်းသဘော ရှိတယ်။ စက္ခုသမ္ဖဿက ရူပါရုံကို တွေ့ထိတယ်ဆိုတာ ရူပါရုံကို ကြိတ်ပေးလိုက်တာပဲ။ သောတသမ္ဖဿက သဒ္ဒါရုံကို ကြိတ်ပေးလိုက်တယ်။ ဃာနသမ္ဖဿက ဂန္ဓာရုံကို ကြိတ်ပေးလိုက်တယ်။ ဇိဝှါသမ္ဖဿက ရသာရုံကို ကြိတ်ပေးလိုက်တယ်။ ကာယသမ္ဖဿက ဖောဋ္ဌဗ္ဗာရုံကို ကြိတ်ပေးလိုက်တယ်။ မနောသမ္ဖဿက ဓမ္မာရုံကို ကြိတ်ပေးလိုက်တယ်။ အဲဒီလို ဆိုင်ရာဆိုင်ရာ ဖဿက ဆိုင်ရာဆိုင်ရာ အာရုံကို ကြိတ်ပေးလိုက်တဲ့ အခါကျတော့ အာရုံအကောင်းအဆိုးအလိုက် အာရုံရဲ့ ဣဋ္ဌရသ အနိဋ္ဌရသ သဘာဝတွေ ပေါ်လာတယ်။

အဲဒီ အာရုံရဲ့ ဣဋ္ဌ အနိဋ္ဌ အရသာ ပေါ်လာပြီဆိုတော့မှ အဲဒီနောက်က ဝေဒနာကနေပြီး ဒီအာရုံရည်ကို မည်မည်ရရ သုံးစားလိမ့်မယ်။ ဝေဒနာ ခံစားနိုင်ဖို့ ဖဿက အာရုံပေါ်က အရည်ထွက်လာအောင် အာရုံ၏ အရသာရည် ထွက်လာအောင် ကြိတ်ပေးရတာပဲ။ တွေ့ထိတယ်ဆိုတာ အာရုံရဲ့ ဣဋ္ဌသဘော အနိဋ္ဌသဘော၊ ဣဋ္ဌရသ အနိဋ္ဌရသပေါ်အောင် တွေ့ထိပေးလိုက်ရတာပဲ။ ဒီ တွေ့ထိခြင်း ခြောက်မျိုးကို –

"ဆ ဖဿကာယာ ဝေဒိတဗ္ဗာ" တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။ ဣဒံ စတုတ္ထံ ဆက္ကံ။

ဖဿခြောက်ပါး နားလည်ရမယ်ဆိုတာ အခုပြောခဲ့တဲ့အတိုင်း စက္ခုသမ္ဖဿ မျက်စိအတွေ့၊ နားအတွေ့၊ နှာအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ဆိုတဲ့ ဒီအတွေ့ခြောက်ပါးကို စွဲပြီးတော့ ငါဘုရားဟောတာ။ အဲဒါ စတုတ္ထ ဆက္ကနော်–တဲ့။ စတုတ္ထမြောက် တရားခြောက်မျိုး။

http:\\www.dhammadownload.com



## (၅) ဝေဒနာ ၆-ပါး

ပဉ္စမခြောက်မျိုးက -

"ဆ ဝေဒနာကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ဝေဒနာကာယ=ဝေဒနာတရားအစု ခြောက်မျိုးကို သင်ချစ်သားတို့ သိရမယ်လို့ ဆိုတာ ဘာကိုစွဲပြီး ငါဘုရားဟောသလဲလို့ ဆိုတော့ -

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ။

စက္ခုဒွါရနဲ့ ရူပါရုံကို စွဲပြီး သကာလ စက္ခုဝိညာဏ် အမြင်ဓာတ် ပေါ်တယ်။ ဒွါရ အာရုံ ဝိညာဏ်သုံးပါး ဆုံခြင်းဟူသော အကြောင်းကြောင့် မျက်စိအတွေ့ခေါ်တဲ့ စက္ခုသမ္ဖဿ ပေါ်တယ်။ အဲဒီ စက္ခုသမ္ဖဿက ကြိတ်ပေးလိုက်တဲ့အတွက် ရူပါရုံရဲ့ ဣဋ္ဌရသ အနိဋ္ဌရသ၊ ဣဋ္ဌသဘော အနိဋ္ဌသဘော-ဣဋ္ဌရသရည် အနိဋ္ဌရသရည် ထွက်လာတဲ့ အခါကျတော့ ဣဋ္ဌရသရည် ထွက်လာပြီဆိုတော့ ဝမ်းမြောက်ဝမ်းသာ ဝေဒနာက ခံစားတယ်။ အာရုံက အနိဋ္ဌရသ သဘောဆိုလို့ရှိယင် ဆင်းဆင်းရဲရဲ ဝေဒနာက ခံစားတယ်။ ဒီတော့ ဖဿက နေပြီးတော့ ရောဖျား၊ ခံစားရော့လို့ ဆိုပြီးတော့ အာရုံရည် ကြိတ်ပေးလိုက်တယ်။ ဣဋ္ဌအရည် ဖြစ်လို့ရှိယင် ဝေဒနာက ချမ်းချမ်းသာသာ ခံစားရတယ် သုခဝေဒနာ။ အာရုံက မကောင်းတဲ့ အနိဋ္ဌမျိုးစေ့မို့လို့ ဖဿက ကြိတ်ပေးလိုက်တယ်။ အနိဋ္ဌရသ အနိဋ္ဌရည် ထွက်လာလို့ရှိယင် ဝေဒနာက ဆင်းဆင်းရဲရဲ ခံစားရတယ်။ ဒုက္ခဝေဒနာပ။ အဲဒီလို သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဒီလို ဆက်ပြီး သွားလိုက်တဲ့အခါ စက္ခုဒွါရမှာဖြစ်တဲ့ စက္ခုသမ္ဖဿ ကြောင့်ဖြစ်တဲ့ ဝေဒနာ နားလည်ပြီ။

(၂) သောတဒွါရမှာ ထို့အတူ။ သောတပသာဒနဲ့ သဒ္ဒါရုံနှစ်ပါး စွဲပြီးသကာလ သောတဝိညာဏ်ပေါ်၊ ထိုသုံးပါးတို့ ပေါင်းဆုံမိခြင်း

http:\\www.dhammadownload.com



ကြောင့် အာရုံကို ကြိတ်ချေ ပေးလိုက်တဲ့အတွက် အာရုံရဲ့ အရသာကို မည်မည်ရရ ခံစားတဲ့ ကောင်းကောင်းဆိုးဆိုး ခံစားတဲ့ ဝေဒနာ။

(၃) ဃာနနဲ့ ဂန္ဓာရုံကို စွဲပြီးသကာလ ဃာန ဝိညာဏ် နမ်းရှူမှုဆိုတဲ့ အဲဒီ သုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖဿပေါ်လာ၊ ဖဿက ဂန္ဓအာရုံကို ကြိတ်ချေပေးလိုက်တဲ့အတွက် ဟိုဘက်က ဃာနသမ္ဖဿဇာ ဝေဒနာက ဣဋ္ဌရသဆိုယင် ချမ်းချမ်းသာသာ ခံစားရတယ်။ အနိဋ္ဌရသဆိုယင် ဆင်းဆင်းရဲရဲ ခံစားတယ်။ ခံစားမှုဆိုတဲ့ ဝေဒနာ ပေါ်တယ်။

(၄) ဇိဝှါရဲ့ ရသာ နှစ်ပါးကို စွဲပြီးသကာလ ဇိဝှါ ဝိညာဏ် မီးပွင့်လို့ သုံးပါးဆုံခြင်းကြောင့် ဖဿပေါ်၊ အဲဒီ ဖဿက အာရုံကို ကြိတ်ချေခြင်းကြောင့် ရသာရုံရဲ့ ဣဋ္ဌရသ အနိဋ္ဌရသ ဣဋ္ဌအရည် အနိဋ္ဌအရည် ဒီအရည် ထွက်လာအောင် ဖဿက ကြိတ်ချေပေးတယ်။ ထွက်လာတဲ့ ဣဋ္ဌအရည်ကိုမှ သုခဝေဒနာက လုလုခံစား၊ ဒုက္ခဝေဒနာက အနိဋ္ဌအရည်ကို ဆင်းဆင်းရဲရဲ ခံစားလို့ ဝေဒနာက တစ်ခါတည်း သူ့ဟာနဲ့သူ ပဲနော်၊ သူ့ဒွါရ၊ သူ့အာရုံ၊ သူ့ဖဿ၊ သူ့ဝိညာဏ်၊ သူ့ဝေဒနာနဲ့သူ ကမ်းထားစမ်းပါ။ စိတ်ထဲမှာ။

(၅) ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ နှစ်ပါး စွဲပြီးသကာလ ကာယဝိညာဏ်ပေါ်၊ သုံးပါးဆုံခြင်းကြောင့် ဖဿဖြစ်၊ ဖဿက ဖောဋ္ဌဗ္ဗာရုံကို ကြိတ်ချေပေးခြင်းကြောင့် ဣဋ္ဌရသ အနိဋ္ဌရသ ထွက်လာတဲ့အခါ ဣဋ္ဌရသကို သုခဝေဒနာက မြိန်မြိန်ယှက်ယှက် ခံစား၊ အနိဋ္ဌရသကို ဒုက္ခဝေဒနာက ရှုံ့ရှုံ့မဲ့မဲ့နဲ့ ခံစားရတယ်။ ဒါ ဝေဒနာ။

(၆) မနောဒွါရနဲ့ ဓမ္မာရုံ နှစ်ပါးစွဲပြီး မနောဝိညာဏ်ဖြင့် ဒီသုံးပါးဆုံခြင်းဟူသော အကြောင်းကြောင့် ဖဿပေါ်၊ အဲဒီ ဖဿက ကြိတ်ချေပေးခြင်းကြောင့် ဓမ္မာရုံရဲ့ ဣဋ္ဌရသ အနိဋ္ဌရသကို ဝေဒနာက ခံစားတယ်။ သုခဝေဒနာ ဒုက္ခဝေဒနာလို့ ဆက်ပြီးတော့ ပေါ်ရတယ်။ ဒါကို မနောသမ္ဖဿဇာ ဝေဒနာလို့ ခေါ်တယ်နော်။

http:\\www.dhammadownload.com



ဒီတော့ ချစ်သားတို့၊ ဝေဒနာခြောက်မျိုး နားလည်ရမယ်ဆိုတာ မျက်စိကို အမှီပြုပြီးသကာလ ပေါ်တဲ့ ဝေဒနာက တစ်မျိုး၊ အမြင်နဲ့စပ်၍ ပေါ်တဲ့ ဝေဒနာ တစ်မျိုး၊ အကြားနဲ့စပ်၍ ပေါ်တဲ့ ဝေဒနာတစ်မျိုး၊ အနမ်း အရှူနဲ့ စပ်၍ ပေါ်တဲ့ ဝေဒနာတစ်မျိုး၊ အစား အသောက် အလျက်နဲ့ စပ်၍ပေါ်တဲ့ ဝေဒနာတစ်မျိုး၊ အတွေ့အထိနဲ့စပ်၍ ပေါ်တဲ့ ဝေဒနာ တစ်မျိုး၊ အသိနဲ့စပ်၍ ပေါ်တဲ့ ဝေဒနာတစ်မျိုးလို့ ဝေဒနာခြောက်မျိုး နားလည်ထားပါ။ အဲဒီ ခြောက်မျိုးကို ကိုယ့် အဇ္ဈတ္တထဲမှာ အလဲအလှယ် အားဖြင့် ရှာကြည့်တော့ သိပြီဆိုကြပါစို့။ ရှေ့သွားပါဦး။ ဒါက ပဉ္စမ ဆက္က။

## (၆) တဏှာ ၆ ပါး

မြတ်စွာဘုရားက ခြောက်ခုမြောက်ဖြစ်တဲ့ တရားခြောက်မျိုး ဆက် ပြီးတော့ ဟောတယ်။

"ဆ တဏှာကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

တဏှာကာယ ခြောက်မျိုးကို သင်ချစ်သားတို့ နားလည်ရမယ်ဆိုတဲ့ စကား ဘာကိုစွဲပြီးတော့ ဟောသလဲ။

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ။

ပဋိစ္စသမုပ္ပာဒ် စက်ဟာလေ ... ဒီအများကြီး ဆယ့်နှစ်အင်္ဂါလည်း တာထက် အခု ခြောက်အင်္ဂါပဲ ကြည့်စမ်းပါ။ စက္ခုဒွါရရယ်၊ ရူပါရုံ နှစ်ပါးရယ် စွဲပြီးသကာလ စက္ခုဝိညာဏ်ပေါ်တယ်၊ စက္ခုဒွါရနဲ့ ရူပါရုံ နှစ်ပါး ပေါင်းဆုံမိပြီဆိုယင် စက္ခုဝိညာဏ်ပေါ်ပြီ၊ ဒီအကြောင်းကြောင့် အဲဒီလို သုံးပါးဆုံမိယင်လည်းပဲ စက္ခုသမ္ဖဿဆိုတဲ့ မျက်စိအတွေ့ ပဋိစ္စ တရားတစ်ခု ပေါ်လာတယ်။ အဲဒီ စက္ခုသမ္ဖဿကြောင့် ဣဋ္ဌရသဆိုယင် သုခဝေဒနာ၊ အနိဋ္ဌရသဆိုယင် ဒုက္ခဝေဒနာ ပေါ်ပြီးတော့ ဣဋ္ဌရသ

http:\\www.dhammadownload.com



ဆိုယင် သုခဝေဒနာ ပေါ်လာတဲ့အခါကျတော့ ဣဋ္ဌရသကို သုခဝေဒနာရဲ့ အဖော်သဟဲအနေနဲ့ တဏှာက တပ်မက်လိုက်တယ်။ ဟော ... စက္ခုက နေပြီးတော့ တဏှာ သွားကြည့်နော်။

(၂) သောတကနေပြီး သကာလ သောတဒွါရမှာ သဒ္ဒါရုံထိခိုက်၊ သောတဝိညာဏ်ပေါ်၊ သုံးပါးဆုံလို့ သောတသမ္ဖဿဖြစ်၊ ဖဿက ကြိတ်ချေပေးလိုက်ခြင်းကြောင့် သဒ္ဒါရုံရဲ့ ဣဋ္ဌရသကို သုခဝေဒနာက လှလှကြီး ခံစားပြီး အဲဒီ သဒ္ဒါရုံကို သဒ္ဒတဏှာက စွဲလမ်းပြီးတော့ ချစ်ကြပြီ။

(၃) ကိုင်း-ဃာနကနေပြီးတော့ သွားစမ်းပါဦး။ ဃာနနဲ့ ဂန္ဓာရုံ တွဲပြီးသကာလ ဃာန ဝိညာဏ်ဖြင့် သုံးပါးဆုံတော့ ဃာနသမ္ဖဿပေါ်၊ အဲ ... ဃာနသမ္ဖဿ၏ တွေ့ထိပေးချက်ကြောင့် ဣဋ္ဌရသပေါ်မှာ သုခဝေဒနာ ဖြစ်ပြီဆို၊ သုခဝေဒနာကို တွယ်တာတပ်မက်တဲ့ တဏှာ ဘောဘရယ်လို့ နောက်က ဆက်ပြီးတော့ ကျခဲ့တယ်။

(၄-၆) ဇိဝှာက သွား၊ ကာယက သွား၊ မနောက နေပြီးသကာလ ဒီလို သွားတော့ တစ်ခါ ခြောက်ပါး ပေါ်လာလိမ့်မယ်။ ဒါကို အာရုံဘက်လိုက်ပြီးသကာလ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ-လို့ အတိုချုပ်ခေါ်ယင် ရူပါရုံကို တပ်မက်တဲ့တဏှာ၊ သဒ္ဒါရုံကို တပ်မက်တဲ့တဏှာ၊ ဂန္ဓာရုံကို တပ်မက်တဲ့တဏှာ၊ ရသာရုံကို တပ်မက်တဲ့တဏှာ၊ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်တဲ့တဏှာ၊ ဓမ္မာရုံကို တပ်မက်တဲ့တဏှာ-လို့ တဏှာ ခြောက်မျိုး အကျဉ်းချုပ် နားလည်ထားပါ။

## ခြောက် ခြောက်လီ တရားအားလုံး
## ကိုယ်တွင်းမှာရှိ၊ ရှာကြည့်

အခုပြောခဲ့တဲ့ အဇ္ဈတ္တိကာယတန ခြောက်မျိုးဆိုတာ သစ်ပင်ကြီးတွေမှာ ရှိတာ မဟုတ်ဘူးနော်၊ ကိုယ်ထဲမှာ ရှိတယ်။ ဗာဟိရာယတန

http:\\www.dhammadownload.com



ခြောက်မျိုးဆိုတာ သစ်ပင်ကြီးတွေမှာ ရှိတာကို ပြောတာ မဟုတ်ဘူး၊ တရားနာပရိသတ်နဲ့ ဘုန်းကြီးတို့ ကိုယ်ထဲမှာ ရှိတယ်။ ဝိညာဏ် ခြောက်မျိုးဆိုတာ သစ်ပင်တွေမှာ ပေါ်နေတဲ့ တရား မဟုတ်ဘူး၊ ကိုယ်စီ ကိုယ်ငှ အဇ္ဈတ္တမှာ ပေါ်နေတဲ့ တရား။ ဖဿ ခြောက်မျိုးလည်းပဲ ၎င်း နည်း။ ဝေဒနာခြောက်မျိုးလည်းပဲ ၎င်းနည်း။ တဏှာခြောက်မျိုးလည်းပဲ ဗဟိဒ္ဓဖြစ်တဲ့ တော တောင် ရေ မြေ သမုဒ္ဒရာ သစ်ပင်တွေမှာ ပေါ်တဲ့ တရား မဟုတ်ဘူး။ တရားနာပရိသတ်တွေ၊ တရားဟောတဲ့ ပုဂ္ဂိုလ်၊ အဲဒီလို ပုဂ္ဂိုလ်တွေရဲ့ အဇ္ဈတ္တမှာ အသီး အသီးပေါ်တဲ့ တရား။

ဩော် ... အခုပြောခဲ့တဲ့ ခြောက် ခြောက်လီဆိုတဲ့ တရားတွေဟာ ပြင်ဘက်က တရားတွေ မဟုတ်ဘူး၊ ဒို့ ကိုယ်ထဲက တရားတွေပဲလို့ အဲဒီလို ကိုယ်ထဲမှာ ဆ ဆက္ကတရားတွေ တွေ့အောင်တော့ ရှာထားပါ။ ဒါလောက်တောင် မြတ်စွာဘုရား စိတ်ရှည်လက်ရှည် ထားပြီးတော့ ဒီခြောက်မျိုး ခြောက်လီ-ခြောက်လီ တရားကို ဘာပြုလို့ ဟောချင်ရ သလဲ။ အဲဒီ ဆ ဆက္ကတရား၊ ဒီတရားတွေပေါ်မှာ ပုထုဇဉ်သတ္တဝါတွေ အနေနဲ့ အတ္တစွဲ အားကြီးလွန်းလို့၊ အတ္တစွဲ အားကြီးလွန်းလို့ အဲဒီတရား တို့ကို မြင်အောင်ကြည့်ပါ၊ မြင်အောင်ကြည့်လို့ရှိယင် ဒီကိုယ်ခန္ဓာထဲမှာ ဒွါရခြောက်ပါး၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါး တွေ့ပြီ။

## စက္ခုဆက္က၌ အတ္တဒိဋ္ဌိဖြစ်ပုံနှင့် အတ္တစစ်တမ်း

တွေ့ပြီ။ အစမထင် သံသရာတစ်ခွင်က အတ္တပဲ၊ လိပ်ပြာပဲလို့ စွဲခဲ့တဲ့ အတ္တဟာ ဘယ်ဟာလဲလို့ ရှာစမ်း။ အတ္တဒိဋ္ဌိနဲ့ အမြင်မှားနေတဲ့ အတ္တကို ရှာကြစို့။ ဒီကိုယ်မှာ ရှိရဲ့လားလို့ ရှာ - တဲ့။

အဲဒ်ဘော့ အတ္တဒိဋ္ဌိကို ခွာဖို့ရန်အတွက် အခု ခြောက် ခြောက်လီ တရားနဲ့ခွာရလိမ့်မယ်။ ခွာတော့ မြတ်စွာဘုရားက ဘယ်လို ခွာပြသလဲ။

http:\\www.dhammadownload.com



"စက္ခုံ အတ္တာ"တိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ။

တစ်ဦးတစ်ယောက် အစမထင် သံသရာတစ်ခွင်က 'အတ္တ'လို့ ခေါ်ခဲ့တဲ့ တရားဟာ အဇ္ဈတ္တိကာယတန ခြောက်ပါးထဲမှာ အစဆုံးဖြစ်တဲ့ စက္ခာယတနကို ခေါ်တယ်လို့များ ပြောမလားတဲ့။

စက္ခုံ-စက္ခုပသာဒ=စက္ခာယတနသည်။ အတ္တာ=အတ္တပဲ။ ဣတိ= ဤသို့။ ယော=အကြင်သူသည်။ ဝဒေယျ=ပြောဆိုငြားအံ့။ တံ=ဆိုစကားသည်။ န ဥပပဇ္ဇတိ=မသင့်လျော်နိုင်။

ဘာကြောင့်လဲ။

စက္ခုဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။

စက္ခာယတနကလေးကို စိုက်ကြည့်စမ်းပါတဲ့။ စက္ခာယတနမှာ ဖြစ်တဲ့အပိုင်းလည်း ရှိတယ်နော်။ ပျက်တဲ့အပိုင်းလည်း ရှိတယ်။ ဖြစ်တဲ့ အပိုင်းလည်း ထင်ရှားတယ်၊ ပျက်တဲ့အပိုင်းလည်း ထင်ရှားတယ်။

ထင်ရှားတော့ ဘာဖြစ်သလဲ။

ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယော ပိ ပညာယတိ-"အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိစာ"တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ။

## ဆွမ်းသွတ်လျှင် လူသေမှ အတ္တလိပ်ပြာကို ခေါ်ခြင်း

အကြင်တရားမှာ ဖြစ်ခြင်းသဘော ပျက်ခြင်းသဘောဆိုတဲ့ ဒီသဘောနှစ်ပါးထင်တယ်။ ထင်ရှားနေတဲ့ ဒီတရားကို အတ္တပဲလို့ ဆိုလို့ရှိယင် ကိုယ်ပြောတဲ့ အတ္တဟာ ဖြစ်လည်းဖြစ်တယ်၊ ကင်းလည်း ကင်းတယ်၊ ချုပ်လည်း ချုပ်တယ်လို့ အဲဒီလို အဓိပ္ပာယ် သက်ရောက်သွားတယ်။ နို့-တပည့်တော်တို့ ထင်တဲ့ အတ္တက အင်း ... ကိုယ်ထင်တဲ့ အတ္တက သေသေချာချာ တွေးကြည့်နော်။ သေသေချာချာ တွေးကြည့်လို့ရှိယင် အတ္တလိပ်ပြာက လူသေကောင်က မသေသေးဘူး ထင်တာပဲ။ ဟာ်-ဟုတ်ပါ့မလား။ ဟုတ်တယ်။ တပည့်တော်တို့ကတော့ အဲဒီလို မထင်ဘူး ဆိုလို့ရှိယင် တပည့်တော်တို့တော့ ကကယ် မတွေ့သေးလို့

http:\\www.dhammadownload.com



တကယ်တွေ့ယင် တကယ်ထင်တာပဲ။ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီး ကြည့်တာ ကြည့်ပေါင်းများလှပြီ။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေပဲ။ ဆွမ်းသွတ်ခါနီးပြီ ဆိုမှဖြင့် သွားပြီးတော့ သူတို့ခေါ်ရတော့မယ်။ အဲဒီ သူတို့ ခေါ်တဲ့နေရာမှာ လူအတ္တကလေးက ရှိနေသယောင်ယောင်။ ဒီလို ထင်တယ်။

ဒီတော့ ရက်လည် ဆွမ်းသွတ်ကြတော့မယ် ဆိုလို့ရှိယင် သွားခေါ်ပြီ၊ အဲဒီ ခေါ်တဲ့လူက ပြန်လာတဲ့အခါကျတော့ ဘယ်သူနဲ့မှ စကားမပြောရဘူးတဲ့၊ သူ့ဟာက။ အင်း ... ကွယ်လွန်တဲ့ ပုဂ္ဂိုလ်ရဲ့ အဝတ်ကလေးနဲ့ သွားပြီးသကာလ နေဝင်ဖျိုးဖျားလေး သွားခေါ်ရတယ်။ ခေါ်လာတဲ့သူက အဲဒီ သူ့အဝတ်အစားလေးနဲ့ ခေါ်ပြီးတော့ လာပြီး လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောရဘူးတဲ့။ နောက်တစ်နေ့ ရက်လည်ဆွမ်းသွတ်တဲ့ နေရာလေးမှာ ရေခွက်ကလေးနဲ့ ဆင်းပြီးတော့ ဒီအထဲမှာ အတ္တကလေး လိပ်ပြာကလေး ရှိနေတဲ့အထင်နဲ့ ပြောကြတာချည်းပဲ နော်။ အဲ မပြောလို့ရှိယင်ဖြင့် အဲဒီလို သွားမခေါ်ကြဘူးပေါ့။ မစွဲလှမ်းယင် စိတ်ထဲက သိပ်ပြီးတော့ တင်းမတိမ် အားမရသေးယင်ဖြင့် အတ္တစွဲလို့ တင်းမတိပ် အားမရသေးလို့ပဲလို့ အဲဒီလို အောက်မေ့ကြပေတော့။ လက်တွေ့နဲ့ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပ။

ဒီတော့ အဲဒီလို အတ္တလို့ စွဲထားတဲ့ ရက်လည်ဆွမ်းသွတ်ခါနီးမှာ သွားခေါ်တဲ့ လိပ်ပြာကလေးဟာ ဖြစ်–ချုပ် ဆိုလို့ရှိယင် ဖြစ်ပြီးတော့ ချုပ်သွားယင် ဘာဖြစ်လို့ သူ့သွားပြီး ခေါ်မလဲ။ ဖြစ်–ချုပ်လို့ သဘောထားလို့ရှိယင် ဒီ လိပ်ပြာကလေး ခေါ်စရာ မလိုဘူး။ ဖြစ်ပြီးချုပ်သွားတယ်ဆိုယင် မရှိတော့ဘူးလေ။ မရှိယင် သူ့သွားခေါ်ဖို့ မလိုဘူး။ အခုတော့ ထင်နေတာက လူကသာ သေသွားတယ်၊ လိပ်ပြာက မသေဘူး၊ လိပ်ပြာက မချုပ်ဘူးလို့ ဒီလို ထင်နေတာ။ အတ္တက မချုပ်ဘူးလို့ ဒီလို ထင်နေလို့ သွား သွားခေါ်ရတာ။

http:\\www.dhammadownload.com



တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိယင် ပုထုဇဉ်တိုင်း ပုထုဇဉ်တိုင်းဟာ အတ္တဒိဋ္ဌိ မစွန့်ရသေးသမျှမှာဖြင့် အတ္တကတော့ ဒီခန္ဓာကိုယ်က နတ်ခန္ဓာပြန်ရောက်၊ နတ်ခန္ဓာကိုယ်က လူ့ခန္ဓာပြန်ရောက်၊ အဲဒီလိုပဲ ထင်နေတယ်။ ဒီတော့ မြတ်စွာဘုရားက အတ္တစွဲသမားတွေဟာ မိမိတို့ရဲ့ အတ္တဟာ ဖြစ်–ချုပ် နှစ်မျိုး မပြောဘူး။ အတ္တဟာ ဖြစ်ပြီးတော့ အမြဲတည်နေတယ်လို့ ပြောတာ။ အခု စက္ခုကို အတ္တလို့ ဆိုရအောင် စက္ခုက ဖြစ်–ချုပ်။ ဒီသဘောရှိတယ်။ အဲဒီလို ဖြစ်–ချုပ် သဘောရှိတဲ့ စက္ခုကို အတ္တလို့ ပြောလို့ရှိယင် ငါစွဲတဲ့ အတ္တဟာ ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်း ချုပ်တယ်လို့ ဒီလို အဓိပ္ပာယ် သက်တယ်။ ဒီလို အဓိပ္ပာယ် သက်ကတည်းကိုက အစက ကိုယ်စွဲထားတဲ့ အတ္တသည် မချုပ်ဘူးဆိုတာနဲ့ တလွဲစီ ဖြစ်သွားပြီတဲ့။ ဒါကို –

"အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိစာ" တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ၊ တသ္မာ တံ န ဥပပဇ္ဇတိ "စက္ခု အတ္တာ" တိ ယော ဝဒေယျ။

အဲဒါကြောင့်မို့လို့ အကြင် ပုဂ္ဂိုလ်သည် စက္ခုကို အတ္တပဲလို့ ပြောမယ်ဆိုလို့ရှိယင် အဲဒီစကားဟာ မတော်ဘူး။ ဘာပြုလို့လဲ။ မောင်တို့ မယ်တို့ စွဲထားတဲ့ အတ္တက ဖြစ်ရုံသာ ဖြစ်တာ၊ ချုပ်တဲ့သဘော မဟုတ်ဘူး။ အခု ခန္ဓာကိုယ်ထဲမှာ တွေ့နေတဲ့ စက္ခုက ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်း ချုပ်တယ်။ မောင်တို့ပြောတဲ့ အတ္တက ဖြစ်ရုံသာ ဖြစ်ပြီးတော့ ဘယ်တော့မှ မချုပ်တဲ့တရား။ ဒါကြောင့် စက္ခုကို အတ္တလို့ ပြောဖို့ မောင်တို့ မသင့်ဘူး။ အခုပြောခဲ့တဲ့အတိုင်း –

ဣတိ စက္ခု အနတ္တာ။

ဣတိ=ဤဆိုအပ်ပြီးသောအတိုင်း။ စက္ခု=စက္ခုပသာဒ စက္ခာယတနသည်။ အနတ္တာ=အတ္တမဟုတ်။

စက္ခုပသာဒ စက္ခာယတနဆိုတဲ့ ပဌမ အဇ္ဈတ္တိကာယတန ဓာရား

http:\\www.dhammadownload.com



ဟာဖြင့် အခုပြောခဲ့တဲ့အတိုင်း အတ္တ လုံးဝ မဟုတ်ပါတကား၊ အနတ္တ ပါတကားလို့ အဲဒီလို အသိဉာဏ်ရအောင် ကြည့်ပေး။ ဝိပဿနာသိ ရောက်လာပြီနော်။

ပြီးတော့ စက္ခုနဲ့ တွဲဖက် ဒုတိယ ဆက္ကထဲက ဘယ်သူရှိတုန်း။

"ရူပါ အတ္တာ"တိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ။

ယော=အကြင်သူသည်။ ရူပါ=ရူပါရုံတို့သည်။ အတ္တာ=အတ္တပဲ။ ဣတိ=ဤသို့။ ဝဒေယျ=ပြောဆိုငြားအံ့။ တံ=ထိုသူပြောတဲ့စကားသည်။ န ဥပပဇ္ဇတိ=မသင့်လျော်နိုင်။

ရူပါနံ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။

ရူပါနံ=အဆင်းရူပါရုံ အမျိုးမျိုးတို့အား။ ဥပ္ပါဒေါပိ=ဖြစ်ခြင်း သဘောသည် လည်းကောင်း။ ဝယောပိ=ပျက်ခြင်းသဘောသည် လည်းကောင်း။ ပညာယတိ=လင်းလင်းထင်းထင်း နေပေ၏။

ရူပါရုံတွေ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်ဆိုတာ အားလုံး ဖြစ်နေတယ် မဟုတ်လား။ မြင်နေရတာပဲ။ အင်မတန် ဉာဏ်ထဲ မှာ ထင်ရှားပါတယ်။

ထင်ရှားတော့ ဘာပြုတုန်း။

ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။

ယဿ ခေါ ပန=အကြင်ရူပါရုံဆိုတဲ့ တရားမှာ။ ဥပ္ပါဒေါပိ=ဖြစ် ခြင်းသဘောသည် လည်းကောင်း။ ဝယောပိ=ပျက်ခြင်းသဘောသည် လည်းကောင်း။ ပညာယတိ=ထင်ရှား၏။

အဲဒီ ရူပါရုံမှာ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိတဲ့ ရူပါရုံကို အတ္တလို့ စွဲယင်ဖြင့် -

'အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိစာ ' တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ။

http:\\www.dhammadownload.com



ငါရဲ့ ရုပါရုံဆိုတဲ့ အတ္တဟာ ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်း ချုပ်တယ်လို့ ဤကဲ့သို့အနက် အဓိပ္ပာယ် သက်ရောက်နေတယ်။ အတ္တ စစ်တမ်းအရ အတ္တက ဖြစ်ရုံသာ ဖြစ်တယ်၊ မချုပ်ဘူးလို့ဆိုတော့ အမြင် အရ မှတ်တမ်းနဲ့ဆိုယင် ကွာကြပြီ။ အကယ်၍ ရုပါရုံကို အတ္တလို့ ဆိုလို့ရှိယင်ဖြင့် ရုပါရုံဟာ ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်း ချုပ်တယ်။ ဒီတော့ ငါ့အတ္တဟာ ဖြစ်လည်းဖြစ်၊ ချုပ်လည်းချုပ်လားလို့ အဲဒီလို အဓိပ္ပာယ် သက်မှာပေါ့။ ဒါဖြင့်ယင် ဘယ်လို ဖြစ်ရမလဲ။ အေး ... ကိုယ်စွဲထားတဲ့ အတ္တအစွဲက ဖြစ်ရုံသာ ဖြစ်ရမှာ၊ ချုပ်ရမှာ မဟုတ်ဘူး။ ဒီတော့ အခုတွေ့နေတဲ့ ရုပါရုံက ဖြစ်လည်း ဖြစ်တယ်၊ ချုပ်လည်း ချုပ်တယ်၊ ဖြစ်တယ်၊ ချုပ်တယ်။ ဒီတော့ ဟာ-တို့တွေတဲ့ ရုပါရုံဟာ လည်းပဲ တို့ စောစောစီးစီးက အမြင်လွဲခဲ့တဲ့ အတ္တ မဟုတ်ပါတကားလို့ အဲဒီလို သိတယ်။

အဲဒီတော့ မြတ်စွာဘုရားက ဟေတ္ထမသောဓနော နည်းအားဖြင့် အောက်ကနေ သုတ်သင်ပြီးတော့ –

ဣတိ စက္ခု အနတ္တာ၊ ရူပါ အနတ္တာ။

အခုပြောခဲ့တဲ့အတိုင်း စက္ခုကော အတ္တဟုတ်သေးလား၊ မဟုတ်ဘူး။ စက္ခုမှာ ထင်လာတဲ့ ရုပါရုံကော အတ္တဟုတ်သေးလား၊ မဟုတ်ဘူး။ 'အနတ္တ'လို့ ဒီလို ဖြစ်လာတယ်။

အဲဒီလို စက္ခုဒွါရ ရုပါရုံ ပေါင်းဆုံပြီးတော့ ဘာဖြစ်သလဲ။ စက္ခု ဝိညာဏ်ဆိုတဲ့ မီးပွားပေါ်တယ်။

"စက္ခုဝိညာဏံ အတ္တာ" တိ ယော ဝဒေယျ။

စက္ခုဝိညာဏ်ဟာ အတ္တပဲလို့ အကြင်ပုဂ္ဂိုလ်က ပြောဆိုငြားအံ့။ တံ န ဥပပဇ္ဇတိ=ထိုစကား မသင့်ဘူး။ ဘာပြုလို့လဲ။ စက္ခုဝိညာဏဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ=စက္ခုဝိညာဏ်ဟာ ဖြစ်တာလည်း ထင် ရှားတယ်။ ပျက်တာလည်း ထင်ရှားတယ်။

http:\\www.dhammadownload.com



ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ "အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိစာ" တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ။

အကြင် စက္ခုဝိညာဏ်မှာ အဖြစ်အပျက် သဘောနှစ်မျိုး ထင်ရှားနေတယ်။ အဲဒီ စက္ခုဝိညာဏ်ကို အတ္တလို့ပြောယင် ငါ့အတ္တဟာလည်း ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်လို့ ဒီလို အဓိပ္ပာယ် သက်ရောက်နေပြီ။ စောစောက ပြောတုန်းက အတ္တသည် ဖြစ်ရုံသာ ဖြစ်တယ်၊ မပျက်ဘူးလို့ ဒီလို ပြောထားတယ်။

အဲဒါကြောင့် အမောင်ပြောတဲ့ အတ္တသည် စက္ခုဝိညာဏ် မဟုတ်ဘူးနော်။

တသ္မာ တံ န ဥပပဇ္ဇတိ၊ "စက္ခုဝိညာဏံ အတ္တာ" တိ ဃောဝဒေယျ။

ဒါကြောင့် စက္ခုဝိညာဏ်ကို အတ္တလို့ အကြင်ပုဂ္ဂိုလ် ပြောမယ်ပဆိုလို့ရှိယင် ထိုပုဂ္ဂိုလ်ရဲ့ စကားသည် မသင့်ဘူး။

တစ်နည်းအားဖြင့် စက္ခုဝိညာဏ်ကို အတ္တသမားဟာ အတ္တလို့ ပြောလို့ မဖြစ်ဘူး။ ဘာပြုလို့တုန်း၊ သူပြောတဲ့ အတ္တက ဖြစ်ရုံသာ ဖြစ်၍ မချုပ်ဘူး။ စက္ခုဝိညာဏ်က ဖြစ်ပြီး ချုပ်တယ်။ အဲဒီလို ဖြစ်ကတည်းကိုက သဘောချင်း အင်မတန် ကွာခြားလို့ စက္ခုဝိညာဏ်ဟာ စက္ခုဝိညာဏ်ပဲ၊ အတ္တမဟုတ်ဘူးလို့ ဒီလို ပြောတာ။

## အနတ္တဖြစ်အောင် ရှုပုံ

အဲဒီမှာ အောက်ကနေပြီးသကာလ အကုန်လုံး ပြန်သိမ်းပြီးတော့-

ဣတိ စက္ခု အနတ္တာ၊ ရူပါ အနတ္တာ၊ စက္ခု ဝိညာဏံ အနတ္တာ။

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအရ စက္ခုပသာဒ စက္ခာယတနလည်း အနတ္တ၊ ရူပါရုံလည်းပဲ အနတ္တ၊ စက္ခုဝိညာဏ်လည်း အနတ္တပါတကားလို့ အဲဒီလို ပြီးတယ်။

http:\\www.dhammadownload.com



ဒီသုံးပါးဆုံခြင်းကြောင့် ဘယ်သူပေါ်တုန်း။ စက္ခုသမ္ဖဿ ပေါ်တယ်။ အဲဒီ စက္ခုသမ္ဖဿကို အတ္တလို့ အကြင်ပုဂ္ဂိုလ် ပြောဆိုငြားအံ့။ ထိုစကားသည် မသင့်။ ဘာကြောင့်လဲ။ စက္ခုသမ္ဖဿမှာ အဖြစ်အပျက်သဘော နှစ်မျိုးရှိတယ်။ အမောင် စောစောကပြောတဲ့ အတ္တက ဖြစ်ရုံသာ ဖြစ်တယ်၊ မပျက်ဘူးလို့ ပြောတယ်။ အဲဒီတော့ ဖြစ်ခြင်းပျက်ခြင်း သဘောရှိတဲ့ စက္ခုသမ္ဖဿကို အတ္တလို့ ဆိုလို့ရှိယင် ငါ့အတ္တသည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိတယ်လို့ အဓိပ္ပာယ်သက်ရောက်တယ်။ မူလစကားတွေ ပျက်ကုန်ပြီ။ ဒါကြောင့် အတ္တလို့ ပြောယင် စက္ခုသမ္ဖဿကို မတွဲနဲ့။ ဘာပြုလို့တုန်း။ စက္ခုသမ္ဖဿက ဖြစ်တယ်။ ပျက်တယ်။ ငါ့အတ္တက ဖြစ်ရုံဖြစ်တယ်၊ မပျက်ဘူး ဆိုတာကိုး။

အဲဒီတော့ ပြန်ပြီး သိမ်းလိုက်စမ်းပါ။

> ဣတိ စက္ခု အနတ္တာ၊ ရူပါ အနတ္တာ။ စက္ခု ဝိညာဏံ အနတ္တာ၊ စက္ခုသမ္ဖဿော အနတ္တာ။

ဟာ–ဒါဖြင့် စက္ခုဂိုဏ်းထဲက ဝေဒနာကလေး ဆိုကြပါစို့။ ဝေဒနာကို အတ္တလို့ ဆိုယင်လည်းပဲ –

"ဝေဒနာ အတ္တာတိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ"။

အကြင်ပုဂ္ဂိုလ်က ဝေဒနာဟာ အတ္တပဲလို့ ပြောယင် အဲဒီစကား မသင့်ဘူး၊ ဘာပြုလို့လဲ။ အေး ... အတ္တသမားပြောတာက အတ္တသည် ဖြစ်ရုံပဲ ဖြစ်တယ်၊ မပျက်ဘူးလို့ ပြောတယ်။ ဝေဒနာမှာ ဘာပြုလို့ အတ္တလို့ ပြောဖို့ မသင့်ဘူးလို့ ဆိုရသလဲဆိုယင် –

ဝေဒနာယ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။

ဝေဒနာဟာ ဖြစ်ခြင်းလည်း ထင်ရှားတယ်၊ ပျက်ခြင်းလည်း ထင်ရှားတယ်။

http:\\www.dhammadownload.com



"ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။ 'အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိ စာ' တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ"

အကြင်ဝေဒနာမှာ ဖြစ်ခြင်း ပျက်ခြင်း သဘောလည်း ထင်ရှားတယ်၊ ထိုဝေဒနာကို အတ္တလို့ ဆိုလို့ရှိယင် ငါ့အတ္တဟာလည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်လို့ အဲဒီလို အဓိပ္ပာယ် သက်ရောက်ပြီး မူလ အတ္တစွဲ စွဲခဲ့တုန်းက ဖြစ်ရုံသာ ဖြစ်တယ်၊ မပျက်ဘူးဆိုတဲ့ ဒီစကားတွေ အကုန်ပျက်ကုန်ပြီ။

အဲဒါကြောင့် အတ္တဒိဋ္ဌိစွဲတဲ့ ဖြစ်ရုံသာ ဖြစ်တယ်၊ မပျက်ဘူးဆိုတဲ့ ဒီအတ္တဟာ ဝေဒနာလည်း မဟုတ်ဘူး။

ဣတိ စက္ခု အနတ္တာ၊ ရူပါ အနတ္တာ၊ စက္ခုဝိညာဏံ အနတ္တာ၊ စက္ခုသမ္ဖဿော အနတ္တာ၊

ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

တပ်မက်တဲ့ တဏှာလောဘကို –

"တဏှာ အတ္တာ"တိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ။

တဏှာဟာ အတ္တပဲလို့ အကြင်ပုဂ္ဂိုလ် ပြောငြားအံ့။ ထိုစကားမသင့်။ ဘာကြောင့်လဲ။

"တဏှာယ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ"

တဏှာဟာ ဖြစ်ခြင်း ပျက်ခြင်း နှစ်မျိုး ရှိနေတယ်။ မောင်တို့ ပြောနေကျ အတ္တက ဖြစ်ခြင်းသာ ရှိတယ်၊ ပျက်ခြင်း မရှိဘူးတဲ့။

"ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိစာ" တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ။

"အကြင်တဏှာဟာ ဖြစ်ခြင်း ပျက်ခြင်း နှစ်မျိုးရှိတယ်။ ထိုတဏှာကို အတ္တပဲလို့ မောင်တို့ ပြောလို့ရှိယင် မိမိတို့ယူတဲ့ အတ္တဟာလည်း ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်လို့ အဓိပ္ပာယ် သက်ရောက်ပြီး မူလပြောတဲ့ စကားနဲ့ လွဲရော။

http:\\www.dhammadownload.com



"ဣတိ စက္ခု အနတ္တာ၊ ရူပါ အနတ္တာ၊ စက္ခုဝိညာဏံ အနတ္တာ၊ စက္ခုသမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ"

ဒီတော့ မောင်တို့စွဲတဲ့ အတ္တနဲ့ စက္ခုလည်း အတ္တ မဟုတ်ဘူး။ ရူပါရုံလည်း အတ္တမဟုတ်ဘူး။ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်တဲ့ ဝေဒနာ၊ တဏှာ၊ ဒီခြောက်မျိုးစလုံး အတ္တ မဟုတ်ဘူးလို့ ရဲရဲကြီး ဖြေလိုက်စမ်း။

ဒါ ဘာပြုလို့ ဒီလို ပြောနေတာလဲ။ ဒီကိုယ်ထဲမှာ တကယ်ရှာတွေ့မှာက ဒွါရခြောက်ပါးတွေ့မယ်၊ အာရုံခြောက်ပါး တွေ့မယ်၊ ဝိညာဏ်ခြောက်ပါး တွေ့မယ်၊ ဖဿခြောက်ပါး တွေ့မယ်၊ ဝေဒနာခြောက်ပါး တွေ့မယ်၊ တဏှာခြောက်ပါး တွေ့မယ်၊ ဒါပဲ ရှိတယ်နော်။

ဒီ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ တဏှာဆိုတဲ့ ခြောက်မျိုး ခြောက်လီကိုသာ ဒီခန္ဓာကိုယ်ထဲမှာ ကြည့်လို့ ဒီခြောက်မျိုး ခြောက်လီဟာ အနတ္တတွေသာပဲလို့ ဒီလိုသိယင် ဒီခန္ဓာကိုယ်ထဲမှာ အတ္တရယ်လို့ ရှာမတွေ့တော့ဘူး။ အတ္တရယ်လို့ စဉ်းစားရှာဖွေလို့ မတွေ့လို့ရှိယင် အမြင်မှန် ရောက်ပြီ။

မြတ်စွာဘုရားက အဲဒီ စက္ခုခေါင်းဆောင်တဲ့ ခြောက်မျိုး ဟောပြီးတော့ -

"သောတံ အတ္တာတိ ယော ဝဒေယျ"။

သောတ ခေါင်းဆောင်ပြီးတော့လည်း တရားခြောက်မျိုးကို အကျယ်ဟောတယ်။

ဃာနံ အတ္တာတိ ယော ဝဒေယျ၊ ဇိဝှါအတ္တာတိ ယော ဝဒေယျ၊ ကာယော အတ္တာတိယော ဝဒေယျ၊ မနော အတ္တာတိ ယော ဝဒေယျ။

အစရှိသည်ဖြင့် မနောဒွါရရော၊ ဓမ္မာရုံရော၊ မနောဝိညာဏ်ရော၊ မနောသမ္ဖဿရော၊ ဝေဒနာရော၊ တဏှာရော ဘယ်ဟာကိုများ အတ္တလို့ ပြောဦးမတုန်းတဲ့။ ဘယ်ဟာမှ အတ္တလို့ ပြောမဖြစ်ဘူး။ အခု ဆက်ပြ

http:\\www.dhammadownload.com



ထားတဲ့ တရား ခြောက် ခြောက်လီ တရားဟာဖြင့် အနတ္တချည်းထဲပဲ။

ဒီတော့ ဒီအနားကလေးက နားပြီးတော့ ဘုန်းကြီးတို့ တရားနာ ပရိသတ်တွေအနေနဲ့ နှလုံးသွင်းစရာကလေး ရှာကြည့်ကြစို့လား။

စက္ခု အနတ္တာ၊ ရူပါ အနတ္တာ၊ စက္ခုဝိညာဏံ အနတ္တာ၊ စက္ခု သမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

အဲဒီလို စက္ခုဒွါရကနေပြီးတော့ ကြည့်လိုက်စမ်းပါ။ စက္ခု အနတ္တာ =စက္ခုပသာဒ အကြည်ရုပ်ကလေးလည်း အနတ္တပဲ။ ရူပါ အနတ္တာ= သူ့မှာ ထင်လာတဲ့ ရူပါရုံသည်လည်း အနတ္တာ။ စက္ခုဝိညာဏံ အနတ္တာ =သူတို့ နှစ်ပါးပေါင်းဆုံ၍ မီးပွင့်သလို ပွင့်နေတဲ့ စက္ခုဝိညာဏ်ကလေး လည်း အနတ္တပါတကား။ စက္ခုသမ္ဖဿော အနတ္တာ=ထိုမျက်စိအတွေ့ လည်း အနတ္တပါတကား။ ဝေဒနာ အနတ္တာ=မျက်စိအတွေ့ ကြောင့်ဖြစ် တဲ့ ဝေဒနာလည်း အနတ္တပါတကား။ တဏှာ အနတ္တာ= ဒီရူပါရုံတွေ ထဲကို တပ်မက်တဲ့ တဏှာလောဘလည်း အနတ္တပါတကား ... လို့ အဲဒီလို ကြည့်ပြီးတော့ နေရမယ်။

## စက္ခုနည်းမှီ၍ သောတ စသည်တို့ကို ရှုရန်

စက္ခုပြီးပြီဆိုတော့ သောတပသာဒ=သောတဒွါရ တံခါးကြီးက ဝင်ကြည့်လိုက်စမ်းပါဦး။

သောတံ အနတ္တာ၊ သဒ္ဒါ အနတ္တာ၊ သောတ ဝိညာဏံ အနတ္တာ၊ သောတသမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ-

လို့ ဒီတရားနာရင်း၊ တရားလုပ်သား ကိုယ့်ရင်ထဲမှာပေါ့လေ၊ ကိုယ့် ဉာဏ်ထဲမှာ ပေါ်လာယင် ဃာနဒွါရဆိုတဲ့ တံခါးကြီးက ဝင်ကြည့်လိုက် စမ်းပါဦး။

ဃာနံ အနတ္တာ၊ ဂန္ဓာ အနတ္တာ၊ ဃာနဝိညာဏံ အနတ္တာ၊ ဃာန သမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

http:\\www.dhammadownload.com



ဟောဒီလို ကြည့်ရမယ်။ နောက်-ဇိဝှါဒွါရဆိုတဲ့ တံခါးကြီးထဲက ဝင်ကြည့်လိုက်စမ်း။

ဇိဝှါ အနတ္တာ၊ ရသာ အနတ္တာ၊ ဇိဝှါ ဝိညာဏံ အနတ္တာ၊ ဇိဝှါ သမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

ကာယဒွါရဆိုတဲ့ တံခါးကြီးထဲက ဝင်ကြည့်လိုက်စမ်း။

ကာယော အနတ္တာ၊ ဖောဋ္ဌဗ္ဗာ အနတ္တာ၊ ကာယဝိညာဏံ အနတ္တာ၊ ကာယသမ္ဖဿော အနတ္တာ၊ ဝေဒနာအနတ္တာ၊ တဏှာ အနတ္တာ-

ဟို-မနောဒွါရဆိုတဲ့ စိတ်တံခါးကြီးထဲက ဆက်ပြီးတော့ ကြည့်လိုက်စမ်း။

မနော အနတ္တာ၊ ဓမ္မာ အနတ္တာ၊ မနောဝိညာဏံ အနတ္တာ၊ မနော သမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

အဲဒီလို ရှုဖို့ မြတ်စွာဘုရားက ဒီအပိုင်းမှာ ဒီအနုသန္ဓေမှာပေါ့လေ၊ အနတ္တဉာဏ်ပေါက်အောင် ယူသွားရမယ်။ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ တဏှာ သူ့အထိန်းနဲ့သူ သူ့ဒွါရက နေပြီးတော့ သူ့ဝေဒနာ တဏှာထိအောင် 'အနတ္တ'လို့ ရှုဖို့ ဘုရားဟောတာ။

တရားသားဟာ-တကယ်လုပ်ရမယ့် တရားသားဟာ အခု ပြောတဲ့ အတိုင်းပဲနော်၊ စက္ခု အနတ္တာ၊ ရူပါအနတ္တာ၊ စက္ခုဝိညာဏံ အနတ္တာ၊ စက္ခုသမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ။

သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောထိအောင် သွားလိုက်စမ်း။

မနော အနတ္တာ၊ ဓမ္မာ အနတ္တာ၊ မနောဝိညာဏံ အနတ္တာ၊ မနော သမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာလို့ အဲဒါ တရား၊ ဒီသုတ္တန်တစ်ခုလုံးရဲ့ လုပ်သားပါပဲ။

ကိုင်း-ရှေ့ကတော့ တရားလုပ်သား မဟုတ်ဘူး။

ဣဒံ ခေါ ပန ဘိက္ခဝေ သက္ကာယသမုဒယဂါမိနီ ပဋိပဒါ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဣဒံ=ဤဆိုလတ္တံ့ သည်ကား။ သက္ကာယသမုဒယ ဂါမိနီ=သက္ကာယလို့ခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ ဖြစ်ပေါ်ခြင်းသို့ ရောက်ကြောင်းဖြစ်တဲ့။ ပဋိပဒါ= မကောင်းသော လမ်းကြောင်း ပဋိပါဒ်တည်း။

## ဒုက္ခသစ္စာ တိုးပွားကြောင်း တရားသုံးပါး

အခု ပြောမယ့်ဟာ–တဲ့၊ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ဒုက္ခသစ္စာတရား တစ်နေ့တခြား ပွားဖို့ တိုးဖို့ရန်၊ ပွားခြင်း တိုးခြင်းသို့ ရောက်စေတတ်တဲ့ မကောင်းတဲ့ လမ်းစဉ်အကျင့်ပဲ။ ဘာတုန်း။

စက္ခုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ သမနုပဿတိ။

စက္ခုကို 'ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ၏လိပ်ပြာပဲ'လို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တဏှာကြည့်၊ မာနကြည့်၊ ဒိဋ္ဌိကြည့်နဲ့ ကြည့်နေခြင်းဟာဖြင့် သက္ကာယလို့ ခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရား တိုးပွားကြောင်းပဲ။

ရူပေ " ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ " တိ သမနုပဿတိ။

စက္ခုဒွါရမှာ ထင်လာတဲ့ အဆင်းအမျိုးမျိုးကို 'ငါ၏ဥစ္စာပဲ၊ ငါ့ အဆင်းပဲ၊ ငါပဲ၊ ငါ၏လိပ်ပြာပဲ'လို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ ရှုခြင်းဟာ သက္ကာယ ဖြစ်ပွားကြောင်း မကောင်းတဲ့ အကျင့်ပဋိပတ်ပဲ။

စက္ခုဝိညာဏံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ သမနုပဿတိ။

စက္ခုဒွါရ ရူပါရုံနှစ်ပါးတို့ ပေါင်းဆုံခြင်းကြောင့် မီးပွင့်သလို ပွင့်လာတဲ့ အမြင်စက္ခုဝိညာဏ် ဓာတ်ကလေးကို 'ငါ၏ ဥစ္စာပဲ၊ ငါပဲ၊ ငါ၏ လိပ်ပြာပဲ' လို့ အဲဒီလို အလွဲလွဲ အမှားမှား တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်

http:\\www.dhammadownload.com



ရှုခြင်းဟာဖြင့် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရားတို့ တိုးပွားကြောင်း မကောင်းသော အကျင့်ပဋိပတ်လမ်းပဲ။

ဟာ-ဒါဖြင့် စက္ခုဝိညာဏ်ကို ကြည့်ပြီးယင် စက္ခုသမ္ဖဿကို။

စက္ခုသမ္ဖဿံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ သမနုပဿတိ။

မျက်စိအတွေ့ကို 'ငါ၏ဥစ္စာပဲ၊ ငါ၏အတွေ့ပဲ၊ မျက်စိအတွေ့ဟာ ငါပဲ၊ မျက်စိအတွေ့သည် ငါ့အတ္တလိပ်ပြာပဲ' လို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အချော်ချော် ရှုခြင်းဟာဖြင့် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ တိုးပွားကြောင်း မကောင်းသော အကျင့်ပဋိပတ်ပဲ။

ဝေဒနံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ သမနုပဿတိ။ တဏှံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ သမနုပဿတိ။

ဝေဒနာကို - တဏှာကို ငါ၏ဥစ္စာပဲ၊ ငါပဲ၊ ငါ၏ လိပ်ပြာပဲလို့ ရှုခြင်းဟာဖြင့် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာ တိုးပွားဖို့ အကြောင်းပဲ။ ငါ၏ဥစ္စာလို့ မရှုနဲ့၊ ငါလို့ မရှုနဲ့၊ ငါ့လိပ်ပြာလို့၊ ငါ့အတ္တလို့ မရှုနဲ့လို့ စက္ခုရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ်၊ စက္ခုသမ္ဖဿရယ်၊ အဲဒီ စက္ခုသမ္ဖဿကြောင့် ဝေဒနာရယ်၊ ရူပါရုံကို တွယ်တာ တပ်မက်တဲ့ တဏှာလောဘရယ်၊ ဒီခြောက်မျိုး ဘယ်တရားကိုမှ ဧတံ မမ=ငါ့ဥစ္စာပဲ။ ဧသောဟမသ္မိ=ငါပဲ။ ဧသော မေ အတ္တာ=ငါ၏အတ္တ လိပ်ပြာပဲ-လို့၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အချော်ချော်ရှုယင် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဟာ တစ်ဘဝ ထက် တစ်ဘဝ တိုးတိုးပြီးတော့ သွားတော့မယ်။ ဒုက္ခတွေ တိုးတော့မယ်လို့ သိပေတော့။

http:\\www.dhammadownload.com



ဒီတရားခြောက်မျိုးကို ငါ၏ဥစ္စာ မဟုတ်ပါတကား၊ ငါမဟုတ်ပါတကား၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား၊ အနိစ္စမျိုးတွေပါတကား၊ ဒုက္ခမျိုးတွေပါတကား၊ အနတ္တမျိုးတွေပါတကားလို့ အဲဒီလို ရှုရမှာ။

ထို့အတူ သောတပသာဒကို၊ သဒ္ဒါရုံကို၊ သောတဝိညာဏ်ကို၊ သောတသမ္ဖဿကို၊ သောတသမ္ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာကို၊ သဒ္ဒါရုံကို တွယ်တာတဲ့ တဏှာလောဘကို၊ ငါ၏ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာလို့ ရှုခြင်းဟာဖြင့် သက္ကာယ တိုးပွားကြောင်း မကောင်းသော အကျင့်ပဋိပတ်ပဲ။

ဃာနပသာဒကို၊ ဂန္ဓာရုံကို၊ ဃာနဝိညာဏ်ကို၊ ဃာနသမ္ဖဿကို၊ ဃာနသမ္ဖဿကြောင့် ဖြစ်တဲ့ ဝေဒနာကို၊ တဏှာကို၊ ဧတံ မမ=ငါ့ဥစ္စာပဲ။ ဧသောဟမသ္မိ=ငါပဲ။ ဧသော မေ အတ္တာ=ငါ့အတ္တပဲလို့ ရှုခြင်းဟာဖြင့် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ တိုးပွားကြောင်းပဲ။ မကောင်းတဲ့ အကျင့်ပဋိပတ်ပဲ။

ဇိဝှါပသာဒကို၊ ရသာရုံကို၊ ဇိဝှါဝိညာဏ်ကို၊ ဇိဝှါသမ္ဖဿကို၊ ဝေဒနာကို၊ တဏှာကို။

ကာယပသာဒကို၊ ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ကာယဝိညာဏ်ကို၊ ကာယသမ္ဖဿကို ကာယသမ္ဖဿကြောင့် ဖြစ်တဲ့ ဝေဒနာကို၊ ဖောဋ္ဌဗ္ဗာရုံကို တွယ်တာတပ်မက်တဲ့ တဏှာလောဘကို။

မနောဒွါရကို၊ ဓမ္မာရုံတို့ကို၊ မနောဝိညာဏ်ကို၊ မနောသမ္ဖဿကို၊ ဝေဒနာကို၊ တဏှာကို၊ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ၏အတ္တလိပ်ပြာပဲ'လို့ ရှုတာဟာဖြင့် သက္ကာယ တိုးပွားကြောင်း မကောင်းတဲ့ အကျင့်ပဋိပတ်ပဲတဲ့၊ မရှုနဲ့ပေါ့နော်။ ငါ၏ဥစ္စာ၊ ငါ၏လိပ်ပြာလို့ မရှုနဲ့။ ရှုလျှင် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေ တိုးသထက် တိုးတိုးပြီးတော့ ဒုက္ခတွေ ပေးနေလိမ့်မယ်။

http:\\www.dhammadownload.com



## ဒုက္ခသစ္စာချုပ်ကြောင်း တရားသုံးပါး

ဒါဖြင့် သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာချုပ်ကြောင်း တရားကတော့ကော ဆိုတော့ -

က္ကာဒံ ခေါ ပန ဘိက္ခဝေ သက္ကာယ နိရောဓဂါမိနီ ပဋိပဒါ။

ဤယခု ပြေပြလတ္တံ့ဟာဖြင့် သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းတဲ့ အကျင့်ပဋိပတ်ပဲတဲ့။ ဘာတုန်း။

စက္ခုံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ သမနုပဿတိ။ ရူပေ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ သမနုပဿတိ။

အကုန်လုံး မြတ်စွာဘုရားက အပြည့်အစုံ ဟောတယ်နော်။ စက္ခု ဒွါရကို ငါ၏ဥစ္စာ မဟုတ်ပါတကား၊ ငါမဟုတ်ပါတကား၊ ငါ၏အတ္တ လိပ်ပြာ မဟုတ်ပါတကားလို့ ရှုခြင်း။

ရူပါရုံတို့ကို ငါ၏ဥစ္စာ မဟုတ်ပါတကား၊ ငါမဟုတ်ပါတကား။ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ ရှုခြင်း။

စက္ခုဝိညာဏ်ကို ငါ၏ဥစ္စာ မဟုတ်ပါတကား၊ ငါမဟုတ်ပါ တကား၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား။

စက္ခုသမ္ဖဿကို ငါ၏ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏အတ္တလိပ်ပြာ မဟုတ်လို့ ရှုခြင်း။

ဝေဒနာကို၊ တဏှာကို၊ ငါ၏ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏အတ္တ လိပ်ပြာ မဟုတ်ဘူးလို့ ရှုခြင်း၊ အဲဒါဟာ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသော အကျင့်ပဋိပတ်ပဲ။

ဒါဖြင့် ... ဘုရား ... ဘယ်လိုရှုမလဲ။ စက္ခုမှာ စက္ခုခေါင်းဆောင်တဲ့ ခြောက်မျိုးကို ရှုသလို သောတံ၊ ဃာနံ၊ ဇိဝှာ၊ ကာယံ၊ မနံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿတိ။ သောတ ခေါင်း

http:\\www.dhammadownload.com



ဆောင်တဲ့ ခြောက်မျိုးလည်း ဒီအတိုင်းရှု။ ဃာနခေါင်းဆောင်တဲ့ ခြောက်မျိုးလည်း ဒီအတိုင်းရှု။ ဇိဝှါ ခေါင်းဆောင်တဲ့ ခြောက်မျိုးလည်း ဒီအတိုင်းရှု။ ကာယခေါင်းဆောင်တဲ့ ခြောက်မျိုး၊ မနောဒွါရ ခေါင်းဆောင်တဲ့ ခြောက်မျိုးကိုလည်းပဲ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"လို့ တစ်ခုစီ တစ်ခုစီ အဲဒီလို ရှုလေ။

ဒီလို ရှုခြင်းဟာဖြင့် သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော အကျင့်ပဋိပတ်ပဲ။

အခုနင်ကပြောတဲ့ ငါ့ဥစ္စာ၊ ငါ၊ ငါ၏အတ္တ လိပ်ပြာလို့ ရှုခြင်းဟာ သက္ကာယတိုးပွားကြောင်း မကောင်းတဲ့ အကျင့်ပဲ။ ဒါက ကျင့်ရမယ့် တရား မဟုတ်ဘူး။ အဲဒီ အလျင်က ဘုန်းကြီး ဘာပြောထားသလဲ။ "စက္ခု အနတ္တာ၊ ရူပါ အနတ္တာ၊ စက္ခုဝိညာဏံ အနတ္တာ၊ စက္ခုသမ္ဖဿော အနတ္တာ၊ ဝေဒနာ အနတ္တာ၊ တဏှာ အနတ္တာ"လို့ တရားသား လုပ်သား တက်ခဲ့တယ်။

အခု အနုသန္ဓေ အခု စကားစပ်မှာ ဘာဆက်လာသလဲ။

"စက္ခု နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုတယ်။

"ရူပံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုတယ်။

"စက္ခုဝိညာဏံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုတယ်။

"စက္ခုသမ္ဖဿော နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုတယ်။

"ဝေဒနာ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလို ရှုတယ်။

"တဏှာ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုပါ။

ဒါဟာ ရှုဖို့ တရားလုပ်ထုံးပေါ့လေ။ ဒါဖြင့် အခုနင်က ပြီးခဲ့တဲ့ အနုသန္ဓေထဲက လုပ်ရမယ့် လုပ်သားနဲ့ အခုအနုသန္ဓေထဲက လုပ်ရမယ့်

http:\\www.dhammadownload.com



လုပ်သားနဲ့ စမ်းပြီးတော့ အလုပ်လုပ်ကြည့်ရအောင်လေ။ စမ်းအလုပ် လုပ်လို့ရှိယင် –

"စက္ခု အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ရူပါ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
စက္ခုဝိညာဏံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
စက္ခုသမ္ဖဿော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ဝေဒနာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"

လို့ စက္ခုခေါင်းဆောင်တဲ့ ခြောက်ပါးကို ဒီလို ရှုသလို 'သောတ' ခေါင်းဆောင်တဲ့ ခြောက်ပါးလည်း ဒီအတိုင်းရှု၊ ဃာနခေါင်းဆောင်တဲ့ ခြောက်ပါး၊ 'ဇိဝှါ' ခေါင်းဆောင်တဲ့ ခြောက်ပါး၊ 'ကာယ'ခေါင်းဆောင်တဲ့ ခြောက်ပါး၊ 'မနော'ခေါင်းဆောင်တဲ့ ခြောက်ပါးကိုလည်း –

"မနော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ဓမ္မာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
မနော ဝိညာဏံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
မနောသမ္ဖဿော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
ဝေဒနာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။
တဏှာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"

အဲဒီလို ဆ ဆက္ကသုတ္တန်ထဲက အလုပ်တရား အားထုတ်ပြီးတော့ ယူတတ်ကြပါစေ ... နော်။ တရားက အင်မတန်လည်းပဲ "အဘိဓမ္မာ ဒေသနာ ပကတိယာဝ လူခါကာရာ" ဆိုတဲ့အတိုင်း မြတ်စွာဘုရားရဲ့ အဘိဓမ္မာဒေသနာတော်သည် နဂိုပကတိ သဘောကိုက ခြောက်ခြောက်

http:\\www.dhammadownload.com



သွေ့သွေ့ သဘောရှိတယ်။ ဒီတော့ အနမတဂ္ဂ အစမထင် သံသရာ တစ်ခွင်က ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ငါးပါးနဲ့ စိုစိုပြည်ပြည်-ဟုတ်လား။ ကြည့်စရာတွေ၊ ရှုစရာတွေ၊ နားထောင်စရာတွေ၊ ဒါတွေနဲ့ လာခဲ့တဲ့ ပုဂ္ဂိုလ်တွေမှာ အဲဒါတွေထဲမှာ ငါ၏ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တာလိပ်ပြာ မဟုတ်ဆိုတဲ့ ဒီတရား က အဆန်တရား ဖြစ်နေတယ်။ ဟိုက အာရုံငါးပါး အစုန်တရားကို မြဲနေ စွဲနေတဲ့ လူတွေကို အဆန်ဖက် ဆွဲခေါ်လို့ တယ်ပြီးတော့ မလွယ် ဘူးနော်။ ဒီတော့ စုန်မြဲတမ်း စုန်နေလို့ရှိယင်တော့ ဟိုအောက်အပါယ် လေးဘုံထိအောင် စုန်ကြရမှာပဲ။ ဒီတော့ ဆန်ချိန်မှာလည်းပဲ ဆန်ကြရ အောင်လေ။

ဒီတော့ ဆ ဆက္ကသုတ္တန်မှာ အခု ထုတ်ကြည့်လိုက်တာ စက္ခု တစ်လုံးကို ဘယ်လိုလုပ်မလဲ။

"စက္ခု အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဒီလိုရှုရမယ်။ ဒါဖြင့်ယင် ကိုယ်စီ အနတ္တဝိပဿနာသမားလား၊ အနိစ္စ ဝိပဿနာကော မလုပ်ကောင်းဘူးလား၊ ဒုက္ခ ဝိပဿနာကော မလုပ် ကောင်းဘူးလားဆိုတော့ လုပ်ကောင်းပါတယ်။

## အနိစ္စ ဒုက္ခ အနတ္တ သုံးပါးလုံးဖြင့် ရှုနိုင်

လုပ်ကောင်းလို့ အနိစ္စဝိပဿနာ၊ ဒုက္ခဝိပဿနာ၊ အနတ္တဝိပဿနာ သုံးပါးစလုံး ခြုံပြီးတော့လည်း လုပ်ကောင်းပါတယ်။ ဟာ-ဒါဖြင့် မကျန်မကြွင်း လုပ်ချင်တယ်ဆိုလို့ရှိယင် -

"စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"လို့ ဟောဒီလို လုပ်သားဆက်လိမ့်မယ်နော်။

"ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

http:\\www.dhammadownload.com



စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ .နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

တဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"

လို့ စက္ခုခေါင်းဆောင်တဲ့ ခြောက်ပါးမှာ စုံစုံလင်လင်ကြီး အဲဒီလို အလုပ် လုပ်လိုက်စမ်းပါ။

ထို့အတူ 'သောတ' ခေါင်းဆောင်တဲ့ ခြောက်ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော ခေါင်းဆောင်တဲ့ ခြောက်ပါးမှာလည်းပဲ ဒီလို လုပ်လို့ ရှိယင် ဘုရားကိုယ်တော်မြတ် အလိုတော်ကျ အလုပ်ဝင်တာ ဖြစ်ပါလိမ့်မယ်။

မြတ်စွာဘုရားက ဆက်ပြီးတော့ ဘာဟောပြန်သလဲ။ ဒီဒွါရအာရုံနဲ့ အကြောင်းပြုပြီး သကာလ သံသရာစက်ကြီး မပြတ်နိုင်တာကို သံသရာ စက်ကြီး ပြတ်အောင် တစ်မျိုးတစ်ဖုံ အနုသန္ဓေစကားစပ် တစ်မျိုးနဲ့ ဟောချင်လို့။

စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ စက္ခုဉ္စ=စက္ခုဒွါရကို လည်းကောင်း။ ပဋိစ္စ=စွဲ၍။ စက္ခုဝိညာဏံ=မြင်မှုဆိုတဲ့ စက္ခုဝိညာဏ် သည်။ ဥပ္ပဇ္ဇတိ=ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော=စက္ခုဒွါရ၊ ရူပါရုံ၊ စက္ခုဝိညာဏ်သုံးပါး ဆုံခြင်းဟူသော အကြောင်းကြောင့် ဖဿ ဖြစ်၏။

ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။

http:\\www.dhammadownload.com



ဖဿပစ္စယာ=ဖဿဟူသော အကြောင်းကြောင့်။ သုခံ ဝါ=သက်သက်သာသာ ခံစားမှုသဘောလည်းဖြစ်သော။ ဒုက္ခံ ဝါ=မသက်မသာ ခံစားမှု သဘောလည်းဖြစ်သော။ အဒုက္ခမသုခံ ဝါ=သက်သာသည် မသက်သာသည်မဟုတ်၊ အလယ်အလတ် ခံစားခြင်း သဘောလည်း ဖြစ်သော။ ဝေဒယိတံ=ခံစားမှု ဝေဒနာ သဘောသည်။ ဥပ္ပဇ္ဇတိ=ဖြစ်ပါ၏။

ချစ်သားတို့၊ စက္ခုဒွါရနဲ့ ရူပါရုံ ဆုံမိပြီ ဆိုလို့ရှိယင် အမြင်ဆိုတဲ့ စက္ခုဝိညာဏ် ပေါ်လာသည်၊ အဲဒီ ဒွါရ၊ အာရုံ၊ ဝိညာဏ်သုံးပါး ဆုံခြင်း ဟူသော အကြောင်းကြောင့် အာရုံကို တွေ့ထိမှုဆိုတဲ့ အာရုံကို ကြိတ်ချေ ပေးတတ်တဲ့ 'စက္ခုသမ္ဖဿ'ပေါ်ရော။ အဲဒီ စက္ခုသမ္ဖဿ ပေါ်ပြီဆိုလို့ ရှိယင် အာရုံက ဣဋ္ဌအာရုံ ဆိုလို့ရှိယင် ဖဿက ကြိတ်ပေးလိုက်တာ ဣဋ္ဌရသတွေ ထွက်လာပြီ၊ ဣဋ္ဌရည်တွေ ထွက်လာပြီဆိုလို့ရှိယင် ဟိုဘက်က ပေဒနာက သုခဝေဒနာ ပေါ်တတ်တယ်။

## ဝေဒနာသုံးပါး၌ ရာဂ ဒေါသ မောဟ မပယ်နိုင်လျှင် သံသရာ မဆုံးနိုင်

အေး ... အာရုံက အနိဋ္ဌမျိုး တွေ့မိလို့ရှိယင် အနိဋ္ဌရသ၊ အနိဋ္ဌ သဘောတွေ၊ အနိဋ္ဌရည်တွေ၊ ဒီအာရုံထဲက ပေါ်လာယင် ဟိုဘက်က ဝေဒနာက ဆင်းဆင်းရဲရဲ ခံစားတတ်တယ်။ အာရုံက အလယ်အလတ် အာရုံမျိုးဖြစ်လို့ရှိယင် မဇ္ဈတ္တ အလယ်အလတ် ရသသဘောတွေ ပေါ်လာတယ်။ ဆင်းရဲတာလည်း မဟုတ်၊ ချမ်းသာတာလည်း မဟုတ်၊ အလယ်အလတ်သဘောနဲ့ ဝေဒနာပေါ်လာတယ်။ ပေါ်တော့ ဘာတွေလဲ။ ဟို-သုခ ဝေဒနာ ပေါ်တာရှိတယ်၊ ဒုက္ခ ဝေဒနာပေါ်တာ ရှိတယ်၊ ဥပေက္ခာဝေဒနာပေါ်တာ ရှိတယ်။ အဲဒီ ပေါ်တဲ့ ဝေဒနာကို နှလုံးမသွင်း တတ်လို့ ရှိယင်ဖြင့် သံသရာမှာ ဘဝဇာတ်ကြီးဟာ ရှည်နေတာပဲ။ နှလုံးမသွင်းတတ်ဆိုတာက မြတ်စွာဘုရား မလိုလားအပ်တဲ့ လမ်းစဉ်၊

http:\\www.dhammadownload.com



နှလုံးသွင်းတတ်ယင် သံသရာ ငြိမ်းတယ်။ မလိုလားအပ်တဲ့ လမ်းစဉ်ကို ပထမဦးဆုံး ညွှန်ပြမြဲ၊ လိုလားအပ်တဲ့ လမ်းကို နောက်မှ ညွှန်ပြမြဲ။

လမ်းညွှန်မှုလိမ္မာတဲ့ အမျိုးကောင်းသား တစ်ယောက်က မျက်စိလည် လမ်းမှားတဲ့ ယောကျ်ားကို ဘယ်လမ်းလိုက်ရပါ့မလဲလို့ မေးယင် ဟောဒီလမ်း မလိုက်နဲ့ မောင်ရေ့၊ ဟောဒီလမ်းက ဘေးတွေ ရန်တွေ အင်မတန် ပေါများတယ်။ ဘယ်လို ဘေးကြီးရှိတယ်။ သစ် ကျား သားရဲ တိရစ္ဆာန် ဘေးရန်တွေ အင်မတန် ပေါများတယ်။ ဟောဒီ ညာဘက် လမ်းကတော့ လိုက်ရော့ မောင်ရေ၊ ဟုတ်လား။ နိဗ္ဗာန်ထိအောင် ဖြောင့်ဖြောင့်ကြီး သွားနိုင်တယ်။ ပမာပုံ။

အဲဒီလို မလိုအပ်တာကို အလျင်ပြောပြီးတော့ လိုအပ်တာကို နောက်မှ ယူရမှာကို နောက်မှ ပြောတာလို မြတ်စွာဘုရားလည်းပဲ မလိုက်ဖို့ရန် အတွက်ကို အလျင်ခင်းပြီးတော့နော် ... ။

သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿရာဂါနုသယော အနုသေတိ။

သော=ထိုပုဂ္ဂိုလ်သည်။ သုခါယ ဝေဒနာယ=သုခဝေဒနာဖြင့်။ ဖုဋ္ဌော သမာနော=တွေ့ထိအပ်သည်ရှိသော်။ အဘိနန္ဒတိ=နှစ်လို အားရမ်း ဝမ်းမြောက်တတ်၏။ အဘိဝဒတိ=ဝမ်းမြောက်သော စကား ပြောကြားတတ်၏။ အဇ္ဈောသာယ တိဋ္ဌတိ=မျိုမတတ် သိပ်မတတ် ထိုရူပါရုံကို စွဲမက်၍ တည်တတ်၏။ တဿ=ထို ရူပါရုံပေါ်မှာ တွယ်တာ တပ်မက်၍ ကောင်းတယ်၊ နှစ်သက်ဖွယ်ပဲလို့ တတွတ်တွတ် ပြောဆိုကာ တဏှာလောဘ အားကြီး၍နေသော ပုဂ္ဂိုလ်အား။ ရာဂါနုသယော=ရာဂါနုသယသည်။ အနုသေတိ=အဖန်ဖန် မိမိသန္တာန်၌ ကိန်းစက်ပြန်တော့၏။

သုခဝေဒနာနဲ့ တွေ့ပြီဆိုလို့ရှိယင် အန္ဓဗာလ ပုထုဇဉ်အနေနဲ့ အင်မတန် နှစ်သက်တယ်။ ကောင်းတယ်လို့ ပါးစပ်က တဖွဖွတောင် ပြောယူ

http:\\www.dhammadownload.com



ရတယ်။ ဒါတဏှာပါပဲနော်။ အဇ္ဈောသာယ တိဋ္ဌတိ=မျိုမတတ် သိပ်မတတ် ဒီအာရုံပေါ်မှာ စွဲမက်၍ တည်နေခြင်း သေချာပြီ ဆိုလို့ရှိယင် ထိုပုဂ္ဂိုလ်မှာ ရာဂါနုသယတွေ ထပ်ကာ ထပ်ကာ ကိန်းနေပြီ။

အာရုံက အနိဋ္ဌဖြစ်လို့ ဖဿက အနိဋ္ဌရသ အနိဋ္ဌရည်တွေ ကြိတ်ပေးလိုက်တော့ ဒုက္ခဝေဒနာနဲ့ ဆင်းဆင်းရဲရဲ ခံစားရပြီ။ ဆွမ်းစားတုန်းမှာ၊ ဟုတ်လား။ ကျောက်ခဲ သွားဝါးမိတဲ့အတွက် ဖြန်းဆို သွားကိုကျိုးလုမတတ် ဒုက္ခဝေဒနာတွေ ပေါ်လာပြီ ဆိုပါစို့။ ပေါ်လာယင် အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်က ဘယ်လို ဖြစ်သတုန်း ဆိုတော့ -

ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ။

စက္ခုဒွါရနဲ့ ရူပါရုံက ခင်းခဲ့တာနော်။ မျက်စိနဲ့ မြင်လာတဲ့ အဆင်းဟာ ကိုယ်မုန်းတဲ့ လူရဲ့ အဆင်းဖြစ်နေပြီ ဆိုမှဖြင့်ယင် သွားပြီ၊ ဟုတ်လား။ ဒီရူပါရုံက အနိဋ္ဌရူပါရုံ ဖြစ်တဲ့အတွက် ဖဿက ကြိတ်ပေးလိုက်တော့ အနိဋ္ဌရည်တွေထွက်၊ အဲဒီ အနိဋ္ဌရည်တွေကို ဒုက္ခဝေဒနာနဲ့ ဆင်းဆင်းရဲရဲ ခံစား၊ ဒေါမနဿတွေက ပေါ်လာတယ်။ ပေါ်လာတော့ ဘာဖြစ်သလဲ။

ဒုက္ခာယ ဝေဒနာယ=ဒုက္ခဝေဒနာဖြင့်။ ဖုဋ္ဌော=တွေ့ထိအပ်သည်။ သမာနော = ဖြစ်လတ်သော်။ သောစတိ = တချို့ စိုးရိမ်တတ်၏။ ကိလမတိ=တချို့ ပင်ပန်းတတ်၏။ ပရိဒေဝတိ=တချို့မှာ ငိုကြွေးနေတတ်၏။ ဥရတ္တာဠိံ ကန္ဒတိ=တချို့မှာ ရင်ဘတ်စည်တီး နှုတ်ကပရမ်းပတာ ပြောဆိုမြည်တမ်းတတ်၏။ သမ္မောဟံ အာပဇ္ဇတိ=တွေဝေမိန်းမောခြင်းသို့ ရောက်ရ၏။

အဲဒီရောက်ယင် ဘာဖြစ်တုန်း။ 'တဿ ပဋိဃာနုသယော အနုသေတိ"=ဒုက္ခဝေဒနာကို ခံစားရတဲ့အတွက် စိုးရိမ်တယ်၊ ပင်ပန်းတယ်၊

http:\\www.dhammadownload.com



ငိုကြွေးတယ်၊ ရင်ဘတ်စည်တီးမြည်တမ်းတယ်၊ တွေဝေမိန်းမောတယ် ဆိုယင် တန်တော့၊ အဲဒီ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ပဋိဃာနုသယတွေ ထပ်ကာ ထပ်ကာ ကိန်း၍နေချေပြီ။

နို့-ဒါဖြင့်ယင် တပ်လည်း မတပ်မက်နဲ့၊ ဒုက္ခဝေဒနာပေါ်မှာလည်း မစိုးရိမ်နဲ့၊ ဥပေက္ခာဝေဒနာကျတော့ ဘယ့်နယ်လုပ်မလဲ။

အဒုက္ခမသုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော=ဥပေက္ခာဝေဒနာနဲ့ တွေ့ထိ နှိပ်စက်အပ်သည် ဖြစ်လတ်သော်။ တဿာ ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ=အဲဒီ ဥပေက္ခာဝေဒနာရဲ့ ဖြစ်ကြောင်း၊ ချုပ်ကြောင်း၊ အဿာဒရယ်၊ အာဒီနဝရယ်၊ နိဿရဏရယ်ဆိုတဲ့ အဲဒီ ဥပေက္ခာ ဝေဒနာရဲ့ ဒီအချက် ငါးချက်ကို မသိဘူးဆိုယင်တဲ့။ တဿ အဝိဇ္ဇာ နုသယော အနုသေတိ=အဲဒီပုဂ္ဂိုလ်မှာ အဝိဇ္ဇာနုသယတွေ ကိန်းပြီ၊ ဒီ ပုဂ္ဂိုလ် သန္တာန်မှာ။

ဝေဒနာရယ်လို့ ပေါ်လာလို့ရှိယင် အဲဒီမှာ သုခဝေဒနာကို သာယာလို့ရှိယင် ရာဂါနုသယ ကိန်းရော။ ဒုက္ခဝေဒနာ-စိတ်ဆိုးတယ်၊ စိုးရိမ်တယ်၊ ပူဆွေးတယ်၊ ပင်ပန်းတယ်၊ ငိုကြွေးတယ်ဆိုယင် ပဋိဃာနုသယဆိုတဲ့ ဒေါသအနုသယမျိုးစေ့တွေ ကိန်းကုန်ရော။ ဥပေက္ခာ ဝေဒနာဖြစ်လို့ အဲဒီ ဝေဒနာရဲ့ ဖြစ်ကြောင်းဆိုတဲ့ သမုဒယ၊ ချုပ်ကြောင်းဆိုတဲ့ အတ္ထင်္ဂမ၊ ဒီဥပေက္ခာဝေဒနာရဲ့ အပြစ် အာဒီနဝ၊ ဒီဥပေက္ခာ ဝေဒနာမှ လွတ်မြောက်ကြောင်း နိဿရဏဆိုတဲ့ ဒီတရားတွေ မသိယင် အဝိဇ္ဇာနုသယလို့ ခေါ်တဲ့ မောဟဟာ ဒီပုဂ္ဂိုလ်မှာ ကိန်းရော။

ကိုင်း-ကိန်းတော့ ဘာဖြစ်သလဲ။ ကဲ-သန်းခေါင်ထက်တော့ ထူး ညစ်မနက်ပါဘူး၊ ဟုတ်လား။ မကောင်းတဲ့ လက်စနဲ့ မကောင်းတာဟာ ဘယ်လောက် သံသရာ သွားမလဲဆိုတော့ -

http:\\www.dhammadownload.com



သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ အပ္ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ အပ္ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ အသမူဟနိတွာ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဝတ=စင်စစ်ဧကန်အားဖြင့်။ သော=ထိုအန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်သည်။ သုခါယ ဝေဒနာယ=သုခဝေဒနာ၌။ ရာဂါနုသယံ= ရာဂါနုသယကို။ အပ္ပဟာယ=မပယ်နိုင်ဘဲသာဖြင့်။ ဒုက္ခာယ ဝေဒနာယ=ဒုက္ခဝေဒနာပေါ်၌။ ပဋိဃာနုသယံ=ပဋိဃာနုသယကို။ အပ္ပဋိဝိနောဒေတွာ=မဖြုတ်နိုင်ဘဲသာဖြင့်။ အဒုက္ခမသုခါယ ဝေဒနာယ=ဥပေက္ခာဝေဒနာပေါ်၌၊ အဝိဇ္ဇာနုသယံ=အဝိဇ္ဇာနုသယကို။ အသမူဟနိတွာ=မပယ်နိုင်ဘဲသာဖြင့်။

အဝိဇ္ဇံ အပ္ပဟာယ ဝိဇ္ဇံ အနုပ္ပါဒေတွာ=အဝိဇ္ဇာကိုလည်း မပယ်နိုင်ဘဲ ဝိဇ္ဇာကိုလည်း မဖြစ်စေနိုင်ဘဲ။ ဒုက္ခဿန္တကရော=ဝဋ်ဒုက္ခ၏အဆုံးကို ရောက်အောင်ကျင့်ဆောင် ကြိုးကုတ်အားထုတ်နိုင်သည်။ ဘဝိဿတိ=ဖြစ်လတ္တံ့။ ဣတိ ဧတံ ဌာနံ=ဤသို့ ပြောဆိုသော အကြောင်းသည်။ န ဝိဇ္ဇတိ=တစိုးတစိ မရှိချေ။

သုခဝေဒနာပေါ်မှာ ရာဂါနုသယကို မပယ်နိုင်ဘဲသာဖြင့်၊ ဒုက္ခဝေဒနာပေါ်မှာ ပဋိဃာနုသယကို မဖြုတ်နိုင်ဘဲသာဖြင့်၊ ဥပေက္ခာဝေဒနာပေါ်မှာ အဝိဇ္ဇာနုသယကို မနုတ်နိုင်ဘဲသာဖြင့် အဝိဇ္ဇာကို မပယ်ဘဲ ဝိဇ္ဇာကို ပညာကို မဖြစ်စေသေးဘဲသာဖြင့် ထိုပုဂ္ဂိုလ်ဟာ သံသရာဝဋ်ဒုက္ခ အဆုံးရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ် နိုင်လိမ့်မယ်ဆိုတဲ့အကြောင်း လုံးဝ တစိုးတစိ မရှိနိုင်ဘူး ချစ်သားတို့ – လို့ ဧကန္တခေါင်းဆောင်ပြီးတော့ တစ်ချီဟောလိုက်တယ်။

သောဝတခေါင်းဆောင်ပြီး တစ်ချီ –

ဃာနခေါင်းဆောင်ပြီး တစ်ချီ –

http:\\www.dhammadownload.com



ဇိဝှါခေါင်းဆောင်ပြီး တစ်ချို -

ကာယခေါင်းဆောင်ပြီးသကာလ တစ်သုတ်-

မနောခေါင်းဆောင်ပြီးသကာလ တစ်သုတ်-

ဒီတော့ ဒွါရခြောက်ပါးနဲ့ အာရုံခြောက်ပါးတို့ ထင်လာတဲ့အခါမှာ ဝေဒနာသုံးပါးစီ သုံးပါးစီ ဖြစ်လိမ့်မယ်။ ဖြစ်တဲ့ ဝေဒနာသုံးပါးတို့ ပေါ်မှာ၊ သုခဝေဒနာပေါ်မှာ ဟုတ်လား။ ရာဂါနုသယ မပျောက်ပျက်နိုင်တာဖြင့်၊ ဒုက္ခဝေဒနာပေါ်မှာ ပဋိဃာနုသယ မဖျောက်နိုင်တာဖြင့်၊ ဥပေက္ခာဝေဒနာပေါ်မှာ အဝိဇ္ဇာနုသယကို မနုတ်နိုင်ဘဲသာဖြင့်၊ အဝိဇ္ဇာကို မပယ်နိုင်ဘဲ ဝိပဿနာ ဝိဇ္ဇာကို မဖြစ်စေနိုင်ဘဲသာဖြင့် ထိုပုဂ္ဂိုလ် သံသရာဝဋ် အဆုံးသတ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ဖို့လို့ - အားထုတ်နိုင်လိမ့်မယ်လို့ ပြောဆိုဖွယ်ရာ အကြောင်း အခွင့် တစိုးတစိ မရှိဘူး။ ဒီက ပြန်လိုက်နော်။

## ဝေဒနာပေါ်၌ အနုသယကို ပယ်ဖြတ်နိုင်လျှင် သံသရာဝဋ်ဒုက္ခမှ ငြိမ်းနိုင်ခြင်း

စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။

ချစ်သားတို့၊ မကောင်းတဲ့ လမ်းမှတစ်ပါး ကောင်းတဲ့လမ်း ပြောကြဦးစို့။

စက္ခုဒွါရ၊ ရူပါရုံ နှစ်ပါးကို စွဲပြီးသကာလ စက္ခုဝိညာဏ်ဆိုတဲ့ အမြင်ဓာတ်မီး ပွင့်ကရော။ အဲဒီသုံးပါး ပေါင်းဆုံခြင်းကြောင့် စက္ခုသမ္ဖဿဆိုတဲ့ မျက်စိအတွေ့၊ ရူပါရုံကို ကြိတ်ချေတဲ့ ကျည်ပွေ့ကြီးတစ်ခု ပေါ်လာပြီ ဆိုပါစို့။ အဲဒီ စက္ခုသမ္ဖဿက ရူပါရုံ ကြိတ်ချေပေးလိုက်တဲ့ အတွက် စက္ခုသမ္ဖဿရဲ့ ကျေးဇူးပြုချက်က အာရုံက အနိဋ္ဌမျိုး ဖြစ်လို့

http:\\www.dhammadownload.com



အနိဋ္ဌရသထွက်ယင် ဒုက္ခဝေဒနာ ပေါ်လိမ့်မယ်။ ဣဋ္ဌမျိုးဖြစ်လို့ ဣဋ္ဌရသထွက်ယင် သုခဝေဒနာ ပေါ်လိမ့်မယ်။ အာရုံက မဇ္ဈတ္တမျိုးဖြစ်လို့ မဇ္ဈတ္တရည်တွေ ထွက်လာယင် ဥပေက္ခာ ဝေဒနာတွေ ပေါ်လိမ့်မယ်။

ပေါ်ယင် ဘယ်လို နှလုံးသွင်းရမလဲ။

သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော နာဘိနန္ဒတိ၊ နာဘိဝဒတိ နာဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော နာနုသေတိ။

သော=ထိုပုဂ္ဂိုလ်သည်။ သုခါယ ဝေဒနာယ=သုခဝေဒနာဖြင့်။ ဖုဋ္ဌော=နှိပ်စက်အပ်သည် တွေ့ထိအပ်သည်။ သမာနော=ဖြစ်လတ်သော်။ နာဘိနန္ဒတိ=မနှစ်သက်။ နာဘိဝဒတိ=တဏှာ၏ အစွမ်းအားဖြင့် ငါ၊ ငါ့ဥစ္စာဟူ၍ မပြောဆို။ နာဇ္ဈောသာယ တိဋ္ဌတိ=ငါ၊ ငါ့ဥစ္စာပဲလို့ မျိုသိပ်၍ တဏှာလောဘရဲ့ အစွမ်းအားဖြင့် ဘယ်အာရုံမှ မတည်။ တဿ=ထိုမနှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ငါ၊ ငါ့ဥစ္စာပဲလို့ မပြောဆိုတဲ့ ပုဂ္ဂိုလ် မျိုသိပ်၍ မတည်တဲ့ ပုဂ္ဂိုလ်အား။ ရာဂါနုသယော=ရာဂါနုသယသည်။ နာနုသေတိ-န အနုသေတိ=မကိန်းကော့ချေ။

ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော သမာနော=ဒုက္ခဝေဒနာဖြင့် တွေ့ထိ နှိပ်စက်အပ်သည်ရှိသော်။ န သောစတိ=မစိုးရိမ်။ န ကိလမတိ=မပင်ပန်း။ န ပရိဒေဝတိ=မငိုကြွေး။ န ဥရတ္တာဠိံ ကန္ဒတိ=ရင်ဘတ်စည်တီး မမြည်တမ်း။ န သမ္မောဟံ အာပဇ္ဇတိ=တွေဝေမိန်းမောခြင်းသို့ မရောက်။ တဿ=ထိုပုဂ္ဂိုလ်အား။ ပဋိဃာနုသယော နာနုသေတိ= ပဋိဃာနုသယ မကိန်းတော့ချေ။ ဝါ-ပဋိဃာနုသယ ပြက်စဲတော့၏။

အဒုက္ခမသုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော=ဥပေက္ခာဝေဒနာဖြင့် တွေ့ထိအပ်သည် ဖြစ်လတ်သော်။ တဿာ ဝေဒနာယ=ထိုဥပေက္ခာ ဝေဒနာ၏။ သမုဒယဉ္စ=ဖြစ်ခြင်းကိုလည်းကောင်း၊ ဖြစ်ကြောင်းကို လည်းကောင်း။ အတ္ထင်္ဂမဉ္စ=ချုပ်ခြင်း ချုပ်ကြောင်းကိုလည်းကောင်း။

http:\\www.dhammadownload.com



အဿာဒဉ္စ=ဥပေက္ခာဝေဒနာ၏ သာယာဖွယ် အဿာဒကို လည်းကောင်း။ အာဒီနဝဉ္စ=အပြစ်ကို လည်းကောင်း။ နိဿရဏဉ္စ=ဥပေက္ခာ ဝေဒနာမှ ထွက်မြောက်ကြောင်းကို လည်းကောင်း။ ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ=ပိုင်းခြားထင်ထင် သိမြင်၏။ တဿ=ထိုပုဂ္ဂိုလ်အား။ အဝိဇ္ဇာနုသယော=အဝိဇ္ဇာနုသယသည်။ နာနုသေတိ=မကိန်းတော့ချေ၊ ပြတ်တော့ချေ၏။

စက္ခုနဲ့ ရူပါရုံ ပေါင်းဆုံမိလို့ရှိယင် စက္ခုဝိညာဏ်ပေါ်=အမြင်ဓာတ်။ ဒီသုံးပါးဆုံလို့ ဖဿ=ကွေ့ထိမှု ပေါ်ပြီးတော့ ဖဿ ကြိုက်ချေပေးချက် အရ အာရုံရည်အလိုက် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ပေါ်လာတဲ့အခါ သုခဝေဒနာပေါ်မှာ မတွယ်တာ မတပ်မက်ယင် ရာဂါ နုသယ မကိန်းဘူး။ ရာဂါနုသယ ပြတ်လိမ့်မယ်။ ဒုက္ခဝေဒနာပေါ်မှာ ကိန်းရင် မပူဆွေး မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ဘတ်စည်တီး မမြည် တမ်း၊ တွေဝေမိန်းမောခြင်းသို့ မရောက်ဘူးပ ဆိုလို့ရှိယင် ပဋိဃာနု သယ မကိန်းတော့ဘူး၊ ပြတ်တော့မယ်၊ ပြတ်ပြီ။ ဥပေက္ခာဝေဒနာပေါ် မှာ အဲဒီ ဥပေက္ခာဝေဒနာရဲ့ သိသင့်သိထိုက်တဲ့ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ–ဆိုတဲ့ ဒီငါးချက်ကို သိလို့ ရှိယင် အဝိဇ္ဇာနုသယ မကိန်းတော့ဘူး၊ အဝိဇ္ဇာနုသယ ပြတ်တော့တာပဲ။ ပြတ် ယင် ဘာဖြစ်တုန်းဆိုတော့ –

သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ ပဟာယ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဝတ=စင်စစ်။ သော= ထိုပုဂ္ဂိုလ်သည်။ သုခါယဝေဒနာယ=သုခဝေဒနာပေါ်၌။ ရာဂါနုသယံ =ရာဂါနုသယလို။ ပဟာယ=မစွန့်နိုင်သည်ရှိသော်။ ဒုက္ခာယ ဝေဒနာ ယ=ဒုက္ခဝေဒနာပေါ်၌။ ပဋိဃာနုသယံ=ပဋိဃာနုသယကို။ ပဋိဝိနော ဒေတွာ=ပယ်ဖြတ်နိုင်သည်ရှိသော်။ အဒုက္ခမသုခါယ ဝေဒနာယ= ဥပေက္ခာဝေဒနာပေါ်၌။ အဝိဇ္ဇာနုသယံ=အဝိဇ္ဇာနုသယကို။ သမူဟ–

http:\\www.dhammadownload.com



နိတွာ=ပယ်နုတ်နိုင်သည်ရှိသော်။ အဝိဇ္ဇံ ပဟာယ=အဝိဇ္ဇာကို ပယ်နိုင်၍။ ဝိဇ္ဇံ ဥပ္ပါဒေတွာ=ဝိဇ္ဇာကို ဖြစ်စေသည်၊ ဝိဇ္ဇာကို ဖြစ်စေ၍။ ဒိဋ္ဌေဝ ဓမ္မေ = မျက်မှောက် ပစ္စုပ္ပန် ဘဝ၌ပင်လျှင်။ ဒုက္ခဿန္တကရော ဘဝိဿတိ=စက်သံသာရ ဝဋ်ဒုက္ခ၏ အဆုံးရောက်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ် နိုင်လိမ့်မယ်ဆိုတဲ့။ ဣတိ ဧတံ ဌာနံ= ဤအကြောင်းသည်။ ဝိဇ္ဇတိ=ထင်ရှားရှိပေ၏။

အဲဒီလို သုခဝေဒနာပေါ်မှာ ရာဂါနုသယကို ပယ်နိုင်သည်၊ ဒုက္ခဝေဒနာပေါ်မှာ ပဋိဃာနုသယကို၊ ဥပေက္ခာဝေဒနာပေါ်မှာ အဝိဇ္ဇာနုသယကို နုတ်နိုင်သည်ဆိုလို့ရှိယင် အဲဒီ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာကို ပယ်ပြီး ဖြစ်တော့ပြီ။ အဝိဇ္ဇာကို ပယ်ပြီးဖြစ်သောကြောင့် လည်းကောင်း၊ ဝိဇ္ဇာကို ဖြစ်စေပြီး ဖြစ်သောကြောင့် လည်းကောင်း ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ သံသရာဝဋ်ဒုက္ခ အဆုံးရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်လိမ့်မယ်ဆိုတဲ့ အကြောင်း အခွင့်တွေ အများကြီး ရှိတယ်–တဲ့။

ထို့အတူ သောတ ခေါင်းဆောင်တဲ့ –

ဃာန ခေါင်းဆောင်တဲ့ –

ဇိဝှါ ခေါင်းဆောင်တဲ့ –

ကာယ ခေါင်းဆောင်တဲ့ –

မနော့ ခေါင်းဆောင်တဲ့ –

ခေါင်းဆောင်ပြီးတော့ ဟောတဲ့အချက် ခြောက်ချက်စလုံး အပြည့်အစုံ ဟောတယ်။ ဒါ ဥပဒေသ ပေးတာ မြတ်စွာဘုရားက။ ဟို–စက္ခုဒွါရနဲ့ ရူပါရုံ တွေ့ဆုံလို့ရှိယင် စက္ခုဝိညာဏ်ဖြစ်ပြီးတော့ စက္ခုသမ္ဖဿ ပေါ်ပြီးတဲ့နောက် သုခ ဒုက္ခ ဥပေက္ခာဝေဒနာ ဖြစ်လိမ့်မယ်။ သောတဒွါရနဲ့ သဒ္ဒါရုံ အကြောင်းပြုပြီးတော့လည်းပဲ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ ဖြစ်မယ်။

http:\\www.dhammadownload.com



အေး-ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့ကို အကြောင်းပြုပြီး သကာလ သုခ၊ ဒုက္ခ၊ ဥပေက္ခာလို့ ဒီဝေဒနာ သုံးမျိုးစီ သုံးမျိုးစီ ဖြစ်တဲ့ အခါမှာ သုခဝေဒနာပေါ်မှာ မတွယ်တာ မတပ်မက်ဖို့၊ ဒုက္ခဝေဒနာ ပေါ်မှာ စိတ်မဆိုးဖို့၊ ဥပေက္ခာဝေဒနာပေါ်မှာ တွေတွေဝေဝေ မရှိဖို့။ "ဩော်-ဒါဥပေက္ခာဝေဒနာပဲ၊ ဒီဥပေက္ခာဝေဒနာရဲ့ အကြောင်းကို မသိ ပေမယ့်လို့ အနည်းဆုံးတော့ ဒီ ဥစ္စာဟာ အင်း-အလယ်အလတ် သဘောအားဖြင့် အာရုံကို ခံစားတဲ့ သဘောပဲ"လို့ ဒီလို သိယင်ပေါ့လေ။ ဒါဟာ ဥပေက္ခာ ဝေဒနာရဲ့ သမုဒယကို သိတာ။ အဲဒီ သဘောကြီး ဖြစ်ပွားလာခြင်းကို ဥပေက္ခာဝေဒနာ ဖြစ်တာပဲ၊ ဒီသဘောကြီး ချုပ်တာ ကို ဥပေက္ခာဝေဒနာ ချုပ်တာပဲလို့ သိယင် သမုဒယ-အတ္ထင်္ဂမ သိနေပြီ။

အဲဒီတော့ အဲဒီ ဥပေက္ခာဝေဒနာရဲ့ အပေါ်မှာ သမုဒယ-အတ္ထင်္ဂမက အနည်းဆုံး သိနေတဲ့ ထိုပုဂ္ဂိုလ်ဟာ အဝိဇ္ဇာကို ပယ်ပြီ၊ ဟုတ်လား။ အဝိဇ္ဇာနုသယကို ပယ်နိုင်ပြီ၊ နုတ်နိုင်ပြီ၊ အဝိဇ္ဇာနုသယကို ပယ်နိုင် နုတ်နိုင်လို့ရှိယင် အဝိဇ္ဇာ ပြုတ်ပြီ။ ဝိဇ္ဇာရောက်ယင် ထိုပုဂ္ဂိုလ် တိုပစ္စက္ခ ဘဝမှာပင်လျှင် စက်သံသာရ ဝဋ္ဋဒုက္ခ၏ အဆုံးရောက်အောင် ကျင့် ဆောင် ကြိုးကုတ် အားထုတ်မှု ဖြစ်နိုင်လိမ့်မယ်လို့ ဆိုတဲ့ ဒီအခွင့် အလမ်းကြီးဟာ တွေ့လျက် လင်းလျက် ရှိပါတယ်လို့၊ အဲဒီလို ကျင့်ကြ လေလို့ ဒီလို ဥပဒေသ ပေးတယ်။

## လက္ခဏာယာဉ် သုံးပါးဖြင့်
## ခြောက် ခြောက်လီ တစ်ခုစီ ရှုနည်း

အေး - မြတ်စွာဘုရားက သုခဝေဒနာ ဖြစ်သကောလို့။ တဏှာ လောဘ မဖြစ်နဲ့၊ ရာဂါနုသယတွေ ကိန်းကုန်လိမ့်မယ်။ တဏှာလောဘ ဖြစ်ယင် ရာဂါ နုသယတွေ ကိန်းကုန်လိမ့်မယ်။ မဖြစ်အောင် ကျင့်။ ဒုက္ခဝေဒနာနဲ့ တွေ့ပေမယ့် ဒေါသတွေ မဖြစ်စေနဲ့၊ ပဋိဃာနုသယ ကိန်းကုန်လိမ့်မယ်။ ဥပေက္ခာ ဝေဒနာ ဖြစ်တယ်လို့ တွေတွေဝေဝေ

http:\\www.dhammadownload.com



မပြုလိုက်နဲ့၊ အဝိဇ္ဇာနုသယ ကိန်းကုန်လိမ့်မယ်။ ဒီတော့ သုခဝေဒနာပေါ်မှာ ရာဂါနုသယ မဖြစ်အောင် ကြိုးစား၊ ဒုက္ခဝေဒနာပေါ်မှာ ပဋိဃာနုသယ မဖြစ်အောင် ကြိုးစား။ ဥပေက္ခာဝေဒနာပေါ်မှာ အဝိဇ္ဇာနုသယ မဖြစ်အောင် ကြိုးစား။ ကြိုးစားဆိုတာ ဘယ်လိုလဲ။ ဖြစ်တိုင်း ဖြစ်တိုင်းသော ဒီ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတွေကို စောစောက ပြောခဲ့သလို–

ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ–လို့ ဒီလိုသာ ရှုပေါ့၊ ဟုတ်လား။ ရှုစရာလေ။ ဒီတော့ ပြန်ပြီးတော့ ဘုန်းကြီး ပြောထားတယ်။ ဒီသုတ်က တိုက်ရိုက်ဟောတဲ့ အနတ္တ ရှုတာရယ်၊ ဘုရားအလိုတော်နဲ့ မဆန့်ကျင်တဲ့ အနိစ္စရော ဒုက္ခရော ထည့်ပြီးတော့ ရှုတာရယ်၊ အခုလေ ပြန်ပြီးတော့ စဉ်းစားလိုက်စမ်းပါ။

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံမမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

တဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ –

လို့ အဲဒီလို ရှုလိုက်စမ်းပါ။

http:\\www.dhammadownload.com



စက္ခုခေါင်းဆောင်တဲ့ ခြောက်ပါးကို ဒီလို ရှုသလို သောတ ခေါင်းဆောင်တဲ့ ခြောက်ပါးကိုလည်း ဒီအတိုင်းရှု၊ ဃာနခေါင်းဆောင်တဲ့ ခြောက်ပါး ဒီအတိုင်းရှု။ ဇိဝှါခေါင်းဆောင်တဲ့ ခြောက်ပါး၊ ကာယ ခေါင်းဆောင်တဲ့ ခြောက်ပါး၊ မနောခေါင်းဆောင်တဲ့ ခြောက်ပါးလည်း ဒီအတိုင်းရှု။

စက္ခုခေါင်းဆောင်တဲ့ ခြောက်ပါးကိုပေါ့လေ – အိမ်ကျတော့ ကိုယ့်ဘာသာကိုယ် ရွတ်ပြီးတော့ ဆယ်ခေါက်လောက် စဉ်းစားကြည့်လို့ ရှိယင် သောတ ခေါင်းဆောင်တဲ့ ခြောက်ပါးဟာ အလိုလို လွယ်လာလိမ့်မယ်။ ဃာနခေါင်းဆောင်တဲ့ ခြောက်ပါး အလိုလို လွယ်လာလိမ့်မယ်။ ဇိဝှာခေါင်းဆောင်တဲ့ ခြောက်ပါး၊ ကာယ၊ မနော ခေါင်းဆောင်တဲ့ ခြောက်ပါးတို့ အလိုလို ဉာဏ်ထဲမှာ အလုပ်ကိုက တစ်ခါတည်း သူ့ကို အသိဉာဏ်တွေ ပေးလာလိမ့်မယ်။

အဲဒီလို ရှုတော့ ဘာဖြစ်မတုန်းလို့ဆိုတော့ မြတ်စွာဘုရားက –

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော စက္ခုသ္မိံ နိဗ္ဗိန္ဒတိ၊ ရူပေသု နိဗ္ဗိန္ဒတိ၊ စက္ခုဝိညာဏေ နိဗ္ဗိန္ဒတိ၊ စက္ခုသမ္ဖဿေ နိဗ္ဗိန္ဒတိ၊ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ တဏှာယ နိဗ္ဗိန္ဒတိ။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဧဝံ=ဤသို့ဆိုအပ်ပြီးသော နည်းအတိုင်း ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ တဏှာ ခြောက်ပါးစီ ခြောက်ပါးစီကို အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ–ဟူ၍။ ပဿံ ပဿန္တော=ရှုမြင်သော။ သုတဝါ=ဗဟုသုတနဲ့ ပြည့်စုံသော။ အရိယသာဝကော=ငါဘုရား၏ တပည့်သား သာဝကသည်။ (ဒီလိုရှုယင် ဘာဖြစ်တုန်း။) စက္ခုသ္မိံ=စက္ခုပသာဒ၌။ နိဗ္ဗိန္ဒတိ=ငြီးငွေ့၏။ ရူပေသု=ရူပါရုံတို့၌။ နိဗ္ဗိန္ဒတိ=ငြီးငွေ့၏။ စက္ခုဝိညာဏေ=စက္ခုဝိညာဏ်၌။ နိဗ္ဗိန္ဒတိ=ငြီးငွေ့တော့၏။ စက္ခုသမ္ဖဿေ=မျက်စိအတွေ့၌။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါဉာဏ်

http:\\www.dhammadownload.com



ရင့်သန်၍လာတော့၏။ တဏှာယ=ရူပတဏှာပေါ်၌။ နိဗ္ဗိန္ဒတိ=နိဗ္ဗိဒါ ဉာဏ် ရင့်သန်၍ လာတော့၏။

ထို့အတူ သောတသ္မိံ နိဗ္ဗိန္ဒတိ=သောတပေါ်မှာလည်း ငြီးငွေ့လို့။ ဃာနသ္မိံ နိဗ္ဗိန္ဒတိ=ဃာနပေါ်မှာလည်း ငြီးငွေ့လို့။ ဇိဝှါယ နိဗ္ဗိန္ဒတိ= ဇိဝှါပေါ်မှာလည်း ငြီးငွေ့လိမ့်မယ်။ ကာယသ္မိံ နိဗ္ဗိန္ဒတိ=ကာယပေါ်မှာ လည်း ငြီးငွေ့လိမ့်မယ်။ မနသ္မိံ နိဗ္ဗိန္ဒတိ=မနောဒွါရပေါ်မှာလည်း ငြီးငွေ့လိမ့်မယ်။ ဓမ္မေသု နိဗ္ဗိန္ဒတိ=ဓမ္မာရုံတို့ပေါ်မှာလည်း ငြီးငွေ့လိမ့် မယ်။ မနောဝိညာဏေ နိဗ္ဗိန္ဒတိ=မနောဝိညာဏ်ပေါ်မှာလည်း နိဗ္ဗိန္ဒ ဉာဏ် ရင့်သန်လိမ့်မယ်။ မနောသမ္ဖဿေ နိဗ္ဗိန္ဒတိ=စိတ်အတွေ့မှာ လည်း ငြီးငွေ့တော့မယ်။ ဝေဒနာယ နိဗ္ဗိန္ဒတိ=မနောသမ္ဖဿဇာ ဝေဒနာပေါ်မှာလည်း ငြီးငွေ့လိမ့်မယ်။ တဏှာယ နိဗ္ဗိန္ဒတိ=တဏှာ ပေါ်မှာလည်းပဲ ငြီးငွေ့လိမ့်မယ်။

နိဗ္ဗိဒါဉာဏ် ရင့်သန်ပြီဆိုတော့ ဘာဖြစ်မလဲ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ=နိဗ္ဗိဒါဉာဏ် ရင့်သန်တော့ တပ်ခြင်းကင်းတဲ့ ဝိရာဂ ခေါ်တဲ့ အထက် ဝိပဿနာဉာဏ်တွေ ဖြစ်လိမ့်မယ်။ ဝိရာဂါ ဝိမုစ္စတိ= ဝိရာဂ=တပ်ခြင်း ကင်းခြင်းဟူသော အကြောင်းကြောင့်။ ဝိမုစ္စတိ=မဂ် ဉာဏ်လေးပါးဖြင့် ကိလေသာတို့မှ လွတ်ဆဲ။ ဝိမုတ္တသ္မိံ=မဂ်၏ အခြားမဲ့၌ ကိလေသာတို့မှ လွတ်ပြီးသောဖိုလ်၌။ ဝိမုတ္တမိတိ ဉာဏံ= ကိလေသာတို့မှ လွတ်ပြီဟူ၍ သိသော ပစ္စဝေက္ခဏာ အသိဉာဏ် သည်။ ဟောတိ= ဖြစ်ပေါ်၍ လာလိမ့်မည်။

ဒီနည်းသာ ရှုနေယင်တဲ့ ဒွါရရော အာရုံရော ဝိညာဏ်ရော ဖဿ ရော ဝေဒနာရော တဏှာရော ဘာမှ ခံနိုင်ဘူး။ အကုန်လုံးပေါ်မှာ ငြီးငွေ့ အားသန် နိဗ္ဗိဒါဉာဏ် ထက်သန်ပြီ ဆိုလို့ရှိယင် ဝိရာဂခေါ်တဲ့ အထက် ဝိပဿနာဉာဏ်တွေ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ တဏှာတွေပေါ် တပ်ခြင်းကင်းလိမ့်မယ်။ တပ်ခြင်းကင်းယင် အဲဒီအထက် ဝိပဿနာ

http:\\www.dhammadownload.com



ဉာဏ်တွေက ကျေးဇူးပြုလိုက်တဲ့အတွက် မဂ်ဉာဏ် ပေါ်လိမ့်မယ်။ မဂ်ဉာဏ်၏ အခြားမဲ့၌ ဖိုလ်ဉာဏ် ပေါ်လိမ့်မယ်။ အဲဒီ ဖိုလ်ဉာဏ်ကို ဆင်ခြင်စဉ်းစားတဲ့ ပစ္စဝေက္ခဏာဉာဏ် ဆက်၍ ပေါ်လိမ့်မယ်။

လိုရင်းတော့ ပစ္စဝေက္ခဏာဉာဏ်ဟာ သောတာပတ္တိမဂ် ရပြီးပြီ ဆိုယင် ငါးမျိုးဖြစ်တယ်။ သကဒါဂါမိမဂ် ရပြီးယင် ငါးမျိုးရှိတယ်။ အနာဂါမိမဂ် ရပြီးယင် ငါးမျိုး ဖြစ်နိုင်တယ်။ အရဟတ္တမဂ် ရပြီးယင် ပယ်ပြီးတဲ့ ကိလေသာကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ မဂ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ ဖိုလ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်၊ နိဗ္ဗာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်ရဲ့ နောက်မှာ ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ပစ္စဝေက္ခဏာဉာဏ် လေးပါး ပေါ်လိမ့်မယ်။ ဒါ-ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးပါးလို့ ခေါ်တယ်။ အဲဒီ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးပါးကို ဝိမုတ္တိဉာဏဒဿန ဂုဏ် ကျေးဇူးလို့ ခေါ်တယ်။

## အရဟတ္တဖိုလ်သို့

ဟင်-ဒီ ပစ္စဝေက္ခဏာအပြင် ဒိပြင် ပစ္စဝေက္ခဏာတွေ မဖြစ်တော့ ဘူးလား ... ။

ခီဏာဇာတိ=ဘဝပဋိသန္ဓေ ကုန်ပြီ။ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် ကိုင်မိပြီဆိုတော့ ဘဝပဋိသန္ဓေမှာ ကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ=သာသနာတော်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ရလေပြီ။ ကတံ ကရဏီယံ=ပြုဖွယ်ကိစ္စ အဝဝကို ငါကား ပြု၍ ပြီးခဲ့လေပြီ။ နာပရံ ဣတ္ထတ္တာယ=နောက်ထပ်ဘာစ်ဖန် မဂ်ကိစ္စအလို့ငှာ အလုပ်တစ်မျိုး လုပ်ရန် မလိုတော့ချေ။ ဣတိ=ဤသို့။ ပဇာနာတိ= အဆင့်ဆင့်သော ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ပိုင်းပိုင်းခြားခြား အပြားအားဖြင့် ခွဲခြား သိမြင်လေတော့၏။

http:\\www.dhammadownload.com



အဲဒီတော့ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် ကုန်ပြီ။ ကုန်လို့ ရှိယင်ဖြင့် ဒါ အရဟတ္တဖိုလ်ဟာ ဆုံးသွားတာပဲနော်၊ ဆုံးသွားယင် မြတ်စွာဘုရားက ဒေသနာတော် ရပ်သွားတာပဲ။ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"။ ဘုရားကတော့ အဲဒီမှာ ရပ်လိုက်တာပဲ။

သင်္ဂါယနာ မထေရ်မြတ်တွေက စကားဆက်စပ်ပြီးတော့ -

၊ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ။

မြတ်စွာဘုရားကတော့ အခုပြောခဲ့တဲ့အတိုင်း "နာပရံ ဣတ္ထတ္တာယာ တိ ပဇာနာတိ" ဒီထိအောင် ဟောလိုက်တာပဲ။ အဲဒီ တရားနာတဲ့ ရဟန်း တော်တွေက နှစ်လိုအားရမ်း ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ကြတယ်။ ဒါဖြင့် တစ်ပါးမှ မကျွတ်ဘူးလားလို့ ဆိုတော့ -

ဣမသ္မိံ ခေါ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဣမသ္မိံ ခေါ ပန ဝေယျာကရဏသ္မိံ=ဂါထာမဖက် စုဏ္ဏိယ စကား ပြေ သက်သက်ဖြစ်သော ဤတရားစကားကို။ ဘညမာနေ=သဗ္ဗညု မြတ်စွာဘုရား ဟောကြားအပ်သည်ရှိသော်။ သဋ္ဌိမတ္တာနံ ဘိက္ခူနံ= ရဟန်းတော် ခြောက်ကျိပ်တို့၏။ စိတ္တာနိ=စိတ်တို့သည်။ အနုပါဒါယ =တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ အာသဝေဟိ=ကာမာသဝ ဘဝါ သဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတို့မှ။ ဝိမုစ္စိံသု=ကျွတ်တော်မူ လွတ်တော်မူ ကျွတ်လွတ်တော်မူကြကုန်ပြီ ... ။

အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြပြီ။ အဲဒီ တရားပွဲကြီးမှာ ခြောက်ကျိပ်သော အရှင်သူမြတ်တွေ အရဟတ္တဖိုလ်ပေါက် ရောက်ခဲ့ပြီ။

http:\\www.dhammadownload.com



ဒီတော့ ဒီ ဆ ဆက္ကသုတ္တန်က ရွတ်လို့လည်း ကောင်းတယ်။ ရွတ်ကောင်းလို့ ရွတ်ရုံနဲ့တော့ မကိုက်ဘူးနော်။ ဒီအထဲကနေပြီးတော့ အနှစ်ထုတ်ကြစို့ ဆိုလို့ရှိယင် –

(၁) စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

(၂) ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

(၃) စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

(၄) စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

(၅) ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

(၆) တဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

လို့ ပါဠိလို နားလည်တဲ့ ပုဂ္ဂိုလ်များပီပီ သာယာနာပျော်ဖွယ်လည်း ရှိပါတယ်။ အဲဒီလို နှလုံးသွင်းကြစမ်းပါ။

## တရားတော်နိဂုံး

ဤသို့လျှင် ဆ ဆက္ကသုတ္တန်ဒေသနာတော်မြတ်ကို ကြားနာရခြင်း= ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလတို့ကို ခံယူဆောက်တည်ရခြင်း=သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ နံနက်မိုးသောက်ရောက် သက္ကာလ (၈၃) ရှစ်ဆယ့်သုံးနှစ်ပြည့်သော အထိမ်းအမှတ်ဖြင့် ဝိဇ္ဇာယန မင်္ဂလာ ကုသိုလ်ကောင်းမှုတရား ပွားများစေခြင်း

http:\\www.dhammadownload.com



အလို့ငှာ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် သဒ္ဒါကြည်ဖြူ ကပ်လှူပူဇော်ရခြင်း တည်းဟူသော=ဘောဇနေဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊

ထိုမှတစ်ပါး ယာဂုသည် သုံးမျိုးရှိတယ်။

(၁) မဏ္ဍယာဂု အင်မတန် ကျဲတဲ့အရည်ကို သောက်ရတဲ့ ယက်မန်းရည်ခေါ်တဲ့ ယာဂုက မဏ္ဍယာဂုလို့ ခေါ်ပါတယ်။

(၂) ပေယျာယာဂုလို့ ဆိုတာ ခပ်ပျစ်ပျစ်ကလေး၊ နေ့စဉ်နေ့စဉ် သောက်တဲ့ ယာဂုကို ပေယျယာဂုလို့ ခေါ်တယ်။

(၃) အခုလို ကောက်ညှင်းနဲ့ထိုးတဲ့ ယာဂုကို ဘောဇ္ဇယာဂု=ပါးစပ်နဲ့ ကိုက်စားရတဲ့ ယာဂုကို ခေါ်တယ်။

မဏ္ဍယာဂု၊ ပေယျယာဂု၊ ဘောဇ္ဇယာဂု တည်းဟူသော ယာဂုသုံးပါးတို့အနက် ဘောဇ္ဇယာဂုဖြင့် အရံအတားဖြစ်သော တပို့တွဲလရာသီ အခါဝယ် ယာဂုထမင်းနှဲနှင့်တကွ အကြင်ခဲဖွယ်တို့ကို ဤတော ဤတောင်၌ သီတင်းသုံးကြသော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်၊ သီတင်းသည် သူတော်စင်တို့အား သဒ္ဓါပြဋ္ဌာန်း ကျွေးမွေးလှူဒါန်းရခြင်း တည်းဟူသော ဘောဇနေဒါနမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤ ဆ ဆက္ကသုတ္တန် ဒေသနာ၌ လာရှိသည့်အတိုင်း ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ တဏှာတည်းဟူသော တရားခြောက်ပါး ခြောက်ပါးတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ ဖြစ်ပုံကို ဘုရားအလိုတော်ကျ ဝိပဿနာဉာဏ်စက္ခုဖြင့် အဖန်ဖန်ကြည့်ရှု နိုင်ကြပါစေကုန်သတည်း။

ယင်းသို့ အဖန်ဖန်ကြည့်ရှုသဖြင့် ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿ-ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါးတို့၌

http:\\www.dhammadownload.com



နိဗ္ဗိဒါဉာဏ် ရင့်သန်ကြပါစေကုန်သတည်း။ နိဗ္ဗိဒါဉာဏ် ရင့်သန်ခြင်း ဟူသော အကြောင်းကြောင့် အထက် ဝိပဿနာဉာဏ် ငါးပါးတို့ဖြင့် ထို ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ တဏှာတို့၌ တပ်ခြင်းကင်းကြ သည့်ကိုယ် ဖြစ်ပါစေကုန်သတည်း ... ။ တပ်ခြင်းကင်းသော အထက် ဝိပဿနာဉာဏ် အလို့ငှာ မဂ်ဉာဏ်လေးပါး၊ ကိလေသာတို့မှ လွတ် မြောက်ဆဲဖြစ်သော မဂ်ဉာဏ်လေးပါး၊ ကိလေသာတို့မှ လွတ်မြောက် ပြီးဖြစ်သော ဖိုလ်ဉာဏ်လေးပါးတို့ကို အစဉ်အတိုင်း ရကြပါစေကုန် သတည်း။ ယင်းသို့ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးတို့ကို အစဉ် အတိုင်း ရောက်ပြီးသော နောက်ကာလဝယ် အောက်မဂ်သုံးပါးကို ရရှိ သော ကာလ၌ ပစ္စဝေက္ခဏာဉာဏ် ငါးပါးစီ၊ အရဟတ္တမဂ်ကို ရရှိပြီး သော ကာလ၌ ပစ္စဝေက္ခဏာဉာဏ်လေးပါး=ဤသို့ ပစ္စဝေက္ခဏာဉာဏ် တစ်ဆယ့်ကိုးတန် တည်းဟူသော ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံကြပါစေကုန်သတည်း .... ။

ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကြသော နောက်ဆုံး ပစ္ဆိမ ရဟန္တာ ယောကျ်ား၊ ရဟန္တာ မိန်းမ ဖြစ်ရသောဘဝတွင် ပရိနိဗ္ဗာန စုတိမှ အခြားမဲ့ဖြစ်သော နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝမှာမှ ဂတိမှာမှ ယောနိမှာမှ ဝိညာဏဋ္ဌိတိမှာမှ သတ္တာဝါသမှာမှ ရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါး ဥပါဒါနက္ခန္ဓာ သင်္ခါရတရား ဒုက္ခသစ္စာတရားတို့ ဆိမ်းစာ ဆိမ်းကုန်ခန်း၍ ဝဋ္ဋဒုက္ခချုပ်သိမ်း သံသရာ မီးတောက် မီးပုံကြီး အကြွင်းမဲ့ ကိုယ်စီကိုယ်င ငြိမ်းကြပါစေကုန်သတည်း ... ။

သာဓု။ သာဓု။ သာဓု။

ဆ ဆက္ကသုတ္တန်တရားတော်

ပြီးပြီ။

http:\\www.dhammadownload.com



# ဗာဟိယသုတ္တန် တရားတော်

## သေဘေး အန္တရာယ်ကို ကြောက်သော ပုဂ္ဂိုလ်များ ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့၌ တရားလေးပိုင်းခွဲ၍ တရားအာရုံ၌ စွဲစွဲမြဲမြဲ ရှုပွားခြင်းဖြင့် အလျင်အမြန် တရားရရှိစေရန် ရည်သန် ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၅–ခု၊ သာသနာတော် ၂၅၁၇–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ည ကျိုက်လတ်၊ မအူပင်၊ ဒေးဒရဲ၊ ဘိုကလေး လေးမြို့နယ်လုံးဆိုင်ရာ ဘိုကလေးမြို့၌ ကျင်းပအပ်သော လေးကြိမ်မြောက် သာမဏေ စာပြန်မေးပွဲ စာအောင်ပွဲသဘင်၌ ဟောကြားအပ်သော ဥဒါန်းပါဠိတော်လာ ဗာဟိယ သုတ္တန် တရားတော်။

## ကြည်ညိုတတ်သူ ပုဂ္ဂိုလ်လေးမျိုး လေးစု

ဘုန်းကြီးဟောမယ့် တရားက ဗာဟိယ သုတ္တန်လို့ ခေါ်ပါတယ်။ ဗာဟိယ သုတ္တန်တရား ဟောတော်မူတဲ့ မြတ်စွာဘုရားကို ကြည်ညိုနိုင်အောင် ပထမ စဉ်းစားကြည့်ရအောင်။

စတုပ္ပမာဏိကော ဟိ အယံ လောကသံနိဝါသော ရူပပ္ပမာဏော ရူပပ္ပသန္နော၊ ဃောသပ္ပမာဏော ဃောသပ္ပသန္နော၊ လူခပ္ပမာဏော လူခပ္ပသန္နော၊ ဓမ္မပ္ပမာဏော ဓမ္မပ္ပသန္နောတိ စတုဓာ ဋ္ဌိတော။

အယံ လောကသံနိဝါသော=နတ်လူဗြဟ္မာ ဤသတ္တဝါအပေါင်းသည်။ စတုပ္ပမာဏိကော=လေးပါးသော ဌာနဝယ် ပမာဏဂရု အလေးပြုတတ်သည်ဖြစ်၍။

(၁) ရူပပ္ပမာဏော=ရုပ်ရေအဆင်း တင့်တယ်ခြင်းကို ပမာဏဂရု အလေးပြုတတ်သည် ဖြစ်၍။ ရူပပ္ပသန္နော=ရုပ်ရေအဆင်း တင့်တယ်

http:\\www.dhammadownload.com



လျှင် ကြည်ညိုတတ်သော နတ် လူ ဗြဟ္မာ သတ္တဝါတွေက တစ်စု။

(၂) ဃောသပ္ပမာဏော=အသံကောင်းခြင်း ကျော်စောသတင်းကောင်းခြင်းကို ပမာဏဂရု အလေးပြုတတ်သည်ဖြစ်၍။ ဃောသပ္ပသန္နော=အသံကောင်းလျှင် သတင်းကောင်းလျှင် ကြည်ညိုတတ်သော နတ် လူ ဗြဟ္မာ သတ္တဝါတွေက တစ်စု။

(၃) လူခပ္ပမာဏော=ရုပ်အဆင်း လှလှ မလှလှ၊ အသံကောင်းကောင်း မကောင်းကောင်း ပစ္စည်းလေးဖြာ ကိလေသာ ခေါင်းပါးခြင်းကို ပမာဏဂရု အလေးပြုတတ်သည်ဖြစ်၍။ လူခပ္ပသန္နော=ပစ္စည်းလေးဖြာ ကိလေသာခေါင်းပါးလျှင် ကြည်ညိုတတ်သော နတ် လူ ဗြဟ္မာ သတ္တဝါတွေက တစ်စု။

(၄) ဓမ္မပ္ပမာဏော=ရုပ်အဆင်းလှလှ မလှလှ အသံကောင်းကောင်း မကောင်းကောင်း ပစ္စည်းလေးဖြာ ကိလေသာ ခေါင်းပါးချင် ခေါင်းပါး မခေါင်းပါးချင်နေ၊ သီလ သမာဓိ ပညာတည်းဟူသော ဓမ္မကို ပမာဏဂရု အလေးပြုတတ်သည်ဖြစ်၍။ ဓမ္မပ္ပသန္နော=သီလ ပညာ သမာဓိ ပညာတည်းဟူသော တရားရှိလျှင် သဒ္ဓါရွှန်းစို ကြည်ညိုတတ်သော နတ် လူ ဗြဟ္မာ သတ္တဝါတွေက တစ်စု။

ဣတိ=ဤသို့။ စတုဓာ-စတူဟိ ပကာရေဟိ=လေးပါးသော အပြားတို့ဖြင့်။ ဌိတော=သဘောတူရာ စုပေါင်းတည်၍ နေကြပေ၏။

လူတွေ နတ်တွေ ဗြဟ္မာတွေ အသင်္ချေအနန္တ ရှိကြတဲ့ သတ္တဝါတွေကို သဘောတူရာ ပေါင်းလိုက်ယင် ရူပပ္ပမာဏ ရူပပ္ပသန္နပုဂ္ဂိုလ်၊ ဃောသပ္ပမာဏ ဃောသပ္ပသန္နပုဂ္ဂိုလ်၊ လူခပ္ပမာဏ လူခပ္ပသန္နပုဂ္ဂိုလ်၊ ဓမ္မပ္ပမာဏ ဓမ္မပ္ပသန္နပုဂ္ဂိုလ်လို့ လေးစုမှာ အားလုံး သဘောတူရာ ဝင်သွားပါတယ်။

(၁) **ရူပပ္ပမာဏ ရူပပ္ပသန္နပုဂ္ဂိုလ်** ဆိုတာ ရုပ်ရည်အဆင်း တင့်တယ်ယင် ကြည်ညိုတတ်တဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို ရူပပ္ပသန္န

http:\\www.dhammadownload.com



ပုဂ္ဂိုလ်လို့ ခေါ်တယ်။ သူက စာရင်း ဘယ်လောက်ရှိသလဲ ဆိုယင် တစ်ရာလျှင် ခြောက်ဆယ်နဲ့ ခြောက်ယောက် ရူပပ္ပမာဏပုဂ္ဂိုလ် ရှိပါတယ်။

(၂) ဃောသပ္ပမာဏပုဂ္ဂိုလ် ဆိုတာ အသံကောင်းလျှင် ကြည်ညိုတတ်တဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို ဃောသပ္ပမာဏ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ တစ်ရာလျှင် ရှစ်ဆယ် စာရင်း ရှိပါတယ်။ လူတစ်ရာလျှင် ရှစ်ဆယ်၊ နတ်တစ်ရာလျှင် ရှစ်ဆယ်၊ ဗြဟ္မာတစ်ရာလျှင် ရှစ်ဆယ်၊ အသံကောင်းလျှင် သတင်းကြီးလျှင် ကြည်ညိုရော။

(၃) လူခပ္ပမာဏပုဂ္ဂိုလ်=ပစ္စည်းလေးပါး စင်စင်ကြယ်ကြယ် ခေါင်းခေါင်းပါးပါးဆိုယင် ကြည်ညိုတတ်တယ်။ ကိလေသာပါးယင်လည်း ကြည်ညိုတတ်တယ်။ အဲဒီပုဂ္ဂိုလ်က လူတစ်ရာလျှင် ကိုးဆယ်၊ လူခပ္ပမာဏ ပုဂ္ဂိုလ်လို့ အဋ္ဌကထာက ထုတ်ပြထားပါတယ်။

(၄) ဓမ္မပ္ပမာဏပုဂ္ဂိုလ်=ရုပ်အဆင်းလှချင်လှ မလှချင်နေ၊ ဒါ လိုရင်း မဟုတ်ဘူး၊ အသံကောင်းချင်ကောင်း မကောင်းချင်နေ ဒါလည်း လိုရင်း မဟုတ်ဘူး။ ပစ္စည်းလေးပါး စားတာဝတ်တာနေတာ ခေါင်းပါးချင် ခေါင်းပါး မခေါင်းပါးချင်နေ၊ ဒါလည်းပဲ အရေးမကြီးဘူး။ ဒီပုဂ္ဂိုလ် သန္တာန်မှာ သီလ သမာဓိ ပညာဆိုတဲ့ ဂုဏ်ရှိယင် ဓမ္မဂုဏ်ရှိယင် ကြည်ညိုတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါကို ဓမ္မပ္ပမာဏပုဂ္ဂိုလ်လို့ ခေါ်တယ်။ အဲဒီ ဓမ္မပ္ပမာဏပုဂ္ဂိုလ်ကတော့ တစ်ထောင်မှ တစ်ယောက်ရယ်။ အဋ္ဌကထာမှာ ဒီလိုပဲ စာရင်းကောက်ပြပါတယ်။

အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရား ကိုယ်တော်မြတ်မှာတော့ ရူပအစိန္တေယျ ဂုဏ်တော့်ရှင်ဖြစ်လို့ လူတစ်ရာလျှင် ခြောက်ဆယ့် ခြောက်ယောက် ရာခိုင်နှုန်း စာရင်းတည်တဲ့ ရူပပ္ပမာဏပုဂ္ဂိုလ်များလည်း မြတ်စွာဘုရားကို ကြည်ညိုရတယ်။

ဝါစာအစိန္တေယျဂုဏ်တော့်ရှင်ဖြစ်လို့ တစ်ရာလျှင် ရှစ်ဆယ်ရာခိုင်နှုန်းစာရင်းပေါက်သော ဃောသပ္ပမာဏပုဂ္ဂိုလ်များလည်း ကြည်ညိုရတယ်။

http:\\www.dhammadownload.com



ဣန္ဒြိအစိန္တေယျ ဂုဏ်တော်ရှင်ဖြစ်လို့ ရာခိုင်နှုန်း ကိုးဆယ် စာရင်း ပေါက်သော လူခပ္ပမာဏပုဂ္ဂိုလ်များလည်း ဘုရားကို ကြည်ညိုကြတယ်။

ဉာဏအစိန္တေယျ ဂုဏ်တော်ရှင်ဖြစ်လို့ တစ်ထောင်မှ တစ်ယောက် ရွေးကောက်ထားတဲ့ ဓမ္မပ္ပမာဏ ပုဂ္ဂိုလ်များလည်း ဘုရားကို ကြည်ညို ကြတယ်။

ယင်းသို့ ရူပပ္ပမာဏ၊ ဃောသပ္ပမာဏ၊ လူခပ္ပမာဏ၊ ဓမ္မပ္ပမာဏ ပုဂ္ဂိုလ် လေးမျိုးလုံး ကြည်ညိုနေရတဲ့ ဘုရားရဲ့ ရူပ၊ ဝါစာ၊ ဣန္ဒြိ၊ ဉာဏ=အစိန္တေယျ ဂုဏ်တော်လေးပါး ချီးကျူးဖွဲ့ဆိုပြီးတော့ မန်လည်ဆရာတော် ဘုရားကြီး ရေးသားထားခဲ့တာ ရှိတယ်။ အဲဒီ မန်လည်ဆရာတော် ဘုရားကြီးရဲ့ အစိန္တေယျကြီးကို ထိုက်သလောက် တန်သလောက် ယူပြီး တော့ ဟောဒီ နမက္ကာရကျမ်းက ဒီဂုဏ်လေးပါးဖြင့် ဘုရားရှိခိုးတဲ့ ဂါထာနဲ့ တွဲပြီးတော့ အာရုံပြုပြီး ဘုရားကို ကြည်ညိုရကြအောင်။

**နမက္ကာရ ကျမ်းလာ ဂုဏ်တော်လေးပါး ဘုရားရှိခိုး**

နယန သုဘဂ ကာယင်္ဂံ၊
မဓုရ ဝရ သရော ပေတံ။
အမိတ ဂုဏ ဂဏာဓာရံ၊
ဒသ ဗလ မတုလံ ဝန္ဒေ။

နယနသုဘဂကာယင်္ဂံ=နတ်လူဗြဟ္မာ သတ္တဝါအနန္တတို့၏ပသာဒ မျက်စိဝယ် ပီတိဟုန် ဆင့်လွှမ်းအောင် တင့်ဆန်းသဖွယ် ကိုယ်အင်္ဂါ ကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရုံ ပြည့်စုံတော်မူပါပေထသော။ နယန သုဘဂကာယင်္ဂံ=နတ်လူဗြဟ္မာ သတ္တဝါအနန္တ ရှိသမျှတို့၏ ပသာဒစက္ခု ဓာတ်မှန်နဝယ် ရှုလေအံ့ဖွယ် ဆန်းတကြယ်လျှင် သုံးဆယ်နှစ်စင်းသော နေမင်း၊ သုံးဆယ်နှစ်စင်းသော လမင်း၊ ဝင်းဝင်းရောင်ဖိတ် သုံးကျိပ် နှစ်ဆူသော စကြဝတေးမင်းများ၊ သုံးကျိပ်နှစ်ပါးသော သိကြား သုယာမ သုနိမ္မိတ ဝသဝတ္တီ မဟာဗြဟ္မာကြီးတို့ကို လူ့ထီးဖြူ နတ်ထီး

http:\\www.dhammadownload.com



ဖြူ ဗြဟ္မာမင်းထီးဖြူ သုံးဆယ်နှင့် နှစ်ဆူသော သရဖူဦးစိုက် ရတနာ မကိုဋ်တို့နှင့်တကွ စကြဝဠာဟစ်တိုက်၌ အလိုက်သင့်စဉ်စီ ယှွန်းပသော ပဘာဝ ကျက်သရေတို့ကဲ့သို့ ခြေတော်ပါဒမှ ရူပကာယအလုံး ရွှေဆံ တော် အဆုံးတိုင် သုံးဆယ်နှင့် နှစ်ရပ်သော ဗာတ္တိံသပဝရ သတပုညဇ မဟာပုရိသ လက္ခဏာတော်ကြီး ညီးညီးရှန်းကယ် ထွန်းတင့်တယ် သော ရှစ်ဆယ်အစု အနုဗျဉ္စန လက္ခဏာတော်ငယ် အသွယ် သွယ်တို့ ဖြင့် လကွယ်မိုက်မှောင် တိုက်ချောင်ဥမင် ရပ်ဝန်းကျင်နှင့် ကောင်းကင် မိုးလယ် တောင်ရှစ်ဆယ်ကို မီးနှယ်တောက်ထိန် ဝရဇိန်ဓာတ် စိန် နဝရတ်ကဲ့သို့ မပြတ်ကာလ ခါခပ်သိမ်း ထွန်းပသော နိစ္စလ ဩဘာသ ဗျာမပ္ပ ရောင်ခြည်တော် အဝန်းတို့ဖြင့် ရှန်းရှန်းသပ္ပာယ် ကိုယ်အင်္ဂါကြီး ငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရံ ပြည့်စုံတော်မူထသော။ (ဝါ) ပြည့်စုံတော်မူ သောကြောင့် လည်းကောင်း။

(ရူပပ္ပသန္နပုဂ္ဂိုလ်များ ကြည်ညိုရတဲ့ ရူပအစိဋ္ဌေယျ ဂုဏ်ကို ဖွဲ့တဲ့ စာပိုဒ် ဖြစ်ပါတယ်။)

မဓုရ ဝရ သရောပေတာ=သာယာချိုမြိန်. နှစ်သိမ့်နာပျော် မြတ်သော အသံတော်နှင့်လည်း ပြည့်စုံတော်မူပေထသော။ မဓုရဝရ သရောပေတာ= သိလွယ်သည် နာဖွယ်သည် သာယာသည် တခဲနက် ပရိသတ် ပြင် မထွက်သည်နှင့် လုံးနက်သည် ပဲ့တင်သည် အင်ရှစ်မည် ပေါင်းမဆိတ် ကျူးရင့်ကာ သြောင်းညိတ်သော ကရဝိတ် ငှက်မင်း၏ အသံပမာ တုရိတ မဟာဗြဟ္မာမင်း၏ အသံအလား; ပတ္တမြား ပလွေကို ညှင်း သကဲ့သို့ ဖွားရင်းကာလ. ဇာတိကပင် ဗြဟ္မဿရ မဓုရနှင့် ဝရအင်္ဂါ အစုံပါ၍ သာယာချိုမြိန်. နှစ်သိမ့်နာပျော် ပြတ်သော အသံတော်နှင့် လည်း ပြည့်စုံတော်မူပေထသော။ (ဝါ) ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။

http:\\www.dhammadownload.com



(ဃောသပ္ပသန္န ပုဂ္ဂိုလ်တို့ ကြည်ညိုရတဲ့ **ဝါစာအစိန္တေယျ** ဂုဏ်တော်ဖွဲ့တဲ့ စာပိုဒ် ဖြစ်ပါတယ်။)

အမိတ ဂုဏ ဂဏာဓာရံ=ဣန္ဒြိယပါဒ်မျိုး တန်ခိုးတော် အလီလီ သန္တုဋ္ဌိ သလ္လေခ အပ္ပိစ္ဆ သုဘရ အစဖြာသား သချာကမ်းခတ် ဂဏန်းတတ်သို့ မမှန်းအပ် မရေးပိုင် မကြံနိုင် မနှိုင်းအပ် ကျေးဇူးတော် အရပ်ရပ်တို့ ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူပါပေထသော။ အမိတ ဂုဏ ဂဏာဓာရံ=လေးသောင်းနှစ်ထောင် အမြင့်ဆောင်သည့် တောင်ယုဂန်ဖျား မြင်းမိုရ်ခါးဝယ် လှည့်သွားကုန်ကြ နေနှင့်လကို ဂန္ဓကုဋိတိုက်တော်ဆိမှ လှမ်းမီလက်ကိုင် သုံးသပ်နိုင်၏၊ ဤလည်း တစ်ကြောင်း။ လေးထောင်ပေါင်းနှင့် ရှစ်သောင်းယူဇနာ မဟာမေရုကြီးထုမြင့်မား မြင်းမိုရ်ဖျားသို့ သုံးဖဝါးနှင့် နှစ်လှမ်းဖြင့်သာ ကြွမြန်းတော်မူနိုင်သော အမူ၊ အထုယူဇနာ တစ်ဆယ့်ငါး၊ အလျားယူဇနာ ခြောက်ဆယ်၊ အနံယူဇနာငါးဆယ်၊ အကျယ်အပြန့် အခန့်ယူဇနာ တစ်ရာ့နှစ်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာလည်း ဝဲယာထုတ သန်း ဒူးတော်စွန်းနှင့် သင်္ကန်းတော်အောက် ဖုံးကွယ် ပျောက်ရ၏။ ကျောက်ဖျာကိုလည်း မငယ်စေ၊ လ-နေကိုလည်း အောက်မချ၊ မြင်းမိုရ်ကိုလည်း မညွတ်ရ၊ ကိုယ်တော်ကလည်း မကြီးမြင့် အသွင်သင့် အမြင်သင့် ကြည့်တင့်ရှုသာ ဤအရာသည် မဟာအာဝေဏိကသိဒ္ဓိ ဘုရားတို့သာ ရရှိသည့် ဣဒ္ဓိပါဒ်မျိုး တန်ခိုးတော် အလီလီ သန္တုဋ္ဌိသလ္လေခ အပ္ပိစ္ဆ သုဘရ အစဖြာသား သချာကမ်းခတ် ဂဏန်းတတ်သို့ မမှန်းအပ် မရေးပိုင် မကြံနိုင် မနှိုင်းအပ် ကျေးဇူးတော် အရပ်ရပ်တို့ ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူပေထသော။ (ဝါ) စုပေါင်းတည်နေရာ ဖြစ်တော်မူသောကြောင့် လည်းကောင်း။

(လူခပ္ပသန္န ပုဂ္ဂိုလ်များ ကြည်ညိုရတဲ့ **ဣဒ္ဓိအစိန္တေယျ** ဂုဏ်တော်ဖွင့်ဆိုတဲ့ စာပိုဒ် ဖြစ်ပါတယ်။)

http:\\www.dhammadownload.com



ဒသဗလံ=အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကားနှင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူပါပေထသော။ ဒသဗလံ=ကာဠာဝက ဆင်က စ,၍ ဆယ်ဆဆယ်တန် အားတက်လျှံသည့် ဆဒ္ဒန်ဆယ်ဆ မဇ္ဈိမဟု ပုရိသယောကျ်ား ကုဋေတစ်သောင်းအားကို ကြွားကြွားကုန် အောင် ကိုယ်တော်တည်း ရွက်ဆောင်နိုင်သော နာရာယန ကာယဗလ အားတော်ဆယ်ပါး၊ မဟာပထဝီ မေဒဏီစုဏ် မြေလုံးမှုန့်ထက် နှုန်း အကိန်းကိန်း သိန်းအခန်းခန်း သန်းအထွေထွေ ကုဋေကုဋာ မရေသာ အောင် မြေချာအဆုံး မိုးအဖုံးနှင့် ပတ်ကုံးမျက်နှာ စက္ကဝါလျှင် မဟာဝိသ ယ ရှိသမျှဒ္ဓ အနန္တဘုံ သတ္တဝါကုန်အောင် အာရုံတော်ပြု နေ့တိုင်းရှုသည် မှာ အနုသယကို တစ်နည်း၊ အာသျှည်းကို တစ်ဖြာ၊ ပညာကို တစ်ထွေ၊ ဣန္ဒြေကို တလိုက်၊ စရိုက်ကိုတခြား၊ အလားကိုတဝ၊ သွာကာရ ဒွါကာရ ဝေါဒါနသံကိလေ မဂ်အခြေ ဖိုလ်အခွင့် သင့်မသင့် ပရိစ္ဆိန် ရွှေဉာဏ် တော် လှစ်ထွင်း၍ ရွှေစဉ်းနှင့် ချိန်သည့်နှယ် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် အစဖန်သား ဆယ်တန်သော ဉာဏဗလကျေးဇူး ဂုဏ်အထူးတို့ နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပါပေထသော။ (ဝါ)ပြည့်စုံတော် မူသောကြောင့် လည်းကောင်း။

(တစ်ထောင် တစ်ယောက် ရွေးကောက်တဲ့ ဓမ္မပ္ပသန္န ပုဂ္ဂိုလ်များ ကြည်ညိုရသော ဉာဏအစိန္တေယျကို ဖွဲ့တဲ့စာပိုဒ် ဖြစ်ပါတယ်။)

အတုလံ=သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းပုံယူဘိ တူမရှိသား အတု လိယကျေးဇူး ဂုဏ်အထူးတို့ဖြင့် ချီးကျူးအပ်ငြား အစိန္တေယျ မြတ်စွာ ဘုရားကို။ ဝန္ဒေ-ဝန္ဒာမိ=ကိုယ် နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကို လျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါကုန်၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သာဓု။ သာဓု။ သာဓု။

http:\\www.dhammadownload.com



## ဗာဟိယသုတ္တန် ဒေသနာ နိဒါန်း

မင်းဆရာပြောယင် နောက်ထပ် ဘာမှ လောစရာ မရှိဘူးလို့ ရှေးက ပညာရှိစကား ရှိပါတယ်။ မန်လည်ဆရာကော်ဘုရားများ ဖွဲ့ဆိုထားတဲ့ စာပိုဒ်ဆိုတော့ ဘုန်းကြီးတို့ အဓိပ္ပာယ်ပြောဖို့ မလိုပါဘူး။

ရူပပ္ပသန္န၊ ဃောသပ္ပသန္န၊ လူခပ္ပသန္န၊ ဓမ္မပ္ပသန္န၊ ပုဂ္ဂိုလ်လေးမျိုးတို့ ကြည်ညိုရတဲ့ ရူပအစိန္တေယျ၊ ဝါစာအစိန္တေယျ၊ ဣဒ္ဓိအစိန္တေယျ၊ ဉာဏ အစိန္တေယျ=အစိန္တေယျ ဂုဏ်တော်လေးပါးတို့ဖြင့် အကနိဋ္ဌ ဘဝဂ်တိုင် အောင် ပျံ့လှိုင်ကျော်စောတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ ပုံကို အာရုံရယူထားပါ။ ယင်းသို့ မွေ့လျော်နေတော်မူတဲ့ပုံကို အာရုံယူ ထားပါ။ ယင်းသို့အာရုံယူနိုင်အောင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ သင်္ဂါယနာတင် မထေရ်မြတ်တို့က ဗာဟိယသုတ္တန်ရဲ့ နိဒါန်း တရား ဒေသနာကို ဟောဒီလို ပျိုးပေးခဲ့တယ်။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။

ဒီတရားဒေသနာ နိဒါန်းဟာ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာတို့ က ဒို့ကို ပျိုးပေးတာပဲလို့ အောက်မေ့ပြီးတော့ ကြည်ညိုကြပါ။

နှလုံးပျော့ပျောင်း သူတော်ကောင်းတို့၊ တစ်ချိန်က မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် အနာထပိဏ်သဌေးရဲ့ ကောင်းမှု အာရာမ် ဇေတဝန်ကျောင်းမှာ ကိန်းအောင်း မွေ့လျော်နေတော်မူတဲ့ အခိုက် ဖြစ်ပါတယ်။

အဲဒီမှာ မှန်းမျှော်ပြီးတော့ ဘုရားကို အာရုံယူပြီးတဲ့နောက် ဒုတိယ အာရုံအနေနဲ့ ဟောဒီ အာရုံကိုလည်း ယူလိုက်ပါဦး။

http:\\www.dhammadownload.com



တေန ခေါ ပန သမယေန ဗာဟိယော ဒါရုစီရိယော သုပ္ပါရကေ ပဋိဝသတိ သမုဒ္ဒတီရေ သက္ကတော ဂရုကတော မာနိတော ပူဇိတော အပစိတော လာဘီ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရာနံ။

ဒုတိယ ယူရမယ့် အာရုံ၊ သူတော်ကောင်းတို့ -၊ ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အချိန် သာဝတ္ထိပြည်မှ အနောက်တောင် ဓားလွယ်ခုတ် နေကြသပေါ့။ သာဝတ္ထိပြည်ကအရှေ့မြောက်၊ သာဝတ္ထိပြည်မှ အနောက် တောင် အိန္ဒိယမြေပုံအရဆိုယင် ဘုံဘေအနောက်ပိုင်း သမုဒ္ဒရာကမ်းနား သုပ္ပါရကသင်္ဘောဆိပ်ဆိုတဲ့ အဲဒီအရပ်မှာ ဗာဟိယ ဒါရုစီရိယ ခေါ်သော ပုဂ္ဂိုလ်တစ်ဦး၊ အားလုံးလူတွေကို အပူဇော်ခံပြီးတော့ နေထိုင် လျက်ရှိတယ်။ သူကား 'သက္ကတော'=သုပ္ပါရက သင်္ဘောဆိပ် ရွာသား တွေ အရိုအသေ ပြုအပ်တယ်။ 'ဂရုကတော'=ကျောက်ထီးတန္တု အလေး အမြတ် ပြုအပ်တယ်။ 'မာနိတော'=မရက်မစက် မြတ်နိုးအပ်တယ်၊ ပူဇော် အပ်တယ်၊ ကော်ရော်အပ်တယ်။ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါး လှူမယ့် ပုဂ္ဂိုလ်တွေ အလွန်များခဲ့တယ်။ အလွန်ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။

## ဗာဟိယမထေရ်၏ အတိတ်ဝတ္ထုများ

ဒီတော့ သူ့အကြောင်းကို အတိတ်က စ,ပြီးတော့ ပြန်ပြီး အာရုံယူ ကြပါ။

ယနေ့ ရောက်ဆဲ ဘဒ္ဒကမ္ဘာမှ ပဋိလောမ အဆန်ပြန်၍ ရေတွက် လျှင် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်က နှစ်ကျိပ်ရှစ်ဆူ အဝင်အပါ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူတယ်။ ပဒုမုတ္တရ မြတ်စွာဘုရား သာသနာနဲ့ ဒီဘုရားသာသနာသည် အဆက်အသွယ် အများကြီး ရှိပါ တယ်။ ဒီဘုရားသာသနာမှာ ကျွတ်တမ်းဝင်ကြတဲ့ ဘုရားလက်ထက်က

http:\\www.dhammadownload.com



ရဟန္တာ မြောက်မြောက်မြားမြားသည် ဒီဘုရားသာသနာအတွက် ပဒုမုတ္တရ မြတ်စွာဘုရား အထံမှာ ဗျာဒိတ်ခံခဲ့တဲ့ အရှင်မြတ်တွေ အင်မတန် များပါတယ်။

## ဗာဟိယ ဗျာဒိတ်စတင်ရရှိခြင်း

အဲဒီ ဗျာဒိတ်ခံပွဲထဲမှာ တစ်ပွဲအပါအဝင်ဖြစ်သော အခုပြောတဲ့ ဗာဟိယအလောင်း အမျိုးကောင်းသားသည် ဟံသာဝတီ မင်းနေပြည်မှာ သွားပြီး ဥစ္စာစီးပွားပေါများ ကြွယ်ဝသော သူကြွယ်အမျိုးကောင်းသား ဖြစ်၍ တစ်နေ့သ၌ ပဒုမုတ္တရ မြတ်စွာဘုရား တရားဟောရာ ကျောင်းတော်သွားပြီးတော့ တရားနာတော့ ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တစ်ပါးကို ဘုန်းကြီးစာအခေါ် 'ခိပ္ပာဘိည'=မြန်မာလိုပြောယင် လျင်လျင်မြန်မြန် အရိယမဂ်ဉာဏ်ကို ရောက်ကြတဲ့ နေရာမှာဖြင့် မြတ်စွာဘုရားရဲ့ တပည့်ရဟန်းတွေထဲမှာ အသာဆုံး အမြတ်ဆုံးလို့ 'ဧတဒဂ်ဘွဲ့ထူး' ချီးကျူးယူရတဲ့ ကိုယ်တော်တစ်ပါး။

တစ်နည်းပြောလို့ရှိယင် ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တစ်ပါးကို 'ခိပ္ပာဘိည ဧတဒဂ်ဘွဲ့ထူး' ချီးကျူးတော်မူနေတာကို သူ တွေ့တယ်။ တွေ့တော့ စိတ်ထဲ အားရတယ်။ စဉ်းစားတယ်။

မဟာ ဝတာယံ ဘိက္ခု ယော သတ္ထာရာ ဧဝံ ဧတဒဂ္ဂေ ဌပီယတိ။

ယော=အကြင်ရဟန်းကို။ သတ္ထာရာ=ဘုရားကိုယ်တိုင်က။ ဧဝံ= ဤသို့။ ဧတဒဂ္ဂေ=ဧတဒဂ်ရာထူး၌။ ဌပီယတိ=ထားအပ်၏။ အယံ ဘိက္ခု=ဤရဟန်းသည်။ မဟာ ဝတ=ကြီးကျယ် မြင့်မြတ်လှပါပေစွ။

## ဧတဒဂ်ဆုတောင်း

ဧတဒဂ်ဆိုတာ ပါဠိက ဆင်းသက်လာတဲ့ မြန်မာစကား။ မြတ်စွာ ဘုရားက ထိုထိုအရာမှာ ဒီပုဂ္ဂိုလ်ဟာဖြင့် အသာဆုံး ပုဂ္ဂိုလ်ပဲ။ ငါဘုရား ရဲ့ တပည့်ရဟန်းတွေထဲမှာ ဒီပုဂ္ဂိုလ်သည်–ဥပမာ အရှင်သာရိပုတ္တရာ

http:\\www.dhammadownload.com



ဆိုပါစို့၊ 'ပညာကြီးကြတဲ့ ငါဘုရားရဲ့ တပည့်သာဝကတို့တွင် သာရိပုတ္တရာသည် အသာဆုံး အမြင့်မြတ်ဆုံး ဖြစ်တယ်။ တန်ခိုးကြီးကြတဲ့ ငါဘုရားရဲ့ တပည့်သာဝကတို့တွင် မောဂ္ဂလ္လာန်ထေရ်သည် အမြတ်ဆုံး ဖြစ်တယ်။

အဲဒီလို နှုတ်တော်က မြွက်ပြီး ချီးကျူးပါတယ်။ ဧတဒဂ်ရာထူး ထားတယ်လို့ စာခေါ် အဲဒီလို ခေါ်တာပါ။

အခု ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တစ်ပါးကို ခိပ္ပာဘိညအရိယမဂ်ဉာဏ်ကို မြန်မြန်ကြီးရတဲ့ နေရာမှာ ဒီရဟန်းသည် အသာဆုံး အမြတ်ဆုံးပဲလို့ ချီးကျူးတဲ့ ဧတဒဂ်ပွဲသဘင်ကို သူ သွားတွေ့တယ်။ ဒီ အမျိုးကောင်းသားက အားကျပြီးတော့ 'ဩော်...ဒီအရှင်မြတ် ကြီး ကျယ်ခမ်းနားပါဘိနော်၊ ဘုရားကိုယ်တိုင်က သူ့ကို ဧတဒဂ်ဘွဲ့ထူး ချီးကျူးနေရတယ်။

အဟံ=ငါလည်းပဲ။ အနာဂတေ=အနာဂတ်နောက်ကာလ၌။ ဧဝရူပဿ=ဤသို့ သဘောရှိသော။ သမ္မာသမ္ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာ ဘုရား၏။ သာသနေ=အံ့ဖွယ်ရှစ်ဖြာ သာသနာ၌။ ပဗ္ဗဇိတွာ=အိမ်ရာ ထည်ထောင် လူ့ဘောင်မှ ထွက်၍။ သတ္ထာရာ=ဘုရားကိုယ်တိုင်က။ ဧဒိသေ ဧတဒဂ္ဂေ ဌာနေ=ဤသို့သော ခိပ္ပာဘိည ဧတဒဂ်ရာထူး ဌာနန္တရ၌။ အယံ ဘိက္ခု ယထာ=ဤရဟန်းကဲ့သို့။ ဌပေတဗ္ဗော= ထားအပ်သောသူသည်။ ဘဝေယျံ=ဖြစ်ရပါမူ။ အဟော ဝတ= ကောင်းလေစွ။

ငါလည်းပဲ ဒီကိုယ်တော်လို အနာဂတ်မှာ တစ်ဆူဆူသော ဘုရားရှင်ရဲ့ သာသနာမှာ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၊ မြတ်စွာဘုရား ကိုယ်တိုင်က ယခုလို ခိပ္ပာဘိည ဧတဒဂ်ရာထူး အထားခံရတဲ့ ပုဂ္ဂိုလ် ဖြစ်ယင်ကောင်းမှာပဲလို့ အဲဒီလို စိတ်ထဲ ကြံစည်ဆင်ခြင် စဉ်းစားသတဲ့။

http:\\www.dhammadownload.com



အဲဒီလို ဆင်ခြင်စဉ်းစားမိပြီး တရားပွဲလည်းပြီးရော မြတ်စွာဘုရား အမှူးရှိသော သံဃာကို နောက်တစ်နေ့ သူ့အိမ်ကို ဆွမ်းစားပင့်တယ်။ အေး ... ဘုရားနဲ့တကွ သံဃာတစ်သိန်း ဆွမ်းကပ်တယ်။ အဲ ...နောက် တစ်နေ့ ထပ်ပြီးတော့ ပင့်ပြန်။ နောက်တစ်နေ့-နောက်တစ်နေ့နဲ့ ခုနစ် ရက်တိုင်တိုင် ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းကပ်တယ်။ အလှူဒါန ပေးလှူပြီးတော့ သူ့ကိုယ်အတွက် ဆုတောင်းတယ်။

"မြတ်စွာဘုရား တပည့်တော် ခုနစ်ရက်တိုင်တိုင် ပြုအပ်သော ဒီ ဆွမ်းအလှူဒါနကြောင့် အနာဂတ နောက်ကာလဝယ် တစ်ဆူဆူသော ဘုရားရှင်၏ လက်ထက် လွန်ခဲ့သော ခုနစ်ရက်က ရှင်တော်ဘုရား တေဒဂ်ထားအပ်သော ရဟန်းနည်းတူ တပည့်တော်လည်းပဲ ဘုရား ကိုယ်တိုင်က ခိပ္ပာဘိည တေဒဂ်ဘွဲ့ထူး အချီးကျူးခံရတဲ့ မဟာသာဝက တစ်ပါး ဖြစ်ရပါလို၏ ဘုရား" လို့ အဲဒီလို ဆုတောင်းတယ်။ ပဒုမုတ္တရ မြတ်စွာဘုရားက အနာဂတံသ အဘိညာဏ်ဖြင့် ဒီအမျိုးကောင်းသားရဲ့ ကမ္ဘာတစ်သိန်း ဤဘုရားသာသနာမှာ ပြည့်မှာကို မြင်လို့ -

"ဒါယကာ၊ အနာဂတ် ကမ္ဘာတစ်သိန်းထက်၌ ဩက္ကာကရာဇ် မင်း မျိုးမှ ဂေါတမနွယ်ဖွား ဘုရား ပွင့်လိမ့်မယ်၊ ထိုဂေါတမမြတ်စွာ ဘုရားရဲ့ သာသနာမှာ အသင်သည် ဗာဟိယဟူသော အမည်ဖြင့် ခိပ္ပါဘိည တေဒဂ်ဘွဲ့ထူးရသော မဟာသာဝက ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တယ်။

ထိုအမျိုးကောင်းသားသည် ဇာ ကမ္ဘာအပါယ်လေးပါး မလား ရောက်ပဲ လူ့ပြည်နတ်ပြည် သုဂတိ သံသရာ လည်ခဲ့ပြီး ဤဘဒ္ဒကမ္ဘာ သို့ရောက်၍ ကောဏ္ဍသန်၊ ကောဏာဂုမ်၊ ကဿပ မြတ်စွာဘုရား သုံးဆူအနက် ကဿပမြတ်စွာဘုရား လူတို့ရဲ့ အသက်တမ်း အနှစ် နှစ်သောင်းတမ်းမှာ ပွင့်တော်မူတော့ အဲဒီ ကဿပမြတ်စွာဘုရား သာသနာခေတ်ကို ရောက်တယ်ဆိုပါစို့။ ဘုရားတို့ ဓမ္မတာ ပွင့်ရာ

http:\\www.dhammadownload.com



အာယုကပ်ရဲ့ ငါးပုံလေးပုံ=နှစ်ပေါင်းတစ်သောင်းခြောက်ထောင်တည်၍ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တဲ့အခါမှာ သက်တော်ရှည်ဘုရားများမှာ ဓာတ်တော် တစ်ဆူတည်း ကြွင်းကျန်ခဲ့တယ်။ မကွဲမပျက်ဘဲနဲ့ ကြွင်းကျန်တဲ့ အဲဒီ တစ်ဆူတည်းသော ဓာတ်တော်ကို ပြည့်ရှင်မင်းကြီးက တမုခ်၊ ပထဝိန္ဒြအိမ်ရှေ့မင်းသားက တစ်မုခ်၊ စစ်သူကြီးနှင့်တကွ မင်းမှုထမ်းများက တမုခ်၊ သေဋ္ဌေးကြီးနှင့်တကွ မြို့သူမြို့သား တိုင်းသူပြည်သားများက တစ်မုခ်=လေးမုခ်။

တစ်မုခ် တစ်မုခ်လျှင် သုံးမိုင် တစ်ဂါဝုတ်အကျယ်ရှိပြီးတော့ အမြင့်က ၁၂ မိုင်=တစ်ယူဇနာရှိသော ရွှေသားအုတ်တို့ဖြင့် စီအပ်သော စေတီကြီး တည်တယ်တဲ့။ ကနေ့ လူတွေကတော့ ဒါဘယ့်နှယ်လုပ်ဖြစ်နိုင်မလဲလို့ ပြောချင်ပြောမှာပဲ။ ဟုတ်တယ်။ အသက်တမ်းလည်းပဲ ဟိုအခါက ပုဂ္ဂိုလ်တွေ အနှစ်နှစ်သောင်း အသက်ရှည်တယ်ပြောယင် ဘယ့်နှယ်ရှည်မှာပါလိမ့်လို့ ဒီလိုပဲ ကိုယ်မမြင်ယင် မယုံတတ်ကြဘူး။ ယုံတဲ့အတွက်တော့ သရဏဂုံ မပျက်ပါဘူး။ ကိုယ့်မှာလည်းပဲ အပြစ်မရှိပါဘူး။

ဒီတော့ အမြင့် ၁၂–ယူဇနာရှိသော ရွှေစေတီကြီး ရွှေသားအုတ်တို့ဖြင့် စီအပ်သော စေတီကြီးတဲ့။ မြေအုတ်တွေကို ရွှေချထားကာ မဟုတ်ဘူး။ အဲဒီ စေတီကြီး တည်ပြီးလောက်တဲ့ အခြေအနေမှာပေါ့။ အဲဒီအချိန်လောက်မှာ သက်တော်ရှည် မြတ်စွာဘုရားများရဲ့ သာသနာက မြတ်စွာဘုရားလက်ထက် မျက်မှောက်သာဝကများ တစ်သက်၊ ဘုရားပရိနိဗ္ဗာန် စံပြီးတော့ အဲဒီ မျက်မှောက်သာဝကများထံ ရဟန်းပြုတဲ့ တပည့်သာဝကများ တစ်သက်။ အဲဒီလို သာဝက နှစ်သက်ကုန်ယင်၊ တပည့်သာဝက နှစ်သက်ကုန်ယင် အဲဒီ ဘုရားသာသနာမှာ ကျွတ်တမ်းဝင်ကြမယ့် ဝေနေယျကုန်ကယ်။ သာသနာ တစ်ဓာတ်သိမ်းတယ်။

အခုအစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားကတော့ သက်တော်က တိုတဲ့ဘုရား။ ဝေနေယျများတွေက ဟိုဟိုသည်သည် အနှံ့

http:\\www.dhammadownload.com



အပြား ရှိတယ်။ အနံ့အပြား ကိုးကွယ်ရစ်ကြပါစေ ဆိုပြီးတော့ ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံခါနီးမှာ ဓာတ်တော်တွေ အစိတ်စိတ် အမြွာမြွာ ကွဲပါစေလို့ အဓိဋ္ဌာန်ရတယ်။ သာဝကတွေလည်းပဲ အဆက်ဆက် ဒီလို ရှည်ရတယ်။

## သံဃာ ၇ ပါး အသက်စွန့်၍ တရားအားထုတ်ခြင်း

ကဿပမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် သာသနာတော် မကွယ်ခင်လောက်မှာ ယခင် ဗာဟိယအလောင်း အမျိုးကောင်းသားသည် တာဝတိံသာနတ်ပြည်က စုတေ၍ လူ့ပြည်မှာ လူလာဖြစ်တယ်။ မျက်မှောက်သာဝကကြီးများထဲမှာ ရဟန်းပြုခဲ့တဲ့ ရဟန်းတော်တစ်ပါး ဖြစ်ပါတယ်။ အဲဒီလို ရဟန်းတော် တစ်ပါးဖြစ်တော့ သာသနာနောက်ပိုင်း ရောက်လာတယ်။ ကွယ်တော့မယ်၊ မကြာတော့ဘူး။ ကွယ်ခါနီး ဆိုတော့ အကျင့်ပဋိပတ်တွေက လျော့ပါးဆုတ်ယုတ်တယ်။

ဒါတွေကိုမြင်တော့ ကိုယ်တော်ခုနစ်ပါး သံဝေဂ ရကြတယ်။ ရပြီး အချင်းချင်း ဘာပြောသလဲ။

ယာဝ=အကြင်မျှလောက်။ သာသနံ=ဘုရားမြတ်စွာ သာသနာသည်။ န အန္တရဓာယတိ=မကွယ်ပသေး။ တာဝ=ထိုမျှလောက်။ အတ္တနော=မိမိ၏။ ပတိဋ္ဌံ=ထောက်ရာ တည်ရာ မှီခိုရာကို။ ကရိဿာမ= ပြုကြကုန်စို့ ငါ့ရှင်တို့။

ကိုယ်တော်ခုနစ်ပါး တိုင်ပင်ကြတယ်။ "ကိုယ်တော်တို့၊ သာသနာတော့ ကွယ်ခါနီးနေပြီ၊ သာသနာမကွယ်ပခင် မိမိတို့ရဲ့ ထောက်ရာ တည်ရာ မှီခိုရာဖြစ်အောင် ရဟန်းတရားကို အသက်စွန့်ပြီးတော့ ကြိုးစားပွားများ အားထုတ်ကြစို့လား ကိုယ်တော်တို့" လို့ တိုင်ပင်ကြသတဲ့။

သဒ္ဓါတရားရှိတဲ့ ကိုယ်တော်ခုနစ်ပါး သဘောတူ တိုင်ပင်ပြီးတော့ ဒီလိုဆိုယင် မြို့ထဲမှာ တရားအားထုတ်လို့ မဖြစ်ဘူး၊ တောသွားရမယ်။ အသက်စွန့်ပြီး တရားအားထုတ်ရမှာဆိုတော့ ကဿပမြတ်စွာဘုရားရဲ့

http:\\www.dhammadownload.com



လေးမျက်နှာ တစ်ယူဇနာစီ အကျယ်ရှိသော ရွှေစေတီကြီးကို ကိုယ်တော် ခုနစ်ပါး နောက်ဆုံး ပူးမြော်ခြင်း အနေနဲ့ လေးမျက်နှာလေးမုခ် လှည့်ပြီးတော့ တဝကြီး ဖူးမြော်ကြတယ်။ ဘုရားဖူးပြီးတော့ ကိုယ်တော်ခုနစ်ပါး တန်းပြီး တောထွက်ကြ၊ တောဝင်ကြတယ်။

တောဝင်တယ်၊ တောသွားတယ်ဆိုတာ တောရွာလောက်သွားတဲ့ သဘော မဟုတ်ဘူးနော်။ ကိုယ်တော်ခုနစ်ပါး တောအုပ်ကြီးတစ်ခုထဲ အကုန်ဝင်သွားတယ်။ တောအုပ်ထဲရောက်တော့ တရားအားထုတ်ဖို့ ကောင်းတဲ့နေရာ နေရာကြည့်ပြီးတော့ မြင်းခြံနားက ပုပ္ပားတောင် ကလာပ်လို မတ်စောက်သော တောင်တစ်ခုကို သူတို့ သွားတွေ့တယ်။ အား–ဒီတောင် အတော်ပဲ။ ဒီတောင်ပေါ် တက်ပြီးတော့ အသက်စွန့်၍ ရဟန်းတရား အားထုတ်ရယင် ကောင်းမယ်လို့ တိုင်ပင်လိုက်တယ်။ အားလုံးခုနစ်ပါး သဘောတူကယ်။

ယင်းထောင်လှေကား ခုနစ်ပါးထူ၊ တောင်ကို လှေကားထောင် ခုံနစ်ပါး စုပြီးတော့ ပြောကြတယ်။

ဗိဝိတေ သာလယာ နိဝတ္တန္တု။ နိရာလယာ ဣမံ ပဗ္ဗတံ အဘိရုဟန္တု။

ဗိဝိတေ=မိမိအသက်၌။ သာလယာ=တွယ်တာငဲ့ကွက်တဲ့ ကိုယ်တော်တို့သည်။ နိဝတ္တန္တု=ပြန်နစ်ကြကုန်။ (အသက်ကို ငဲ့ကွက်တဲ့ ကိုယ်တော် နေရစ်ခဲ့၊ ဒီမှာ ကျန်ရစ်ခဲ့) နိရာလယာ=အသက်၌ မငဲ့ကွက် မတွယ်တာတဲ့ ကိုယ်တော်တို့သည်။ ဣမံ ပဗ္ဗတံ=ဤတောင်ထက်သို့။ အဘိရုဟန္တု=တက်ရောက်ကြကုန်။

နှစ်ခွန်းပဲ။ အသက်ကို တွယ်တာတဲ့ ကိုယ်တော်များ နေရစ်ခဲ့။ အသက်ကို မတွယ်မတာ မငဲ့မကွက် အသက်စွန့်ပြီး ရဟန်းတရား အားထုတ်မယ့် ပုဂ္ဂိုလ်များ ဒီလှေကားကနေပြီးတော့ တောင်ပေါ်တက်ကြဆိုတော့ တစ်ပါးမှ အောက်မှာ မနေရစ်ဘူး။ ခုနစ်ပါးစလုံး တောင်ပေါ် တက်တယ်။ တောင်ပေါ်ရောက်တော့ လှေကားကို ခုနစ်ပါးသဘော

http:\\www.dhammadownload.com



တူ ယင်းထောင်လှေကားကြီး တစ်ခါတည်း တွန်းချလိုက်တယ်။ ဘယ်လိုနည်းနဲ့မှ ဆင်း မဖြစ်ဘူး။

## မထေရ်ကြီး ဈာန်အဘိညာဏ်ရသော ရဟန္တာဖြစ်ခြင်း

ခုနစ်ပါး နေရာ အသီးသီးယူ၍ ရဟန်းတရား အားထုတ်ကြတယ်။ ကမ္မဋ္ဌာန်း ထိုင်ကြတယ်။ နေ့မအိပ် ညမအိပ် ကမ္မဋ္ဌာန်း ထိုင်ကြတယ်။ တစ်ရက်လွန်မြောက်လို့ နောက်တစ်နေ့ မနက်လည်း ရောက်ကရော သံဃာ့ထေရ်ကြီးက ရဟန္တာဖြစ်တယ်။ ပါရမီ ကြီးရင့်လို့ပေါ့။ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်=အရဟတ္တမဂ်ဖိုလ်လေးချက်၊ မဂ်လေးချက် ဖိုလ်လေးချက် ထိပ်ဆုံးရောက်အောင် ရဟန္တာဖြစ်ပြီးတော့ မဂ္ဂသိဒ္ဓ ဈာန် အဘိညာဏ် ရတော်မူတယ်။

## မဂ်ကိစ္စ ဈာန်အဘိညာဏ် ၂ မျိုး

မဂ္ဂသိဒ္ဓဈာန်အဘိညာဏ်ဆိုတာ ဈာန်အဘိညာဏ်က နှစ်မျိုးရှိတယ်။

(၁) ထိုထိုကသိုဏ်း စသော ကမ္မဋ္ဌာန်းတွေကို ပုဗ္ဗကမ္မ၊ ဥပစာရ၊ အပ္ပနာသမာဓိသုံးဆင့်၊ ပရိကမ္မ၊ ဥဂ္ဂဟ၊ ပဋိဘာဂ အာရုံသုံးဆင့်နဲ့ ခဲခဲယဉ်းယဉ်း ပွားယူလို့ရသော လောကီဈာန်သမာပတ်=လောကီ အဘိညာဏ်များလည်း ရှိတယ်။

(၂) ဒီလို မဟုတ်ဘဲနဲ့ အရိယမဂ်ကို ရလိုက်ယင် အဲဒီမဂ်ရဲ့ တန်ခိုးကြောင့် ထိုပုဂ္ဂိုလ်သန္တာန်မှာ လောကီဈာန်တို့ လောကီအဘိညာဏ်တို့ ရပြီးသား ဖြစ်တယ်။ အဲဒီလို ဈာန်အဘိညာဏ်မျိုးလည်း ရှိတယ်။

အခုဈာန်ရတဲ့ မထေရ်ကြီးက အရိယမဂ်တန်ခိုးကြောင့် ပြီးပြည့်စုံလာတဲ့ မဂ္ဂသိဒ္ဓဈာန်အဘိညာဏ်ရတဲ့ ကိုယ်တော်ကြီးဆိုတော့ ရဟန္တာလည်း ဖြစ်ကရော၊ သူက ဈာန်အဘိညာဏ်တွေ ရပြီးသား ဖြစ်နေတယ်။

http:\\www.dhammadownload.com



အဲဒီမှာ ကုဏ္ဍဓာနိ အဘိညာဏ် ဝင်စားတယ်။ ကောင်းကင်ခရီး ဗျာန်ယာဉ် စီး၍ မြောက်ကျွန်းကြွတယ်။ မြောက်ကျွန်းက ဆွမ်းခံပြီး ကိုယ်တော် ခြောက်ပါး တရားအားထုတ်တဲ့ ဒီတောင်ပေါ်ကို ကောင်းကင်ခရီးကနေ ပြန်လာပြီး ပြောတယ်။

အာဝုသော=ငါ့ရှင်တို့။ ဣတော=ဤငါ့သပိတ်ထဲမှ။ ပိဏ္ဍပါတံ =ဆွမ်းကို။ ပရိဘုဉ္ဇထ=ဘုဉ်းပေးသုံးဆောင်ကြပါကုန်လော့။

"ငါ့ရှင်တို့၊ လာ၍ ဟောဒီ ငါ့သပိတ်ထဲက ဆွမ်းကို စားကြပါ။ ငါ နေ့စဉ်နေ့စဉ် ငါ့ရှင်တို့ကို ဆွမ်းခံကျွေးမယ်"လို့ အဲဒီလို ပြောတယ်။

ကိုယ်တော်ခြောက်ပါးက ဘာပြောသလဲ။

တုမှေ ဘန္တေ အတ္တနော အာနုဘာဝေန ဧဝံ အကတ္ထ။

ဘန္တေ=အရှင်ဘုရား။ တုမှေ=အရှင်ဘုရားတို့သည်။ အတ္တနော အာနုဘာဝေန=မိမိတန်ခိုးအာနုဘော်ကြောင့်။ ဧဝံ=ဤသို့။ အကတ္ထ= ပြုတော်မူနိုင်ကြကုန်ပြီ။

"အရှင်ဘုရား၊ အရှင်ဘုရားတို့မှာ မိမိတန်ခိုးအာနုဘော်ဖြင့် ယခု ကဲ့သို့ မြောက်ကျွန်းမှ ဆွမ်းခံနိုင်တယ်။ ဝမ်းသာပါတယ်။"

မယမ္ပိ=တပည့်တော်တို့သည်လည်း။ တုမှေဝိယ=အရှင်ဘုရားတို့ ကဲ့သို့။ ဝိသေသံ=မဂ်ဖိုလ်တရားအထူးကို။ သစေ နိဗ္ဗတ္တေဿာမ= အကယ်၍ ဖြစ်စေနိုင်ကုန်ငြားအံ့။ သယမေဝ=မိမိတို့ ကိုယ်တိုင်သာ လျှင်။ အာဟရိတွာ=ဆွမ်းကိုဆောင်၍။ ဘုဉ္ဇိဿာမ=စားသုံးကြပါ ကုန်အံ့ ဘုရား။

တပည့်တော်တို့လည်း အရှင်ဘုရားတို့လို မဂ်ဖိုလ်တရားထူးရမှ ကိုယ့်ဘာသာကိုယ် ဆွမ်းခံပြီး စားမယ်ဘုရား၊ သူတစ်ပါးနာခေါင်းနဲ့

http:\\www.dhammadownload.com



အသက်မရှူလိုဘူး"ပေါ့။ အဲဒီလို ရဲရဲတောက် ပယ်တဲ့စကား ပြောကြားတော့ သံဃာ့ထေရ်ကြီးက အင်း ... ဘယ်လိုပြောပြော ရမယ့်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဒီပုဂ္ဂိုလ်တွေ ဥက္ကဋ္ဌပုဂ္ဂိုလ်တွေပဲလို့ အဲဒီလို အလိုက်သိပြီးတော့ သံဃာ့ထေရ်ကြီး သင့်လျော် လျောက်ပတ်ရာ ဖဲသွားရတယ်။ ဒါ တစ်ရက်လွန်တော့ သံဃာ့ထေရ်ကြီးက ရဟန္တာ ဖြစ်တယ်။

## ဒုတိယမထေရ်ကြီး အနာဂါမ်ဖြစ်ခြင်း

နောက်နှစ်ရက်လွန်ပြန်တော့ ကျန်တဲ့ ခြောက်ပါးထဲမှာ အကြီးဆုံးပေါ့၊ ခုနစ်ပါးထဲမှာဆိုယင် ဒုတိယထေရ်ပေါ့။ အနုထေရ်လို့ ဘုန်းကြီးတို့စာက ခေါ်တယ်။ အဲဒီ အနုထေရ်ကိုယ်တော်က သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်လို့ အရိယမဂ်ဖိုလ် သုံးဆင့်ပေါက်ပြီးတော့ အနာဂါမ်အရိယာ ဖြစ်တယ်။

အဲဒီ အနုထေရ်လည်းပဲ မဂ္ဂသိဒ္ဓရျာန်ရတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ကောင်းကင်ခရီး ဣဒ္ဓိဝိဈောန် အဘိညာဏ် ယာဉ်စီး၍ မြောက်ကျွန်းဆွမ်းခံကြွ၊ သံဃာ့ထေရ်ကြီးလို မြောက်ကျွန်းက ဆွမ်းယူလာ၊ ကျန်တဲ့ကိုယ်တော် ငါးပါးကို သံဃာ့ထေရ်ကြီးကဲ့သို့ပင် "ငါ့ရှင်တို့၊ ဟောဒီငါ့သပိတ်ထဲက ဆွမ်းကို ဘုဉ်းပေးကြပါ" ပြောတယ်။ ဟို ကိုယ်တော်ငါးပါးကလည်းပဲ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ အာနုဘော်ကြောင့် ဤကဲ့သို့ ပြုတော်မူနိုင်တာ တပည့်တော်တို့ ဝမ်းသာပါတယ်။ တပည့်တော်တို့လည်းပဲ အရှင်ဘုရားတို့လို မဂ်ဖိုလ်ဈာန် အဘိညာဏ်ရမှ ကိုယ့်ဆွမ်းကိုယ် ခံစားပါရစေ" သံဃာ့ထေရ်ကြီးအား လျှောက်သကဲ့သို့ပင် ရဲရဲတောက် လျှောက်ထားကြတယ်။

အနုထေရ်ကလည်း ဒီကိုယ်တော်တွေ ပြောလို့ရမှာ မဟုတ်ဘူး၊ တကယ့်ဥက္ကဋ္ဌ ပုဂ္ဂိုလ်တွေပဲလို့ အဲဒီလို သိပြီးတော့ မျက်နှာလွှဲဖယ်သွားရတယ်။

http:\\www.dhammadownload.com



## ရဟန်းငါးပါး တရားမရဘဲ ပျံတော်မူပြီး နတ်ပြည်၌ ဖြစ်ကြခြင်း

ကျန်တဲ့ငါးပါးသည် တောင်ပေါ်မှာ အောက်လည်းဆင်းပြီး ဆွမ်းခံနိုင်တာ မဟုတ်ဘူး။ ဆွမ်းလည်း မစားရဘူး။ ဒီတော့ နေ့ရော ညရော မအိပ်မနေဘဲ တရားအားထုတ်၊ ရေလည်း သောက်ရမှာ မဟုတ်ပါဘူး။ ဒီလို အားထုတ်ရာက ခုနစ်ရက်မြောက်ရောက်တော့ အဲဒီကျန်တဲ့ငါးပါးသည် မဂ်ဖိုလ်မပေါက်ဘဲ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တပုထုဇဉ် ရဟန်းအဖြစ်ဖြင့် ပျံတော်မူကုန်ကြတယ်။ ပျံတော်မူပြီးတော့ နတ်ပြည်မှာ တစ်ခါတည်း သွားရောက်ကုန်ကြတယ်။

သံဃာထေရ်ကြီးကတော့ အသက်တမ်းအတိုင်းနေ၊ ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ် ဒုက္ခဇာတ် သိမ်းသွားတော်မူတယ်။ အနုထေရ်ကတော့ အနာဂါမ် အရိယာမို့လို့ အသက်တမ်းအတိုင်းနေပြီးတော့ သူပျံတော်မူတဲ့ခါ သုဒ္ဓါဝါသဗြဟ္မာ့ဘုံ သွားပြီးတော့ ဗြဟ္မာကြီးဖြစ်တယ်။ သုဒ္ဓဝါသဗြဟ္မာ့ဘုံ သွားဖြစ်တယ်ဆိုယင်ပဲ ငါဘယ်က ဘယ်လိုဖြစ် ရောက်လာပါသလဲလို့ သူ့ဘဝ ပြန်စဉ်းစားတော့ ဟာ– ငါနဲ့အဖော်တို့ ခုနစ်ပါး တရားအားထုတ်တာ သံဃာထေရ်ကြီးကဖြင့် ပရိနိဗ္ဗာန် စံသွားပြီ၊ ငါက အနာဂါမိဖိုလ်ကို ရောက်လို့မို့လို့ ဒီသုဒ္ဓါဝါသဘုံ လာဖြစ်တယ်။ ငါရဲ့ သူငယ်ချင်း ငါးပါး ဘယ်မှာ ဖြစ်ပါလိမ့်၊ ကြည့်လိုက်တော့ သီလဝန္တ ပုထုဇဉ် အဖြစ်ဖြင့် စုတေကြလို့ နတ်ပြည်သွားပြီး အသီးအသီး ဖြစ်နေတာကို မြင်ရတယ်။ တရားအလုပ်အားထုတ်ဖက်ဆိုတော့ ဒီဗြဟ္မာကြီးက မကြာ မကြာ ကြည့်သတဲ့။

### အန္တရကပ်၏ကာလ

ငါ့သူငယ်ချင်းတွေ ဘယ်များရောက်နေပါလိမ့်၊ ငါ့သူငယ်ချင်းတွေ အခု ဘယ်ရောက်နေပါလိမ့်လို့ ဒီလို ကြည့်တယ်။ ဒီသုဒ္ဓါဝါသဗြဟ္မာကြီးက။ အဲဒီလို လာခဲ့တာ အန္တရကပ် တစ်ကပ်သာသာ၊ အန္တရကပ်

http:\\www.dhammadownload.com



တစ်ကပ်သာသာဆိုတော့ အန္တရကပ် တစ်ကပ်ပြောကြစို့။ ကဿပ မြတ်စွာဘုရား ပွင့်တာက လူတို့ရဲ့ သက်တမ်း အနှစ်နှစ်သောင်းတမ်းမှာ ပွင့်တယ်။ အဲဒီနှစ်သောင်းတမ်းက အစဉ်သဖြင့် ဆုတ်လို့ ဆယ်နှစ်တမ်း ရောက် ဆယ်နှစ်တမ်းက ပြန်ပြီးတော့ တက်သွားလို့ အသင်္ချေယျ အတမ်းကိုရောက်၊ အသင်္ချေယျအတမ်းက ပြန်ပြီးတော့ တဖြည်းဖြည်း ဆုတ်လာခဲ့တာ အနှစ်နှစ်သောင်းတမ်း တစ်ပတ်ရောက်လာတော့ အဲဒါ အန္တရကပ် တစ်ကပ်လို့ ခေါ်တယ်။ ဒီနှစ်သောင်းက စယင် နောက်တစ် ပတ် နှစ်သောင်းရောက်ယင် ဒါ အန္တရကပ် တစ်ကပ်ပဲ။

အဲဒီ အန္တရကပ် အနှစ်နှစ်သောင်း ရောက်တော့လည်းပဲ ကျွန်ုပ်တို့ မြတ်စွာဘုရားက မပွင့်သေးဘူး။ နှစ်သောင်းတမ်း မပွင့်သေးဘူး။ တစ်သောင်းတမ်း မပွင့်သေးဘူး။ ငါးထောင်၊ လေးထောင်၊ သုံးထောင်၊ နှစ်ထောင်၊ တစ်ထောင်တမ်း၊ မပွင့်သေးဘူး၊ ကုန်ကုန်ပြောကြစို့။ အသက်တစ်ရာတမ်းမှာ လာပွင့်တော့ အန္တရကပ် တစ်ကပ်သာသာမှာ တော်တော်ကြီး ကြာလာတယ်။

## ဗာဟိယ ဒါရုစီရိယ ဟူသော အမည်ဖြစ်ပုံ

အေး ... အစိန္တေယျ သုံးလောကထွတ်ထား အကျွန်ုပ်တို့ မြတ်စွာ ဘုရား ပွင့်တော်မူတဲ့အချိန်ကျတော့ ယခင်က တရားအားထုတ်ခဲ့တဲ့ သီလဝန္တပုထုဇဉ် အဖြစ်ဖြင့် သေခဲ့လို့ နတ်ပြည်မှာ ဖြစ်နေကြတဲ့ ပုဂ္ဂိုလ် ငါးဦးဟာ ဒီဘုရားသာသနာ လူ့ပြည် လာရောက်ကြတယ်။

တစ်ဦးက ကသ္မီရခေါ်တဲ့ ကရှမီးယားပြည်မှာ 'ပုက္ကုသာတိ'လို့ သွားဖြစ်တယ်။

တစ်ဦးက သဘိယပရိဗိုဇ်လို့ ဖြစ်တယ်။

တစ်ဦးက အရှင်ကုမာရကဿပ ဖြစ်တယ်။

တစ်ဦးက အရှင်ဒဗ္ဗမလ္လပုတ္တ ဖြစ်တယ်။ မလ္လမင်းရဲ့သား အရှင်ဒဗ္ဗ တဲ့။ ခုနစ်နှစ်မှာ ရဟန္တာဖြစ်တဲ့ ကိုယ်တော်ပေါ့။

http:\\www.dhammadownload.com



အေး ... ပဥ္စမတစ်ဦးက အဲဒီ အိန္ဒိယမြေပုံအရဆိုယင် အိန္ဒိယ အနောက်ပိုင်းက ဘုံဘေနယ်ရှိတယ်။ အနောက်ဘက်နားက ပင်လယ် ကြီး ရှိတယ်။ အဲဒီ ပင်လယ်ရဲ့ ဟိုဘက်မှာ တိုင်းကို ဗာဟိယတိုင်းလို့ ခေါ်တယ်။ အိန္ဒိယရဲ့ အပြင်ဘက်က တိုင်းမို့လို့ပေါ့။

အေး ... အဲဒီ ပဥ္စမပုဂ္ဂိုလ်က ဗာဟိယတိုင်းမှာ သွားပြီးတော့ လူဖြစ် တယ်။ သူ့မိဘက တိုင်းနာမည်ဖြင့် သားကို 'မောင်ဗာဟိယ'လို့ မှည့် တယ်။ သူက ဒီဘဝ ရဟန္တာ ဖြစ်ရမယ့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ဗာဟိယ အမျိုးကောင်းသား မိဘတို့လက်ထဲ ချမ်းချမ်းသာသာ ကြီးပွားရလို့ အရွယ်ရောက်တဲ့အခါ မိဘနှစ်ပါးက သင့်လျော်သော အမျိုးသမီးနဲ့ ထိမ်းမြားပေးတဲ့အတွက် အိမ်ထောင်ဦးစီးဖြစ်ခဲ့တယ်။ စီးပွားရှာရတယ်။

ယင်းသို့ စီးပွားရှာတဲ့နေရာမှာ စွန့်စားတဲ့ဘဝ၊ ပစ္ဆိမဘဝိကသား ပီပီ ဗာဟိယတိုင်းက နေပြီးတော့ ပင်လယ်ကို ကူးဖို့ရန် ရွက်လှေကြီး (ပင်လယ်ကူးသင်္ဘောကြီးခေတ်တော့ ဟုတ်ပုံမရသေးပါဘူး)။ ပင်လယ် ကူးဖို့ ရွက်လှေကြီးပေါ် ကုန်တင်၊ အိန္ဒိယကို စွန့်စွန့်စားစား ပင်လယ် ကူးပြီးတော့ အိန္ဒိယသွား၊ ကုန်ရောင်းကုန်ဝယ်လုပ်၊ ပထမတစ်ကြိမ် အောင်မြင်တယ်၊ အမြတ်အစွန်းလည်း တယ်ပြီးတော့ မြတ်သတဲ့။

အဲ-အမြတ်အစွန်း ရတယ်ဆိုတော့ နောက်တစ်ခေါက် သွားချင်သ ပေါ့။ နောက်တစ်ခေါက် သွားလည်း ထို့အတူ အောင်မြင်ပြန်တယ်။ နှစ်ခေါက်၊ သုံးခေါက်၊ လေးခေါက်၊ ငါးခေါက်၊ ခြောက်ခေါက်၊ ခုနစ် ခေါက် အောင်မြင်တယ်။ ဒီလို အရောင်းအဝယ် သွားရတယ်။ အောင် မြင်တော့လည်းပဲ ဆက်ပြီးတော့ သွားချင်တာပ။

## ဗာဟိယ၏ရွက်သင်္ဘော ပင်လယ်တွင်းမှာ ပျက်စီးခြင်း

ရှစ်ကြိမ်မြောက်အခေါက် သွားတဲ့အခါကျတော့ ကံမကောင်း အကြောင်းမလှလို့ အဲဒီ သမုဒ္ဒရာထဲ လေပြင်းမုန်တိုင်းနဲ့ တွေ့ပြီးတော့ သူတို့ လှေကြီး ပျက်ကရော။ လှေကြီးပျက်တော့ ကျန်တဲ့လူတွေသည်

http:\\www.dhammadownload.com



ငါးစာ၊ လိပ်စာ၊ မကန်းစာ သမုဒ္ဒရာထဲမှာ အသက်ဆုံးရတယ်။ ဗာဟိယ ကတော့ သူ့သန္တာန်မှာ အခုဘဝရမယ့် အရဟတ္တမဂ် အရဟတ္တဖိုလ် တန်ခိုးကြောင့် အသက်မသေဘူး။ အသက်မသေဘဲနဲ့ ကံအားလျော်စွာ သူတို့လေ့ပျက်ကြီးက ပျဉ်ပြားချပ်ကလေးတစ်ခု သူ့အနားရောက်လာ တယ်။ ဒါကလေး မှီတွယ်ပြီးတော့ လက်နဲ့ယက် ခြေနဲ့ယက် ရသ လောက် အဲဒီလို လုံ့လကြီးကုတ် အားထုတ်ပြီးတော့ ကူးခတ်နေရာက ခုနစ်ရက်လည်းရှိရော အိန္ဒိယအနောက်ပိုင်းပေါ့လေ၊ သုပ္ပါရက သဘော် ဆိပ်ဆိုတဲ့ သဘော်ဆိပ်ကမ်းကို တစ်ခါတည်း သူရောက်တယ်။

စဉ်းစားကြည့်စမ်း။ ခုနစ်ရက်လုံးလုံး တစ်ရေးမှ မအိပ်ရဘူး၊ အိပ် ယင် မြုပ်သွားမှာပေါ့။ ဘာမှလည်း မစားရဘူး။ ရေကလည်း ပင်လယ် ရေဆိုတော့ မသောက်ရဘူး။ **အစာငတ်** ရေငတ် မအိပ်ရဘဲနေတာ၊ အို ပစ္ဆိမဘဝိကသားမို့လို့ **အသက်**ရှင်တာပါ၊ သာမန်လူဆို သေလောက် ပါတယ်။ အစာငတ် ရေငတ် ဘာမှ မစားရဘဲ အပင်ပန်းကြီး ပင်ပန်း လာတော့ ကမ်းလည်းရောက်ကရော တစ်ခါတည်း ထိုးအိပ်တယ်။

အိပ်လို့ နှစ်နာရီ သုံးနာရီလောက်ကြာတော့ အမောပြေပြီးတော့ အိပ်ရာက နိုးတယ်။ သူ့ကိုယ်သူ ကြည့်လိုက်တော့ လား-လား ... မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်နေတယ်။ ဟို-အိမ်ကဝတ်လာတဲ့ ကုန်သည် ရဲ့ အဝတ်တွေ အစားတွေ အကုန်လုံး ပင်လယ်ထဲမှာ နေရစ်ခဲ့တယ်။ မိမွေးတိုင်း ဖမွေးတိုင်း အသွင်ကို မြင်ရတော့ အမျိုးကောင်းသား အရှက် ကြီး ရှက်ပြီးတော့ အို-တစ်ခါတည်း ပင်လယ်ကမ်းနားက အရှက်ဖုံးနိုင် မို့ရန် တစ်ခါ လှမ်းကြည့်၊ ချုံဖုတ်တစ်ခု မြင်တယ်။ အဲဒီ တစ်ခါတည်း ပြေးတယ်။

အဲဒီအထဲ ပြေးဝင်ပြီးတော့ အဲဒီမှာ မရိုးပင်တွေ တွေ့ရော၊ မရိုးမျှင် ကလေးတွေကို လက်သည်းနဲ့ မျှင်မျှင်ပြီးတော့ ဒါကို လျှော်နဲ့သီ၊ သီပြီး တော့မှ ဒါကို ခါးမှာဝတ်လိုက်၊ ဝတ်လိုက်တော့မှ အေး ... အရှက်ပြေ

http:\\www.dhammadownload.com



သွားတယ်။ အဲဒီဟာကို ဝတ်တဲ့အတွက် ပါဠိလို သူ့ကို 'ဒါရုစီရိယ'။ ဒါရုစီရ=မရိုးမျှင်အဝတ်ကို။ ဣယ=ဝတ်ဆင်တဲ့ပုဂ္ဂိုလ်။ ဒါရုစီရိယ=မရိုးမျှင်အဝတ်ကို ဝတ်တဲ့ပုဂ္ဂိုလ်လို့ ဒီမှာ သူ့ကို တစ်နာမည် သင်္ဂါယနာတင်မထေရ်မြတ်တို့က မှတ်ချက်ပေးရတယ်။ စာပေနယ်ပယ်မှာ ရှိတယ်။ မိဘပေးတဲ့နာမည်က ဗာဟိယ။ အခု မရိုးမျှင်အဝတ် ဝတ်လို့ ဒါရုစီရိယဆိုကြမို့။

အမောကြီး မောလာတာ နှစ်နာရီ သုံးနာရီအိပ်လို့ ပြေပြီးတဲ့နောက် အရှက်ကြီး ရှက်လာပြီးတော့ မရိုးမျှင်အဝတ်ကို ဝတ်ရတဲ့အတွက် အရှက်ပြေသွားပြီ။ အဲဒီနောက် ဆာလောင်မွတ်သိပ်ခြင်း အပြင်းနှိပ်စက်လာတော့ သူ့မှာ ထမင်းရှာဖို့ ဝတ္တရားဖြစ်လာတယ်။ ဒါနဲ့ ဒီအနားဟိုဟိုသည်သည်ကြည့်တော့ နတ်စင်တစ်ခု မြင်တယ်။ နတ်စင်နားရောက်သွားတဲ့အခါကျတော့ ခွက်ကလေးတစ်ခု ရတယ်။ ဟာ–အတော်ပဲ ဆိုပြီးတော့ ဒီခွက်ကလေးနဲ့ သုပ္ပါရကရွာထဲ သွားပြီး ထမင်းတောင်းတယ်။

## ဗာဟိယဒါရုစီရိယအား ရဟန္တာဟု ထင်ကြခြင်း

ထမင်းတောင်းတဲ့ ဗာဟိယဒါရုစီရိယပုံကို မှန်းမျှော်ပြီးတော့သာ ကြည့်ကြတော့။ တကတည်း မရိုးမျှင်ကလေးကို အရှက်ကြောက်လုံရုံ ဝတ်လာခဲ့တဲ့ လူတစ်ယောက်၊ အထက်ပိုင်းက ကိုယ်တုံးလုံး၊ ဟိုပေါင်တစ်ဝက်လောက်က အောက်လည်း ကိုယ်တုံးလုံး၊ (ဒါနဲ့ အပြေးသမားကြီးလိုပေါ့လေ။ အသားကပ်ဘောင်းဘီ ဝတ်ထားတဲ့လူလိုပေါ့) အလွန် အဝတ်ခေါင်းပါးပါးနဲ့ သုပ္ပါရကရွာထဲ ထမင်းတောင်းတော့ သုပ္ပါရက ရွာသားတွေက တော့အောက်မေ့ကြသလိုပေါ့၊ ပစ္စည်းလေးပါး ခေါင်းပါးယင် ကြည်ညိုတတ်တာက လူတစ်ရာလျှင် ကိုးဆယ့်လောက်ရှိတယ်လို့ ဆိုတဲ့အတိုင်း သုပ္ပါရကရွာသားတွေ တစ်ရာလျှင် ကိုးကျိပ်လောက်က ကြည်ညိုကုန်တော့။ ဘယ်လိုပြောသလဲ။

http:\\www.dhammadownload.com



သစေ လောကေ အရဟန္တော နာမ ဟောန္တိ၊ ဧဝံ ဝိဓေဟိ ဘဝိတဗ္ဗံ။

လောကေ=လောက၌။ အရဟန္တော နာမ=ရဟန္တာမည်သည်။ သစေ ဟောန္တိ=အကယ်၍ ရှိကုန်ဖြစ်ကုန်ငြားအံ့။ ဧဝံ ဝိဓေဟိ=ဤသို့ သဘောရှိသော ပုဂ္ဂိုလ်တို့သည်။ ဘဝိတဗ္ဗံ=ဖြစ်လေရာ၏။

ဩော် ... လောကမှာ ရဟန္တာ–ရဟန္တာနဲ့ ကြားနေကြရတယ်။ ဒီအချိန်မှာလည်း ဘုရားက ပွင့်နေတော့ တစ်ဆင့်စကား ရဟန္တာ–ရဟန္တာ ဆိုတဲ့ အသံတွေက ကြားနေကြရတာပဲ။ ဒီသုပ္ပါရက ရွာသားတွေက ရဟန္တာအစစ်တော့ မမြင်ဖူးဘူး။ ဗာဟိယကို တွေ့တယ်ဆိုယင်ပဲ ဟာ လောကမှာ တကယ်လို့သာ ရဟန္တာရယ်လို့ရှိယင် ဟောဒီပုဂ္ဂိုလ်လို ဖြစ်ရမယ်၊ ဒီ ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်ကွ။

ကိန္နု ခေါ အယံ အယျော ဝတ္ထံ ဒိယျမာနံ ဂဏှေယျ၊ ဥဒါဟု အပ္ပိစ္ဆတာယ န ဂဏှေယျ။

ကိန္နု ခေါ=အဘယ်နည်း။ အယံ အယျော=ဤအရှင်သည်။ ဒိယျမာနံ=ပေးအပ်သော။ ဝတ္ထံ=အဝတ်ကို။ ဂဏှေယျ နု ခေါ=ခံယူမည်လော။ ဥဒါဟု=သို့မဟုတ်။ အပ္ပိစ္ဆတာယ=အလိုနည်းသည်၏အဖြစ်ကြောင့်။ န ဂဏှေယျ နု ခေါ=မခံယူဘဲများ ရှိနေမည်လော။

သုပ္ပါရက ရွာသားတွေက ဩော် ... လောကမှာ ရဟန္တာရယ်လို့ရှိယင် ဒီလိုပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်။ ဒီ ကိုယ်တော်ဟာ ငါတို့လှူတဲ့ အဝတ်ကို အလှူပဲ ခံမလား၊ ဒါမှမဟုတ် အလိုနည်းပါးတဲ့အတွက် အလှူမခံဘဲများ နေမလား၊ အကဲစမ်းရအောင် ဆိုပြီးတော့ ယောကျ်ားသုံးလေးယောက် အဝတ် တစ်ယောက် တစ်ထည်စီ ယူလာတယ်။ ဗာဟိယရဲ့ ခြေရင်းနား ချ၊ "အရှင်ဘုရား ...၊ ဒီအဝတ်ကို အလှူခံပါ" ဗာဟိယက အဲဒီတော့ စဉ်းစားသတဲ့။

သစာဟံ ဣမိနာ နိယာမေန နာဂမိဿံ၊ နယိမေ ဧဝံ မယိ ပသီဒေယျုံ။

http:\\www.dhammadownload.com



အဟံ=ငါသည်။ ဣမိနာ နိယာမေန=ဤနည်းဖြင့်။ သစေ နာဂမိဿံ=အကယ်၍မလာငြားအံ့။ ဣမေ=ဤသုပ္ပါရက ရွာသားတို့သည်။ မယိ=ငါ့အပေါ်၌။ ဧဝံ=ဤသို့။ န ပသီဒေယျုံ=မကြည်ညို ကုန်လေရာ။

ဩော် ... ငါဟာ ဒီလို မရိုးမျှင်အဝတ် ဝတ်တဲ့ အသွင်နဲ့ မလာဘဲ ကုန်သည်ပွဲစားတစ်ယောက်ပီပီ ဝတ်ကောင်းစားလှနဲ့သာ အကယ်၍ ငါလာယင် ဒီသုပ္ပါရက ရွာသားတွေ ငါ့ကို ဒါလောက် ကြည်ညိုမှာ မဟုတ်ဘူးတဲ့။

## ဗာဟိယ အယူမှားခြင်း

ယန္နူနာဟံ ဣမာနိ ပဋိက္ခိပိတွာ ဣမိနာဝ နီဟာရေန ဝိဟာရေယျံ။

အဟံ=ငါသည်။ ဣမာနိ=ဤသူတို့ လှူတဲ့ အဝတ်တို့ကို။ ပဋိက္ခိပိတွာ=အလှူမခံ ပယ်လှန်၍။ ဣမိနာဝ နီဟာရေန=ဤနည်းအတိုင်းသာလျှင်။ ဝိဟာရေယျံ=နေရပါမူ။ ယန္နူန=ကောင်းလေစွ။

ငါ ဒီလူတွေ အခုလှူတဲ့ အဝတ်ကို လက်မခံဘဲ ပယ်လှန်ပြီးတော့ အခုမူအတိုင်း မရိုးမျှင်အဝတ်နဲ့ပဲ ဝတ်ပြီးတော့ ငါနေရယင် ကောင်းမယ်လို့ ဒီလို အတွေးရတယ်။

ဧဝံ = ဤသို့နေသည်ရှိသော်။ မေ=ငါ့အား။ လာဘသက္ကာရော= လာဘ်ပူဇော်သက္ကာရသည်။ ဥပ္ပဇ္ဇိဿတိ=ဖြစ်ပေလိမ့်မည်။

လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်ပြီးတော့ ဒီ မရိုးမျှင်အဝတ်ကို ပေပြီး ဝတ်နေတယ်။ နည်းနည်း ဒါဟာ နလုံးသွင်း လွဲသွားတယ်လို့ ဆိုရမှာပ။ အဲဒီလို စဉ်းစားပြီးတော့ ဒီလူတွေ လှူတဲ့ အဝတ်ကို အလှူမခံဘူး။ အလှူမခံလေ ဒီလူတွေက ဒီပုဂ္ဂိုလ်ဟာ အလွန် အလိုနည်းပါးတဲ့ ကိုယ်တော်၊ ရဟန္တာပုဂ္ဂိုလ်ပဲ ဆိုပြီးတော့ သိပ်ကြည်ညိုလေပေါ့။

အဲဒီမှာ ဟိုက ဒီက ဆွမ်းကျွေးကြတယ်၊ ဒါကို စားပြီးတော့ သူနေတဲ့ နတ်စင် ပြန်လာတယ်။ သုပ္ပါရက ရွာသားတွေ စုပြုံပြီး နောက်က

http:\\www.dhammadownload.com



လိုက်လာတယ်။ နတ်စင်ကျတော့ "အရှင်ဘုရား ဒီမှာ နေတာလား"ဆို တော့ "အေး-ငါဒီမှာနေတယ်"။ အေး-ဆိုကြပါစို့။ နတ်စင်ဘေးနား ကျောင်းဆောက်ပေးပါရစေ ဆိုပေမယ့် ကျောင်း မလိုချင်ဘူး။ လေမလုံ ယင် နေပစေ၊ အကာမရှိယင် နေပစေ၊ ကနားဖျင်းလိုဟာ နေမှာပေါ့၊ ဒါမျိုးကို သုပ္ပါရက ရွာသားတွေ သစ်ရွက်မိုး ကနားဖျင်း ထိုးပြီးတော့ အပေးခိုင်းတယ်။ ဒါလည်းပဲ ဒီလေးတိုင်စင်လောက် နေမှာပေါ့။ အဲဒါ လေးနဲ့ သူနေတာ။ သုပ္ပါရက ရွာသားတွေက -

အဟော အပ္ပိစ္ဆော ဝတာယံ အယျော။

အယံ အယျော=ဤအရှင်မြတ်သည်။ အဟော အပ္ပိစ္ဆော ဝတ= ဩော် အလိုနည်းပါးလှပါပေစွ။

ကြည်ညိုလိုက်ကြတာ။ အေး ... အဲဒီနတ်စင်နားက သစ်ရွက်မိုး ကနားဖျင်းတဲကလေးမှာနေ၊ ဒီပြင်အဝတ်တွေ ဘာတွေ မဝတ်တော့ဘူး။ နံနက်အစာလိုလို့ရှိယင် သုပ္ပါရကရွာထဲသွား၊ ခွက်ကလေးနဲ့ အလှူခံ မှာပေါ့။ အဲဒီက နည်းနည်းပါးပါးရ၊ မျှတရုံရယင် ပြန်လာစား၊ အဲဒီ နတ်စင်နားက သစ်ရွက်မိုး ကနားဖျင်း တဲလေးအောက်မှာ နေတာပဲ။ အဝတ်ကလည်း ဘာမှ မပြောင်းဘူး။

ဣမေ=ဤသုပ္ပါရက ရွာသားတို့သည်။ မယံ=ငါ၏။ စီဝရဓာရဏ မတ္တေ=မရိုးမျှင်အဝတ်ကို ဆောင်ဝတ်ကာမျှဖြင့်။ ပသီဒိတွာ=သဒ္ဓါရွှန်းစို ကြည်ညိုကြ၍။ ဧဝံ ဝိမံ=ဤသို့ သဘောရှိသော။ သက္ကာရသမ္မာန်= ရိုသေမှု မြတ်နိုးမှုကို။ ကရောန္တိ=ပြုကြကုန်၏။

သုပ္ပါရက ရွာသားတွေ ငါ ဒီမရိုးမျှင်အဝတ် ဝတ်တဲ့အတွက် သို့ ကလောက် ရိုသေမြတ်နိုးမှု ပြုလုပ်ကြခြင်း ဖြစ်တယ်။

ဧတေသံ=ထိုသုပ္ပါရက ရွာသားတို့အပေါ်၌။ မယာ=ငါသည်။ ဥက္ကဋ္ဌဝုတ္တိနာ=ဥက္ကဋ္ဌအကျင့် ရှိပေသည်။ ဘဝိတုံ=ဖြစ်ခြင်းငှာ။ ဝဋ္ဋတိ =သင့်၏။

http:\\www.dhammadownload.com



ငါတော့ ဒီသုပ္ပါရက ရွာသားတွေအပေါ်မှာ ဥက္ကဋ္ဌ်အကျင့်နဲ့ နေမှပဲ ဆိုပြီးတော့ ဒီသူဝတ်ထားတဲ မရိုးမျှင်ကလေးက လွဲယင် ဘာအဝတ်မှ လက်မခံဘူး။ ဆောင်းတွင်းပါ ကိုယ်တော်၊ စောင်ခြုံပါဆိုလည်း မရဘူး။ အေး ... သူ့မှာ အဝတ်ဆိုယင် မရိုးမျှင်အဝတ်ကလေးပဲ။ မိုးရွာလည်းပဲ အေးလည်းပဲ ဒါကြီးနဲ့ နေတာပဲ။ ဆောင်းတွင်းအေးလည်း ဒါကြီးနဲ့ နေတာပဲ။ ကဲ–တိုတိုပြောကြပါစို့ရဲ့။ သာမန်ပုဂ္ဂိုလ်ဆိုယင် အအေးပတ် ဖျားပြီး သေမှာပဲ။ အခု သူ့မှာ ပစ္ဆိမဘဝိကသားဖြစ်တော့ ဘာမှ ရောဂါ မရဘူး။

အေး ... ဒီလို နေလာခဲ့တာ တစ်နေ့တော့ အကြံဖြစ်တယ်။ ဘယ်လို ဖြစ်သလဲ။

အထ ခေါ ဗာဟိယဿ ဒါရုစီရိယဿ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ။

အထ ခေါ=ထိုအခါ၌။ ဗာဟိယဿ ဒါရုစီရိယဿ=ဗာဟိယ ဒါရုစီရိယအား။ ရဟောဂတဿ ပဋိသလ္လီနဿ=ဆိတ်ငြိမ်ရာသို့ တစ်ကိုယ်တည်း ကိန်းအောင်းစဉ်။ ဧဝံ = ဤသို့။ စေတသော ပရိဝိတက္ကော=စိတ်အကြံသည်။ အဟောသိ =ဖြစ်ခဲ့လေပြီ။ (ဘယ်လို အကြံ ဖြစ်သလဲ။)

ယေ ခေါ ကေစိ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ၊ အဟံ တေသံ အညတရော။

လောကေ=လောက၌။ ယေ ကေစိ=ခပ်သိမ်းကုန်သော။ အရဟန္တော ဝါ=ရဟန္တာပုဂ္ဂိုလ်တို့သည် လည်းကောင်း။ အရဟတ္တမဂ္ဂံ=အရဟတ္တ မဂ်သို့။ သမာပန္နာ ဝါ=ရောက်ဆိုက်ကြကုန်သော ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ သန္တိ=ရှိကုန်၏။ အဟံ=ငါသည်။ တေသံ=ထို ရဟန္တာပုဂ္ဂိုလ်တို့အနက်။ အညတရော=တစ်ပါး အပါအဝင်ပေ တည်း။ ဣတိ=ဤသို့။ စေတသော ပရိဝိတက္ကော=စိတ်အကြံသည်။

ဥဒပါဒိ=ထင်ရှား ဖြစ်ပြီ။

အားလုံး လူတွေက ဝိုင်းမြှောက်ကြတယ်။ ကြာလာတော့ သူ့ဘဝ သူမေ့ပြီး 'ငါဟာ ရဟန္တာပဲ'လို့ အဲဒီလို သူ့ကိုယ်သူ ထင်နေသတဲ့။ ထင်ပြီးတော့ လူတွေကိုလည်း ပြောတာပေါ့။

## သုဒ္ဓါဝါသဗြဟ္မာကြီးက သတိပေးပြီး ဘုရားထံလွှတ်ခြင်း

ထိုအချိန်မှာ သုဒ္ဓါဝါသဗြဟ္မာကြီးက သြော်-ငါ့သူငယ်ချင်းတွေ ဘယ်များဖြစ်ကြပါလိမ့်။ နတ်ပြည်ကြည့်တော့ မမြင်ဘူး။ လူ့ပြည်ကို ကြည့်တဲ့အခါကျတော့ ဗာဟိယဟာ သုပ္ပါရက သင်္ဘောဆိပ်မှာ လူတွေက ရဟန္တာလို့ ထင်ပြီး သူကလည်း သူ့ကိုယ်သူ ရဟန္တာလို့ အထင် ရောက်နေတာကို သုဒ္ဓါဝါသ ဗြဟ္မာကြီးက မြင်ရတော့ သြော် ... ငါ့ သူငယ်ချင်း ကဿပမြတ်စွာဘုရား သာသနာ နောက်ပိုင်းဘုန်းက ဥက္ကဋ္ဌ ပုဂ္ဂိုလ်ပီပီ ဆုံးမအားဘဲနဲ့ ရဟန်းတရားကို ကျင့်ပါလျက်နဲ့ အခုများ တကတည်း လာဘ်လာဘသက္ကာရ အတွက်ကြောင့် ဒီမရိုးမှျင် အဝတ်ကိုဝတ်၊ လူတွေမြှောက်ပေးတာနဲ့ သူ့ကိုယ်သူ ရဟန္တာထင်၊ အကုန်မှားပြီ ငါ သွားမှပဲဆုံးမပြီး သုဒ္ဓါဝါသ ဗြဟ္မာကြီးက နေဝင်စအချိန်မှာ အဲဒီ သုပ္ပါရကရွာရဲ့ သစ်ရွက်မိုး ကနားဖျင်းကလေးအပေါ် ကောင်းကင်က နေ လ အထောင် ထွန်းလင်းတောက်ပသကဲ့သို့ ထွန်းလင်းတောက်ပကာ ရပ်တည်ပြီးတော့ ကောင်းကင်က ခေါ်လိုက်တယ် ... 'ဗာဟိယ' လို့။

ဟို သစ်ရွက်မိုး ကနားဖျင်းတဲလေးထဲက ဗာဟိယက သြော် ... ဒီအရပ်မှာ ဗာဟိယလို့ ငါ့ကို နာမည်နဲ့ ခေါ်နိုင်တဲ့ ပုဂ္ဂိုလ် မရှိဘူး၊ အသံကလည်း ကောင်းကင်က လာတယ်၊ ထွက်ကြည့်တယ်။ ဗြဟ္မာ ဖြစ်နေတယ်။ တကယ့် ဗြဟ္မာမင်း။

သုဒ္ဓါဝါသ ဗြဟ္မာမင်း တွေ့တယ်ဆိုယင်ပဲ အမှားကို မြန်မြန် ပြင်စေ ချင်တာကိုး။ ကလျာဏမိတ်ဆွေဆိုတာ။ တစ်ခါတည်း ပြောတော့ တယ်။

http:\\www.dhammadownload.com



(၁) နေဝ ခေါ တွံ ဗာဟိယ အရဟာ။

ဗာဟိယ=အဆွေတော် ဗာဟိယ။ တွံ=သင်သည်။ နေဝ ခေါ အရဟာ=ရဟန္တာလည်း မဟုတ်ရိုး ဧကန်မုန်၏။

ဗာဟိယ၊ မင်း ရဟန္တာ လုံး၀ မဟုတ်ဘူး။

(၂) နာပိ အရဟတ္တမဂ္ဂံ ဝါ သမာပန္နော=အရဟတ္တမဂ်သို့ ရောက်ဆိုက်တဲ့ ပုဂ္ဂိုလ်လည်း မဟုတ်ဘူး။

(၃) သာပိ တေ ပဋိပဒါ နတ္ထိ၊ ယာယ တွံ အရဟာ ဝါ အဿ အရဟတ္တမဂ္ဂံ ဝါ သမာပန္နော။

ယာယ=အကြင် ပဋိပတ်ဖြင့်။ တွံ=သင်သည်။ အရဟာ ဝါ=ရဟန္တာသော်လည်းကောင်း။ အရဟတ္တမဂ္ဂံ သမာပန္နော ဝါ=အရဟတ္တဖိုလ်သို့ ရောက်ဆိုက်တဲ့ ပုဂ္ဂိုလ်သော်လည်းကောင်း။ အဿ=ဖြစ်လေရာ၏။ သာပိ ပဋိပဒါ=ထိုသို့ အရဟတ္တမဂ်သို့ ရောက်စေတတ်သော အကျင့်ပဋိပတ်၊ ရဟန္တာ ဖြစ်စေနိုင်တဲ့ အကျင့်ပဋိပတ်လည်းပဲ။ တေ=သင့်အား။ နတ္ထိ=မရှိ ဧကန် မုန်လှ၏။

သုံးခွန်းပြောတယ်။ ဗာဟိယ၊ မင်း ရဟန္တာလည်း မဟုတ်ဘူးဟ။ ရဟန္တာရဲ့ အခြေခံ အရဟတ္တမဂ်သို့ ရောက်တဲ့ ပုဂ္ဂိုလ်လည်း မဟုတ်ဘူးကွ။ ဒါတွေ မပြောနဲ့။ ရဟန္တာဖြစ်ဖို့၊ အရဟတ္တမဂ် ရောက်ဖို့ဆိုတဲ့ အကျင့်ပဋိပတ်တောင် မင့်မှာ မရှိဘူး။ ကလျာဏပုထုဇဉ်တောင် မဟုတ်သေးဘူး။ အန္ဓပုထုဇဉ်ပဲ ဖြစ်သေးတယ်။

အဲဒီလို သုဒ္ဓါဝါသ ဗြဟ္မာကြီးက အတိအလင်း ပြောလိုက်တယ်ဆိုယင်ပဲ ဗာဟိယ သတိရသွားပြီ။ ပစ္ဆိမဘာဝိကသား။

အဟော ဘာရိယံ ဝတ ကမ္မံ။ ယမဟံ အရဟာတိ စိန္တေသိံ။

ယမဟံ=အကြင်ငါသည်။ အရဟာတိ=ရဟန္တာဟူ၍။ စိန္တေသိံ=ကြံစည် ဝန်ခံခဲ့မိပြီ။ ဘာရိယံ ကမ္မံ=ဤသို့ ရဟန္တာ မဟုတ်ဘဲလျက် ရဟန္တာဟု ဝန်လေးတဲ့ အမှုကို ကြံစည်ဝန်ခံမိခြင်းသည်။ အဟော

http:\\www.dhammadownload.com



ဝတ=သြော် အံ့ဖွယ်ဖြစ်ပေစွတကား။

ငါဟာ ရဟန္တာ မဟုတ်ဘဲနဲ့ ရဟန္တာလို့ သွားပြီးဝန်ခံတာ အင်မတန် ဝန်လေးတဲ့ အကုသိုလ်ကြီးပါတကား။

အယဥ္စ=ဤ သုဒ္ဓါဝါသ ဗြဟ္မာကြီးကလည်းပဲ။ တေ=သင့်အား။ အရဟတ္တဖိုလ်သို့ ရောက်စေတတ်တဲ့ အကျင့် ပဋိပတ်တောင်မှလည်းပဲ။ နတ္ထိတိ=မရှိဘူးဟူ၍။ ဝဒတိ=ပြောဆိုနေ၏။

သုဒ္ဓါဝါသ ဗြဟ္မာကြီးကလည်း ငါ့ကို မင်းမှာ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်တဲ့ အကျင့်တောင်မှ မရှိဘူးလို့ ပြောတယ်။

အတ္ထိ နု ခေါ လောကေ ကောစိ အရဟာ။

လောကေ=လောက၌။ ကောစိ=တစုံတယောက်သော။ အရဟာ =ရဟန္တာ ပုဂ္ဂိုလ်သည်။ အတ္ထိနု ခေါ=ရှိများ ရှိလေမည်လား။

လောကမှာ ရဟန္တာအစစ် တစ်ဦးတစ်ယောက်များ ရှိမလားလို့ အဲဒီလို စဉ်းစားပြီးတော့ တကယ်ရှိ မရှိ ဟောဒီ ဗြဟ္မာကြီးမေးမှ သိမယ်၊ အဲဒီလို စဉ်းစားမိပြီးတော့ ဗြဟ္မာကို လှမ်းမေးတယ်။

အထ ကေ စရဟိ ဒေဝတေ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ။

ဒေဝတေ=အို အရှင်ဗြဟ္မာမင်း။ အထ စရဟိ=ထိုသို့ အကျွန်ုပ် ရဟန္တာ မဟုတ်ခဲ့သော်။ လောကေ=လောက၌။ ကေ=အဘယ်သူတို့ သည်။ အရဟန္တော=ရဟန္တာတို့ပါနည်း။ ကေ ဝါ=အဘယ်သူတို့သည် လည်း။ အရဟတ္တမဂ္ဂံ သမာပန္နာ=အရဟတ္တမဂ်သို့ ရောက်ဆိုက်ကြသူ တို့ပါနည်း။

အရှင်ဗြဟ္မာမင်း ...၊ အကျွန်ုပ် ရဟန္တာ မဟုတ်ခဲ့ယင် လောကမှာ ရဟန္တာ ဘယ်ပုဂ္ဂိုလ်တွေလဲ၊ လောကမှာ အရဟတ္တမဂ်သို့ ရောက်တဲ့ ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်တွေလဲ၊ အကျွန်ုပ် သိပါရစေ။ အဲဒီလို ပြောတဲ့အခါ သုဒ္ဓါဝါသ ဗြဟ္မာကြီးက ဘာပြောသလဲ။

http:\\www.dhammadownload.com



အတ္ထိ ဗာဟိယ ဥတ္တရေသု ဇနပဒေသု သာဝတ္ထိနာမ နဂရံ။

ဗာဟိယ=အဆွေတော် ဗာဟိယ။ ဥတ္တရေသု ဇနပဒေသု=ဤနေရာက ထောက် အရှေ့မြောက်၊ ဇနပုဒ်တို့၌။ သာဝတ္ထိနာမ=သာဝတ္ထိအမည် ရှိသော။ နဂရံ=မြို့ကြီးသည်။ အတ္ထိ=ရှိ၏။

ဗာဟိယ၊ အေး ... မင်း အခုနေတဲ့ သုပ္ပါရက က အရှေ့မြောက် အရပ်မှာ သာဝတ္ထိပြည်လို့ ပြည်ကြီးတစ်ပြည် ရှိသကွယ့်။

တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

တတ္ထ=ထိုသာဝတ္ထိပြည်ကြီး၌။ အရဟံ=လူနတ်တို့ ပူဇော်အထူးကို ခံထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ=မဖောက်မပြန် ဧ‌ယျာစံ တရားငါးပါး ပိုင်းခြားကုန်စင် သိမြင်သော။ သော ဘဂဝါ=ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဧတရဟိ=ယခုအခါ၌။ ဝိဟရတိ=သီတင်းသုံး နေထိုင်ဆဲ ရှိပါ၏။

အေး ... ဒီကထောက် အရှေ့မြောက်မှာ သာဝတ္ထိပြည်လို့ ရှိတယ်။ အဲဒီ သာဝတ္ထိပြည်မှာ ဘဂဝါဂုဏ် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံး နေထိုင်လျက် ရှိနေတယ်။

သော ဟိ ဗာဟိယ ဘဂဝါ အရဟာ စေဝ အရဟတ္တာယ စ ဓမ္မံ ဒေသေတိ။

ဗာဟိယ=အမောင်ဗာဟိယ။ သော ဘဂဝါ=ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ အရဟာ စေဝ=ကိုယ်တိုင်သာ ရဟန္တာလည်း ဖြစ်ပေ၏။ အရဟတ္တာယ စ=ကိုယ်တော့်ထံမှောက် ရောက်လာတဲ့ သတ္တဝါတို့အား ရဟန္တာဖြစ်ဖို့ရာ အလို့ငှာလည်း။ ဓမ္မံ=တရားကို။ ဒေသေတိ= ဟောကြားတော်မူပါ၏။

http:\\www.dhammadownload.com



## ဗာဟိယ အမြင်မှန် သံဝေဂ ရရှိခြင်း

စကားနည်းပေမယ့် အနက်အဓိပ္ပာယ်က အင်မတန် ပြည့်စုံတယ်နော်။ ဗာဟိယ၊ ဟောဒီကထောက် အရှေ့မြောက်မှာ သာဝတ္ထိပြည်လို့ ရှိတယ်။ အဲဒီ သာဝတ္ထိပြည်မှာ အခု ဘုရားကိုယ်တော်မြတ်ကြီး သီတင်းသုံးလျက်ရှိတယ်။ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးဟာ ကိုယ်တိုင်ကလည်း ရဟန္တာ ဟုတ်တယ်။ ကိုယ်တော့် ထံမှောက် ရောက်လာတဲ့ သတ္တဝါတို့အားလည်းပဲ ရဟန္တာ ဖြစ်အောင် တရားဟောပေးနေတယ်။ မင်းသွား၊ သွား။ မင်းမြန်မြန်သွား၊ ဒီသဘောနဲ့။ အဲဒီလို ပြောလိုက်တယ်ဆိုယင်ပဲ ပါရမီရှင် တစ်ယောက်ဖြစ်တော့ သံဝေဂရလိုက်တော့ ဗာဟိယ စိတ်ထဲမှာ ကြီးစွာ သံဝေဂ ရတယ်။

ဓိရတ္ထု ဝတ ဘော ပုထုဇ္ဇနဘာဝဿ။

ဘော ပုထုဇ္ဇနဘာဝဿ=အို ပုထုဇဉ်အဖြစ်၏။ ဓိ=စက်ဆုပ်ရွံရှာဖွယ်သည်။ အတ္ထု ဝတ=ဖြစ်စွတကား။

အို-ပုထုဇဉ်အဖြစ် သိပ်ရွံစရာ ကောင်းတာပဲ။ ဒီလို ပြောလိုတာ။

ယေနာဟံ အနရဟာဝ သမာနော အရဟာတိ အမညိံ။

ယေန=အကြင်သို့ ပုထုဇဉ်၏အဖြစ်ဟူသော အကြောင်းကြောင့်။ အဟံ=ငါသည်။ အနရဟာဝ သမာနော=ရဟန္တာ မဟုတ်ပါဘဲလျက်နှင့်။ အရဟာတိ=ရဟန္တာဟူ၍။ အမညိံ=ထင်မှားခဲ့ရလေပြီ။

ပုထုဇဉ်အဖြစ်မို့ပို့ ရဟန္တာမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို ရဟန္တာလို့ အထင်မှားခဲ့ရတယ်။

စ=သည်သာမကသေး။ သဗ္ဗာသမ္ဗုဒ္ဓံ=သုံးလောကထွတ်ထားမြတ်စွာဘုရားကို။ လောကေ=လောက၌။ ဥပ္ပဇ္ဇိတွာ=ပွင့်ထွန်းတော်မူ၍။ ဓမ္မံ=တရားကို။ ဒေသေန္တံ=ဟောဆိုနေသည်ကို။ န ဇာနိံ=ငါမသိရပြီ။

http:\\www.dhammadownload.com



ပုထုဇဉ်ဖြစ်တဲ့အတွက် ရဟန္တာမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို ရဟန္တာလို့ ထင်မှားရုံတင် မကဘူး၊ ဘုရားကိုယ်တော်မြတ်ကြီး ဟောကမှာပွင့်ထွန်းပြီး တရားဟောနေတာကိုတောင် ပုထုဇဉ်ဖြစ်နေလို့ ငါမသိရဘူး။ ပုထုဇဉ်အဖြစ်ဟာ တယ်စက်ဆုပ်ရွံရှာဖွယ် ကောင်းလေစွတကား။

ဒုဇ္ဇာနံ ခေါ ပနိဒံ ဇီဝိတံ၊ ဒုဇ္ဇာနံ မရဏံ။

ဣဒံ ဇီဝိတံ=ဤ ငါ ယခုရနေတဲ့ အသက်သည်။ ဒုဇ္ဇာနံ=နောက်ရက် နောက်လ နောက်နှစ်သို့ ပါမယ် မပါဘူးဆိုတဲ့အချက် အသိခက်လှ၏။ မရဏံ=စုတိပြတ်ကြွေ သေလွန်ရခြင်း သဘောလည်းပဲ။ ဒုဇ္ဇာနံ=နေ့သေမလား ညသေမလား သိဖို့ရန်အချက် ခက်လှဘိတကား။

## ဗာဟိယသည် မြတ်စွာဘုရားထံ အမြန်သွားခြင်း

ပါရမီများ လှုံ့ဆော်လာတော့ ဟောဒီလို သံဝေဂတွေ ဖြစ်လာတယ်။ သြော် ... ငါ အခုရနေတဲ့ အသက်သည် နောက်ရက် နောက်နှစ် ပါမယ် မပါဘူးလို့ သိဖို့ရန် အင်မတန် ခက်တယ်။ ငါ့ထံ သေခြင်းတရား ကနေ့ မလာသေးဘူး၊ နောက်ရက် နောက်လ နောက်နှစ်မှ လာမယ်၊ ဘယ်နေ့ လာမယ်၊ ဘယ်ရက် ဘယ်လ ဘယ်နှစ် လာမယ်ဆိုတာ ဒါလည်းပဲ အသိခက်တဲ့ တရား။ ဒီတော့ အသက်အန္တရာယ် မရောက်ခင် မသေခင် ဘုရားထံ ငါသွားမှပဲလို့ အဲဒီလို ဆုံးဖြတ်ချက်ချပြီး ထိုခဏမှာပဲ ဘာ လုပ်သလဲ။ ပါဠိတော်မှာ –

အထ ခေါ=ထိုသို့ ဗြဟ္မာကြီး ပြောပြီးသောအခါ၌။ ဗာဟိယော ဒါရုစီရိယော=မရိုးမျှင် အဝတ်ကို ဝတ်တဲ့ ဗာဟိယသည်။ တာယ ဒေဝတာယ=ထိုသုဒ္ဓါဝါသ ဗြဟ္မာကြီးက။ သံဝေဇိတော=ပြင်းစွာ ထိတ်လန့် စေအပ်ရကား။ တာဝဒေဝ=ထိုခဏ၌ပင်လျှင်။ သုပ္ပါရကာ မှာ=သုပ္ပါရက သင်္ဘောဆိပ်မှ။ ပက္ကာမိ=ဖဲခဲ့လေပြီ ... ။

သုပ္ပါရက သင်္ဘောဆိပ်က မနက်တောင် မဆိုင်းဘူး၊ ဗြဟ္မာကြီး လည်း ပြောပြီးရော ထိုခဏ တစ်ခါတည်း ထွက်တယ်။ လဆုတ်ပက္ခ

http:\\www.dhammadownload.com



ကောင်းကင်ကလည်း မည်းလို့၊ မှုန်လို့။ ဟာ – ဆူးမကြောက် ဘာမကြောက်ကို၊ တစ်ခါတည်း ကောင်းကင်က နက္ခတ် ကြယ်တာရာကြည့်ပြီးတော့ အရှေ့မြောက်ကို မှန်းသွားတာပဲ။ တကတည်း ညကြီးတစ်ယောက်တည်း လမ်းပြေးတဲ့ ပုဂ္ဂိုလ်။ ဗာဟိယ ပြင်းထန်တဲ့ ပုဂ္ဂိုလ်ပေါ့။ သာမန်ပုဂ္ဂိုလ်ဟာ ဒီကိစ္စ အောင်မြင်ဖို့ မလွယ် ပါဘူး။ ပါရမီရှိတဲ့ ပစ္ဆိမဘာဝိကသားမို့လို့ပေါ့။

ကဲ–သုပ္ပါရကနဲ့ သာဝတ္ထိဆိုတာ ခရီးယူဇနာပေါင်း တစ်ရာ့နှစ်ဆယ် ပေးတယ်။ မိုင်ပြောလို့ရှိယင် မိုင်ပေါင်းတစ်ထောင်လေးရာနဲ့ လေးဆယ်(၁၄၄၀) ဝေးတယ်။ နည်းတဲ့ ခရီးကြီး မဟုတ်ဘူး။ အဲဒါကြီး ဝေးပါတကား ဘာတကား ဘာမှ မစဉ်းစားဘူး။ အချိန်ကလည်း ညကြီးအေး ... လဆုတ်ပက္ခကြီး၊ မှောင်ကြီးထဲမှာ တစ်ခါတည်း ဆူးမကြောက် ဘေးမကြောက် ကောင်းကင်က နက္ခတ်ကြည့်ပြီးတော့ တအားပြေးတာပဲတဲ့။ အပြေးသမားကြီးလို ဈေးမှာ မဟုတ်ဘူး၊ သူက။

ဒီတော့ သုဒ္ဓါဝါသ ဗြဟ္မာကြီးက မိမိဗြဟ္မာ့တန်ခိုးဖြင့်, ယူဇနာတစ်ရာ့နှစ်ဆယ်ဆိုတဲ့ ခရီးကို ကျဉ်းအောင် ချုံးပစ်လိုက်တယ်။ တစ်ယူဇနာလောက် ထားပါတော့၊ အဲဒါလောက်ထိအောင် ချုံးပစ်လိုက်တယ်။ ဗြဟ္မာ့တန်ခိုးနဲ့။ ဗာဟိယ တစ်ညလုံး ပြေးတာပဲ။ နောက်တစ်နေ့ မနက် အရုဏ်လည်း တက်ကရော သာဝတ္ထိရောက်ရော။

မြတ်စွာဘုရားက သာဝတ္ထိပြည်က ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးရင်း ဝေနေယျာလောကန ဗုဒ္ဓကိစ္စ ပြုတော်မူရင်းက ကြည့်တော်မူသဖြင့် အခု လောလောဆယ် ဗာဟိယကို အတွေ့ခံသင့် မခံသင့် စဉ်းစားဆင်ခြင်တော်မူတယ်။

အဿ=ဤဗာဟိယအား။ ဣန္ဒြိယာနိ=သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဣန္ဒြေ ငါးဖြာတို့သည်။ န တာဝ ပရိပါကံ ဂတာနိ=ရင့်ကျက်ခြင်းသို့ မရောက်ကုန်သေး။

http:\\www.dhammadownload.com



ဩော် .. ဗာဟိယာဟာ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါး မရင့်သေးဘူး၊ မရင့်သေးဘူး၊ ဣန္ဒြေငါးပါး မရင့်သေးခင် တရားဟောလို့က မဂ်ဖိုလ်ကို ချက်ချင်း မရဘူးနော်။

"ခဏန္တရေ ပန ပရိပါကံ ဂမိဿန္တိ"။

ပန=သို့ပင် အခု လောလောဆယ် ဣန္ဒြေငါးပါ မရင့်ကျက်သေးသော်လည်း။ ခဏန္တရေ=မကြာမီ ခဏတာ ကာလအတွင်း၌။ ပရိပါကံ=ရင့်ကျက်ခြင်းသို့။ ဂမိဿန္တိ=ရောက်ကြလိမ့်မယ်။

မြတ်စွာဘုရား စဉ်းစားတော်မူတယ်။ အခု လောလောဆယ်မှာတော့ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဣန္ဒြေငါးပါး သူ့မှာ မရင့်ကျက်သေးပေမယ်လို့ ရက် လ နှစ် ဆိုင်းနေမှာ မဟုတ်ဘူး။ အချိန်ပိုင်း ကာလပိုင်း အတွင်းမှာပင် ဣန္ဒြေငါးပါး သူရင့်လိမ့်မယ်။ ရင့်သန်တဲ့အခါ ငါဘုရား တရားဟောမယ်။ အခု ဣန္ဒြေမရင့်ခင် ခေတ္တ ငါ သူနဲ့ မတွေ့အောင် စိမ်မှပဲလို့ ဆိုပြီးတော့ စောစောစီးစီး ရဟန်းတွေ ခြံရံလျက် သာဝတ္ထိပြည်ထဲ တစ်ခါတည်း ဆွမ်းခံကြွသွားတယ်။

ဗာဟိယကလည်းပဲ ဒါ ဘာပြည်လဲ၊ သာဝတ္ထိပြည်။ ဘုရား ဘယ်မှာနေလဲ မေးတော့ ဟို သာဝတ္ထိပြည်သူ ပြည်သားတွေက ဇေတဝန်ကျောင်း လက်ညှိုးထိုးပြတာပဲ။ ဇေတဝန်ကျောင်း ပြေးရတယ်။ ဗာဟိယက ဇေတဝန်ကျောင်း သွားတယ်၊ ဘုရားက သာဝတ္ထိပြည်ထဲ ရောက်နေတယ်။

## ဘုရားအားတွေ့ရန် သာဝတ္ထိမြို့ထဲ လိုက်သွားခြင်း

ရော–ထိုအချိန် ဇေတဝန်ကျောင်းမှာ ရဟန်းတော် တော်တော်များများ စင်္ကြံလျှောက်နေတယ်။ စင်္ကြံလျှောက်တဲ့ ကိုယ်တော်ကြီးတွေရှိရာ သွားပြီးတော့ ဗာဟိယက မေးတယ်။

ကဟံ နု ခေါ ဘန္တေ ဧတရဟိ ဘဂဝါ ဝိဟရတိ

အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

http:\\www.dhammadownload.com



ဘန္တေ=အရှင်တို့ဘုရား။ ဧတရဟိ=ယခုအခါ၌။ အရဟံ=အရဟံ ဂုဏ်တော်ရှင် ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ရှင် ဖြစ်တော်မူသော။ ဘဂဝါ=မြတ်စွာဘုရားသည်။ ကဟံ= အဘယ်အရပ်၌။ ဝိဟရတိ=သီတင်းသုံး နေထိုင်တော် မူပါသနည်း ဘုရား။

အရှင်ဘုရားတို့၊ အခု ဘုရားကိုယ်တော်မြတ်ကြီး ဘယ်မှာနေတုံး။

ဒဿနကာမမှာ မယံ တံ ဘဂဝန္တံ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ။

"တပည့်တော်တို့ ဘဂဝါဂုဏ် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ရှင် ထို မြတ်စွာဘုရားသခင်ကို ဖူးမြော်ချင်လို့ပါဘုရား" ဗာဟိယက အဲဒီလို လျှောက်တယ်။

စကြံကြွနေကဲ့ ကိုယ်တော်ကြီးတွေက "မင်းနာမည် ဘယ်သူတုန်း"။

"တပည့်တော် နာမည် ဗာဟိယပါ ဘုရား"

အန္တရဃရံ ပဝိဋ္ဌော ခေါ ဗာဟိယ ဘဂဝါ ပိဏ္ဍာယ။

ဗာဟိယ=ဒကာဗာဟိယ။ ဘဂဝါ=မြတ်စွာဘုရားသည်။ ပိဏ္ဍာယ= ဆွမ်းအလို့ငှာ။ အန္တရဃရံ=မြို့တွင်းသို့။ ပဝိဋ္ဌော=ဝင်ကြွတော်မူလေပြီ။

ဗာဟိယ၊ ဘုရား မြို့ထဲ ဆွမ်းခံကြွသွားတယ်။

"မင်း ဘယ်ကလာတာလဲ"

"တပည့်တော် သုပ္ပါရကက လာပါတယ်"

"ဘယ်တုန်းက လာတာလဲ"

"မနေ့ညက လာတယ်"

ဟာ ကိုယ်တော်ကြီးတွေကို အံ့အားသင့်သွားတယ်။

ဘယ့်နှယ် သုပ္ပါရကနဲ့ သာဝတ္ထိဆိုတာ ယူဇနာတစ်ရာ့နှစ်ဆယ်။ ရိုးရိုးသွားရင် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်၊ လေးလသွားရမယ်။ အဲဒီ

http:\\www.dhammadownload.com



သူတကာ လေးလ သွားရမယ့် ခရီးကို တစ်ညတည်းနဲ့ သူလာတယ် ဆိုတော့ "အား ... မင်း အင်မတန် ခရီးပန်းလာတယ်။ နားပါဦးကွာ၊ ဘုရား ဆွမ်းခံပြီးတော့ ကြွလာမှာပါ။ ဒီမှာ အပန်းဖြေပါဦး"ဆိုတော့ မရဘူး။

"တပည့်တော် မဖြေနိုင်ဘူးဘုရား၊ အသက်အန္တရာယ် ဘယ်လိုဖြစ်မယ် မသိဘူး၊ ဒီတော့ ဘုရားနဲ့တွေ့မှ တပည့်တော် အေးမှာ" ဆိုပြီး အရေးတကြီး တစ်ခါတည်း သာဝတ္ထိပြည်ထဲ -

"တရမာနရူပေါ ဇေတဝနာ နိက္ခမိတွာ" အဆောတလျင် အရေးတကြီးကိုပဲ ဇေတဝန် ကျောင်းတိုက်က ထွက်ပြီးတော့ သာဝတ္ထိပြည်ထဲကို "ဘုရား ဘယ်မှာလဲ၊ ဘုရား ဘယ်မှာလဲ" ဆိုပြီး သာဝတ္ထိပြည်ထဲ ဝင်ပြီးတော့ ဘုရားရှာတာပဲ။ လူတွေက ဟို ဟို-ဘုရား ဟောဟိုနားမှာ ရပ်နေတယ်။ ဒါ-ဘုရားရှိရာ ပြေးလိုက်တော့ မိရောပေါ့။ တွေ့ရ ဖူးရတယ်။ ဘုရား။

## ဗာဟိယ ဘုရားကို ဦးတိုက်၍ တရားအမြန်ဟောရန် တောင်းပန်ခြင်း

သူ ဖူးရတဲ့ ဂုဏ်တော်တွေ ဖော်ပြီးတော့ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာတို့က ဖော်ပြတယ်။

ဗာဟိယ ဒါရုစီရိယော=ဗာဟိယ ဒါရုစီရိယသည်။ တရမာနရူပေါ= အဆောတလျင်။ ဇေတဝနာ နိက္ခမိတွာ=ဇေတဝန်ကျောင်းတိုက်မှ ထွက်ခဲ့၍။ သာဝတ္ထိပြည်သို့။ ပဝိသိတွာ=ဝင်ရောက်သည် ရှိသော်။ ပါသာဒိကံ =ရူပကာယ အသရေကြောင့် ကြည်ညိုဖွယ်ကောင်းသော။ ပသာဒနီယံ=နာမကာယ ဂုဏ်တော်ကြောင့် ကြည်ညိုဖွယ်ကောင်းသော။ သန္တိန္ဒြိယံ= ငြိမ်သက်သော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဣန္ဒြေငါးပါးရှိသော။ သန္တမာနသံ=ငြိမ်သက်သော မနိန္ဒြေရှိသော။ ဥတ္တမဒမထသမထံ=မြတ်သော အရဟတ္တဖိုလ်ပညာ အရဟတ္တဖိုလ်

http:\\www.dhammadownload.com



သမာဓိသို့။ အနုပုဗ္ဗတ္တံ=အစဉ်တစိုက် ရောက်ဆိုက်သော။ ဒန္တံ=ကာယဒွါရလည်းပဲ ယဉ်ကျေးတော်မူသော။ ဂုတ္တံ=ဝစီဒွါရကလည်းပဲ လုံခြုံတော်မူသော။ ယတိန္ဒြိယံ=စောင့်စည်းအပ်သော မျက်စိ နား နှာ လျှာ ကိုယ် ဆိုတဲ့ ဣန္ဒြေရှိသော။ နာဂံ=မကောင်းမှု ပြုတော်မမူသော။ သာဝတ္ထိယံ=သာဝတ္ထိပြည်ထဲ၌။ ပိဏ္ဍာယစရန္တံ=ဆွမ်းခံနေသော။ ဘဂဝန္တံ=မြတ်စွာဘုရားကို။ အဒ္ဒသ ခေါ=မျက်ဝါးထင်ထင် ဖူးမြင်ရလေပြီ။

ယခုပြောတဲ့ ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ဗာဟိယ ဒါရုစီရိယ မျက်ဝါးထင်ထင် ဖူးမြင်ရတော့ ဝမ်းသာလိုက်တာ၊ ပီတိငါးမျိုး **တစ်ကိုယ်လုံး** ဖုံးပြီးတော့ –

စိရဿံ ဝတ မေ သမ္မာသမ္ဗုဒ္ဓေါ ဒိဋ္ဌော။

မေ=ငါသည်။ သမ္မာသမ္ဗုဒ္ဓေါ=မြတ်စွာဘုရားကို။ စိရဿံ=အချိန်အလွန်ကြာမြင့်မှ။ ဒိဋ္ဌော ဝတ=ဖူးမြော်ရလေပြီတကား ... ။

အချိန်ကြီး ဒါလောက်ကြာမှ ဘုရားဖူးရလေ။ မချင့်မရဲပေါ့။ အဲဒီလို ဖြစ်ပြီးတော့ ရောင်ခြည်တော် ခြောက်ပါးတို့၏ အလယ်ကို အတင်း တွန်းဝင်သွားတယ်။ မြတ်စွာဘုရားဆီလည်း ရောက်ကရော တစ်ခါ တည်း အလျားမှောက်ပြီးတော့ မိမိဦးခေါင်းနဲ့ ဘုရားကိုယ်တော်မြတ်ရဲ့ ခြေတော်အစုံကို ဦးနဲ့တိုက်တိုက်ပြီး တဝကြီး ရှိခိုးပြီးတော့ –

ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ။

ဘန္တေ=မြတ်စွာဘုရား။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ မေ=တပည့်တော်အား။ ဓမ္မံ=ရဟန္တာဖြစ်ကြောင်း တရားကောင်းကို။ ဒေသေတု=ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား။ သုဂတော=ကောင်းသောစကား မိန့်ကြားတော်မူတတ်တဲ့ မြတ်စွာဘုရားသည်။ ဓမ္မံ=ရဟန္တာဖြစ်ကြောင်း တရားကောင်းကို။ ဒေသေတု=ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား။

http:\\www.dhammadownload.com



ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယ။

ယံ=ယင်းသို့ ရှင်တော်ဘုရား ဟောကြားအပ်တဲ့ တရားသည်။ မမ= တပည့်တော်အဖို့။ ဒီဃရတ္တံ=ရှည်လျားလှစွာ ညဥ့်ကာလပတ်လုံး။ ဟိတာယ=အစီးအပွားအလို့ငှာ။ သုခါယ=ချမ်းသာအလို့ငှာ။ အဿ= ဖြစ်လေရာပါ၏ဘုရား ... ။

တရားဟောဖို့ တစ်ခါတည်း လျှောက်တော့တယ်။ ဘာမှ အချိန် မဆိုင်းဘူး။

အရှင်ဘုရား ... တပည့်တော်အား တရားဟောပါ။ ယင်း ရှင်တော် ဘုရား ဟောတဲ့တရားသည် စီးပွားချမ်းသာ ဖြစ်ပါလိမ့်မည်ဘုရားလို့ လျှောက်တာ။ အေး–ဗာဟိယရဲ့ ပုံကိုလည်း ပျောက်မသွားကြစေနဲ့။ အခု အချိန်ကျအောင်လည်းပဲ ဘာမှ ဝတ်ကောင်းစားလှ ရှိတာ မဟုတ် ဘူး။ ဒီ မရိုးမျှင်အဝတ်ကလေးနဲ့ အလွန်ဆင်းဆင်းရဲရဲ လာပြီးတော့ လျှောက်နေတာ။

## ဟောသင့် မဟောသင့် ဆင်ခြင်တော်မူပြီးမှ မြတ်စွာဘုရား တရားဟောတော်မူခြင်း

ဒီတော့ မြတ်စွာဘုရားတို့ မည်သည် ကာယကံမှု ပြုမယ်ကြံယင်၊ ဝစီကံမှု ပြောမယ်ကြံယင်၊ မနောကံမှု စဉ်းစားမယ်ကြံယင် မပြုခင် မပြောခင် မကြံခင် ကြိုတင်ပြီးတော့ သမ္ဗဇဥ်ညာဏ်နဲ့ ဆင်ခြင်တော်မူမြဲ ဖြစ်တယ်။ အဲဒီလို ဆင်ခြင်တော်မူမြဲ အာဝေဏိက ဂုဏ်တော်ရှင်ပီပီ မြတ်စွာဘုရား ဆင်ခြင်တယ်။ ဗာဟိယကို ငါဘယ်လို ပြန်ပြောရမလဲ လို့ ဆင်ခြင်တဲ့အခါကျတော့ ဘာပေါ်လာတုန်းဆိုတော့ ညာဏ်ထဲမှာ–

ဣမဿ=ဤဗာဟိယ ဒါရုစီရိယအား။ မံ=ငါဘုရားကို။ ဒိဋ္ဌကာလ တော=ဖူးမြင်ရတဲ့အချိန်က။ ပဋ္ဌာယ=အစပြု၍။ သကလသရီရံ=တစ် ကိုယ်လုံးသည်။ ပီတိယာ=ပီတိငါးမျိုးဖြင့်။ နိရန္တရံ=အကြားမလပ်။ ဖုဋံ=နှံ့စပ်၍နေ၏။ (ဝါ)ဖုံး၍ အုပ်၍နေ၏။

http:\\www.dhammadownload.com



ဩော် ... ဗာဟိယမှာ ငါဘုရားကို မြင်ရတဲ့အချိန်က စပြီး သူ့ တစ်ကိုယ်လုံး ပီတိတွေ ဖုံးနေတယ်။

"အတိဗလဝါ ပီတိဝေဂေါ"။ ပီတိဝေဂေါ=ပီတိအဟုန်သည်။ အတိဗလဝါ=အလွန်ကြီး အားကောင်းနေသေး၏။ ပီတိအဟုန် အလွန်ပဲ အားကြီးနေသေးသတဲ့။

"ဓမ္မံ သုတွာပိ န တာဝ သက္ခိဿတိ ပဋိဝိဇ္ဈိတုံ"။

ဓမ္မံ=တရားကို။ သုတွာပိ=ယခုအချိန် ကြားနာရသော်လည်း။ ပဋိဝိဇ္ဈိတုံ=အရိယာမဂ်ပေါက် ဖိုလ်ပေါက် ထိုးထွင်း၍ သိခြင်းငှာ။ န တာဝ သက္ခိဿတိ=စွမ်းနိုင်လိမ့်မည် မဟုတ်ချေ။

ပီတိတွေ အားကောင်းလွန်းလို့ အခုအချိန် ငါဘုရား တရားဟောစေကာမူ တရားနာရသော်လည်းပဲ အရိယမဂ်ဉာဏ်ပေါက် ဖိုလ်ဉာဏ် ပေါက် ပဋိဝေဓဉာဏ် ရောက်အောင် တရားကို သူ မသိနိုင်သေးပေဘူး။

ယာဝ မန မဇ္ဈတ္တုပေက္ခာ သဏ္ဌာတိ တာဝ တိဋ္ဌတု။

ပီတိအဟုန် တဖြည်းဖြည်းလျော့လို့ အလယ်အလတ် မဇ္ဈတ္တုပေက္ခာ သဘောရောက်အောင် ငါဘုရား ဆိုင်းတွဦးမှပဲ။

ပိဿယောဇနသတံ မဂ္ဂံ အာဂတတ္တာ=ယူဇနာတစ်ရာ့နှစ်ဆယ် ခရီး အဝေးကြီးက လာခဲ့ရသည်၏ အဖြစ်ကြောင့်။ အဿ=ထိုဗာဟိယ၏။ ကာယေ=ကိုယ်၌။ ဒရထောပိ=ခရီးအပန်းအနွမ်းလည်းပဲ။ ဗလဝါ= အလွန်ကြီး အားကောင်း၍ နေသေး၏။

ယူဇနာ တစ်ရာ့နှစ်ဆယ်တောင် လာခဲ့ရတာ သူ့ကိုယ်မှာ ခရီး အပူ အပန် အပန်းအနွမ်းတွေ အင်မတန် ပြင်းထန်နေသေးတယ်။

သော ပိ တာဝ ပဋိပ္ပဿမ္ဘတု=ထိုခရီး အပန်းအနွမ်းလည်းပဲ ပြေပ စေဦးတဲ့။ အဲဒီလို ဆင်ခြင်တော်မူပြီးမှ ရွှေနှုတ်တော် မြွက်ပြီးတော့-

အကာလော ခေါ တာဝ ဗာဟိယ အန္တရဃရံ ပဝိဋ္ဌမှာ ပိဏ္ဍာယ။

http:\\www.dhammadownload.com



ဒီ စကားလေးပြောဖို့ အင်မတန် ဆင်ဆင်ခြင်ခြင် ဆင်ခြင်ပြီးမှ ဘုရားဆိုတာ စကားပြောတာ။

ဗာဟိယ=ချစ်သား ဗာဟိယ။ တာဝ အကာလော=တရားဟောဖို့ အချိန်မတန်သေး။ (ချစ်သား၊ တရားဟောဖို့ အချိန်မကျသေးဘူး။) မယံ=ငါဘုရားတို့သည်။ အန္တရဃရံ=မြို့တွင်းသို့။ ပိဏ္ဍာယ=ဆွမ်းအလို့ငှာ။ ပဝိဋ္ဌာ=ဝင်နေကြကုန်သည်။ အမှ=ဖြစ်ကုန်၏။

ငါဘုရားတို့ မြို့ထဲ ဆွမ်းခံဝင်နေတုန်း ဖြစ်တယ်။

## အသက်အန္တရာယ်ကို မသိနိုင်၍ တရားအမြန်ဟောရန် လျှောက်ထားခြင်း

သာမန် ပုဂ္ဂိုလ်ဆိုယင် အဲဒါလောက် ဘုရားရှင့်မာကြီးက အမိန့်ရှိလို့ရှိယင် နောက်ထပ် ဘာမှ လျှောက်ဝံ့မှာ မဟုတ်ဘူး။ အခုတော့ သူက ပါရမီရှင်လည်း ဖြစ်တယ်။ ပါရမီကလည်း လှုံ့ဆော်၊ သံဝေဂကလည်း အလွန်ကြီးတော့ -

ဒုတိယမ္ပိ=နှစ်ကြိမ်မြောက်လည်းပဲ။ နှစ်ကြိမ်မြောက်ကျတော့ အပိုပါလာပြီ။

ဒုဇ္ဇာနံ ခေါ ပနေတံ ဘန္တေ ဘဂဝတော ဝါ ဇီဝိတန္တရာယာနံ မယှံ ဝါ ဇီဝိတန္တရာယာနံ။

ဘန္တေ=မြတ်စွာဘုရား။ ဘဂဝတော=မြတ်စွာဘုရား၏။ ဇီဝိတန္တရာယာနံ=အသက်အန္တရာယ်တို့၏။ ဝတ္တာနံ ဝါ=ဖြစ်မည်ကို လည်းကောင်း။ အဝတ္တာနံ ဝါ=မဖြစ်မည်ကို လည်းကောင်း။ မယှံ=တပည့်တော်၏။ ဇီဝိတန္တရာယာနံ=အသက်အန္တရာယ်တို့၏။ ဝတ္တာနံ ဝါ=ဖြစ်မည်ကိုလည်းကောင်း။ အဝတ္တာနံ ဝါ=မဖြစ်မည်ကို လည်းကောင်း။ ဒုဇ္ဇာနံ=အသိခက်လှပါတယ်ဘုရား။

မှန်တာပဲနော်။ မြတ်စွာဘုရား၊ အရှင်ဘုရားရဲ့ အသက်အန္တရာယ် ဖြစ်မယ် မဖြစ်ဘူး၊ တပည့်တော်ရဲ့ အသက်အန္တရာယ် ဖြစ်မယ် မဖြစ်ဘူး

http:\\www.dhammadownload.com



ဆိုတဲ့ ဒီအချက် သိဖို့ရန် အလွန်ခက်ခဲပါတယ် ဘုရား။

"ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ"။

ဘန္တေ=မြတ်စွာဘုရား။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ မေ=တပည့်တော်အား။ ဓမ္မံ=တရားကို။ ဒေသေတု=ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား။ သုဂတော=ကောင်းသောစကားကို မိန့်ကြားတော်မူတတ်တဲ့ မြတ်စွာဘုရားသည်။ ဓမ္မံ=ရဟန္တာဖြစ်ကြောင်း တရားကောင်းကို။ ဒေသေတု=ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား။ ယံ=အကြင်ရှင်တော်ဘုရား ဟောကြားအပ်တဲ့ တရားသည်။ မမ=တပည့်တော်အဖို့။ ဒီဃရတ္တံ=ရှည်လျားလှစွာ ညဥ့်ကာလပတ်လုံး။ ဟိတာယ=အစီးအပွား အလို့ငှာ။ သုခါယ= ချမ်းသာသုံးပါး အလို့ငှာ။ အဿ=ဖြစ်လေရာ၏။

ဒုတိယအကြိမ် လျှောက်တော့ အရှင်ဘုရားရဲ့ အသက်အန္တရာယ် ဖြစ်မယ် မဖြစ်ဘူး၊ တပည့်တော်ရဲ့ အသက်အန္တရာယ် ဖြစ်မယ် မဖြစ်ဘူး၊ ဒီအချက် အသိခက်လှပါသည်ဘုရား။ ဒါကြောင့် အခုပဲ တပည့်တော်အား တရားဟောတော်မူပါ။ ယင်းသို့ ရှင်တော်ဘုရား ဟောကြားတဲ့ တရားသည် တပည့်တော်အဖို့ ရှည်လျားလှစွာ ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ဖို့ရန် ဖြစ်ပါတယ် ဘုရားလို့ လျှောက်တယ်။

ပါဠိမှီအလျှောက် လျှောက်ထားဝံ့တာပါပဲ။

တတိယမ္ပိ=သုံးကြိမ်မြောက်လည်းပဲ ဗာဟိယဒါရုစီရိယသည် မြတ်စွာဘုရားအား ဒုတိယနည်းအတိုင်း ထပ်ပြီး လျှောက်ထားပါတယ်။

ဒုဇ္ဇာနံ ခေါ ပနေတံ ဘန္တေ ဘဂဝတော ဝါ ဇီဝိတန္တရာယာနံ မယှံ ဝါ ဇီဝိတန္တရာယာနံ။

ဘန္တေ=မြတ်စွာဘုရား။ ဘဂဝတော=မြတ်စွာဘုရား၏။ ဇီဝိတန္တရာယာနံ=အသက်အန္တရာယ်တို့၏။ ဝတ္တနံ ဝါ=ဖြစ်မည်ကို လည်းကောင်း။ အဝတ္တနံ ဝါ=မဖြစ်မည်ကိုလည်းကောင်း။ မယှံ=တပည့်

http:\\www.dhammadownload.com



တော်၏။ ဇီဝိတန္တရာယာနံ=အသက်အန္တရာယ်တို့၏။ ဝတ္တနံ ဝါ=ဖြစ်မည်ကိုလည်းကောင်း။ အဝတ္တနံ ဝါ=မဖြစ်မည်ကိုလည်းကောင်း။ ဒုဇ္ဇာနံ=အသိခက် လှပါသည် ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်အား တရားဟောတော်မူပါ။ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် ရဟန္တာဖြစ်ကြောင်း တရားကောင်းကို ဟောတော်မူပါဘုရား။ ရှင်တော်ဘုရား ဟောကြားအပ်တဲ့ တရားတော်သည် တပည့်တော်အဖို့ ရှည်လျားလှစွာ ညဥ့်ကာလပတ်လုံး စီးပွားချမ်းသာဖြစ်ဖို့ ဖြစ်ပါလိမ့်မယ် ဘုရား ... လို့ တတိယအကြိမ် လျှောက်တယ်။

## မြတ်စွာဘုရား တရားဟောတော်မူခြင်း

ဒီ တတိယအကြိမ်ကျတော့ -

တစ်။ ပီတိအဟုန် တဖြည်းဖြည်း လျော့လာလို့ အလယ်အလတ် မျှတသဘောကို ရောက်နေပြီ။

နှစ်။ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါးလည်းပဲ ဗာဟိယမှာ ရင့်နေပြီ၊ ရင့်လာပြီ။

သုံး။ ခရီး အပန်းအနွမ်းလည်းပဲ ပြေနေပြီ။

လေး။ သူ့အသက်အန္တရာယ်ကလည်းပဲ ရောက်ခါနီးလာပြီ။

ဒီအချက်ကိုမြင်တော့ မြတ်စွာဘုရား မဆိုင်းတော့ဘူး။ တစ်ခါတည်း သူ့ကို တရား ဟောတော့တယ်။ အပိုင်းလေးပိုင်း ခွဲပြီးတော့ ဟောကြ နာကြရမှာ ဖြစ်တယ်။

တစ်။ တသ္မာတိဟ တေ ဗာဟိယ ဧဝံသိက္ခိတဗ္ဗံ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"တိ၊ ဧဝံ တေ ဗာဟိယ သိက္ခိတဗ္ဗံ။

(ဒါ တစ်ပိုင်း တစ်ခန်း)

http:\\www.dhammadownload.com



နှစ်။ ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန။
(ဟောဒါ တစ်ပိုင်း)

သုံး။ ယတော တွံ ဗာဟိယ န တေန၊ တတော တွံ ဗာဟိယ န တတ္ထ။
(ဒါက တတိယအပိုင်း၊ သုံး)

လေး။ ယတော တွံ ဗာဟိယ န တတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ န ဥဘယမန္တရေန။ ဧသေဝန္တော ဒုက္ခဿ။
(ဒါက စတုတ္ထပိုင်း)

လေးပိုင်းနဲ့ စပြီးတော့ မြတ်စွာဘုရား တရားဟောပါသည်-တဲ့။

## ကျင့်စရာတရား အပိုင်းလေးပိုင်း

တရားပွဲပြန်ပြီးတော့ ဆက်ရ စရ ဟောကြ နာကြရအောင်။

မြတ်စွာဘုရား ဗာဟိယကို ဟောတဲ့တရား အပိုင်းတွေဟာ တစ်ပိုင်းနဲ့တစ်ပိုင်း တစ်ပိုင်းနဲ့တစ်ပိုင်း နက်နဲတဲ့ အနက်အဓိပ္ပာယ်တွေ ရှိနေပါတယ်-တဲ့။ ပိုကောင်းတာက ဒီတရားအပိုင်းကတော့ ရဟန်းတော်ချင်း ပြောရတာ ပိုကောင်းတယ်။ ဒါပေမယ့်လို့ ဒီ ဒကာ ဒကာမတွေကော မနာကောင်းဘူးလားလို့ ဆိုတော့ နာကောင်းပါတယ်။

အဲဒီ လေးပိုင်းမှာ ပထမအပိုင်းသည် တရားဟောတဲ့ ပုဂ္ဂိုလ်ရော တရားနာနေတဲ့ ပုဂ္ဂိုလ်ရော အားလုံးအတွက် အရေးအကြီးဆုံး အလုပ်ပိုင်း ဖြစ်ပါတယ်။

ဒုတိယ တတိယ စတုတ္ထအပိုင်းက ဒီပထမပိုင်း အလုပ်လုပ်လို့ရတဲ့ အကျိုးပိုင်းတွေ ဖြစ်ပါတယ်။ အဲဒီတော့ တရားဟောပုဂ္ဂိုလ်၊ တရားနာ ပုဂ္ဂိုလ်အားလုံး အလုပ်လုပ်ရမယ့် အရေးကြီးသော ပထမအပိုင်းကို ကျေ

http:\\www.dhammadownload.com



အောင် နာနာချေပြီးတော့ ဟောကြ ပြောကြ နာကြရအောင်။

ဗာဟိယ=ချစ်သား ဗာဟိယ။ တသ္မာ=ထို့ကြောင့်။ (ဝါ)ထိုသို့ ငါဘုရားရဲ့ အသက်အန္တရာယ်၊ သင်ချစ်သားရဲ့ အသက်အန္တရာယ်ဖြစ်မဖြစ် သိဖို့ရန် ခဲယဉ်းရကား။ တေ=သင်ချစ်သားသည်။ ဧဝံ ဟိ=ဤသို့လျှင်။ သိက္ခိတဗ္ဗံ=အဓိပညာ သိက္ခာတရား ပွားများကြိုးကုတ်အားထုတ် သင့်လှပေ၏။ (ဝါ) အားထုတ်လေ ... ။

ချစ်သားပြောတဲ့အထဲ ငါဘုရားရဲ့ အသက်အန္တရာယ်၊ သင်ချစ်သားရဲ့ အသက်အန္တရာယ် သိဖို့ခက်တာ အမှန်ပဲ။

သို့ရကား -

မေ=ငါ၏သန္တာန်၌။ ဒိဋ္ဌေ=မျက်စိဖြင့် မြင်အပ်သော အဆင်းမျိုးစုံရူပါရုံ၌။ ဒိဋ္ဌမတ္တံ=မြင်ရုံသာ မြင်၍ လောဘ ဒေါသ မောဟ မပါသောစက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့လျှင် နှိုင်းယှဉ်ဖွယ်ရာ ပမာဏ လောဘ ဒေါသ မောဟ ကင်းကွာ မဟာကုသိုလ်ဇောစိတ်အစဉ်သည်။ ဘဝိဿတိ=ဖြစ်လတ္တံ့။ (ဝါ)ဖြစ်အံ့။

သုတေ=နားဖြင့်ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၌။ သုတမတ္တံ=ကြားရုံသာ ကြား၍ လောဘ ဒေါသ မောဟ မပါသော သောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့လျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏ ရှိသည့် လောဘ ဒေါသ မောဟမပါ မဟာကုသိုလ်ဇောစိတ်အစဉ်သည်။ ဘဝိဿတိ=ဖြစ်လတ္တံ့။ (ဝါ)ဖြစ်အံ့။

မုတေ=ဃာန ဇိဝှါ ကာယတို့ဖြင့် ရောက်အပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၌။ မုတမတ္တံ=ရောက်ရုံသာ ရောက်၍ လောဘ ဒေါသ မောဟ မပါသော ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့လျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏရှိသည့် လောဘ ဒေါသ မောဟ ကင်းကွာ မဟာကုသိုလ်ဇောစိတ်အစဉ်သည်။ ဘဝိဿတိ=ဖြစ်လတ္တံ့။(ဝါ)ဖြစ်အံ့။

http:\\www.dhammadownload.com



ဝိညာတေ=စိတ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ ခမ္မာရုံ၌။ ဝိညာတ မတ္တံ=သိရုံသာသိ၍ လောဘ ဒေါသ မောဟ မပါသော မနောဒွါရာ ဝဇ္ဇန်းစိတ်လျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏရှိသည့် လောဘ ဒေါသ မောဟကင်းကွာ မဟာကုသိုလ်ဇော်စိတ်အစဉ်သည်။ ဘဝိဿတိတိ= ဖြစ်လတ္တံ့ ဟူ၍ (ဝါ) ဖြစ်အောင် ဟဲ့လို့။ ဗာဟိယ=ချစ်သား ဗာဟိယ။ တေ=သင် ချစ်သားသည်။ ဧဝံ ဟိ=ဤသို့လျှင်။ သိက္ခိတဗ္ဗံ=အဓိ ပညာ သိက္ခာတရား ပွားများကြိုးကုတ် အားထုတ်သင့်လှပေ၏။ (ဝါ) အားထုတ်ပါလေ။

## နေ့စဉ်နေ့တိုင်း တရား ၆ မျိုးသာ လူတိုင်းမှာရှိ

ချစ်သား ... အခုပြောခဲ့တဲ့အတိုင်း အဓိပညာ ဝိပဿနာသိက္ခာ တရား ချစ်သား အားထုတ်ရမယ်။ ဒီအပိုင်းက သိပ်ပြီးတော့ အရေးကြီး တဲ့အပိုင်း။

တစ်နေ့တစ်နေ့ သူသူငါငါ တရားဟော တရားနာ ပုဂ္ဂိုလ်တွေ တစ်နေ့တစ်နေ့ အချိန်ကုန်ခဲ့တဲ့ ပရမတ္ထ အလုပ်တွေ ပြောရအောင်နော်။ ဟို–လူ့ပြည်လောကမှာ အလုပ်တွေ ရောင်းတာ ဝယ်တာထား။ ထိုထို ဤဤ ထားပေါ့။ ဟို–ဒီ အလုပ်တွေ လုပ်ရင်း တစ်နေ့တစ်နေ့ကို ပရမတ္ထလုပ်ငန်းတွေ ပြောကြည့်ရအောင်။

တစ်နေ့တစ်နေ့ ဒို့လုပ်တာဟာ မြင်တာရယ်၊ ကြားတာရယ်၊ နမ်း ရှူတာရယ်၊ စားတာရယ်၊ တွေ့ထိတာရယ်၊ ကြံစည်သိရှိတာရယ်၊ ဒီ ခြောက်မျိုးပဲ။ အဆင်းမျိုးစုံ မြင်တာရယ်၊ အသံမျိုးစုံ ကြားတာရယ်၊ အနံ့မျိုးစုံ နမ်းရှူတာရယ်၊ အရသာမျိုးစုံကို စားတာ သောက်တာ လျက် တာရယ်၊ အကြမ်းအနု အပူအအေး အပျော့အမာတွေ တွေ့ထိတာရယ် ဒီက အပြင်စိတ်နဲ့သာလျှင် ရုပ်နာမ်မျိုးနှံ့ ဓမ္မာရုံကို ကြံသိတာရယ်၊ ဒီ ခြောက်မျိုးနဲ့ပဲ တစ်နေ့ကုန်တော့တာပါပဲ။ ဒီခြောက်မျိုးကိုပဲ အမူအရာ အမျိုးမျိုးကိုလိုက်ပြီးတော့ အင်း ... သူက ဘာလုပ်တာယ်၊ သူက ဘာ

http:\\www.dhammadownload.com



လုပ်တယ်ဆိုတာ လောကဝေါဟာရမှာတော့ အမျိုးမျိုးလိုက် ပညတ်တာ ပ။ အမှန်တော့ ဒီခြောက်မျိုး တစ်နေ့လုံး အလုပ်လုပ်နေကြတယ်။

အဘိဓမ္မာမျက်စိနဲ့ကြည့်ရအောင်။ ဤတွင်အဆင်းကို မြင်တဲ့အခါ အဘိဓမ္မာ ပရမတ္ထ သဘောအရက စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော တဒါရုံလည်း ပါတယ် ထားပါစို့။ သို့သော် ဘုရား လိုချင်တာ ဇောကို အဓိက။

အေ. ... စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ အဆင်းကို အာရုံပြုပြီးတော့ စိတ် ၅ မျိုး ဖြစ်တယ်။ ထို့အတူ အသံကြား တဲ့အခါမှာ ဒီအသံကို အာရုံပြုပြီးတော့ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ဝီထိစိတ်တွေ ဖြစ်တယ်။ ထို့အတူ အနံ့ကို နမ်းရှုတဲ့အခါ ဒီအနံ့ကို အာရုံပြုပြီးတော့ ဃာနဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ဝီထိစိတ်တွေ ရှင်လျက် သန်လျက် ဖြစ် တယ်။

အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး ရသာမျိုးစုံ ရသာရုံကို လျက်တဲ့ စားတဲ့အခါမှာ ဒီရသာရုံကို အာရုံပြု၍ ဇိဝှါဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ဝီထိစိတ်တွေ ဖြစ်ကြတယ်။

အကြမ်း အနု၊ အပူ အအေး၊ အပျော့ အမာ၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ ကို အာရုံပြုတဲ့အခါ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတဲ့အခါ ဒီဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ဝီထိစိတ်တွေ ဖြစ်ကြတယ်။

ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ အာရုံပြုတဲ့အခါ မနောဒွါရ ဝီထိလို့ ခေါ်တဲ့ မနောဒွါရာဝဇ္ဇန်းနဲ့ ဇောစိတ်များ ဖြစ်ကြတယ်။

## ကုသိုလ်ဇောဖြစ်အောင် အားထုတ်

ဒါ ပထမ ခင်းပြီးတော့ မြင်ထားဖို့။ အဲဒီလို အာရုံကို အာရုံပြုပြုပြီး တော့ ဖြစ်ကြတဲ့ ဝီထိစိတ်တွေမှာ နလုံးသွင်း မကောင်းဘူးဆိုယင်=

http:\\www.dhammadownload.com



အဆင်းမြင်တဲ့အခါ ဆိုပါစို့၊ မြင်တဲ့အဆင်းပေါ်မှာ ပိယနိမိတ်=ဟာ သိပ်ပြီးတော့ ချစ်ခင်ဖွယ်ကောင်းတဲ့ အာရုံပဲလို့ နှလုံးသွင်း လွဲသွားယင် ခုနက ပြောတဲ့ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော အဲဒီနောက်က ဇောဟာ လောဘဇော ဇောတယ်။

လူတစ်ယောက်ကို မျက်စိနဲ့ မြင်လိုက်တယ်၊ မုန်းစရာ အကောင်ကြီးပဲကွာ။ မျက်စိနဲ့ အဆင်းမြင်တာ။ အဲဒီမြင်တဲ့ ဥစ္စာပေါ်မှာ ဒီကနေပြီး မုန်းစရာရယ်လို့ အပ္ပိယနိမိတ် နှလုံးသွင်း မှားလိုက်ယင် ဟို ဇောက ဒေါသဇောတွေ ဇောတယ်။

အသံကြားတို့ အခါမလဲ ထိုနည်းငှင်း၊ အနံ့နံတဲ့အခါ၊ အရသာစားတဲ့အခါ၊ အတွေ့အထိ တွေ့ထိတဲ့အခါ၊ ဓမ္မာရုံကို အာရုံပြုတဲ့အခါမှာလည်းပဲ နှလုံးသွင်း မကောင်းယင် လောဘဇော ဒေါသဇောတွေ အကုသိုလ်ဇောတွေ ဇောတတ်တယ်။ ကိုင်း ဒါက ယေဘုယျပေါ့လေ။ ဇောလည်းဇောတယ်။

မြပေါ်စွာဘုရားက အခု ဒီမှာ ဘာပြောတော့နန်း။

ချစ်သား ဗာဟိယ၊ အဆင်းက မျက်စိမှာ ထင်လို့ စက္ခုဒွါရ် ဝီထိစိတ်ပဲလို့ ဒီအဆင်းကို အာရုံပြုပြီးတော့ ဝီထိစိတ်တွေ ဖြစ်ကြတယ်။ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ အဲဒီစိတ်တွေသည် ရူပါရုံ အဆင်းကို အာရုံသာ ပြုတာ၊ အဲဒီစိတ်တွေက ဒီရူပါရုံကို တပ်လည်း မတပ်မက်ဘူး၊ မုန်းလည်း မမုန်းဘူး၊ တွေလည်း မတွေဝေဘူး၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့မှာ လောဘ ဒေါသ မောဟ မပါဘူး။

အေး ... ချစ်သား၊ အဲဒီ စိတ်တွေထဲမှာ လောဘ ဒေါသ မောဟ မပါသလို ဝုဋ္ဌောစိတ်ရဲ့ နောက်မှကျတဲ့ ဇောစိတ်မှာလည်းပဲ လောဘ ဒေါသ မောဟ မပါတဲ့ မဟာကုသိုလ် ဇောစိတ်တွေဖြစ်အောင် ချစ်သား ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ပါလေ။

http:\\www.dhammadownload.com



ဟောဒါက တစ်ခုပေါ့။

တစ်နေ့လုံး ကြည့်လေ။ နားထဲကို အသံက လာပြီးတော့ သောတ ဒွါရ နားမှာ လာထင်သည်။ ထင်ယင် ကြားတဲ့စိတ်တွေ ဖြစ်ကုန်ရော။ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ အဲဒီလို ဝီထိစိတ်ဖြစ်တဲ့အနက် သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော တို့တုန်းက ဒီအသံကို အာရုံပြုရုံပဲ ပြုတယ်၊ ဒီအသံကို တပ်လည်း မတပ်မက်ဘူး၊ မုန်းလည်း မမုန်းတီးဘူး။ ဟယ်-ဒီအသံပေါ်မှာ ယုံမှား သံသယ=ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ=ပျံ့လွင့်မှု ဘာမှ မဖြစ်ဘူး။ ဒီ သောတ ဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့တုန်းက လောဘ ဒေါသ မောဟ မပါဘူးတဲ့။ မပါသလို ဝုဋ္ဌောစိတ်ကျပြီးတဲ့နောက် ကျလာတဲ့ ဇောမှာလည်းပဲ လောဘ ဒေါသ မောဟ မပါတဲ့ မဟာကုသိုလ်ဇောတွေ ဇောအောင် ချစ်သား အဓိပညာ သိက္ခာဆိုတဲ့ ဝိပဿနာတရားများ အားထုတ်ရမယ် ချစ်သား။ ဒီလို ပြောတယ်။

အာရုံသုံးမျိုးကိုကျတော့ မြတ်စွာဘုရားက ပေါင်းပြီးတော့ ပြောရ တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဗာဟိယဆိုတဲ့ ပုဂ္ဂိုလ်က သူက ကျဉ်း ကျဉ်းဟောမှ ကြိုက်တဲ့ပုဂ္ဂိုလ်။ ပါဠိလို 'သံခိတ္တရုစိပုဂ္ဂိုလ်'လို့ ခေါ်တယ်။ အကျဉ်းကို နှစ်သက်တဲ့ ပုဂ္ဂိုလ်။ အေး ... ဘုရားက အာသယာနုသယ ဉာဏ်တော့်ရှင်ဖြစ်တော့ ဗာဟိယသည် သံခိတ္တရုစိ ပုဂ္ဂိုလ်ပဲ၊ ကျဉ်းကျဉ်း ဟောမှ သူ့စိတ်နဲ့ အဆင်ပြေမယ်ဆိုတာ ဘုရားက သိတယ်။ ဗာဟိယ ကတော့ သူ့ကိုယ်သူ ဘယ်သိမလဲ။

## ဆိုင်ရာဒွါရသို့ရောက်မှ အာရုံယူသော ရုပ် ၃ ပါး

ဒီတော့ မြတ်စွာဘုရားမှာ ခြောက်ခွန်း ခြောက်ခွန်းဟောယင် ကျယ် နေမယ်။ ဒါကြောင့် လေးခုနဲ့ပြီးအောင် သဘာဝလည်း မဆန့်ကျင်ရ ဘူး။ အဲဒီလေးခုနဲ့ ပြီးအောင်ဆိုတော့ အနံ့ရယ်၊ အရသာရယ်၊ အတွေ့

http:\\www.dhammadownload.com



အထိရယ်၊ ဒီအာရုံသုံးမျိုးက ဆိုင်ရာ ဒွါရရောက်ပြီးတော့ ဒွါရမှာ ထင်ကြတယ်။ ဆိုကြပါစို့။ နှင်းဆီပွင့်ကလေးတစ်ပွင့် လေရဲ့အောက်ကထား၊ နှာခေါင်းနဲ့ လက်တစ်လုံးခြားထားလည်း မနံဘူး၊ အေး ... လေဟင်က ထားယင်ပေါ့လေ၊ တစ်ထွာလောက်က ထားလည်းပဲ အဲဒီကအနံ့ကလေးက လေက ယူဆောင်လာလို့ ဃာနဒွါရ ထိခိုက်တော့ အနံ့ရတယ်။

ဩော် ... ဂန္ဓာရုံများ ဃာနဒွါရရှိရာကို ရောက်ပါကလား၊ ဒီလိုသိရတယ်။ အရသာမှာလည်း ထို့အတူ။ မိမိရှေ့ ထမင်းပွဲကြီး ချထား၊ မစားလို့သာဖြင့် အချို အချဉ် အစပ် အငန် အဖန် အခါး ဘာမှ မရှိဘူး။ လျှာပေါ်တင်လိုက်မှ ဒါ ချိုတယ်၊ ချဉ်တယ်၊ စပ်တယ်၊ ငန်တယ်၊ ဖန်တယ်၊ ခါးတယ်။ ဆိုင်ရာဒွါရနဲ့ ရောက်ပြီးတော့မှ အာရုံနဲ့ ဒီလိုကို ခြိုပြီးတော့မှ သိတာတွေ ပေါ်လာပါလား။

ထို့အတူ ဖောဋ္ဌဗ္ဗာရုံ။ အကြမ်းအနု ပထဝီဖောဋ္ဌဗ္ဗ။ ပစ္စည်းဝတ္ထုတစ်ခု ကြည့်လိုက်တယ်။ အမြင်က ကြမ်းတယ် ထင်ပေမယ့် စမ်းကြည့်၊ နုတယ်။ အမြင်က နုတယ်ထင်ပေမယ့် စမ်းကြည့်ယင် ကြမ်းတာရှိတယ်။ ဒီတော့ အကြမ်းအနု၊ အပူအအေး၊ အပျော့အမာဆိုတာ ဒီအာရုံကို မြင်ရုံနဲ့ မဖြစ်ဘူး။ မြင်တာကလည်း အဆင်းမြင်တာပါပဲလေ။ ဒီအကြမ်းအနု၊ အပူအအေး၊ အပျော့အမာဆိုတာ မြင်ကို မဖြစ်ပါဘူး။ အေး ... သူက ကာယဒွါရနဲ့ရောက်မှ။ ဒါကြောင့် 'ဃာနာဒိတ္တယံ သမ္ပတ္တဝသေန'တဲ့။ ဃာနစိဝှါ ကာယသည် သမ္ပတ္တဂ္ဂါဟက=ရောက်သောအာရုံကို ယူတဲ့ ရုပ်တွေလို့ ဒီလို ပြောရတယ်။ အဲဒီတော့ ဒီသုံးခုကို ပေါင်းပြီးတော့ မြတ်စွာဘုရားက -

မုတေ မုတမတ္တံ ဘဝိဿတိ။

ဆိုင်ရာဒွါရသို့ ရောက်တဲ့ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ။

http:\\www.dhammadownload.com



အနံ့မျိုးစုံ ဂန္ဓာရုံကို အာရုံပြု၍ ဃာနဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော–လို့ ဖြစ်တယ်။ အရသာမျိုးစုံ ရသာရုံကို အာရုံပြု၍ ဇိဝှါဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ဝီထိစိတ်တွေ တန်းလျက် ဖြစ်တယ်။ အကြမ်းအနု၊ အပူအအေး၊ အပျော့အမာ၊ အတွေ့ ဖောဋ္ဌဗ္ဗရုပ်ကို အာရုံပြု၍ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော–လို့ ဝီထိစိတ်တွေ ဖြစ်တယ်။

ချစ်သား ဗာဟိယ၊ အဲဒီလို ဖြစ်တဲ့အခါမှာ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ သူ့နောက်ကပါတဲ့ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော။ အဲဒီ စိတ်တွေတုန်းက လောဘ၊ ဒေါသ၊ မောဟ လုံးဝ မပါသေးဘူး။ မပါသေးပါဘဲလျက်နဲ့ ဒီ ဝုဋ္ဌောကျမှ နလုံးသွင်းချော်ပြီးတော့ ဝုဋ္ဌော၏ အခြားမဲ့ ကျလာတဲ့ ဇောမှာ လောဘ ဒေါသ မောဟ ပါတာ မကိုက်ဘူး။

အေး ... ရှေ့က ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့တုန်းက လောဘ ဒေါသ မောဟ မပါသလို ဝုဋ္ဌော နောက်ကျတဲ့ ဇောမှလည်းပဲ လောဘ ဒေါသ မောဟ မပါတဲ့ ကုသိုလ်ဇော စောအောင် ချစ်သား ... ဝိပဿနာဆိုတဲ့ အဓိပညာ သိက္ခာတရားကို သင်ချစ်သား ပွားရမယ်။ ချစ်သား ပွားလေ။

## မဟာကုသိုလ်ဇော စောအောင် ပွားများနည်း

လေး။ ဝိညာတ–စိတ်ဖြင့်သာ သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ အဲဒီ ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရဝီထိ ဖြစ်တဲ့အခါမှာ မနောဒွါရာ ဝဇ္ဇန်း အခိုက်တုန်းက ဓမ္မာရုံကို သိရုံသာ သိတယ်၊ တပ်လည်း မတပ် မက်ဘူး။ မုန်းလည်း မမုန်းတီးဘူး၊ တွေလည်း မတွေဝေဘူး။ အေး .. မနောဒွါရာဝဇ္ဇန်းတုန်းက လောဘ ဒေါသ မောဟ မပါသလို မနော ဒွါရာဝဇ္ဇန်း၏ အခြားမဲ့မှာ ကျတဲ့ ဇောခုနစ်ကြိမ်မှာ လောဘ ဒေါသ မောဟ မပါတဲ့ မဟာကုသိုလ်ဇောတွေ စောအောင် ချစ်သား ....

http:\\www.dhammadownload.com



ဝိပဿနာဆိုတဲ့ အဓိပညာသိက္ခာတရား ချစ်သား ပွားများပါ။

ဘယ်လိုပွားများရမလဲ။ ပွားများပုံကို အဋ္ဌကထာမှာ သေသေချာချာ ဖွင့်တယ်။

ဗာဟိယသည် တဲ့၊ သံခိတ္တရုစိ ပုဂ္ဂိုလ်ဖြစ်လို့ မြတ်စွာဘုရားသည် အရှုခံဖြစ်သော အာရုံခြောက်ပါး၊ ပြီးတော့ ဝိညာဏ်ခြောက်ပါး၊ အဲဒီ တရားတွေကို သူတို့ရှိတဲ့ ပကတိ အပုံအတိုင်းပြောယင် တစ်ဆယ့်နှစ်ပုံ ပြောရမယ်။ အဲဒီ ဆယ့်နှစ်ပုံ ပြောရမယ့် ကိစ္စမှာ မပြောတော့ဘဲနဲ့ ဘုရားက ဒီအာရုံဘက်ကဆိုယင်လည်း ခြောက်ပုံ ပြောရမှာ မပြောဘဲ ရူပါရုံအတွက် ဒိဋ္ဌ=မြင်အပ်တဲ့ အာရုံ၊ သဒ္ဒါရုံအတွက် သုတ=ကြားအပ်တဲ့ အာရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံအတွက် မုတ=ရောက်အပ်တဲ့ အာရုံ၊ ဓမ္မာရုံအတွက် ဝိညာတ=သိအပ်တဲ့ အာရုံ၊ အဲဒီလို အာရုံ ခြောက်ပါးကို လေးခွန်းနဲ့ ပြီးအောင်ပြောရတယ်။

ဒီအာရုံတွေကို အာရုံပြုပြီးတော့ အသီးအသီး စက္ခုဒွါရဝီထိ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဒွါရဝီထိလို့ ဝီထိခြောက်မျိုး ဖြစ်တာကိုလည်းပဲ မြင်တတ်တဲ့ ဝီထိစိတ်ဆိုပြီးတော့=ဒိဋ္ဌ၊ ကြားတတ်တဲ့ ဝီထိစိတ်ဆိုပြီးတော့=သုတ၊ နမ်းရှုတယ်၊ လျက်တယ်၊ တွေ့ထိတတ်တဲ့ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိတွေကျတော့ ဆိုင်ရာ အာရုံသို့ ရောက်တတ်တဲ့=မုတ၊ ဒီနာမည်နဲ့ သုံးလိုက်တယ်။ အင်း .. တစ်ခါ မနောဒွါရဝီထိကျတော့ သိတတ်တဲ့=ဝိညာတ။

အဲဒီမှာ ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ၊ လေးလုံးထဲမှာ စကားလေးခွန်း ထဲမှာ အာရုံခြောက်ပါးလည်းပါအောင်၊ ဝီထိခြောက်ပါးလည်းပါအောင် ဘုရားဟောထားတာ။ မြတ်စွာဘုရားက ဉာတပရိညာ၊ တီရဏပရိညာ ပိုင်အောင် ဟောဒီအပိုင်းက ဖော်ပြတယ်။ ဘယ်လိုပြသလဲ။

ကထံ ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ နာမ။

http:\\www.dhammadownload.com



ရူပါယတနံ=အဆင်းမျိုးစုံ ရူပါရုံသည်။ ပဿိတဗ္ဗဋ္ဌေန=မြင်အပ်သော အနက်သဘောကြောင့်။ ကထံ=အသို့လျှင်။ ဒိဋ္ဌံနာမ=ဒိဋ္ဌမည်ပါသနည်း။

စက္ခုဝိညာဏံ=စက္ခုဝိညာဏ်စိတ်သည်။ တံ ဒွါရိကဝိညာဏေဟိ=ထိုစက္ခုဒွါရ၌ ဖြစ်တဲ့ စိတ်တို့နှင့်။ သဒ္ဓိံ=တကွ။ ဒဿနဋ္ဌေန=အဆင်းကို မြင်တတ်သော အနက်သဘောကြောင့်။ ဒိဋ္ဌံ နာမ=ဒိဋ္ဌမည်ပါတကား။

မြင်အပ်တဲ့ ဒိဋ္ဌ=အဆင်းမျိုးစုံကို ခေါ်တယ်။ မြင်တတ်တဲ့ ဒိဋ္ဌ=စက္ခုဒွါရ ဝီထိစိတ်တွေကို ခေါ်တယ်။ ဒီလို မှတ်ထားပါ။

တဒုဘယမ္ပိ=ထိုမြင်အပ် မြင်တတ် နှစ်ရပ်လုံးပင်လျှင်။ ယထာပစ္စယံ=အကြောင်းအားလျော်စွာ။ ပဝတ္တမာနံ=ဖြစ်၍နေသော။ ဓမ္မမတ္တမေဝ=ပရမတ္ထ သဘာဝမျှသာလျှင်ပါတကား။

ဩော် ... မြင်အပ်တာရယ်၊ မြင်တတ်တာရယ်၊ သူတို့ဆိုင်ရာ အကြောင်းကြောင့်ဖြစ်တဲ့ ပရမတ္ထ ဓမ္မသက်သက်ပါတကား။ ဓမ္မသက်သက်သာလျှင် ဟုတ်သဟဲ့။

န ဧတ္ထ ကောစိ ကတ္တာ ဝါ ကာရေတာ ဝါ။

ဧတ္ထ=ဤမြင်အပ် မြင်တတ် နှစ်ရပ်လုံး၌။ ကောစိ=တစ်စုံတစ်ခုသော။ ကတ္တာ ဝါ=ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သည် လည်းကောင်း။ ကာရေတာ ဝါ=အပြုခိုင်းတဲ့ ပုဂ္ဂိုလ်သည် လည်းကောင်း။ န အတ္ထိ=မရှိပါတကား။ ဒါက ပုဂ္ဂလဒိဋ္ဌိ ကွာအောင် နှလုံးသွင်းနည်းပေါ့။

## ပရိညာ ၂ ပါး ဖြစ်ပုံ

အေး ... မြင်အပ်တဲ့ အဆင်းမျိုးစုံ ရူပါရုံ၊ မြင်တတ်တဲ့စိတ်တွေ၊ အဲဒီတရား နှစ်မျိုးလုံးသည်ပင်လျှင် အကြောင်းအားလျော်စွာ ဖြစ်ပေါ်သော ပရမတ္ထ ဓမ္မသက်သက်ပါတကားလို့ အဲဒီလို ရှုလိုက်ခြင်းသည်

http:\\www.dhammadownload.com



နာမရူပပရိဂ္ဂဟဉာဏ်=ဉာတပရိညာလို့ ခေါ်တယ်။ နာမ်ရုပ်ကို ကွဲကွဲပြားပြား သိတဲ့အပိုင်းပေါ့။

ပြီးတော့ တစ်ခါ ထို မြင်အပ် မြင်တတ် တရားနှစ်ရပ်လုံးသည်ပင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်ဘူး၊ နာမ်ရုပ်အစုမျှသာ ဟုတ်တယ်လို့ အဲဒီလို သိတာက နာမရူပဝဝတ္ထာနဉာဏ် ပရိညာသုံးပါးမှာ ဉာတပရိညာပဲ။

အေး ... ဉာတပရိညာက ဟောဒီ ဟောဒီ တရားတွေက ပရမတ္ထတရား၊ ဒီအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမတွေလို့ ခေါ်ဆိုတာက ပညတ်တရား၊ ဘာမှ မဆိုင်ဘူး။ အဲဒီလို ကွဲကွဲပြားပြား သိတဲ့ အသိဉာဏ်ကို နာမရူပဝဝတ္ထာနဉာဏ်လို့ ခေါ်တယ်။

အဲဒီ နာမရူပဝဝတ္ထာနဉာဏ်နဲ့ နာမ်ရုပ်နှင့် ပညတ်ကို ခွဲခြားသိပြီးမှ ပစ္စယပရိဂ္ဂဟ ခေါ်တဲ့ နာမ်ရုပ်တို့၏ အကြောင်းတရားကို သိမ်းဆည်းဆင်ခြင်တဲ့ ဉာဏ်ဖြစ်အောင် ဆင်ခြင်ရတယ်။

ဆင်ခြင်ပုံက ဘုန်းကြီး ယခု တရားဟောနေတဲ့ အသံတွေကို စဉ်းစားကြည့်ကြပါ။

သေသေချာချာ ကြည့်ယင်ပေါ့လေ။ အသံ သဒ္ဒရုပ်တွေဟာ တစ်မျိုးပြီး တစ်မျိုး၊ တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲဖြစ်နေတယ်။ တစ်မျိုးဖြစ်ချုပ်ပြီးမှ နောက်တစ်မျိုးဖြစ် ချုပ်လာတာ။ ဒါကို မြင်ရလို့ အေး-သူတို့ကို ဖြစ်အောင် လုပ်ပေးတဲ့စိတ် စေတသိက်ဆိုတဲ့ နာမ်တရားတွေကိုက=တဖြစ်ချုပ်ချုပ်တရားက ပေါက်ပွားလာလို့ ဒီအကျိုးတရားတွေလည်းပဲ တဖြစ်ချုပ်ချုပ် ဖြစ်ရတာပေါ့။ အနိစ္စ အကြောင်းကြောင့်ဖြစ်လာတဲ့အကျိုး ဘယ်တော့ နိစ္စဖြစ်မလဲ၊ ဒုက္ခ အကြောင်းကြောင့်ဖြစ်လာတဲ့အကျိုး ဘယ်တော့ သုခဖြစ်မလဲ၊ အနတ္တအကြောင်းကြောင့်ဖြစ်လာတဲ့အကျိုးသည် ဘယ်တော့အတ္တ ဖြစ်မလဲ။ မဖြစ်နိုင်ဘူးနော်။

http:\\www.dhammadownload.com



အဲဒီလို ပရမတ္ထကို ဉာဏ်ရောက်အောင် စဉ်းစားယင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အလွယ်နဲ့မြင် ဖြစ်သွားတယ်။ အဲဒီလို မြင်ပြီးတော့ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆင်ခြင်ပွားများတာကို **တီရဏပရိညာ**လို့ ခေါ်တယ်။

ဒီ ပထမပိုင်း အပိုဒ်က ဉာတပရိညာနဲ့ တီရဏပရိညာ နှစ်ပါး ယှဉ်ပြီးတော့ ပြောတာ၊ ခုနင်ကပြောတဲ့ ဉာတပရိညာ ပြီးပြီ။

တီရဏပရိညာဖြစ်ပုံ ဘယ့်နယ်လဲ။

ယတော တံ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ။

ယတော=အကြင်ကြောင့်၊ (ဝါ)ပုဂ္ဂိုလ်မဟုတ် ငါမဟုတ် နာမ်ရုပ် အစုမျှသာ ဖြစ်လေသောကြောင့်။ တံ=ထိုမြင်အပ် မြင်တတ် နှစ်ရုပ်သော ဒုက္ခတရား အစုသည်။ ဟုတွာ အဘာဝဋ္ဌေန=ဖြစ်ပြီးလျှင် ချုပ်ပျောက်တတ်သောကြောင့်။ အနိစ္စံ=အနိစ္စပါတကား။ ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန=အဖြစ်အပျက်တို့ဖြင့် အနိုင်စက်ခံနေရသောကြောင့်။ ဒုက္ခံ=ဆင်းရဲအတိ ဒုက္ခပါတကား။ အဝသဝတ္တနဋ္ဌေန=အလိုသို့ မလိုက်ပါသော အနက်သဘောကြောင့်။ အနတ္တာ=အစိုးမရ-အလိုသို့ မလိုက်ပါတဲ့ အနတ္တပါတကား။

အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပိုင်ပိုင်နိုင်နိုင် ဆုံးဆုံးဖြတ်ဖြတ်သိတာကို **တီရဏပရိညာ**လို့ ခေါ်တယ်။

မြတ်စွာဘုရားက "ချစ်သား၊ ဇောခဏမှာ လောဘ ဒေါသ မောဟ မပါတဲ့ မဟာကုသိုလ်ဇောတွေ ဇောအောင် ဝိပဿနာ အဓိပညာ သိက္ခာတရား ပွားပါဆိုတာ အခုပြောတဲ့အတိုင်း အပွားခိုင်းတာ။ ကျန်တဲ့ သုတ မုတ ဝိညာတမှာလည်းပဲ ဒီအတိုင်းပဲတဲ့။ ဒီအတိုင်းပဲဆိုတော့ ဘုန်းကြီးတို့၊ ဒီ စာပေအရည်အချင်း ရှိကြတဲ့ ဘုန်းကြီးချင်းကျတော့ ပြောလို့ လွယ်တယ်။ အေး ... သုတ ကို ဒီလို သွားရမယ်။ မုတကို ဒီလို သွားရ

http:\\www.dhammadownload.com



မယ်၊ ဝိညာဏ်ကို ဒီလို သွားရမယ်လို့ ပြောယင် ဖြစ်တာပဲ။ အေး ... ဒကာ ဒကာမတွေကျတော့ ဘုန်းကြီးတို့ ပြောတဲ့ ပါဠိကို ဘာသိမလဲ။

## လင်္ကာကဗျာနှင့် တရားနှလုံးသွင်းနည်း

ဒကာ ဒကာမအဖို့ကျတော့ သင့်လျော်လျောက်ပတ်သော မြန်မာစကားပြေ၊ သို့မဟုတ် မြန်မာလင်္ကာ စကားပြေနဲ့ နှလုံးသွင်းချင်ယင် သွင်း၊ လင်္ကာနဲ့ နှလုံးသွင်းချင်ယင် သွင်း။ လင်္ကာရအောင် ကျက်ပြီးတော့မှ ဒီလင်္ကာကို စကားချဲ့တဲ့ စကားပြေ လုပ်ယူယင်လည်းပဲ ကောင်းသပေါ့။ ဟာ–ဒီလို တရားနှလုံးသွင်းတဲ့အခါ လင်္ကာတွေ ဘာတွေနဲ့ ဆိုယင် ကဗျာဂီတိတွေ ဖြစ်မကုန်ဘူးလားဆိုတော့ မဖြစ်ပါဘူး။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးများ အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း စီးဖြန်းဖို့ လင်္ကာတောင် ရေးပေးခဲ့သေးတာ။

မဟာနုဘော်၊ ရဟန်းတော်တို့၊ ရှင်ပျော်ညဉ့်လုံး၊ ကျင့်သုံးဓမ္မ၊ စောစောထ၍၊ စေတီယင်္ဂဏ၊ စသည်ဝတ်ဝတ်၊ မချွတ်ပြုကာ၊ ချိန်ခါလင့်ထ၊ အာသနဥ္စ၊ ဝိသတ်ိသာ၊ ဝါရာပတ်လုံး၊ ပိုက်ကျုံးစီးဖြန်း၊ သက်နှန်းသပိတ်၊ ပရိက္ခရာ၊ ယူဆောင်ကာလျှင်၊ သာယာပျံ့ပျူး၊ ဆန်းထူးစိမ့်စိုး ရင့်မြိုင်ဝ၊ ဝိဝေကကို၊ အာဟာရကွက်၊ မငဲ့ကွက်ဘဲ၊ စားမက်ရှာရေး၊ သုသာန်ပြေးသည်၊ တောခွေးအလား၊ ရွာသို့သွားသော်၊ စဉ်အားရောက်အောင်၊ ကွင်းမရှောင်ရ၊ အိမ်မြှောင်ကြွက်ချေး၊ လင်းနို့ချေးနှင့်၊ ခိုချေးရှဉ့်ချေး၊ လူချေး ရွံ့ဗွက်၊ ချောက်နက်သစ်ငုတ်၊ အကောင်ပုပ်ပွမ်း၊ ဆွမ်းခံလမ်းသို့၊ ကြိုးပမ်းချီရ၊ တံခါးဝက၊ များလှဘေးကျမ်း၊ ခွေးကြမ်းနွားဆိုး၊ ဆင်မြင်းဆိုးကြောင့်၊ ငံ့လျှိုးမျက်လွှာ၊ မနေသာခဲ့၊ မျှော်ကာကြည့်ရ၊ ပြန်ကာလလည်း၊ သေနယော၊ အာဟာရောသည်။ အဟော စက်ဆုပ်ဖွယ်တကား။ (ဘေဒနီ၊ ၂၊ ၃၇၂။)

အာဟာရေ ပဋိကူလသညာကို လင်္ကာလို နှလုံးသွင်းယင် ဒီအတိုင်း သွင်းဖို့ ရေးထားတာ ရှိပါတယ်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား

http:\\www.dhammadownload.com



ကြီးများ ပရမတ္ထသရူပဘောဒနီ ကမ္မဋ္ဌာန်းပိုင်းမှာ အာဟာရေ ပဋိကူလ သညာအတွက် ဂမနပရိယေသန အပိုင်းနဲ့ အပိုင်းနဲ့ ခြောက်ခု ခြောက်ပုဒ်လောက် ရှိပါတယ်။ အဲဒီလို နှလုံးသွင်းယင် နည်းနည်း စိတ်ထဲ ရွှင်ပျသပေါ့။ ဘုရားရဲ့ အဘိဓမ္မာ တရားတော်သည် နဂိုပကတိကိုက ခြောက်နေရတဲ့အထဲ စကားပြေနဲ့ဆိုတော့ တော်တော်ကြာ နှလုံးသွင်းရင်း အိပ်ပျော်သွားမယ်။ ပျင်းသွားတတ်တယ်။ ဒီတော့ စိတ်မပျင်းဘဲနဲ့ စိတ်ကလေး ရွှင်ရွှင်နဲ့ တစ်ခေါက်က နှစ်ခေါက်၊ နှစ်ခေါက်က သုံးခေါက် နှလုံးသွင်းမိအောင် ဒီလိုပဲ ဆရာတော်ကြီးများ နှလုံးသွင်းခိုင်းတတ်ပါတယ်။ အဲဒါ သမထကမ္မဋ္ဌာန်း။

ဝိပဿနာကမ္မဋ္ဌာန်းမှာ ဒီလို လင်္ကာ မရှိဘူးလား ဆိုတော့ ရှိတယ်။ ဒီသမ္မသနဉာဏ် အခန်းမှာပဲ။ ဝယောဝုဍ္ဎတ္ထင်္ဂါမိတော=ဆိုတဲ့အပိုင်းမှာ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက –

သုံးပါးသက်ရှယ်၊ ဆယ်ဒသက၊ ပဥ္စကတည်း။ စတုကတိ၊ ဒွိနှင့်ဧက၊ သုံးဝဉတု၊ ရတုခြောက်သွယ်၊ လကွယ်လဆန်း၊ ဒိဝန်းရတ္တိ၊ ဆဗ္ဗိအခါ၊ ကိရိယာဆ၊ ဥဒ္ဓရပဟု၊ စသည်ခြောက်ခု၊ ထိုထိုစုဒ္ဒိ၊ ရှိမှုဉသုံ၊ အလုံးစုံသည်၊ ရှေ့တုံမဖြစ်၊ တဆစ်တရပ်၊ တစပ်တသင်း၊ နှမ်းအိုးကင်းထက်၊ နှမ်းစေ့ကျက်သို့၊ ကွဲပျက်ကြေမွ၊ အနိစ္စသည်။ ဒုက္ခအနတ္တ ချည်းပါတည်း။ (ဘောဒနီ၊ ဒု၊ ၅၄၆) လို့ –

အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုဖို့အတွက် ဒီလို လင်္ကာရေးပေးထားတာ ရှိတယ်။

## ဒိဋ္ဌ သုတ မုတ ဝိညာတဋ္ဌ တရားရှုပွားရန် လင်္ကာများ

အဲဒီအတိုင်း အခု ဗာဟိယသုတ်မှာ လေးစုထားပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာ အဓိပညာသိက္ခာကို နှလုံးသွင်းရမှာပါတဲ့။ အဲဒီလို နှလုံးသွင်းနိုင်အောင် လင်္ကာလေးတွေတော့ စီထားတယ်။ ဒါပေမယ်လို့ လဟု ဂရုမှာ ဂရုနဲ့ လွဲပြီးတော့ စီလို့က မရဘူး။ လဟုနဲ့ပဲ

http:\\www.dhammadownload.com



အာရုံတွေက များနေတော့ ရွတ်ရ ဆိုရတာ ခပ်ထောင့်ထောင့် ခပ်အောင့်အောင့် ရှိသပေါ့။

ဒါပေမယ်လို့ မိမိစိတ်ထဲမှာ သဘောကျပြီးတော့ လေးလေးဆေးဆေး ရွတ်ယင်တော့လည်း ထောင့်ထောင့်အောင့်အောင့် ရှိမယ်မဟုတ်ပါဘူး။ အဲ - ဒိဋ္ဌ သုတ မုတ ဝိညာတ လေးမျိုး။

မြင်အပ်တဲ့ ဒိဋ္ဌ=ဘာခေါ်သလဲ၊ အဆင်းမျိုးစုံကို ခေါ်တယ်။

မြင်တတ်တဲ့ ဒိဋ္ဌ=မြင်တတ်တဲ့ စိတ်တွေ=စက္ခုဒွါရဝီထိစိတ်တွေကို ခေါ်တယ်။

ကြားအပ်တာဆိုယင် အသံမျိုးစုံကို ခေါ်သတဲ့။

ကြားတတ်တယ်ဆိုတာ ကြားတတ်တဲ့ စိတ်တွေ။ သင်္ဂြိုဟ်စကား ပြောယင် သောတဒွါရ ဝီထိစိတ်ကို ခေါ်သတဲ့။ အေး ... ဒီနှစ်မျိုးကို သုတ သုတလို့ ခေါ်တယ်။

အေး ... ရောက်အပ် ရောက်တတ်။ အဲဒါက ဒီတရားနာ ပရိသတ်တွေအနေနဲ့ ဒီသုတ္တန်ကိုက ဃာန ဇိဝှါ ကာယကို တပေါင်းတည်းထားလို့ ဒီအတိုင်းပဲ၊ ကျော်လည်း မကျော်ဝံ့လို့ ဒီသုတ်နဲ့ဆိုင်ရာ လင်္ကာကို ဒီအတိုင်းပဲ ရေးရတယ်။

ရောက်အပ်ဆိုတာ–ဃာန ဇိဝှါ ကာယတို့ဖြင့် ရောက်အပ်တဲ့ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတာ သိပါ။

ရောက်တတ်ဆိုယင် အဲဒီ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံသို့ ရောက်၍ အာရုံပြုတတ်တဲ့ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ။ ဒီဝီထိစိတ်တွေကို ခေါ်တယ်။ အဲဒီ ရောက်အပ် ရောက်တတ် နှစ်ရပ်စလုံးကို မုတလို့ ခေါ်တယ်။

သိအပ် သိတတ်ဆိုယင် သိအပ်တာက ဓမ္မာရုံ၊ သိတတ်တာက မနောဒွါရ ဝီထိခေါ်တယ်။ နှစ်ရပ်လုံးကို ပါဠိလို ဝိညာတခေါ်တယ်။ ဝိညာတဆိုယင် ဒီတရား ဒီတရားပဲလို့ သိပေါ့။

http:\\www.dhammadownload.com



ဒိဋ္ဌဆိုယင် ဒီတရား၊ သုတဆိုယင် ဒီတရား၊ မုတဆိုယင် ဒီတရား၊ ဝိညာတဆိုယင် ဒီတရားလို့ သိဖို့ နားနှူးနေပါတယ်။ အေး–သိပြီးတော့ ဟောဒီလို နှလုံးသွင်းကြည့်စမ်းရမယ်။

ဒိဋ္ဌ၌ ဝိပဿနာရှုပုံလင်္ကာ

(၁) မြင်အပ် မြင်တတ်၊ ဤနှစ်ရပ်ကား၊ ခတ်အစုမျှ၊ မည်ဒိဋ္ဌ၊ ဓမ္မသက်သက်ပါတကား။

မြင်အပ်တဲ့ အဆင်းတွေ၊ မြင်တတ်တဲ့ စက္ခုဒွါရ ဝီထိစိတ်တွေ၊ ဤနှစ်ရပ်ကား အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြတဲ့ ခတ်အစုမျှသာ ဖြစ်တယ်။ သူတို့နာမည် ပါဠိလို ဒိဋ္ဌလို့ ခေါ်တယ်။ တကယ်စင်စစ် ဆိုတော့ နှစ်မျိုးစလုံးပဲ ပရမတ္ထ ဓမ္မသက်သက်သာလျှင် ဖြစ်ပါတကား။ ဒီအဓိပ္ပာယ်နဲ့ "မြင်အပ် မြင်တတ်၊ ဤနှစ်ရပ်ကား၊ ခတ်အစုမျှ၊ မည်ဒိဋ္ဌ၊ ဓမ္မသက်သက်ပါတကား"

(၂) ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုပါတကား။

အသေအချာ မေးကြည့်။ မြင်အပ်တဲ့ အဆင်းကို အဖြူကလေးကို ပုဂ္ဂိုလ်လို့ ပြောတာလား၊ အနီကို ပြောတာလား၊ အဝါကို၊ အစိမ်းကို ပြောတာလား ကြပ်ကြပ်စစ်။ မြင်အပ်တဲ့ အာရုံကို။ ဒီလိုစစ်ပြောယင် ပုဂ္ဂိုလ်ရှာမတွေ့ဘူး။ ငါရယ်၊ သူတပါးရယ် မတွေ့ဘူး။ "ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား ... " ဒါက နာမရူပဝဝတ္ထာနဉာဏ်လို့ ဘုန်းကြီးတို့ စာထဲက ခေါ်ပါတယ်။ နာမ်ရုပ်နဲ့ ပညတ်ကို တခြားစီ၊ နာမ်ရုပ်က အဟုတ်ရှိတာ။ ထိုပုဂ္ဂိုလ် သတ္တဝါဆိုတာ ဟုတ်ကို မဟုတ်ဘူး၊ ပညတ်တင်လို့သာ တင်ထားတာ၊ ဒါ မရှိတဲ့ တရား။ "ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား"

(၃) ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။

(၄) အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။

(၅) လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

http:\\www.dhammadownload.com



ဟောဒီလို နှလုံးသွင်းရအောင်။ ဒိဋ္ဌပိုင်းကို နှလုံးသွင်းတတ်ယင် သုတ မုတ ဝိညာတပိုင်းကျတော့ လွယ်သွားလိမ့်မယ်။ ကိုင်း–ရွတ်ကြည့်ရအောင်။ ရွတ်ကြည့်ရအောင်၊ အားလုံး လိုက်ဆိုကြ။

(က)(၁)မြင်အပ် မြင်တတ်၊ ဤ နှစ်ရုပ်ကား၊ ဓာတ်အစုမျှ၊ မည်ဒိဋ္ဌ၊ ဓမ္မသက်သက်ပါတကား။
(တစ်ပိုဒ်စီ ၂ ခေါက်ချပေး၍ အားလုံး လိုက်ဆိုကြသည်။)
(၂) ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
(၃) ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
(၄) အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။
(၅) လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

(ခ) (၁) ကြားအပ် ကြားတတ်၊ ဤနှစ်ရုပ်ကား၊ ဓာတ်အစုမျှ၊ မည်သုတ၊ ဓမ္မသက်သက်ပါတကား။
(၂) ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
(၃) ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
(၄) အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။
(၅) လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

(ဂ) (၁) ရောက်အပ် ရောက်တတ်၊ ဤနှစ်ရုပ်ကား၊ ဓာတ်အစုမျှ၊ မည်မုတ၊ ဓမ္မသက်သက်ပါတကား။
(၂) ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
(၃) ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
(၄) အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။
(၅) လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

(ဃ)(၁)သိအပ် သိတတ်၊ ဤနှစ်ရုပ်ကား၊ ဓာတ်အစုမျှ၊ ဝိညာတ၊ ဓမ္မသက်သက်ပါတကား။
(၂) ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။

http:\\www.dhammadownload.com



(၃) ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
(၄) အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။
(၅) လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

တစ်စုတစ်စုမှာ လင်္ကာငါးပုဒ် ငါးပုဒ် ရှိတယ်။ ရှေ့နှစ်ပုဒ်က ဉာတပရိညာဖို့ ပြောတာ၊ နောက် သုံးပုဒ်က တီရဏပရိညာဖို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဆုံးဆုံးဖြတ်ဖြတ်သိတဲ့ အသိဉာဏ်ကို တီရဏပရိညာလို့ ခေါ်တယ်။ အဲဒီ ဉာတပရိညာ၊ တီရဏပရိညာ နှစ်ပါးပေါင်းမှ နှစ်ပါးကို အစုဆယ်စုလောက်ပေါ့လေ၊ ဆိုကြပါစို့။

ပထမတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သာမန်သိရုံပဲ။ ဒီ အရှုခံတရားနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိရမယ်။ ဒီလိုသိလို့ ရင့်သန်လာတဲ့အခါကျတော့ အဖြစ်အပျက် ဥဒယဗ္ဗယဉာဏ်ဆိုတဲ့ အသိဉာဏ် တိုးသိလာတဲ့ အသိဉာဏ် လာလိမ့်ဦးမယ်။ ရိုးလာတော့ တော်တော်ကြာ နေပါဦး၊ ဒီဟာတွေ ဘာကြောင့် ဖြစ်သလဲ၊ ဆရာဥပဇ္ဈာယ်ကို မေးတယ်၊ အင်း ... ဖြစ်တာပေါ့၊ ရုပ်တရားဖြစ်တာအကြောင်း၊ ရုပ်တရားပျက်တာ ဘာ့ကြောင့် ဖြစ်တယ်၊ ဘာကြောင့် ပျက်တယ်။

## ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ပုံ

အင်း ... ဖြစ်တာ ပြောရမလား၊ အဝိဇ္ဇာကြောင့် ရုပ်ဖြစ်တယ်၊ တဏှာကြောင့် ရုပ်ဖြစ်တယ်၊ ကံကြောင့် ရုပ်ဖြစ်တယ်။ အေး ... ကံနေရာမှာ တချို့ စိတ်ကြောင့် ရုပ်ဖြစ်တယ်၊ ဥတုကြောင့် ရုပ်ဖြစ်တယ်၊ အာဟာရကြောင့် ရုပ်ဖြစ်တယ်၊ ရုပ်က။ အေး ... ဖောက်ပြန်မှု သဘောကလေး နဂိုက မရှိဘဲနဲ့ ဥပါဒ်ထင်ရှား ဖြစ်ပွားလာတာကို ရုပ်ရဲ့ဖြစ်ခြင်းလို့ ခေါ်တယ်။ ဩော် ... ဟုတ်ပြီ၊ သဘောကျတယ်။ ဒါ ဥဒယဉာဏ်။

## အနိစ္စသဘော

ထို့အတူပဲ ရုပ်ပျက်မှုနဲ့ ပတ်သက်၍လည်းပဲ အဝိဇ္ဇာချုပ်ယင် ရုပ်ချုပ်တာပဲ၊ တဏှာချုပ်ယင် ရုပ်ချုပ်တာပဲဟဲ့၊ ကံချုပ်ယင် ရုပ်ချုပ်တာပဲ

http:\\www.dhammadownload.com



ဟဲ့၊ အာဟာရချုပ်ယင် ရုပ်ချုပ်တာပဲ။ ဘိဇ္ဇနသဘောကလေး အခုနင်က ပေါ်ပေါ် ပေါ်လာဖြစ်ထွန်းလာတဲ့ ဒီသဘောကလေး ကွယ်ပျောက်သွားတဲ့ အခိုက်ကို ရုပ်ချုပ်တာ ခေါ်တယ်။ ဒီလို အသိတစ်မျိုး တိုးလာတယ်။

အေး-ဒီလိုဆိုတော့ တဖြစ်ချုပ်ချုပ်နေတာပါကလား၊ "ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား"

တဖြစ် ချုပ်ချုပ်နေတဲ့ ဒီတရားကို မြဲစွဲပြီးတော့ ဗိုလ်သုခဆိုယင် မှားဏ်။ ဥပမာ ပြောကြစို့။ သတ္တဝါလေး တစ်ကောင် ဖြစ်လာတယ်။ သုံးရက်အသက်ရှည်မယ်ထား၊ ပထမတစ်ရက် ကြည့်လိုက်ယင် သူ့ငယ်နာက ပါလာတယ်၊ ဒုတိယတစ်ရက်ကျတော့ သူ့ငယ်နာက တော်တော်ရင့်တယ်၊ တတိယရက်ကျတော့ သူ့ငယ်နာက အသက်ကို ခြွေမယ့် အခြေအနေမျိုး ရောက်လာတယ်။ အဲ-တတိယရက်ကျတော့ အသက်ခြွေသွားရော။

## ဒုက္ခသဘော

အေး ... ဒီလို ကြည့်မယ်ဆိုယင် ပထမရက် ကြည့်လည်း ဒုက္ခ ဒုက္ခ ဒုက္ခလို့ မြင်ရတယ်။ ဒုတိယရက် ကြည့်လည်း ဒီသူ့ငယ်နာ အနှိပ်စက်ခံနေရတာ မြင်လို့ ဒုက္ခ ဒုက္ခ ဒုက္ခ၊ တတိယရက်ကျတော့ အသက်ခြွေမယ့် သူ့ငယ်နာ အနှိပ်စက်ခံရလို့ ဒုက္ခ ဒုက္ခ ဒုက္ခလို့ ဒါလို ညည်းကြတယ်။ မြင်ကြတာပ။ အေး ... ဒါလိုပဲ၊ မိမိတို့ သန္တာန်မှာ ဖြစ်တဲ့ ရုပ်တရား နာမ်တရား နှစ်မျိုးစလုံးတွင် ဖြစ်တဲ့အပိုင်း၊ တည်တဲ့အပိုင်း၊ ပျက်တဲ့အပိုင်း သုံးပိုင်း ရှိတယ်။ အဲဒါကို ခဏငယ်သုံးချက်လို့ စာခေါ် ခေါ်တယ်။

အဲဒီတော့ ဖြစ်တယ်ဆိုတဲ့ အပိုင်းမှာ ဇာတိမီး ဟုန်းဟုန်းတောက်လောင်နေတယ်။ တည်တယ်ဆိုတဲ့ အပိုင်းမှာ ဇရာမီး လောင်နေတယ်။ ပျက်တယ်ဆိုတဲ့ အပိုင်းမှာ မရဏမီး လောင်တယ်။ အချိန်မရွေး သုံးသပ်ကြည့်ယင် မီးလွတ်တဲ့ အချိန်ရယ်လို့ တစ်ချိန်မှ မရှိတဲ့ ဒီရုပ်နာမ်

http:\\www.dhammadownload.com



တရားကို ငါ ဘယ့်နှယ်လုပ်ပြီးတော့ သုခလို့ ပြောဝံ့စရာ ရှိသေးတုန်း။ အခုနင်က သုံးရက် အသက်ရှည်တဲ့ သူငယ်နာ အနှိပ်စက်ခံရတဲ့ ကလေးကျတော့ တစ်ရက်မှ သုခလို့ မပြောဘူး။ ဒုက္ခ–ဒုက္ခ၊ ဒုက္ခ–ဒုက္ခ၊ ဒုက္ခ–ဒုက္ခနဲ့ အဲဒါလို အခုလည်းပဲ ဒီအတိုင်း အဖြစ်အပျက်ဆိုယင် ဖြစ်တာ ဇာတိမီး၊ ပျက်တာ မရဏမီး၊ အလယ်ခေါင်မှာ ဇရာမီးကို မြှုပ်ထားခဲ့တယ်။ သိပ်ပြီးတော့ ပူနေမှာ စိုးလို့ပေါ့။ အေး ... အဲဒီလို ဒုက္ခသဘော သိရမယ်။

## အနတ္တသဘော

အနတ္တသဘော=ကိုယ်က ဒီတရားသံလေးတွေ၊ ကိုယ်ရွတ်တဲ့ အသံကလေးတွေ ပျောက်မသွားချင်ဘူး၊ ကိုယ့်အသံကလေးကို ကိုယ်ပြန်ကြည်ညိုချင်တယ်။ အဲ ... ငါတရားနာမယ်၊ ဒီတရားသံ မပျောက်ပါစေနဲ့၊ ငါ့နားထဲ အမြဲသာ နေစမ်းပါဆိုလို့ ဘယ်ရမလဲ။ တစ်လုံးပြီးတစ်လုံး ချုပ်နေတာပဲ။ တစ်လုံးချုပ်ပြီး တစ်လုံးပေါ်၊ တစ်လုံးချုပ်ပြီး တစ်လုံးပေါ်၊ နောက်ဆုံး အလုံးကလေးများ ကျန်ရစ်မလား အောက်မေ့တယ်၊ သူကလည်း ဖြစ်ပြီးယင် ချုပ်သွားတယ်။

ဒီတော့ ကိုယ်လိုချင်တဲ့ အလို တစ်စက်မှ မရဘူး။ "လိုမပါချက်၊ သူ့အနက်၊ သက်သက် အနတ္တပါတကား"လို့ အဲဒီလို အားလုံး တရားမှန်သမျှသည် နိဗ္ဗာန်ကလွဲယင် အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပဲ။

ဒီတော့ ဒို့ တွေ့နေ မြင်နေ ကြားနေ ရောက်နေ သိနေတဲ့ တရားမှန်သမျှ ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပါကလား။ ပထမတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရိုးရိုး ရှုတယ်။ နောက်ကျတော့ အဖြစ်အပျက်နဲ့ တွဲပြီးတော့ သိတယ်။

အဖြစ်အပျက်ဆိုတာ စကားသာ ထည့်ပြောနေရတာပါ၊ အဖြစ်ထည့်မပြောနဲ့တော့၊ တော်တော့၊ အပျက်ချည်းထဲပဲ။ ကြာတော့ အဖြစ် မပြောချင်ဘူး၊ အပျက်ပဲ ပြောချင်လာတယ်။ ဟာ ... အဖြစ်ဆိုတာ

http:\\www.dhammadownload.com



စကားထဲ ထည့်ပြောလို့သာ ပြောနေရတာ၊ မပြောပါနဲ့တော့၊ ပျက်တာ ချည်းပါပဲလို့ အပျက်ကို အလေးပြု ပြောလာတဲ့အပိုင်း ရောက်လာလိမ့် မယ်။ အဲဒီလို ဝမ်းထဲက သိလို့ ပြောလာတဲ့ အသိဉာဏ်ကို ဘင်္ဂဉာဏ် လို့ ခေါ်တယ်။

တပျက်တည်း ပျက်နေတာကို မြင်တော့ စိတ်ထဲမှာ ဩော် ... ဒီ တရားတွေ ကြောက်စရာတွေပါကလား။ နို့ စောစောကတော့ သာယာ စရာ၊ နှစ်သက်စရာ၊ အားကိုးစရာ ဒီလို မှတ်တယ်။ တကယ်ဆိုတော့ ဒီတရားတွေဟာ ကြောက်စရာ တရားတွေပါလား။

ဆိုပါစို့။ မြွေဆိုး မြွေဟောက်။ တကတည်း အဆိုးအကောင်းမှန်း ဘာမှန်းမသိတဲ့ ကလေးတုန်းကတော့ လည်ပင်းက အရစ်သုံးရစ်ကပဲ လှသယောင်ယောင် ထင်သလိုပေါ့။ အဲ ... နောက်တော့ သိတတ်တဲ့ အရွယ်ရောက်တော့ ဒီအရစ် သုံးရစ်ကိုက ကြောက်စရာ လက္ခဏာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အရစ်သုံးရစ်နဲ့ တူတယ်။

အေး ... အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ဒီမြွေဟာ ကြောက်စရာ မြွေလို့ သိတယ်။ အေး ... ထို့အတူပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လည်ရစ်သုံးရစ် ပါတဲ့ ဒီရုပ်နာမ်တရားကို မကြောက်ယင် ဘယ်ဖြစ်မလဲ၊ ကြောက်ရမယ့် တရားလို့ သိတယ်။

စောစောကတော့ အားကိုးရမလားလို့ အောက်မေ့တယ်။ ဒီ ဝိပဿ နာဉာဏ် သုံးဆင့်လေးဆင့်လောက် ရောက်သွားယင် ဘာမှ အားကိုး စရာ မရှိဘူးဆိုတာ သိလာတယ်။ အာဒီနဝဉာဏ်။

သိလေ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ထပ်တလဲလဲ နှလုံးသွင်းလေ၊ တော်တော်ကြာတော့ ဒီ အာဒီနဝဉာဏ်နဲ့ သိပြီးရာက နိဗ္ဗိဒါဉာဏ်ဆိုပြီး အသိတစ်မျိုးပေါ်လာလို့ ဒီရုပ်နာမ်ပေါ်မှာ ငြီးငွေ့တဲ့ အသိဉာဏ် တစ် ဆင့်တက်ပြီးသိလို့ အဲဒီ နိဗ္ဗိဒါဉာဏ်ကျတော့လည်းပဲ နိဗ္ဗိဒါဉာဏ်က အသိဉာဏ်သစ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဝိပဿနာရှုတဲ့ သမ္မသန

http:\\www.dhammadownload.com



ဉာဏ်နဲ့ပဲ အိပ်ကြ နေကြတယ်။ အဲ နိမ္မိဒါဉာဏ်နဲ့ကျတော့ ဩော် ... စောစောကတော့ ဒီခန္ဓာကိုယ်ကို ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာ စွဲလို့ရတယ်၊ အခု ကြည့်လို့ ရှုလို့ ရှိယင် 'ငါ'လို့လည်း စွဲလို့မရ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာ စွဲစရာ ကိုယ်က စွဲမယ့်ကြံတုန်း၊ သူတို့က ပျောက်ကုန်ပြီ၊ မရှိဘူး။ ဟိုတုန်းကတော့ အဲဒါကို မသိဘူး။ မသိဘဲနဲ့ ငါကွ၊ ငါကွနဲ့ အရပ်ထဲ အော်ပြီ၊ သူ။ တကယ်နှလုံးသွင်းလာတော့ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာလို့ အဲဒီလို စွဲယူလို့ မရတော့ဘူး။ စွဲယူလို့ကို မရတဲ့ တရားတွေပါလားလို့ ဒီလိုသိတဲ့ဉာဏ်ကို နိမ္မိဒါဉာဏ်လို့ ခေါ်တယ်။ ငြီးငွေ့တယ်၊ ငြီးငွေ့တယ် ဆိုတာ နှာခေါင်းရှုံ့တာကို ပြောလိုတာ မဟုတ်ဘူး။

ဘာမှ အားကိုးစရာမရှိ၊ ဘာမှစွဲစရာမရှိတဲ့၊ ဘာမှကို အသုံးမကျတာ သိတော့ ဒီတရားတွေ မိမိနဲ့ ကင်းလွတ်ချင်လာတယ်။ မိမိသည် အဲဒီ တရားတွေနဲ့ ကင်းလွတ်ချင်တယ်။ လွတ်ချင်တဲ့အခါ ဖြစ်ပေါ်လာတဲ့ အသိဉာဏ်ကို မုစ္စိတုကမျတာဉာဏ် လို့ ခေါ်တယ်။ အင်း ... အဲဒီ မုစ္စိတုကမျတာဉာဏ်မှာလည်းပဲ သူ့ကို လွတ်ချင်တယ် ကင်းချင်တယ် ဆိုတဲ့ အသိဉာဏ်မျိုး၊ ဒီမှာလည်းပဲ သမ္မသနကတော့ အလုပ်လုပ်ရ မယ်။ ဒီတော့ မုစ္စိတုကမျတာဉာဏ် ရင့်သန်လာပြီး လွတ်ချင်ရုံနဲ့တော့ လွတ်မှာမဟုတ်ဘူး၊ လွတ်အောင် အလုပ်လုပ်မှ လွတ်မှာ။

ဒီအခါကျတော့ အနိစ္စ လက္ခဏာတွေ၊ ဒုက္ခလက္ခဏာတွေ၊ အနတ္တ လက္ခဏာတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတင် မဟုတ်တော့ဘဲနဲ့ အနိစ္စ လက္ခဏာ ၁၀ ချက်၊ ဒုက္ခလက္ခဏာ ၂၅ ချက်၊ အနတ္တလက္ခဏာ ၅ ချက်၊ အဲဒီလို ဘာ၀နာ ၄၀ တောလေးဆယ်ခေါ်သော ပရိယာယ် အကျယ်လေးဆယ်နဲ့ နှလုံးသွင်းလာလိမ့်မယ်။ ပဋိသင်္ခါဉာဏ် ကျတော့ အဲဒီလို ဖြန့်ကြည့် သိလာလိမ့်မယ်။ မသိလည်း ဆရာသမားက ပြော ပေးရမယ်။

အဲဒီလို ပဋိသင်္ခါဉာဏ်ပြီးလို့ သင်္ခါရုပေက္ခာဉာဏ် တက်တဲ့အခါကျ တော့ ဒီ မြင်အပ် မြင်တတ်၊ ကြားအပ် ကြားတတ်၊ ရောက်အပ် ရောက်

http:\\www.dhammadownload.com



တတ်၊ သိအပ် သိတတ်၊ ဒီတရားတွေ အကုန်လုံးမှာ စောစောကလောက် အရေးမကြီးတော့ဘူး။ မပူပြင်းတော့ဘူး။ ဘာပြုလို့လဲလို့ဆိုတော့–

ဥပမာ – လူတစ်ယောက် ပြောကြစို့၊ တောထဲမှာ ကျားနဲ့တွေ့တယ်။ ကျားနဲ့တွေ့ယင် ကျားရဲ့ပါးစပ်ကြီး ခံတွင်းကြီးကို ကြည့်ရတာ ကြောက်စရာကြီးပဲ၊ ကြည့်လေ ကြည့်လေ ကြောက်လာတယ်။ ကြောက်တာနဲ့ ဘယဉာဏ်ဖြစ်တာနဲ့ တူပါစို့။

အဲဒီလို ကြောက်ပြီးတဲ့နောက် ကျားကို ဘာမှ အားကိုးစရာ မိတ်ဖွဲ့စရာ ဘာမှ မရှိဘူး။ ဒါ **အာဒီနဝဉာဏ်**။ ဒီလို သိဖန်များလာပြီဆိုယင် ဒီကျားကြီးအနား ကြာကြာ မနေချင်ဘူး။ **မုစ္စိတုကမျတာဉာဏ်** သဘောမျိုးပေါ့။ ဒီကျားနဲ့ မြန်မြန်ဝေးချင်တယ်။ မုစ္စိတုကမျတာဉာဏ် ဟာ အဲဒီ သဘောမျိုး။ ဒီလို ဝေးချင်ရုံနဲ့တော့ ဝေးမှာ မဟုတ်ဘူး၊ ဝေးအောင် ငါဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ဒုန်းပြေးမှ ဝေးမှာဆိုပြီး ဒီမှာ ကြိုးစားပြီးတော့ ပြေးတာပေါ့။ ဘာဝနာ လေးဆယ် ပွားတဲ့ ပဋိသင်္ခါရဉာဏ်နဲ့ တူတယ်။

အေး ... တစ်နာရီ နှစ်နာရီလောက် ဒုန်ပြေးပြီးတော့ ပြန်ပြီးတော့ ကြည့်တယ်။ ကျားနဲ့တော့ အတော်ဝေးတယ်။ တော်တော်လေး ထောက်ရာ တည်ရာ ရသွားတယ်။ ဒီကျတော့ စောစောကလောက် မကြောက်ဘူး– ကျားကို။ ဘာပြုလို့။ ကျားနဲ့က ကိုယ်က ဝေးနေလို့။ အေး ... အဲဒီအချိန်နဲ့ **သင်္ခါရုပေက္ခာဉာဏ်** ဖြစ်တာနဲ့ တူတယ်။ ဒီသင်္ခါရပေါ်မှာ စောစောကလို အမုန်းအတီးကြီးလည်း မပြင်းထန်လှဘူး။ ပြီးတော့ အကြောက်ကြီးလည်း မဟုတ်လှဘူး။ ဘာပြုလို့တုံး။ ဟိုကို လှမ်းပြီး တော့ တစ်လှမ်းလောက် မျှော်လိုက်ယင် နိဗ္ဗာန်မြင်တော့တာပဲ။ သူ့ အလုပ်က အောင်မြင်လို့။ ဒီသင်္ခါရနယ်ပယ်က လွတ်တော့ သင်္ခါရုပေက္ခာ ဉာဏ်ရယ်လို့ ဖြစ်ပြီးတော့ ဒီသင်္ခါရုပေက္ခာဉာဏ်ကနေပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာနလုံး ကျင့်သုံးဖန်များတော့ ဟိုဘက်မှာ မဂ္ဂဝီထိ လို့ ပေါ်လာတယ်။ မဂ်ဇောကျတဲ့ စိတ်အစဉ်ပေါ့။

http:\\www.dhammadownload.com



## မဂ်ဖိုလ်ရပုံ

အဲဒီမှာ ပရိကံ ဥပစာ အနုလုံ ဆိုတဲ့ ဒီအသိဉာဏ် သုံးမျိုးကို **အနုလောမဉာဏ်**လို့ ခေါ်တယ်။ အဲဒီ အနုလောမဉာဏ် ရောက်ပြီဆိုယင် ထို အနုလောမဉာဏ်မှ ကျေးဇူးပြုပေးချက်အရ ဂေါတြဘူ တစ်ဉာဏ်ခြားပြီးတော့ ဟိုဘက်မှာ 'မဂ်ဉာဏ်' မဂ်စိတ်တစ်ကြိမ် ပေါ်တယ်။ မဂ်စိတ်လည်းပြီးရော မဂ်ဆိုတဲ့တရားသည် မိမိလည်းပြီးရော သူ့အကျိုး နောက်က တစ်ခါတည်း ဖြစ်ရော။ အခြားမဲ့ အကျိုးပေးတဲ့ အကာလိက။ မဂ်လည်းပဲ ချုပ်ကရော မဂ်ရဲ့အကျိုး ဖိုလ်ဟာ တစ်ခါတည်း တန်းပြီး ဖိုလ် ဖိုလ် ဖိုလ်နဲ့ ဉာဏ်ပညာထက်တဲ့ ပုဂ္ဂိုလ်မှာ သုံးကြိမ်ပေါ်လာတယ်။ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်မှာ ဖိုလ် ဖိုလ်လို့ နှစ်ကြိမ်ပေါ်လာတယ်။

အဲဒီလို ပထမအကြိမ်ရတဲ့ သောတာပတ္တိမဂ်ဖိုလ်၊ နောက်တစ်ခါ ဝိပဿနာတရား အားထုတ်လို့ရတဲ့ သကဒါဂါမိမဂ်ဖိုလ်၊ နောက်တစ်ခါ ဝိပဿနာတရား အားထုတ်လို့ရတဲ့ အနာဂါမိမဂ်ဖိုလ်၊ နောက်တစ်ခါ ဝိပဿနာတရား အားထုတ်လို့ အသစ်ရတဲ့ အရဟတ္တမဂ်ဖိုလ်၊ အဲဒီ မဂ်ဖိုလ်လေးတွဲရယင် ဒါ ရဟန်းကိစ္စ မြတ်သောအလုပ် ဗြဟ္မစရိယကိစ္စ အကုန်ပြီးတယ်။ ဒါကို အကြမ်းဖျင်း သိထားပါ။

## လောဘ ဒေါသ မောဟ အနှောင်အဖွဲ့မှ လွတ်မြောက်ပုံ

အခုပြောနေတယ်။ မြတ်စွာဘုရားက။

ချစ်သား ... ဒိဋ္ဌ သုတ မုတ ဝိညာတ၊ ဒီအာရုံတွေပေါ်မှာ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဒွါရာဝဇ္ဇန်း အေး–သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောဆိုတဲ့ ရှေးစိတ္တက္ခဏတွေတုန်းက လောဘ ဒေါသ မောဟ မပါသလို အဲဒီ ဝုဋ္ဌော မနောဒွါရဝဇ္ဇန်း နောက်ကျတဲ့ ဇောမှာလည်းပဲ လောဘ ဒေါသ မောဟ မပါတဲ့ (ဝိပဿနာဇော) မဟာကုသိုလ်ဇောဖြစ်အောင် ချစ်သား

http:\\www.dhammadownload.com



ဝိပဿနာ အဓိပညာ သိက္ခာ အားထုတ်ပါ ဆိုတဲ့အတိုင်း အားထုတ်ပုံက အခုနည်း၊ ခုနင်က ပြောတဲ့အတိုင်း အားထုတ်လို့ အနိစ္စ ဒုက္ခ အနတ္တကို သိတဲ့ တီရဏပရိညာထိအောင် သွားလို့ ရင့်ပြီဆိုတော့ ဘာဖြစ်မလဲ။

ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန။

ဗာဟိယ=ချစ်သား ဗာဟိယ။ ယတော=အကြင်အခါ၌။ (ဝါ) ယတော=အကြင်ကြောင့်။ တေ=သင်ချစ်သား၏ သန္တာန်၌။ ဒိဋ္ဌေ= မျက်စိဖြင့် မြင်အပ်သော အဆင်းမျိုးစုံ ရူပါရုံ၌။ ဒိဋ္ဌမတ္တံ=မြင်ရုံသာ မြင်၍ လောဘ ဒေါသ မောဟ မပါသော စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့နှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏရှိသော လောဘ ဒေါသ မောဟ မပါ မဟာကုသိုလ်ဇော စိတ်အစဉ်သည်။ ဘဝိဿတိ=ဖြစ်လတ္တံ့။ (ဝါ) ဖြစ်ပေငြားအံ့။

သုတေ=ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၌။ သုတမတ္တံ=ကြားရုံသာ ကြား၍ လောဘ ဒေါသ မောဟ မပါသော သောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့ပမာ လောဘ ဒေါသ မောဟ ကင်းကွာတဲ့ မဟာကုသိုလ် ဇောစိတ် အစဉ်သည်။ ဘဝိဿတိ=ဖြစ်ငြားအံ့။

မုတေ=ရောက်အပ်သော အနံ့မျိုးစုံ=ဂန္ဓာရုံ၊ ရသာမျိုးစုံ=ရသာရုံ၊ အတွေ့မျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ၌။ မုတမတ္တံ=ရောက်ရုံသာ ရောက်၍ လောဘ ဒေါသ မောဟ မပါတဲ့ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယ ဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောစိတ်တို့နှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏရှိတဲ့ လောဘ ဒေါသ မောဟ ကင်းကွာ မဟာကုသိုလ် ဇောစိတ် အစဉ်သည်။ ဘဝိဿတိ=ဖြစ်ငြားအံ့။

http:\\www.dhammadownload.com



ဝိညာတေ=စိတ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌။ ဝိညာတ မတ္တံ=သိရုံသာသိ၍ လောဘ ဒေါသ မောဟ မပါသော မနောဒွါရ ဝဇ္ဇန်း စိတ်လျှင် နှိုင်းယှဉ်ဖွယ်ရာ ဥပမာဏရှိသည့် လောဘ ဒေါသ မောဟ မပါသော မဟာကုသိုလ်ဇော စိတ်အစဉ်သည်။ ဘဝိဿတိ= ဖြစ်ပြီးအံ့။

အေး ... ခုနင်ကလို ဒိဋ္ဌ သုတ မုတ ဝိညာတ လေးစုထားပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ လို့သာ ရှုနေယင် ဒီအာရုံလေးမျိုးပေါ်မှာ ဘယ့်နှယ် လုပ်ပြီးတော့ လောဘဇော ဇောတော့မှာလဲ။ ဇောကို မဖြစ်ဘူး။ ဝိပဿ နာရှုမှ၊ အဓိပညာသိက္ခာ အားထုတ်မှ၊ ဒီ ဝိပဿနာသာ ရှုနေယင် ဒီ ဒိဋ္ဌ သုတ မုတ ဝိညာတ၊ ဒီအာရုံကလွဲလည်း ဘယ်အာရုံမှ လောဘ ရှိတာမဟုတ်ဘူး။ ဒီအာရုံကို အာရုံပြုပြီး ဘယ်တော့မှ လောဘ ဒေါသ မောဟ မဖြစ်တော့ဘူး။

မဖြစ်တော့ဘူးလို့ဆိုတဲ့ လောဘ ဒေါသ မောဟ မပါတဲ့ မဟာ ကုသိုလ်ဇောတွေသာ ဇောပြီဆိုလို့ရှိယင် –

ဗာဟိယ=ချစ်သားဗာဟိယ။ ယတော တသ္မိံ ကာလေ=ထိုအခါ၌။ (ဝါ)ထိုသို့ လောဘ ဒေါသ မောဟ ကင်းကွာ မဟာကုသိုလ်ဇော စိတ်အစဉ်သည် ဖြစ်ဖန်များခြင်းကြောင့် (ဝိပဿနာဉာဏ် ဆယ်ဆင့် ရင့်သထက် ရင့်လာတော့ ဘာဖြစ်တုန်း။) တွံ=သင်ချစ်သားသည်။ တေန=ထို လောဘ ဒေါသ မောဟနှင့်။ ပဋိဗဒ္ဓေါ=နှောင်ဖွဲ့အပ်မိ သည်။ န ဘဝိဿတိ=မဖြစ်လတ္တံ့။

ဝိပဿနာဉာဏ် ဆယ်ဆင့် ရင့်သထက်ရင့်ယင် "အနုလောမဉာဏ်" ပရိကံ, ဥပစာ, အနုလုံဆိုတဲ့ စိတ္တက္ခဏ သုံးချက်ရောက်ယင် နောက်ပြန် မဆုတ်တော့ဘူး။ အလယ်ခေါင်က ဂေါတြဘူဉာဏ် ခြားပြီးတော့ အရိယမဂ်သို့ ရောက်လိမ့်မယ်။ အရိယမဂ်သို့ ရောက်ယင် ရောက်ပဟော့ ဆိုတဲ့ ဒိုင်းခနဲကို လောဘ ဒေါသ မောဟကို အရိယမဂ်က ပယ်ပစ်

http:\\www.dhammadownload.com



လိုက်တယ်။ ပယ်ပစ်လိုက်ကတည်းကိုက အဲဒီ အရိယမဂ်နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်သည် လောဘဖြင့် အဖွဲ့ခံရသူ၊ ဒေါသဖြင့် အဖွဲ့ခံရသူ မောဟဖြင့် အဖွဲ့ခံရသူ ဘယ်ဖြစ်တော့မလဲ။ လောဘအဖွဲ့ ဒေါသအဖွဲ့ မောဟအဖွဲ့မှ လွတ်မြောက်သွားတယ်။

ကိုင်း ဆိုကြပါစို့။ လောဘဖြင့် အဖွဲ့ခံရလို့ တပ်မက်တဲ့လူ၊ ဒေါသဖြင့် အဖွဲ့ခံရလို့ ပြစ်မှားတတ်တဲ့လူ၊ မောဟဖြင့် အဖွဲ့ခံရလို့ တွေဝေတတ်တဲ့ လူဆိုတဲ့ အဖြစ်က လွတ်သွားတယ်။ မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲ။ အဲဒီ လောဘ ဒေါသ မောဟမှ မရှိတော့ဘဲ။ အရိယမဂ်က ပယ်ပစ်လိုက်လို့။

အေး ... ဒါကြောင့် "အဖွဲ့မခံရတဲ့လူ ဖြစ်လိမ့်မယ်" ဆိုတာ အရိယမဂ်ရောက်မယ်လို့ ပြောတာ။ အရိယမဂ် ရောက်တယ်။ ဒါ–ဒုတိယပိုင်းက အရိယမဂ်ကို ပြောတာ။

## တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ကင်းခြင်း

တတိယပိုင်းက –

ယတော တွံ ဗာဟိယ န တေန၊
တတော တွံ ဗာဟိယ န တတ္ထ။

ဗာဟိယ=ချစ်သား ဗာဟိယ။ ယတော=အကြင်အခါ၌။ (ဝါ) အကြင်ကြောင့်။ တွံ=သင်ချစ်သားသည်။ တေန=ထို လောဘ ဒေါသ မောဟဖြင့်။ ဗဒ္ဓေါ=နှောင်ဖွဲ့အပ်သည်။ န ဘဝိဿတိ=မဖြစ်လတ္တံ့။ (အရိယာမဂ်ဖြင့် လောဘ ဒေါသ မောဟကို ပယ်လိုက်တဲ့အတွက် ဒီမဂ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် လောဘ ဒေါသ မောဟဖြင့် အဖွဲ့မခံရတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီ ဆိုလို့ရှိယင် အရိယာမဂ်၏ အခြားမဲ့မှာ အရိယာဖိုလ် နှစ်ကြိမ်သုံးကြိမ် စေသည်။) ဗာဟိယ=ချစ်သားဗာဟိယ။ တတော=ထိုအခါ၌။ (ဝါ) ထိုသို့ အရိယာမဂ်ဖြင့် လောဘ ဒေါသ မောဟကို ပယ်လိုက်ခြင်းကြောင့်။ တွံ=သင်ချစ်သားသည်။

http:\\www.dhammadownload.com



ဖလက္ခဏေ=အရိယာဖိုလ်ခဏ၌။ တတ္ထ=ထို ဒိဋ္ဌ သုတ မုတ ဝိညာတ အာရုံလေးမျိုး၌။ အလ္လီနော=တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာလို့ တွယ်တာငြိကပ်သူသည်။ န ဘဝိဿတိ=မဖြစ်လတ္တံ့၊

အဲဒီရောက်အောင်သော ချစ်သားတက်လို့ ဆိုတယ်နော်။ အေး ... အရိယာမဂ် ရောက်လို့ရှိယင် အရိယာမဂ်က အကာလိက=အခါမလင့် အကျိုးပေးတဲ့အတွက် အရိယာဖိုလ် ရောက်လိမ့်မယ်။ အရိယာဖိုလ် ရောက်လာယင် ချစ်သား ဒိဋ္ဌအာရုံ သုတအာရုံ မုတအာရုံ ဝိညာတအာရုံ ဘယ်အာရုံမှ ချစ်သား တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မငြိတော့ဘူး။ တဏှာဖြင့်=ငါ့ဥစ္စာ ငါ့ဥစ္စာနဲ့၊ မာနဖြင့်=ငါ-ငါ၊ ဒိဋ္ဌိဖြင့်=ငါ့လိပ်ပြာ ငါ့လိပ်ပြာ လို့ ဘယ်လိုနည်းနဲ့မှ မငြိတော့ဘူး။ အရိယာဖိုလ် ရောက်ကရော။

အရိယာဖိုလ်လေးမျိုးတို့တွင် အရဟတ္တဖိုလ် အထွတ်အထိပ် အရိယာဖိုလ်ကို ရောက်ပြီဆိုယင် အဲဒီဘဝသည် နောက်ဆုံးဘဝပဲ ချစ်သား။

ယတော တွံ ဗာဟိယ န တတ္ထ။

ဗာဟိယ=ချစ်သား ဗာဟိယ။ ယတော=အကြင်အခါ၌။ (ဝါ) အကြင်ကြောင့် အရဟတ္တဖိုလ် ရောက်ခြင်းကြောင့်။ တတ္ထ=ထို ဒိဋ္ဌ သုတ မုတ ဝိညာတအာရုံ၌။ တွံ=သင်ချစ်သားသည်။ အလ္လီနော= တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ငြိကပ်သူသည်။ န ဘဝိဿတိ=မဖြစ်လတ္တံ့။

အရဟတ္တဖိုလ်ရောက်ယင် အဲဒီဘဝဟာ နောက်ဆုံးဘဝပဲ။ အဲဒီ ဘဝမှာ ကြွေတဲ့ စုတိစိတ်ကို ပရိနိဗ္ဗာန စုတိစိတ်လို့ ခေါ်တယ်။ သံသရာဝဋ်က ငြိမ်းမှုကို ကျေးဇူးပြုပေးတဲ့ စုတိစိတ်။ ဒီစုတိစိတ်လည်း ပြီးရော ဟိုဘက်မှာ သံသရာဒုက္ခငြိမ်းလို့ အငြိမ်းဓာတ် ပရိနိဗ္ဗာန ခေါ် ရတယ်။ အေး ... အရဟတ္တဖိုလ်ပေါက် ရောက်ပြီဆိုလို့ရှိယင် -

တတော တွံ ဗာဟိယ နေဝိဓ၊ န ဟုရံ န ဥဘယမန္တရေန။ ဧသေဝ န္တော ဒုက္ခဿ။

http:\\www.dhammadownload.com



တတော=ထိုသို့ အရဟတ္တဖိုလ်ပေါက် ရောက်ခြင်းကြောင့်။ စုတိစိတ္တ သမနန္တရာ=ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်၏ အခြားမဲ့၌။ တွံ=သင်ချစ်သားသည်။ ဣဓ=ယခုဘဝလို့ဆိုတဲ့ ဟောဒီ လူ့ဘုံ၌လည်း။ နေဝ ဘဝိဿတိ=ရုပ်နာမ်အသစ် မဖြစ်တော့။ (အခု ရောက်နေတဲ့ လူ့ဘဝမှာ ပရိနိဗ္ဗာန စုတိစိတ်ပြီးယင် ရုပ်အသစ် နာမ်အသစ် မဖြစ်တော့ဘူး) ဟုရံ=လူ့ဘဝမှတစ်ပါး အခြားဟုဆိုအပ်သော ကျန်သော ဘုံသုံးဆယ်၌လည်း။ န ဘဝိဿတိ=ရုပ်နာမ်အသစ် မဖြစ်တော့။ (ဒီဘဝမှာလဲ မဖြစ်၊ ကျန်တဲ့ဘဝတွေမှာလဲ မဖြစ်။) အန္တရေန=ထိုမှတစ်ပါး။ ဥဘယံ =ဒီဘဝမှာရော ကျန်တဲ့ဘဝမှာရော နှစ်မျိုးလုံးမှာပင်။ န ဘဝိဿတိ= ရုပ်နာမ်အသစ် ချစ်သား ဖြစ်လိမ့်မည်မဟုတ်။ (ဝါ)မဖြစ်တော့ဘူး။ ဧသေဝ=ဤသို့ အခုရောက်နေတဲ့ ဘဝမှာရော၊ ဒီဘဝမှ ကျန်တဲ့ ဟုရလို့ ခေါ်ရတဲ့ ဘုံသုံးဆယ်မှာရော ရုပ်အသစ် နာမ်အသစ် မဖြစ်ခြင်းသည်ပင်။ ဒုက္ခဿ=စက်သံသာရဝဋ်ဒုက္ခ၏။ အန္တော=အဆုံးပါတည်း။

## ဗာဟိယ လူ့ဝတ်ကြောင်အဖြစ်နှင့် ရဟန္တာဖြစ်ခြင်း

အဆုံး ကလနား ဒါပဲ။ အေး ... ဒီ စတုတ္ထပိုင်းဖြင့် သံသရာဝဋ်ဒုက္ခဆုံးတဲ့ အနုပါဒါပရိနိဗ္ဗာန် နိဂုံးအထွတ်တပ်ပြီးတော့ မြတ်စွာဘုရားက "ဧသေဝန္တော ဒုက္ခဿ"လို့လည်းပဲ ဟောပြီးရော ဟိုမှာ တစ်ခါတည်း မဂ်ပေါက် ဖိုလ်ပေါက် ဖြစ်ပါတယ်။ ဘယ်လိုဖြစ်သလဲ။

အထ ခေါ ဗာဟိယဿ ဒါရုစီရိယဿ ဘဂဝတော ဣမာယ သံခိတ္တာယ ဓမ္မဒေသနာယ တာဝဒေဝ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

အထ ခေါ=ထိုအခါ၌။ ဘဂဝတော=မြတ်စွာဘုရား၏။ ဣမာယ သံခိတ္တာယ ဓမ္မဒေသနာယ=ဤအကျဉ်းဖြစ်သော ဒိဋ္ဌ မုတ ဝိညာတ

http:\\www.dhammadownload.com



ဒိဋ္ဌေ ဒိဋ္ဌမတ္တ သုတေ သုတမတ္တ မုတေ မုတမတ္တ ဝိညာတေ ဝိညာတမတ္တဆိုတဲ့ သံခိတ္တတရားဒေသနာဖြင့်။ (ဝါ) တရားဒေသနာကြောင့်။ ဗာဟိယဿ ဒါရုစီရိယဿ=ဗာဟိယဒါရုစီရိယ၏။ စိတ္တံ=စိတ်သည်။ အနုပါဒါယ=တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲယူမူ၍။ တာဝဒေဝ=ထိုခဏ၌ပင်လျှင်။ အာသဝေဟိ=ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဆိုတဲ့ အာသဝေါလေးပါးတို့မှ။ ဝိမုစ္စိ=ကျွတ်လေ လွတ်လေ ကျွတ်လွတ်လေပြီ။

အဓိပ္ပာယ် ဓမ္မာဓိဋ္ဌာန်ကျကျ ပြောလျှင် ဗာဟိယရဲ့ စိတ်သည် အာသဝေါ လေးပါးမှ လွတ်တယ်ဆိုတာ အရဟတ္တဖိုလ် ရောက်သွားတယ်။ အရဟတ္တဖိုလ်ရောက်ယင် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝက လွတ်ပြီ။ အရပ်စကား ပြောလို့ရှိယင် ရဟန္တာဖြစ်ပြီ။ ပုဂ္ဂလာဓိဋ္ဌာန်။ ဒီလိုပြောတယ်။ အေး ... ရဟန္တာဖြစ်ပြီဆိုယင် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ ဓမ္မတာအတိုင်း မြတ်စွာဘုရားထံ လျှောက်တယ်။

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ။

"မြတ်စွာဘုရား၊ တပည့်တော် ရှင်တော်ဘုရား၏ အထံ၌ ရှင်သာမဏေအဖြစ် ရပါရစေ၊ ရဟန်းအဖြစ် ရပါရစေ" လို့ လျှောက်ထားရှာတယ်။

ဒါပေမယ်လို့ အတိတ်ဘဝက ပရိက္ခရာ အလှူဒါန မပါခဲ့လို့တဲ့။ အေး ... မြတ်စွာဘုရားက ဧဟိဘိက္ခု မခေါ်နိုင်ဘူး၊ မခေါ်နိုင်တော့ မြတ်စွာဘုရားက ကြားဖြတ်ပြီး ဘယ့်နယ်မေးသလဲ။

ပရိပုဏ္ဏံ တေ ပတ္တစီဝရံ=ချစ်သားမှာ သပိတ်သင်္ကန်း ပြည့်စုံပြီလား။

ရှင်ကောဏ္ဍညကြီးတို့ကျတော့ မေးမနေဘူး။ ဧဟိဘိက္ခုလို့ ခေါ်လိုက်တယ်။ ဘိက္ခု=ချစ်သား။ ဧဟိ=လာလော့ဆို ဟိုက တစ်ခါတည်း

http:\\www.dhammadownload.com



သက်န်းဝတ်ပြီးသား ဖြစ်တယ်။ သပိတ် သင်္ကန်း အကုန် ဆင်မြန်းပြီးသား ဖြစ်နေတယ်။ အခု ဒီဗာဟိယကျတော့ အဲဒီလို အတိတ်ဘဝက ပရိက္ခရာ အလှူမပါခဲ့တဲ့အတွက် ဘုရားက ဧဟိဘိက္ခု မခေါ်နိုင်ဘူး။ ခေါ်လို့လည်းပဲ ရဟန်းအသွင် မရောက်နိုင်ဘူး။ အဲဒါကြောင့် ကြားထားပြီးတော့ "ချစ်သား သပိတ်သင်္ကန်း ပြည့်စုံပြီလား"

ဗာဟိယက ပြန်ပြောတယ်။ "အပရိပုဏ္ဏံ=မပြည့်စုံသေးပါဘူး ဘုရား"။

မြတ်စွာဘုရားက အမိန့်ရှိပြီ။

တေန ဟိ ပတ္တစီဝရံ ပရိယေသ။

တေန ဟိ = သို့တပြီးကား။ ပတ္တစီဝရံ = သပိတ်သင်္ကန်းကို။ ပရိယေသ = ရှာဦးတော့ ချစ်သား။

သပိတ်သင်္ကန်းရှာဦး။ သပိတ်သင်္ကန်း ပြည့်စုံမှ ရဟန်းခံလို့ ရှင်ပြုလို့ ဖြစ်တာလို့ အဲဒီလို ပြောပြီးတော့ ဗာဟိယရဲ့ အသက်အန္တရာယ်ရောက်ခါနီးနေပြီ။ ဘုရားကိုယ်တော်မြတ်သည် မျက်နှာလွှဲ၍ ဖဲကြွတော်မူသည်။

## ဗာဟိယ နွားဝှေ့၍ ပရိနိဗ္ဗာန်ပြုခြင်း

အထ ခေါ ဘဂဝါ ဗာဟိယံ ဒါရုစီရိယံ ဣမိနာ သံခိတ္တေန ဩဝါဒေန ဩဝဒိတွာ ပက္ကာမိ။

အထ ခေါ=ထိုအခါ၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ ဗာဟိယံ ဒါရုစီရိယံ=ဗာဟိယ ဒါရုစီရိယကို။ ဣမိနာ သံခိတ္တေန ဩဝါဒေန= ဤ အကျဉ်းချုပ် ဩဝါဒဖြင့်။ ဩဝဒိတွာ=ဆုံးမတော်မူပြီးတော့။ ပက္ကာမိ=ရွှေမျက်နှာလွှဲ ဖဲခဲ့လေပြီ။

မျက်နှာလွှဲပြီး သာဝတ္ထိပြည်ထဲ ဆွမ်းခံဆက်ကြွသွားတယ်။ ဘုရားလည်း မျက်နှာလွှဲသွားရော ဗာဟိယ ဘာဖြစ်တုန်း။

http:\\www.dhammadownload.com



အထ ခေါ အစိရပက္ကန္တသ ဘဂဝတော ဗာဟိယံ ဒါရုစီရိယံ ဂါဝီ တရုဏဝစ္ဆာ အဓိပတိတွာ ဇီဝိတာ ဝေါရောပေသိ။

အထ ခေါ=ထိုအခါ၌။ အစိရပက္ကန္တသ ဘဂဝတော=ဘုရားမျက်နှာလွှဲ ဖဲသွား၍ မကြာမြင့်မီ။ (ဗာဟိယသည် တစ်ဝါးလက်လေးသစ် ပံ့သကူအဝတ်ကလေးများ ရလိုရငြား လမ်းဘေးက အမှိုက်ပုံတစ်ပုံကို သွားပြီးတော့ ပံ့သကူ အရှာသွားတဲ့အခိုက်) ဗာဟိယံ ဒါရုစီရိယံ= ဗာဟိယ ဒါရုစီရိယကို။ တရုဏဝစ္ဆာ ဂါဝီ=သားငယ်ရှိတဲ့ နွားမသည်။ (ဝါ) သားငယ်ရှိတဲ့ နွားမယောင် ဆောင်သော ရန်သူ ဘီလူးမသည်။ အဓိပတိတွာ=ဖော့၍။ ဇီဝိတာ ဝေါရောပေသိ=အသက်မှကင်းစေ သတ်ခဲ့ချေပြီ။

အေး ... နွားမယောင် ဆောင်ပြီးတော့ ရန်သူဘီးလူးမ ဖော့လို့ ဒီ အမှိုက်ပုံနားတင် အသက်သေရှာတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည်ထဲ ဆွမ်းခံကြွလို့ ဒကာဒကာမတွေ ဆွမ်းတို့ ဘာတို့ ကပ်ပြီး ဆွမ်းကိစ္စပြီးတဲ့အခါ ရဟန်းများစွာ ခြံရံ၍ သာဝတ္ထိပြည်က ပြန်ထွက်လာတဲ့အခါ ဗာဟိယ ဟိုမှာ ကွယ်လွန်နေတာ ဘုရားမြင်တယ်။ မြင်တယ်ဆိုယင်ပဲ ရဟန်းတွေကို အမိန့်ရှိတယ်။

ဂဏှထ ဘိက္ခဝေ ဗာဟိယဿ ဒါရုစီရိယဿ သရီရကံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဗာဟိယဿ ဒါရုစီရိယဿ = ဗာဟိယ ဒါရုစီရိယ၏။ သရီရကံ = ဥတုဇ ရုပ်ကလာပ်ကို။ ဂဏှထ=ကောက်ယူကြကုန်လော့။

ချစ်သားတို့၊ ဟောဟိုမှာ ဗာဟိယဒါရုစီရိယရဲ့ ဥတုဇရုပ်ကလာပ် သွားကောက်ကြပါ၊ ဒီအတိုင်း လျစ်လျူရှု ပစ်မထားကြပါနဲ့။

မဉ္စကံ အာရောပေတွာ=ညောင်စောင်းတစ်ခုပေါ်တင်၍။ နဂရတော နီဟရိတွာ=မြို့ပြင်ထွက်၍။ဈာပေထ=ဖုတ်ကြည်းမီးသင်္ဂြိုဟ်ကြပါကုန်။

http:\\www.dhammadownload.com



ချစ်သားတို့၊ ညောင်စောင်းကလေး တစ်ခုရှာ၊ ထိုအပေါ်မှာတင်၊ မြို့ပြင်ထုတ်၊ ဖုတ်ကြည်း မီးသင်္ဂြိုဟ်လိုက်ကြပါ။

အဿ=ထိုဗာဟိယဒါရုစီရိယအတွက်။ ထူပဉ္စ=စေတီကလေးကိုလည်းပဲ။ ကရောထ=ပြုကြလော့။ စေတီကလေးများလည်း တည်ခဲ့ကြချစ်သားတို့။

"သဗြဟ္မစာရီ ဝေါ ဘိက္ခဝေ ကာလင်္ကတော"

ဘိက္ခဝေ=ရဟန်းတို့။ ဝေါ=သင်ချစ်သားတို့၏။ သဗြဟ္မစာရီ= သီလ သမာဓိ ပညာ သိက္ခာသုံးပါး မြတ်သောအကျင့်ကို အတူကတွကျင့်ဖော်ကျင့်ဖက်ဖြစ်တဲ့ သီတင်းသုံးဖော် ပုဂ္ဂိုလ်ကျော်တစ်ယောက်ဖြင့်။ ကာလင်္ကတော=ပစ္ဆိမဘဝရဲ့ အဆုံးကာလ ပြုသွားရှာလေပြီ။

သေသွားပြီပေါ့။ ချစ်သားတို့ရဲ့ သီတင်းသုံးဖော် တစ်ဦး သေသွားရှာပြီလို့ အဲဒီလို အမိန့်ရှိပြီး ဘုရားက ဇေတဝန်ကျောင်း ကြွမလို့။ ရဟန်းတော်တွေက "ဧဝံဘန္တေ = ကောင်းပါပြီ မြတ်စွာဘုရား" လို့ လျှောက်ထား၍ အနီးအနားက အိမ်တစ်အိမ်က ညောင်စောင်းငယ်တစ်ခု သွားယူ၊ ဗာဟိယရဲ့အလောင်းကို ညောင်စောင်းပေါ်တင်၊ မြို့ပြင်ထုတ်၊ ဖုတ်ကြည်း မီးသင်္ဂြိုဟ်ပြီးတော့ ကျလာတဲ့ အရိုးဓာတ်များကို စေတီငယ် တည်တယ်တဲ့။ စေတီငယ်ဆိုလို့ ဟို သပ်သပ်ရပ်ရပ် ဟုတ်ပုံမရဘူး။ စပါးပုံလို၊ စစ်ကိုင်းက ကောင်းမှုတော် ပုံမျိုးတည်တာလိုပေါ့။ ဒါပေမယ့် ကောင်းမှုတော်လောက် ကြီးတာမှ မဟုတ်ဘဲ၊ နှစ်တောင်သုံးတောင်လောက်ဆိုတော့ အေး–အရိုးဓာတ်ကလေး ပျောက်မသွားရုံအထိမ်းအမှတ်လောက် စပါးပုံလေးလို ဒီလို တည်ရတယ်။ အမြင့်သုံးထောင်လောက်။ ဒီတော့ ရဟန်းတွေ အများကြီး၊ ခဏနဲ့ ပြီးတယ်။

## ဗာဟိယ၏ လားရောက်ရာဂတိ

တည်ပြီးလို့ ဘုရားထံမှောက် ဒီရဟန်းတွေ သွားရောက်လျက် ရှိခိုးဦးညွှတ်၍ ဘာလျှောက်သလဲ။

http:\\www.dhammadownload.com



ဒမံ့ ဘန္တေ ဗာဟိယဿ ဒါရုစီရိယဿ သရီရကံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဗာဟိယ ဒါရုစီရိယရဲ့ ဥတုဇ ရုပ်ကလာပ်ကို တပည့်တော်တို့ ဖုတ်ကြည်း မီးသင်္ဂြိုဟ် ပြီးခဲ့ပြီ ဘုရား။

"ထူပေါ စဿ ကတော=သူ့အတွက် စေတီလည်းပဲ တပည့်တော်တို့ တည်ထားခဲ့ပြီးပါပြီ" "တဿ ကာ ဂတိ=ဗာဟိယရဲ့ ဂတိငါးသွယ် လားစဖွယ်ကား အဘယ် ဂတိပါနည်း" ဘုရား။ အထက်က နတ်ပြည် ဗြဟ္မာ့ပြည် ဒေဝဂတိလား၊ အဲဒီအောက်က လူ့ပြည် မနုဿဂတိလား၊ ငရဲတိရစ္ဆာန်ပြိတ္တာဆိုတဲ့=နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိ၊ ဘယ် ဂတိကို ရောက်တုံး မြတ်စွာဘုရား။

ကော အဘိသမ္ပရာယော-တမလွန်ဘဝအလားသည် ဘယ်လိုပါလဲ ဘုရား။ ဒီဘဝက စုတေပြီးတဲ့အခါ သံသရာ မဆုံးသေးတဲ့ ပုဂ္ဂိုလ်က တော့ ဂတိငါးပါး သွားရတယ်။ သံသရာဆုံးတဲ့ ဘုရားရဟန္တာကျတော့ အနုပါဒါ ပရိနိဗ္ဗာန်လို့ ရုပ်နာမ်အသစ် မဖြစ်တော့ဘဲ ရုပ်အဖြစ်ရပ်စဲ နာမ်အဖြစ်ရပ်စဲ သင်္ခါရအဖြစ် ရပ်စဲမှုဆိုတဲ့ အငြိမ်းဓာတ် ပရိနိဗ္ဗာန်စံမှု ဟာ ဒါ ဘုရားရဟန္တာတို့ရဲ့ တမလွန်အလား။ အဲဒီ တမလွန်အလား နှစ်မျိုးတို့တွင် ဘယ်အလားလဲ မေးတော့ မြတ်စွာဘုရား ဖြေပြီ။

ပဏ္ဍိတော ဘိက္ခဝေ ဗာဟိယော ဒါရုစီရိယော ပစ္စပါဒိ
ဓမ္မဿာနုဓမ္မံ။

ဘိက္ခဝေ=ချစ်သားတို့။ ဗာဟိယော ဒါရုစီရိယော=ဗာဟိယ ဒါရုစီရိ ယသည်။ ပဏ္ဍိတော=ပညာရှိပါပေ၏။ ဓမ္မဿ=လောကုတ္တရာ တရား တော်အား။ အနုဓမ္မံ=လျော်လျောက်ပတ်သော ပဋိပတ်ကို။ ပစ္စပါဒိ= ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေပြီ။

ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ရာတယ်။ ငါ ဘုရား တရားဟောယင် နောက်က လိုက်ပြီးတော့ မြင်အပ်သော ဒိဋ္ဌ တရားတွေ၊ မြင်တတ်သော ဒိဋ္ဌတရားတွေ၊ မြင်အပ်တဲ့ ဒိဋ္ဌ=အဆင်းမျိုး

http:\\www.dhammadownload.com



စုံ ရူပါရုံတွေ၊ မြင်တတ်တဲ့ ဒိဋ္ဌ=စက္ခုဝိညာဏ်ခေါင်းဆောင်တဲ့ ရူပါရုံကို အာရုံပြုတဲ့ စိတ်တွေ၊ ဒီနှစ်မျိုးလုံးသည်ပင်လျှင် အကြောင်းအားလျော်စွာ ဖြစ်ပေါ်တဲ့ ပရမတ္ထသဘာဝ ဓာတ်အစုအဝေးမျှပါတကား။ ယင်းနှစ်မျိုးလုံးပင်လျှင် ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ တကယ်ဆိုတော့ နာမ်ရုပ်အစုအဝေးမျှပါတကား။ ယင်းနာမ်ရုပ်နှစ်ပါးလုံးသည် အဖြစ်ချုပ် ချုပ်နေရကား အနိစ္စတွေပါတကား၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရကား ဒုက္ခသက်သက်ပါတကား၊ အလိုမပါ၊ အလိုသို့ မလိုက်၊ ငါဟူ၍ အားထားစရာမရတဲ့ အနတ္တ သက်သက်ပါတကား။

တရားနာရင်း သူ ဒါတွေကို နှလုံးသွင်းလိုက်တယ်။ နှလုံးသွင်းပွားများလိုက်တာကို ဓမ္မာနုဓမ္မ ကျင့်တယ်လို့ ခေါ်တယ် ချစ်သားတို့။

န စ မံ ဓမ္မာဓိကရဏံ ဝိဟေသေသိ။

ဘိက္ခဝေ=ရဟန်းတို့။ ဗာဟိယော ဒါရုစီရိယော=ဗာဟိယ ဒါရုစီရိယသည်။ မံ=ငါဘုရားကို။ ဓမ္မာဓိကရဏံ=တရားဟူသော အကြောင်းကြောင့်။ န ဝိဟေသေသိ=မညှဉ်းဆဲ မနှိပ်စက်ပါပေ။

ဘယ်လို ပုဂ္ဂိုလ်ကျတော့ ကိုယ်တော့်ကို တရားဟူသော အကြောင်းကြောင့် (ဝါ)တရားကို အကြောင်းပြုပြီး နှိပ်စက်ပါသလဲ။ ကိုယ်တော်က ဟောလိုက်ရတာ မောလို့၊ တရားနာတဲ့ ပုဂ္ဂိုလ်က ပြီးယင် ဒီအနားက ပစ်သွား၊ ဘာမှ နှလုံးမသွင်းယင် အဲဒါ ကိုယ်တော့် နှိပ်စက်တာတဲ့။ မြတ်စွာဘုရားက ဒါ ပြောလိုတာ။ ချစ်သားတို့၊ ဗာဟိယသည် ငါဘုရားကို တရားနဲ့ ပတ်သက်လို့ မနှိပ်စက်ပါဘူး၊ တရားနာရင်း ကျင့်ကြံတဲ့ ပုဂ္ဂိုလ်ပါ။

အေး ... သူရဲ့ တမလွန် အလားကို ဖြေကြစို့။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဗာဟိယော ဒါရုစီရိယော=ဗာဟိယ ဒါရုစီရိယသည်။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ဒုက္ခဓာတ် သိမ်းလေပြီ။

http:\\www.dhammadownload.com



သံသရာဇာတ်သိမ်းသွားပြီ ချစ်သားတို့။ ဒီလို သံသရာတစ်ဇာတ် သိမ်းရတာ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတာ။ ပရမတ္ထ နိဗ္ဗာန်ကြောင့် သံသရာဇာတ်သိမ်းမှုဆိုတဲ့ ပရိနိဗ္ဗာနဓာတ် ပေါ်ရတယ်။ အဲဒီ ပရိနိဗ္ဗာနဓာတ်ရဲ့ အကြောင်းရင်းဖြစ်တဲ့ နိဗ္ဗာန်လှမ်းမြင်လိုက်တယ်။ လှမ်းမြင်ပြီးတော့ ဝမ်းမြောက်တယ်။ ပုထုဇဉ်အမြင်နဲ့ ဘုရားရဟန္တာ အရိယာတို့ အမြင်ဟာ တခြားစီချည်းပဲ။

## ဥဒါန်းဂါထာ ကျူးရင့်တော်မူခြင်း

အေး ... ဘုရားရဟန္တာ အရိယာတို့ကတော့ ပုဂ္ဂိုလ်တစ်ပါး ပရိနိဗ္ဗာန် စံသွားပြီဆိုယင် ဟို–သံသရာဇာတ်သိမ်းတာပဲ။ သူ့မှာ သံသရာဇာတ်သိမ်းလို့ အငြိမ်းကြီးငြိမ်းတာ မြင်ပြီးတော့ ဝမ်းမြောက်တော်မူကြတယ်။ ပုထုဇဉ်ကတော့ အဲဒါတွေ မမြင်ဘူး၊ တစ်ခါတည်း လူးလိမ့်ငိုဖို့ပဲ။ ဘုရားပရိနိဗ္ဗာန်စံယင်လဲ ပုထုဇဉ်တွေ သူသူငါငါ ငိုကြတယ်။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံလည်း ငိုတာ။ အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံလည်း ငိုတာ။ ဘုရားရဟန္တာကတော့ အဲဒီလို ပရိနိဗ္ဗာန်စံတာ သိယင်၊ ဩော် ... ဘဝဇာတ်သိမ်းသွားပဟဲ့၊ သတိသွားရတယ်။ အေး ... အခုကျတော့ မြတ်စွာဘုရားက နိဗ္ဗာန်ကြောင့် အခုလို ပရိနိဗ္ဗာနဓာတ် ပေါ်ရတာဆိုပြီးတော့ ကိုယ်တော့်တပည့်အတွက် ဝမ်းမြောက်တော်မူပြီးတော့ ဟောဒီ ဂါထာ ဥဒါန်းကျူးရင့်တော်မူတယ်။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော နပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။

ဘယ်သူ့မှ တရားဟောတဲ့ ဂါထာ မဟုတ်ဘူး။ ကိုယ်တော့်ဘာသာ ကိုယ်တော် သဘောကျလွန်းလို့ ရင်ထဲ ဝမ်းထဲ မဆံ့လို့ အပေါ်ယံ လျှံထွက်လာတဲ့ ဥဒါန်းဂါထာ။

http:\\www.dhammadownload.com



ဩော် ... အကြင် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားမှာ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး မရှိပါတကား။ အမှန် အတိုင်း ဓာတ်ကြီးလေးပါး မရှိပါတကား။ အေး ... ဒီ နိဗ္ဗာန်မှာ ကောင်းကင်က နက္ခတ်ကြယ်တာရာ အရောင်တွေ ဘာမှ မရှိဘူးဟဲ့။ နေရောင်လည်း အဲဒီ နိဗ္ဗာန် မတောက်ပဘူး။ လရောင်လည်း မရှိဘူး။ နေရောင် လရောင် ကြယ်ရောင် နက္ခတ်ရောင် တာရာရောင် မရှိပေမယ် လို့ မှောင်နေသလား။ နိဗ္ဗာန်ဟာ မှောင်ပြီးတော့လည်း မနေဘူး။ နိဗ္ဗာန် မှာ အမှောင်လည်း မရှိဘူး။ သူ့သဘာဝအလင်းဓာတ် တစ်မျိုးအနေနဲ့ ရှိနေတာပဲ။

ယဒါစ အတ္တနာ ဝေဒိ၊ မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါစ၊ သုခ ဒုက္ခာ ပမုစ္စတိ။

(ဘိက္ခဝေ=ရဟန်းတို့လို့ ဘယ်သူ့မှ ခေါ်စရာမလိုဘူး။ ဒါ ဥဒါန်း မို့လို့)

ယဒါ စ=အကြင်အခါ၌ကား။ ဗြာဟ္မဏော=မကောင်းမှုကို အပပြု ပြီးသဖြင့် ဗာဟိတပါပ အနွတ္ထကြောင့် ပရမတ္ထဗြာဟ္မဏ ဖြစ်ပေ သော။ (ပုဏ္ဏားများကျတော့ ဇာတိဗြာဟ္မဏ၊ ဘုရားရဟန္တာများကျ တော့) ပရမတ္ထဗြာဟ္မဏ ဖြစ်ပေသော။ မုနိ=မဂ်ဉာဏ်လေးပါး ထင်ရှားရရှိခဲ့သော ရဟန္တာပုဂ္ဂိုလ်သည်။ မောနေန=မဂ်ဉာဏ်လေးပါး ဖြင့်။ တံ=ထိုနိဗ္ဗာန်ကို။ အတ္တနာ=ကိုယ်တိုင်ကိုယ်ကျ။ ဝေဒိ= အရဟတ္တဖိုလ်ပေါက် အသိဉာဏ် ရောက်ခဲ့လေပြီ။ အထ=ထိုသို့ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် အသိဉာဏ် ရောက်သောအခါ၌။ ရူပါ စ=ရူပတစ်ဆယ့်ခြောက်ဘုံမှ လည်းကောင်း။ အရူပါ စ=အရူပ တစ်ဆယ့်ခြောက်ဘုံမှ လည်းကောင်း။ သုခဒုက္ခာ=ချမ်းသာဆင်းရဲ ဒွန်တွဲနေတဲ့ ကာမတစ်ဆယ့်တစ်ဘုံမှ လည်းကောင်း။ ပမုစ္စတိ= ကျွတ်လေ လွတ်လေ ကျွတ်လွတ်လေ၏ တကား။

http:\\www.dhammadownload.com



မြတ်စွာဘုရားသည် နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူး၊ ယင်းနိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် အသိဉာဏ် ပေါက်ရောက်ရတဲ့အတွက် ဘဝသုံးပါးက လွတ်မြောက်ပြီဆိုတဲ့ ဒီဂုဏ်တွေ သိပြီးတော့ ဝမ်းမြောက်လွန်းလို့ ဟောဒီ ဂါထာ ရွတ်တယ်။

ဘုရားလည်း ဥဒါန်းဂါထာ ရွတ်ပြီးရော အခုနင်က လျှောက်လက်စ ကိုယ်တော်တွေက လျှောက်တယ်။

"တုမှေ ဘန္တေ ဗာဟိယော ဒါရုစီရိယော အရဟတ္တံ ပတ္တောတိ ဝဒထ၊ ကဒါ သော အရဟတ္တံ ပတ္တော"

မြတ်စွာဘုရား ... ရှင်တော်ဘုရားတို့က ဗာဟိယ ဒါရုစီရိယသည် အရဟတ္တဖိုလ် ရောက်သွားပြီလို့ မိန့်တော်မူကြတယ်။ သူ ဘယ်တုန်းက များ အရဟတ္တဖိုလ် ရောက်လိုက်တာတုန်း ဘုရားလို့ လျှောက်တယ်။ ရဟန်းတွေအမြင်က မယုံနိုင်လောက်အောင် ဖြစ်နေတယ်။

ဒီတော့ မြတ်စွာဘုရားက -

မမ ဓမ္မံ သုတကာလေ=ငါဘုရားရဲ့ တရားကို ကြားနာတဲ့အချိန် တုန်းကပေါ့။

အဲဒီတုန်းက ရောက်တာပေါ့။

ရဟန်းတွေက ပြန်မေးတယ်။

ကဒါ ပနဿ တုမှေဟိ ဓမ္မော ကထိတော။

ဘန္တေ=မြတ်စွာဘုရား။ ကဒါ=အဘယ်အခါက။ အဿ=ထို ဗာဟိယ ဒါရုစီရိယအား။ တုမှေဟိ=ရှင်ပင်ဘုရားတို့သည်။ ဓမ္မော= တရားကို။ ကထိတော ပန=ဖြစ်ဖြစ်မြောက်မြောက် ဟောကြားအပ်ပါ သနည်း ဘုရား။

ဘယ်တုန်းကများ ရှင်တော်ဘုရားတို့က ဗာဟိယ ဒါရုစီရိယအား တရားကို ဟောပါသလဲဘုရား။

http:\\www.dhammadownload.com



## ဆွမ်းခံကြွစဉ် ခရီးအကြား ရပ်၍ ဟောသောတရား

မြတ်စွာဘုရားက ဖြေတယ်။

ပိဏ္ဍာယ=ဆွမ်းအလို့ငှာ။ စရန္တေန=လှည့်လည်ဆဲဖြစ်သော ငါဘုရားသည်။ အဒ္ဓေဝ=ယနေ့ပင်လျှင် (ချစ်သားတို့ မမြင်ဘူးလား၊ ချစ်သားတို့ မျက်မှောက်မှာ ဆွမ်းခံစဉ်လေ) အန္တရဝီထိယံ ဌတွာ=လမ်းခရီးအကြား၌ တည်၍။ မယာ=ငါဘုရားသည်။ အသ=ထိုဗာဟိယအား။ ဓမ္မော=တရားကို။ ကထိတော=ဟောအပ်လေပြီ ...။

ချစ်သားတို့ - မနက်က ဆွမ်းခံတုန်း ကနေ့ပဲ လမ်းခရီးအကြား ရပ်ပြီးတော့ ဗာဟိယအား ငါဘုရား တရားဟောခဲ့ပြီ မဟုတ်လား။ ချစ်သားတို့ မမြင်ဘူးလား၊ မြင်လျက်သားနဲ့၊ မကြားဘူးလား၊ ကြားလျက်သားနဲ့။

ဒီတော့ ကိုယ်တော်တွေက မချင့်မရဲ မကျေမနပ်ဖြစ်ပြီး လျှောက်ပြန်တယ်။

အပ္ပမတ္တကော သော ဘန္တေ တုမှေဟိ အန္တရ ဝီထိယံ ဌတွာ ကထိတဓမ္မော။

ဘန္တေ=မြတ်စွာဘုရား။ အန္တရဝီထိယံ=လမ်းခရီးအကြား၌။ ဌတွာ=ရပ်တည်၍။ တုမှေဟိ=ရှင်တော်ဘုရားတို့သည်။ သော ကထိတဓမ္မော=ထိုဟောဆိုအပ်တဲ့ တရားသည်။ အပ္ပမတ္တကော=မပြောပလောက်အနည်းငယ်မျှပါ ဘုရား။

ဟုတ်တယ်။ သူတို့အနေနဲ့က အချိန်ကလေးက နည်းနည်းဟောတာ။ ဒီတော့ မပြောပလောက် နည်းနည်းကလေး ဘုရား။

ကထံ=ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ သော=ထိုဗာဟိယသည်။ တာဝတကေန=ထိုမျှလောက် အနည်းငယ်သော တရားဖြင့်။ ဝိသေသံ=မဂ်ဖိုလ်တည်းဟူသော တရားအထူးကို။ နိဗ္ဗတ္တေသိ=ဖြစ်စေပါ

http:\\www.dhammadownload.com



စေသနည်း ဘုရား။

ဘယ်လိုနည်းနဲ့များ ဒါလောက်ကလေး တရားနည်းနည်းလေးနဲ့ မဂ်ဖိုလ်တည်းဟူသော တရားထူးကို ဖြစ်စေနိုင်ရပါသလဲ မြတ်စွာဘုရား လျှောက်တယ်။

ဒီကျတော့မှ မြတ်စွာဘုရား တင်းတင်းကြီး ပြန်ပြီးတော့ ဖြေပြီ။

ကိံ ဘိက္ခဝေ မမ ဓမ္မံ အပ္ပံ ဝါ ဗဟုံ ဝါ ကိံ ပမိဏထ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ကိံ=အဘယ်ကြောင့်။ မမ=ငါဘုရား၏။ ဓမ္မံ=တရားကို။ အပ္ပန္တိ ဝါ=နည်းနည်းကလေးဟူ၍ လည်းကောင်း။ ဗဟုန္တိ ဝါ=အများကြီးဟူ၍လည်းကောင်း။ ပမိဏထ =နှိုင်းယှဉ်တိုင်းထွာတဲ့စကား ချစ်သားတို့ ပြောကြားရသလဲ။

ချစ်သားတို့က ငါဘုရားရဲ့ တရားကို အနည်းကလေး အများကြီးနဲ့ နှိုင်းယှဉ်စကား ဘာကြောင့် ပြောနေရတုန်း။ မပြောနဲ့၊ မပြောသင့်ဘူး၊ မပြောရဘူး။

အနေကာနိ ဂါထာသဟဿာနိပိ=ဂါထာပေါင်း ထောင်ပေါင်းများ စွာတို့ပင် ဖြစ်ကုန်လင့်ကစား။ အနတ္ထသံဟိတာနိ=ပရမတ္ထသဘာဝ အနက်နှင့် မဆက်စပ်ကုန်သည်ရှိသော်။ န သေယျော=မချီးမွမ်းအပ် မမြတ်ပါကုန်။

မြန်မာပြည်မှာကတော့ ဗုဒ္ဓဘာသာတရား တစ်ခုတည်း အကြီး အကျယ် အုပ်စိုးလွှမ်းမိုးထားလို့နော်။ အိန္ဒိယမှာကျတော့ ဒီ ဟိန္ဒူဘာသာ ဆိုတော့ သည့်ပြင်ဘာသာကြီးတွေက သူတို့စာပေတွေမှာလည်းပဲ တော ဘွဲ့တွေ တောင်ဘွဲ့တွေ မယ်ဘွဲ့တွေ မောင်ဘွဲ့တွေ ဒဏ္ဍာရီတွေ။

အင်း ... သီတာတို့ ဟနုမာန်တို့၊ ဘာတို့ ဆိုတာများ ဒီရာမဇာတ်လို ငါးရာ့ငါးဆယ်မှာလည်း ပါပါတယ်။ ဒါပေမယ့် ငါးရာငါးဆယ်ဇာတ် ထဲ ရာမတို့ လက္ခဏာတို့ နာမည်သာ တူတယ်၊ ဒီရာမဇာတ်ပါတဲ့

http:\\www.dhammadownload.com



ဟနုမာန်တို့၊ သုဂြိပ်တို့၊ ဘာလီတို့ မတွေ့ပါဘူး။ သူတို့ ရာမ လက္ခဏာတို့က ဒီ ငါးရာငါးဆယ်က နာမည်နဲ့ တူလို့သာ တူတာ၊ သူတို့က ဘုရားမပွင့်ခင်ကတည်းကိုက ဒီ ယိုးဒယား ရာမဇာတ်ကြီးတွေ ဘာကြီးတွေဆိုတာ သူတို့ အိန္ဒိယက ကဗျာစာနဲ့ ဖွဲ့ထားတာရှိတယ်။ အဲဒီဖွဲ့တဲ့ ကဗျာတွေဟာ ရာမကဗျာတို့၊ ပါကတကဗျာတို့၊ နာမည်ကိုက ကဗျာ ဂါထာပုဒ်တွေကို ထောင်ကျော်တယ်။ အဲဒါတွေ တစ်ခုမှ လောဘ ဒေါသ မောဟ ငြိမ်းကြောင်း မဟုတ်ဘူး။

## တရားတို့သော် နည်းသော်လည်း ချီးမွမ်းအပ်မြတ်သောတရား

ဂါထာပုဒ်တွေ ထောင်ပေါင်းများစွာ ဖြစ်လင့်ကစား ပရမတ္ထ=သဘာဝ အနက်နဲ့ မဆက်စပ်လို့ လောဘ ဒေါသ မောဟ ငြိမ်းကြောင်း မဟုတ်ယင် အဲဒီ ဂါထာတွေ နည်းနည်းမှ မချီးမွမ်းရဘူး။

အတ္ထနိဿိတံ ပန ဧကမ္ပိ ဂါထာပဒံ သေယျော။

အတ္ထနိဿိတံ ပန=ပရမတ္ထသဘာဝအနက်၌ မှီတဲ့ ဂါထာပိုဒ် ဖြစ်ပါမူကား။ ဧကမ္ပိဂါထာပဒံ=ဂါထာ တစ်ပိုဒ်ပင်သော်လည်း။ သေယျော=အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဂါထာစာပိုဒ်ကလေး တစ်ပိုဒ်ပင် ဖြစ်လင့်ကစား ချစ်သားတို့ ပရမတ္ထသဘာဝ အနက်နဲ့ ဆက်စပ်ပြီး ပြောထားတဲ့ ဂါထာပိုဒ်ဆိုယင် အဲဒီ တစ်ပိုဒ်တည်းနဲ့လည်းပဲ ကိလေသာအပူ ငြိမ်းနိုင်တယ်။

ဒါကြောင့် တစ်ပိုဒ်ပင်သော်လည်းပဲ ပရမတ္ထ သဘာဝနဲ့ ဆက်စပ်တဲ့ တရားဂါထာဆိုယင် ချီးမွမ်းအပ်တယ်။ ဓမ္မရာဇ်တံဆိပ် တရားဒေသနာ ဂါထာနဲ့ နှိပ်တဲ့၍ –

သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။
(ဓမ္မပဒ–ဗာဟိယဒါရုစီရိယဝတ္ထု။ နှာ ၂၈)

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဂါထာ=ဂါထာပိုဒ်တို့သည်။ သဟဿံအပိ=ထောင်ပေါင်းများစွာပင် ဖြစ်လင့်ကစား။ အနတ္ထပဒသံဟိတာ=ပရမတ္ထ သဘာဝတရားအစုနှင့် မဆက်မစပ်ပါမူ။ (ဝါ) လောကီမယ်ဘွဲ့ မောင်ဘွဲ့ တောဘွဲ့ တောင်ဘွဲ့ ဂါထာမျိုးတွေသာ ဖြစ်နေပါမူ။ န သေယျော=မင်္ဂဖိုလ်အား ကျေးဇူးမပြုသဖြင့် မချီးမွမ်းအပ် မမြတ်ပါပေ။ ယံ=အကြင်ဂါထာတစ်ပိုဒ်ကို။ သုတွာ=ကြားရသည်ရှိသော်။ ဥပသမ္မတိ=ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးနိုင်၏။ တံ ဧကံ ဂါထာပဒံ=ထိုကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးစေနိုင်တဲ့ ပရမတ္ထ သဘာဝနဲ့ ဆက်စပ်တဲ့ ဂါထာတစ်ပုဒ် ဂါထာတစ်ပုဒ်ကသာလျှင်။ သေယျော=နိယျာနိက အကျိုးရသဖြင့် မုချဆတ်ဆတ် ချီးမွမ်းအပ်ပါပေ၏ ချစ်သားတို့ ... ။

ဒေသနာပရိယောသာနေ=ဒေသနာနိဂုံး ဆုံးသောအခါ၌။ ဗဟူ=များစွာသော ရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ=သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု=ရောက်ကြ ဆိုက်ကြ မျက်မှောက်ပြုကြရကုန်ပြီ။

ဒီဂါထာလည်း ဆုံးရော တချို့ ကိုယ်တော်တွေ သောတာပန်၊ တချို့ကိုယ်တော်တွေ သကဒါဂါမ်၊ တချို့ အနာဂါမ်တွေ ဖြစ်ကုန်တယ်။ ဖြစ်ပြီးတော့ ဘုရားက တရားပွဲ ပြီးလိုက်ပါလား။ မပြီးသေးဘူး။ ဘယ့်နှယ်လဲဆိုတော့ –

"န ကေဝလံ သော ပရိနိဗ္ဗာနမတ္တေန"

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ သော=ထိုဗာဟိယဒါရုစီရိယသည်။ ကေဝလံ=သက်သက်။ ပရိနိဗ္ဗာနမတ္တေန=ပရိနိဗ္ဗာန်ဝင်စံ ရုံမျှကြောင့်သာလျှင်။ ပူဇာရဟော=ပူဇော်ထိုက်သည်ကား။ န=မဟုတ်။ (ပရိနိဗ္ဗာန်စံခြင်းကြောင့်သာ ပူဇော်ထိုက်သူ မဟုတ်သေး။ သည့်အပြင်လည်း ရှိသေးတယ်။) အထ ခေါ=စင်စစ်သော်

http:\\www.dhammadownload.com



ကား။ ခိပ္ပာဘိညာနံ=လျင်သော အရိယမဂ်ဉာဏ် ရှိကြကုန်သော။ မမ သာဝကာနံ ဘိက္ခူနံ=ငါဘုရားရဲ့ တပည့်သာဝက ရဟန်းတို့ အနက်။ အဂ္ဂဘာဝေနပိ=အသာဆုံး အမြတ်ဆုံး ဖြစ်သည်၏ အဖြစ် ကြောင့်လည်း။ သော=ထိုဗာဟိယဒါရုစီရိယသည်။ ပူဇာရဟော= ပူဇော်ခြင်းငှာ ထိုက်ပေ၏။

## ခိပ္ပာဘိညာ ဧတဒဂ် ရရှိခြင်း

အဲဒီလို အမိန့်ရှိပြီးတော့မှ တစ်ခါတည်း ဧတဒဂ် စာစောက သူ ဆုတောင်းခဲ့တဲ့ ဧတဒဂ် သူ ပရိနိဗ္ဗာန် စံပြီးတော့မှ ဟောဒီလို တင်ရ တယ်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပာဘိညာနံ၊ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ယဒိဒံ ယော အယံ ဗာဟိယော ဒါရုစီရိယော=အကြင် မရိုးမျှင်အဝတ် ဝတ်တဲ့အတွက် ဒါရုစီရိယ အမည်ရတဲ့ ဗာဟိယရဟန်းသည်။ အတ္ထိ=ရှိ၏။ ခိပ္ပာ–ဘိညာနံ=လျင်မြန်သော အသိဉာဏ် ရှိကြကုန်သော။ မမ သာဝကာနံ =ငါဘုရားရဲ့ တပည့်သာဝက ဖြစ်ကြကုန်သော။ ဘိက္ခူနံ=ရဟန်းတို့ အနက်။ ဧတံ ဧသော=ဤဗာဟိယ ဒါရုစီရိယ ရဟန်းသည်။ အဂ္ဂံ အဂ္ဂေါ=အသာဆုံး အမြတ်ဆုံးပါပေ။

အဲဒီလို ပရိသတ်လေးပါး အလယ်မှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်လို့ ချီးကျူးတာကို ဧတဒဂ်ဘွဲ့ထူး ချီးကျူးတယ်လည်း ခေါ် တယ်။ ဧတဒဂ်ရာထူး တင်တယ်လည်း ခေါ်တယ်။ စာအခေါ်ပေါ့။ ဧတဒဂ်တင်တယ်။ ဧတဒဂ်ထားတယ်၊ အတူတူပါပဲ။ အမှန်ကတော့ အခုလို ဒီပါဠိနဲ့ ရွတ်ပြီးတော့ ကိုယ်တော်တိုင် နှုတ်တော်ရွတ်ပြီး ချီးကျူး တာကို ဧတဒဂ်တင်တယ်လို့ ခေါ်ရတယ်။ သူ့အရာနဲ့ သူ။ အရှင်သာရိ ပုတ္တရာကျတော့ ပညာကြီးတဲ့နေရာ ဧတဒဂ်၊ အရှင်မဟာမောဂ္ဂလ္လာန်

http:\\www.dhammadownload.com



ကျတော့ တန်ခိုးကြီးတဲ့နေရာ၊ အရှင်မဟာကဿပကျတော့ ဓုတင်ဆောင်တဲ့နေရာ အသာဆုံး အမြတ်ဆုံး။ အရှင်အာနန္ဒာတို့ကျတော့ ဧတဒဂ်ငါးခုရတယ်။ ထားပါတော့။

ဟောဒီ ဗာဟိယဒါရုစီရိယကျတော့ ပရိနိဗ္ဗာန်စံပြီးမှ သူက ဧတဒဂ်ရတယ်။ ဒီအပြင် ကိုယ်တော်တွေကတော့ အသက်ရှိတုန်း ရသပေါ့။ အခု ဗာဟိယကတော့ ပရိနိဗ္ဗာန် စံပြီးမှ မြန်မာပြည်စစ်ဖက်ကပေးတဲ့ အောင်ဆန်းသူရိယ ဘွဲ့ဆိုတာ သေပြီးမှ ရတဲ့ဘွဲ့၊ ဟုတ်လား။ အဲဒီဘွဲ့နဲ့ ခပ်ဆင်ဆင် ဖြစ်နေတယ်။

## တရားတော်နိဂုံး

ဤသို့လျှင် ဗာဟိယဒါရုစီရိယအကြောင်း ဟောတော်မူအပ်သော အနုပုဗ္ဗဂမ္ဘီရဂုဏ်နဲ့ ပြည့်စုံသော ဗာဟိယသုတ္တန်တရား ဒေသနာမြတ်ကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း=သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဒိဋ္ဌ သုတ မုတ ဝိညာတ တရားလေးပါးတို့ကို အရှုခံထား၍ နာမရူပ ပရိဂ္ဂဟဉာဏ်၊ နာမရူပဝဝတ္ထာနဉာဏ် တည်းဟူသော ဉာတပရိညာ၊ အနိစ္စ–ဒုက္ခ–အနတ္တ ဝိပဿနာတည်းဟူသော တီရဏပရိညာ နှစ်ပါး ပွားများကြိုးကုတ် အားထုတ်ရခြင်း တည်းဟူသော ဘာဝနာမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဘုရားမြတ်စွာ သာသနာနေဝန်း ထွန်းပ ပါစေခြင်း အလို့ငှာ အလှည့်ကျ တာဝန်ယူ၍ သာမဏေတို့၏ ဝိနည်းစာလျှောက်မေးပွဲ ခြိမ့်သဲကျင်းပ ပူဇော်ရခြင်း တည်းဟူသော=ဝိနယပူဇာ သာသနာနုဂ္ဂဟ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် သန္တိလက္ခဏာ အစ္စုတိ ရသ အသင်္ခတ စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရားနာ

http:\\www.dhammadownload.com



ပုဂ္ဂိုလ်တစ်စု မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း ....။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုကြရသော ဘဝသည် နောက်ဆုံးဘဝ၊ ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာနစုတိမှ နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ တစ်စုံတစ်ခုသော ယောနိ၊ တစ်စုံတစ်ခုသော ဂတိ၊ တစ်စုံတစ်ခုသော ဝိညာဏဋ္ဌိတိ၊ တစ်စုံတစ်ခုသော သတ္တာဝါသ၊ တစ်စုံတစ်ခုသော သတ္တနိကာယမှာမှ ဒို့မသိတဲ့ စကားတွေချည်း ဖြစ်နေတယ်။ ကာမ ရူပ အရူပဆိုတဲ့ ဘဝသုံးပါးတွင် ဘယ်ဘဝမှာမှ ယောနိလေးပါး၊ ပဋိသန္ဓေလေးမျိုး၊ သံသေဒဇ အဏ္ဍဇ ဇလာဗုဇ ဥပပတ် ဆိုတဲ့ ပဋိသန္ဓေ လေးမျိုးအနက် ဘယ်ပဋိသန္ဓေအမျိုးထဲမှာမှ ဂတိ ငါးပါး၊ ဟိုအထက်က နတ်ဗြဟ္မာဆိုတဲ့ ဒေဝဂတိ၊ လူ့ဘုံဆိုတဲ့ မနုဿ ဂတိ၊ အောက်အပါယ်ဆိုတဲ့ နိရိယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ ဒီဂတိငါးပါးဝယ် ဘယ်ဂတိမှာမှ ရုပ်နာမ်အသစ်မဖြစ်ပါ ... ဒါပြောချင် လို့။ တစ်စုံတစ်ခုသော ဂတိ၊ တစ်စုံတစ်ခုသော ဝိညာဏဋ္ဌိတိ=တစ်စုံ တစ်ခုသော သတ္တာဝါသ လူအပေါင်း နတ်အပေါင်း ဗြဟ္မာအပေါင်း တိရစ္ဆာန်အပေါင်း ငရဲသတ္တဝါအပေါင်း ပြိတ္တာ အသုရကာယ် သတ္တဝါ အပေါင်းဆိုတဲ့ ထိုထိုသတ္တနိကာယ သတ္တဝါအပေါင်းတွင် ဘယ် သတ္တဝါ အစုအပေါင်းမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီး တရားတို့ တစ်ဖန်အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၊ ယင်းကိုပင် ခေါ်တဲ့ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံ ကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း .... ။

သာဓု။ သာဓု။ သာဓု။

ဗာဟိယ သုတ္တန်တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



# ရဋ္ဌပါလသုတ္တန်တရားတော်

## ကာမဂုဏ်စည်းစိမ် အနှောင်အဖွဲ့ အကြပ်အတည်းမှ အဆင့်ဆင့်ရုန်းကန်ထွက်ပြေး၍ သဒ္ဓါပဗ္ဗဇိတအဖြစ်ဖြင့် သာသနာတွင်း ဝင်ရောက်သော အရှင်ရဋ္ဌပါလ မထေရ်အကြောင်း

သာသနာ ၂၅၀၉၊ ကောဇာသက္ကရာဇ် ၁၃၂၇ ခု၊ ဝါခေါင် လပြည့်ကျော် ၈ ရက်နေ့၊ မန္တလေးမြို့၊ ပုဏ္ဏားကန်ရပ်၊ ဦးတုတ်+ ဒေါ်သန်းရှင် တို့၏ ဓမ္မာရုံအတွင်း၌ ဟောကြားအပ်သော **ရဋ္ဌပါလသုတ္တန် တရားတော်**။

တရားတောင်းပန်တဲ့ ဦးတုတ်က ရဋ္ဌပါလသုတ္တန် ဟောပေးပါတဲ့။ ဒီတော့ ဘုန်းကြီးက ပြန်ပြီးတော့ ဦးတုတ်ကို တောင်းပန်ခဲ့တယ်။ ဒီ ရဋ္ဌပါလ သုတ္တန်တရားက တရားတစ်ပွဲတည်းနဲ့ မဆုံးဘူး။ ဘုန်းကြီးတို့ စာပေနယ်ပယ်ထဲမှာ အင်မတန် ရှည်လျားတဲ့ သုတ္တန်ကြီးများ စုပေါင်း ထားတဲ့ တရားအပေါင်းကို ဒီဃနိကာယတဲ့။ ဒီဃ=ရှည်လျားတဲ့ သုတ္တန် ကြီးများ၊ နိကာယက=အပေါင်း၊ ဒီဃနိကာယ်ဆိုတာ အလွန်ရှည်တဲ့ သုတ်ကြီးအပေါင်း၊ သုတ္တန်အပေါင်းကို ဒီဃနိကာယ်လို့ ခေါ်ပါတယ်။

မဇ္ဈိမနိကာယ်ဆိုတာ ဒီဃနိကာယ်က သုတ္တန်တွေလောက် မရှည် ဘူး။ ဒါပေမယ့် သူလည်း အလယ်အလတ်တော့ ရှည်တယ်။ အလယ် အလတ်ရှည်သော သုတ္တန်အပေါင်းကို မဇ္ဈိမနိကာယ်လို့ ခေါ်ပါတယ်။ အခု ရဋ္ဌပါလသုတ္တန်ဆိုတာ အလယ်အလတ်ရှည်သော သုတ္တန်အပေါင်း ဆိုတဲ့ မဇ္ဈိမနိကာယ်ထဲက အဝင်အပါ၊ အလယ်အလတ်ဆိုတဲ့ သုတ္တန် မှာ ရှစ်ရွက် ဆယ်ရွက်လောက် ဘုန်းကြီးတို့ စာပေပါဠိ အနေနဲ့ကျတော့ ဘုန်းကြီးတို့က မြန်မာက ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ဝန်းဝန်း မြန်မာ

http:\\www.dhammadownload.com



နိရုတ္တိ၊ မြန်မာ့ဝေါဟာရနဲ့ ဖြိုင်ဖြိုင်မြိုင်မြိုင် ဆိုကြပါစို့၊ နောက်တစ်ချိန် နိရုတ္တိပဋိသမ္ဘိဒါ ရောက်တဲ့အခါမှာ အင်မတန် ပြည့်ပြည့်စုံစုံ ရောက်ချင်တော့ ဒီရှစ်ရှက် ဆယ်ရွက်လောက်ရှိတဲ့ သုတ္တန်တစ်ခုကို ဟောတဲ့ ပုဂ္ဂိုလ်က တစ်ထိုင်တည်း ဟောနိုင်စေကာမူ တရားနာတဲ့ ပုဂ္ဂိုလ်တွေ အဖို့ အင်မတန် ပင်ပန်းတာပဲ။

အဲဒါကြောင့် ဒီသုတ္တန်ကို ဘုန်းကြီးတို့ ဟောယင် နှစ်ခါတော့ ဟောရမယ်။ ဒီတော့ ကနေ့ တရားနာရတဲ့ ပုဂ္ဂိုလ်တွေက ကနေ့ ရှေ့ပိုင်း နာရယင် နောက် ဝါခေါင်လကွယ်နေ့မှာ ဘုန်းကြီး ဒါကို အရိုးအိုးကြီး ဓမ္မာရုံမှာ အပြီးဟောပါ့မယ်။ ဒီတော့ အဲဒီက ပြန်တဲ့အခါကျတော့ ဦးတုတ်က နာကြားလိုတဲ့ ပရိသတ်ကို ဖွင့်ပေးပါလို့ ဘုန်းကြီးက မေတ္တာရပ်ပါတယ်။

တိမဏ္ဍလေ စရံ သံဃ-နက္ခတ္တပရိဝါရိတံ။
သဒ္ဓမ္မသီတလောဘာသ-ဇနသန္တာပနာသကံ။
ပညာစက္ခုကရံ ပူဇေ၊ ဗုဒ္ဓပုဏ္ဏိန္ဒု မဏ္ဍလံ။ ။

ရှေးရှေးတုန်းက ဘုန်းကြီးတို့ လူမဖြစ်ခင် သက္ကရာဇ် ၁၂၅၀ ကျော် လောက်အချိန်မှာ ရတနာပုံ မန္တလေးနေပြည်တော်မှာ ပေါ်ခဲ့တဲ့ ဂါထာ ဖြစ်ပါတယ်။ ဒီလို ဥပုသ်တရားပွဲများမှာ ရွှေကျင်ငါးတိုက်က ဆရာတော်ဘုရားကြီးများ အမွန်းအနေနဲ့ တရားဦးအနေနဲ့ ဒီဂါထာရွတ် ပြီး အနက်ပါပေးတော့ အင်မတန် ဒီဂါထာ ကြည်ညိုတဲ့အတွက် အင်းဝ ဝန်စာရေးမင်းက ဂါထာပါဠိနဲ့ ဆရာတော်များ ပေးရင်းစွဲဖြစ်သော အနက်ကို ကူးပြီးတော့ မိမိအနှစ်သက်ဆုံးဆိုတဲ့ အနက်ဖြင့် တန်ဆာ ဆင်ထားပါတယ်။ ဆိုကြပါစို့၊ ဘုန်းကြီးတို့ ပါဠိစာပေထဲမှာပေါ့လေ၊ ရတနာသုံးပါးရဲ့ စာပေနယ်ထဲမှာ ထိထိရောက်ရောက် ဝင်ပြီးတော့ ဆောင်ရွက်ထားတဲ့ စာပေတစ်ခု၊ ဒို့ဒကာတွေဘက်က ဂုဏ်ယူစရာ စာပေဘစ်ခု ဆိုကြပါတယ်။

http:\\www.dhammadownload.com



တိမင်္ဂလေ စရံ သံဃ–နက္ခတ္တပရိဝါရိတံ။
သဒ္ဓမ္မ သီတလောဘာသ–ဇနသန္တာပနာသကံ။
ပညာစက္ခု ကရံ ပူဇေ၊ ဗုဒ္ဓပုဏ္ဏိန္ဒု မင်္ဂလံ။ ။

သံဃနက္ခတ္တပရိဝါရိတံ=အရိယာရှစ်ပါး တပည့်သား သံဃာတော် မြတ်အပေါင်းတည်းဟူသော နက္ခတ်တာရာ ကြယ်တကာတို့ ဝန်းကာ ပတ်ခြံ ရံတော်မူအပ်ပါပေထသော။ သဒ္ဓမ္မသီတလောဘာသ ဇနသန္တာပနာသကံ=ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် အေးမြ ချမ်းကြည်သော တရားရောင်ဖြာတို့ဖြင့် မြားဖြောင်လှစွာ သတ္တဝါတို့၏ ဆယ့်တစ်ဖြာငြီး လောင်သည့်မီးကို အပြီးတိုင် ပယ်ဖျောက်တော်မူတတ် ပါပေထသော။ ပညာစက္ခုကရံ=လေးရပ်သစ္စာ နက်နဲစွာကို ကောင်းစွာ မြှော်ရှု ဉာဏ်ပညာစက္ခုကို ပြုတော်မူတတ်ပါပေထသော။ တိမင်္ဂလေ= မဇ္ဈေတိုက်တွန်း အဝန်းတွင်မှတ် အလတ်ကျဉ်း+ကျယ် လမ်းသုံးသွယ် ၌။ စရံ–စရန္တံ=မြင်းမိုရ်နှိုင်းရာ ဗောဓိချာကို ဗဟိုမှာထား ကြွသွားတော်မူ တတ်ပါပေထသော။ ဗုဒ္ဓပုဏ္ဏိန္ဒုမင်္ဂလံ=ဘုရားရှင်ဟူ ရောင်ဖြူပထွန်း လပြည့်ဝန်းကို။ ပူဇေ–ပူဇာမိ=သဒ္ဒါစိတ်စော အာရုံနှော၍ မနောဝစီ ဦးချီထက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား ... ။

သာဓု။ သာဓု။ သာဓု။

## လရထားပမာ အေးမြစေတော်မူသော မြတ်စွာဘုရား

ပကတိ ကောင်းကင်က သွားတဲ့ လကြီးကို မှန်းပြီးတော့ မျှော်ကြည့် ရအောင် လကြီးထွက်လာတယ်ဆိုယင် လရဲ့ ပတ်ဝန်းကျင်က နက္ခတ် တွေ၊ ကြယ်တွ၊ တာရာတွေ ရံလျက် ခြံလျက် လ သည် သူ့ဥတု သူ့ရာသီနဲ့ အဇ္ဈောဝီထိ=အတွင်းလမ်း၊ မဇ္ဈေဝီထိ=အလယ်လမ်း၊ ဗာဟိရဝီထိ=အပြင်လမ်းလို့ နေလိုပဲ သူလည်း မြင်းမိုရ်တောင် ဗဟို ထားပြီးတော့ လမ်းသုံးသွယ်က သူ့ရာသီအလိုက် လရထား သွားနေ

http:\\www.dhammadownload.com



ပါတယ်။

အဲဒီလို လကြီး ထွက်လာလို့ရှိယင် လရဲ့ အအေးရောင်နဲ့ တစ်နေ့လုံး ပူတဲ့အပူတွေ အကုန်ငြိမ်း ပျောက်တယ်။ တစ်နေ့လုံး ပူထားတဲ့ အပူတွေကို လသည် မိမိရဲ့ အေးမြသော ရောင်ခြည်ဖြင့် ပယ်ဖျောက်တယ်။ ဒီလို ပယ်ဖျောက်ရုံတင်လား ဆိုလို့ရှိယင် လူတွေကို မျက်စိအမြင်ပေးတယ်။

အဲဒါလိုပဲတဲ့။ ဘုရားသဗ္ဗညုတည်းဟူသော လရထား ထွက်ပြူတော် မူလာတယ်ဆိုလို့ရှိယင် သံဃာတော်တည်းဟူသော နက္ခတ်တွေ၊ ကြယ်တွေ၊ တာရာတွေ ရံလျက် ခြံလျက် ထွက်ပေါ်လာတယ်။ ပကတိလရထား ထွက်လာလို့ ရှိယင် တစ်နေ့လုံး ပူတဲ့ အပူတွေကို ပကတိလရထားသည် မိမိ၏ အေးမြသော အရောင်တို့ဖြင့် ပယ်ဖျောက်သလို ဘုရားသဗ္ဗညုတည်းဟူသော လရထားလည်းပဲ သတ္တဝါတို့ သန္တာန်၌ အစမထင် သံသရာတစ်ခွင်က လောင်ခဲ့ ကျွမ်းခဲ့ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးဆိုတဲ့ တစ်ဆယ့်တစ်သီး မီးပူများကို ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော အေးမြချမ်းကြည်တဲ့ စမ်းရေရောင်တို့ဖြင့် ပယ်ဖျောက်ပေးပါတယ်တဲ့။

## အဝန်းသုံးပါး

ပကတိ လရထားသည် အန္တော၊ မဇ္ဈေ၊ ဗာဟိရ လမ်းသုံးသွယ်က သူ့ရတု ဥတုအလိုက် လှည့်လည်ကျက်စား သွားသလို ဘုရားသဗ္ဗညုတည်းဟူသော လရထားလည်းပဲ ကိုယ်တော်မြတ် ခရီးဒေသစာရီ ကြွချီတော်မူရတဲ့ လပိုင်းအလျောက် မဟာမဏ္ဍလ၊ မဇ္ဈေမဏ္ဍလ၊ အန္တောမဏ္ဍလလို့ အဝန်း သုံးပါးလို့ ခေါ်ပါတယ်။

ဒါက ဘုန်းကြီးတို့ နားလည်အောင် နည်းနည်း စဉ်းစားကြည့်ရမယ်။

http:\\www.dhammadownload.com



## ဘုရားဒေသစာရီ ကြွချီတော်မူပုံ

မြတ်စွာဘုရား ကိုယ်တော်မြတ်များသည် ထိုထိုမြို့ရွာမယ် ဝါကပ်တော်မူလို့ သီတင်းကျွတ်လပြည့်နေ့ ရောက်ပြီ၊ ကိုယ်တော်မြတ် ဝါကပ်တဲ့ မြို့ရွာမှာ ချွေချွတ်စရာ သတ္တဝါ မရှိဘူးဆိုယင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ကစပြီးတော့ နောက်နှစ် ဝါဆိုလပြည့်ထိအောင် လပေါင်း ၉ လတိုင်တိုင် ဒေသစာရီ ကြွချီတော်မူပါတယ်။

### မဟာမဏ္ဍလ

ဒီလို ဒေသစာရီ ကြွချီတဲ့အခါမှာ ကိုယ်တော်ကြွတဲ့ခရီး အဖြောင့်ယူဇနာ တွက်မယ်ဆိုလို့ရှိယင် ယူဇနာသုံးရာ ခရီးပေါက်တယ်။ တစ်နေ့တစ်ယူဇနာ နှစ်ယူဇနာ မှန်မှန်ကြွယင်။ ဒါ အတုရိတ ဒေသစာရီလို့ခေါ်ပါတယ်။ မဆောမလျင် ဖြည်းဖြည်းကြွတဲ့ ဒေသစာရီ။ ၉-လ ကြွမယ်။ ကိုယ်တော်ကြွတဲ့ခရီး အရောက်ကို အဖြောင့်ကို ခြေလှမ်းတော်နဲ့ကြွရတဲ့ခရီး တွက်ယင်တော့ ယူဇနာ သုံးရာ ပေါက်တယ်။

သို့သော် ကိုယ်တော်ကြွတဲ့ ယူဇနာသုံးရာကို အလယ်ဗဟို ထားပြီးတော့ လက်ဝဲဘက်က ယူဇနာ သုံးရာ၊ လက်ယာဘက်က ယူဇနာ သုံးရာ၊ ဒီအတွင်းမှာ ရှိကြတဲ့ ဒကာ ဒကာမတွေ အလယ်ခေါင် ဘုရားကြွတဲ့လမ်းမှာ အားလုံး လာရောက်ပြီးတော့ လှူကြတယ်၊ တန်းကြတယ်၊ သီတင်းသီလ ဆောက်တည်ကြတယ်၊ တရားနာကြတယ်။ ဒါကြောင့် လက်ဝဲက ယူဇနာ သုံးရာခရီးရောက်ခဲ့တယ်။ လက်ယာက ယူဇနာသုံးရာ ခရီးမြောက်ခဲ့တယ်။ အလယ်ခေါင်က ကိုယ်တော်ကြွတဲ့လမ်းက ယူဇနာသုံးရာ၊ အားလုံး ယူဇနာကိုးရာ အဝန်းရှိတယ်လို့ ဆိုရတယ်။ **မဟာမဏ္ဍလ** ခရီးဝန်း၊ ဒါအကျယ်ဆုံးပါ။

http:\\www.dhammadownload.com



## မဇ္ဈိမမဏ္ဍလ

အကယ်၍ သီတင်းကျွတ်လပြည့်နေ့ ရောက်သော်လည်းပဲ ကိုယ်တော် ဝါကပ်တဲ့ မြို့ရွာမှ ချွေချွတ်စရာ သတ္တဝါ မကုန်သေးဘူး၊ စောင့်ဆိုင်း သင့်သေးတယ် ဆိုလို့ရှိယင် တန်ဆောင်မုန်းလပြည့်လောက် ထိအောင် ဆိုင်းနိုင်တယ်။ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်လောက်မှ ကြွတော့ ခရီးဒေသစာရီ ကြွဖို့ရန် အချိန်ရှစ်လလောက်ပဲ ရှိတော့တယ်။ ခုနင်ကလောက် ယူဇနာသုံးရာ ပေါက်အောင် မကြွနိုင်ဘူး။ နောက်နှစ် ဝါဆိုလပြည့်ထိအောင်။ ဒီတော့ တစ်နေ့ တစ်ယူဇနာ၊ တခါတလေ တစ်နေ့ နှစ်ယူဇနာ အဲဒီလို ကြွပြီးတော့ သွားတာ ခရီး ယူဇနာ အဖြောင့်အားဖြင့် ယူဇနာနှစ်ရာ ကိုယ်တော်မြတ် ကြွတယ်။

လက်ဝဲက ယူဇနာ နှစ်ရာ၊ လက်ယာက ယူဇနာ နှစ်ရာ၊ အားလုံး ဒကာ ဒကာမတွေဟာ အလယ်ခေါင် ဘုရားကြွတဲ့လမ်း လာရောက်ပြီး တော့ လှူကြတယ်၊ တန်းကြတယ်၊ တရားနာကြတယ်။ ဒါကြောင့် ခရီး ယူဇနာအဝန်းဆိုယင် ခြောက်ရာရှိသွားပါတယ်တဲ့။ အဲဒီ အဝန်းကို မဇ္ဈိမမဏ္ဍလ=အလယ်ခရီးဝန်းလို့ ခေါ်ပါတယ်။

## အန္တောမဏ္ဍလ

အကယ်၍ တန်ဆောင်မုန်းလပြည့်ထိအောင် စောင့်ဆိုင်းသော်လည်းပဲ ချွေချွတ်စရာ သတ္တဝါ မကုန်သေးဘူး။ နတ်တော်လပြည့်လောက်၊ သို့မဟုတ် ပြာသိုလပြည့်ကျော်လောက်ကျအောင် စောင့်ဆိုင်း သင့်သေးတယ်ဆိုယင်လည်း စောင့်ဆိုင်းပြီးတော့ နေရတယ်။ ပြာသိုလပြည့်ကျော် တစ်ရက်နေ့လောက်မှ ထွက်တဲ့ ခရီးဒေသစာရီ ကြွရတဲ့ လမ်း လပိုင်းက နည်းသွားတယ်။ ဒီကျတော့ ပြာသိုလပြည့်ကျော် တစ်ရက်နေ့မှ သွားလို့ရှိယင်ပေါ့လေ၊ ဝါဆိုလပြည့်အထိဆိုတော့ ခြောက်လပဲ ခရီးကြွစရာ ရှိတယ်။ အဲဒီ ခြောက်လသော ခရီးဖြင့် ကိုယ်တော်မြတ်ကြွတဲ့ ခရီးယူဇနာပေါင်းဟာ တစ်ရာရောက်ပါတယ်။

http:\\www.dhammadownload.com



လက်ဝဲက တစ်ရာ၊ လက်ယာက တစ်ရာ၊ အားလုံး ယူဇနာ သုံးရာခရီး ရောက်တယ်။ **အဲဒီခရီးအဝန်းကို အန္တောမဏ္ဍလလို့** ခေါ်ပါတယ်။

**အဲဒီလို** ဘုရားသဗ္ဗညုတည်းဟူသော လစန်းဟာ မဟာမဏ္ဍလ၊ **မဇ္ဈေမဏ္ဍလ၊ အန္တောမဏ္ဍလ** တည်းဟူသော ခရီးအဝန်းသုံးပါးမှ ကိုယ်တော်မြတ်အကြောင်း ညီညွတ်သည့်အလျောက် လှည့်လည် ကြွချီတော်မူတယ်။ ဒီအကြောင်းကို –

တိမဏ္ဍလေ=မဇ္ဈေတိုက်တွန်း အဝန်းတွင်မှတ် အလတ်+ကျဉ်း+ကျယ် လမ်းသုံးသွယ်၌။ စရံ စရန္တံ=မြင်းမိုရ်နှိုင်းရာ ဗောဓိချာ ...

မြင်းမိုရ်တောင်ပမာ ထားပြီးတော့ မဟာဗောဓိရဲ့ ပတ်ဝန်းကျင် မဟာမဏ္ဍလ၊ မဇ္ဈေမဏ္ဍလ၊ အန္တောမဏ္ဍလဆိုတဲ့ ခရီးအဝန်းသုံးမျိုးဖြင့် လှည့်လည်ကျက်စား ကြွသွားတော်မူတဲ့ ဘုရားတည်းဟူသော လမင်းပါပဲ–တဲ့။ **ပကတိ လမင်းထွက်ယင် လူတွေ မျက်စိ အမြင်ရသလို** ဘုရားသဗ္ဗညုတည်းဟူသော လမင်းကြီးထွက်ယင် ဘယ်လို မျက်စိ **အမြင်ရတုန်းဆိုတော့** ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းသိတဲ့ ဉာဏ်ပညာမျက်စိ၊ ဒုက္ခရဲ့အကြောင်းဖြစ်တဲ့ သမုဒယသစ္စာကို သမုဒယသစ္စာမှန်းသိတဲ့ ဉာဏ်ပညာမျက်စိ၊ ဒုက္ခရဲ့ချုပ်ရာ နိရောဓသစ္စာကို နိရောဓသစ္စာမှန်းသိတဲ့ ဉာဏ်ပညာမျက်စိ၊ မဂ္ဂသစ္စာကို မဂ္ဂသစ္စာမှန်းသိတဲ့ ဉာဏ်ပညာမျက်စိ၊ ဘုရားတည်းဟူသော လမင်း ပေါ်ထွန်းတော်မူလာတဲ့ အတွက် သစ္စာလေးချက် ပြက်ပြက်ထင်တင် သိမြင်တဲ့ ဉာဏ်ပညာ မျက်စိလေးမျိုးကို လူတွေ နတ်တွေ ဗြဟ္မာတွေ ရပါတယ်။

ဒါကြောင့် –

ပညာစက္ခုကရံ = လေးဝသစ္စာ နက်နဲဇွာကို ကောင်းစွာမျှော်ရှု ဉာဏ်ပညာစက္ခုကို ပြုတော်မူတတ်ပါပေထသော။

လို့ ဝန်စာရေးမင်းက ဒီလို အနက်ပြန်တယ်။ ဒီတော့ စိတ်ထဲမှာ မှန်းပြီးတော့ ဘုရားသဗ္ဗညုတည်းဟူသော လမင်းကြီး ရဟန်းသံဃာတော်

http:\\www.dhammadownload.com



အပေါင်းတည်းဟူသော နက္ခတ်တာရာ ကြယ်တကာ ခြံရံ၍ မဖျိုမတိုက် မှာ အဝန်းသုံးပါးတို့တွင် သင့်လျော်သော အဝန်းဖြင့် ခရီးဒေသစာရီ ဓမ္မကန္တာ ဒေသနာရောင်တွေ ဖြန့်ချိပြီးတော့ လှည့်လည်ကျက်စား ကြွ သွားတော်မူနေတဲ့ ဘုရားတည်းဟူသော လပြည့်ဝန်းကြီးရဲ့ နောက်က လိုက်ပြီးတော့ အာရုံပြုကြည့်ရအောင်။

## ထုလ္လကောဋ္ဌိကနိဂုံးသို့ ဘုရားကြွတော်မူခြင်း

ဒေသစာရီ လှည့်လည်ကျက်စားတဲ့ ဘုရားတည်းဟူသော လပြည့် ဝန်းကား – ကုရုတိုင်းကို ခရီးဒေသစာရီ လှည့်လည်တဲ့အခိုက် ဖြစ်ပါ တယ်။ ဒါကို –

ဧကံ သမယံ ဘဂဝါ ကုရူသု စာရိကံ စရမာနော

မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ –

"တစ်ချိန်က ဘုရားသဗ္ဗညုတည်းဟူသော လပြည့်ဝန်းကြီး ငါးရာ သော ရဟန်းသံဃာတော် အပေါင်းတည်းဟူသော ကြယ်တာရာ အပေါင်း ခြံရံလျက် ကုရုတိုင်းမှာ ကောင်းကင်ခရီးက ဒေသစာရီ ကြွချီ တဲ့အခိုက်။"

ဘယ်ရောက်တုန်းဆိုတော့ –

ယေန ထုလ္လကောဋ္ဌိကံ နာမ ကုရူနံ နိဂမော တဒဝသရိ။

ထုလ္လကောဋ္ဌိကံ နာမ=ထုလ္လကောဋ္ဌိက အမည်ရှိသော။ ကုရူနံ=ကုရု တိုင်းသူတို့၏။ နိဂမော=နိဂုံးကို။ ယေန=အကြင်ခရီးဖြင့်။ ဥပသင်္ကမိတဗ္ဗော=သွားရောက်အပ်၏။ တေန=ထိုခရီးဖြင့်။ တံ=ထိုထုလ္လ ကောဋ္ဌိက နိဂုံးသို့။ အဝသရိ=ရောက်တော်မူ၏။

ကုရုတိုင်း အဝင်အပါ ထုလ္လကောဋ္ဌိက ခေါ်သော နိဂုံးကို ဘုရား ကိုယ်တော်မြတ် **ဒေသစာရီ** ကြွချီတော်မူတယ်။ ဘာကြောင့် ဒီနိဂုံးကြီး ကို "ထုလ္လကောဋ္ဌက"လို့ ခေါ်ရတုန်းဆိုတော့ အမြဲတမ်း ပြည့်နေတဲ့ ကျီတွေ၊ ကြိတွေ၊ ပုတ်တွေ၊ စိတွေ ရှိလို့တဲ့။ ဘာပြုလို့လဲဆိုတော့ အဲဒီ

http:\\www.dhammadownload.com



နိဂုံးနယ်ပယ်မှာ မိုးက အင်မတန် ကောင်းတယ်။ ပထမစိုက်လိုက်တဲ့ ကောက်ပဲသီးနှံ ရိတ်သိမ်းပြီးတာနဲ့ တစ်ပြိုက်နက် နောက်မိုးက ကောင်းပြီးတော့ ဒီအကွက်တွေထဲမှာ ကောက်ပဲသီးနှံ တစ်ခါချတယ်။ ဒီလို သိမ်းတာက သိမ်း၊ ချတာက ချ၊ သိမ်းတာက သိမ်း၊ ဒီလိုပဲ လည်သွားတယ်။ နားနေ ရတယ် မရှိဘူးပေါ့။ ဆယ့်ငါးရက် တစ်ကြိမ်၊ ဆယ်ရက် တစ်ကြိမ်၊ ငါးရက် တစ်ကြိမ်၊ ဒီလို မိုးမှန်မှန်ရွာတော့ တစ်နှစ်ပတ်လုံးပဲ သူတို့ရဲ့ နယ်ပယ်မှာဖြင့် ကနေ့ပြောပြောယင် သီးထပ်တို့ သီးညှပ်တို့ပေါ့လေ၊ ဒါကို ထပ်တလဲလဲ စိုက်ပြီးတော့ သွားကြတယ်။

ဒါကြောင့် လူတိုင်း လူတိုင်း အိမ်တိုင်း အိမ်တိုင်းမှာ ကျီတွေ၊ ကြတွေက ပြည့်လျှက်ရှိတယ်။ ဒါကြောင့် ဒီနိဂုံးကို "ထုလ္လကောဋ္ဌိက နိဂုံး"လို့ ခေါ်သတဲ့။

ထုလ္လကောဋ္ဌိကနိဂုံးကို ဘုရားသဗ္ဗညု ရောက်တော့ အကြောင်းထူး ဘယ်လိုဖြစ်သတုန်းဆိုတော့ –

အဿောသုံ ခေါ ထုလ္လကောဋ္ဌိကာ ဗြာဟ္မဏဂဟပတိကာ။

ထို ထုလ္လကောဋ္ဌိကနိဂုံးမှာ နေကြတဲ့ ပုဏ္ဏားသူကြွယ်တွေ ဘုရားသဗ္ဗညုရဲ့ သတင်းစကား ကြားသိတယ်။ ဘယ်လိုကြားသိတုန်းဆိုတော့–

သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော ကုရူသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ထုလ္လကောဋ္ဌိကံ အနုပ္ပတ္တော။

ဘော=အရှင်တို့။ သကျပုတ္တော=သာကီဝင် မင်းသားဖြစ်သော။ သကျကုလာ=သာကီဝင်မင်းမျိုးမှ။ ပဗ္ဗဇိတော=ရဟန်းပြုသော။ သမဏော ဂေါတမော=ရဟန်းကြီး ဂေါတမ သည်။ ကုရူသု=ကုရုတိုင်းတို့၌။ စာရိကံ စရမာနော=ခရီးဒေသစာရီ လှည့်လည်တော်မူလတ်သည်ရှိသော်။ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ=အရေအတွက်အားဖြင့်များ ဂုဏ်အားဖြင့် ကြီးမားသော ရဟန်းသံဃာအပေါင်းနှင့်

http:\\www.dhammadownload.com



တကွ။ ထုလ္လ ကောဋ္ဌိကံ=ငါတို့နေရာ ထုလ္လကောဋ္ဌိက နိဂုံးသို့။ အနုပ္ပတ္တော ကိရ= ရောက်လာပြီတဲ့။

ငါတို့ ထုလ္လကောဋ္ဌိက နိဂုံးသို့ အသမ္ဘိန္နသကျသာကီဝင် မင်းမျိုးမှ ရဟန်းပြုတဲ့ ရဟန်းဂေါတမသည် ရဟန်းပေါင်းများစွာ ခြံရံလျက် ခရီးဒေသစာရီ ကြွချီတော်မူလာခဲ့တာ ငါတို့ ထုလ္လကောဋ္ဌိက နိဂုံးကို အခု ရောက်နေပြီတဲ့လို့ ဒီသတင်း ကြားကြတယ်။

တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။

ထိုအရှင် ဂေါတမရဲ့ ဤဆိုလတ္တံ့သော ကောင်းမြတ်တဲ့ ကျော်စောသတင်းဟာ ဘဝဂ်မဆုံ နံ့၍ တက်သတဲ့။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဤအကြောင်း ဤအကြောင်းကြောင့် ထိုဂေါတမ မြတ်စွာဘုရားသည် အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင်၊ သုဂတဂုဏ်ရှင်၊ လောကဝိဒူဂုဏ်ရှင်၊ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်ရှင်၊ သတ္ထာဒေဝမနုဿာနံဂုဏ်ရှင်၊ ဗုဒ္ဓဂုဏ်ရှင်၊ ဘဂဝါဂုဏ်ရှင်ဖြစ်တော်မူသတဲ့။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။

အဲဒီ ရဟန်းကြီး ဂေါတမသည် ကာမာဝစရနတ်ပြည်ငါးထပ်၊ ဝသဝတ္တီမာရ်နတ်ပြည်၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့် တကွသော သြကာသလောကကို လည်းကောင်း၊ ရဟန်း၊ ပုဏ္ဏား၊ မင်းနှင့်တကွသော သတ္တလောကအပေါင်းကို လည်းကောင်း၊ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိပြီးမှ ...ရားကို ဟောကြားတော်မူသတဲ့။

http:\\www.dhammadownload.com



သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယော သာနကလျာဏံ သတ္ထံ သဗျဉ္ဇနံ။

ထို ရဟန်းဂေါတမသည် အစ၌ သီလကောင်းခြင်း၊ အလယ် သမာဓိ ကောင်းခြင်း၊ အဆုံး ပညာ ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းသုံး ပါးနဲ့ ပြည့်စုံတဲ့ တရား၊ အနက်နဲ့ ပြည့်စုံတဲ့ တရား၊ သဒ္ဒါနဲ့ ပြည့်စုံတဲ့ တရားကို ဟောကြားသတဲ့။

ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။

ဘာမှ နုတ်စရာလည်း မရှိ၊ ဖြည့်စရာလည်း မရှိတဲ့ ထက်ဝန်းကျင် ပြည့်စုံတဲ့ တရား၊ အပိုတွေမို့လို့ ဟုတ်လား၊ ဒီမှာ အစွန်းအမြစ် အပြစ် ကယ်လို့ ပြောစရာ မရှိတဲ့ အပြစ်ကင်းစင်တဲ့ တရားကို ဗြဟ္မစရိယ ခေါ်သော သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ သုံးပါးသိက္ခာ သာသနာ မြတ်သောအကျင့်ကို ဟောပြသတဲ့။ ဒီသတင်း ဗြာဟ္မဏ ဂဟပတိက ပုဏ္ဏားသူကြွယ်တွေ ကြားကြတယ်။ ဒါတင်ပဲလားလို့ဆိုတော့ –

သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတိ။

တထာ ရူပါနံ=ထိုသို့သဘောရှိကုန်သော။ အရဟတံ–အရဟန္တာနံ= ရဟန္တာသခင်အရှင်မြတ်တို့အား။ ဒဿနံ=ဖူးမြော်ရခြင်းသည်။ သာဓု ခေါ ပန=ကောင်းသည်သာ။ ဟောတိ=ဖြစ်၏။ ဣတိ=ဤသို့။ အသောသုံ ခေါ=ကောင်းခြင်းစကား ကြားကြလေကုန်၏။

အဲဒီလို အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကြတဲ့ ဘုရားသဗ္ဗညု အရှင်သူမြတ်များကို တို့တတွေ ဖူးမြော်ရယင် အင်မတန် ကောင်းသတဲ့ ဆိုတဲ့ ဒီသတင်းစကား ကြားကြတယ်။ သတင်းကောင်းကြားတော့ ဘာပြုတုန်းဆိုတော့ –

အထ ခေါ ထုလ္လကောဋ္ဌိကာ ဗြာဟ္မဏ ဂဟပတိကာ ယေန ဘဂဝါ တေနုပသင်္ကမိံသု။

http:\\www.dhammadownload.com



ဒီသတင်း ကြားလည်းပြီးရော ထုလ္လကောဋ္ဌိက နိဂုံးနေ ပုဏ္ဏားသူကြွယ်တို့သည် ဘုရားသီတင်းသုံးရာ အရပ်ကို သွားကြတယ်။

## ပုဏ္ဏားသူကြွယ်အစုအဝေးကြီးထဲမှ ထူးချွန်သူ သေးငွေးသားတစ်ဦး

ဒီနေရာမှာပေါ့လေ- ကုရုတိုင်းမှာ ဘုရားကိုယ်တော်မြတ် ကျောင်းမရှိဘူး။ အင်း ... ဒီပြင်နေရာတွေမှာတော့ ထိုထို ဤဤ နေရာတွေမှာ ကျောင်းရှိတော့ ဘယ်ကျောင်းမှာ သီတင်းသုံးတယ်ဆိုတာ ရှိတယ်။ ကုရုတိုင်းအတွက်ကတော့ မဟာသတိပဋ္ဌာန သုတ္တန်လည်း ဟောလို့သာ ဟောရတယ်၊ အဲဒီ ကုရုတိုင်းမှာ ဘုရားနေတဲ့ ကျောင်းရယ်လို့ မရှိဘူး။ သင့်လျော်လျောက်ပတ်တဲ့ တောအုပ်၊ ဒီ အရည၀ါသပေါ့လေ၊ တောတစ်ခုကို မှီပြီးတော့ နေတော်မူရတယ်။

အင်း ... ဘုရားရှိတဲ့ တောရပ်၊ တောအုပ်တစ်ခုကို ဒီဗြာဟ္မဏ ဂဟပတိက ပုဏ္ဏားသူကြွယ်တွေ သွားကြတယ်။ ရောက်တော့ ဘာပြုလဲ။

ဥပသင်္ကမိတွာ အပ္ပေကစ္စေ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။

ဘုရားထံမှောက် ရောက်သွားကြပြီးတော့ အဲဒီ ပုဏ္ဏားသူကြွယ်ထဲက တချို့တချို့သော ပုဏ္ဏားသူကြွယ်များက လေးလေးစားစား မြတ်စွာဘုရားကို ရှိသေမြတ်နိုး လက်အုပ်မိုး ရှိခိုးပြီးတော့ မိမိတို့ သင့်လျော်လျောက်ပတ်တဲ့ နေရာမှာ ထိုင်ကြတယ်၊ ဒါ-တစ်စု။

အပ္ပေကစ္စေ ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိံသု။

တချို့သော ပုဏ္ဏားသူကြွယ်များက မြတ်စွာဘုရားနဲ့ စကားနှီးနှော ပြောဆိုကြ၊ ဝမ်းမြောက်ဝမ်းသာ ဝမ်းမြောက်စဖွယ် တစ်သက်လုံး အောက်မေ့စဖွယ် ဖြစ်တဲ့ စကားများ ပြောပြီးတော့မှ မိမိတို့ သင့်လျော်လျောက်ပတ်တဲ့ နေရာမှာ နေကြတယ်။ သူတို့သည် သာသနာမှာ သဒ္ဓါ

http:\\www.dhammadownload.com



တရားသက်ဝင်တဲ့ ပုဏ္ဏားသူကြွယ်တွေ ဖြစ်ပါတယ်။

တတိယအစုကျတော့ -

အပ္ပေကစ္စေ ယေန ဘဂဝါ တေနဥ္စလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိံသု။

တချို့ တချို့သော ပုဏ္ဏားသူကြွယ်များကတော့-တဲ့၊ ဘုရားရှိရာ ဘက်ကို လက်အုပ်ကလေး ချီမိုးရုံမျှ ချီမိုးပြီးတော့ မိမိတို့နဲ့ လျှောက်ပတ်တဲ့ နေရာက နေကြတယ်။ ဒီတတိယပုဏ္ဏားအစုက ဘယ်လို ရည်ရွယ်ချက်လဲဆိုတော့ သူတို့ လှေနံနှစ်ဖက် နင်းတယ်။ မြတ်စွာဘုရားထံကို ခင်ဗျားတို့ သွားပြီးတော့ ဆည်းကပ်တယ်၊ ရှိခိုးဝယ်လို့ပြောယင် ဒီလို လက်အုပ်ချီရုံနဲ့ ရှိခိုးဟာ မမည်ပါဘူးဗျာလို့ ဒီလိုပြောချင်လို့၊ သူတို့က ကေရာဋိက အင်မတန် ကောက်ကျစ်တဲ့ ပုဏ္ဏားတွေတဲ့။

စတုတ္ထပုဏ္ဏားက -

အပ္ပေကစ္စေ ဘဂဝတော သန္တိကေ နာမဂေါတ္တံ သာဝေတွာ ဧကမန္တံ နိသီဒိံသု။

တချို့ တချို့ စတုတ္ထပုဏ္ဏား အစုကတော့ မြတ်စွာဘုရားရဲ့ အထံမှာ သွားပြီးတော့ "အရှင်ဘုရား ...၊ တပည့်တော် ကဿပ အနွယ်ပါဘုရား၊ တပည့်တော်သည် ကစ္စာယန အနွယ်ပါ၊ တပည့်တော်သည် မောဂ္ဂလ္လာန အနွယ်ပါ" ဤကဲ့သို့ မိမိတို့ရဲ့ အနွယ်အမျိုးကို လျှောက်ထားပြီးတော့မှ မိမိတို့နဲ့ သင့်လျော်လျောက်ပတ်ဟဲ့နေရာမှာ နေကြတယ်။ သူတို့က မျက်နှာငယ်တဲ့ ပုဏ္ဏားတွေ။

ဟို - ပဉ္စမအစု ပုဏ္ဏားကတော့ -

အပ္ပေကစ္စေ တုဏှီဘူတာ ဧကမန္တံ နိသီဒိံသု။

အပ္ပေကစ္စေ=ကချို့သော ပုဏ္ဏား သူကြွယ်တို့ကတော့။ တုဏှီဘူတာ =စကားမပြော တုဏှီသော ဖြစ်ကြ၍။ ဧကမန္တံ=သင့်လျောက်ပတ်ရာ အရပ်၌။ နိသီဒိံသု=ထိုင်နေကြကုန်၏။

http:\\www.dhammadownload.com



ဒီ ပဥ္စမပုဏ္ဏားအစုကတော့ သွားပြီးတော့ ရဟန်းကြီးဂေါတမကို အသိမလုပ်နဲ့၊ နှုတ်မဆက်နဲ့၊ မဆန့်ကျင်ရုံ တရားနာ လာတာ၊ ရဟန်းကြီး ဂေါတမနဲ့ မျက်နှာ တန်းမိနေလို့ရှိယင် မိမိအိမ်ရှေ့ မိမိအိမ်မှောက် ရောက်လာလို့ရှိယင် တစိုးတစိ လှူရ တန်းရ ပေးရ ကမ်းရမယ်၊ အဲဒီတော့ အရောမဝင်မှ တော်မယ်ဆိုပြီးတော့ တချို့ပုဏ္ဏားတွေလို စကားလည်း မပြောဘူး၊ ရှိလည်း မခိုးဘူး။ အင်း ... မိမိတို့ရဲ့ အမျိုးအနွယ်ကိုလည်း မပြောဘူး။ တကယ့် စကားမပြော တုဏှိဘောကြီးပဲ နေကြတယ်။ ပုဏ္ဏား ငါးစု ကွဲတယ်။

ဧကေမန္တံ နိသိန္နေ ခေါ ထုလ္လကောဋ္ဌိကေ ဗြာဟ္မဏဂဟပတိကေ ဘဂဝါ ဓမ္မိယာ ကထာယ သန္ဒဿေသိ သမာဒပေသိ သမုတ္တေဇေသိ သံပဟံသေသိ။

ယင်းကဲ့သို့ ပုဏ္ဏားငါးစု ပြားပြီးတော့ မိမိတို့နဲ့ သင့်လျော်ပတ်ရာ နေရာ ထိုင်နေကြပြီးတဲ့အခါ ဘုရားသဗ္ဗညု တရားစကား တရားမိုးကြီး ဧွေဖြိုးရွာသွန်းတော်မူခဲ့တယ်။ ဒီ ပရိသတ်ထဲမှာပေါ့လေ၊ ထူးတဲ့ အကြောင်းတစ်ခု ပါလာပါတယ်။ ဘယ်လိုတုန်းဆိုတော့ -

တေန ခေါ ပန သမယေန ရဋ္ဌပါလော နာမ ကုလပုတ္တော တသ္မိံ ယေဝ ထုလ္လကောဋ္ဌိကေ အဂ္ဂကုလဿ ပုတ္တော တိဿံ ပရိသာယံ နိသိန္နော ဟောတိ။

တေန ခေါ ပန သမယေန = ထိုသို့ တရားပွဲသဘင် ယင်သော အခါ၌။ တသ္မိံ ယေဝ ထုလ္လကောဋ္ဌိကေ=ထိုထုလ္လကောဋ္ဌိက နိဂုံး၌ ပင်လျှင်။ ရဋ္ဌပါလော နာမ=ရဋ္ဌပါလအမည်ရှိသော။ အဂ္ဂကုလဿ= အမြတ်ဆုံး သေဋ္ဌေးမျိုး၏။ ပုတ္တော=သားဖြစ်သော။ ကုလပုတ္တော= အမျိုးကောင်းသားသည်။ တိဿံ ပရိသာယံ=ထိုပရိသတ်၌။ နိသိန္နော =တရားနာရန် ထိုင်နေသည်။ ဟောတိ=ဖြစ်ခဲ့လေ၏။

http:\\www.dhammadownload.com



အဲဒီ ပရိသတ်ထဲမှာ ထူးထူးချွန်ချွန်အားဖြင့် ရဋ္ဌပါလခေါ်တဲ့ သေဋ္ဌေးသားတစ်ယောက်-တဲ့။ ထုလ္လကောဋ္ဌိက နိဂုံးမှာဖြင့် အမြတ်ဆုံးဆိုတဲ့ အထက်တန်းအကျဆုံး သေဋ္ဌေးမျိုးထဲက အမျိုးကောင်းသားတစ်ယောက်သည် ဒီတရားနာ ပရိသတ်ထဲမှာ ပါဝင်တယ်။

မြတ်စွာဘုရား ထုလ္လကောဋ္ဌိကနိဂုံး၌ ပုဏ္ဏားသူကြွယ်များကို တရားမိုးကြီး စွေဖြိုးရွာသွန်းပြီးတဲ့အခါ ထုလ္လကောဋ္ဌိကမြို့မှာ ထုလ္လကောဋ္ဌိကနိဂုံးမှာနေကြတဲ့ ပုဏ္ဏားသူကြွယ်များ နေရာကထပြီးတော့ ဘုရားရဲ့စကားကို သာဓုအနုမောဒနာခေါ်ပြီး တရားပွဲသဘင် သိမ်းတဲ့အခါ ရဋ္ဌပါလ အမျိုးကောင်းသားလည်းပဲ ဒီပရိသတ်နဲ့ ရောပြီးတော့ လိုက်လာတယ်။ သို့သော် ရဋ္ဌပါလ အမျိုးကောင်းသား တရားနာရင်း စဉ်းစားတယ်။ မြတ်စွာဘုရား ဟောတာက သီလအကြောင်း၊ သမာဓိအကြောင်း၊ ပညာအကြောင်း၊ သုံးပါးသိက္ခာ သာသနာအကြောင်း ဟောတဲ့အခါကျတော့ တရားနာရင်း သူစဉ်းစားမိတယ်။

## သေဋ္ဌေးသား စဉ်းစားမိခြင်း

ဘယ်လိုလဲ ဆိုတော့ -

ယထာ ယထာ ခေါ အဟံ ဘဂဝတော ဓမ္မံ ဒေသိတံ အာဇာနာမိ။

ယထာ ယထာ=အကြင်အကြင် အခြင်းအရာအားဖြင့်။ ဘဂဝတာ ဒေသိတံ=မြတ်စွာဘုရား ဟောကြားအပ်သော။ ဓမ္မံ-သုံးပါးသိက္ခာ သာသနာတည်းဟူသော တရားဒေသနာကို။ အဟံ=ငါသည်။ အာဇာနာမိ=စဉ်းစား၏။

ဘုရားဟောတဲ့ သီလ၊ ဘုရားဟောတဲ့ သမာဓိ၊ ဘုရားဟောတဲ့ ပညာ၊ သုံးပါးသိက္ခာ သာသနာတည်းဟူသော အကျင့်တရား၊ ဘုရားဟောတဲ့အချက်တွေကို ငါ လိုက်ပြီးတော့ စဉ်းစားလိုက်တဲ့အခါ-

နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တပရိပုဏ္ဏံ ဧကန္တ ပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ။

http:\\www.dhammadownload.com



အဂါရံ=အိမ်ရာတည်ထောင် လူ့ဘောင်၌။ အဇ္ဈာဝသတာ=စိုးအုပ်၍နေသောသူသည်။ ဧကန္တပရိသုဒ္ဓံ=ဧကန်ထက်ဝန်းကျင်မှ စင်ကြယ်အောင်။ ဧကန္တ ပရိပုဏ္ဏံ=ဧကန်ထက်ဝန်းကျင်မှ ပြည့်စုံအောင်။ သင်္ခလိခိတံ=ခရုသင်းပွတ်သစ်နှင့်တူအောင်။ ဣဒံ ဗြဟ္မစရိယံ=ဤမြတ်သောအကျင့်ကို။ စရိတုံ=ဖြည့်ကျင့်ငှာ။ န သုကရံ=မလွယ်ကူပါချေ။

ဪ် ... မြတ်စွာဘုရား ဟောကြားအပ်သည့် သုံးပါးသိက္ခာသာသနာသုံးရပ် မြတ်သောအကျင့်ကို အိမ်ရာတည်ထောင် လူ့ဘောင်၌နေရင်းကဖြင့် ခရုသင်းပွတ်သစ်ပမာ စင်ကြယ်စွာ ငါကျင့်နိုင်ဖို့ မလွယ်ပါတကား။

ယံ နူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ။

အဟံ=ငါသည်။ ကေသမဿုံ ဩဟာရေတွာ=ဆံမုတ်ဆိတ်ကို ပယ်ရိတ်ပြီး။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ=ဖန်ရည်စွန်းတဲ့ သင်္ကန်းများ ဝတ်ရုံပြီးသကာလ။ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ=အိမ်ရာတည်ထောင် လူ့ဘောင်က (ထွက်ပြီး) အိမ်ရာ မထောင်ရဟန်းဘောင်သို့ ကပ်ရောက်ရပါမူ။ ယံနူန=ကောင်းလေစွ။

ငါ ဆံမုတ်ဆိတ်ကို ပယ်ရိတ်၊ သင်္ကန်းများ ဝတ်ရုံပြီး လူ့ဘောင်ကထွက်၍ ရဟန်းပြုရလျှင် ကောင်းလေစွ။ ဤကဲ့သို့ အကြံဖြစ်ပြီး ထုလ္လကောဋ္ဌိက နိဂုံးသား ပုဏ္ဏားသူကြွယ်များ ဘုရားစကား တရားတော်ကိုဝမ်းမြောက်နှမော် သာခုခေါ်ပြီး ဘုရားရှိခိုးပြီး ပြန်သွားကြတဲ့အခါ ရဋ္ဌပါလသေဌေးသားလည်း ပုဏ္ဏားများနဲ့အတူ ခရီးအနည်းငယ် လိုက်ပါသွားပြီး ကိစ္စတစ်ခုခုပြုရန် ရှိတဲ့ဟန် မြတ်စွာဘုရားထံ ပြန်လာကာရှိသေစွာ ရှိခိုးပြီး အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးတော့ –

http:\\www.dhammadownload.com



## ရဋ္ဌပါလသေဋ္ဌေးသား ရှင်ရဟန်းပြုပေးရန် တောင်းပန်ခြင်း

ယထာ ယထာ ခေါ အဟံ ဘန္တေ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ။

တပည့်တော် ရှင်တော်ဘုရား ဟောကြားတဲ့တရားကို အနည်းနည်း စဉ်းစားဆင်ခြင်ကြည့်တဲ့အခါ -

နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တပရိပုဏ္ဏံ ဧကန္တ ပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ။

ဩော်-မြတ်စွာဘုရား ဟောကြားအပ်တဲ့ သုံးပါးသိက္ခာ သာသနာ သုံးရပ် မြတ်သောအကျင့်ဟာ အိမ်ရာတည်ထောင် လူ့ဘောင်၌နေရင်း ကဖြင့် ခရုသင်းပွတ်သစ်ပမာ စင်ကြယ်စွာ ငါကျင့်နိုင်ဖို့ မလွယ်ပါ တကားလို့ အနည်းနည်း အထပ်ထပ် ဆင်ခြင်မိပါတယ်ဘုရား။

ဣစ္ဆာမ+ဟံ ဘန္တေ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတုံ။

မြတ်စွာဘုရား၊ တပည့်တော်ဟာ ဆံမုတ်ဆိတ်ကို ပယ်ရိတ်၊ သင်္ကန်းများ ဝတ်ရုံပြီး လူ့ဘောင်က ထွက်၍ ရဟန်းပြုရန် အလိုရှိပါ တယ်။

လဘေယျာ+ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ၊ ပဗ္ဗာဇေတု မံ ဘဂဝါ။

မြတ်စွာဘုရား၊ တပည့်တော် ရှင်တော်ဘုရားထံမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရယူလိုပါတယ်။ တပည့်တော်ကို မြတ်စွာဘုရား ရှင် ရဟန်း ပြုပေးတော်မူစေချင်ပါတယ်ဘုရား၊ ဤကဲ့သို့ လျှောက်ထား တယ်။

ထိုအခါ မြတ်စွာဘုရားက -

အနုညာတောသိ ပန တွံ ရဋ္ဌပါလ မာတာပိတူဟိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

http:\\www.dhammadownload.com



ချစ်သား ရဋ္ဌပါလ၊ သင့်ကို မိဘတို့က အိမ်ရာတည်ထောင် လူ့ဘောင်က (ထွက်ပြီး) အိမ်ရာ မထောင် ရဟန်းဘောင်သို့ ကပ်ရောက် (တက်ရောက်)ဖို့ရန် ခွင့်ပြုအပ်ပြီးသူ ဟုတ်ကဲ့လား။ ဤကဲ့သို့ မေးတော်မူသည်။

(ဤ၌ မြတ်စွာဘုရားသည် ရာဟုလမင်းသားကို ရှင်ပြုသော အချိန်ကစ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး တောင်းပန်ချက်အရ "မိဘဆွေမျိုးများနှင့်တကွ အခြားလူများ၏ စိတ်ထဲမှာ မကျေမချမ်း မဖြစ်ပါစေနဲ့"ဟု ဆင်ခြင်နှလုံးသွင်းတော်မူပြီး မိဘခွင့်မပြုတဲ့သားကို ရှင်ပြုပေးတော် မမူခဲ့သည့်အတွက် ထိုကဲ့သို့ မေးတော်မူခြင်း ဖြစ်သည်။) ထိုအခါ ရဋ္ဌပါလ သေဋ္ဌေးသားက –

န ခေါ အဟံ ဘန္တေ အနုညာတော မာတာပိတူဟိ
အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

မြတ်စွာဘုရား၊ တပည့်တော်ကို မိဘတို့က အိမ်ရာတည်ထောင် လူ့ဘောင်က (ထွက်ပြီး) အိမ်ရာ မထောင် ရဟန်းဘောင်သို့ တက်ရောက်ဖို့ရန် ခွင့်မပြုအပ်သေးပါဘုရား။

ဤကဲ့သို့ ဖြေကြားလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက –

န ခေါ ရဋ္ဌပါလ တထာဂတာ အနနုညာတံ မာတာပိတူဟိ ပုတ္တံ ပဗ္ဗာဇေန္တိ။

ချစ်သားရဋ္ဌပါလ၊ ဘုရားရှင်တို့ဟာ မိဘနှစ်ပါး ခွင့်မပြုအပ်တဲ့သားကို ရှင်ရဟန်းပြု၍ မပေးကြဘူး။ ဤကဲ့သို့ မိန့်တော်မူတဲ့အခါ ရဋ္ဌပါလ သေဋ္ဌေးသားက –

သွာ+ဟံ ဘန္တေ တထာ ကရိဿာမိ၊ ယထာမံ မာတာပိတရော
အနုဇာနိဿန္တိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

မြတ်စွာဘုရား၊ တပည့်တော် မိဘတို့က အိမ်ရာတည်ထောင် လူ့ဘောင်က (ထွက်ပြီး) အိမ်ရာ မထောင် ရဟန်းဘောင်သို့ တက်ရောက်

http:\\www.dhammadownload.com



ခွင့်ပြုအောင် တပည့်တော် ပြုလုပ်ပါမည်ဘုရား ... ဤကဲ့သို့ လျှောက်ထားလေသည်။

## ရဋ္ဌပါလ မိဘတို့ထံ ရှင်ရဟန်းပြုဖို့ ခွင့်ပန်ခြင်း

ထို့နောက် ရဋ္ဌပါလ သေဋ္ဌေးသား နေရာမှထပြီး မြတ်စွာဘုရားကို လက်ယာရစ် ပတ်၍ ရှိခိုးပြီး မိဘနှစ်ပါးရှိရာ (အိမ်)သို့ သွားရောက်၍ မိဘတို့ကို ဤကဲ့သို့ ခွင့်ပန်စကား ပြောကြားလေသည်။ ပြောကြားပုံမှာ

"အမ္မ တာတာ ယထာ ယထာဟံ ဘဂဝတော ဓမ္မံ ဒေသိတံ အာဇာနာမိ၊ နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တပရိပုဏ္ဏံ ဧကန္တပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ၊ ဣစ္ဆာမ+ဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတုံ၊ အနုဇာနာထ မံ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

မိခင်+ဖခင် ကျေးဇူးရှင်တို့၊ အကျွန်ုပ် (ကျွန်တော်) မြတ်စွာဘုရား ဟောကြားအပ်တဲ့ တရားတော်ကို အလေးအနက် စဉ်းစားတိုင်း စဉ်းစားတိုင်း သြော် ... ဒီ မြတ်စွာဘုရား ဟောကြားအပ်တဲ့ သုံးပါးသိက္ခာ သာသနာသုံးရပ် မြတ်သောအကျင့်ကို အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရင်းကဖြင့် ခရုသင်းပွတ်သစ်ပမာ စင်ကြယ်စွာ သားကျင့်နိုင်ဖို့ မလွယ်ပါ။ သားဖြစ်သူ အကျွန်ုပ် ဆံမုတ်ဆိတ်ကို ပယ်ရိတ်၊ သင်္ကန်းများ ဝတ်ရုံပြီး လူ့ဘောင်ကထွက်ပြီး ရဟန်းပြုလိုပါတယ်၊ သားဖြစ်သူ ကျွန်ုပ်ကို လူ့ဘောင်ကထွက်ပြီး ရဟန်းပြုဖို့ရန် ခွင့်ပြုကြပါ။

ဤကဲ့သို့ ရဋ္ဌပါလ သေဋ္ဌေးသားက မိဘနှစ်ပါးကို ခွင့်ပန်စကား ပြောကြားလတ်သောအခါ အမျိုးကောင်းသားဖြစ်သူ ရဋ္ဌပါလ သေဋ္ဌေးသားရဲ့ မိဘနှစ်ပါးတို့က သားဖြစ်သူကို ဤကဲ့သို့ ဖျောင်းဖျစကား ပြောကြားကြတယ်။

http:\\www.dhammadownload.com



ပြောကြားကြပုံမှာ -

တွံ ခေါ+သိ တာတ ရဋ္ဌပါလ အမှာကံ ဧကပုတ္တကော။ ပိယော မနာပေါ သုခေဓိတော သုခပရိဘတော။

ချစ်သား ရဋ္ဌပါလ၊ သင်ဟာ ငါတို့ရဲ့ ချစ်နှစ်သက်အပ် ချမ်းချမ်းသာသာ ကြီးပြင်းစေအပ် အထိန်းတော်များက ချမ်းချမ်းသာသာ မှုယုအပ်တဲ့ တစ်ယောက်တည်းသော သားဖြစ်တယ်။ (သင်မှတစ်ပါး သားကြီး သားငယ်ဟူ၍ တစ်ယောက်မှ မရှိဘူး။)

န တွံ တာတ ရဋ္ဌပါလ ကဿစိ ဒုက္ခဿ ဇာနာသိ။

ချစ်သား ရဋ္ဌပါလ ... သင် ချစ်သားဟာ ဆင်းရဲဒုက္ခဆိုယင် ဘာကိုမှ သိတာ မဟုတ်ဘူး။

မရဏေန ပိ တေ မယံ အကာမကာ ဝိနာ ဘဝိဿာမ။ ကိံ ပန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

သင်ချစ်သား သေသွားတောင်မှ ငါတို့ အလိုမတူဘဲ (မတတ်နိုင်လို့) ကွဲကွာကြရမှာပါ၊ ငါတို့ဟာ သင့်ကို အသက်ရှင်တုန်းမှာဖြင့် ဘယ်လိုနည်းနှင့်မှ လူ့ဘောင်ကထွက်ပြီး ရဟန်းပြုရန် ခွင့်မပြုနိုင်ဘူးလို့ ပြောကြတယ်။

နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက်လည်းကောင်း ရဋ္ဌပါလသေဌ္ဌေးသားက ရဟန်းခံခွင့် တောင်းပန်တယ်၊ မိဘနှစ်ပါးက လည်းပဲ သုံးကြိမ်တိုင်အောင်ပဲ ခွင့်မပြုကြဘူး။

## ရဋ္ဌပါလ သေဌ္ဌေးသား အစာငတ်ခံ ဆန္ဒပြခြင်း

ထို့နောက် ရဋ္ဌပါလ သေဌ္ဌေးသား အမျိုးကောင်းသားသည် ငါ့ကို မိဘနှစ်ပါးတို့ဟာ ဘယ်နည်းနှင့်မှ အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ပြီး ရဟန်းပြုခွင့် ပေးမှာ မဟုတ်ဘူးလို့ ဒုန်းဒုန်းချပြီး -

http:\\www.dhammadownload.com



"ဣဓေဝ မေ မရဏံ ဘဝိဿတိ ပဗ္ဗဇ္ဇာ ဝါ"

ငါ့အဖို့ရာ ဒီနေရာမှာပဲ သေချင်သေပါစေ၊ သို့မဟုတ် ရဟန်းပြုခွင့် ရချင်ရပါစေ၊ ဤကဲ့သို့ နှလုံးသွင်းပြီး မိဘတို့ကို ခွင့်တောင်းရာ ထိုအခင်း မရှိတဲ့ နေရာမှာပင် လဲလျောင်း၍ ဆန္ဒပြုလေတော့တယ်။

ထို့နောက် ရဋ္ဌပါလ သေဋ္ဌေးသားသည် ပဌမနေ့လည်း ထမင်း မစား၊ ဒုတိယနေ့၊ တတိယနေ့၊ စတုတ္ထနေ့၊ ပဥ္စမနေ့၊ ဆဋ္ဌမနေ့၊ သတ္တမ နေ့တိုင်အောင် အစာငတ်ခံ ဆန္ဒပြု၍ နေတယ်။

## မိဘတို့က ချော့မော့ကြခြင်း

ထိုအခါ ရဋ္ဌပါလ၏ မိဘများက သားဖြစ်သူ ရဋ္ဌပါလ သေဋ္ဌေး သားကို –

တွံ ခေါ+သိ တာတ ရဋ္ဌပါလ အမှာကံ ဧကပုတ္တကော ပိယော မနာပေါ သုခေဓိတော သုခပရိဘတော။

ချစ်သား ရဋ္ဌပါလ၊ သင်ဟာ ငါတို့ရဲ့ ချစ်နှစ်သက်အပ် ချမ်းချမ်း သာသာ ကြီးပြင်းစေအပ် အထိန်းတော်များက ချမ်းချမ်းသာသာ မွေယု ပြုစုအပ်တဲ့ တစ်ယောက်တည်းသော သားဖြစ်တယ်။

န တွံ တာတ ရဋ္ဌပါလ ကဿစိ ဒုက္ခဿ ဇာနာသိ။

ချစ်သား ရဋ္ဌပါလ၊ ချစ်သားဟာ ဆင်းရဲဒုက္ခဆိုယင် ဘာကိုမှ သိတာမဟုတ်ဘူး။

မရဏေန ပိ တေ မယံ အကာမကာ ဝိနာ ဘဝိဿာမ၊ ကိံ ပန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

သင်ချစ်သား သေသွားတောင်မှ ငါတို့ အလိုမတူဘဲ (မတတ်နိုင် လို့သာ) ကွဲကွာ ကွဲကွာကြရမှာပါ။ ငါတို့ဟာဖြင့် သင် ချစ်သားကို အသက်ရှင်နေတုန်းမှာဖြင့် ဘယ်နည်းနှင့်မှ လူ့ဘောင်က ထွက်ပြီး ရဟန်းပြုရန် ခွင့်မပြုနိုင်ဘူး။

http:\\www.dhammadownload.com



ဥဋ္ဌေဟိ တာတ ရဋ္ဌပါလ ဘုဥ္ဇ စ ပိဝ စ ပရိစာရေဟိ စ၊ ဘုဥ္ဇန္တော ပိဝန္တော ပရိစာရေန္တော ကာမေ ပရိဘုဥ္ဇန္တော ပုညာနိ ကရောန္တော အဘိရမဿု။ န တံ မယံ အနုဇာနာမ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

ချစ်သား ရဋ္ဌပါလ၊ ထပါ၊ ထမင်းကိုလည်း စားပါ၊ ရေကိုလည်း သောက်ပါ၊ သဘင်သည်+ကချေသည်များကို အဖျော်အဖြေခိုင်းပြီး သူငယ်ချင်းများနဲ့အတူ မွေ့လျော် ပျော်ပိုက်ပါ။ စားသောက် မွေ့လျော် ပျော်ပိုက်ရင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရင်း လူ့ဘောင်မှာ ပျော်ပျော်နေပါ။ ချစ်သားကို အမေတို့ အဖေတို့ လူ့ဘောင်က ထွက်ပြီး ရဟန်းပြုဖို့ရန်တော့ ဘယ်နည်းနှင့်မှ ခွင့်မပြုနိုင်ကြဘူး။ သင် ချစ်သား သေသွားတောင်မှ ငါတို့ အလိုမတူဘဲ (မတတ်နိုင်လို့) ကွဲသွားကြရမှာပါ။ ငါတို့ဟာ သင့်ကို အသက်ရှင်နေတုန်းမှာဖြင့် ဘယ်နည်းနှင့်မှ လူ့ဘောင်က ထွက်ပြီး ရဟန်းပြုရန် ခွင့်မပြုနိုင်ပါဘူး။

ဤကဲ့သို့ မိဘများက ရဋ္ဌပါလကို ချော့မော့စကား ပြောကြားကြတယ်။

## သူငယ်ချင်းတို့က ဖျောင်းဖျကြခြင်း

ဤကဲ့သို့ မိဘနှစ်ပါးက ချော့မော့စကား ပြောကြားသောအခါ ရဋ္ဌပါလ အမျိုးကောင်းသားသည် စကားမပြော တုဏှိဘော ဆိတ်ဆိတ်သာလျှင် နေတယ်။ ဒုတိယအကြိမ်ပြောလည်း ထိုနည်းငင်း၊ တတိယအကြိမ်ပြောလည်း ထိုနည်းငင်း ဆိတ်ဆိတ်နေသောအခါ မိဘတို့က ရဋ္ဌပါလ၏ သူငယ်ချင်းများကို ခေါ်ပြီး –

သေ ဝေါ သဟာယကော ပဗ္ဗဇိတုကာမော၊ နိဝါရေထ နံ။

အမောင်တို့၊ ဟောဟို မောင်တို့ရဲ့ သူငယ်ချင်း ရဋ္ဌပါလဟာ ရဟန်းပြုချင်နေတယ်၊ တဆိတ်လောက် တားမြစ်ပေးကြပါ။

http:\\www.dhammadownload.com



ဤကဲ့သို့ အကူအညီတောင်းစကား ပြောကြားသောအခါ ရဋ္ဌပါလ ၏ သူငယ်ချင်းများလည်း ရဋ္ဌပါလ ဆန္ဒပြုတဲ့နေရာကို သွားရောက်ပြီး မိဘနှစ်ပါး သေဋ္ဌေးကြီး+သေဋ္ဌေးကတော်များနည်းတူပင် –

"သူငယ်ချင်း ရဋ္ဌပါလ၊ မင်းဟာ မိဘတို့ရဲ့ ချစ်နှစ်သက်အပ်၊ ချမ်းချမ်းသာသာ ကြီးပြင်းစေအပ်၊ အထိန်းတော်ကြီးများက ချမ်းချမ်းသာသာ မွေးယုပြုစုအပ်တဲ့ တစ်ယောက်တည်းသော သားဖြစ်တယ်၊ သူငယ်ချင်း ရဋ္ဌပါလ၊ မင်းဟာ ဆင်းရဲဒုက္ခဆိုယင် ဘာကိုမှ သိတာမဟုတ်ဘူး။ မင်းသေသွားတောင်မှ မင်းရဲ့မိဘများ အလိုမတူဘဲ (မတတ်နိုင်လို့သာ) ကွဲကွာကြရမှာ ဖြစ်တယ်။ မောင့်မိဘများဟာ မောင့်ကို အသက်ရှင် နေတုန်းမှာဖြင့် ဘယ်နည်းနှင့်မှ လူ့ဘောင်ကထွက်ပြီး ရဟန်းပြုရန် ခွင့်မပြုနိုင်ကြပေဘူး။ သူငယ်ချင်း ရဋ္ဌပါလ၊ ထပါ၊ ထမင်းကိုလည်း စားပါ၊ ရေကိုလည်းသောက်ပါ၊ သဘင်သည်+ကချေသည်များကို အပျော်အဖြေခိုင်းပြီး ငါတို့နှင့်အတူ မွေ့လျော်ပျော်ပိုက်ပါ၊ စား+သောက် +မွေ့လျော်+ပျော်ပိုက်ရင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ရင်း လူ့ဘောင်မှာ ပျော်ပျော်နေပါ၊ မောင့်ကို မောင့်မိဘများက လူ့ဘောင်က ထွက်ပြီး ရဟန်းပြုဖို့ရန်တော့ ဘယ်နည်းနဲ့မှ ခွင့်ပြုကြမှာ မဟုတ်ဘူး၊ သူငယ်ချင်း၊ မင်းသေသွားတောင်မှ မင်းမိဘများဟာ အလိုမတူဘဲ (မတတ်နိုင်လို့သာ) ကွဲကွာကြရမှာပါ။ မောင့်မိဘများဟာ မောင့်ကို အသက်ရှင်နေတုန်းမှာဖြင့် ဘယ်နည်းနှင့်မှ လူ့ဘောင်ကထွက်ပြီး ရဟန်းပြုရန် ခွင့်ပြုကြလိမ့်မည် မဟုတ်ဘူး၊ ဤကဲ့သို့ ဖျောင်းဖျစကား ပြောကြားကြတယ်။

ဤကဲ့သို့ သူငယ်ချင်းများက ဖျောင်းဖျစကား ပြောကြားသောအခါ ရဋ္ဌပါလ အမျိုးကောင်းသားသည် စကားမပြော၊ တုဏှီဘော ဆိတ်ဆိတ်သာလျှင် နေတယ်။ ဒုတိယအကြိမ် ပြောလည်း ထိုနည်းရင်း၊ တတိယအကြိမ် ပြောလည်း ထိုနည်းရင်း ဆိတ်ဆိတ်နေသောအခါ

. http:\\www.dhammadownload.com



ရဋ္ဌပါလ အမျိုးကောင်းသား၏ သူငယ်ချင်းများ ရဋ္ဌပါလရဲ့ မိဘများထံ သွားပြီး အကြံပေးစကား ဤသို့ ပြောကြားကြတယ်။

## သူငယ်ချင်းတို့ရဲ့ အကြံပေးစကား

အမ္မ တာတာ ဧသော ရဋ္ဌပါလော ကုလပုတ္တော တတ္ထေဝ အနန္တရ ဟိတာယ ဘူမိယာ နိပန္နော "ဣဓေဝ မေ မရဏံ ဘဝိဿတိ ပဗ္ဗဇ္ဇာ ဝါ" တိ။

အို မိခင် ဖခင်တို့၊ ဟောဟို ရဋ္ဌပါလ အမျိုးကောင်းသားဟာ ငါ့ အဖို့ရာ ဒီနေရာမှာပဲ သေချင်သေပါစေ၊ သို့မဟုတ် ရဟန်းပြုခွင့် ရချင် ရပါစေဆိုတဲ့ အနေနဲ့ ဟို ဆန္ဒပြရာ အခင်းမရှိတဲ့ မြေပေါ်မှာပဲ လဲလျောင်း ဆန္ဒပြ၍ နေပါတယ်။

သစေ တုမှေ ရဋ္ဌပါလံ ကုလပုတ္တံ နာ+နုဇာနိဿထ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇ္ဇာယ၊ တတ္ထေဝဿ မရဏံ အာဂမိဿတိ။

အကယ်၍ အမေတို့ အဖေတို့က ရဋ္ဌပါလ အမျိုးကောင်းသားကို အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်၍ အိမ်ရာမထောင် ရဟန်းဘောင်သို့ တက်ရောက်ဖို့ရန် ခွင့်မပြုကြယင် သူ့အဖို့ရာ ထိုနေရာမှာပဲ သေခြင်းတရား ရောက်လာပါလိမ့်မယ်။

သစေ ပန တုမှေ ရဋ္ဌပါလံ ကုလပုတ္တံ အနုဇာနိဿထ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ၊ ပဗ္ဗဇိတမ္ပိ နံ ဒက္ခိဿထ။

ကျွန်တော်တို့ အယူးပြောချင်တာကတော့ အမေတို့ အဖေတို့ ရဋ္ဌပါလ အမျိုးကောင်းသားကို အိမ်ရာတည်ထောင် လူ့ဘောင်ကထွက် ၍ အိမ်ရာမထောင် ရဟန်းဘောင်သို့ တက်ရောက်ဖို့ရန် ခွင့်ပြုလိုက်ကြ မယ်ဆိုယင် ရဟန်းဖြစ်နေသော်ကော သူ့ကို မပြတ်မပြတ် မြင်နေနိုင် ကြပါလိမ့်မယ်။

သစေ ရဋ္ဌပါလော ကုလပုတ္တော နာဘိရမိဿတိ အဂါရသ္မာ အန ဂါရိယံ ပဗ္ဗဇ္ဇာယ၊ ကာ တဿ အညာဂတိ ဘဝိဿတိ၊ ဣဓေဝ

http:\\www.dhammadownload.com



ပစ္စာဂမိဿတိ၊ အနုဇာနာထ ရဋ္ဌပါလံ ကုလပုတ္တံ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။

အကယ်၍များ ရဋ္ဌပါလ အမျိုးကောင်းသားဟာ အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်၍ အိမ်ရာ မထောင် ရဟန်းဘောင်၌ မပျော်ပိုက်လျှင်လည်း သူ့အဖို့ရာ အခြားတစ်ပါး သွားစရာ နေရာမရှိပါဘူး၊ ဤမိဘအိမ်မှာပဲ ပြန်လာပါလိမ့်မယ်။ (ဒါကြောင့်) ရဋ္ဌပါလ အမျိုးကောင်းသားကို အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ပြီး အိမ်ရာ မထောင် ရဟန်းဘောင်သို့ တက်ရောက်ရန် ခွင့်ပြုသာ ပြုလိုက်ကြပါ။ အဲဒီလို အကြံပေးစကား ပြောကြားကြတယ်။

## မိဘနှစ်ပါး လိုလားချက်တောင်း၍ ခွင့်ပြုကြခြင်း

ထိုအခါ မိဘနှစ်ပါးတို့ကလည်း ယခုပြောမည့်အတိုင်း လိုလားချက်ကို ဖော်ပြ၍ ခွင့်ပြုလိုက်ကြတယ်။

အနုဇာနာမ တာတာ ရဋ္ဌပါလံ ကုလပုတ္တံ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ၊ ပဗ္ဗဇိတေန စ ပန မာတာပိတရော ဥဒ္ဒဿေတဗ္ဗာ။

သားတို့၊ မောင်တို့ သူငယ်ချင်း ရဋ္ဌပါလ အမျိုးကောင်းသားကို အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ပြီး အိမ်ရာ မထောင် ရဟန်းဘောင်သို့ တက်ရောက်ရန် အမေတို့ အဖေတို့ ခွင့်ပြုကြပါတယ်။ အထူးစကား ပြောကြားလိုတာကတော့ "မောင်တို့ သူငယ်ချင်း ရဋ္ဌပါလဟာ ရဟန်းပြုပြီးနောက် သင့်လျော်ပတ်တဲ့ အချိန်မှာ မိဘတို့ကို ဖူးတွေ့ကြနိုင်အောင် ပြုလုပ်ပါ"လို့ လိုလားချက်ကို တောင်းပြီး ခွင့်ပြုလိုက်ကြတယ်။

ထိုကဲ့သို့ မိဘနှစ်ပါး လိုလားချက်တောင်းပြီး ခွင့်ပြုစကား ပြောကြားပြီးနောက် ရဋ္ဌပါလ အမျိုးကောင်းသားရဲ့ သူငယ်ချင်းများဟာ ရဋ္ဌပါလ အမျိုးကောင်းသားရှိရာ အရပ်သို့ သွားရောက်ကြပြီးလျှင် -

http:\\www.dhammadownload.com



ထပါ သူငယ်ချင်း ရဋ္ဌပါလ၊ သင့်ကို မိဘနှစ်ပါးတို့က အိမ်ရာ တည်ထောင် လူ့ဘောင်ကထွက်ပြီး အိမ်ရာမထောင် ရဟန်းဘောင်သို့ တက်ရောက်ရန် ခွင့်ပြုအပ်ခဲ့လေပြီ။ အထူးပြောကြားလိုတာကတော့ ရဟန်းပြုပြီးနောက် အမောင်ဟာ မိဘနှစ်ပါးတို့က မောင့်ကို (မင်းကို) ဖူးမြင်နိုင်ကြရအောင် စီမံစေလိုပါတယ်။ ဤကဲ့သို့ ခွင့်ပြုတဲ့အကြောင်း လိုလားချက် တောင်းလိုက်တဲ့အကြောင်း ပြန်ကြား ပြောဆိုကြတယ်။

## ရဋ္ဌပါလ အမျိုးကောင်းသား ရဟန်းပြုခြင်း

ထိုအခါ ရဋ္ဌပါလ အမျိုးကောင်းသားသည် လဲလျောင်းနေရာက ထပြီး သပ္ပါယဖြစ်သည့် အစာအာဟာရများကို စားပြီး မိမိကိုယ်ကို အဝတ်စသည်ဖြင့် ထွေးထွေးနွေးနွေး ပြုလုပ်ကာ ကိုယ်အားရှိအောင် ပြုလုပ်ပြီး မိဘတို့ကို ရှိခိုးပြီး ဆွေမျိုးများ ငိုကြွေးသည့်ကြားကပင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ တောအုပ်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွတ် အပြစ်လွတ်ရာ အရပ်က ထိုင်နေပြီး–

အနုညာတော အဟံ ဘန္တေ မာတာပိတူဟိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ၊ ပဗ္ဗာဇေတု မံ ဘဂဝါ။

မြတ်စွာဘုရား၊ တပည့်တော်ကို မိဘတို့က အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်၍ အိမ်ရာ မထောင် ရဟန်းဘောင်သို့ တက်ရောက်ဖို့ရန် ခွင့်ပြုအပ်ပါပြီ၊ မြတ်စွာဘုရားသည် တပည့်တော်ကို ရှင်ရဟန်းပြုပေးတော်မူပါဘုရား လို့ တောင်းပန်လျှောက်ထားတယ်။

မြတ်စွာဘုရားသည် ကိုယ်တော်၏အနီး၌ ရှိသော ရဟန်းတော် တစ်ပါးကို –

တေန ဟိ ဘိက္ခု ရဋ္ဌပါလံ ပဗ္ဗာဇေဟိ စေဝ ဥပသမ္ပာဒေဟိ စ။

ချစ်သား၊ ရဋ္ဌပါလ သေဋ္ဌေးသား ထိုသို့တောင်းပန်လတ်ရကား၊ ရဋ္ဌပါလကို သင်ချစ်သား ရှင်လည်း ပြုပေးလိုက်၊ ရဟန်းလည်း ခံပေး လိုက်။

http:\\www.dhammadownload.com



ဤကဲ့သို့ မိန့်ကြား၍ ထိုရဟန်းကလည်း "သာဓု ဘန္တေ=ကောင်းပါပြီ မြတ်စွာဘုရား"ဟု ဘုရားအား ဝန်ခံစကား လျှောက်ထားပြီးလျှင် ရဋ္ဌပါလ အမျိုးကောင်းသား တည်းဟူသော ဘုရားပေးအပ်တဲ့ သဒ္ဓိ-ဝိဟာရိက ဥပဇ္ဈာယ်ယူ၊ အတူနေ တပည့်ကို ရပြီး ရှင်လည်း ပြုပေး၊ ရဟန်းလည်း ခံပေးလေသည်။

ဘုရားရှင်၏ စေခိုင်းချက်အရ ထို ရဟန်းရှင်ပြု+ရဟန်းခံပေးခြင်း ဖြစ်၍ ထိုရှင်အဖြစ် ရဟန်းအဖြစ်ကို ဘုရားထံ၌ ရသည်ဟု ခေါ်ဆိုရလေသည်။ ထို့ကြောင့် ပါဠိတော်မှာ -

အလတ္ထ ခေါ ရဋ္ဌပါလော ကုလပုတ္တော ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ အလတ္ထ ဥပသမ္ပဒံ။

ဟူ၍ သင်္ဂါယနာတင် မထေရ်မြတ်တို့ မှတ်တမ်းတင်တော်မူခဲ့ကြပါတယ်။

ထို့နောက် မြတ်စွာဘုရားသည် အရှင်ရဋ္ဌပါလကို ရဟန်းပြုပေးပြီး မကြာမီ ၁၅ ရက် (လဝက်)လောက် ထုလ္လကောဋ္ဌိကနိဂုံး၌ မွေ့လျော်တော်မူသလောက် ချတ်ထိုက်သော သတ္တဝါ ရှိနေသလောက် နေတော်မူပြီး သာဝတ္ထိပြည်ကို ခရီးဒေသစာရီ ကြွချီတော်မူ ရောက်တော်မူပြီး ဇေတဝန်ကျောင်းတိုက်၌ နေတော်မူတဲ့အခိုက် ဖြစ်တယ်။ အရှင်ရဋ္ဌပါလလည်း ဘုရားနှင့် အတူတူ တစ်ပါတည်း လိုက်ပါခဲ့တယ်။ ဒီမှာ အရှင်ရဋ္ဌပါလ တရားအားထုတ်တဲ့ အကြောင်းကို -

အထ ခေါ=ထိုအခါ၌။ အာယသ္မာ ရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ ဧကော=အဖော်မမှီး တစ်ကိုယ်တည်း ဖြစ်လျက်။ ဝူပကဋ္ဌော=ဆိတ်ငြိမ်ရာသို့ ကပ်လျက်။ အပ္ပမတ္တော=အပ္ပမာဒတရား လက်ကိုင်ထားသည်ဖြစ်၍။ အာတာပီ=ပြင်းထန်သော လုံ့လဝီရိယ ရှိလျက်။ ပဟိတတ္တော=နိဗ္ဗာန်သို့ စေလွှတ်သောစိတ် ရှိသည်ဖြစ်၍။ ဝိဟရန္တော=ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေလတ်သည်ရှိသော်။

http:\\www.dhammadownload.com



ယဿတ္ထာယ=အကြင်အရဟတ္တဖိုလ် အလို့ငှာ။ ကုလပုတ္တာ=အာစာရ ကုလပုတ္တ၊ ဇာတိ ကုလပုတ္တ အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ= ကောင်းစွာသာလျှင်။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူတို့ဘောင် မှ။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ=ကပ် ရောက်ကြကုန်၏။ အနုတ္တရံ=အတုမရှိမြတ်သော။ ဗြဟ္မစရိယပရိ– ယောသာနံ=မြတ်သောအကျင့်မြတ်၏ အဆုံးဖြစ်သော။ တံ=ထို အရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ=မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ န စိရဿေဝ=မကြာမြင့်မီ တစ်ဆယ့်နှစ်နှစ် အတွင်း၌ပင်လျှင်။ သယံအဘိညာ=ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်။ သစ္ဆိကတွာ=မျက် မှောက်ပြု၍။ ဥပသမ္ပဇ္ဇ=ပြည့်စုံ၍။ ဝိဟာသိ=နေတော်မူခဲ့လေပြီ။

## ရဋ္ဌပါလ သေဌ္ဌေးသား ရဟန္တာဖြစ်ခြင်း

သာဝတ္ထိပြည်ရောက်တော့ အရှင်ရဋ္ဌပါလ ရဟန်းတရား ပွားများ ကြိုးကုတ် သမ္မပ္ပဓာန် လုံ့လ ဝီရိယ ထုတ်တဲ့အခါ "နေယျ" ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် တစ်ဆယ့်နှစ်နှစ် တရားအားထုတ်ရတယ်။ တစ်ဆယ့် နှစ်နှစ်လည်းရှိရော အရှင်ရဋ္ဌပါလ အရဟတ္တဖိုလ် ရောက်ပြီးတော့ အရဟတ္တဖလသမာပတ် ချမ်းချမ်းသာသာ ဝင်စား၍ နေတော်မူတယ်။

ခီဏာဇာတိ=ပဋိသန္ဓေကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ=မြတ်သော အကျင့်ကို ငါကျင့်သုံးပြီးပြီ။ ကတံ ကရဏီယံ=ပြုဖွယ်ကိစ္စတွေ အကုန်လုံး ပြုပြီးပြီ။ နာပရံ ဣတ္ထတ္တာယ=နောက်ထပ်တစ်ဖန် မဂ်ကိစ္စ အတွက် အလုပ်လုပ်ရန် မရှိတော့ဘူးလို့ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူပြီ။

အညတရော ခေါ ပနာယသ္မာ ရဋ္ဌပါလော အရဟတံ အဟောသိ။

အရှင်ရဋ္ဌပါလ ရဟန္တာထဲမှာ တစ်ပါး အပါအဝင် ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



ရဟန္တာတစ်ပါး ဖြစ်ပြီးယင်ပဲ သြော်–ငါ့မိခင် ဖခင်များက ခဲခဲယဉ်းယဉ်း ခွင့်ပြုလိုက်တုန်းက ရဟန်းပြုပြီးတဲ့နောက် မိဘနှစ်ပါးကို လာပြီးတော့ ပြရဦးမယ်၊ ပြပါစေဦးလို့ ခြွင်းချက်၊ သူတို့ဘက်က လိုလားချက်တောင်းလိုက်တယ်။ ငါလည်း အခု ရဟန်းကိစ္စပြီးပြီ၊ ဟိုသိမ်ဝင်ပြီးရုံနဲ့ ရဟန်းအလုပ်က မပြီးသေးဘူး။ ဒီအရဟတ္တဖိုလ်ပေါက်ရောက်မှ ရဟန်းအလုပ်ကပြီးတော့ အခုမှ သူ့အဖို့ရာ ရဟန်းပြုခြင်းကိစ္စ၊ ရဟန်းကိစ္စပြီးပြီ။ ဒီတော့ မိဘနှစ်ပါးရဲ့ အလိုကို ငါဖြည့်မယ်ဆိုတဲ့ အကြံဖြင့် ရဟန္တာလည်းဖြစ်ပြီးရော ဘုရားထံမှောက် သွားတယ်။

မြတ်စွာဘုရားထံမှောက် ရောက်ရှိ၍ ရိုသေမြတ်နိုး ရှိခိုးပြီးတော့ ဘာလျှောက်လဲ။

ဣစ္ဆာမဟံ ဘန္တေ မာတာပိတရော ဥဒ္ဒသေယတုံ သစေ မံ ဘဂဝါ အနုဇာနာတိ။

ဘန္တေ=ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား။ မံ=တပည့်တော်ကို။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ သစေ အနုဇာနာတိ=အကယ်၍ခွင့်ပြုတော်မူပါမူ။ အဟံ=တပည့်တော်သည်။ မာတာပိတရော=မိခင်ဖခင်တို့ကို။ ဥဒ္ဒသေယတုံ=တွေ့ခြင်းငှာ။ ဣစ္ဆာမိ=အလိုရှိပါသည်ဘုရား။

မိဘနှစ်ပါးက ရဟန်းပြုခါနီးတုန်းက မှာလိုက်တယ်။ ဒီတော့ ရှင်တော်ဘုရား အခု ခွင့်ပြုလို့ရှိယင် "တပည့်တော် မိဘနှစ်ပါးတွေ့ဖို့ရန် အလိုရှိပါတယ်ဘုရား"လို့ လျှောက်တယ်။ ဒီတော့မှ မြတ်စွာဘုရားက လျှောက်တဲ့စကား ရုတ်တရက် လက်မခံသေးဘဲနဲ့ စဉ်းစားတယ်။

အထ ခေါ=ထိုအခါ၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာယသ္မတော ရဋ္ဌပါလဿ စေတော=အရှင်ရဋ္ဌပါလရဲ့ စိတ်အစဉ်ကို။ စေတသာ=ကိုယ်တော်မြတ်ရဲ့ စိတ်အစဉ်ဖြင့်။ ပရိစ္စ=ပိုင်းခြား၍။ မနသာကာသိ= နှလုံးသွင်းလိုက်ပြီ။

http:\\www.dhammadownload.com



အရှင်ရဋ္ဌပါလရဲ့ စိတ်ဖြစ်ပုံကို ကိုယ်တော်ရဲ့ စေတောပရိယအဘိညာဏ်ဖြင့် စဉ်းစားကြည့်တယ်။ ဘယ်လိုစဉ်းစားသလဲ။ ရဋ္ဌပါလ သူ့မိဘထံသွားတာ ဟုတ်တယ်။ သို့သော် မိဘထံမှောက် ရောက်လို့ရှိယင် သူ့မိဘသေဋ္ဌေး၊ ဥစ္စာတွေ ဝတ္ထုအာရုံ ကာမဂုဏ်တွေ ပြပြီးတော့ မတော်တဆ ဖျက်လိုက်လို့ရှိယင် သိက္ခာချပြီးတော့ လူ့ဘောင်များ လျှောသွားမလား၊ အရှင်ရဋ္ဌပါလရဲ့ စိတ်အစဉ်ကြည့်တော့ အရဟတ္တဖိုလ်ပေါက် ရောက်ပြီးလို့ ရဟန်းကိစ္စပြီးတာကို ဘုရားသဗ္ဗညု မြင်တော်မူတယ်။ အဲဒီလို မြင်တော်မူမှ –

ယဒါ=အကြင်အခါ၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ "အဘဗ္ဗော ခေါ ရဋ္ဌပါလော ကုလပုတ္တော သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တိတု"န္တိ= ယခုအခါ ရဋ္ဌပါလ အမျိုးကောင်းသားသည် သိက္ခာချပြီးတော့ လူ့ဘောင်သို့ လျှောကျဖို့ရန် မထိုက်တန်တော့ပြီ၊ အရဟတ္တဖိုလ်ပေါက် ရောက်ရှိပြီဟူ၍။ အညာသိ=သိမြင်တော်မူလတ်ပြီ။

## အရှင်ရဋ္ဌပါလမထေရ် မိဘအိမ် ဆွမ်းရပ်ခြင်း

အထ ခေါ=ထိုသို့သိပြီးတဲ့နောက်ကာလမှ။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာယသ္မန္တံ ရဋ္ဌပါလံ=ရှင်ရဋ္ဌပါလကို။ "ယဿ ဒါနိ တွံ ရဋ္ဌပါလကာလံ မညသိ=ချစ်သားရဋ္ဌပါလ၊ သင်ချစ်သားသည် မိဘနှစ်ပါးကို ပြဖို့ရန် အချိန်အခါကို သင်ချစ်သားပဲ သိပေတော့" ဒီလို ဘုရားခွင့်ပြုတယ်။ သွားပြီးတော့ပြလေ၊ ဒီလိုမဟုတ်ဘူး။ "ချစ်သားသွားဖို့ရန် အချိန်ကို ချစ်သားပဲ သိပေတော့"လို့ အဲဒီလို အမိန့်ရှိလိုက်တယ်ဆိုယင်ပဲ အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားအား ရှိသေမြတ်နိုးရှိခိုးပြီး မိမိရဲ့ကျောင်း၊ အိပ်ရာနေရာတွေ သိမ်းသိမ်းဆည်း၊ သပိတ်သင်္ကန်းယူ၊ တစ်ပါးတည်း ကုရုတိုင်း ထုလ္လကောဋ္ဌိက နိဂုံးဘက် ခရီးဒေသစာရီ ချီခဲ့လို့ ထုလ္လကောဋ္ဌိကနိဂုံး ရောက်တယ်။ အိမ်သွားသလား ဆိုတော့ မိဘနှစ်ပါးအိမ် မသွားဘူး။ ဘယ်သွားသလဲဆိုတော့ ကောရဗျ

http:\\www.dhammadownload.com



မင်းရဲ့ မိဂစီရ ခေါ်သော မင်္ဂလာဥယျာဉ်သွားပြီးတော့ သစ်ပင်ရင်း တစ်ခုမှာ သွားနေတယ်။

ကောရဗျမင်းကလည်း အစောကြီးကတည်းက မိဂဝခေါ်တဲ့ ဥယျာဉ်မှူးကို ပြောထားတယ်။ "ဥယျာဉ်မှူး၊ ငါ့ဥယျာဉ်ထဲကို ရဟန်းသံဃာတော်များ လာပြီးတော့ နေချင်တယ် ဆိုလို့ရှိယင် မင်း မတားမြစ်နဲ့၊ နေချင်တဲ့ သစ်ပင်ရင်းမှာ ချမ်းချမ်းသာသာ နေပစေ၊ မင်း လုံလောက်သော အစောင့်အရှောက်ကိုသာ ပေးရမယ်" ဒီလို ကောရဗျမင်းကလည်း ညွှန်ကြားချက် ထုတ်ပါတယ်။

အဲ–အရှင်ရဋ္ဌပါလကလည်း ကောရဗျမင်းရဲ့ မိဂစီရ ဥယျာဉ်မှာ သွားပြီးတော့ ရက္ခမူကျောင်း ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူလို့ နောက်တစ်နေ့နံနက် မိုးသောက်ရောက်တော့ ထုလ္လကောဋ္ဌိကနိဂုံးအတွင်းကို အစွန်းဖြစ်သော အိမ်က စပြီးတော့ အစဉ်သဖြင့် အိမ်စဉ်ဆွမ်းရပ်သွားတယ်။ အဲဒီလို ဆွမ်းရပ်သွားလို့ အိမ်စဉ်အတိုင်း ဆွမ်းရပ်သွားတဲ့အခါ ဘယ်ရောက်သွားတုန်းဆိုတော့ သူ့မိဘနှစ်ပါးနေတဲ့ သေဌေးအိမ်ကြီးရှေ့ကို ရောက်သွားတယ်။ အိမ်ထဲဝင်သွားတာ မဟုတ်ဘူးနော်။ အိမ်ပေါက်ဝက သူရပ်နေတာ။ အဲဒီလို ရောက်သွားတဲ့အခိုက်ဟိုမှာဖြစ်နေတဲ့ အခြေအနေက –

> တေန ခေါ ပန သမယေန=ထိုသို့ ရဋ္ဌပါလမထေရ်မြတ် မိဘအိမ်မှောက် ရောက်သကာလ၌။ အာယသ္မတော ရဋ္ဌပါလဿ ပိတာ=အရှင်ရဋ္ဌပါလ၏ ဖခမည်းတော်သည်။ မဇ္ဈိမာယ ဒွါရသာလာယ=အလယ်ဖြစ်သော တံခါးမုခ်၌။ ဥလ္လိခါပေတိ=ဆံရှင်း ထိုင်နေဆဲဖြစ်၏။

ဟို–အိမ် ဝင်သွားတယ်ဆိုတော့ မုခ်ကြီး ခုနစ်ထပ်ကျော်သွားမှ အိမ်ထဲရောက်တာ၊ အဲဒီလို အရှင်ရဋ္ဌပါလ ထိုအိမ်ထဲ ရောက်တဲ့အချိန်မှာ ရဋ္ဌပါလမထေရ်ရဲ့ ခမည်းတော် သေဌေးကြီးကား တံခါးမုခ်ခုနစ်ခု

http:\\www.dhammadownload.com



မှာ အလယ်တံခါးမုခ်မှာ ထိုင်ပြီးတော့ ဆတ္တာသည်နဲ့ ဆံအရှင်း ခိုင်းတယ်။ ဟိုလမ်းဘက် မျှော်ကြည့်ပြီးတော့ သေဌေးက ဆံအရှင်းခိုင်းတယ်။ ဣန္ဒြေကြီးနဲ့ပေါ့လေ၊ သားမှန်းမသိဘူး။ အရှင်ရဋ္ဌပါလ ရဟန္တာ မထေရ်မြတ်ကလည်း ပိဏ္ဍပါတ်ခုတင်ဆောင် ကိုယ်တော်ကြီးပီပီ သူစိမ်းဖြစ်သူ အိမ်မှာ ရပ်သလို ထိုအိမ်ရှေ့မုခ် တံခါးဝကနေပြီး ဆွမ်းရပ်တယ်။

ဖခင်သေဌေးကြီးက မြင်တယ်ဆိုယင်ဘဲ မခံချင်အောင် ပြောတယ်။ ဘာပြောလဲ။

ဣမေဟိ မုဏ္ဍကေဟိ သမဏကေဟိ အမှာကံ ဧကပုတ္တကော ပိယော မနာပေါ ပဗ္ဗာဇိတော။

မုဏ္ဍကေဟိ=ဦးပြည်းယုတ်ဖြစ်ကုန်သော။ ဣမေဟိ သမဏကေဟိ =ဤရဟန်းယုတ်တို့သည်ပင်။ အမှာကံ=ငါတို့၏။ ပိယော=ချစ်ခင်နှစ်သက်အပ်သော။ မနာပေါ=စိတ်နှလုံးကို ပွားတိုးစေတတ်သော။ ဧကပုတ္တကော=တစ်ယောက်တည်းသော သားကလေးကို။ ပဗ္ဗာဇိတော=ရှင်ရဟန်း ပြုစေအပ်ပြီ။

"ငါ့သားကလေး-ငါ့အင်မတန်ချစ်တဲ့ တစ်ယောက်တည်းသော သားကလေးကို ရှင်ရဟန်းပြုပေးစေတာ ဟောဒီ ရဟန်းယုတ်တွေ၊ ဒီဦးပြည်း ဒီကတုံးယုတ်တွေ"လို့ ဆိုကြပါစို့၊ မခံချင်အောင် ပြောတယ်ဆိုတာ မရိုင်းချင်လို့ ယဉ်ယဉ်ပြောတာနော်။ ဒါဟာ ဆဲတာပဲ။ တကတည်း ယနေ့လူတွေထင်တာက ဟို-ဘာဟဲ့ ညာဟဲ့နဲ့ လက်ညှိုးတငေါ့ငေါ့ ထိုးပြီးတော့ ဟိုလိုဒီလို တိုင်းတိုင်းထွာထွာဆဲမှ ဆဲတာထင်တယ်။ မဟုတ်ဘူး။ မခံချင်အောင် ပြောတာဟာ ဒါ-ဆဲတာပဲ။

အဲဒီလို ပြောသေမယ့် ရှင်ရဋ္ဌပါလက ရဟန္တာပဲ၊ ဘာနာမလဲ၊ မနာဘူး။ ရသင့်သလောက် အချိန်တွေ ဖြုန်းလိုက်တယ်။ ရဋ္ဌပါလရဲ့ လူ့ဘဝတုန်းက အထိန်းတော်ကြီးဖြစ်တဲ့ ဆွေမျိုးသဖွယ် အထိန်းတော်ကြီး

http:\\www.dhammadownload.com



ကျွန်မကြီးက မနေ့ညတုန်းက ဖုတ်ကင်ထားတဲ့ မုယောမုန့်၊ ဂျုံမုန့်၊ အထင်ပြောရလို့ ရှိယင်ဖြင့် မနေ့ညတုန်းက သေဌေးအိမ်မှာ စားလို့ မကုန်တဲ့ ပုပ်နေတဲ့ သိုးနေတဲ့ ချာပါတီ ဆိုကြပါစို့။ အဲဒီ သေဌေးအိမ်က ဂျုံမုန့်တစ်ခု လမ်းထွက်ပြီးတော့ မြူနီစီပယ် တောင်းထဲ သွန်မလို့ ခွက်ကြီးနဲ့ ထွက်လာတယ်။ ထွက်လာလို့ ရှင်ရဋ္ဌပါလနဲ့တွေ့တော့ ရှင်ရဋ္ဌပါလ ဘာပြောလဲဆိုတော့ ကျွန်မကြီးကို –

သစေ တံ ဘဂိနိ ဆဍ္ဍနီယဓမ္မံ၊ ဣဓ မေ ပတ္တေ အာကိရ။

ဘဂိနိ=နှမ။ တံ=ဤသင့်လက်ထဲက တစ်ညဥ့်သိုးပြီးတဲ့ မုယော မုန့်သည်။ သစေ ဆဍ္ဍနီယဓမ္မံ=အကယ်၍ စွန့်ပစ်အပ်သော သဘောရှိ ငြားအံ့။ မေ=ငါ၏။ ဣဓပတ္တေ=ဤသပိတ်ထဲ၌။ အာကိရ=လောင်း ထည့်လိုက်တော့။

နှမ၊ အဲဒီ သင့်လက်ထဲက မုယောမုန့်တွေဟာ စွန့်ပစ်မှာဖြစ်ယင် ဟောဒီ ငါ့သပိတ်ထဲ ထည့်လိုက်ပါလို့ ပြောတယ်။

ရဟန်းတော်များဟာ ဒီလို ပြောကောင်းသလားဆိုယင် ဒီပစ္စည်းပေါ် မှာ လူတွေ တွယ်တာမှု အာလယပြတ်ပြီးဘဲ့ ပစ္စည်းပေါ်မှာ ပြောကောင်း တယ်။

အဲဒီလို ပြောတော့ အရှင်ရဋ္ဌပါလရဲ့ လူ့ဘဝတုန်းက ဆွေမျိုးလို ခင်နေတဲ့ အထိန်းတော်ကြီးဖြစ်တဲ့ ကျွန်မကြီးက သူ့လက်ထဲမှာပါတဲ့ မုယောမုန့်အသိုး၊ ဂျုံမုန့်အသိုး အရှင်ရဋ္ဌပါလရဲ့ သပိတ်ထဲ လောင်း ထည့်လိုက်တဲ့အခါ သင်္ကန်းရုံထဲက ထွက်လာတဲ့ ဖယောင်းတိုင်လေး တွေလို သွယ်ပျောင်းနေတဲ့ ရှင်ရဋ္ဌပါလရဲ့ လက်ကလေးတွေ၊ ဟို သင်္ကန်းအောက်မှ ခြေဖမိုး၊ ခြေမျက်စိအောက်မှာ ခြေဖမိုးရဲ့ နေပုံတွေ၊ "အဲဒီ ဂျုံမုန့်တွေ လွှင့်ပစ်ရမှာ ဆိုလို့ရှိယင် ငါ့သပိတ်ထဲက ထည့်လိုက် ပါ"လို့ ပြောတဲ့ အရှင်ရဋ္ဌပါလရဲ့ အသံတွေကို ကြားလိုက်တယ်။ လက် ဖမိုး ခြေဖမိုးကလေးတွေကို မြင်လိုက်တယ်ဆိုယင်ပဲ ဩော် ... ဒါငါ့ရဲ့

http:\\www.dhammadownload.com



အရှင့်သား ရဋ္ဌပါလပဲ။ ဒါဖြင့်ယင် အရှင်ဘုရားဟာ ရဋ္ဌပါလ မဟုတ်ဘူးလားလို့ မေးလိုက်ပါလား၊ မမေးဝံ့ဘူး။ ဣန္ဒြေကလည်း ကြီးသနဲ့၊ ရဟန္တာကြီးကလည်းဖြစ်တော့ မှားသွားယင် ခက်ချေရဲ့ဆိုပြီးတော့ အဲဒီအစေခံ ကျွန်မကြီးက ဖြုန်းကနဲ သပိတ်ထဲလောင်းပြီးတော့ အိမ်ထဲပြန်ပြေးသွားတယ်။ အရှင်ရဋ္ဌပါလရဲ့ မိခင်ရှိရာ သွားတယ်။ သွားပြီးတော့ ဘာပြောသလဲ။

ယဂ္ဃေယျေ ဇာနေယျာသိ အယျပုတ္တော ရဋ္ဌပါလော အနုပ္ပတ္တော။

ရှင်မရေ၊ ကျွန်မပြောမယ်။ နားထောင်စမ်းပါတဲ့။ စဉ်းစားစမ်းပါ။ ရဋ္ဌပါလ အရှင့်သားဟာ အခု ကျုပ်တို့ရဲ့ ထုလ္လကောဋ္ဌိကနိဂုံး ရောက်နေပြီတော့-ဆိုတော့ သေဋ္ဌေးကတော်ကြီးက ဘာပြောလဲဆိုတော့ -

သစေ ဇေ သစ္စံ ဘဏာသိ၊ အဒါသိံ ကရောမိ။

ဇေ=ဟဲ့-ကျွန်မ။ တွံ=သင်သည်။ သစေ သစ္စံ ဘဏာသိ=အကယ်၍ မှန်တာကိုပြောယင်။ တံ=သင့်ကို။ အဒါသိံ ကရောမိ=ကျွန်မဟုတ်ဘဲ တော်လှန်မင်းစစ်သူ့ ကျွန်အဖြစ်မှ လွတ်အောင် ငါလုပ်ပေးမယ်။

"ညည်းပြောတာ မှန်လို့ရှိယင် ညည်းကို ကျွန်အဖြစ်က လွှတ်မယ်အေ" ဒီလို ပြောတယ်။ အဲဒီလို ပြောပြီးတော့ သေဋ္ဌေးကတော်ကြီးက ဘယ်တုန်းကမှ အိမ်ပေါ်က အိမ်အောက်ဆင်းဖူးတယ် မရှိဘူး။ သို့သော် အင်မတန် အရေးကြီးတဲ့ ကိစ္စဖြစ်တော့ အိမ်ပေါ်က အိမ်အောက်ဆင်းတယ်။

သေဋ္ဌေးကြီးက ဘယ်သွားပါလိမ့်၊ ဟောဟို အလယ်တံခါးမုခ်မှာ ဆံအရှင်းခိုင်းတယ်။ ဆတ္တာသည်ကို ဆံမုတ်ဆိတ် အရှင်းခိုင်းနေတဲ့ အခိုက် သေဋ္ဌေးကတော်ကြီးက သေဋ္ဌေးကြီးဆီ သွားတယ်။ သေဋ္ဌေးကြီးဆီ ရောက်တော့ ဘာပြောသလဲဆိုတော့ -

ယဂ္ဃေ ဂဟပတိ ဇာနေယျာသိ ရဋ္ဌပါလော ကိရ ကုလပုတ္တော အနုပ္ပတ္တော။

http:\\www.dhammadownload.com



ဂဟပတိ=သေဌ္ဌေးမင်း။ ယဋ္ဌေ=စဉ်းစားစမ်းပါ။ ဇာနေယျာသိ=သိစမ်းပါ။ ရဋ္ဌပါလော ကုလပုတ္တော=ရဋ္ဌပါလ အမျိုးကောင်းသားသည်။ အနုပ္ပတ္တော ကိရ=ကျွန်မတို့ ထုလ္လကောဋ္ဌိက နိဂုံး ရောက်လာပြီတဲ့။

သေဌ္ဌေးမင်း၊ စဉ်းစားပါ။ သိစမ်းပါ။ ရဋ္ဌပါလအမျိုးကောင်းသား ကျွန်မတို့ ထုလ္လကောဋ္ဌိကနိဂုံး အခုရောက်လာပြီတဲ့။ ဒီလိုပြောတယ်။

ပြောတော့မှ သေဌ္ဌေးကြီးက ဆတ္တာသည်၊ မင်းမြန်မြန် ဆံရှင်းစမ်းကွာ၊ ပြီးပြီ၊ ဟုတ်လား။ မုတ်ဆိတ်ကို မြန်မြန်ရိတ်စမ်း။ ပြီးပြီ။ ကျွန်မကို မေးတယ်။ နင် မြင်လိုက်ရတာ အဟုတ်လား။ အဟုတ်ပဲ။ အရှင့်သားရဲ့ လက်ဖမိုး၊ အရှင့်သားရဲ့ ခြေဖမိုး၊ အသံတွေကလည်း အရှင့်သား အသံပါ။ ကျွန်မ မှတ်မိပါတယ်။ တကယ် သေချာပါတယ်နော်။ သေချာပါတယ်။ ။ဒါဖြင့် ဘယ်သွားလဲ။ ။ ဟောဒီလမ်းမကြီး အတိုင်း သွားတာပဲ။

ဒီတော့ အရှင်ရဋ္ဌပါလက ဒီအချိန် ဘာလုပ်သလဲ။ ဘုရားလက်ထက်တုန်းကဆိုယင် ဟို-မြို့ထဲ ပြထဲမှာ ကောင်းမှုကုသိုလ် လိုလားတဲ့ ပုဂ္ဂိုလ်တွေက သံဃာတော်များ ဆွမ်းစားနိုင်အောင် ဇရပ်ကလေးတွေ ဆောက်ဆောက်ထားတယ်။ ဒါ-ဆွမ်းစားကျောင်းလို့ ခေါ်ပါတယ်။ အဲဒီ ဇရပ်ပေါ်မှာ မိမိတို့ တတ်နိုင်သလောက် ရေလေး ဘာလေး ထည့်ထားတယ်။ ဖျာကလေး ခင်းထားတယ်။ ရေနွေးလေး ဘာလေး ဒီလို လှူဒါန်းထားတယ်။

ရှင်ရဋ္ဌပါလသည် အဲဒီ ကုသိုလ်ရှင် တစ်ဦးတစ်ယောက် တည်ဆောက်ထားသော ဆွမ်းစားဇရပ်ကလေးရဲ့ နံရံမှာ မှီပြီးတော့ မိဘနှစ်ပါး အိမ်က လောင်းလှူလိုက်တဲ့ မုယောမုန့်ကို အမြိုက်သုဓာဘုတ်ကဲ့သို့ မြိန်မြိန်ရှက်ရှက် ရဟန္တာမို့လို့ ဘုဉ်းပေးနေတယ်။ ဒါက ဒီလို ဣဒ္ဓိမျိုးက ရဟန္တာများမှ ရတာ။ သာမန်ပုထုဇဉ် ရ မဖြစ်ဘူး။ သောတာပန်၊ သကဒါဂါမ် ရ မဖြစ်ဘူး။ ဒီလို အပုပ်အသိုးတွေကို အကောင်းကဲ့သို့

http:\\www.dhammadownload.com



မြိန်ရေရှက်ရေပေါ့လေ၊ စိတ်မပျက် လက်မပျက် ဘုဉ်းပေးနိုင်တယ်ဆို တာ ရဟန္တာများရဲ့ အရိယိဒ္ဓိ။ ရဟန္တာများမှ ဒိဋ္ဌဒ္ဓိမျိုးက ရှိတယ်။ မြိန်မြိန်ရှက်ရှက်ကို ဘုဉ်းပေးတယ်။

အဲ-ဖခင် သေဋ္ဌေးကြီးကလည်း ရဋ္ဌပါလ အမျိုးကောင်းသားဆီ သွားတယ်။ ရဟန်းတော်များ သွားတာ မမြင်ဘူးလား၊ မေးတယ်။ ဟောဟို ဆွမ်းစားကျောင်း သွားတယ်။ သွားလည်း ကြည့်လိုက်ကရော တစ်ခါတည်း သူ့သား ရဋ္ဌပါလ ပက်ပင်းပါတွေ့တယ်။

အတ္ထိ နာမ တာတ ရဋ္ဌပါလ အာဘိဒေါသိကံ ကုမ္မာသံ ပရိ ဘုဉ္စိဿတိ။

တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ အာဘိဒေါသိကံ=တစ်ညဉ့် တို့ကို လွန်လေပြီးသော။ ကုမ္မာသံ=မုယောမုန့်ကို။ ပရိဘုဉ္စိဿသိ= ဘုန်းပေးဘိ၏။ အတ္ထိ နာမ=ကိုယ့်အိမ်ရှိတယ် မဟုတ်ဘူးလား။

မိဘရှိတယ် မဟုတ်ဘူးလား။ ကိုယ့်မိ ကိုယ့်ဖဟာ စီးပွားဉစ္စာ ရှိနေတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးလား။ ဘာပြုလို့ မုယောမုန့်သိုးကြီးကို စားနေ ရတုန်း။ ဒီလို ပြောလိုတယ်။ ကျယ်ကျယ်ဝန်းဝန်း ပြောချင်တယ်။

တစ်နည်းအားဖြင့် -

တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ အာဘိဒေါသိကံ=တစ်ညဉ့် လွန်၍ ပုပ်ခြင်းရှိသော။ ကုမ္မာသံ=မုယောမုန့်ကို။ ပရိဘုဉ္စိဿသိ= အမြိုက်သုဓာဘုတ်ပမာ မြိန်ရှက်စွာ ဘုဉ်းပေးဘိ၏။ အတ္ထိ နာမ =ဖြစ်မှဖြစ်ရလေ။ တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ သကံ ဂေဟံ=မိမိအိမ်သို့။ ဂန္တဗ္ဗံ နနု=သွားသင့်သည် မဟုတ်ပါလား။

ကိုယ်တော် တပည့်တော်ကို အရှက်ခွဲတာလား။ တကယ်ဆိုယင် ကိုယ့်ဖခင် သေဋ္ဌေးကြီးရဲ့အိမ် မားမားမတ်မတ် ရှိပါလျက်ကနဲ့ ကိုယ့် ဖခင်ရဲ့အိမ် ကိုယ့်အိမ်ကို သွားဖို့မတော်ဘူးလား ကိုယ်တော်။ အခုတော့ တကတည်း အထီးကျန် ကပ္ပါးဆင်းရဲသားလို သူများရဲ့ အိမ်ဘေးမှာ

http:\\www.dhammadownload.com



မြှောင်ပြီးဆောက်ထားတဲ့ ဆွမ်းစားဇရပ်ကလေးမှာ မျက်နှာမဲ့ မျက်နှာ ငယ် လာပြီး ဘာပြုလို့ စားနေရသလဲ၊ ဖြစ်မှ ဖြစ်ရပလေ။ ကိုယ့်အိမ်ကို ကိုယ်တော်သွားပါလား။ ဘာပြုလို့ မသွားသလဲ။ ဒီလို မေးတယ်။ မခံ လည်း မခံနိုင်ဘူး။ ဒီတော့ အရှင်ရဋ္ဌပါလက ဘာပြန်ပြောသလဲ။

ကုတော နော ဂဟပတိ၊ အမှာကံ ဂေဟံ အဝါရဿ အနဂါရိယံ ပဗ္ဗဇိတာနံ။

ဂဟပတိ=သေဋ္ဌေးကြီး။ နော=ငါတို့အား။ ကုတော=အိမ်အဘယ် မှာ ရှိပါ့မလဲ။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတာနံ=ကပ် ရောက်ကြကုန်သော။ အမှာကံ=ငါတို့အား။ ကုတော=အိမ် အဘယ် မှာ ရှိပါ့မလဲ။

သေဋ္ဌေးကြီး၊ ကျုပ်တို့မှာ အိမ်မရှိဘူး။

"အနဂါရာ မယံ ဂဟပတိ"

ဂဟပတိ=ဒကာကြီး။ မယံ=ငါတို့သည်။ အနဂါရာ=အိမ်ရာမရှိတဲ့ လူမျိုးတွေပါ။

"အဂမမှ ခေါ တေ ဂဟပတိ ဂေဟံ"

ဂဟပတိ=ဒကာကြီး။ တေ=သင်၏။ ဂေဟံ=အိမ်သို့။ မယံ=ငါတို့ သည်။ အဂမမှ ခေါ=ရောက်ခဲ့ပါပြီ။

ဒကာကြီး၊ ကျုပ်ကတော့ ရဟန်းဖြစ်နေတော့ ရဟန်းဆိုတာ အိမ်မရှိ ဘူး ဒကာကြီးရဲ့။ ဒကာကြီးတို့ အိမ်တော့ ကျုပ်ရောက်ခဲ့တယ်။

တတ္ထ နေဝ ဒါနံ အလတ္ထမှ။ န ပစ္စက္ခာနံ။

တတ္ထ=ထိုဒကာကြီးတို့အိမ်၌။ မယံ=ငါတို့သည်။ ဒါနံ=လှူအပ်တဲ့ ဆွမ်းကွမ်း အစရှိတဲ့ အလှူဒါနကို။ နေဝ အလတ္ထမှ=တစိုးတစိ မရခဲ့ ပါကုန်။

http:\\www.dhammadownload.com



ဒကာကြီးတို့ အိမ်ကို ရောက်တဲ့အခါကျတော့ ဒကာကြီးတို့အိမ်က ဆွမ်းရယ် ကွမ်းရယ် ဒီလို လှူလိုက်တဲ့ လှူဖွယ်ဝတ္ထု တစ်ခုမှ မရခဲ့ဘူး။ ဆွမ်းကွမ်းဆိုတာ ထားရောတဲ့၊ န ပစ္စက္ခာနံ=ကန်တော့ဆွမ်းပါလို့ ဆိုတဲ့ ပယ်မြစ်တဲ့ စကားလေးလောက်တောင်မှလည်းပဲ မရခဲ့ပါဘူး။

အညဒတ္ထု=စင်စစ်သော်ကား။ အက္ကောသမေဝ=ဆဲရေးတိုင်းထွာလိုက်တဲ့ စကားကိုသာလျှင်။ အလတ္ထမှ=ရခဲ့ပါပြီ။

ရန်တွေ့သွားတာ။ ဆွမ်းလည်း တစ်ဇွန်းမှ မရဘူး။ ဆွမ်းတစ်ဇွန်း ထားပါတော့ဗျာ၊ ကန်တော့ဆွမ်းပါလို့ ပြောလိုက်တဲ့ စကားလေးတောင် မရဘူး ဒကာကြီး၊ ရတာ ပြောရမယ်ဆိုယင် –

ဣမေဟိ မုဏ္ဍကေဟိ သမဏကေဟိ အမှာကံ ဧကပုတ္တကော ပိယော မနာပေါ ပဗ္ဗဇိတော။

ဟောဒီ ကတုံးယုတ်တွေ၊ ဟောဒီ ရဟန်းယုတ်တွေဗျာ၊ ကျုပ်ရဲ့ တစ်ယောက်တည်းသော သားကလေး ရဟန်းပြုသွားတာ ဒီကတုံးတွေ ရဟန်းယုတ်တွေလို့ ဆဲရေးတိုင်းထွာလိုက်တဲ့ စကားကိုတော့ဖြင့် ထပ်တလဲလဲ ရခဲ့ပါတယ် ဒကာကြီးလို့ အဲဒီလို ပြောတော့ ဖခင်သေဋ္ဌေး ကြီးက –

ဧဟိ တာတ ရဋ္ဌပါလ ဃရံ ဂမိဿာမ။

တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ ဧဟိ=လာပါတော့ စိတ်ဆိုး မနေပါနဲ့။ (ဟုတ်လား၊ မသိလို့ ပြောတာ၊ သူ့သားမှန်းမသိလို့ ပြောတာ။) ဧဟိ=လာပါလော့။ ဃရံ=အိမ်သို့။ ဂမိဿာမ=တို့သွားအဖ သွားကြစို့ပါ။

## ခမည်းတော်က ဝတ္ထုကာမ ကိလေသာကာမတို့ဖြင့် ဖျားယောင်းခြင်း

သားရယ်၊ ဒါတွေ ပြန်ပြောမနေပါနဲ့၊ လာပါ၊ အိမ်သွားကြပါစို့၊ ပြောတယ်။ ဒီတော့ အရှင်ရဋ္ဌပါလက ဘာပြန်ပြောသလဲ။

http:\\www.dhammadownload.com



အလံ ဂဟပတိ၊ ကတံ မေ အဇ္ဇ ဘတ္တကိစ္စံ။

ဂဟပတိ=သေဌ္ဌေးကြီး။ အလံ=တော်ပြီ။ အဇ္ဇ=ယနေ့။ မေ=ငါ သည်။ ဘတ္တကိစ္စံ=ဆွမ်းကိစ္စကို။ ကတံ=ပြုအပ်ပြီးပြီ။

ဒကာကြီး ... ကနေ့တော့ တော်ပြီနော်တဲ့၊ ကနေ့ ကျုပ် ဆွမ်းစား ပြီးပြီလို့ ဒီလိုပြောလိုက်တယ်။ ဒီတော့ ဖခင်ကြီးက -

တေန ဟိ တာတ ရဋ္ဌပါလ သွာတနာယ ဘတ္တံ အဓိဝါသေဟိ။

တေန ဟိ=သို့တပြီးကား။ တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ တေနေ ဟိ=သို့တပြီးကား။ ဝါ-ဒီနေ့ ဆွမ်းစားပြီးလို့ရှိယင်။ သွာတနာယ=နက်ဖြန်ကောင်းမှု အလို့ငှာ။ ဘတ္တံ=မိဘနှစ်ပါး၏ ဆွမ်းကို။ အဓိဝါသေဟိ=သည်းခံပါလော့။

ဒါဖြင့်ယင် ယနေ့ ဆွမ်းစားပြီးယင် ရှိပါစေတော့၊ နက်ဖြန်ခါ တပည့်တော်တို့ လှူတဲ့ဆွမ်းကို အလှူခံပါ။

ဒီတော့ အရှင်ရဋ္ဌပါလက စဉ်းစားတယ်။ အကယ်၍ ငါ အလှူမခံ လို့ရှိယင် ငါ့မိခင်ကြီးကလည်း တကယ့်အမျိုးကောင်းသမီးကြီး။ ဘယ် လိုနည်းနဲ့မှ အိမ်ပေါက လမ်းထွက်တတ်တဲ့ အမျိုးသမီးကြီး မဟုတ် ဘူး။ အေး-ကိုင်း တဲ့တိုးပြောရမယ်ဆိုလို့ရှိယင် သူတို့ အိန္ဒိယမှာက ဓာတ်ဝါဒက အင်မတန် ပြင်းထန်ပါတယ်။ ဒီအမျိုးကောင်းသမီးတွေ ဆိုယင် အိမ်ထဲက အိမ်ပြင် ထွက်ရတာ မဟုတ်ဘူး။ ဒီတော့ ငါ့မိခင်ကြီး ကလည်း အင်မတန် တွေ့ချင်နေတယ်။ ဒီတော့ မိခင်ကြီးနဲ့ တွေ့ဖို့ရန် ငါ အိမ်သွားမှ တွေ့ရမယ်။ အိမ်သွားရမယ့် အတူတူဖြစ်ယင် သူတို့ပင့် တဲ့ ဆွမ်းကို ငါ လက်ခံလိုက်မှပဲဆိုတဲ့ စိတ်အကြံဖြင့် ဒကာကြီးက "အရှင်ဘုရား၊ ကနေ့ ဆွမ်းကိစ္စ ပြီးလို့ရှိယင် နက်ဖြန် ဒကာကြီးတို့ရဲ့ ဆွမ်းကို လက်ခံပါ"ဆိုတော့ ဆိတ်ဆိတ်နေ၍ လက်ခံလိုက်တယ်။ မိဂစီရဉယျာဉ် ပြန်သွားတယ်။ သေဌ္ဌေးကြီးလည်း အိမ်ပြန်သွားတယ်။

http:\\www.dhammadownload.com



အိမ်ရောက်တော့ ဘာလုပ်သလဲ။ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က ဆင်းသက်လာတဲ့ ရွှေတွေ၊ ငွေတွေ၊ ရွှေတစ်ပုံ ငွေတစ်ပုံ ပုံစမ်းကွာ ဆိုပြီးတော့ အိမ်ကရှိတဲ့ လူတွေကို အပုံခိုင်းတယ်။ ပုံပြီးပလား၊ ပုံပြီးပြီ။ ဘယ်လောက်မြင့်သလဲဆိုယင် အရပ် အလယ်အလတ်ရှိတဲ့ လူတစ်ယောက်ဟာ ဒီဘက်က ရပ်နေလို့ရှိယင် ဟိုဘက်က လှမ်းကြည့်လို့ မမြင်ရဘူးတဲ့။ ရွှေပုံကြီးလည်း အမြင့်ကြီးပဲ၊ ငွေပုံကြီးလည်း အမြင့်ကြီးပဲ။ ပုံပြီးပလား၊ ပြီးပြီ။

ပြီးပြီဆိုတော့မှ အဲဒီ ရွှေပုံ ငွေပုံကြီးတွေကို ဖျာကြီးတွေနဲ့ အုပ်ထားတယ်။ အုပ်ပြီးပလား၊ ပြီးပြီဆိုတော့မှ ရဋ္ဌပါလ သေဌေးသား လူ့ဘဝတုန်းက ကြင်ဖော်ဟောင်း ကြင်ယာဟောင်းဖြစ်ကြတဲ့ သေဌေးကတော်တွေကို ကျိတ်ခေါ်တယ်။

ဧထ တုမှေ ဝဓုယော၊ ယေန အလင်္ကတာ ရေန အလင်္ကတာ
ပုဗ္ဗေ ရဋ္ဌပါလဿ ကုလပုတ္တဿ ပိယာ ဟောထ မနာပါ၊
တေန အလင်္ကာ ရေန အလင်္ကရောထ။

ဝဓုယော=ချွေးမတို့။ ဧထ=လာကြဦး။ ယေန အလင်္ကာရေန= အကြင်တန်ဆာဖြင့်။ အလင်္ကတာ=သင်ချွေးမတို့ ဆင်ယင်ကြကုန်သည်ရှိသော်။ ပုဗ္ဗေ=ရှေးအခါတုန်းက။ ရဋ္ဌပါလဿ ကုလပုတ္တဿ =ရဋ္ဌပါလ အမျိုးကောင်းသား၏။ ပိယာ=ချစ်ခင်အပ်သည်။ မနာပါ= နှစ်သက်အပ်သည်။ ဟောထ=ဖြစ်ကြကုန်၏။ တေန အလင်္ကာရေန= ထိုရဋ္ဌပါလ နှစ်သက်တဲ့ အဆင်တန်ဆာဖြင့်။ အလင်္ကရောထ= အသင့် တန်ဆာဆင်၍ ထားကြကုန်။

ရှင်ရဋ္ဌပါလ လူ့ဘဝတုန်းက ဇနီးဟောင်း ကြင်ယာဟောင်းတွေကို "ချွေးမတို့၊ ဟိုရှေးတုန်းက မင်းတို့ရဲ့ အရှင့်သားဖြစ်သော ရဋ္ဌပါလ နှစ်သက်တဲ့ အဝတ်အစား တန်ဆာများ ဆင်ထားကြကွာ"

http:\\www.dhammadownload.com



အဲဒီလိုပြောပြီး နောက်တစ်နေ့မနက် အိမ်မှာ ဆွမ်းကောင်း ဟင်းကောင်းတွေ ချက်–ပြုတ်၊ အားလုံးပြင်ဆင်ပြီးပြီ၊ ဆွမ်းပွဲကြီးလည်း အသင့်ပြင်ပြီးပြီဆိုတော့မှ ခမည်းတော်ကြီးကိုယ်တိုင် မိဂစီရဥယျာဉ် သွားတယ်။ ရှင်ရဋ္ဌပါလကို သူ ဘာပြောလဲ။

ကာလော တာတ ရဋ္ဌပါလ နိဋ္ဌိတံ ဘတ္တံ။

တာတ ရဋ္ဌပါလ=ချစ်သားရဋ္ဌပါလ။ ကာလော=ဆွမ်းစားချိန်တန်ပြီ။ ဘတ္တံ=ဆွမ်းသည်။ နိဋ္ဌိတံ=ပြင်ပြီးပြီ။

ချစ်သား၊ ဆွမ်းစားချိန်တန်ပြီ၊ ဆွမ်းများပြင်ပြီးပြီ ဆိုပြီးတော့ ရှင်ရဋ္ဌပါလကို အိမ်ရောက်အောင် ပင့်တယ်။ အိမ်ရောက်ပြီ ဆိုတော့မှ သေဋ္ဌေးကြီးက အိမ်က အစေခံများကို ဖွင့်လိုက်စမ်းဆိုပြီး စောစောက အုပ်ထားတဲ့ ရွှေပုံကြီး ငွေပုံကြီး နှစ်ပုံကို ဖျာတွေ လှပ်ပြီးတော့ လက်ညှိုးထိုးပြပြီးတော့ –

ဣဒံ တေ တာတ ရဋ္ဌပါလ မာတု မတ္တိကံ ဓနံ၊ အညံ ပေတ္တိကံ၊ အညံ ပိတာမဟံ။

တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ ဣဒံ=ဤယခု မောင်မြင်ရတဲ့ တစ်ရပ်တစ်ကိုယ် အမြင့်ရှိတဲ့ ရွှေအစု ငွေအစု ရွှေပုံ ငွေပုံကြီးသည်။ တေ=သင်၏။ မာတု=မွေးမိသခင် ကျေးဇူးရှင်၏။ မတ္တိကံ ဓနံ=မိန်းမတို့အတွက် သင့်အမိဘက်မှ ဆင်းသက်လာတဲ့ ဥစ္စာ ဖြစ်ပါပေ၏။

ချစ်သား၊ ဟောဒီ ယခု မောင်မြင်ရတဲ့ တစ်ရပ်တစ်ကိုယ်ရှိတဲ့ ရွှေပုံ ငွေပုံကြီးများ မောင့်အမိကိုလေ၊ ဟောဒီအိမ်ကို ပို့လိုက်စဉ်က မောင့်အဘိုးတို့ အဘွားတို့က မောင့်အမိအတွက် သနပ်ခါးဖိုး၊ ငါ့သမီး သနပ်ခါးဖိုး၊ အဆင်တန်ဆာဖိုးဆိုပြီးတော့ မိန်းမတို့ရဲ့ အသုံးအဆောင်ဖိုး ပေးလိုက်တဲ့ အနည်းငယ်မျှသော ဥစ္စာလေးပဲ ရှိသေးတယ်တဲ့။

မတ္တိကံ=မောင့်မိခင်ဘက် ဆွေခုနစ်ဆက်မှ ဆင်းသက်လာတဲ့။ ဓနံ=ဥစ္စာကား။ အညံ=အခြား အများကြီး ရှိသေး၏။ ပေတ္တိကံ=

http:\\www.dhammadownload.com



မောင့်ဖဘက် ဆွေခုနစ်ဆက် ဆင်းသက်လာတဲ့။ ဓနံ=ဥစ္စာကလည်း ပဲ။ အညံ=အခြားတပါး အများကြီး ရှိသေး၏။

မောင့်မိခင်ဘက် မောင့်ဖခင်ဘက် ဆွေခုနစ်ဆက် ခုနစ်ဆက် ဆင်းသက်လာတဲ့ ဥစ္စာတွေ အများကြီး မြေတိုက်ထဲမှာ ရှိသေးတယ်။ သား ရယ်၊ အခု ပုံထားတဲ့ နှစ်ပုံဟာ မောင့်အမေနဲ့ အာဝါဟမင်္ဂလာ ပြုလုပ်စဉ် ကာလတုန်းက သနပ်ခါးဖိုး ပေးလိုက်တဲ့ ရွှေ ငွေ ရှိသေးတယ်။ ဒီလို ပြောတယ်။

သက္ကာ·တာတ ရဋ္ဌပါလ ဘောဂေ စ ဘုဥ္ဇိတုံ ပုညာနိ စ ကာတုံ။

ချစ်သား ရဋ္ဌပါလ၊ မြင်တဲ့အတိုင်းပဲ၊ စီးပွားဥစ္စာတွေ ဘယ်လောက် များတုန်း၊ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ခံစားဖို့လည်း တတ်နိုင်ပါတယ်၊ ဖြစ်နိုင်ပါတယ် လူကလေးရယ်။ အဲဒီ ဝတ္ထုအာရုံကာမဂုဏ်ကို ခံစားရင်း ကောင်းမှုကုသိုလ်ကိုလည်း ပြုနိုင်ပါတယ်။

ဧဟိ တွံ တာတ ရဋ္ဌပါလ ဟီနာယာဝတ္တိတွာ ဘောဂေ စ ဘုဥ္ဇသု ပုညာနိ စ ကရောဟိ။

တာတ ရဋ္ဌပါလ=ချစ်သား ရဋ္ဌပါလ။ တွံ=သင်ချစ်သားသည်။ ဧဟိ=လာပါ။ ဟီနာယာဝတ္တိတွာ=လူထွက်၍။ ဘောဂေ စ= စည်းစိမ် ဥစ္စာ ကာမဂုဏ်တို့ကိုလည်း။ ဘုဥ္ဇသု=ဘုဉ်းပေးသုံးဆောင်ပါ။ ပုညာနိ စ=ကုသိုလ်ကောင်းမှုတို့ကိုလည်း။ ကရောဟိ=ပြုပါ။

ချစ်သား၊ စိတ်ကူးမလွဲနဲ့။ လူထွက်။ လူထွက်ပြီးတော့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကိုလည်း ခံစား၊ ကုသိုလ်ကောင်းမှုကိုလည်း ပြု။ လူ့ဘဝ နဲ့လည်း ကုသိုလ်ပြုယင် ရတယ်၊ ဒီလို ပြောတယ်။ ပြောတော့ အရှင် ရဋ္ဌပါလက ဘာပြန်ပြောသလဲ။

သစေ မေ တွံ ဂဟပတိ ဝစနံ ကရေယျာသိ။

ဂဟပတိ=ဒကာကြီး။ တွံ=သင်သည်။ မေ=ငါ၏။ ဝစနံ=စကား ကို။ သစေ ကရေယျာသိ=အကယ်၍ လိုက်နာမယ်ဆိုယင် –

http:\\www.dhammadownload.com



ဣမံ ဟိရညသုဝဏ္ဏာဿ ပုဉ္ဇံ သကဋ္ဋေ အာရောပေတွာ
နိဗ္ဗာဟာပေတွာ မဇ္ဈေ ဂင်္ဂါယ နဒိယာ သောတေ ဩပိလာပေယျာသိ။

မဟန္တံ=များလှစွာသော။ ဣမံ ဟိရညသုဝဏ္ဏာဿ ပုဉ္ဇံ=ဤရွှေပုံ ငွေပုံဆိုတဲ့ နှစ်ပုံလုံးကို။ သကဋ္ဋေ=လှည်းအစီးစီးပေါ်၌။ အာရောပေတွာ=တင်၍။ နိဗ္ဗာဟာပေတွာ=တိုက်ထုတ်စေပြီး သကာလ။ မဇ္ဈေ ဂင်္ဂါယ နဒိယာ သောတေ=ဂင်္ဂါမြစ်၏ ရေလယ်ခေါင် ရေစီးသန်ရာ အရပ်၌။ ဩပိလာပေယျာသိ=မျှောပစ်လိုက်ပါ–တဲ့။

ဒကာကြီး၊ ငါပြောတဲ့စကား ဒကာကြီး နားထောင်မယ်ဆိုလို့ရှိယင် အဲဒီ ရွှေပုံ ငွေပုံကို အကုန်လုံး လှည်းနဲ့တိုက်၊ လှည်းပေါ်တင်၊ မြစ်လယ် ခေါင် သွားပြီးတော့ မြစ်ထဲ မျှောပစ်လိုက်တဲ့။ သူတို့ခေတ်ကတော့ ဂင်္ဂါမြစ်အနီးမှာ မြို့ရှိလို့ ဂင်္ဂါမြစ်ရဲ့ ရေလယ်ကြော မျှောပစ်လိုက်ပါ။ ဘာ့ကြောင့်လဲလို့ဆိုတော့ –

တံ ကိဿ ဟေတု=ထိုသို့ အမျှောခိုင်းရခြင်းသည် ဘာကြောင့်လဲ ဆိုတော့ –

ယေ ဥပ္ပဇ္ဇိဿန္တိ ဟိ တေ ဂဟပတိ တတော နိဒါနံ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ တေန ဘဝိဿန္တိ။

ဂဟပတိ=ဒါယကာကြီး။ တတော နိဒါနံ=ထိုဥစ္စာ ရွှေ ငွေဟူသော အကြောင်းကြောင့်။ တေ=သင်ဒါယကာကြီးအား။ ယေ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ=အကြင်စိုးရိမ်ရခြင်း ဒုက္ခ၊ ငိုကြွေးရခြင်း ဒုက္ခ၊ ပူဆွေးရခြင်း ဒုက္ခ၊ စိတ်ဆင်းရဲရခြင်း ဒုက္ခ၊ ကိုယ်ဆင်းရဲရခြင်း ဒုက္ခ၊ နှလုံးပူပန်ရခြင်း ဒုက္ခတို့သည်။ ဥပ္ပဇ္ဇိဿန္တိ=မြေလက်ခတ်နဲ့ မလွဲစေနဲ့ အမှန်စင်စစ် ဖြစ်ကုန်လိမ့်မည်။ တေ=ထို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ဒုက္ခငါးမျိုးတို့သည်။ န ဘဝိဿန္တိ=မဖြစ်ကြကုန်လတ္တံ့။ တသ္မာ=ထို့ကြောင့်တည်း။

http:\\www.dhammadownload.com



ဒကာကြီး၊ ငါ ဒီလိုပြောတာ တခြားကြောင့် မဟုတ်ဘူး။ ဒကာကြီးမှာ အဲဒီ ရွှေတွေ ငွေတွေ ရှိလို့ရှိယင် ရွှေတွေ ငွေတွေကို ရေတည်းဟူသော ရန်သူနဲ့ မတော်တွေ့သွားမယ်၊ မီးတည်းဟူသော ရန်သူ၊ မင်းတည်းဟူသော ရန်သူ၊ ခိုးသူရန်သူ၊ မချစ်မနှစ်သက်တဲ့ အမွေခံရန်သူ၊ အဲဒီလို ရန်သူမျိုး ငါးမျိုး တစ်မျိုးမျိုးနဲ့ တွေ့သွားယင် ဒကာကြီးမှာ အနပ္ပကမ်း ဂဏန်းမချနိုင်တဲ့ သောကဆင်းရဲတွေ၊ ပရိဒေဝဆင်းရဲတွေ၊ ဒုက္ခဆင်းရဲတွေ၊ ဒေါမနဿဆင်းရဲတွေ၊ ဥပါယာသဆင်းရဲတွေ ဆိုကြပါစို့တဲ့။ ရွှေပုံကြီး ငွေပုံကြီး ကြီးသလောက် သောကဆင်းရဲ ကြီး၏။ ပရိဒေဝဆင်းရဲ၊ ဒုက္ခဆင်းရဲ၊ ဒေါမနဿဆင်းရဲ၊ ဥပါယာသဆင်းရဲ၊ နှလုံးပူပန်ရတဲ့ ဆင်းရဲ ကြီး၏။ အဲဒီ ကြီးတဲ့ ဆင်းရဲဒုက္ခတွေ ဒီရွှေပုံ ငွေပုံကြီး မရှိယင် အကုန်လုံး မရှိတော့ဘူး။ ဒါကြောင့် အမျှောခိုင်းတာပါ ဒကာကြီးလို့ ပြောတယ်။

ဒကာကြီးက ဒီတော့ ငါပြောလို့တော့ဖြင့် မရဘူးဆိုပြီး အမေဘက်၊ ချွေးမတွေဘက် လှမ်းပြီး မျက်စပစ်ပြတယ်။ အင်း-ဖြုန်းဆို ချွေးမတွေက တိုက်ခန်းထဲက ထွက်၊ အဘေးကြီးကတည်းကိုက အချက်ပေးထားတာ။ ငါ အချက်ပြလိုက်ယင် မင်းတို့ ထွက်ခဲ့ကြ။ တစ်ခါတည်း ချွေးမတွေက တိုက်ခန်းထဲကနေပြီး အလှဆုံး အပဆုံး ပြင်ဆင်ဝတ်စားဖီးလိမ်းထွက်လာပြီးတော့ အကြီးဆုံးဆိုတဲ့ ဇနီးဟောင်းနှစ်ယောက်က အရှင်ရဋ္ဌပါလရဲ့ ခြေထောက်ကို ဖက်ပြီးတော့ ဘာပြောလဲဆိုတော့ -

ကီဒိသာ နာမ တာ အယျပုတ္တ အစ္ဆရာယော၊ ယာသံ တွံ ဟေတု ဗြဟ္မစရိယံ စရသိ။

အယျပုတ္တ=အရှင့်သား။ တွံ=အရှင့်သားသည်။ ယာသံ=အကြင်နတ်သမီးတို့၏။ ဟေတု=အကြောင်းကြောင့်။ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို။ စရသိ=ကျင့်သုံးဘိ၏။ အယျပုတ္တ=အရှင့်သား။ တာ အစ္ဆရာယော=ထိုနတ်သမီးတွေဆိုတာ။ ကီဒိသာ= ဘယ်လိုဟာတွေလဲ ဘုရား။

http:\\www.dhammadownload.com



တပည့်တော်မတို့ထက် ချောလို့လား၊ ကျွန်တော်မတို့ထက် လှလို့လား။ အဲဒီတုန်းကတော့ လူတွေက နားမလည်ဘဲကိုး။ သာသနာဝင်ပြီးတော့ သီလရယ် သမာဓိရယ် ပညာရယ် သုံးပါးသိက္ခာ သာသနာဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်ကြတာကို အရပ်ထဲက လူတွေ အချင်းချင်း ဝေဖန်ကြတယ်။

ထိုပုဂ္ဂိုလ်တွေဟာကွာ လူ့ပြည်လောက ချမ်းချမ်းသာသာနေရပါလျက် တကတည်း ဆင်းဆင်းရဲရဲစား၊ ဆင်းဆင်းရဲရဲအိပ်၊ ဆင်းဆင်းရဲရဲနေပြီးတော့ ဒီလို သီလ သမာဓိ ပညာတက်တော့ လူတို့ ဗြဟ္မစရိယ၊ အဲဒါကို ကျင့်တာ ဘာပြုလို့လဲဆိုတော့ ခပ်ပေါ့ပေါ့ လူက ပြောလိုက်တာ။ "အမယ်လေး အဲဒါ နတ်သမီးတွေ လိုချင်လို့" ဒီလို ပြောတယ်။ အဲဒီ လူတစ်ယောက်ရဲ့ ခပ်နောက်နောက်ပြောတဲ့ စကားဟာ လူနည်းစု အပေါ်မှာ ထင်ရှားနေတယ်။

အဲဒီလို ထင်ရှားနေတဲ့အတွက် အဲဒီတုန်းက သာသနာ ဗဟုသုတနည်းတဲ့ လူတွေဆိုယင် ဘုန်းကြီးကို မြင်ယင် ဒါ နတ်သမီး လိုချင်လို့ ဒီအဝတ် ဝတ်နေတယ်၊ ဟုတ်လား။ ဒီလို ဆင်းဆင်းရဲရဲ ကျင့်နေတယ်၊ ဒီလိုပဲ ထင်ကြတယ်။ အဲဒါနဲ့ ဒီလိုထင်တဲ့ အထဲမှာ အပါအဝင် ရိုးရိုးတန်းတန်းပဲ ဇနီးမောင်နှစ်ယောက်က ခြေသလုံးကို ဖက်ပြီးတော့ ငိုရင်းက မေးတာ။

အရှင့်သား၊ နတ်သမီးကို အကြောင်းပြုပြီးတော့ အရှင်ဘုရားတို့ မြတ်သောအကျင့်ကို ကျင့်တယ်ပြောတယ်။ အဲဒီ နတ်သမီးတွေက ဘယ်လောက်တောင် ချောလို့လဲ၊ ဟုတ်လား။ တပည့်တော်မတို့ထက် ချောလို့လား၊ ကျွန်တော်မတို့ထက် ချောသလား၊ လှသလားနဲ့ ပြောတယ်။ ဒီတော့ အရှင်ရဋ္ဌပါလက ရဟန္တာကြီး ဖြစ်နေတယ်၊ ကျောက်ရုပ်ကြီး။ "ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ"ဆိုတဲ့အတိုင်း လောကဓံ ဣဋ္ဌ အနိဋ္ဌ၊ ဘယ်လို လောကဓံနဲ့တွေ့တွေ့ တုန်လှုပ်ခြင်း

http:\\www.dhammadownload.com



အလျှင်းမရှိဘူး၊ တာဒိဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးဆိုတော့ ဣန္ဒြေ မပျက်ဘူး။ ဘာပြန်ပြောသလဲ။

န ခေါ မယံ ဘဂိနီ အစ္ဆရာနံ ဟေတု ဗြဟ္မစရိယံ စရာမ။

ဘဂိနီ=နှမငယ်တို့။ မယံ=ငါတို့သည်။ အစ္ဆရာနံ ဟေတု=နတ်သမီးတို့ကို လိုချင်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဗြဟ္မစရိယံ= မြတ်သောအကျင့်ကို။ န စရာမ=ကျင့်ကြသည် မဟုတ်ပါ။

ရှေးတုန်းကတော့ ပြောတာက ဇနီးမောင်နှံ့မှာပေါ့လေ၊ အိမ်ရှင်ယောကျ်ားက အိမ်ရှင်မကို ခေါ်လိုက်တဲ့ အခေါ်မျိုးက "ဘဒ္ဒေ=အဘယ်ရှင်မရေ"၊ ဒီလိုခေါ်တယ်။ အဲဒီလို မဟုတ်ဘဲနဲ့ အခု သုံးလိုက်တာက "ဘဂိနီ=တစ်မိဝမ်းတွင်း ထက်အောက်ဆင်းတဲ့ ညီမရင်းသဖွယ် ဖြစ်ကြသော မိန်းမငယ် နှစ်ယောက်တို့"လို့ အရိယဝေါဟာရ=ရဟန္တာအရိယာသခင်တို့ ခေါ်ဝေါ်တဲ့ အသုံးအနှုန်းက မေတ္တာရေချမ်း ဖျန်းပြီးတော့ ဟိုက တဏှာ လောဘနဲ့ ခြေသလုံးကို အစွမ်းကုန်ဖက်ထားတဲ့ အမျိုးသမီးနှစ်ယောက်ကို တစ်မိဝမ်းတွင်း ထက်အောက်ဆင်းတဲ့ ညီမရင်းကလေးလို သဘောထားတဲ့ ညီမရင်း မေတ္တာနဲ့ကိုပဲ ခေါ်လိုက်တယ်။ ဒီက ဓာတ်ရိုက်သွားတယ်။

ဘဂိနိဝါဒေန နော အယျပုတ္တော ရဋ္ဌပါလော သမုဒါစရတိ။

အယျပုတ္တော ရဋ္ဌပါလော=အရှင့်သားဖြစ်တဲ့ ရဋ္ဌပါလသည်။ နော= ငါတို့ကို။ ဘဂိနိဝါဒေန=တစ်မိဝမ်းတွင်း ထက်အောက်ဆင်းတဲ့ နှမရင်း ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့်။ သမုဒါစရတိ=ပြောဆိုခဲ့လေပြီ။

ဒီကနောက်ကြွင့် ဒို့မျှော်လင့်ချက် ဘာမှ မရှိတော့ဘူး။ ဆယ့်နှစ်နှစ်ကြာ သူပြန်လာမလားလို့ မျှော်လင့်တယ်။ ဆယ့်နှစ်နှစ်ကြာ သူပြန်လာမလားလို့ မျှော်လင့်တဲ့အတွက် အချိန်တွေ အများကြီး နှောင်းသွားတယ်။ လူ့ဘဝမှာဖြင့် ဒို့နောက်ထပ် မျှော်လင့်စရာ မရှိဘူး။ မျှော်နေ

http:\\www.dhammadownload.com



တာက ရဋ္ဌပါလ တစ်နေ့ပြန်လာနိုးနိုး ပြန်လာနိုးနိုး။ ဒီလိုနဲ့ ဆယ့်နှစ်နှစ် ကြာသွားတယ်။ အခု ပြန်လာပြန်တော့လည်းပဲ သူက ဒို့အပေါ်မှာ ရှေးကလို ဇနီးမောင်နှံစိတ် မဟုတ်တော့ဘူးဟော့၊ မောင်နှမစိတ်၊ ယင်း အတွက် ဒို့ကိုဖြင့် တစ်မိဝမ်းတွင်း ထက်အောက်ဆင်းတဲ့ ညီမရင်း နှမရင်း စိတ်ထားပြီး ပြောနေတယ်ဆိုပြီး အကြီးအကျယ် နှလုံးမသာ မယာ ဖြစ်ပြီးတော့ ဒီခြေရင်းမှာပဲ တစ်ခါတည်း မိန်းမောတွေဝေသွား ကြတယ်။

မူးမေ့သွားတယ်ဆိုယင်ပဲ အရှင်ရဋ္ဌပါလက ဘာပြောလဲ။

. သစေ ဂဟပတိ ဘောဇနံ ဒါတဗ္ဗံ၊ ဒေထ၊ မာ နော ဝိဟေဌေထ။

ဂဟပတိ=ဒါယကာကြီး။ ဘောဇနံ=ဆွမ်းကို။ သစေ ဒါတဗ္ဗံ= အကယ်၍ လှူဗြားအံ့။ ဒေထ=လှူကြကုန်လော့။ နော=ငါတို့ကို။ မာ ဝိဟေဌေထ=ဉစ္စာ မိန်းမ နှစ်ပါးပြ၍ မညှဉ်းဆဲကြပါနဲ့။

## ခမည်းတော်အား အရှင်ရဋ္ဌပါလ တရားဟောခြင်း

ဒကာကြီး၊ ကျုပ်ကို ဆွမ်းလှူမှာဖြင့် လှူပါ၊ တကတည်း ရွှေပုံငွေပုံ ဉစ္စာတွေပြ၊ တာတည်း မိန်းမတွေလွှတ်၊ ကျုပ်ကိုတော့ မနှိပ်စက်ပါနဲ့၊ ကြောက်လို့ပြောတာ မဟုတ်ဘူးနော်၊ ရှေ့ဆက်ပြီးတော့ အကုသိုလ်တွေ များမှာစိုးလို့။ ဒကာကြီး၊ ကျုပ်ကို ဆွမ်းလှူမှာဖြင့် လှူပါ၊ ကျုပ်ကို စိတ်ဆင်းရဲအောင်တော့ မနှိပ်စက်ပါနဲ့လို့ ပြော်သော်လည်းပဲ ဖခင်ပီပီ "ဘုဉ္ဇ ရဋ္ဌပါလ နိဋ္ဌိတံ=ချစ်သား ရဋ္ဌပါလ၊ ဟောဒီ ဆွမ်းပွဲကြီး ပြင်ပြီး သား၊ ကိုယ်တော် အလိုရှိသလောက် ဘုဉ်းပေး၊ ဆွမ်းပြင်ပြီးပြီ" ဆိုပြီး တော့ ဒီမှ ကပ်တယ်။

အဲ–ခုနင်ကတုန်းက ကြင်ယာဟောင်း နှစ်ယောက်လည်း ပွေ့ချီပြီး တော့ အခန်းထဲခေါ်၊ နာနပ်ကြ။ ပြီးပြီ၊ ဆွမ်းကိစ္စ ပြီးပြီဆိုတော့မှ အရှင် ရဋ္ဌပါလက ခမည်းတော်ကြီး မယ်တော်ကြီး၊ သူတို့ မျှော်လင့်တာက ကနေ့တော့ဖြင့်ယင် ငါ့သား ရဋ္ဌပါလနဲ့ ငါရယ် သေဌေးကတော်ကြီး

http:\\www.dhammadownload.com



ရယ် ဒို့သားအမိ သုံးယောက် ဒီဆွမ်းပွဲကြီး ဒီထမင်းပွဲကြီးကို လက်ဆုံ စားမယ်၊ ဒီအကြံဖြင့် အုပ်ထားတာ၊ စောစောစီးစီးက။

အခုတော့ သားက ဘယ်လိုနည်းနဲ့မှ မရတော့ သားချည်းပဲ ကပ် တယ်။ ကပ်ပြီးလို့ အရှင်ရဋ္ဌပါလ ဆွမ်းစားပြီးတဲ့အခါကျတော့ မတ် တတ်ရပ်လျက်က ဘာပြောသလဲ။

ယဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

စိတ္တကတံ=ဆန်းကြယ်သမှု ပြု၍ထားအပ်သော။ (တကယ်ဆို တော့)ˆသမုဿိတံ=စိုက်ထောင်၍ ထားအပ်သော။ အရုကာယံ=အနာ တွေ တစ်ကိုယ်လုံး ပြည့်နေတဲ့ ကိုယ်အတိ ဖြစ်ပေထသော။

လှတယ် ပတယ်လို့ ဒကာကြီးတို့က ထင်ပေမယ်လို့ ငါတို့ရဲ့ မျက်စိမှာဖြင့် ဒီအတိုင်း မြင်နေတယ်။ တမင်တခင် ဆန်းကြယ်အောင် ပြုလုပ်ထားတာ။

အရုကာယံ သမုဿိတံ=အနာတွေ တစ်ကိုယ်လုံး ပေါက်နေတဲ့ ကိုယ်ကြီးကို စိုက်ထောင်ထားတာလိုပဲ ကျုပ် အောက်မေ့တယ်တဲ့။ အာတုရံ=ဇရာ ရောဂါ ကိလေသာဟု မသက်သာကျိုး သုံးမျိုးတို့ဖြင့် အမြဲတစေ လွှမ်းမိုးအနှိပ်စက်ခံ၍ နေရပေထသော။

ရှိနေတဲ့ ခန္ဓာကိုယ်ဟာ –

(၁) ဇရာတုရ၊

(၂) ရောဂါတုရ၊

(၃) ကိလေသာတုရ

လို့ အာတုရ သုံးမျိုး ရှိတယ်။

ဇရာတုရဆိုတာ = အရွယ်ကြီးလာလို့ အိုလာတဲ့အတွက် မခံသာမှု။

ရောဂါတုရဆိုတာ=အနာရောဂါ နှိပ်စက်လို့ နာကျင်မှု မခံသာမှု။

http:\\www.dhammadownload.com



ကိလေသာတုရ=လောဘ ဒေါသ မောဟ ကိလေသာ နှိပ်စက်လို့ မခံသာမှု နာကျင်မှု။ အဲဒီလို အာတုရသုံးမျိုးကိုနော် (ဇရာ-ရောဂါ၊ ကိလေသာဟု မခံသာမှု သုံးမျိုးတို့ဖြင့် အမြဲတစေ လွှမ်းမိုးနှိပ်စက်၍ နေအပ်ပေထသော။)

ဗဟုသင်္ကပ္ပံ=များစွာသော သူတို့သည် စား မဟဲ့ ဝါးမဟဲ့လို့ အထင် မှားကာ အကြံဝင်အပ်ပါပေထသော။ ဗိမ္ဗံ-တမင်တခင် ဆန်းကြယ် အောင် ပြင်ဆင်ထား၍ ထားအပ်တဲ့ ဒီရုပ်အစုကို။ ပဿ=ရှုစမ်းပါလော့။

ဘာပဲပြောပြော တကယ်စင်စစ် ဒီကိုယ်ကြီးဟာ အရကာယ=အမာ တွေ ပေါက်နေတဲ့ ကိုယ်ကြီး။ ဒီကိုယ်ကြီးကိုပဲ တမင် စိတ္တဇဝါယော ဓာတ်နှင့် မထ ထအောင် ထောင်တားတာ။ သေသေချာချာ ရေရေလည် လည် တွေးကြည့်။ ဒီကိုယ်ကြီးရဲ့သဘော ကြည့်ယင် အာတုရသုံးမျိုးနဲ့ အမြဲတစေ အနှိပ်စက်ခံနေရတာ။ ဘေးက လူတွေက ဘေးက တိရစ္ဆာန် တွေက သေတယ်ဆိုလို့ရှိယင် စားမယ် ဝါးမယ်ဆိုတာ အမြဲတမ်း ကြည့် နေ ကြံဖန်နေကြတာ။ အဲဒီလို ဘေးက ရန်သူတွေက အမြဲတမ်း မျက် စောင်းထိုး အကြံခံနေရတဲ့ ဒီကိုယ်ကြီးကိုများ စေ့စေ့စပ်စပ် စေ့စေ့ငုငု ကြည့်စမ်းပါ ဒကာကြီး။

ယဿ=အကြင်ရူပကာယ ကိုယ်ခန္ဓာကြီး၏။ ဓုဝံ=အမြဲ။ ဌိတိ= တည်ခြင်းသည်။ နတ္ထိ=မရှိပါ။

ဒကာကြီးက တကတည်း ဇနီးဟောင်းတွေပြ၊ ဘာတွေပြနဲ့၊ ဒီလို ပေမယ်လို့ အဲဒီ သူတို့ရဲ့ ရူပကာယဟာ အမြဲတည်တယ် မရှိဘူး။

ပဿ စိတ္တကတံ ရူပံ၊ မဏိနာ ကုဏ္ဍလေန စ။
အဋ္ဌိံ တစေန ဩနဒ္ဓံ၊ သဟ ဝတ္ထေဘိ သောဘတိ။

ဂဟပတိ = ဒါယကာကြီး။ စိတ္တကတံ = တမင်တခင် ဆန်းကြယ် အောင် ပြုပြင်၍ ထားအပ်သော (ဘာတွေနဲ့ ဆန်းကြယ်အောင် လုပ်ထားလဲ ဆိုတော့) မဏိနာ စ = ပတ္တမြားဖြင့် လည်းကောင်း။

http:\\www.dhammadownload.com



ကုဏ္ဍလေန စ=နားထောင်းဖြင့် လည်းကောင်း၊ စိတ္တကတံ=တမင် တခင် ဆန်းကြယ်စွာ ပြုပြင်၍ ထားအပ်သော။

နဂိုက အဆန်းတကြယ် မဟုတ်ဘူး။ နဂိုက သူ့လို ငါ့ကို ခန္ဓာကိုယ်ပဲ။ ဒါပေမယ့်လို့ ပတ္တမြားတွေ၊ စိန်တွေ၊ ရွှေတွေ၊ ငွေတွေနဲ့ တမင် တခင် ဆန်းကြယ်အောင် ပြုပြင်ထားတာ။ အတွင်းကို ကြည့်လိုက်မယ် ဆိုလို့ရှိယင် –

အဋ္ဌိ=သုံးရာသော အရိုးစုကို။ နှာရုဟိ=ကိုးရာသော အကြောတို့က။ သမ္ဗဒ္ဓံ=ယိမ်းမသွား ယိုင်မသွား လဲမသွားအောင် ဖွဲ့နှောင်၍ ထားအပ်ပေထသော။

ဒီကိုယ်ကြီးဆိုတာ အထဲထဲ အမာခံ လိုက်ကြည့်ယင် အရိုးသုံးရာ ရှိတယ်။ အဲဒီ အရိုးသုံးရာကို ယိမ်းမသွားအောင် လဲမသွားအောင် ယိုင်မသွားအောင် အကြောတွေက ရှေ့က ထိန်း၊ နောက်က ထိန်း၊ ဝဲက ထိန်း၊ ယာက ထိန်း၊ အကြောမကြီးက တစ်မျိုး၊ အကြောလတ်က တစ်မျိုး၊ အကြောသေးက တစ်မျိုး၊ ဒီအရိုးစုကြီးလည်း တိမ်းကြွေမသွားအောင် ထိန်းထားတာ ဒကာကြီး။ ဒါ ပြောတာ။

ဝတ္ထေဘိ=ဘယ်လောက်ပဲ လှတယ်ပြောပြော အဝတ်အစား မပါဘဲနဲ့ ဒီအတိုင်း စဉ်းစားကြည့်စမ်းပါ–တဲ့။ အဝတ်မပါယင် ဘယ်လိုမှ မတင့်တယ်ဘူး။ ဝတ္ထေဘိ=အဝတ်အစားတို့နှင့်။ သဟ–သဟေဝ= တကွမှသာလျှင်။ သောဘတိ=တင့်တယ်သော။ ရူပံ=ဤသတ္တဝါတို့၏ ရုပ်ကိုယ်ကို။ ပဿ–ပဿာဟိ=ကြည့်ရှုမ်းပါလော့။

ဒကာကြီး၊ သက်သက်မယ့် ပင်ကိုအားဖြင့် မတင့်တယ်တဲ့ ရူပကာယကို တင့်တယ်အောင် အပေါ်က ပတ္တမြားတွေ နားထောင်းတွေ နားကြပ်တွေ ပုတီးတွေ ခြေကျင်းတွေ လက်စွပ်တွေ၊ အင်း ... အဆင် တန်ဆာတွေပေါ့လေ၊ အမျိုးမျိုးဖြင့် ဝတ်ဆင်ထားရတယ်။ အဝတ်အစား တွေ အမျိုးမျိုးနဲ့ မတင့်တယ်–တင့်တယ်အောင် လုပ်ထားရတယ်။

http:\\www.dhammadownload.com



တကယ် အတွင်းသားကတော့ အရိုးသုံးရာကို ကိုးရာသော အကြောတို့က ဖွဲ့ထားတဲ့ အရိုးစုကြီးပါ။ အဲဒါကြီး မြင်အောင်ကြည့်။

### ရဟန္တာအား ကာမဂုဏ်မှိုင်းတိုက်၍ မရနိုင်

အလတ္တကကတာ ပါဒါ၊
မုခံ စုဏ္ဏကမက္ခိတံ။
အလံ ဗာလဿ မောဟာယ၊
နော စ ပါရဂဝေသိနော။

ဂဟပတိ=ဒါယကာကြီး။ အလတ္တကကတာ=ချိပ်ရေတို့ဖြင့် အပြေအပြစ် ပြုအပ်ကုန်သော။ ပါဒါ=ခြေတို့သည်လည်းကောင်း။

(ခြေထောက်ကလေးတွေ မလှလှအောင်၊ ချိပ်ရေနဲ့ ပြုပြင်ထားတဲ့ ဆေးနဲ့ ဒီခြေထောက်များကို ခြယ်လှယ်ရတယ်)။

စုဏ္ဏကမက္ခိတံ=ဂေါ်ယာစဉ်းတို့ဖြင့် ခြယ်လှယ်၍ထားအပ်သော။ မုခဉ္စ=ခံတွင်းသည် လည်းကောင်း။

ပကတိမျက်နှာက သူ့သဘာဝအတိုင်း မှဲ့၊ ဝက်ခြံ၊ ညှင်း၊ ပွေး အစရှိတဲ့ မျက်နှာမှာ အပြစ်ရောက်ယင် ပထမသုံးရက်မှာ မုန်ညင်းမှုန့်နဲ့ လိမ်းရတယ်။ လိမ်းပြီးပြီဆိုတော့မှ နောက် မြေညက်နဲ့ သုံးရက်ဆက် လိမ်းရတယ်။ သွေးတွေကြွလာတယ်။ မျက်နှာကြီး ကြွလာတယ်။ အဲဒီ ကြွလာပြီးတဲ့နောက်မှ တတိယ သုံးရက်ကျတော့မှ နနွင်း သိမ်းပေးရ တယ်။ ကြွတဲ့ သွေးတွေ ပြန်ပြီး ကျသွားပြီးတော့ မျက်နှာချောသွား တယ်။ စာထဲက။ အဲဒီလို ကိုးရက်လောက် လုပ်ပြီးလို့ မျက်နှာ ဝတ်ခြံ တို့ ဘာတို့ မှဲ့မည်းတို့ နည်းနည်းစင်ပြီဆိုတော့မှ ဂေါ်ယာစဉ်းမှုန့်နဲ့ မျက်နှာကို လိုသလို မှုန်ခြယ်ရတာ-တဲ့၊ ဒါကို ပြောနေတာ။

စုဏ္ဏကမက္ခိတံ=ကိုးရက်တိုင်တိုင် ပြုပြင်ပြီးမှ ဂေါ်ယာစဉ်းမှုန့်တို့ ဖြင့် ခြယ်လှယ်အပ်သော။ မုခဥ္စ=မျက်နှာသည်လည်းကောင်း။ ဗာလ

http:\\www.dhammadownload.com



သ=မသိမလိမ္မာ ပညာအန္ဓ လူ့ဗာလအား။ မောဟာယ=တွေဝေစေခြင်းငှာ။ အလံ=စွမ်းနိုင်ပါ၏။

တမင်တခင် မလှ လှအောင် ပြင်ဆင် ခြယ်လှယ်ထားတဲ့ ခြေထောက်တွေ၊ ခြယ်လှယ်ထားတဲ့ မျက်နှာဟာတဲ့၊ မသိမလိမ္မာ ပညာအန္ဓ လူ့ဗာလများကိုတော့ဖြင့် မှိုင်းတိုက်ဖို့ စွမ်းနိုင်ပါလိမ့်မယ်တဲ့။

ပါရဂဝေသိနော=နိဗ္ဗူသာဝဟမ်း မှာဘက်ကမ်းကို ရည်ညွှန်းတောင့်တ ရှာမှီး၍နေသော ငါ့အားကား။ နော စ အလံ=စွမ်းနိုင်မည်မဟုတ်ပါ။

ငါ့လို နိဗ္ဗာန်ကို ရှာနေတဲ့ ပုဂ္ဂိုလ်အဖို့တော့ အခုနင်ကပြောတဲ့ ချိပ်ရေနဲ့ တန်ဆာဆင်ထားတဲ့ ခြေထောက်တွေ၊ ဂေါယာစဉ်းမှုန့်နဲ့ မှုန်းခြယ်ထားတဲ့ မျက်နှာတွေက ဘယ်လိုနည်းနဲ့မှ လောဘဖြစ်သွားအောင် မှိုင်းမတိုက်နိုင်ဘူး ဒကာကြီးတဲ့၊ ဒါ–ပြောတာ။ နောက်တစ်ခါ –

အဋ္ဌာပဒကတာ ကေသာ၊
နေတ္တာ အဉ္ဇနမက္ခိတာ။
အလံ ဗာလဿ မောဟာယ၊
နော စ ပါရဂဝေသိနော။

ဂဟပတိ=ဒါယကာကြီး။ အဋ္ဌပဒကတာ=ရှစ်ပါးသောအစုရှိသော ဆင်ယင်ထုံးဖွဲ့မှုဖြင့် ပြုပြင်စီရင်၍ ထားအပ်သော။ ကေသာ စ=ဆံပင်တို့သည်လည်းကောင်း။ (ဆံပင်ဟာ သူ့သဘာဝအတိုင်း လွတ်ရာ ကျွတ်ရာ သွားကြည့်စမ်း၊ အင်မတန် စက်ဆုပ်စရာ ကောင်းတယ်။ ဒါပေမယ်လို့ အဲဒီဆံပင်ကို ဆင်ယင်ထုံးဖွဲ့မှု ရှစ်မျိုးဖြင့် ပြင်ဆင်ထားလို့ တင့်တယ်တယ်၊ ဖွယ်ရာတယ်၊ လှပတယ်၊ မင်္ဂလာရှိတယ်၊ ဒီလို ထင်နေရတယ်။ အဲဒီလို ရှစ်မျိုးအစုရှိတဲ့ ဆင်ယင်ထုံးဖွဲ့မှုဖြင့် ပြုပြင်ထားတဲ့ ဆံပင်များရယ်)–

အဉ္ဇနမက္ခိတာ နေတ္တာ = မျက်စဉ်းဘောင့် ကျောက်ညိုမှုန့်ဖြင့် ရောထုံခြယ်လှယ်၍ထားတဲ့ မျက်လုံးအစုံတို့ရယ်။

http:\\www.dhammadownload.com



ဆံပင်ရယ်၊ မျက်လုံးရယ်ဆိုတဲ့ အဲဒီ လောကက တင့်တယ်တယ် ဆိုသော ဒီဆံပင်တွေ ဒီမျက်လုံးတွေဟာ –

ဗာလဿ=မသိမလိမ္မာ ပညာအနွ လူ့ဗာလအား။ မောဟာယ=တွေဝေစေခြင်းငှာ။ အလံ=စွမ်းနိုင်၏။ ပါရဂဝေသိနော=နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းကို ရည်မှန်း ရှာမှီး၍နေသော ငါကဲ့သို့သော ရဟန္တာသခင် အရှင်သူမြတ်အား။ မောဟာယ=တွေဝေစေခြင်းငှာ။ နော စ အလံ=မစွမ်းနိုင်ပါလေ။

ဒကာကြီး၊ အဲဒီ ဇနီးဟောင်းတွေနဲ့ ဘယ်လိုပင် ဖြားယောင်းပေမယ့် အဲဒါတွေဟာ မသိမလိမ္မာ ပညာအနွ လူ့ဗာလကိုသာ မှိုင်းတိုက်လို့ရတာ–တဲ့၊ ငါ့လို ရဟန္တာကို မှိုင်းတိုက်လို့ မရဘူးတဲ့။

အဥ္ဇနီဝ နဝါ စိတ္တာ၊
ပူတိကာယော အလင်္ကတော။
အလံ ဗာလဿ မောဟာယ၊
နော စ ပါရဂဝေသိနော။

ဂဟပတိ=ဒကာကြီး။ စိတ္တာ=ဆန်းကြယ်သော။ နဝါ=အသစ်ဖြစ်သော။ အဥ္ဇနီဝ=မျက်စဉ်းကျည်တောက်ကဲ့သို့။ အလင်္ကတော= တန်ဆာ ဆင်အပ်သော။ ပူတိကာယော=ပုပ်သော သဘောရှိတဲ့ ဤကိုယ်ကောင်ကြီးသည်။

တစ်ကိုယ်လုံး ခြုံပြောပြယင် တစ်ကိုယ်လုံးဟာ မျက်စဉ်းကျည်တောက်ကြီးနဲ့တူတယ်။ မျက်စဉ်းကျည်တောက်ရဲ့ အထဲထဲမှာရှိတဲ့ မျက်စဉ်းဟာ အပူတွေ အစပ်တွေ ဘာတွေ ဘာမှ ကောင်းတာ မဟုတ်ဘူး။ ဒါပေမယ့် အပေါ်ယံက ပုံပန်းကြည့်လိုက်တယ် ဆိုလို့ရှိယင် အပေါ်ယံက အင်မတန် ချောမွတ်လှပ သိမ်မွေ့တယ်။ အဲဒါလိုပဲတဲ့။ အပေါ်ယံက လှပအောင် တန်ဆာဆင်ထားတဲ့ မျက်စဉ်း ကျည်တောက်နဲ့တူတဲ့ အတွင်းက အပုပ်တွေ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်အသိုးချည်းထဲ ကိန်းအောင်းရာဖြစ်တဲ့ ဒီကိုယ်ကြီးဟာဖြင့် –

http:\\www.dhammadownload.com



ဗာလသ=မသိမလိမ္မာ ပညာအန္ဓ လူ့ဗာလအား။ မောဟာယ=မိန်းမောတွေဝေစေခြင်းငှာ။ အလံ=စွမ်းနိုင်ယင် စွမ်းနိုင်ပေရာ၏။ ပါရဂဝေသိနော=နိဗ္ဗာန်ကို ရှာမှီးသော ငါကဲ့သို့သော ရဟန္တာအရှင်မြတ်အား။ မောဟာယ=တွေဝေမိန်းမောစေခြင်းငှာ။ နော စ အလံ=မစွမ်းနိုင်ပါ။

## ကျောင်းကွင်းအသီးသီးမှ ရှောင်ကွင်းသွားသော အရှင်ရဋ္ဌပါလ

ဒကာကြီး ဘယ်လိုလုပ်ပေမယ့် အဲဒီ အာရုံတွေဟာ လူ့ဗာလတွေကိုသာ မှိုင်းတိုက်နိုင်တာ-တဲ့။ ငါ့လို ရဟန္တာကို မှိုင်းမတိုက်နိုင်ဘူးလို့ ဒီလိုပြောတယ်။ နောက်ဆုံးတော့ ဒကာကြီး၊ နာနာနက်ပြီးတော့ ပြောမယ် ဆိုပြီးတော့ -

ဩဒဟိ မိဂဝေါ ပါသံ၊ နာသဒါ ဝါကရံ မိဂေါ။

ဘုတွာ နိဝါပံ ဂစ္ဆာမိ၊ ကန္ဒန္တေ မိဂဗန္ဓကေ။

(ဒီစကားသည် ဘုန်းကြီးတို့ စာပေနယ်က ကြည့်ယင်ပေါ့လေ၊ အင်မတန် အထိဆုံး စကား။ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် ပြောတဲ့နေရာ ဒီစကား အထိဆုံး စကား)။

ဂဟပတိ=ဒကာကြီး။ မိဂဝေါ=သားမုဆိုးသည်။ ပါသံ=ကျောကွင်းကို။ ဩဒဟိ=စိုက်ထောင်၍ ထားခဲ့ပြီ။ (ဥပမာလိုလို ဘာလိုလိုနော်သူ့ဟာ) မိဂေါ=လိမ္မာတဲ့ သားသမင်သည်။ ဝါကရံ=မုဆိုးစိုက်ထောင်ထားတဲ့ ပိုက်ကွန်ကို။ နာသဒါ-န အာ-သဒါ=မချဉ်းကပ်ချေ။ (လိမ္မာပါးနပ်တဲ့ သားကောင်က အဲဒီမုဆိုး စိုက်ထောင်ထားတဲ့ ကျောကွင်းတွေ ပိုက်ကွန်တွေအနား သွားကို မသွားဘူး)။ မိဂဗန္ဓကေ=သားသမင်တို့ကို ဖွဲ့နှောင်သတ်ဖြတ်တတ်တဲ့ မုဆိုးသည်။ ကန္ဒန္တေ=ဖမ်းဟာသီးဟာနဲ့ ပြောဆိုမြည်တမ်း၍ နေစဉ်ပင်။ မဟာမိဂေါ= လိမ္မာရေးခြားသားသမင်ကြီးသည်။ နိဝါပံ=မုဆိုး ချထားတဲ့ ချိုမြိန်သော မြက်အစာများကို။ ဘုတွာ=စား၍။ ဂစ္ဆတိ ယထာ=သွားသကဲ့သို့။

http:\\www.dhammadownload.com



လိမ္မာတဲ့သမင်ကြီးက မုဆိုးထောင်ထားတဲ့ မြက်တွေကိုပဲ ဝအောင် စားတယ်။ စားပြီးပြီဆိုတော့မှ မုဆိုးထောင်တဲ့ ကျော့ကွင်းတွေ ဘယ်မှာ ရှိတယ်၊ ဘယ်အနား ရှိတယ်ဆိုတာ အကုန်သိတယ်။ ပိုက်ကွန်တွေ ဘယ်အနားရှိတယ်ဆိုတာ အကုန်သိပြီးတော့မှ အဲဒီပိုက်ကွန်မရှိ ကျော့ကွင်းမရှိတဲ့ နေရာကနေပြီးတော့ သမင်ကြီး ထွက်သွားတယ်။ ဒီက မုဆိုးကတော့ ဖမ်းဟာ ဆီးဟာ၊ ဆွေတွေမျိုးတွေနဲ့ပေါ့လေ၊ ဝိုင်းဟ ပြုဟနဲ့ မိပြီဆိုတဲ့အနေနဲ့ သူက ဟစ်အော်မြည်တမ်းနေတုန်း လိမ္မာတဲ့ ပါးနပ်တဲ့ သမင်ကြီး ထွက်သလို - တဲ့။

မိဂဝေါ=သားမုဆိုးနှင့်တူတဲ့ သင် ဖခင်ကြီးသည်။ ပါသံ=ကျော့ကွင်းနဲ့တူတဲ့ ရွှေပုံငွေပုံ အစုံသော ဇနီးမယားကို။ ဩဒဟိ=စိုက်ထောင်ထားခဲ့ပြီ။

ခမည်းတော်ကြီးကလေ ... သားသတ်မုဆိုးကြီးနဲ့ တူတယ်။ ခမည်းတော်ကြီးက ဒီကျော့ကွင်း မိရော ဆိုပြီးတော့ ရွှေပုံကြီးက ကျော့ကွင်းတစ်ခု၊ ငွေပုံကြီးက ကျော့ကွင်းတစ်ခု၊ ဇနီးဟောင်းတွေက ကျော့ကွင်းတစ်ခု ကျော့ကွင်းတွေ ပိုက်ကွန်တွေ အမျိုးမျိုး စိုက်ထောင်ထားတယ်။

မိဂေါ=လိမ္မာရေးခြားတဲ့ ရှဉ္စပါလတည်းဟူသော သားကောင်ကြီးသည်။ ဝါကရံ=ရွှေ ငွေ ဇနီးမယား ဆိုတဲ့ ပိုက်ကွန်ရဲ့အနားကို။ နာသဒါန အာသဒါ=လုံးလုံးလျားလျား မချဉ်းကပ်ခဲ့ပြီ။

ဘယ်လိုနည်းနဲ့မှ ရွှေပေါ်လည်း တွယ်တာတဲ့စိတ် မရှိဘူး၊ ငွေပေါ်လည်း တွယ်တာတဲ့စိတ် မရှိဘူး။ ဇနီးဟောင်းတွေရဲ့အပေါ်မှာလည်း တွယ်တာတဲ့ စိတ်မရှိဘူး။ မရှိတာကိုပင်လျှင် ဒီ ရွှေ ငွေ ဇနီးမယား တည်းဟူသော ပိုက်ကွန်တွေ ညှတ်ကွင်းတွေဆီကို သမင်ကြီးက မသွားဘူးတဲ့။

မိဂဗန္ဓကေ=သားသမင်တို့ကို ဖွဲ့နှောင်သတ်ဖြတ်တတ်တဲ့ မုဆိုးနဲ့ တူတဲ့ သင်ဖခင်ကြီးသည်။ ကန္ဒန္တေ=ဖမ်းဟဲ့-ဆီးဟဲ့လို့ ဆိုသလို

http:\\www.dhammadownload.com



ချွေးမတွေနဲ့ အရပဖမ်းလို့ ကမ်းယမ်း၍ နေစဉ်ပင်။ မိဂေါ-မဟာမိဂေါ= လိမ္မာရေးခြားတဲ့ ရဋ္ဌပါလသားတည်းဟူသော သားသမင်ကြီးသည်။ နိဝါပံ=ဒကာကြီးကျွေးတဲ့ ဆွမ်းတည်းဟူသော မြက်ကောင်းတွေကို။ ဘုတွာ=စား၍။ ဂစ္ဆာမိ=သွားတော့မယ်။

ပိုက်ကွန်တွေ မရှိတဲ့ဘက်က ဒကာကြီး၊ ရဋ္ဌပါလဆိုတဲ့ သမင်ပါးကြီး သွားတော့မယ်ဆိုပြီးတော့ ပိုက်ကွန်မရှိတဲ့ဘက်က သွားတာ-တဲ့။ ဘယ်ကသွားတုန်း ဆိုတော့ ကောင်းကင်က ပျံသွားတယ်။ ဘာပြု လို့ လေကားက မသွားတုန်းဆိုတော့ နို့-လေကားမှာကလည်းပဲ တကယ့် လက်ပန်းသည်တွေ၊ လက်ဖွဲ့သည်တွေ၊ တစ်ခါတည်း တံခါး တိုင်း တံခါးတိုင်းပေါ့လေ၊ အရှင်ရဋ္ဌပါလ အပေါ်တက်မိသည်နှင့် တစ်ပြိုင်နက် အချက်ပေးထားတယ်။ ရဋ္ဌပါလ အိမ်ပေါ်ရောက်ယင် မင်းတို့ အဲဒီ တံခါးပေါက်တွေ အကုန်လုံး မင်းတုပ်ထိုးထား။

အဲဒီ တံခါးပေါက်တိုင်း တံခါးပေါက်တိုင်းဟာ အကုန်လုံး လက်ပမ်းသည် အားကောင်း မောင်းကောင်းလူတွေ တစ်ခါတည်း ချထားတယ်။ သူ့တပည့်တွေ။ ရောက်လာတဲ့နေရာမှာ သက်န်းဆွဲချွတ်။ ဟုတ်လား။ သင်္ကန်းဆွဲချွတ်ပြီးတော့ လူဝတ်လဲပေး။ အနိုင်ကျင့်ပြီး တော့ လူထွက်ခိုင်းမလို့၊ အိမ်ပေါ်က ဆင်းယင်။

အဲဒီတော့ အရှင်ရဋ္ဌပါလက ဒါကိုသိတယ်။ ဩော် ... ဒီလူတွေ ငါကဲ့သို့သော ရဟန္တာကြီးအပေါ်မှာ ဆွဲလား ငင်လားနဲ့ လုပ်ပြီးတော့ အကုသိုလ်တွေ မတိုးပွားကြပါစေနဲ့ဆိုတဲ့ ရည်သန်ချက်ဖြင့် အရှင် ရဋ္ဌပါလက -

"ဒကာကြီး၊ ဒကာကြီးတည်းဟူသော သားမုဆိုးကြီး ထောင်ထားတဲ့ ပိုက်ကွန်ခုနစ်ထပ်၊ တံခါးမှန် ခုနစ်မှန်မှာရှိတဲ့ ပိုက်ကွန် ခုနစ်ထပ်ကို လည်း ကျူပ်မသွားဘူး။ အင်း ... ရွှေပုံ ငွေပုံ ဓနီးအစုံဆိုတဲ့ ကျော့ကွင်း တွေဆီကိုလည်း ကျုပ်မသွားဘူး။ ဒကာကြီး ကျွေးတဲ့ ဆွမ်းကောင်း

http:\\www.dhammadownload.com



ဟင်းကောင်း တည်းဟူသော မြက်စိမ်း မြက်နု မြက်စိုများကို ဝအောင် စားပြီးပြီ။ အခုတော့ ပိုက်ကွန်တွေ ကျော့ကွင်းတွေ မရှိတဲ့ဘက်က ရွှေပါလဆိုတဲ့ သားလိမ္မာကြီး ပြေးပြီ၊ သွားပြီပေါ့လေ။ ဒီအနေနဲ့ တစ်ခါတည်း ကောင်းကင်ခရီးက ဗျာန်ကြွပြီး သွားတယ်။ မိဂစီရ ဥယျာဉ်အတွင်းမှာ သွားပြီးတော့ သစ်ပင်ရင်းတစ်ခုမှာ အေးအေးလေး ဖလသမာပတ် ချမ်းသာ သွားဝင်စားနေတယ်။

ပိုက်ကွန်တွေ မရှိတဲ့ဘက်က နေပြီးတော့ တောထဲ တစ်ခါတည်း စိတ်ချလက်ချ ပြန်သွားတယ်။ တောကျတော့ အင်မတန် အေးမြတဲ့ သစ်ပင်အောက်မှာ လေပြည်လေညင်း အတိုက်ခံပြီးတော့ အေးအေးချမ်းချမ်း နေသလို ရွှေပါလမထေရ်တည်းဟူသော လိမ္မာရေးခြား သားကောင်ကြီးလည်းပဲ မိဂစီရ ဥယျာဉ်တော်ရဲ့အတွင်း သွား၍ အရိပ်ကောင်းတဲ့ သစ်ပင်ရင်းတစ်ခုမှာ ဖလသမာပတ်ချမ်းသာ ဝင်စား၍ နေ့သန့်နေထိုင်တော်မူတယ်။

ဒီမှာ ပထမပိုင်း ပြီးထားကြစို့။

---

## ဒုတိယပိုင်း

အလျင်တစ်ပတ်က ရွှေပါလသုတ်ကို ဟောတာ ရှေ့ပိုင်း ပြီးခဲ့ပြီ။ ရှေ့ပိုင်းမှာ ရွှေပါလ ရဟန္တာမထေရ်မြတ် ထုလ္လကောဋ္ဌိကခေါ်တဲ့ မိမိဇာတိ မြို့ရွာရောက်လို့ ခမည်းတော်ကြီးက အိမ်မှာ ဆွမ်းပင့်ကျွေးပြီး ဥစ္စာနဲ့ ဇနီးဟောင်းများနဲ့ ဖြားယောင်းသော်လည်းပဲ ရွှေပါလဆိုတဲ့ ရဟန္တာမထေရ်သူမြတ်က မိမိကိုယ်ကို လိမ္မာလှစွာသော သမင်ကြီးပမာ ဥပမာထားပြီး သူ့ရဲ့ခမည်းတော်ဖြစ်တဲ့ သေဋ္ဌေးကြီးကိုတော့ မုဆိုးကြီးပမာ ဥပမာထား၍ ဥစ္စာစီးပွားနဲ့ ဇနီးဟောင်းများကိုတော့ ကျော့ကွင်းပမာ ဥပမာထားပြီး ခမည်းတော် သေဋ္ဌေးကြီး ကျွေးတဲ့ ဆွမ်းများကိုတော့ အင်မတန် ချိုမြိန်တဲ့ မြက်ဥပမာထား၍ လိမ္မာလှစွာသော

http:\\www.dhammadownload.com



သားကောင်ကြီးသည် မုဆိုးထောင် ထားတဲ့ ကျော့ကွင်းတွေ ပိုက်တွေထဲ မဝင်ဘဲ မကပ်ဘဲနဲ့ မုဆိုးမွေးထားတဲ့ ချိုမြိန်သော မြက်များကို နှစ်လို အားရ စားသောက်ပြီးတော့ ကျော့ကွင်းတွေ ပိုက်ကွန်တွေ မရှိတဲ့အရပ် က နေပြီးတော့ ဘေးတွေ ရန်တွေ လွတ်အောင်ပြေး၍ တောထဲမှာ အေးမြသော သစ်ပင်ရင်း၌ ချမ်းချမ်းသာသာ နေတဲ့ဟာကို ဥပမာ ထားပြီး –

ဆြဒဟိ မိဂဝေါ ပါသံ၊ နာသဒါ ဝါကရံ မိဂေါ။

ဘုတွာ နိဝါပံ ဂစ္ဆာမိ၊ ကန္တမ္ဘေ မိဂဗန္ဓကေ။

ဆိုတဲ့ နောက်ဆုံးဂါထာ ရွတ်ပြီးတော့ –

ခမည်းတော်ကြီးတဲ့၊ ခမည်းတော်ကြီး တည်းဟူသော မုဆိုးက ဥစ္စာ စီးပွား ဇနီးဟောင်းများ တည်းဟူသော ပိုက်တွေကွန်တွေ ဘယ်လို ချပေမယ်လို့ လိမ္မာလှသော သားကောင်နဲ့တူတဲ့ ရဋ္ဌပါလ သားကြီးက ဖြင့် အဲဒီပိုက်တွေ ကွန်တွေဆီကို မငြိမကပ် မရောက်မချဉ်းဘဲနဲ့ ခမည်း တော်တည်းဟူသော မုဆိုးကြီး မွေးထား ပြင်ထားတဲ့ ချိုမြိန်သော မြက် နှင့်တူသော ဆွမ်းခဲဖွယ် ဘောဇဉ်များ စားပြီးတော့ ပိုက်တွေ ကွန်တွေ လွတ်ရာလမ်းကနေပြီးတော့ တောထဲ မြန်းပြီး၊ ပြန်ပြီလို့ဆိုတဲ့ အဓိပ္ပာယ် နဲ့ ဒီဂါထာ ရွတ်ပြီးတော့ မိဂစိရ ဥယျာဉ်အတွင်း တစ်ခုသော အရိပ် ကောင်းတဲ့ သစ်ပင်ရင်းမှာ သွားပြီး နေ့သန့်တော်မူတယ်။

## အရှင်ရဋ္ဌပါလနှင့် ကောရဗျမင်း တွေ့ဆုံခြင်း

နေ့သန့်ဆိုတာက ထိုနေ့အဖို့ရာ ဖလသမာပတ် ချမ်းသာဖြင့် နေထိုင်တော်မူတာကို နေ့သန့်တယ်လို့ ဘုန်းကြီးတို့ စာခေါ် ခေါ်ပါ တယ်။ သစ်ပင်ရင်း၌ အရှင်ရဋ္ဌပါလ ရဟန္တာ မထေရ်သူမြတ် နေ့သန့် နေထိုင်တော်မူနေတဲ့အချိန်မှာ အကြောင်းထူး ဘယ်လိုရှိတုန်းဆိုတော့–

အထ ခေါ ရာဇာ ကောရဗျော မိဂဝံ အာမန္တေသိ။

http:\\www.dhammadownload.com



အထ ခေါ=ထိုသို့ ရဋ္ဌပါလ ရဟန္တာ မထေရ်မြတ် မိဂစိရဥယျာဉ် အတွင်း သစ်ပင်ရင်း တစ်ခုဝယ် နေ့သန့်နေတော်မူသော ထိုအခါ၌။ ရာဇာ ကောရဗျော=ကောရဗျမင်းတရားက။ မိဂဝံ=မိဂဝဥယျာဉ်မှူးကို။ အာမန္တေသိ=အမိန့်တော် ချမှတ်ပါတယ်။

ဘယ်လို အမိန့်တော် မှတ်တုန်းဆိုတော့ -

သောဓေဟိ သမ္မ မိဂဝ, မိဂစိရံ ဥယျာနဘူမိံ၊ ဂစ္ဆာမ သုဘူမိံ ဒဿနာယ။

သမ္မ မိဂဝ=အချင်း မိဂဝဥယျာဉ်မှူး။ မိဂစိရံ=မိဂစိရ အမည်ရှိသော။ ဥယျာနဘူမိံ=ဥယျာဉ်မြေကို။ သောဓေဟိ=ပေါင်းမြတ်သုတ်သင် ပြင်ဆင်လော့။ မယံ=ငါတို့သည်။ သုဘူမိံ=သာယာတဲ့ ရှုခင်းမြေကို။ ဒဿနာယ=ရှုကြည့်ဖို့ရန်။ ဂစ္ဆာမ=မင်္ဂလာဥယျာဉ်တော် အတွင်းသို့ သွားကြကုန်အံ့။

အချင်းမိဂဝ၊ ငါတို့ရဲ့ မိဂစိရ ဥယျာဉ်ကြီးအတွင်း ပေါင်းမြက်များ သုတ်သင် ပြင်သင့်သမျှ ပြင်ဆင်လော့။ ငါတို့သည် မိဂစိရဥယျာဉ်ထဲ သွားပြီး ရှုခင်းသာ မင်္ဂလာဥယျာဉ်ကြီးများသို့ ဒို့ဥယျာဉ်တော် အကြည့် ထွက်မယ်– လို့ ဒီလို အမိန့်ပေးလိုက်တယ်ဆိုယင်ပဲ မိဂဝဥယျာဉ်မှူးက "ဧဝံ ဒေဝ=ကောင်းပါပြီ အရှင်မင်းကြီး"လို့ ဒီလို ဝန်ခံစကား လျှောက်ထားပြီးတဲ့နောက် မိဂစိရဥယျာဉ်ကို သုတ်သင်ပြင်ဆင်နေရင်း သုတ်သင်တယ်ဆိုတာက ခုတ်သင့်တဲ့ သစ်ပင်ကို ခုတ်လို့၊ ရှင်းလင်းသင့်တဲ့ ပေါင်းမြက်များ ရှင်းလင်းလို့ ဥယျာဉ်တစ်ခုလုံးကို ပြင်ဆင်ခြင်းကိစ္စကို ခေါ်ပါတယ်။

ဘုရင်လာတဲ့အခါ သာတောင့်သာယာ ရှိအောင် မင်္ဂလာဥယျာဉ်ကြီး ပြင်ဆင်နေတုန်း ရှင်ရဋ္ဌပါလက သစ်ပင်ရင်းတစ်ခုမှာ နေ့သန့်တော် မူတာကို ပက်ပင်းပါ တွေ့လို့ စဉ်းစားတယ်။

http:\\www.dhammadownload.com



ဩော် ... ဒို့ပြည့်ရှင်မင်းတရားကြီး မပြတ်မပြတ် ဗိုလ်ပါညီလာခံ သဘင်မှာ အင်မတန်တော်တဲ့ အမျိုးကောင်းသား၊ ဤမျှများပြားသော စီးပွားဥစ္စာတွေ စွန့်ပြီးတော့၊ အိမ်ရာတည်ထောင် လူ့ဘောင် စွန့်ပြီးတော့ အိမ်ရာ မထောင် ရဟန်းဘောင်အရောက် မြန်းတယ်။ ရဋ္ဌပါလ သေဋ္ဌေး သားကို မကြာမကြာ ကောရဗျမင်းတရားက ညီလာခံမှာ ချီးမွမ်းလေ့ ရှိတယ်။ ဒို့ဘုရင်မင်းတရားကြီး မပြတ်မပြတ် ချီးမွမ်းတော်မူတဲ့ အရှင် ရဋ္ဌပါလသည် မိဂစီရ ဥယျာဉ်တော်မှာက် အခုရောက်ပြီ။ ဒီတော့ ဘုရင်မင်းတရားကြီးထံ ဆက်သရန် ဒီထက်ကောင်းတဲ့ လက်ဆောင် ဖြင့် မရှိတော့ဘူး ဆိုပြီးတော့ သစ်ပင်ရင်းကနေပြီး ကောရဗျမင်းတရား ထံ သွားတယ်။

ဘာလျှောက်သလဲဆိုတော့ -

သုဒ္ဓံ ခေါ တေ ဒေဝ မိဂစီရံ။

ဒေဝ=သမုတိနတ် အို အရှင်မင်းမြတ်ဘုရား။ တေ=အရှင်မင်းမြတ် ၏။ မိဂစီရံ=မိဂစီရတွင်ခေါ် ဥယျာဉ်တော်ကို။ သုဒ္ဓံ=ကောင်းစွာသုတ် သင် ပြင်ဆင်၍ ပြီးခဲ့ပါပြီ။

အတ္ထိ စေတ္ထ ရဋ္ဌပါလော နာမ ကုလပုတ္တော ဣမိဿိံယေဝ ထုလ္လ ကောဋ္ဌိကေ အဂ္ဂကုလဿ ပုတ္တော။

စ=အကြောင်းထူးကား။ ဧတ္ထ=ဤမိဂစီရတွင်ခေါ် မင်္ဂလာဥယျာဉ် တော်၌။ ဣမသ္မိံယေဝ ထုလ္လကောဋ္ဌိကေ=ဤထုလ္လကောဋ္ဌိက မြို့၌ပင် လျှင်။ အဂ္ဂကုလဿ=အမြတ်ဆုံး သေဋ္ဌေး၏။ ပုတ္တော=သားဖြစ် သော။ ရဋ္ဌပါလော ကုလပုတ္တော=ရဋ္ဌပါလ အမျိုးကောင်းသားသည်။ အတ္ထိ=ရောက်ရှိ၍ နေပါသည် ဘုရား။

ယဿ တွံ အဘိဏှံ ကိတ္တယမာနော အဟောသိ။

ယဿ=အကြင်ရဋ္ဌပါလ အမျိုးကောင်းသား၏။ ဂုဏ်=ဂုဏ်ကျေးဇူး

http:\\www.dhammadownload.com



ကုံ။ တွံ=အရှင်မင်းတရားသည်။ အဘိဏှံ=အမြဲမပြတ်။ ကိတ္တယမာနော=ကျေးဇူးစကား ပြောကြားလေ့ရှိသည့်။ အဟောသိ= ဖြစ်ပါ၏။

သော အညတရသ္မိံ ရုက္ခမူလေ ဒိဝါဝိဟာရံ နိသိန္နော။

သော=ထိုရဋ္ဌပါလ အမျိုးကောင်းသားသည်။ အညတရသ္မိံ ရုက္ခမူလေ=သစ်ပင်ရင်းတစ်ခု၌။ ဒိဝါဝိဟာရံ နိသိန္နော=နေ့သန့်နေထိုင်တော်မူဆဲ ဖြစ်ပါသည် ဘုရား။

အခု အင်မတန်ကောင်းတဲ့အချိန် ဖြစ်ပါတယ်။ အရှင်မင်းတရားကြီးမပြတ် ချီးကျူးနေတဲ့ ရဋ္ဌပါလ အမျိုးကောင်းသား မိဂစိရဥယျာဉ်ထဲရောက်၍ သစ်တစ်ပင်ရင်း နေ့သန့်နေတော်မူတဲ့အခိုက် ဖြစ်ပါတယ်လို့လျှောက်ထားတဲ့အခါ ကောရဗျမင်းတရားက မိဂဝဥယျာဉ်မှူးကို ဘာပြန်ပြောသလဲဆိုတော့ –

တေန ဟိ သမ္မမိဂဝ အလံ ဒါနဇ္ဇ ဥယျာနဘူမိယာ။

သမ္မမိဂဝ=အချင်းမိဂဝ ဥယျာဉ်မှူး။ တေနဟိ=သို့တပြီးကား။ အဇ္ဇ=ယနေ့။ ဒါနိ=ယခုအခါ၌။ ဥယျာနဘူမိယာ=ဥယျာဉ်မြေဖြင့်။ အလံ=အကျိုးမရှိတော့ပြီ။

အေး ... ဒီလိုဆိုယင် ဒို့ကနေ့ မင်္ဂလာဥယျာဉ်တော် အပျော်သွားဖို့မလိုတော့ဘူးတဲ့။

တမေဝ ဒါနိ မယံ ဘဝန္တံ ရဋ္ဌပါလံ ပယိရုပါသိဿာမ။

ဒါနိ – ဣဒါနိ = ယခုအခါ၌။ မယံ = ငါတို့သည်။ တမေဝ ဘဝန္တံ ရဋ္ဌပါလံ = ထိုအရှင်ရဋ္ဌပါလကိုပင်လျှင်။ ပယိရုပါသိဿာမ =ဆည်းကပ်ကြကုန်ဆို့။

ဒီကနေ့တော့ အခါကောင်း နေ့ကောင်း၊ အင်မတန် ကျက်သရေရှိတဲ့နေ့၊ ငါတို့ မင်္ဂလာဥယျာဉ် အပျော်အပါး မသွားတော့ဘူး၊ အရှင်ရဋ္ဌပါလကိုပဲ ဒို့ ကနေ့ ဆည်းကပ်ပြီးတော့ တရားစကားများ လျှောက်

http:\\www.dhammadownload.com



ထား မေးမြန်း ကြားနာရအောင်လို့ အဲဒီလို ပြောပြီး မင်္ဂလာဥယျာဉ်တော် အတွက် ချက်ပြုတ်စီမံထားတဲ့ ခဲဖွယ်တွေ ဘောဇဉ်တွေ စားဖွယ်တွေ သောက်ဖွယ်တွေကို နဂိုကတော့ ဥယျာဉ်ထဲမှာ ထမင်းစားပွဲကြီး ကျင်းပ ဖို့။ အဲဒီလို ရည်သန်ထားတဲ့ စားဖွယ်သောက်ဖွယ်တွေတို့ကို "ဒါက လွှတ်ဝန်ကြီးအိမ် ပို့လိုက်"၊ "ဒါက စစ်သူကြီးအိမ် ပို့လိုက်"၊ "ဒါက ဘယ်ပို့လိုက်"နဲ့ အကုန်လုံး ခွဲဝေပြီးတော့ ပွဲကြီးဖျက်လိုက်တော့ ဒီပွဲ ကြီးအတွက် စီမံထားတဲ့ စားဖွယ်သောက်ဖွယ်တွေကို ဆိုင်ရာတွေ ပို့ တယ်။ ပို့ပြီးတဲ့နောက်မှ ကောင်းပေ့ဆိုတဲ့ ရထားတွေ ကစမ်း။ အဲဒီလို ကပြီးတဲ့ ရထားထဲကမှ အကောင်းဆုံးဆိုတဲ့ ရထားပေါ် ကိုယ်တိုင် တက်ရောက်ပြီးတော့ ကောင်းပေ့ဆိုတဲ့ ရထားကြီးများ ခြံရံလျက် အရှင် ရဋ္ဌပါလကို ဖူးမြော်ဖို့ရန်အတွက် ကြီးစွာသော မင်းခမ်း မင်းနားဖြင့် ထုလ္လကောဋ္ဌိကမြို့က ထွက်ခဲ့တယ်။

ထွက်လို့ မင်္ဂလာရှိတဲ့ မိဂစီရဥယျာဉ် သစ်ပင်ရင်း အရှင်ရဋ္ဌပါလ ရဟန္တာမထေရ်မြတ်ရဲ့ထံမှောက် ရောက်သကာလ ယာဉ်ဖြင့် သွားနိုင် လောက်သော အရပ်တိုင်အောင် ရထားယာဉ်စီး၍သွား၊ ယာဉ်နဲ့ မသွား နိုင်သော နေရာကျတော့မှ ယာဉ်ပေါ်ကဆင်း၊ ခြေကျင်လျှောက်၍ မဟာမတ္တခေါ်တဲ့ အမတ်ကြီးများ၊ မဟာရဋ္ဌိခေါ်တဲ့ တိုင်းကြပ်မင်းများ၊ မြို့စားမင်းကြီးများဆိုတဲ့ အင်မတန် ထင်ရှားကျော်စောတဲ့ ပရိသတ် အခြံအရံဖြင့် အရှင်ရဋ္ဌပါလ သီတင်းသုံးတဲ့ သစ်ပင်ရင်း သွားတယ်။ အနားရောက်တော့ မထိုင်သေးဘဲနဲ့ ဆင်ကုန်းနီးတစ်ခုကို အရှင် ရဋ္ဌပါလနဲ့ မနီးမဝေး စကားပြောလို့ သင့်လျော်လျောက်ပတ်တဲ့ နေရာ မှာ အခင်းခိုင်းပြီးတော့ ကောရဗျမင်းက ဘာလျှောက်သလဲဆိုတော့-

ဣဓ ဘဝံ ရဋ္ဌပါလော ဟတ္ထတ္ထရေ နိသီဒတု။

ဘဝံ ရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ ဣဓ ဟတ္ထတ္ထရေ=ဤဆင် ကုန်းနီးပေါ်၌။ နိသီဒတု=ထိုင်နေစေချင်ပါ၏။

http:\\www.dhammadownload.com



အရှင်ရဋ္ဌပါလ၊ အခုခင်းပြီးတဲ့ ဆင်ကုန်နီးပေါ်မှာ သီတင်းသုံး ထိုင်နေစေချင်ပါတယ်လို့ လျှောက်ထားတယ်။ ဒီတော့ အရှင်ရဋ္ဌပါလ က ဘာပြောသလဲ၊ ကိုယ်တော်က သားရေပိုင်းကလေးနဲ့ သားရေလွယ် ကလေးနဲ့ နေရာတကျ ထိုင်ပြီးဖြစ်နေတော့ –

အလံ မဟာရာဇ၊ နိသိန္န တွံ၊ နိသိန္နော အဟံ သကေ အာသနေ။

မြတ်သောမင်းကြီး၊ တော်ပါပြီ၊ မင်းကြီးပဲ ထိုင်ပါတော့။ ငါသည် ငါ့နေရာ စမ္မခဏ် သားရေပိုင်းကလေးမှာ ငါ အသင့်ထိုင်ပြီး ဖြစ်နေပါ ပြီလို့ ခွင့်ပြုပေးလိုက်တဲ့အခါကျတော့မှ ကောရဗျမင်းတရား မိမိဖို့ ခင်းထားတဲ့ ရာဇာရဟ နေရာ၌ ထိုင်နေပြီးတဲ့နောက်မှ စကား စတယ်။

## ပျက်စီးခြင်း (=ပါရိဇုည) လေးမျိုး လျှောက်ထားမေးမြန်းခြင်း

စတ္တာရိမာနိ ဘော ရဋ္ဌပါလ ပါရိဇုညာနိ။

ဘော ရဋ္ဌပါလ=အိုအရှင်ဘုရား ရဋ္ဌပါလ။ လောကေ=လောက၌။ ပါရိဇုညာနိ=ပျက်စီးခြင်းတို့သည်။ ဣမာနိ စတ္တာရိ=ဤလေးမျိုးတို့ တည်း။

လောကမှာ ပျက်စီးခြင်း လေးမျိုးရှိတယ် အရှင်ရဋ္ဌပါလ။

ယေဟိ ပါရိဇုညေဟိ သမန္နာဂတာ ဣဓေကစ္စေ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။

ယေဟိ ပါရိဇုညေဟိ=အကြင်ပါရိဇုည တရားလေးပါးတို့နှင့်။ သမန္နာဂတာ=ပြည့်စုံကြကုန်သည် ဖြစ်၍။ ဣဓ=ဤလောက၌။ ဧကစ္စေ=အချို့သောသူတို့သည်။ ကေသမဿုံ ဩဟာရေတွာ=ဆံ မုတ်ဆိတ်ကို ပယ်ရိတ်၍။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ= ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်ဆင်ပြီး သကာလ။ အဂါရသ္မာ= အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=

http:\\www.dhammadownload.com



အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ=ကပ်ရောက်ကြကုန်၏။

လောကမှာ ပါရိဇုည ခေါ်သော ပျက်စီးခြင်းလေးမျိုး ရှိတယ်။ ယင်း ပျက်စီးခြင်းလေးမျိုးနဲ့ တွေ့ကြုံတဲ့ ပုဂ္ဂိုလ်မှ ဆံမုတ်ဆိတ် ပယ်ရိတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်ပြီး အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာ၊ အိမ်ရာမထောင်တဲ့ ရဟန်းအဖြစ်သို့ ကပ်ရောက်ကြပါတယ်-တဲ့၊ စကားပလ္လင် ခင်းပါတယ်။

ကတမာနိ စတ္တာရိ=ပျက်စီးခြင်း ပါရိဇုည တရားလေးမျိုးလို့ ဆိုတာ ဘာတွေလဲလို့ဆိုတော့ -

ဇရာပါရိဇုညံ၊ ဗျာဓိပါရိဇုညံ၊ ဘောဂပါရိဇုညံ၊ ဉာတိပါရိဇုညံ။

ဇရာပါရိဇုညံ=အိုမင်းရင့်ရော်မှုဆိုတဲ့ ပျက်စီးခြင်းတစ်မျိုး။ ဗျာဓိ ပါရိဇုညံ=နာဖျားမှု ဗျာဓိပါရိဇုညတစ်မျိုး။ ဘောဂပါရိဇုညံ=စီးပွား ဥစ္စာ ပျက်စီးမှုခေါ်တဲ့ ဘောဂပါရိဇုညတစ်မျိုး။ ဉာတိပါရိဇုညံ= ဆွေမျိုးတို့၏ ပျက်စီးမှုခေါ်တဲ့ ဉာတိပါရိဇုညတစ်မျိုး၊ ဤလေးမျိုး ဖြစ်ပါတယ်။

လောကမှာ 'ပါရိဇုည' ပါဠိလို။ မြန်မာလို 'ပျက်စီးခြင်း'။

၁။ ဇရာပါရိဇုည=အိုတာသည်ပင်လျှင် လောကမှာ ပျက်စီးတယ်။ အရွယ်၏ ပျက်စီးခြင်းပေါ့။

၂။ ဗျာဓိပါရိဇုည=အနာရောဂါ စွဲကပ်မှုဆိုတဲ့ ပျက်စီးခြင်းတစ်မျိုး။

၃။ ဘောဂပါရိဇုည=စီးပွားဥစ္စာ ဆုံးရှုံးပျက်စီးမှုဆိုတဲ့ ပါရိဇုည တစ်ပါး။

၄။ ဉာတိပါရိဇုည=ဆွေမျိုးတို့၏ ပျက်စီးမှုခေါ်သော ဉာတိ ပါရိဇုည လေးပါးရှိတယ်။

## ပထမ ပုစ္ဆာ

ကတမဥ္စ ဘော ရဋ္ဌပါလ ဇရာပါရိဇုညံ။

ဘော ရဋ္ဌပါလ၊ အိုအရှင်ဘုရား ရဋ္ဌပါလ။ ဇရာပါရိဇုညံ=ဇရာဆိုတဲ့

http:\\www.dhammadownload.com



ပျက်စီးခြင်းသည်။ ကတမဥ္စ=အဘယ်ပါနည်း။ ဘယ်လိုဟာကို ဇရာ ပါရိဇုည ခေါ်သလဲဆိုတော့ - တဲ့။

ဣဓ ဘော ရဋ္ဌပါလ ဧကစ္စော ဇိဏ္ဏော ဟောတိ ဝုဍ္ဍော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော။

ဘော ရဋ္ဌပါလ=အို ... အရှင်ဘုရား ရဋ္ဌပါလ။ ဣဓ=ဤလောကဌ်။ ဧကစ္စော=အချို့သော ပုဂ္ဂိုလ်သည်။ ဇိဏ္ဏော=အိုမင်းသည်။ (ဇရာ နှိပ်စက်လို့ ဇရာထောင်းလို့ ဆံတွေဖြူ သွားတွေကျိုး အရေတွေတွန့်) ဝုဍ္ဍော=ကြီးရင့်သည်။ မဟလ္လကော=အရွယ်ရင့်သည်။ အဒ္ဓဂတော= အရွယ်သုံးပါးတို့ အဆင့်ဆင့်ရောက်ပြီးသည်။ ဝယောအနုပ္ပတ္တော= နောက်ဆုံး ပစ္ဆိမအရွယ်သို့ ရောက်သည်။ ဟောတိ=ဖြစ်၏။

လူမှာ အရွယ်သုံးပါး ရှိတယ်။ ပထမ၊ မဇ္ဈိမ၊ ပစ္ဆိမ။

ပထမအရွယ်=သုံးဆယ့်သုံးနှစ်နဲ့ လေးလ။

မဇ္ဈိမအရွယ်=အလယ်မှာဖြစ်တဲ့ သုံးဆယ့်သုံးနှစ်နဲ့လေးလဆိုတော့ အရွယ်နှစ်ပါးရဲ့ အဆုံးက ခြောက်ဆယ့်ခြောက်နှစ်နဲ့ရှစ်လမှာ အရွယ် နှစ်ပါးဆုံးလို့ အဲဒီ ခြောက်ဆယ့်ခြောက်နှစ် ရှစ်လ ဟိုဘက်ရောက်ယင် ဒါ ပစ္ဆိမအရွယ်၊ နောက်ဆုံးအရွယ် ရောက်တယ်။

အေး ... ခြောက်ဆယ့်ခုနစ်ထဲ ရောက်တဲ့ လူတစ်ယောက်ဆိုပါစို့။

သော ဣတိ ပဋိသဉ္စိက္ခတိ။ သော=ထိုခြောက်ဆယ့်ခုနစ်နှစ်ရောက် ဇရာနှိပ်စက်လို့ အိုမင်းသော ပုဂ္ဂိုလ်သည်။ ဣတိပဋိသဉ္စိက္ခတိ =ဤသို့ ဆင်ခြင်စဉ်းစား၏။ ဘယ်လို စဉ်းစားသလဲ။

အဟံ ခေါမှိ ဧတရဟိ ဇိဏ္ဏော ဝုဍ္ဍော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော။

ငါဟာ-တဲ့၊ အခုအချိန်မှာ အိုမင်းကြီးမြင့် အရွယ်ရင့်၍ အဆင့်ဆင့် လွန်မြောက် နောက်ဆုံးဆိုတဲ့ ပစ္ဆိမအရွယ်သို့ ရောက်ခဲ့ပြီ။

http:\\www.dhammadownload.com



န ခေါ ပန မဟာ သုကရံ အနုဓိကတံ ဝါ ဘောဂံ အဓိဂန္တုံ
အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကာတုံ။

ခေါ ပန=စင်စစ်။ မယာ=ငါသည်။ အနဓိဂတံ ဝါ ဘောဂံ အဓိဂန္တုံ= မရသေးတဲ့ စည်းစိမ်ဥစ္စာကို ရအောင်ကြိုးကုတ် အားထုတ်ခြင်းငှာ လည်းကောင်း။ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကာတုံ=ရပြီးတဲ့ စည်းစိမ် ဥစ္စာကို တိုးပွားအောင် ပြုလုပ်ခြင်းငှာလည်းကောင်း။ န ခေါ ပန သုကရံ=မလွယ်တော့ချေ။

အသက်အရွယ်ကြီးတော့ မရသေးတဲ့ စီးပွား ရရှိအောင်၊ ရပြီးတဲ့ စီးပွားတိုးတက်အောင် ငါ မလုပ်နိုင်တော့ဘူး ... လို့ -

ယံနူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ။

အဟံ=ငါသည်။ ကေသမဿုံ ဩဟာရေတွာ=ဆံမုတ်ဆိတ်ကို ပယ်ရိတ်၍။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ=သင်္ကန်းတို့ကို ဝတ်ရုံပြီး။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမ္မ= ထွက်၍။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇေယျံ= ကပ်ရောက်ရမူ။ ယံနူန=ကောင်းလေစွ။ ဣတိ=ဤသို့။ ပဋိသဉ္စိက္ခတိ =ဆင်ခြင်၏။

ငါ အရွယ်လည်း ကြီးပြီ။ စီးပွားဥစ္စာ အသစ်ဖြစ်အောင်လည်း မလုပ် နိုင်။ အဟောင်းလည်း တိုးပွားအောင် မလုပ်နိုင်။ မလုပ်နိုင်သည့်အတူ တူ လူ့ပြည်လောကမှာ စီးပွားမှ မရယင် သာသနာဝင်ပြီးတော့ ကုသိုလ် ရအောင် သာသနာ့ဝန်ထမ်း ရဟန်းပြုရယင် ကောင်းလေစွဟု အဲဒီလို စဉ်းစားပြီးတော့ -

သော တေန ဇရာပါရိဇုညေန သမန္နာဂတော ကေသမဿုံ
ဩဟာ ရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ
အနဂါရိယံ ပဗ္ဗဇတိ။

http:\\www.dhammadownload.com



သော=ထိုဇရာနှိပ်စက်သော ပုဂ္ဂိုလ်သည်။ တေန ဇရာပါရိဇုညေန= ထို အိုမင်းရင့်ရော်မှု တည်းဟူသော ပျက်စီးခြင်းနှင့်။ သမန္နာဂတော= ပြည့်စုံသည်ဖြစ်၍။ ကေသမဿုံ ဩဟာရေတွာ=ဆံမုတ်ဆိတ်ကို ပယ် ရိတ်ပြီးလျှင်။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ=ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံဆင်လွှမ်း၍။ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ=အိမ် ရာ တည်ထောင် လူ့ဘောင်မှ ထွက်မြောက် အိမ်ရာ မထောင် ရဟန်း ဘောင်သို့ ကပ်ရောက်ခဲ့၏။

ဣဒံ ဝုစ္စတိ ဘော ရဋ္ဌပါလ ဇရာပါရိဇုညံ။

ဘောရဋ္ဌပါလ=အိုအရှင်ဘုရား ရဋ္ဌပါလ။ ဣဒံ=ဤသို့ အသက် အရွယ် ကြီးရင့်ခြင်းကို။ ဇရာပါရိဇုညံ=ဇရာပါရိဇုညဟူ၍။ ဝုစ္စတိ= ခေါ်ဆိုအပ်ပါတယ်ဘုရား။

ဒီလို အသက်ကြီးလာခြင်းကို ဇရာတည်းဟူသော ပျက်စီးခြင်းလို့ ခေါ်ဆိုပါတယ်။

ဘဝံ ခေါ ပန ရဋ္ဌပါလော ဧတရဟိ ဒဟရော ယုဝါ သုသုကာဠ ကေသော ဘဒြေန ယောဗ္ဗနေန သမန္နာဂတော ပဌမေန ဝယသာ။

ဘဝံ ခေါ ပန ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလကတော့။ ဧတရဟိ =ယခုအခါမှာ။ ဒဟရော=ငယ်လည်း ငယ်သေး၏။ ယုဝါ=ပျိုလည်း ပျိုနုသေး၏။ သုသု=အသက်အရွယ် ကလေးအရွယ်ပင် ဖြစ်ပေ၏။ ကာဠကေသော=ဆံတစ်ပင်မှ မဖြူသေး၊ မည်းနက်သော ဆံပင်ရှိ ပေသည် မှန်ပါပေ၏။ ပဌမေန ဝယသာ=ပထမအရွယ်အားဖြင့် (ဆိုတော့ ဒီအချိန်မှာ ရဋ္ဌပါလ မထေရ်သူမြတ်သည် သုံးဆယ့် သုံးနှစ်ထက် မကြီးသေးဘူးနော်)။ ပထမအရွယ်အားဖြင့်။ ဘဒြေန ယောဗ္ဗနေန သမန္နာဂတော=ကောင်းတဲ့အရွယ်နဲ့ ပြည့်စုံသည်ဖြစ်၍ နေပါပေ၏။

http:\\www.dhammadownload.com



တံ ဘောတော ရဋ္ဌပါလဿ ဇရာပါရိဇုညံ နတ္ထိ။

ဘောတော ရဋ္ဌပါလဿ=အရှင်ရဋ္ဌပါလအား။ တံ ဇရာပါရိဇုညံ= ထိုဇရာခေါ်တဲ့ ပျက်စီးခြင်းသည်။ နတ္ထိ=မရောက်သေး မရှိသေးပါ။

အရှင်ဘုရား ကြည့်ရတာ အင်မတန် အရွယ်နုပျို စိုပြေတဲ့အချိန်မှာ ဇရာပါရိဇုညဆိုတဲ့ အိုမင်းရင့်ရော်မှုတည်းဟူသော ပျက်စီးခြင်း လုံးဝ မရှိသေးတာ တပည့်တော် မျက်မြင်တဲ့။

ကိံ ဘဝံ ရဋ္ဌပါလော ဉတွာ ဝါ ဒိသွာ ဝါ သုတွာ ဝါ
အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

ဘဝံ ရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ ကိံ=အဘယ်သဘောကို။ ဉတွာ ဝါ=သိ၍ လည်းကောင်း။ ဒိသွာ ဝါ=မြင်၍ လည်းကောင်း။ အဂါရသ္မာ=အိမ်ရာ တည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော=ကပ် ရောက်တော်မူခဲ့ပါသနည်းဘုရား။

အရှင်ဘုရား၊ ဇရာပါရိဇုညဆိုတဲ့ ဇရာတရားလည်း မရှိသေးဘူး။ မကပ်ရောက်သေးဘူး။ အဲဒီတော့ ဒီကောရဗျမင်းတရားအမြင်နဲ့ကတော့ လူအိုမှ ရဟန်းပြုရတယ်၊ ဇရာပါရိဇုည နှိပ်စက်မှ ရဟန်းပြုကြတာကို အမြင်များတယ်။ အဲဒီလို အမြင်များတဲ့အတွက် ကိုယ်တော်တဲ့ – များ သောအားဖြင့် ဇရာပါရိဇုည နှိပ်စက်မှ လူတွေဟာ အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ပြီးတော့ လူ့ဘောင်မှာ အသုံးမကျမှ သာသနာ့ဘောင် ဝင်ကြတာ၊ ကိုယ်တော့် ပထမအရွယ်နဲ့ အင်မတန် တင့်တောင့်တင့် တယ် ဒီအချိန်မှာ ဇရာပါရိဇုညလည်း မရှိဘူး။

အရှင်ရဋ္ဌပါလ၊ အရှင်ဘုရား ဘာကိုများ သိပြီး ဘာကိုများ မြင်ပြီး ဘာကိုများ ကြားပြီးတော့ လူ့ဘောင်စွန့်ခွာကာ သာသနာ့ဘောင် ဝင် လတ်၍ ရဟန်းအဖြစ် ကျင့်ကြံကြိုးကုတ် အားထုတ်နေရသတုန်းဘုရား။

၁၊ ပထမပုစ္ဆာ။

http:\\www.dhammadownload.com



## ဒုတိယပုစ္ဆာ

ကတမဉ္စ ဘော ရဋ္ဌပါလ ဗျာဓိပါရိဇုညံ။

ဘော ရဋ္ဌပါလ=အိုအရှင်ဘုရား ရဋ္ဌပါလ။ ကတမံ=အဘယ်တရား သည်။ ဗျာဓိပါရိဇုညံ=ဗျာဓိပါရိဇုည မည်သနည်း။

ဒုတိယပါရိဇုည ခေါ်တဲ့ ဗျာဓိပါရိဇုည=နာဖျားမှုတည်းဟူသော ပျက်စီးခြင်းဆိုတာ ဘယ်တရားလဲ ဆိုယင်တဲ့-

ဣဓ ဘော ရဋ္ဌပါလ ဧကစ္စော အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠှဂိလာနော။

လူ့ပြည်လောကမှာ တချို့ တချို့သော ပုဂ္ဂိုလ်သည် အနာရောဂါ စွဲကပ်၊ ဆင်းရဲဒုက္ခဝေဒနာရောက် ပြင်းစွာ နာဖျားတယ်။ အဲဒီလို အကြီး အကျယ် လူ့ဘောင် အသုံးချ မရလောက်အောင် ရောဂါရောက်ပြီဆိုယင် ပဲ "သော ဣတိ ပဋိသဉ္စိက္ခတိ=ထိုလူမမာဖြစ်တဲ့ ပုဂ္ဂိုလ်က ဤသို့ ဆင်ခြင်တတ်ပါသည်ဘုရား"။ ဘယ်လိုတုန်း ....

အဟံ ခေါမှိ ဧတရဟိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော။

ဩော် ... ငါဆိုတဲ့ ငါဟာ အခုအချိန် အနာရောဂါစွဲကပ်လို့ လူ့ ဘောင်မှာဖြင့် ချုံးချုံးကျခဲ့ပြီ။

န ခေါပန မယာ သုကရံ အနဓိဂတံ ဝါ ဘောဂံ အဓိဂန္တုံ

အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကာတုံ။

ငါသည် ဒီကနောက် ဒီဝေဒနာဒဏ်' အနှိပ်စက်ခံရတဲ့အတွက် ဒီ လောကမှာ မရသေးတဲ့ စည်းစိမ်ဉစ္စာများ ရအောင်လည်းပဲ ငါဘယ်လို နည်းနဲ့မှ ဖြည့်စွမ်းနိုင်တော့မှာ မဟုတ်ဘူး။ ရပြီးတဲ့ စည်းစိမ်ဉစ္စာများ လည်း တိုးပွားအောင် ငါ ဘယ်လိုနည်းနဲ့မှ ရှက်ဆောင်နိုင်တော့မှာ မဟုတ်ဘူး။

ယံနူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ

အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျန္တိ။

http:\\www.dhammadownload.com



ဒီလိုဆိုတော့ ဥစ္စာ မရယင် ပညာ၊ ပညာ မရယင် ကုသိုလ်၊ ဒီသုံးမျိုး တစ်မျိုးမျိုးရမှ လူ့ဘဝ ရကျိုးနပ်တော့ အဲလေ–ဥစ္စာရအောင် မလုပ်နိုင်တဲ့ အတူတူဖြင့် ဆံမုတ်ဆိတ်ကို ပယ်ရိတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်၊ အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ပြီး အိမ်ရာမထောင် ရဟန်းဘောင် ကပ်ရောက်ရယင် ကောင်းမှာပဲလို့ ဤကဲ့သို့ အကြံ ဖြစ်တယ်။

သော တေန ဗျာဓိပါရိဇုညေန သမန္နာဂတော ကေသမဿုံ

ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ

အနဂါရိယံ ပဗ္ဗဇတိ။

အဲဒီ အနာရောဂါ နိုပ်စက်တဲ့ ပုဂ္ဂိုလ်သည် ထိုအနာရောဂါတည်းဟူသော ပျက်စီးခြင်းနှင့် ပြည့်စုံရကား သူကြံတဲ့အတိုင်း ဆံမုတ်ဆိတ်များ ပယ်ရိတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်၊ အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ပြီး အိမ်ရာမထောင် ရဟန်းဘောင်ကပ်ရောက်တယ်။

ဣဒံ ဝုစ္စတိ ဘော ရဋ္ဌပါလ ဗျာဓိပါရိဇုညံ။

အရှင်ဘုရား ရဋ္ဌပါလ၊ ဤကဲ့သို့ ခန္ဓာကိုယ်မှာ အနာရောဂါကြီးစွဲကပ်လာတာကို ဗျာဓိပါရိဇုည=အနာရောဂါတည်းဟူသော ပျက်စီးခြင်းလို့ ခေါ်ပါသည်ဘုရား။

ဘဝံ ခေါ ပန ရဋ္ဌပါလော ဧတရဟိ အပ္ပာဗာဓော အပ္ပာတင်္ကော သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ။

အရှင်ဘုရားအတွက် တပည့်တော် စဉ်းစားတယ်။

ဘဝံ ခေါ ပန ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလမှာတော့။ ဧတရဟိ =ယခုအခါ၌။ အပ္ပာဗာဓော=အနာရောဂါကင်းလျက်။ အပ္ပာတင်္ကော =ဆင်းရဲဒုက္ခလည်း ကင်းလျက်။ သမဝေပါကိနိယာ = အညီအမျှ ကြေကျက် စေတတ်သော။ နာတိသီတာယ = မအေးလွန်းသော။

http:\\www.dhammadownload.com



နာစ္စုဏ္ဏာယ=မပူလွန်းသော။ ဂဟဏိယာ=ဝမ်းမီးတေဇော ပါစက ဓာတ်နှင့်။ သမန္နာဂတော=ပြည့်စုံသည် ဖြစ်ပါပေ၏။

အရှင်ဘုရားကြည့်ရတာ ဝမ်းမီးပျက်တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။ ဝမ်းမီး နန့်ခြင်း၊ ဝမ်းမီးခက်ခြင်း အလျှင်းမရှိဘဲနဲ့ အရှင်ဘုရားရဲ့ ဝမ်းမီးသည် သမဝမ်းမီး ညီမျှတဲ့ ဝမ်းမီးနဲ့ ပြည့်စုံပြီးတော့ အနာရောဂါ ကင်းနေတဲ့ အချက် တပည့်တော် မျက်မြင် ဖြစ်ပါတယ်။

တံ ဘောတော ရဋ္ဌပါလဿ ဗျာဓိပါရိဇုညံ နတ္ထိ။

တသ္မာ=ထို့ကြောင့်။ ဘောတော ရဋ္ဌပါလဿ=အရှင်ဘုရား ရဋ္ဌပါလအား။ တံ ဗျာဓိပါရိဇုညံ=ထိုနာဖျားမှုခေါ်တဲ့ ပျက်စီးခြင်းသည်။ နတ္ထိ=တစိုးတစိ မရှိကောန် မှန်ပေ၏။

အရှင်ဘုရား တပည့်တော်ရဲ့ မျက်မြင် ဘယ်နည်းနှင့်မှ ဗျာဓိ ပါရိဇုည မရှိသူ အမှန်ပဲ။

ကိံ ဘဝံ ရဋ္ဌပါလော ဉတွာ ဝါ ဒိသွာ ဝါ သုတွာ ဝါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အထ=ထိုသို့ ဗျာဓိပါရိဇုညတရား လားလားမရှိသည် ဖြစ်ပါလျက်။ ကိံ=အဘယ်အခြေကို။ ဘဝံရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ ဉတွာ ဝါ=သိ၍ လည်းကောင်း။ ဒိသွာ ဝါ=မြင်၍ လည်းကောင်း။ သုတွာ ဝါ=ကြား၍ လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်း ဘောင်သို့။ ပဗ္ဗဇိတော=ကပ်ရောက်တော်မူခဲ့ပါသနည်း ဘုရား။

ဒါ–ဒုတိယပုစ္ဆာ။ လောက ထုံးတမ်း အစဉ်အလာက အနာရောဂါ နှိပ်စက်လို့ လူ့ဘောင်လောက စီးပွားဖြစ်အောင် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်များ မှ သာသနာဝင်ပြီးတော့ ရဟန်းပြုကြတယ်။ အရှင်ဘုရားမှာ ရောဂါ အနာ ကင်းပြီးတော့ လူ့ဘောင်နေမယ်ဆိုယင် အင်မတန် တင့်တယ်တဲ့ အရွယ်မှာ ဖြစ်လို့ အရှင်ဘုရား ဗျာဓိပါရိဇုညခေါ်တဲ့ အနာရောဂါ

http:\\www.dhammadownload.com



နှိပ်စက်မှုဆိုတဲ့ ပျက်စီးခြင်းလည်း အရှင်ဘုရားမှာ အလျှင်းမရှိဘူး။ ယင်းသို့ မရှိပါဘဲလျက် ဘယ်အကျိုးများမြင်ပြီး အရှင်ဘုရား အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ခွာ၍ အိမ်ရာမထောင် ရဟန်းဘောင် ကပ်ရောက်တော်မူရပါသတုန်းလို့ ဒုတိယ ပြဿနာမေးတယ်။ ပြဿနာမဆုံးသေးဘူး။ သူခင်းလာတာကိုက ပါရိဇုညလေးပါး ခင်းလာတာ။ အခု နှစ်မျိုးပဲ ရှိတယ်။

## ဆောင်ပုဒ်

ဇရာ ဗျာဓိ၊ ဘောဂ ဉာတိ၊ ပါရိဇုညလေး–လို့ –

ဇရာက ဇရာပါရိဇုည၊ ဗျာဓိက ဗျာဓိပါရိဇုည၊ ဘောဂက ဘောဂပါရိဇုည၊ ဉာတိက ဉာတိပါရိဇုညလို့ ပျက်စီးခြင်း လေးမျိုးလာတယ်။

ရင့်ရင့်ရော်ရော် အိုမင်းမှုတည်းဟူသော ပျက်စီးခြင်း၊ အနာရောဂါနှိပ်စက်မှု တည်းဟူသော ပျက်စီးခြင်း ဒါ–ဒုတိယ။

တတိယကတော့ –

## တတိယပုစ္ဆာ

ကတမဉ္စ ဘော ရဋ္ဌပါလ ဘောဂပါရိဇုညံ။

အရှင်ရဋ္ဌပါလဘုရား၊ ဘောဂပါရိဇုညဆိုတာ ဘာကိုခေါ်သလဲဆိုတော့ .–

ဣဓ ဘော ရဋ္ဌပါလ ဧကစ္စော အဍ္ဎော ဟောတိ မဟဒ္ဓနော မဟာဘောဂေါ။

ဘော ရဋ္ဌပါလ=အို အရှင်ရဋ္ဌပါလ။ ဣဓ=ဤလောကဌ၌။ ဧကစ္စော=အချို့သော ပုဂ္ဂိုလ်သည်။ အဍ္ဎော=ကြွယ်ဝ၏။ မဟဒ္ဓနော=များသော ဥစ္စာရှိသည်။ မဟာဘောဂေါ=များသော အသုံးအဆောင် ရှိသည်။ ဟောတိ=ဖြစ်၏။

လောကမှာ အကျိုးပေးတဲ့အချိန်မှာ စီးပွားဥစ္စာတွေ ကြွယ်ကြွယ်ဝဝ တင့်တောင့်တင့်တယ်နဲ့ တချို့ပုဂ္ဂိုလ် ရှိကြတယ်။

http:\\www.dhammadownload.com



တဿ တေ ဘောဂါ  အနုပုဗ္ဗေန ပရိက္ခယံ ဂစ္ဆန္တိ၊

တဿ=ထိုပုဂ္ဂိုလ်၏။ တေ ဘောဂါ=ထိုစီးပွားဥစ္စာတို့သည်။ အနုပုဗ္ဗေန=အစဉ်သဖြင့်။ ပရိက္ခယံ=ကုန်ခန်းခြင်းသို့။ ဂစ္ဆန္တိ=ရောက်ကြကုန်၏။

တစ်ခါတည်းတော့ ကုန်သွားတာ မဟုတ်ဘူး။ ရေထဲမျောလို့ ဆုံးတာ တစ်မျိုး၊ မီးအလောင်ခံရလို့ ဆုံးတာတစ်မျိုး၊ မင်းအသိမ်းခံရလို့ ဆုံးတာတစ်မျိုး၊ သူခိုးဓားပြ အခိုးအလုအတိုက်ခံရလို့ ဆုံးတာတစ်မျိုး၊ ကိုယ်မပေးချင်တဲ့ အမွေခံတွေက ပိုင်ပါတယ် ဆိုင်ပါတယ် ပိုင်သင့်ပါတယ် ဆိုင်သင့်ပါတယ်၊ ပိုင်ခွင့်ဆိုင်ခွင့် ရှိပါတယ် ဆိုပြီးတော့ မတရား ရုံးက မတရားအရေးဆိုလို့ ပေးလိုက်ရတဲ့ ဆုံးရှုံးပျက်စီးတာ တစ်မျိုး၊ စောစောက ချမ်းသာပါတယ်ဆိုတဲ့လူဟာ ချွတ်ချုံကျသွားတယ်။ ကျတော့ သူ ဘာစဉ်းစားသလဲ။

သော ဧွံ ပဋိသဉ္စိက္ခတိ။

သော=ထိုစီးပွားပျက် ကုန်ဆုံးသော ပုဂ္ဂိုလ်သည်။ ဧွံပဋိသဉ္စိက္ခတိ=ဤသို့ ဆင်ခြင်စဉ်းစား၏။ ဘယ်လို စဉ်းစားသလဲ။

အဟံ ခေါ ပုဗ္ဗေ အဍ္ဍော အဟောသိံ မဟဒ္ဓနော မဟာဘောဂေါ။

ငါဟာ ရှေးတုန်းကဆိုယင် ရှေးရှေးနှစ်တွေ လတွေ ရက်တွေတုန်းက ကြွယ်ဝသူ ဥစ္စာပေါများသူ အသုံးအဆောင် ပေါများသူ လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ပြီ။

တဿ မေ တေ ဘောဂါ အနုပုဗ္ဗေန ပရိက္ခယံ ဂတာ။

ငါရဲ့ ထိုစည်းစိမ်များဟာ ယခုအခါမှာတော့ ရေကြောင့်တစ်မျိုး၊ မီးကြောင့်တစ်မျိုး၊ မင်းကြောင့်တစ်မျိုး၊ ခိုးသူကြောင့်တစ်မျိုး၊ မချစ်မနှစ်သက်တဲ့ အမွေခံကြောင့်တစ်မျိုး၊ အမျိုးမျိုးနိပ်စက်လို့ ငါ့စီးပွားဥစ္စာတွေဖြင့် ကုန်ခဲ့ ခန်းခဲ့ပြီ။

http:\\www.dhammadownload.com



န ခေါ ပန မယာ သုကရံ အနုပ္ပန္နာ ဝါ ဘောဂါ အဓိဂန္တုံ အဓိဂတာ ဝါ ဘောဂါ ဖာတိံ ကာတုံ။

ယခုလို အရင်းအနှီးမှ မရှိအောင် လက်ဖဝါးချည်းဖြစ်နေတဲ့ ငါဟာ မရသေးတဲ့ စီးပွားဥစ္စာ ရအောင် ကြိုးကုတ် အားထုတ်ခြင်းငှာလည်း ကောင်း၊ ရှိပြီးတဲ့ စီးပွားကလေးကို တိုးပွားအောင် ကြိုးကုတ်အားထုတ်ခြင်းငှာလည်းကောင်း ငါ ဘယ်လိုနည်းနဲ့မှ မတတ်နိုင်တော့ဘူး၊ အခါကြီးကလည်း ရောင်းမကောင်း ဝယ်မကောင်းဘူးပေါ့၊ စီးပွားဥစ္စာ တိုးတက်အောင်တော့ဖြင့် ငါ ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်တော့ဘူး။

ယံနူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ။

ငါလည်း စီးပွားမရယင် ကုသိုလ်ရအောင် ဆံမုတ်ဆိတ်များ ပယ်ရိတ်၊ ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်၊ အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ခွာ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ရယင် ကောင်းလေစွ–လို့ အဲဒီလို အကြံကောင်း အစည်ကောင်း ဝင်ပါတယ်။

သော တေန ဘောဂပါရိဇုညေန သမန္နာဂတော ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ။

သော=ထို ဘောဂဗျသနဘေး လွှမ်းမိုးနှိပ်စက်တဲ့ ပုဂ္ဂိုလ်သည်။ တေန ဘောဂပါရိဇုညေန=ထိုစီးပွားဥစ္စာ ပျက်စီးခြင်း ပါရိဇုညဘေးနှင့်။ သမန္နာဂတော=ပြည့်စုံသည်ဖြစ်၍။ ကေသမဿုံ ဩဟာရေတွာ =ဆံမုတ်ဆိတ်ပယ်ရိတ်၍။ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ= ဖန်ရည်စွန်းတဲ့ အဝတ်များ ဝတ်ပြီးတော့။ အဂါရသ္မာ=အိမ်ရာတည် ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇတိ=ကပ်ရောက်လေ၏။

ဣဒံ ဝုစ္စတိ ဘော ရဇ္ဇုပါလ ဘောဂပါရိဇုညံ။

http:\\www.dhammadownload.com



အရှင်ရဋ္ဌပါလ၊ ဒီလို စီးပွားပျက်ခြင်းကို ဘောဂပါရိဇုညလို့ ခေါ်ပါတယ်ဘုရား။ အဲဒီတော့ အရှင်ဘုရားကို တပည့်တော် စဉ်းစားကြည့်တယ်။

ဘဝံ ခေါ ပန ရဋ္ဌပါလော ဣမသ္မိံ ယေဝ ထုလ္လကောဋ္ဌိကေ အဂ္ဂကုလဿ ပုတ္တော။

ဘဝံ ခေါ ပန ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလကတော့။ ဣမသ္မိံ ယေဝ ထုလ္လကောဋ္ဌိကေ=ဤ တပည့်တော်တို့ရဲ့ ထုလ္လကောဋ္ဌိက မြို့မှာပင်။ အဂ္ဂကုလဿ=အမြတ်ဆုံးသေဌ္ဌေးမင်းရဲ့။ ပုတ္တော=သားကြီး တစ်ယောက် ဖြစ်ပါပေ၏။

တဿ=ထိုသို့ သေဌ္ဌေးသားတစ်ယောက် ဖြစ်လေသောကြောင့်။ တံ ဘောဂပါရိဇုညံ=ထိုစီးပွားဥစ္စာ ပျက်စီးမှုဆိုတဲ့ ဘေးကြီးသည်။ ဘောတော ရဋ္ဌပါလဿ=အရှင်ဘုရား ရဋ္ဌပါလအား။ နတ္ထိ=တစိုးတစိ မရှိပါချေ။

အရှင်ဘုရားမှာ ဘောဂပါရိဇုညဘေးလည်း မရှိတာ တပည့်တော် မျက်ဝါးထင်ထင် သိမြင်တယ်။

အထ=ထိုသို့ ဘောဂပါရိဇုညဘေးလည်း မရှိပါဘဲလျက်။ ကိံ=အဘယ်သို့သော အကျိုးကို။ ဉတွာ ဝါ=သိ၍လည်းကောင်း။ ဒိသွာ ဝါ=မြင်၍လည်းကောင်း။ သုတွာ ဝါ=ကြား၍လည်းကောင်း။ ဘဝံ ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလသည်။ အဂါရသ္မာ=အိမ်ရာ တည်ထောင် ဤလူ့ဘောင်မှ။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိ တော=ကပ်ရောက်တော်မူပါသနည်း ဘုရား။

အရှင်ဘုရား၊ ဘောဂပါရိဇုည ဘေးလည်း မရှိပါဘဲလျက် ဘယ်အကျိုးကို သိပြီး မြင်ပြီး ကြားပြီး ဒီလို သာသနာ့ဘောင် ဝင်ရောက်ပါတုံးလို့ ဒီလို မေးတယ်။ သုံးမျိုး ရှိပြီ။

စတုတ္ထက -

http:\\www.dhammadownload.com



## စတုတ္ထပုစ္ဆာ

ကတမဥ္စ ဘော ရဋ္ဌပါလ ဉာတိပါရိဇုညံ။

စတုတ္ထမြောက် ဉာတိပါရိဇုညဆိုတဲ့ ဆွေမျိုးပျက်စီးခြင်းဘေးဆိုတာ ဘာလဲဆိုတော့ -

ဣဓ ဘော ရဋ္ဌပါလ ကေစ္စဿ ဗဟူ ဟောန္တိ မိတ္တာမစ္စာ ဉာတိသာ လောဟိတာ။

အရှင်ဘုရားတဲ့၊ ဤလောကမှာ အချို့ မိတ်ဆွေတွေ သင်္ဂဟတွေ ဆွေမျိုးတွေ သားချင်းတွေ ဆွေစုံမျိုးစုံ ခြံလို့ အင်မတန် တင့်တောင့်တင့်တယ် ဆွေဝန်းမျိုးလယ် တင့်တင့်တယ်တယ် နေတဲ့နေရာက -

တဿ တေ ဉာတကာ အနုပုဗ္ဗေန ပရိက္ခယံ ဂစ္ဆန္တိ။

တဿ=ထိုဆွေဝန်းမျိုးလယ် တင့်တယ်စွာနေတဲ့ ပုဂ္ဂိုလ်၏။ တေ ဉာတကာ=ထိုဆွေမျိုးတို့သည်။ အနုပုဗ္ဗေန=အစဉ်သဖြင့်။ ပရိက္ခယံ= ကုန်ခန်းပျက်စီးခြင်းသို့။ ဂစ္ဆန္တိ=ရောက်ကြသည် ဆိုပါစို့။

သူရဲ့ ဆွေမျိုးတွေဟာ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက် ပြီးတစ်ယောက်ပေါ့လေ၊ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ အဲဒီလို နေ့မြင်ညပျောက် အန္တရာယ်တွေ ရောက်ပြီးတော့ ပျောက်သွား လိုက်တာ၊ တစ်ကောင်ကြွက်ဘဝ ရောက်ပြီ။ ရောက်တဲ့အခါ သူ စဉ်းစားတယ်ပေါ့။

ဣတိ ပဋိသဉ္စိက္ခတိ=သူ ဤကဲ့သို့ စဉ်းစားတယ်၊ ဘယ်လိုလဲ ဆိုတော့ -

မမံ ခေါ ပုဗ္ဗေ ဗဟူ အဟေသုံ မိတ္တာမစ္စာ ဉာတိသာလောဟိတာ။

ဩော် ... ငါ့မှာ ရှေးတုန်းက ဆွေတွေ မျိုးတွေ မိတ်ဆွေသင်္ဂဟ တွေဟာ ဆွေစုံ မျိုးစုံ အပုံများခဲ့တယ်။ "တဿ မေ တေ အနုက္ကမေန ပရိက္ခယံ ဂတာ"=ငါရဲ့ ထိုဆွေတွေ မျိုးတွေ မိတ်သင်္ဂဟတွေဟာ

http:\\www.dhammadownload.com



တစ်ယောက်ပြီး တစ်ယောက်၊ တစ်ယောက်ပြီး တစ်ယောက် ပျောက် ပျောက်-ပျောက်ပျောက် သွားလိုက်ကြတာ အခုဖြင့် အကုန်လုံး ကုန်ပါပကော။ ငါ တစ်ယောက်တည်း တစ်ကိုယ်တည်း တစ်ကောင် ကြွက်လို ကျန်နေပါပကော။

န ခေါ ပန မယာ သုကရံ အနိဓိဂတံ ဝါဘောဂံ အဓိဂန္တုံ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကာတုံ။

ဒီလို တစ်ကောင်ကြွက် ကျန်တဲ့ ငါဟာ မိတ်မရှိ ဆွေမရှိ သင်္ဂဟ မရှိ၊ တစ်ယောက်တည်းဖြစ်တဲ့ ငါသည် ဘယ်လိုနည်းနဲ့မှ မရသေးတဲ့ စည်းစိမ်ကို ရအောင်၊ ရပြီးတဲ့ စည်းစိမ် တိုးပွားအောင် မိတ်ဆွေမရှိဘဲ ငါလုပ်ဖို့ မလွယ်ဘူး။ ဒီတော့ -

ယံနူနာဟံ ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျံ။

ဒီတော့ ငါ ဆံမုတ်ဆိတ် ပယ်၍ ကုသိုလ်တရားရအောင် ဖန်ရည် စွန်းတဲ့ အဝတ်များ ဝတ်၊ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၊ အိမ်ရာ မထောင် ရဟန်းဘောင် ကပ်ရောက်ရယင် ကောင်းမှာပဲ၊ ကုသိုလ်တွေ ငါ တစ်နေ့တစ်ခြား တိုးပွားမှာပဲလို့ ဤသို့ အကြံအစည်ဖြစ်ပြီးတော့-

သော တေန ဉာတိပါရိဇုညေန သမန္နာဂတော ကေသမဿုံ ဩဟာ ရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ။

ထိုပုဂ္ဂိုလ်သည် အခုပြောတဲ့ ဉာတိပါရိဇုည ဆွေဝန်းမျိုးဝန်းတို့၏ ဆုံးရှုံးပျက်စီးခြင်းဆိုတဲ့ ဘေးနဲ့ တွေ့ကြုံပြည့်စုံတဲ့အတွက် ဖန်ရည်စွန်း တဲ့ အဝတ်များဝတ်၊ ဆံမုတ်ဆိတ်များ ပယ်ရိတ်ပြီး အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၊ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ပြီ ဆိုပါစို့။

http:\\www.dhammadownload.com



ကတမံ ဝုစ္စတိ ဘော ရဋ္ဌပါလ ဉာတိပါရိဇုညံ။

ဒါမျိုးကို ဉာတိပါရိဇုညခေါ်တယ် ကိုယ်တော်။

ဘောတော ခေါ ပန ရဋ္ဌပါလဿ ဣမသ္မိံယေဝ ထုလ္လကောဋ္ဌိကေ ဗဟူ မိတ္တာမစ္စာ ဉာတိသာလောဟိတာ။

အရှင်ဘုရား၊ အရှင်ဘုရား ရဋ္ဌပါလမှာဆိုယင် တပည့်တော်အသိ၊ ဒီထုလ္လကောဋ္ဌိက မြို့မှာပင် အရှင်ဘုရားရဲ့ မိတ်ဆွေတွေ သူငယ်ချင်းတွေ ဆွေမျိုးတွေ သားချင်းတွေ ပြည့်နှက် ရုံလျက် အုံလျက် အပုံကြီး ရှိတယ်။

တံ ဘောတော ရဋ္ဌပါဿ ဉာတိပါရိဇုညံ နတ္ထိ။

တံ-တသ္မာ=ထို့ကြောင့်။ ဘောတောရဋ္ဌပါလဿ=အရှင်ဘုရား။ ရဋ္ဌပါလအဖို့မှာ။ ဉာတိပါရိဇုညံ=ဆွေမျိုးတို့၏ ပျက်စီးခြင်းဆိုတဲ့ ဉာတိ ပါရိဇုညံ လည်းပဲ။ နတ္ထိ=တစိုးတစိ မရှိကေန် မှန်ပေ၏။

ကိံ ဘဝံ ရဋ္ဌပါလော ဉတွာ ဝါ ဒိသွာ ဝါ သုသွာ ဝါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အရှင်ဘုရား ရဋ္ဌပါလ၊ အဘယ်အကျိုးများ သိပြီး မြင်ပြီး ကြားပြီး တော့ အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ခွာ အိမ်ရာမထောင်တဲ့ ရဟန်း အဖြစ် ကပ်ရောက်တော်မူပါတုန်း - တဲ့။

မိမိ၏ အမေးစကားလေးမျိုး စုံပြီဖြစ်၍ အားလုံးလေးချက် ပေါင်းပြီး တော့ -

ဣမာနိ ခေါ ဘော ရဋ္ဌပါလ စတ္တာရိ ပါရိဇုညာနိ။

အရှင်ဘုရား ရဋ္ဌပါလ၊ အခု တပည့်တော်လျှောက်ဆိုခဲ့တဲ့ ဇရာပါရိဇုည၊ ဗျာဓိပါရိဇုည၊ ဘောဂပါရိဇုည၊ ဉာတိပါရိဇုည၊ ဒီလေးမျိုးကို ပါရိဇုည တရားလေးပါးလို့ ခေါ်ပါတယ်။

http:\\www.dhammadownload.com



ယေဟိ ပါရိဇုညေဟိ သမန္နာဂတော ဣဓေကစ္စော ကေသမဿုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။

ယင်း ပါရိဇုညတရားလေးပါး တစ်ပါးပါးနှင့် ကြုံမှ လောကမှာ တချို့တချို့ပုဂ္ဂိုလ် ဆံမုတ်ဆိတ် ပယ်ရိတ်၊ ဖန်ရည်စွန်းတဲ့အဝတ် ဝတ်၊ အိမ်ရာတည်ထောင် လူ့ဘောင်စွန့်ခွာ၊ အိမ်ရာမထောင်တဲ့ ရဟန်းအဖြစ်သို့ ကပ်ရောက်ရင်း ရှိကြပါတယ်။

တာနိ ဘောတော ရဋ္ဌပါလဿ ပါရိဇုညာနိ နတ္ထိ။

ထိုပါရိဇုညတရား လေးမျိုးတို့တွင် အရှင်ဘုရား ရဋ္ဌပါလမှာ တစ်မျိုးမှ မရှိဘူး။

ကိံ ဘဝံ ရဋ္ဌပါလော ဉတွာ ဝါ ဒိသွာ ဝါ သုတွာ ဝါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အထ=ထိုသို့ ပါရိဇုညလေးပါးတွင် တစ်ပါးမှ မရှိပါပဲလျက်။ ဘဝံ ရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ ကိံ=အဘယ်အကျိုးကို။ ဉတွာ ဝါ=သိ၍ လည်းကောင်း။ ဒိသွာ ဝါ=မြင်၍ လည်းကောင်း။ သုတွာ ဝါ=ကြား၍ လည်းကောင်း။ အဂါရသ္မာ=အိမ်ရာ တည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော=ကပ်ရောက်တော်မူပါသနည်းဘုရား။

လို့ မေးတယ်။ လေးလေးနက်နက် စိတ်ရှည်လက်ရှည် သေသေချာချာ ဘုန်းကြီးတို့ ဒီစာပေမျက်စိနဲ့ ကြည့်ရပြီ ဆိုလို့ရှိယင်လေ အင်မတန် ချမ်းသာပါတယ်။ သူမေးနေတာကလည်း ဘေးမရှိ ရန်မရှိ။ ပြာပြာသလဲ တစ်ခုမှ မနိုင်ဘူး။ စကားတွေ ပြည့်ပြည့်စုံစုံ ခင်းပြီးတော့ မေးတယ်။ စကားအခင်းရယ်၊ အလယ်ခေါင်က သရုပ်ကယ်၊ အဆုံးက နိဂုံးအုပ်တာရယ် အပြည့်အစုံ မေးတော့ အရှင်ရဋ္ဌပါလကလည်း အေးအေးဆေးဆေးစွာ ပြန်ဖြေတယ်။

http:\\www.dhammadownload.com



## ဓမ္မုဒ္ဒေသတရား အကျဉ်းလေးပါး

အတ္ထိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန စတ္တာရော ဓမ္မုဒ္ဒေသာ ဥဒ္ဒိဋ္ဌာ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဇာနတာ=သိတော်မူတတ်သော။ ပဿတာ=မြင်တော်မူတတ်သော။ အရဟတာ=ပူဇော်အထူးကို ခံတော် မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန=မဖောက်မပြန် ဉေယျခံတရား ငါးပါးထင်ထင် သိမြင်တော်မူသော။ တေန ဘဂဝတာ=ထိုဘုန်းတော် သခင် ဘုရားရှင်သည် -

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ကိုယ်တိုင်လည်း သိ၊ ကိုယ်တိုင်လည်းမြင်၊ ဒီလို သိမြင်တဲ့အတွက် လူတွေ နတ်တွေ ဗြဟ္မာတွေရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်။ အားလုံးသော ဉေယျဓမ္မတွေ သိပြီးမှ ဟောတာ၊ စမ်းတဝါးဝါးနဲ့ တက္ကိသမားတို့လို စိတ်ကူးယဉ်နဲ့ ဟောတာ မဟုတ်ဘူး။ ဒါကို -

တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန= သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဉေယျ တရားငါးပါး ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ကိုယ်တိုင်သိမြင်တော်မူ ပြီးမှ။ စတ္တာရော ဓမ္မုဒ္ဒေသာ=တရားအကျဉ်း လေးမျိုးတို့ကို။ ဥဒ္ဒိဋ္ဌာ= ညွှန်ကြားအပ်ကုန်သည်။ အတ္ထိ ခေါ=ရှိကုန်၏။ ဥဒ္ဒိဋ္ဌာ=ညွှန်ကြား အပ်ကုန်သော။ စတ္တာရော ဓမ္မုဒ္ဒေသာ=တရားကျဉ်းလေးမျိုးတို့သည်။ အတ္ထိ=ရှိကုန်ပေ၏။

ဓမ္မုဒ္ဒေသ လေးမျိုး ရှိပါတယ် ဒါလောက် မင်းဟရားတဲ့။ ဓမ္မုဒ္ဒေသ လေးပါးကို ဘုရားကိုယ်တော်မြတ်ဟာ [illegible]တဲ့ အတွေးအခေါ်နဲ့ အထင်နဲ့ ဟောထားတာ မဟုတ်ပါဘူး။ ကိုယ်တိုင်သိပြီးတော့ ဟောတာ ပါ။

http:\\www.dhammadownload.com



ပဿတာ=ကိုယ်တိုင်ကို သဗ္ဗညုတ သမန္တစက္ခု ဉာဏ်မျက်စိနဲ့ မြင်ပြီးတော့ ဟောတာပါ။ သမ္မာသမ္ဗုဒ္ဓ=သဗ္ဗညုတဉာဏ်နဲ့ ပိုင်းပိုင်းခြားခြား သိပြီးတော့မှ ဟောထားတဲ့ ဓမ္မုဒ္ဒေသ တရားလေးမျိုးရှိတယ်။

ယေ အဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အဟံ=ငါသည်။ ယေ=ယင်းဓမ္မုဒ္ဒေသလေးပါး အကျဉ်းတရားတို့ကို။ ဉတွာ စ=ကိုယ်တိုင်သိလည်း သိ၍လည်းကောင်း။ ဒိသွာ စ=ကိုယ်တိုင်မြင်လည်း မြင်၍လည်းကောင်း။ သုတွာ စ=ကိုယ်တိုင်ကြားလည်း ကြားရ၍လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော=ကပ်ရောက်ခဲ့ပါပြီ။

ယင်း ဓမ္မုဒ္ဒေသလေးပါး=တရားအကျဉ်း လေးမျိုးကို ဘုရားဟောတာ ကိုယ်တိုင်လည်း ကြားခဲ့တယ်၊ ကိုယ်တိုင်လည်း စဉ်းစားလို့ ဉာဏ်ပညာအသိနဲ့ သိတယ်။ ကိုယ်တိုင်လည်း ဉာဏ်မျက်စိနဲ့ မြင်ပြီးတော့မှ အိမ်ရာတည်ထောင် လူ့ဘောင်လွှတ်ပြီးတော့ အိမ်ရာ မထောင် ရဟန်းဘောင် ကပ်ရောက်ခဲ့ပါတယ်။ ဟိုက ပါရိဇုညလေးပါးနဲ့ မေးတယ်။

ပါရိဇုညလေးပါးမှာ တစ်ပါးမှ မရှိဘဲနဲ့ ဘာမြင်လို့ ကိုယ်တော် ရဟန်းပြုသလဲဆိုတော့ အေး ... ပါရိဇုည နှိပ်စက်မှ ရဟန်းပြုရတာ မဟုတ်ဘူး။ အဲဒါက ဘယာပဗ္ဗဇိတ ခေါ်တယ်။ ဘေးရောက်လို့ ရဟန်းပြုတာ သာသနာတော်က ဂုဏ်မရှိဘူးတဲ့။ ကျွန်ုပ် ရဟန်းပြုတာ သဒ္ဓါပဗ္ဗဇိတ။ တရားတော်ကို သက်ဝင်ယုံကြည်လို့။ ဘယ်တရားကိုလဲ။ ဓမ္မုဒ္ဒေသ တရားလေးပါးကို သက်ဝင်ယုံကြည်လို့ ကျုပ်ရဟန်းပြုတာ။ ကျုပ် သဒ္ဓါပဗ္ဗဇိတ။

http:\\www.dhammadownload.com



## လူအပေါင်းသည် သေခြင်းတရားသာ

ကတမေ စတ္တာရော=တရားအကျဉ်းလေးမျိုးဆိုတာ ဘာတွေလဲ ဆိုတော့ -

"ဥပနိယျတိ လောကော အဒ္ဓုဝေါ" တိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမော ဓမ္မုဒ္ဒေသော ဥဒ္ဒိဋ္ဌော။

မဟာရာဇ=မြတ်သောမင်းကြီး။ လောကော=ရှိသမျှ လူအပေါင်းကို။ ဥပနိယျတိ=ဇရာတရား ဗျာဓိတရားတို့က သေခြင်းဆိုတဲ့ မရဏ တရားသို့ ရောက်အောင် နေ့ရှိသမျှ ပို့ဆောင်အပ်ပေ၏။

လေးလေးနက်နက် စဉ်းစားစမ်း၊ ဇရာတရားရယ်၊ ဗျာဓိတရားရယ် က ရှိရှိသမျှသော ဦးမည်း ဦးဖြူ လူသူ ဟူသမျှတွေကို မရဏာသို့ ရောက်အောင် နေ့တိုင်းနေ့တိုင်း အချိန်တိုင်း အချိန်တိုင်း ပို့ဆောင်နေ တယ်။

တသ္မာ = သို့ရကား။ (အဲဒီလို ဘယ်သူ တစ်ဦးတစ်ယောက်မျှ မခိုင်မမြဲပါတကား။) ဣတိ ခေါ = ဤသို့လျှင်။ တေန ဘဂဝတာ= ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဇာနတာ= ကိုယ်တော်တိုင် သိတော်မူသည်ဖြစ်၍ လည်းကောင်း။ပဿတာ= ကိုယ်တော်တိုင် မြင်တော်မူသည်ဖြစ်၍ လည်းကောင်း။ အရဟတာ= အရဟံဂုဏ်ရှင် ဖြစ်တော်မူသည်ဖြစ်၍လည်းကောင်း။ သမ္မာသမ္ဗုဒ္ဓေန =သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသည်ဖြစ်၍ လည်းကောင်း။ ပဌမော ဓမ္မုဒ္ဒေသော=ရှေးဦးစွာသော အကျဉ်းတရားကို။ ဥဒ္ဒိဋ္ဌော=ညွှန်းပြ တော်မူအပ်ခဲ့လေပြီ။

ဘုရားစကားများ စကားကျဉ်းပြီးတော့ အဓိပ္ပာယ်အင်မတန် ကျယ် တယ်။ မြတ်စွာဘုရား အမိန့်ရှိလိုက်တာက "ဥပနိယျတိ လောကော အဒ္ဓုဝေါ"တဲ့။ ပုဒ်အနေအားဖြင့် လေးပုဒ်ပဲ ရှိတယ်။ လူအပေါင်းကို

http:\\www.dhammadownload.com



ဇရာ ဗျာဓိတို့က မရဏာသို့ ရောက်အောင် နေ့တိုင်း ပို့ဆောင်နေတယ်။ တစ်ယောက်မှ ခန္ဓာမြဲတာ မရှိဘူး။ ဒါ ပထမအကျဉ်း တစ်ခွန်းတည်း ပြောတာ။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အဟံ=အကျွန်ုပ်သည်။ ယံ=အကြင် ပဌမ ဓမ္မုဒ္ဒေသတရားကို။ ဉတွာ စ=ကိုယ်တိုင်သိ၍လည်းကောင်း။ ဒိသွာ စ= ကိုယ်တိုင်မြင်၍လည်းကောင်း။ သုတွာ စ=ကိုယ်တိုင်ကြားရ၍လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ အနဂါရိယံ ပဗ္ဗဇိတော= အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ခဲ့ပါပြီ။ (ဒါ-တစ်)

## လူတိုင်းသည် အားကိုးစရာ မရှိ

"အတာဏော လောကော အနဘိဿရော" တိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒုတိယော ဓမ္မုဒ္ဒေသော ဥဒ္ဒိဋ္ဌော။

မဟာရာဇ=ကုရုတိုင်းကို အစိုးရတဲ့ မြတ်သောမင်းကြီး။ လောကော =သတ္တလောက ရှိသမျှလူအပေါင်းသည်။ အတာဏော=စောင့်ရှောက် မယ့်သူ ကင်းလှ၏။ အနဘိဿရော=ကိုးကွယ်စရာ မဲ့လှ၏။ ဣတိ ခေါ=ဤသို့လျှင်။ တေန ဘဂဝတာ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဇာနတာ=ကိုယ်တော်တိုင် သိသည်ဖြစ်၍။ ပဿတာ=ကိုယ်တော်တိုင် မြင်တော်မူသည်ဖြစ်၍။ အရဟတာ= ပူဇော်အထူးကို ခံတော်မူထိုက်သည်ဖြစ်၍။ အရဟတာ=တစ်ထောင့် ငါးရာ ကိလေသာဘေး ကင်းဝေး စင်ကြယ်တော်မူသည်ဖြစ်၍။ သမ္မာသမ္ဗုဒ္ဓေန=သဗ္ဗညုတ ဉာဏ်ရှင်ဖြစ်တော်မူလျက်။ ဒုတိယော ဓမ္မုဒ္ဒေသော=နှစ်ခုမြောက် ဖြစ်သော တရားအကျဉ်းကို။ ဥဒ္ဒိဋ္ဌော= ညွှန်ပြတော်မူအပ်ပြီ။

http:\\www.dhammadownload.com



တရားလေး အင်မတန် ကျဉ်းတယ်။ အဓိပ္ပာယ် အင်မတန် ကျယ်တယ်။ ဒုတိယ ဓမ္မုဒ္ဒေသက ဘာလဲ။ လူတိုင်းလူတိုင်း စောင့်ရှောက်မယ့်သူ မရှိဘူး။ ခိုကိုးရမယ့်သူ မရှိဘူး။ ဒါ-လောကကြီးရဲ့ ဓမ္မတာပဲ။ အဲဒီအကြောင်းကို ဘုရားက အတွေးနဲ့ အခေါ်နဲ့ ဟောတာ မဟုတ်ဘူးတဲ့။ ကိုယ်တိုင်က သဗ္ဗညုတ သမန္တစက္ခုနဲ့ သိပြီး မြင်ပြီးတော့မှ သဗ္ဗညုတဉာဏ်ရှင်ပိပိ တကတည်း အတိအကျ သိပြီးမှ ဟောထားတာ။ ဒါ ဒုတိယဓမ္မုဒ္ဒေသ။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

ယင်း ဒုတိယ ဓမ္မုဒ္ဒေသတရား အကျွန်ုပ်သည် ပိုင်းပိုင်းခြားခြား သိလည်း သိတယ်၊ ကိုယ်တိုင်လည်းပဲ ဉာဏ်မျက်စိနဲ့ မြင်လည်း မြင်ရတယ်။ ကိုယ်တိုင်လည်း ဉာဏ်ပညာနားနဲ့ ကြားလည်း ကြားရတယ်။ ယင်းသို့ သိလည်း သိပြီး၊ မြင်လည်း မြင်ပြီး၊ ကြားလည်း ကြားပြီးမှ ယီးတီးယားတား မဟုတ်ဘူး၊ အသိအမြင်အကြား သုံးခုဆုံပြီးမှ ရဟန်းဘောင် ရောက်တာ။ ယီးတီးယားတား ရဟန်းဘောင်ရောက်ခဲ့တာ မဟုတ်ဘူး။

## လူအားလုံး၌ ကိုယ်ပိုင်ဥစ္စာ မရှိ

တတိယက -

"အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယ"န္တိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန တတိယော ဓမ္မုဒ္ဒေသော ဥဒ္ဒိဋ္ဌော။

မဟာရာဇ=မြတ်သောမင်းကြီး။ လောကော=လူအပေါင်းသည်။ အဿကော=ကိုယ်ပိုင်ဥစ္စာ မရှိချေ။ (ကိုယ့်လက်ထဲက လက်စွပ်၊ လက်မောင်းက လက်ကောက်၊ နားက နားတောင်း၊ လည်ပင်းက ဆွဲကြိုးတို့၊ ရှိသမျှဟာတွေ ကိုယ်ကတော့ဖြင့် ကိုယ့်ကိုယ် ကပ်နေတာပဲ၊

http:\\www.dhammadownload.com



ဒါတွေဟာ အကုန်လုံး ကိုယ်ဟာချည်း ထင်နေတယ်။) သဗ္ဗံ=ကြွင်းမဲ့ ဥဿုံ အလုံးစုံသော ဥစ္စာကို။ ပဟာယ=ပယ်စွန့်၍။ ဂမနိယံ=သွားရခြင်း သဘောရှိ၏။ ဣတိ ခေါ=ဤသို့လျှင်၊ တေန ဘဂဝတာ=ထိုဘုန်းတော် သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာနတာ=ကိုယ်တိုင် သိသည်ဖြစ်၍။ ပဿတာ=ကိုယ်တိုင်မြင်သည်ဖြစ်၍။ အရဟတာ= ကိလေသာဘေး ကင်းဝေးတော်မူသည်ဖြစ်၍။ သမ္မာသမ္ဗုဒ္ဓေန=သဗ္ဗညု တဉာဏ်ရှင် ဖြစ်တော်မူသည်ဖြစ်၍။ တတိယော ဓမ္မုဒ္ဒေသော=သုံးခု မြောက်ဖြစ်တဲ့ ဓမ္မုဒ္ဒေသ အကျဉ်းတရားကို။ ဥဒ္ဒိဋ္ဌော=ညွှန်ကြားတော် မူအပ်ခဲ့လေပြီ။

(ဘုန်းကြီးတို့ စာပေနယ်ပယ်က ရှိတယ်။
ဝိသေသန၊ နောက်ကွယ်ပြသား၊ မထင်ရှား၊ ကျေငြားဟုတွာ။
ဟုတွာကျေက၊ ထင်စွာပြ၊ ဟိတ်ရ လက္ခဏာ။

လို့ - ပါဠိ စာပေနယ်ပေမှာ ဘုရားကိုယ်တော်မြတ်ရဲ့ "တေန ဘဂဝတာ" ဆိုတဲ့ ဝိသေသျပုဒ်ရဲ့ နောက်ကနေပြီး ဝိသေသနတွေ "ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန"လို့ ဝိသေသန လေးပုဒ် နောက်ကထားပြီး ပြောတယ်မဟုတ်လား။ မထင်မရှား "ဟုတွာ"ပုဒ် ကျေနေတယ်။ ဟုတွာ-ပုဒ် ကျေလို့ ရှိယင် အဲဒီစကားတွေသည် "ဟိတ်ပုဒ်-ဟိတ်ရလက္ခဏာ"လို့ ဆိုရတယ်။)

အဲဒီလိုဆိုတော့ ယီးတီးယားတား ဟောတာမဟုတ်ဘူးတဲ့။ မြတ်စွာ ဘုရား ကိုယ်တိုင်သိပြီးမှ ဟောတာပါ။ ကိုယ်တိုင်သိလို့ ဟောတာ။ ကိုယ်တိုင်ကို တကတည်း ဉာဏ်မျက်စိနဲ့ လင်းလင်းထင်ထင် မြင်ပြီးမှ ဟောတာပါ။ မြင်ပြီးသောကြောင့် ဝေနေယျတွေကို ဟောတာ။ ပြီးတော့ ဒီလိုမြင်တဲ့နေရာမှာ ပုထုဇဉ်လူသာမန်တို့ကဲ့သို့ ကိလေသာတွေ ဗရပွေ ထဲက နေပြီးတော့ ဟို ... တကတည်း အင်္ဂါလေးပါးရှိတဲ့ အမိုက်တိုက် ထဲမှာ တစ်ချက်တစ်ချက် လျှပ်စီးလက်တဲ့အခါ ဖြတ်ဖြတ်ကလေး

http:\\www.dhammadownload.com



လင်းသလို ဒီအလင်းမျိုး မဟုတ်ဘူးတဲ့။

ဘုရားသဗ္ဗညုရဲ့ ဉာဏ်ပညာအလင်းဟာ ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးများစွာ ကိလေသာ တိမ်သလာတွေ ဝေးလို့ ကင်းလို့ အင်မတန် စင်ကြယ်တဲ့ အသိဉာဏ်နဲ့ သိပြီးတော့ဟောတာ။ သဗ္ဗညုတဉာဏ်နဲ့ သိပြီးတော့ ဟောတာ။ သဗ္ဗညုတဉာဏ်နဲ့ သိတော်မူသောကြောင့် မချွတ်မလွဲ ဘယ်နတ် ဘယ်ဗြဟ္မာမှ မဟုတ်ဘူးလို့ မပြောနိုင်ဘူး။ တတိယ ဓမ္မုဒ္ဒေသတရားတဲ့။ ဓမ္မုဒ္ဒေသတရားကို ဘုရား ကိုယ်တော်မြတ် ညွှန်ပြ ဟောကြားတော်မူတယ်။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

အဟံ=ငါသည်။ ယံ=အကြင် တတိယမြောက် ဓမ္မုဒ္ဒေသတရားကို။ ဉတွာ စ=ကိုယ်တိုင် သိလည်း သိ၍ လည်းကောင်း။ ဒိသွာ စ=ကိုယ်တိုင် မြင်လည်း မြင်၍ လည်းကောင်း။ သုတွာ စ=ကိုယ်တိုင် ကြားလည်း ကြား၍ လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ=ထွက်၍။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော=ကပ်ရောက်ခဲ့ပါပြီ။

ရဟန်းအဖြစ် ငါ ရောက်လာတာ ယီးတီးယားတား မဟုတ်ဘူး။ အဲဒီ တတိယ ဓမ္မုဒ္ဒေသတရားကို ကိုယ်တိုင် သိတယ်၊ မြင်တယ်၊ ကိုယ်တိုင်လည်း ကြားလည်း ကြားပြီးတော့မှ တကယ့်ဓမ္မသံဝေဂနဲ့ သာသနာတော်မှာ သဒ္ဓါပဗ္ဗဇိတအဖြစ်နဲ့ ရဟန်းအဖြစ်နဲ့ ရောက်ခဲ့တာ။ ဒါ သုံးနံပါတ် ဓမ္မုဒ္ဒေသ။

## လူတိုင်းပြည့်စုံသည်မရှိ တဏှာ၏ကျွန်

‘ဦနော လောကော အတိတ္တော တဏှာဒါသော’တိ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန စတုတ္ထော ဓမ္မုဒ္ဒေသော ဥဒ္ဒိဋ္ဌော။

http:\\www.dhammadownload.com



မဟာရာဇ=မြတ်သောမင်းကြီး။ လောကော=ရှိသမျှ လူအပေါင်းသည်။ ဦနော=အမြဲတစေ ယုတ်လျက် လျော့လျက် ဆုတ်လျက် နေကြလေ၏။ (လူတိုင်း လူတိုင်းဟာ ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူး၊ နေ့တိုင်း နေ့တိုင်း လတိုင်း လတိုင်း အချိန်ရှိသမျှ ယုတ်လျက် လျော့လျက် ဆုတ်လျက် ရှိတယ်။ ပြည့်ပြီ၊ ငါတော်ပြီလို့ ဘယ်တော့မှ မပြောဘူး)။ လောကော=ရှိသမျှ လူအပေါင်းသည်။ ဦနော=နေ့စဉ်တစေ ယုတ်လျက် ဟောက်လျက် နေကြ၏။ အတိတ္တော=ဘယ်တော့မှ ရောင့်ရဲသည် မရှိ။ တဏှာဒါသော=တစ်သက်လုံး တဏှာ၏ကျွန် ဖြစ်၍နေပေ၏။ ဣတိ ခေါ=ဤသို့လျှင်။ တေန ဘဂဝတာ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဇာနတာ=ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့် လည်းကောင်း။ ပဿတာ=လင်းလင်းထင်ထင် သမန္တစက္ခုဖြင့် မြင်တော်မူသောကြောင့် လည်းကောင်း။ အရဟတာ=ကိလေသာ အညစ်အကြေး ကင်းဝေးတော်မူသောကြောင့် လည်းကောင်း။ သမ္မာသမ္ဗုဒ္ဓေန=သဗ္ဗညုတ ရွှေဉာဏ်ဖြင့် ဝေဖန်ပိုင်းခြား သိမြင်တော်မူသောကြောင့် လည်းကောင်း။ စတုတ္ထော=လေးခုမြောက်သော။ ဓမ္မုဒ္ဒေသော=အကျဉ်းညွှန်ကြားသော ဓမ္မုဒ္ဒေသတရားကို။ ဥဒ္ဒိဋ္ဌော=ညွှန်ကြားအပ်ခဲ့လေပြီ။

ယမဟံ ဥတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

မြတ်သောမင်းကြီး ... ငါသည် ယင်း စတုတ္ထ ဓမ္မုဒ္ဒေသတရားကို ကိုယ်တိုင် သိလည်းသိ၊ ကိုယ်တိုင်မြင်လည်းမြင်၊ ကိုယ်တိုင်ကြားလည်း ကြားပြီးမှ ယီးတီးယားတား မဟုတ်ဘူး၊ အိမ်ရာတည်ထောင် လူ့ဘောင် စွန့်ခွာပြီးတော့ အိမ်ရာမထောင် ရဟန်းအဖြစ်သို့ ကပ်ရောက်ခဲ့ပါတယ်။

http:\\www.dhammadownload.com



ဣမေ ခေါ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန စတ္တာရော ဓမ္မုဒ္ဒေသာ ဥဒ္ဒိဋ္ဌာ။ ယေ အဟံ ဥတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

ကုရုတိုင်းအလုံး ဟုန်းဟုန်းတောက်ပတဲ့ မြတ်သောမင်းကြီး၊ အခု ပြောခဲ့တဲ့အတိုင်း ဓမ္မုဒ္ဒေသ တရားလေးပါးကို သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက် ခပ်သိမ်းသော ဉေယျတရား ပိုင်းခြား ထင်ထင် သိမြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သမန္တစက္ခု ဖြင့် သိမြင်ပြီးမှ ညွှန်ကြားခြင်း ဟောကြားခြင်း ဖြစ်ပါတယ်။ ယင်း ဓမ္မုဒ္ဒေသတရားလေးပါးကို ကိုယ်တိုင် သိလည်းသိ၊ မြင်လည်းမြင်၊ ကြားလည်းကြားပြီးမှ သဒ္ဓါပဗ္ဗဇိတ ရဟန်းအဖြစ်ဖြင့် အိမ်ရာတည် ထောင် ရဟန်းဘောင်သို့ ကပ်ရောက်ခဲ့ပါတယ်။ အခုမေးတဲ့ ပါရိဇုည လေးပါး နိပ်စက်လို့ ရဟန်းအဖြစ် ရောက်တယ်ဆိုတာ ဘယာပဗ္ဗဇိတ--တဲ့။

ငါကား သဒ္ဓါပဗ္ဗဇိတ-တဲ့၊ ရဲရဲတောက် မိန့်ကြားလိုက်တယ်။ ဒီတော့ ကောရဗျမင်းက ဘာလျှောက်သလဲ။

"ဥပနိယျတိ လောကော အဒ္ဓုဝေါ"တိ ဘဝံ ရဋ္ဌပါလော အာဟ။

ဘဝံရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ လောကော=ရှိသမျှ လူ အပေါင်းကို။ ဥပနိယျတိ=ဇရာတရား ဗျာဓိတရားတို့က နေ့ရှိသမျှ မရဏာသို့ ရောက်အောင် ပို့ဆောင်အပ်ပေ၏။ အဒ္ဓုဝေါ=သည့်အတွက် မခိုင်မမြဲချေ။ ဣတိ=ဤသို့။ အာဟ=မိန့်ဆိုတော်မူပြီ။

ဣမဿ ဘော ရဋ္ဌပါလ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗော။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ ဣမဿ ဘာသိတဿ =ဤပထမပြောဆိုတဲ့ ဓမ္မုဒ္ဒေသတရား၏။ အတ္ထော=အနက်အဓိပ္ပာယ် အကျယ်ကို။ ကထံ ဒဋ္ဌဗ္ဗော=အဘယ်သို့ မှတ်ရပါမည်နည်းဘုရား။

http:\\www.dhammadownload.com



အရှင်ဘုရား စကား သိပ်ကျဉ်းတယ်။ ဒီတော့ ပထမ ဓမ္မုဒ္ဒေသ အတွက် လက်တွေ့ နားလည်အောင် အကျယ်အနက် အဓိပ္ပာယ် ဘယ်လို မှတ်ရမတုန်းလို့ မေးမြန်း လျှောက်ထားတော့ အရှင်ရဋ္ဌပါလက လက်တွေ့တရား ဟောမယ်။ ဒီအနေနဲ့ စကားမဆိတ်ပါဘူး၊ အချိန် မဆိုင်းပါဘူး။

## ပထမ ဓမ္မုဒ္ဒေသ အကျယ် ဖြေကြားခြင်း

တံ ကိံ မညသိ မဟာရာဇ။

မဟာရာဇ=မြတ်သောမင်းကြီး။ တံ=ထိုယခု ငါမေးမယ့်စကားကို။ ကိံ မညသိ=သင် မင်းတရား ဘယ်လိုများ သဘောကျသလဲ။ ကိုင်း ဖြေစမ်းပ။

အဟောသိ တွံ ဝီသတိဝဿုဒ္ဒေသိကောပိ ပဏ္ဏဝီသတိ ဝဿုဒ္ဒေသိ ကောပိ ဟတ္ထိသ္မိံပိ ကတာဝီ အဿသ္မိံ ကတာဝီ ရထသ္မိံပိ ကတာဝီ ဓနုသ္မိံပိ ကတာဝီ ထရုသ္မိံ ကတာဝီ ဦရုဗလီ ဗာဟုဗလီ အလမတ္တော သင်္ဂါမာဝစရော။

တွံ=သင်မင်းတရားသည်။ ဝီသတိဝဿုဒ္ဒေသိကောပိ=အသက်နှစ်ဆယ်လို့ ခန့်မှန်းရတဲ့ အရွယ်ရှိသည်ဖြစ်၍လည်းကောင်း။ ဝါ=အရွယ် တုန်းကလည်းကောင်း။ (စဉ်းစားစမ်းပါ)။ ပဏ္ဏဝီသတိဝဿုဒ္ဒေသိ ကောပိ=အသက်အစိတ် (၂၅နှစ်)အရွယ်လို့ ညွှန်ပြရစဉ်က လည်း ကောင်း။ ဟတ္ထိသ္မိံ ပိကတာဝီ=ဆင်အတတ်မှာ တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဖြစ်၍။ အဿသ္မိံ ပိကတာဝီ=မြင်းစီးအတတ် တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဖြစ်၍။ ရထသ္မိံပိကတာဝီ= ရထားစီးအတတ်မှာ တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဖြစ်၍။ ဓနုသ္မိံ ပိကတာဝီ=လေးအတတ်မှာ တစ်ဖက်ကမ်းခတ် တတ်မြောက် သည်ဖြစ်၍။ ထရုသ္မိံပိ ကတာဝီ=ဓားခုတ် လှံထိုး အတတ်မျိုးတို့၌

http:\\www.dhammadownload.com



လည်း တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဖြစ်၍။ ဥရုဗလီ=ပေါင်အားကလည်း အလွန်ကောင်းသည် ဖြစ်၍။ ဗာဟုဗလီ=လက်ရုံးအားကလည်း အလွန်ကောင်းသည် ဖြစ်၍။ သင်္ဂါမာဝစရော=စစ်မြေပြင်သို့ သက်ဆင်းလျက်။ အလမတ္တော=စွမ်းဆောင်နိုင်သောကိုယ်အတ္တဘော ရှိသည်။ အဟောသိ=ဖြစ်ခဲ့သည် မဟုတ်ပါလော။

အရှင်မင်းကြီး၊ ပြန်စဉ်းစားစမ်းပါ။ အရှင်မင်းကြီး ဟို လွန်ခဲ့တဲ့အသက်နှစ်ဆယ် အသက်အစိတ် အရွယ်တုန်းက ဆင်းစီးအတတ်မြင်းစီးအတတ် ရထားစီးအတတ် လေးအတတ် မြားအတတ် ဓား ခုတ်လှံထိုး အတတ်အမျိုးမျိုးမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူပြီးကိုယ်တိုင်ကလည်း လက်ရုံးအား ပေါင်အား အားနှစ်မျိုးနဲ့ ပြည့်စုံ၍စစ်ပွဲနွှဲတဲ့အခါမှာ အင်မတန် စွမ်းဆောင်နိုင်တဲ့ အတ္တဘောရှိတဲ့ကိုယ်ဖြစ်တယ်မဟုတ်ဘူးလား။ မေးလိုက်တယ်။

ဧဝံ ဘော ရဋ္ဌပါလ၊ အဟောသိံ အဟံ ဝီသတိဝဿုဒ္ဒေသိကောပိ၊ ပဏ္ဏဝီသတိဝဿုဒ္ဒေသိကောပိ ဟတ္ထိသ္မိံ ကတာဝီ အဿသ္မိံ ကတာဝီ ရထသ္မိံ ဓနုသ္မိံ ပိကတာဝီ ထရုသ္မိံ ကတာဝီ ဥရုဗလီ ဗာဟုဗလီ အလမတ္တော သင်္ဂါမာဝစရော။

အရှင်ရဋ္ဌပါလ၊ ဟုတ်ပါတယ်။ အဟောသိံ အဟံ=တပည့်တော်ဖြစ်ခဲ့ပါတယ်။ ဘယ်အချိန်ကလဲ။ ဝီသတိဝဿုဒ္ဒေသိကောပိ ပဏ္ဏဝီသတိ ဝဿုဒ္ဒေသိ ကောပိ=အသက်နှစ်ဆယ် အသက်အစိတ် အရွယ်တုန်းက ဆင်းစီးအတတ် မြင်စီးအတတ် ရထားစီးအတတ် လေးမြားအတတ် ဓားခုတ် လှံထိုး အတတ်မျိုးမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်ပြီးသကာလ ပေါင်အားတွေ လက်ရုံးအားတွေ သူမတူတန်အောင် ကောင်း၊ စစ်မြေပြင် သက်ဆင်းတဲ့အခါမှာ အစွမ်းကုန် ရန်သောအတ္တဘော ရှိခဲ့တာ အမှန်ပါပဲ။ ဘယ်လောက်များ တပည့်တော် စွမ်းနိုင်တယ် မှတ်သလဲ ကိုယ်တော်။

http:\\www.dhammadownload.com



အပ္ပေကဒါဟံ ဘော ရဋ္ဌပါလ ဣဓ္ဓိမာဝ မညေ၊ န အတ္တနော ဗလေန သမသမံ သမနုပဿာမိ။

ဘော ရဋ္ဌပါလ=အိုအရှင်ဘုရား ရဋ္ဌပါလ။ အဟံ=အကျွန်ုပ်သည်။ အပ္ပေကဒါ=တစ်ခါတစ်လေများလေ။ ဣဓ္ဓိမာဝ=မိမိကိုယ်ကို တန်ခိုး ဣဓ္ဓိရှင်ကြီးကဲ့သို့။ မညေ=အောက်မေ့မှတ်ထင်ခဲ့ပါတယ်။ (ငါအလိုလို တန်ခိုးဣဓ္ဓိပါဒ်များ ရနေသလားလို့ အောက်မေ့ခဲ့တယ် ကိုယ်တော်)။ အတ္တနော=မိမိ၏။ ဗလေန=ကာယဗလအားဖြင့်။ သမသမံ= ထပ်မျှညီတူ တူတဲ့ ပုဂ္ဂိုလ်ကို။ န သမနုပဿာမိ=ဇမ္ဗူဒိပ်တစ်ကျွန်း မှာဖြင့် တစ်ယောက်မျှ မမြင်ခဲ့ရချေ။

ဇမ္ဗူဒိပါ တစ်ကျွန်းမှာ တစ်ဦးပဲ ရှိတယ်။ လက်ရုန်းကောင်း ဘယ်လောက်များ အထင်ကြီးလိုက်သလဲဆိုယင် ငါ ဣဓ္ဓိရှင်ကြီးများ ဖြစ်နေသလားလို့တောင် အောက်မေ့တယ်။ အရှင်ရဋ္ဌပါလက ဒီအကွက်ကို လိုချင်တယ်။ ဒီလို လိုချင်တဲ့ အဖြေရတော့မှ ဆက်မေးတယ်။

တံ ကိံ မညသိ မဟာရာဇ=မြတ်သောမင်းကြီး၊ အခု ငါမေးမယ့် စကားကို သင် သဘောကျတဲ့အတိုင်း ဖြေစမ်းပါ။

ဝေမေဝ တွံ ဧတရဟိ ဦရုဗလီ ဗာဟုဗလီ အလမတ္တော သင်္ဂါမာ ဝစရော။

မဟာရာဇ=မြတ်သောမင်းကြီး။ တွံ=သင်မင်းတရားသည်။ ဧတရဟိ=ယခုအခါ၌။ ဝေမေဝ=ဤအသက်နှစ်ဆယ် အစိတ် အရွယ်တုန်း က လိုပင်လျှင်။ ဦရုဗလီ=ပေါင်အားရှိသည်ဖြစ်၍ လည်းကောင်း။ ဗာဟုဗလီ=လက်ရုံးအားရှိသည်ဖြစ်၍ လည်းကောင်း။ သင်္ဂါမာ ဝစရော=စစ်မြေပြင်သို့ သက်ဆင်းသည်ဖြစ်၍။ အလမတ္တော=စွမ်းနိုင်သော ကိုယ်အတ္တဘောရှိသည်။ အဟောသိ=ဖြစ်နိုင်သေးသလော။

သင်မင်းကြီးတဲ့၊ အဲဒီ အသက်နှစ်ဆယ် အသက်အစိတ် အရွယ်တုန်းကလို အခုအချိန်မှာ သင်မင်းတရား ပေါင်အားတွေ လက်ရုံးအား

http:\\www.dhammadownload.com



တွေ ကောင်းကောင်းနဲ့ စစ်မြေပြင် ဆင်းပြီးတော့ လူစွမ်းကောင်းကြီး လုပ်နိုင်သေးရဲ့လားလို့ မေးတယ်။

နော ဟိဒံ ဘော ရဋ္ဌပါလ=အရှင်ဘုရား ရဋ္ဌပါလ။ မလုပ်နိုင်တော့ ပါ။ ဘာဖြစ်လို့လဲ။

ဧတရဟိ ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယော အနုပ္ပတ္တော။

အိုလိုက်သမှ အအိုပုဒ်ကို ငါးချက် ဆင့်ပြောတယ်။ ဇိဏ္ဏော ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယော အနုပ္ပတ္တော ဆိုတာ အိုကြီး အိုပေါ့ လေ။ အဲဒီ အိုကြီးအိုမှ ငါးအိုကို ပြောတာ။

ဧတရဟိ=ယခုအခါ၌။ အဟံ=တပည့်တော်သည်။ ဇိဏ္ဏော=အိုမင်း ခဲ့ပြီ။ ဝုဍ္ဎော=ကြီးခဲ့ပြီ။ မဟလ္လကော=အရွယ်ရင့်ခဲ့ပြီ။ အဒ္ဓဂတော= ပထမ မဇ္ဈိမ ပစ္ဆိမ အရွယ် အဆင့်ဆင့်ရောက်ခဲ့ပြီ။ ဝယော အနုပ္ပတ္တော =ပစ္ဆိမဆိုတဲ့ နောက်ဆုံး အရွယ်သို့ ရောက်နေပြီ။

ဒကာကြီး အသက် ဘယ်လောက် ရှိနေသတုန်းလို့ ဆိုတော့ -

အာသီတိကော မေ ဝယော ဝတ္တတိ။

မေ=တပည့်တော်၏။ ဝယော=အရွယ်သည်။ အာသီတိကော=ရှစ်ဆယ်အရွယ်သည်။ ဝတ္တတိ=ဖြစ်ခဲ့ပြီ။

တပည့်တော် အခု အသက်ရှစ်ဆယ်ရှိနေပြီ ကိုယ်တော်တဲ့။ ဟိုတုန်းက မကြောက်လန့်ဘူးတဲ့။ နို့ ဟိုတုန်းကတော့ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို ဣန္ဒိရှင်ကြီးလို အောက်မေ့တယ်ဆိုသလို။ အခုတော့ကော တစ်ခါတစ်လေ ဘယ်လိုဖြစ်တုန်းဆိုတော့ -

အပ္ပေကဒါဟံ ဘော ရဋ္ဌပါလ ဣဓ ပါဒံ ကရိဿာမီတိ

အညေနေဝ ပါဒံ ကရောမိ။

ဘော ရဋ္ဌပါလ=အိုအရှင်ဘုရား ရဋ္ဌပါလ။ အဟံ=တပည့်တော် သည်။ အပ္ပေကဒါ=တစ်ခါတစ်လေများ။ ဣဓ ပါဒံ ကရိဿာမီတိ=ဒီ

http:\\www.dhammadownload.com



နေရာမှာ ခြေထောက်ချမဟဲ့လို့ အောက်မေ့ပြီးတော့။ အညေနေဝ ပါဒံ ကရောမိ=အခြားနေရာတစ်ပါးကို ခြေထောက်ချမိပါတယ်။

ခြေချ မမှန်တော့ဘူးတဲ့။ ဟိုတုန်းက ဋ္ဌဒ္ဓိရှင်ကြီးလောက် အောက်မေ့တဲ့ တပည့်တော် ယခုအခါမှာ ငါ့ခြေ ဒီနေရာ ချပါပကောလို့ ချလိုက်တော့ ဟိုအနားရောက်ချင် ရောက်သွားတတ်တယ်တဲ့။ ကောင်းပြီတဲ့၊ ပြီးတော့မှ-

ဣဒံ ခေါ တံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သန္ဓာယ ဘာသိတံ " ဥပနိယျတိ လောကော အဒ္ဓုဝေါ" တိ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဣဒံ=ဤသင်မင်းတရား လက်တွေ့ဖြစ်တဲ့ ဤအချက်ကို။ သန္ဓာယ=ရည်စူး၍။ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန=သိတော်မူ မြင်တော်မူ ပူဇော်အထူး ခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ်ရှင် ထိုဘုရားသခင် ကိုယ်တော်မြတ်ကြီးက။ လောကော=လူအပေါင်းကို။ ဥပနိယျတိ= ဇရာ ဗျာဓိတို့က မရဏာရောက်အောင် ပို့ဆောင်အပ်ပေ၏။ ဣတိ တသ္မာ=သို့ရကား။ အဒ္ဓုဝေါ=တစ်ယောက်မျှ ခိုင်မြဲနေတယ်ရယ်လို့ မရှိ။ ဣတိ ဧတံ=ဤစကားရပ်ကို။ ဘာသိတံ=ဟောတော်မူအပ်ပြီ။

သင်မင်းကြီး လက်တွေ့မဟုတ်လား။ အဲဒီ လက်တွေ့ဖြစ်တဲ့ ငယ်ငယ်က အရွယ်နဲ့ အခုအရွယ် မတူတဲ့ ဒီအချက် ရည်စူးပြီးတော့ ဘုရားကိုယ်တော်မြတ်က လူတိုင်းလူတိုင်း ဇရာ ဗျာဓိက မရဏာသို့ နေ့ရှိသမျှ အပို့အဆောင် ခံနေရတယ်။ တစ်ယောက်မှ ခိုင်မာ မြဲတာရယ်လို့ မရှိဘူးလို့ ဒီ ပထမ ဓမ္မုဒ္ဒေသတရား ဟောတော်မူခြင်း ဖြစ်ပါတယ်။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

http:\\www.dhammadownload.com



အဟံ=ငါသည်။ ယံ=အကြင် ပထမ ဓမ္မဒေ္ဒသ တရားကို။ ဉတွာ စ=ကိုယ်တိုင် သိလည်း သိ၍လည်းကောင်း။ ဒိသွာ စ=ကိုယ်တိုင် မြင်လည်း မြင်၍လည်းကောင်း။ သုတွာ စ=ကိုယ်တိုင် ကြားလည်း ကြားရ၍လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ့ဘောင်မှ။ အနဂါရိယံ=အိမ်ရာ မထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော= ကပ်ရောက်ခဲ့ပါပြီ။

အဲဒီ ပထမ ဓမ္မဒေ္ဒသတရားကို ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ကြားပြီးမှ သဒ္ဓါတရား ရှေးရှုလျက် အိမ်ရာမထောင် ရဟန်းဘောင်သို့ ငါကပ်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်လို့ ဒီလို အမိန့်ရှိတယ်။

ကောရဗျမင်းတရား အားရပြီ။

အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ အစ္ဆရိယံ=လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ (တစ်ခါတည်း လက်ဝါးကြီး မြှောက်မြှောက်ပြီး) ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ အဗ္ဘုတံ= မဖြစ်စဖူး အထူးဖြစ်ပါပေစွ။

ယာဝ သုဘာသိတံ စိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန "ဉပနိယျတိ လောကော အဒ္ဓုဝေါ"တိ။

လောကော=ရှိသမျှလူအပေါင်းကို။ ဉပနိယျတိ=ဇရာ ဗျာဓိတို့က မရဏရောက်အောင် နေ့ရှိသမျှ ပို့ဆောင်အပ်ပေ၏။ အဒ္ဓုဝေါ= တစ်ယောက်မျှ ခိုင်ခံ့မြဲတယ်ရယ်လို့ မရှိ။ ဣဒံ=ဤစကားရပ်ကို။ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန= သိတော်မူ မြင်တော်မူ ပူဇော်အထူး ခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ်ရှင် ထိုဘုရားသခင် ကိုယ်တော်မြတ်သည်။ ယာဝ အတိဝိယ=အလွန်လျှင်။ သုဘာသိတံ=ကောင်းစွာ ဟောအပ်ပါသည် ဘုရား။ မှန်သမှ အလွန့်ကို မှန်၊ အလွန့်ကို ကောင်းတဲ့ တရားစကား။

http:\\www.dhammadownload.com



ဥပနိယျတိ ဟိ ဘော ရဋ္ဌပါလ လောကော အဒ္ဓုဝေါ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ လောကော=ရှိသမျှ လူအပေါင်းကို။ ဥပနိယျတိ ဟိ-ဥပနိယျတိ ဓဝေ=ဇရာ ဗျာဓိတို့က မရဏာ ရောက်အောင် နေ့ရှိသမျှ ပို့ဆောင်အပ်သည် အမှန်ပါ။ အဒ္ဓုဝေါ ဟိ-အဒ္ဓုဝေါ ဓဝေ=မမြဲတာ မခိုင်တာလည်း အမှန်ပါ။

တစ် – ဓမ္မုဒ္ဒေသတရားကို ကောရဗျ မင်းတရား အားရ နှစ်သက် ကောင်းချီးပေးတယ်။

အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ။

အံ့သြစရာကြီး၊ မဖြစ်စဖူး အထူးဖြစ်တဲ့ တရားပဲဆိုတာ ကောင်းချီး ပေးပြီးတော့ ဒုတိယ ဓမ္မုဒ္ဒေသအတွက် မေးချင်လို့ စကား တစ်ဆင့် တက်တယ်။

## ဒုတိယ ဓမ္မုဒ္ဒေသ အကျယ် ဖြေကြားခြင်း

သံဝိဇ္ဇန္တေ ခေါ ဘော ရဋ္ဌပါလ ဣမသ္မိံ ရာဇ ကုလေ ဟတ္ထိကာယာပိ အဿကာယာပိ ရထကာယာပိ ပတ္တိကာယာပိ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ ဣမသ္မိံ ရာဇကုလေ= ဤတပည့်တော်ရဲ့ နန်းတော်ကြီး အတွင်း၌။ ဗဟူ=များစွာကုန်သော။ ဟတ္ထိကာယာပိ=ဆင်အပေါင်းတို့သည်လည်းကောင်း။ ဝါ-ဆင်တပ် တို့သည်လည်းကောင်း။ အဿကာယာပိ=မြင်းတပ်တို့သည်လည်း ကောင်း။ ရထကာယာပိ=ရထားတပ်တို့သည်လည်းကောင်း။ ပတ္တိကာ- ယာပိ=ခြေလျင်သူရဲတပ်တို့သည်လည်းကောင်း။ (ဆင်တပ်တွေ၊ မြင်း တပ်တွေ၊ ရထားတပ်တွေ၊ ခြေကျင်တပ်တွေ၊ နန်းတော်ကြီး တစ်ခုလုံး အပြည့်ရှိတယ်ဘုရား)။ တေ=ထိုဆင်မြင်းရထား ခြေသည် အားဖြင့် လေးပါးသော စစ်တပ်ကြီးတို့သည်။ အမှာကံ=အကျွန်ုပ်တို့၏အပေါ်၌။ အာပဒါသု=ဘေးရန်တစ်ခုခု ကျရောက်လာမယ်ဆိုယင်။ ပရိယောဓာယ =ပိတ်ဆို့၍။ ဝတ္တိဿန္တိ=ကျင့်ကြလိမ့်မယ်။

http:\\www.dhammadownload.com



ဘယ်ဘေး ဘယ်ရန်မှ မကြောက်ရအောင် ဒီဆင်တပ်ကြီး မြင်းတပ်ကြီး၊ ရထားတပ်ကြီး၊ ခြေကျင်တပ်ကြီး၊ အင်္ဂါလေးပါးရှိတဲ့ စစ်တပ်ကြီးများက တပည့်တော်တို့ရဲ့အပေါ် ကျရောက်လာတဲ့ ဘေးတွေ ရန်တွေကို ကာကွယ်ကြလိမ့်မယ်ဘုရား။

လောကမှာ အရှင်ဘုရား၊ ဒုတိယမမ္ဗုဒ္ဓေသ -က

အတာဏော=စောင့်ရှောက်မယ့်လူ မရှိဘူးဆိုတဲ့ စကားအတွက် ဒီစောင့်ရှောက်မယ့်လူ မရှိဘူးဆိုပေမယ့် တပည့်တော်တို့မှာတော့ ဆင်တပ်တွေ အထပ်ထပ်၊ မြင်းတပ်တွေ အထပ်ထပ်၊ ရထားတပ်တွေ အထပ်ထပ်၊ ခြေကျင်တပ်တွေ အထပ်ထပ် -စောင့်ရှောက်နေလိုက်တာ အထပ်ထပ်ပြည့်လို့။

ဒါ-ကောရဗျမင်းက သူတို့ခေတ်ကပေါ့လေ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်၊ ဒီအင်္ဂါလေးပါးရှိတဲ့ ဒီစစ်တပ်ကို ဂုဏ်ယူရတာပဲ။ ကနေ့ ပြောစမ်းပါ။ လေတပ်၊ ရေတပ်၊ ကြည်းတပ်၊ ဘာတပ်၊ ညာတပ် တပ်တွေ အများကြီးပဲ။ စောင့်တဲ့လူတွေအများကြီးတဲ့။ ဒီတော့ အခု ကောရဗျမင်းကလည်းပဲ ရိုးရိုးပဲ သူငြင်းတယ်။ အဲဒါတွေဟာ တပည့်တော်တို့ စောင့်နေတဲ့တပ်တွေ ကိုယ်တော်။

"အတာဏော လောကော အနဘိဿရော" တိ ဘဝံ ရဋ္ဌပါလော အာဟ။

ဘဝံ ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလက။ လောကော=ရှိသမျှ လူအပေါင်းကို။ ဝါ=လူအပေါင်းသည်။ အတာဏော=စောင့်ရှောက်မယ့်သူ ကင်းလှချေ၏။ စောင့်ရှောက်မယ့်သူ မရှိဘူး။ အနဘိဿရော =ကိုးကွယ်ရာမရှိ၊ ဣတိ=ဤသို့။ အာဟ=မိန့်ဆိုတော်မူခဲ့၏။

ဒုတိယမမ္ဗုဒ္ဓေသတရား အရှင်ဘုရား ဟောကြားတယ်။

ဣမဿ ပန ဧာ ရဋ္ဌပါလ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗော။

http:\\www.dhammadownload.com



ယခု ဒုတိယမြောက် ဟောကြားအပ်တဲ့ ဓမ္မုဒ္ဒေသတရားရဲ့ အကျယ်ဖြစ်သော အနက်အဓိပ္ပာယ်ကို လက်တွေ့ ဘယ်လို မှတ်ရမတုန်းတဲ့။ မေးတယ်။ ဒီတော့ အရှင်ရဋ္ဌပါလက –

တံ ကိံ မညသိ မဟာရာဇ=ကောရဗျမင်းတရား၊ ယခု ငါမေးမယ့် စကားကို သင်ဘယ်လိုများ သဘောကျသတုံး၊ သဘောကျတဲ့အတိုင်း ဖြေစမ်းပ။

အတ္ထိ တေ ကောစိ အနုသာယိကော အာဗာဓောတိ။

တေ=သင်မင်းကြီးအား။ ကောစိ=တစ်စုံတစ်ခုသော။ အနုသာယိကော=ခန္ဓာကိုယ်တွင် အမြစ်မပြတ်သော။ အာဗာဓော=အနာသည်။ အတ္ထိ=ရှိသလော။

သင်ရဲ့ ခန္ဓာကိုယ်မှာ အမြစ်မပြတ်တဲ့ အမြဲတစေ ကိန်းပြီးနေတဲ့ အနာရောဂါ တစ်ခုခုများ ရှိသလားတဲ့။ ဒီတော့ ပြန်ပြောတယ်။

အတ္ထိ မေ ဘော ရဋ္ဌပါလ အနုသာယိကော အာဗာဓော။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ မေ=ငါ၏ကိုယ်၌။ အနုသာယိကော=အမြဲတစေ ကိန်းအောင်းနေလေသော၊ ဝါ–အမြစ်မပြတ်နိုင်သော။ အာဗာဓော=အနာသည်။ အတ္ထိ=ရှိပါ၏။

ကိုယ့်မှာ အမြစ်မပြတ်နိုင်တဲ့ အနာရောဂါ တစ်ခုရှိတယ်။ အေး .. ဆိုကြပါစို့၊ ပန်းနာ ပြောကြပါစို့။

အင်း ... အမြစ်ပြတ်ခဲတဲ့ ရောဂါပေါ့လေ။ ပန်းနာရှိတယ်ဆိုတော့–

အပ္ပေကဒါ မံ ဘော ရဋ္ဌပါလ မိတ္တာမစ္စာ ဉာတိသာလောဟိတာ ပရိဝါရေတွာ ဌိတာ ဟောန္တိ၊ "ဣဒါနိ ရာဇာ ကောရဗျော ကာလံ ကရိဿတိ၊ ဣဒါနိ ရာဇာ ကောရဗျော ကာလံ ကရိဿတီ" တိ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ အပ္ပေကဒါ=တစ်ခါတစ်လေများ။ မံ=တပည့်တော်ကို။ မိတ္တာမစ္စာ=အဆွေခင်ပွန်းချစ်ကျွမ်းဝင်တဲ့ လူတို့သည် လည်းကောင်း။ ဉာတိသာလောဟိတာ=

http:\\www.dhammadownload.com



ဆွေမျိုးသားချင်းတို့သည် လည်းကောင်း။ ပရိဝါရေတွာ=ဝိုင်းရံ၍။ ဣဒါနိ ရာဇာ ကောရဗျော ကာလံ ကရိဿတိ=ခြောက် ... ကောရဗျမင်းဟာဖြင့် ယခု သေတော့မှာပဲ။ ဣဒါနိ ရာဇာ ကောရဗျော ကာလံ ကရိဿတိ =ကောရဗျမင်းဟာဖြင့် အခုသေတော့မှာပဲလို့။ ပရိဝါရေတွာ=ဝိုင်းရံ၍။ ဌိတာ=တည်နေကြကုန်သည်။ ဟောန္တိ= ဖြစ်ပါကုန်၏။

## ဆွေမျိုးတို့အား ဝေဒနာကို ခွဲဝေပေး၍ မရနိုင်

တပည့်တော်ရဲ့ ပန်းနာဟာ တစ်ခါ တစ်ခါ ထလိုက်ပြီဆိုမှဖြင့် ပိဟ်ဆွေတွေ သင်္ဂဟတွေ ဆွေမျိုးသားချင်းတွေ ဝိုင်းပြီးတော့ ဟင်-ကောရဗျမင်းတော့ သေတော့မှာပဲ၊ ကောရဗျမင်းတော့ သေတော့မှာပဲ လို့ ဘေးက ဝိုင်းကြည့်နေရတဲ့ အခြေအနေကို ရောက်ခဲ့ပါတယ် ဘုရား လို့ လျှောက်တယ်။

ရှင်ရဋ္ဌပါလက - တံ ကိံ မညသိ မဟာရာဇ=ကောရဗျမင်းတရား၊ ယခု ငါမေးမယ့် စကားကို ဘယ်လိုများ မှတ်ထင်သလဲ၊ ဆက်ပြီးတော့ မြေစမ်းပါတဲ့။

လဘာသိ တွံ တေ မိတ္တာမစ္စေ ဉာတိသာလောဟိတေ။

မဟာရာဇ=မြတ်သောမင်းကြီး။ တွံ=သင်သည်။ တေ မိတ္တာမစ္စေ= ထိုအဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့ကို လည်းကောင်း။ တေ ဉာတိသာလောဟိတေ=ထိုဆွေမျိုးသားချင်းတို့ကို လည်းကောင်း။

အာယန္တု မေ ဘောန္တော မိတ္တာမစ္စာ ဉာတိသာလောဟိတာ။

အိုး-ငါရဲ့ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူများ ဆွေမျိုးသားချင်းများ လာကြပါ။

သဗ္ဗေဝ သန္တာ ဣမံ ဝေဒနံ သံဝိဘဇထ၊ ယထာဟံ လဟုကတရိကံ ဝေဒနံ ဝေဒိယေယျန္တိ။

http:\\www.dhammadownload.com



ငါအခု စွဲကပ်နေတဲ့ ဝေဒနာကို ပေါ့ပေါ့ပါးပါး အခုထက် သက်သက်သာသာလေး ခံစားနိုင်အောင် ငါ့ရှိတဲ့ မိတ်ဆွေသင်္ဂဟတွေ ဆွေမျိုးသားချင်းတွေ ငါ့ဝေဒနာလေး ခွဲပြီးတော့ ယူကြစမ်းပါလို့ အဲဒီလိုများ ပြောလို့ ရရဲ့လားတဲ့။

ဥဒါဟု=သို့မဟုတ်။ တွံ ယေဝ=သင်မင်းတရားသည်သာလျှင်။ တံ ဝေဒနံ=ထိုဗျာဓိဒုက္ခရောက်ရှိတဲ့ ဝေဒနာကို။ ဝေဒိယသိ=ခံစားရသလော။

ကိုင်း-သင့်မှာ စွဲကပ်နေတဲ့ ဝေဒနာတွေ ဆွေမျိုးမိတ်သင်္ဂဟတွေကို ခေါ်ပြီးတော့ "လာကြစမ်းပါဟေ့၊ ငါ့မှာရှိတဲ့ ဝေဒနာကို သက်သက်သာသာ ပေါ့ပေါ့ပါးပါး ခံစားရအောင် သင်တို့ ခွဲဝေယူကြစမ်းပါ"လို့ များ ပြောလို့များ ရရဲလားတဲ့။ ဒါမှမဟုတ် အဲဒီ ဝေဒနာကို သင်မင်းတရားကြီးဘာသာ ခံစားရသလားတဲ့။ ဖြေပြီ။

နာဟံ ဘော ရဋ္ဌပါလ လဘာမိ တေ မိတ္တာမစ္စေ ဉာတိသာလောဟိ တေ=အရှင်ဘုရား ရဋ္ဌပါလ၊ တပည့်တော်ဟာ ထိုမိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ရဲ့ အပေါ်မှာ။ အာယန္တု မေ ဘောန္တော မိတ္တာမစ္စာ ဉာတိသာလောဟိတာ = လာကြပါ၊ ငါရဲ့ မိတ်ဆွေ သူငယ်ချင်း ဆွေမျိုးသားချင်း အပေါင်းတို့။ သဗ္ဗေဝ သန္တာ ဣမံ ဝေဒနံ သံဝိဘဇထ၊ ယထာဟံ လဟုကတရိကံ ဝေဒနံ ဝေဒိယေယျန္တိ=ငါယခု ဝေဒနာကို ပေါ့ပေါ့ပါးပါး သက်သက်သာသာ ခံစားရအောင် မောင်တို့ အားလုံး ဒီဝေဒနာကို ဝေခွဲယူကြစမ်းပါလို့ ဒီလို ပြောပိုင်ခွင့် ဆိုပိုင်ခွင့် မရပါဘူးတဲ့။

အထ ခေါ အဟမေဝ တံ ဝေဒနံ ဝေဒိယာမိ။ အထ ခေါ=စင်စစ်ကား။ တံဝေဒနံ=ထိုဝေဒနာကို။ အဟမေဝ=တပည့်တော်သာလျှင်။ ဝေဒိယာမိ=ခံစားရပါတယ်ဘုရားလို့ အဲဒီလို ပြန်လျှောက်တော့မှ အရှင် ရဋ္ဌပါလက ဖြေပြီ။

http:\\www.dhammadownload.com



ဣဒံ ခေါ တံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သန္ဓာယ ဘာသိတံ " အတာဏော လောကော အနဘိဿရော" တိ။

မဟာရာဇ=ကုရုတိုင်းအလုံး ဟုန်းဟုန်းထမျှ တောက်ပပါသော မင်းကြီး။ ဣဒံ ခေါ တံ=ဤအနက် အဓိပ္ပာယ်ကို။ သန္ဓာယ=ရည်ရွယ်၍။ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန= သိတော်မူ မြင်တော်မူ ပူဇော်အထူး ခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ် ရှင် ထိုဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ အတာဏော လောကော အနဘိဿရောတိ=လောကကြီး တစ်ခုလုံး စောင့်ရှောက်မယ့်သူ မရှိ၊ သက်သာအောင် ခိုကိုးရမယ့်သူ မရှိဘူးဟူ၍။ ဘာသိတံ=ဟောကြား တော်မူအပ်ပြီ။

ဒုတိယ ဓမ္မုဒ္ဒေသတရား၊ ဒီအချက်ကို ရည်စူးပြီးတော့ မြတ်စွာ ဘုရား ဟောခဲ့တယ်။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

ယင်း ဒုတိယ ဓမ္မုဒ္ဒေသတရားကို ငါ ကိုယ်တိုင် သိလည်းသိ၊ မြင်လည်းမြင်၊ ကြားလည်းကြားပြီးမှ သဒ္ဓါတရားရှိရှိနဲ့ အိမ်ရာတည် ထောင် လူ့ဘောင်မှ ထွက်မြောက်၊ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ကောရဗျမင်းတရားက ကောင်းချီးပေးပြီ။

အစ္ဆရိယံ ဘော ရဋ္ဌပါလ=အရှင်ဘုရား ရဋ္ဌပါလ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပေစွ။ အဗ္ဘုတံ ဘော ရဋ္ဌပါလ=မဖြစ်စဖူး အထူးဖြစ်ပါပေစွ အရှင်ရဋ္ဌပါလ။

ယာဝ သုဘာသိတံ စိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန "အတာဏော လောကော အနဘိဿရော" တိ။

http:\\www.dhammadownload.com



လောကကြီး တစ်ခုလုံး စောင့်ရှောက်မယ့်လူ မရှိဘူးတဲ့၊ ခိုကိုးရာ သူ မရှိဘူးဟဲ့ ဆိုတဲ့ ဤစကားကို သိတော်မူ မြင်တော်မူ ပူဇော်အထူး ကို ခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ်ရှင် ထိုဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် အလွန့်အလွန် မှန်ကန်စွာ ဟောကြားတော်မူအပ်ပါပေစွ။

အတ္တာဏော ဟိ ဘောာ ရဋ္ဌပါလ လောကော အနဘိဿရော။

ဘောာ ရဋ္ဌပါလ=အရှင်ဘုရား ရဋ္ဌပါလ။ လောကော=ရှိသမျှ လူအ ပေါင်းသည်။ အတာဏော ဟိ-အတာဏော ဧဝ=ကိုးကွယ်ရာ မရှိကြ သည်သာလျှင်တည်း။ အနဘိဿရော ဟိ-အနဘိဿရော ဧဝ= ခိုးကိုးရာ မရှိကြသည် ကေန် မှန်လှပါသည် ဘုရား။

ဒုတိယဓမ္မုဒ္ဒေသတရားကို ကျေကျေနပ်နပ် လက်ခံပြီးတော့ တတိယ ဓမ္မုဒ္ဒေသအတွက် အခြေခံပြီး လျှောက်ချင်လို့။

## တတိယ ဓမ္မုဒ္ဒေသအကျယ် ဖြေကြားခြင်း

သံဝိဇ္ဇတိ ခေါ ဘောာ ရဋ္ဌပါလ ဣမသ္မိံ ရာဇကုလေ ပဟူတံ ဟိရည သုဝဏ္ဏံ ဘူမိဂတဉ္စေဝ ဝေဟာသဂတဉ္စ။

အရှင်ဘုရား ရဋ္ဌပါလ၊ တပည့်တော်ရဲ့ ရွှေနန်းတော်မှာ မြေထဲ မြှုပ်ထားတဲ့ ရွှေတွေ ငွေတွေ၊ မြေပေါ်မှာ ကောင်းကင်အတွင်းမှာထားတဲ့ ရွှေတွေ ငွေတွေ အများကြီး ရှိတယ်။ အဲဒီလို ရှိတဲ့ ရွှေတွေ ငွေတွေဟာ ဘယ်သူ့အပိုင်လဲ၊ ကိုယ်ပိုင်ဥစ္စာ မရှိဘူးဆိုတော့ တတိယဓမ္မုဒ္ဒေသ အကြောင်း ပြောချင်လို့။ အဲဒါလောက်များတဲ့ ရွှေတွေ ငွေတွေ ကိုယ်ပိုင် ဥစ္စာ တပည့်တော်တို့မှာ ရှိတယ်တဲ့။ မြေမြှုပ်ထားတာ၊ ကုန်းပေါ်ထား တာ ရွှေတွေ ငွေတွေ အများကြီး ရှိတယ်။

အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယန္တိ ဘဝံ ရဋ္ဌပါလော အာဟ။

http:\\www.dhammadownload.com



လောကော=ရှိသမျှ လူအပေါင်းသည်။ အဿကော=ကိုယ်ပိုင်ဥစ္စာ ရယ်လို့။ သြော် (အရှင်ဘုရားက လူတိုင်းလူတိုင်း ကိုယ်ပိုင်ဥစ္စာမရှိဘူးလို့ ပြောတယ်။ တပည့်တော်ရဲ့ရွှေနန်းတော်မှာ အပြည့်ရှိတယ် ရွှေတွေ ငွေတွေ) သဗ္ဗံပဟာယ=အကုန်လုံးစွန့်ပယ်ပြီးတော့။ ဂမနီယံ=သွားအပ်၏။ (အကုန်လုံးစွန့်ပြီးသွားရမှာလို့)။ ဣတိ=ဤသို့။ ဘဝံ ရဋ္ဌပါလော=အရှင်ဘုရား ရဋ္ဌပါလသည်။ အာဟ=ဟောတော်မူ၏။

ဣမဿ ပန ဘော ရဋ္ဌပါလ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗော။

အရှင်ရဋ္ဌပါလ၊ မေးပါရစေ၊ ဤယခု တတိယမြောက် ဓမ္မုဒ္ဒေသ အကျဉ်းတရားစကားရဲ့ အကျယ်အနက်အဓိပ္ပာယ်တော့ တပည့်တော် ဘယ်လိုမှတ်ရမလဲ ဆိုတော့ အရှင်ရဋ္ဌပါလက ပြောတယ်။

တံ ကိံ မညသိ မဟာရာဇ=ကောရဗျမင်းတရား၊ အခု ငါမေးမယ့် စကားကို သင်ဘယ်လိုများ သဘောကျသတုန်း၊ သဘောကျတဲ့အတိုင်း ဖြေခွင့်ရှိပါတယ်။ ဖြေနိုင်ပါတယ်၊ ဖြေစမ်းပါ။

## ယခုဘဝစည်းစိမ်ကို တမလွန်ဘဝ ယူမရ

ယထာ တွံ ဧတရဟိ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေသိ။

တွံ=သင်သည်။ ဧတရဟိ=ဤယခုအခါ၌။ ပဉ္စဟိ ကာမဂုဏေဟိ =အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့်။ သမပ္ပိတော=ရောင့်ရဲခြင်း အားကြီးသည်ဖြစ်၍။ သမင်္ဂီဘူတော=ပြည့်စုံသည်ဖြစ်၍။ ပရိစာရေသိ= တင့်တယ်စံပယ် သုံးဆောင်၍ နေပါပေ၏။

လစ္ဆသိ တွံ ပရတ္ထာပိ ဧဝမေဝါဟံ ဣမေဟေဝ ပဉ္စဟိ
ကာမဂုဏေ ဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေဿန္တိ။

တွံ=သင်မင်းတရားသည်။ ပရတ္ထာပိ=တမလွန်လောက ဟိုဘဝ၌လည်း။ ဧဝမေဝ=ဤယခုအတူပင်လျှင်။ အဟံ=ငါသည်။ ဣမေဟေဝ

http:\\www.dhammadownload.com



ပဉ္စဟိ ကာမဂုဏေဟိ=ငါယခု ရရှိထားတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့ ဖြင့်ပင်လျှင်။ သမပ္ပိတော=ခံစားသုံးဆောင်လျက်။ သမင်္ဂီဘူတော= ပြည့်စုံလျက်။ ပရိစာရေယျံ=တင့်တယ်စံပယ်အံ့။ ဣတိ=ဤသို့သော အခွင့်အရေးကို။ တွံ=သင်သည်။ လစ္ဆသိ=ရနိုင်ပါ့မလား။

ယခု ပစ္စုပ္ပန်ဘဝမှာ ဒီမင်းစည်းစိမ်ကို မြိန်မြိန်ယှက်ယှက် ခံစားရ သလို ငါဟာ တမလွန်လောက ဘုံဘဝမှာလည်းပဲ ဝတ္ထုအာရုံကာမဂုဏ် တို့ကို ပြည့်ပြည့်စုံစုံ ခံစားလိုပါ၏လို့ဆိုတဲ့ ခံစားနိုင်ခွင့်ကို သင်ရရဲ့ လားတဲ့။

ဥဒါဟု အညေ ဣမံ ဘောဂံ ပဋိပဇ္ဇိဿန္တိ၊
တွံ ပန ယထာကမ္မံ ဂမိဿသိ။

ဥဒါဟု=သို့မဟုတ်။ အညေ=သင်မှတစ်ပါး အခြားသူတို့က။ ဣမံ ဘောဂံ=ဤမင်းရဲ့ စည်းစိမ်ကို။ ပဋိပဇ္ဇိဿန္တိ=စီမံရစ်ကြ ခံစံရစ်ကြ ကုန်လတ္တံ့။ တွံ ပန=သင်ကတော့။ ယထာကမ္မံ=ကံအားလျော်စွာ။ ဂမိဿသိ =လားရမည် မဟုတ်လော။

ဘယ့်နှယ်လဲ၊ အခုပြောတဲ့အတိုင်း အခုဘဝ ခံစားနေရတဲ့ စည်းစိမ် ကို ဟိုဘဝမှာ ယူပြီးတော့ ခံစားလို့ ရသလား။ ဒါမှမဟုတ်ယင် သင့်မှာ ရှိတဲ့ စည်းစိမ်တွေကို ကျန်ရစ်တဲ့ တခြားတစ်ပါးသော ပုဂ္ဂိုလ်များက စီမံခန့်ခွဲ သုံးစွဲပြီးပေါ့ ကိုယ့်မှာတော့ အဝတ်တစ်ထည် ကိုယ်တစ်ခု ဆိုသလိုပေါ့လေ။ (သေတဲ့သူ လှမ်းမျှော်ကြည့်ကြ၊ ဘာမှမပါဘူး။ အဝတ်တစ်ထည်တောင်မှ သုသာန်ကျယင် ကောင်းယင် ချွတ်ယူလိုက် သေးတယ် မဟုတ်လား)။ သင့်မှာတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကံစီမံတဲ့လမ်း သင်တစ်ယောက်တည်း သွားရမှာ မဟုတ်လား-တဲ့။

ယထာဟံ ဘော ရဋ္ဌပါလ ဧတရဟိ ပဉ္စဟိ ကာမဂုဏေဟိ
သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေမိ။

http:\\www.dhammadownload.com



တပည့်တော် အခုဘဝ မင်းစည်းစိမ် အာရုံ ကာမဂုဏ်တို့နဲ့ ပြည့်ပြည့်စုံစုံ ခံစားသုံးဆောင်၍ နေရသလို –

နာဟံ လစ္ဆာမိ ပရတ္ထာပိ ဧဝမေဝ ဣမေဟော ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေဿန္တိ။

တပည့်တော် တမလွန်လောက ဟိုဘဝမှာလဲ ဒီဘဝက မင်းစည်းစိမ်တွေနဲ့ပဲ တင့်တင့်တယ်တယ် ခံစံ သုံးဆောင်ပါလို၏ဆိုတဲ့ သုံးဆောင်နိုင်ခွင့် တပည့်တော် မရဧကန် မုန်ပါတယ်။

အထ ခေါ အညေ ဣမံ ဘောဂံ ပဋိပဇ္ဇိဿန္တိ။

တကယ်ဆိုတော့ ဒီ စည်းစိမ်တွေကို တပည့်တော် ကွယ်လွန်သွားတဲ့အခါ တခြားတစ်ပါးသော ပုဂ္ဂိုလ်များ စီမံခန့်ခွဲ သုံးစွဲရစ်ကြပါလိမ့်မယ်။

"အဟံ ပန ယထာကမ္မံ ဂမိဿာမိ=တပည့်တော်ကတော့ ကိုယ့်ကံအားလျော်စွာ သုဂတိ ဒုဂ္ဂတိဘဝများ လားရ ရောက်ရမည် ဖြစ်ပါသည် ဘုရား"လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားက တတိယဓမ္မုဒ္ဒေသအနေနဲ့ လူတိုင်းလူတိုင်း ကိုယ်ပိုင်တဲ့ ဥစ္စာရယ်လို့ မရှိဘူး။ အကုန်လုံး စွန့်ပြီး ပယ်ပစ်ခဲ့ကြရမှာတဲ့။ အခု ကောရဗျမင်းတရားက သူ့မှာ ငွေတွေ ရွှေတွေ အပိုင် အများကြီး ရှိတယ်လို့ ပြောတယ်။ အဲ–သင့်ကို မေးမယ်။ အဲဒီ သင်ပိုင်တဲ့ ရွှေတွေ ငွေတွေကို ဟိုဘဝ ယူပြီးတော့ သင် ပေးကမ်းနိုင်ရဲ့လား။ သုံးဆောင်လို့ကော ရရဲ့လား။ ဒါမှမဟုတ်လို့ရှိယင် သင်ပိုင်တဲ့ ရွှေတွေ ငွေတွေ ဒီမှာကျန်ရစ်ခဲ့တဲ့ လူတွေက သုံးစွဲပြီး သင်ကတော့ ကံအားလျော်စွာ လားရမှာပဲ မဟုတ်ဘူးလားဆိုတော့ ဟုတ်တယ်။ ဒါ ဝန်ခံရတယ်။

ဣဒံ ခေါ တံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သန္ဓာယ ဘာသိတံ အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယန္တိ။

http:\\www.dhammadownload.com



မဟာရာဇ=မြတ်သောမင်းကြီး။ ဣဒံ ခေါ စော်=ဤအနက်သဘော ကိုပင်။ သန္ဓာယ=ရည်စူး၍။ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန=သိတော်မူ မြင်တော်မူ ပူဇော်အထူး ခံတော် မူထိုက်သော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူတဲ့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ လောကော=ရှိသမျှ လူ အပေါင်းသည်။ အဿကော=ကိုယ်ပိုင်ဥစ္စာ မရှိ။ သဗ္ဗံ=အလုံးစုံကို။ ပဟာယ=ပယ်စွန့်၍။ ဂမနီယံ=သွားကြရမည်သာ။ ဣတိ စော်= ဤစကားကို။ ဘာသိတံ=ဟောကြားတော်မူအပ်ပါ၏။

တတိယမြောက် ဓမ္မုဒ္ဒေသ တရားအကျဉ်း ဒီအနက် အဓိပ္ပာယ် အကျယ် ရည်စူး၍ ဘုရားဟောခြင်း ဖြစ်ပါတယ်။

ယမဟံ ဥတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။

ယံ=အကြင် တတိယဓမ္မုဒ္ဒေသ=ဘယ်သူ တစ်ဦးတစ်ယောက်မှ ကိုယ်ပိုင်ဥစ္စာမရှိ အကုန်လုံး စွန့်ပြီးတော့ တမလွန် သွားကြရမည်သာ ဆိုတဲ့ တတိယ ဓမ္မုဒ္ဒေသတရားကို။ အဟံ=ငါသည်။ ဥတွာ စ=ကိုယ် တိုင် သိလည်း သိ၍လည်းကောင်း။ ဒိသွာ စ=ကိုယ်တိုင် မြင်လည်း မြင်၍လည်းကောင်း။ သုတွာ စ=ကိုယ်တိုင် ကြားလည်းကြား၍လည်း ကောင်း။ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော=အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်ခဲ့ပါသည်။

အဲဒီလို အရှင်ရဋ္ဌပါလက ဖြေကြားလိုက်တဲ့အခါ ကောရဗျမင်း တရား ကောင်းချီးပေးပြန်ပြီ။ "အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ=အရှင်ရဋ္ဌပါလ၊ လက်ဖျစ်တီး အံ့ချီးဖွယ်ကြီးပါဘုရား၊ အရှင် ရဋ္ဌပါလ၊ မဖြစ်စဖူး မကြားစဖူး အထူးဖြစ် အထူး ကြားရပါတယ် ဘုရား။"

http:\\www.dhammadownload.com



## စတုတ္ထဓမ္မုဒ္ဒေသအကျယ် ဖြေကြားခြင်း

အဿကော ဟိ ဘောရဋ္ဌပါလ လောကော သဗ္ဗံ ပဟာယ ဂမနီယံ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ ဟိ=စင်စစ်ကေန် အမှန်ပင်။ လောကော=ရှိသမျှ လူအပေါင်းသည်။ အဿကော=ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိပါ။ သဗ္ဗံ=အလုံးစုံကို။ ပဟာယ=ပယ်စွန့်၍။ ဂမနီယံ=သွားကြရမည်သာ။

အဲဒီ တတိယဓမ္မုဒ္ဒေသတရားကို ထောက်ခံပြီးတော့မှ နောက်ဆုံး စတုတ္ထဓမ္မုဒ္ဒေသအတွက် မေးလိုလို့ ဒီစတုတ္ထဓမ္မုဒ္ဒေသအတွက်ကျတော့ အခြေခံစကားတွေ မပါဘူး။ ခုနင်တုန်းကတော့ သူ့မှာ ဆင်တပ်ကြီး မြင်းတပ်ကြီး ရထားတပ်ကြီး ခြေကျင်တပ်ကြီးတွေ တပည့်တော် အစောင့်ရှိတယ်၊ ကိုယ်တော်က စောင့်ရှောက်မယ့်သူ မရှိဘူးလို့ ပြောတယ်။ ဒီတော့ လူတိုင်း လူတိုင်း ကိုယ်ပိုင်ဥစ္စာ မရှိဘူး ပြောတယ်၊ တပည့်တော် ရွှေနန်းတော်မှာ ရွှေတွေ ငွေတွေ အများကြီး ရှိတယ် ပြောတယ်။

အခုတော့ တိုက်ရိုက်ပဲ မေးတော့တယ်။

"ဦနော လောကော အတိတ္တော တဏှာဒါသော"တိ ဘဝံ ရဋ္ဌပါလော အာဟ။

လောကော=ရှိသမျှ လူအပေါင်းသည်။ ဦနော=အမြဲတစေ ယုတ်လျော့ လျော့လျော့ ဟောက်လျက်သာနေ၏။ (အလိုဘယ်တော့မှ ပြည့်တယ်ရယ်လို့ မရှိဘူး)။ အတိတ္တော=ဘယ်တော့မှ ရောင့်ရဲသည် မရှိ။ တဏှာဒါသော=အမြဲတစေ တဏှာရဲ့ ကျွန်ခံ၍ နေရပေ၏။ ဣတိ=ဤသို့။ ဘဝံ ရဋ္ဌပါလော=အရှင်ရဋ္ဌပါလသည်။ အာဟ=ဟောတော်မူ၏။

စတုတ္ထ ဓမ္မုဒ္ဒေသအနေနဲ့ အရှင်ဘုရား ဟောကြားတော်မူခဲ့တယ်။

http:\\www.dhammadownload.com



ဣမဿ ဘော ရဋ္ဌပါလ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗော။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ ဣမဿ ဘာသိတဿ =ဤစကားရပ်၏။ အတ္ထော=အနက်အဓိပ္ပာယ် အကျယ်ကို။ ကထံ ဒဋ္ဌဗ္ဗော=အဘယ်သို့ တပည့်တော် မှတ်ရပါမည်နည်း ဘုရား။

လို့ ကောရဗျမင်းတရား လျှောက်ထားတော့ အရှင်ရဋ္ဌပါလက ဘာပြန်ပြောသလဲ။

တံ ကိံ မညသိ မဟာရာဇ=ကုရုတိုင်းအလုံး ဟုန်းဟုန်းနေလ တောက်ပတဲ့ ကောရဗျမင်းတရား၊ အခု ငါမေးမယ့် စကားကို သင် ဘယ်လိုများ သဘောကျသတုန်း။ သဘောကျတဲ့အတိုင်း ဖြေစမ်းပါ့။

ဖိတံ ကုရုံ အဇ္ဈာဝသသိ။ တွံ=အသင်မင်းတရားသည်။ ဖိတံ=ကြွယ် ဝသော။ ကုရုံ=ကုရုတိုင်းအလုံးကို။ အဇ္ဈာဝသသိ=စိုးအုပ်လွှမ်းမိုး၍နေ သည် မဟုတ်လော။

သင်မင်းတရားဟာ အင်မတန် ကျယ်ဝန်းတဲ့ ကုရုတိုင်းအလုံးကို ဟုန်းဟုန်းနေလ တောက်ပအုပ်စိုးပြီးတော့ ပိုင်စိုးပိုင်နင်း နေရတာ မဟုတ်လော-တဲ့။

ဧဝံ ဘော ရဋ္ဌပါလ ဖိတံ ကုရုံ အဇ္ဈာဝသာမိ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ ဧဝံ=မှန်ပါတယ်ဘုရား။ ဖိတံ ကုရုံ အဇ္ဈာဝသာမိ=ကြွယ်ဝချမ်းသာသော ကုရုတိုင်း တစ်ခုလုံး ကို တပည့်တော် ဘုန်းတန်ခိုးတောက်ပပြီး အစိုးရနေရပါတယ် ဘုရား လို့ လျှောက်တယ်။

## လေးကျွန်းလုံးကို အုပ်စိုးလိုခြင်း

တံ ကိံ မညသိ မဟာရာဇ=ကောရဗျမည်ငြား အို မင်းတရား။ အခု ငါမေးမယ့် ဒုတိယ အမေးစကားကို သင်ဘယ်လိုများ သဘောကျသလဲ၊ သဘောကျတဲ့အတိုင်း ဖြေစမ်းပါ။ ဆိုပြီးတော့ -

http:\\www.dhammadownload.com



ဣဓ ပုရိသော အာဂစ္ဆေယျ ပုရတ္ထိမာယ ဒိသာယ သဒ္ဓါယိကော ပစ္စယိကော။

ဣဓ=ဤကုရုတိုင်း သင်၏ထံမှောက်သို့။ သဒ္ဓါယိကော=ယုံကြည်လောက်သော။ ပစ္စယိကော=ခိုင်မာသောစကား ရှိသည်ဟု အသိအမှတ် ပြုအပ်သော။ ပုရိသော=သင်ရဲ့ လူယုံယောကျ်ားတစ်ယောက်သည်။ ပုရတ္ထိမာယ ဒိသာယ=အရှေ့အရပ်မှ။ အာဂစ္ဆေယျ=လာတယ် ဆိုပါစို့။

သင်ကလည်း အင်မတန် ယုံကြည်ရတဲ့ လူယုံတော်တစ်ယောက် သင့်ထံမှောက် အရှေ့အရပ်က လာတယ် ဆိုပါစို့။

သော တံ ဥပသင်္ကမိတွာ ဧဝံ ဝဒေယျ။

သော=ထိုအရှေ့အရပ်ကလာလတ်တဲ့ လူယုံတော်က။ တံ=သင့်ကို။ ဥပသင်္ကမိတွာ=ချဉ်းကပ်၍။ ဧဝံ ဝဒေယျ=ဤသို့ ပြောတယ် ဆိုပါစို့။

အဲဒီ လူယုံတော်က သင့်အနားကပ်ပြီးတော့ သင့်ကို ဤသို့ ပြောတယ်ဆိုပါစို့။ ဘယ်လို ပြောသလဲ။

ယဃ္ဃေ မဟာရာဇ ဇာနေယျာသိ။

မဟာရာဇ=မြတ်သောမင်းကြီး။ ယဃ္ဃေ=ဘုရားကျွန်တော်မျိုး လျှောက်ထားပါရစေ။ ဇာနေယျာသိ စဉ်းစားဆင်ခြင်တော်မူဘုရား။

အဟံ အာဂစ္ဆာမိ ပုရတ္ထိမာယ ဒိသာယ=ကျွန်တော်မျိုးသည် အရှေ့အရပ်က လာခဲ့ပါတယ်။

တတ္ထဒ္ဒသံ မဟန္တံ ဇနပဒံ ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဗဟုဇနံ
အာကိဏ္ဏ မနုဿံ။

တတ္ထ=ထိုအရှေ့အရပ်၌။ အပဿံ=အကျွန်ုပ်သည်။ ဣဒ္ဓဉ္စေဝ=ပြည့်စုံသည်လည်းဖြစ်သော။ ဖီတဉ္စ=ဝပြောသည်လည်းဖြစ်သော။ ဗဟုဇနံ=များစွာသော လူအပေါင်းရှိသည်လည်း ဖြစ်သော။ အာကိဏ္ဏမနုဿံ=

http:\\www.dhammadownload.com



လူမျိုး တစ်ရာ့တစ်ပါး ပြွမ်းသည်လည်း ဖြစ်သော။ မဟန္တံ=ကြီးစွာသော။ ဓနပဒံ=ဇနပုဒ်တိုက်ကြီးတစ်ခုကို။ အဒ္ဒသံ=မြင်ခဲ့ပါတယ်ဘုရား။

အင်မတန် စည်ကားတယ်၊ အင်မတန် စည်ပင်ဝပြောတဲ့ တိုက်နယ်ကြီးတစ်ခု၊ ခရိုင်ကြီးတစ်ခု ဆိုပါစို့လေ၊ ကနေ့ပြော ပြောယင် ခရိုင်ကြီးတစ်ခု ဘုရား ကျွန်တော်မျိုး တွေ့ခဲ့တယ်၊ အင်မတန် စည်ကားတယ်။

ဗဟူ တတ္ထ ဟတ္ထိကာယာ အဿကာယာ ရထကာယာ ပတ္တိကာယာ။

အဲဒီ တိုက်နယ်ကြီးတစ်ခုထဲမှာ ဆင်တပ်တွေကလည်း အများကြီး၊ မြင်းတပ်တွေကလည်း အများကြီး၊ ရထားတပ်တွေ၊ ခြေကျင်တပ်တွေကလည်း အများကြီး။ ဗဟုတတ္ထ နေခဲ့=အဲဒီတိုက်နယ်ကြီးထဲမှာ ဥစ္စာတွေ စပါးတွေက ကျီအပြည့် အိုးအပြည့် ငွေအပြည့် ဘဏ်တိုက်အပြည့်။ (ဒန္တာဇိနံ-လို့လည်းပဲ သီဟိုဠ်မူက ရှိတယ်။ ကောင်းတယ်။ တတ္ထ=ထိုဇနပုဒ်၌။ ဒန္တာဇိနံ=ဆင်စွယ်တွေ-သစ်နက်ရေတွေက။ ဗဟူ=များလှပေ၏။ ဆင်စွယ်တွေက အချောင်းချောင်း၊ သစ်နက်ရေတွေက အနည်းနည်း၊ အင်မတန်ပေါတဲ့ ဇနပုဒ်ကြီး၊ အင်မတန်ပေါတဲ့ တိုက်နယ်ကြီးတစ်ခု ဘုရား။)

ဗဟု တတ္ထ ဟိရညသုဝဏ္ဏံ အကတဉ္စေဝ ကတဉ္စ။

အကတဉ္စေဝ=မခုတ်အပ်သေးသည်လည်း ဖြစ်သော အရိုင်း။ ကတဉ္စ=သွန်းလုပ်ပြီး ခုတ်လုပ်ပြီးသည်လည်း ဖြစ်သော။ ဟိရညသုဝဏ္ဏံ=ရွှေငွေသည်။ တတ္ထ=ထိုတိုက်နယ်ကြီး၌။ ဗဟု=များလှပါပေ၏။

ရွှေချောင်းတုံးတွေ၊ ငွေချောင်းတုံးတွေ၊ သွန်းပြီးခုတ်ပြီး လုပ်ပြီးဖြစ်တဲ့ ရွှေတုံး ငွေတုံးတွေ အသင်္ချေအနန္တ ပေါများလှပါတယ်ဘုရား။ ဒါတင်ပဲလား။

http:\\www.dhammadownload.com



ဗဟု တတ္ထ ဣတ္ထိပရိဂ္ဂဟော=သိမ်းပိုက်ယူရမည့် မာတုဂါမ မင်းမိန်းမ ရတနာတွေလည်း သိပ်ပေါတယ် ဘုရားတဲ့။

သက္ကာ စ တာဝတကေနေဝ ဗလမတ္တေန အဘိဝိဇိနိတုံ။

စ=ထိုသို့ပင် စည်ပင်ပြန့်ပြော ကြီးကျယ်တဲ့ နိုင်ငံကြီးပင် ဖြစ်လင့်ကစား။ တာဝတကေနေဝ ဗလမတ္တေန=အနည်းငယ်မျှသော စစ်သည်ဗိုလ်ပါဖြင့်ပင်။ အဘိဝိဇိနိတုံ=အောင်အောင် သိမ်းပိုက် တိုက်ယူခြင်းငှာ။ သက္ကာ=တတ်နိုင်ပါသည် ဘုရား။

ဒါလောက်ကြီးကျယ်တဲ့ နိုင်ငံကြီး ဖြစ်ပေမယ်လို့ ခေါင်းဆောင်ရယ်လို့ မရှိဘူး။ ဒီကသွားယင် စစ်သားတစ်ရာ နှစ်ရာလောက်နဲ့ သွားတိုက်လို့ရှိယင် အလွယ်နဲ့ အလိုပြည့်လောက်တယ်။

အဘိဝိဇိန မဟာရာဇ။ မဟာရာဇ=မြတ်သောမင်းကြီး။ အဘိဝိဇိန=တိုက်ခိုက် သိမ်းပိုက်တော်မူ ဘုရား။ ဣတိ = ဤသို့။ ဝဒေယျ = လျှောက်ထားလာတယ် ဆိုပါစို့။

လူယုံတော်ပြောတဲ့စကား၊ အရှင်မင်းကြီး ... အကျွန်ုပ် လျှောက်ထားပါ့မယ်၊ စဉ်းစားတော်မူပါ။ တစ်ပိုဒ်။ အကျွန်ုပ်သည် အရှေ့အရပ်က လာခဲ့ပါတယ်။ တစ်ပိုဒ်။ အဲဒီအရှေ့အရပ်မှာ ပြည့်စုံပြော လူနေများတဲ့ လူမျိုးတစ်ရာ့တစ်ပါး ပြွမ်းသော အင်မတန် ကြီးကျယ်တဲ့ တိုက်နယ်ခရိုင်ကြီးတစ်ခု တွေ့ခဲ့တယ်။ အဲဒီ နိုင်ငံကြီးမှာ ဆင်တပ် မြင်းတပ် ရထားတပ် ခြေကျင်တပ်တွေလည်း အင်မတန် များတယ်။ (အဲဒီနိုင်ငံကြီးမှာ ဆင်စွယ်တွေ၊ သစ်နက်ရေတွေ အလွန်များတယ်။) အဲဒီမှာ ရွှေရိုင်း ငွေရိုင်း ရွှေယဉ် ငွေယဉ်ဆိုတဲ့ ရွှေတုံး ငွေတုံးတွေ အတုံးတုံး အင်မတန် များပါတယ်။ အဲဒီမှာ သိမ်းပိုက်စရာ သတို့သမီးကညာ ရတနာဆိုတဲ့ မာတုဂါမ မင်းမိန်းမတော့ အများကြီး ရှိတယ်။ ဒါလောက် စည်ကားတဲ့ မြို့ကြီးပင် ဖြစ်လင့်ကစား ဒီက သွားတိုက်လို့ရှိယင် စစ်သည်ဗိုလ်ပါ တစ်ရာ နှစ်ရာလောက်နဲ့ တိုက်ယင် အလွယ်နဲ့ အလိုတော် ပြည့်ပါလိမ့်

http:\\www.dhammadownload.com



မယ်။ မြတ်သောမင်းကြီး ... တိုက်ခိုက်သိမ်းပိုက်ပြီး ယူတော်မူပါလို့ စကားကိုးဝါကျ လျှောက်တယ်။

ကိန္တိ နံ ကရေယျာသိ။

ဇဝံ သတိ=ဤသို့ လူယုံတော် ယောကျ်ား လျှောက်ထားသည်ရှိသော်။ တွံ=သင်မင်းတရားသည်။ နံ=ထို လူယုံတော် ယောကျ်ားကို။ ကိန္တိ ကရေယျာသိ=ဘယ်လိုလုပ်မလဲ။

ကိုင်း–အဲဒီ လူယုံယောကျ်ား လျှောက်ထားတဲ့ တိုက်နယ်ကြီး ခရိုင်ကြီးကို သင် ဘယ့်နှယ်ထားမလဲ။ ဒီအတိုင်း လျစ်လျူရှုထားမလားလို့ ရှင်ရဋ္ဌပါလက မေးတယ်။ ဒီတော့ ကောရဗျမင်းက ဘာပြန် လျှောက်သလဲဆိုတော့ –

တမ္ပိ မယံ ဘော ရဋ္ဌပါလ အဘိဝိဇိယ အဇ္ဈာဝသေယျာမ။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ တမ္ပိ=ထိုထိုတိုက်နယ်ဇနပုဒ် ခရိုင်ကြီးကိုလည်းပဲ။ မယံ=အကျွန်ုပ်တို့သည်။ အဘိဝိဇိယ=အောင်နိုင်အောင် တိုက်၍။ အဇ္ဈာဝသေယျာမ=ဘုန်းမီး တောက်ပစိုးအုပ်၍ နေထိုင်ကြပါကုန်အံ့ ဘုရား။

အဲဒါလို လွယ်လွယ်နဲ့ရယင် မင်းသည် ... တဲ့၊ တိုင်းပြည်ဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိရဘူး။ တပည့်တော် ဒီလိုများ လွယ်လွယ်ရယင် သွားတိုက်ယူမှာပေါ့။ (အသက်ရှစ်ဆယ် အဘိုးကြီးကပေမယ့်) မနေဘူး ကိုယ်တော်တဲ့၊ သွားတိုက်မှာပဲတဲ့။ လာပြန်ပြီ၊ အရှင်ရဋ္ဌပါလက–

တံ ကိံ မညသိ မဟာရာဇ=အခုမေးမယ့်စကားကို ကောရဗျမင်းတရားကြီး ဘယ်လိုများ သဘောကျသတုန်း။ ဣဓပုရိသော အာဂစ္ဆေယျပစ္ဆိမာယ ဒိသာယ=သင်ရဲ့ လူရုံတော် ယောကျ်ားတစ်ယောက် အနောက်က လာတယ်ဆိုပါစို့။ ထို့အတူပဲ ဒါကို ပေယျာလကန်ကြစို့။

http:\\www.dhammadownload.com



အနောက်ကနေပြီးတော့ လူတစ်ယောက်လာပြီး အနောက်အရပ်မှာ ဒီလိုပဲ ဇနပုဒ်ကြီး တိုင်းကြီး အင်မတန် ပြည့်စုံ ဝပြောတဲ့ လူနေစည်ကားတဲ့ ခရိုင်ကြီးတစ်ခု ရတနာအမျိုးမျိုးနဲ့ ပြည့်စုံတဲ့ တိုင်းကြီးတစ်ခု ဒါကြီးကို တိုက်ယူတော်မူပါဆိုလို့ရှိယင် ဒါလဲ တိုက်ယူမယ်တဲ့။

ဟင် မြောက်အရပ်က လူယုံတစ်ယောက်လာပြီး ပြောပြန်လည်း အဲဒါလဲ တိုက်ယူမယ် ကိုယ်တော်။

ဟင်-တောင်အရပ်က လူယုံတစ်ယောက် လာပြီး ပြောယင်ကော အဲဒါလဲ တိုက်ယူမှာပဲ။

အင်း-ကောင်းပြီ ပဉ္စမ။ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းက။ ပရသမုဒ္ဒတော=သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းမှ။ သဒ္ဓါယိကော=ယုံကြည်လောက်သော။ ပစ္စယိကော=ခိုင်မာသော စကားရှိတဲ့ လူဟု အသိအမှတ် ပြုအပ်သော။ ပုရိသော=မင်းချင်းယောကျာ်းသည်။ အာဂစ္ဆေယျ=လာတယ် ဆိုပါစို့။

သမုဒ္ဒရာရဲ့ ဟိုဘက် သင် လွှတ်ထားတဲ့ လူယုံယောကျာ်းဝ၁စ်ယောက် လာပြီးတော့ ထိုယောကျာ်းက သင့်ထံပါး ကပ်ရောက်ပြီး အရှင်မင်းတရား၊ အကျွန်ုပ် လျှောက်ထားပါမယ်။ စဉ်းစားတော်မူ၊ အကျွန်ုပ် သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းက လာခဲ့ပါတယ်။ အဲဒီ သမုဒ္ဒရာ ဟိုဘက်ကမ်းမှာ စည်ပင်ဝပြောတဲ့ လူမျိုးတစ်ရာတစ်ပါး ပြွမ်းနေသော ဇနပုဒ်ကြီးတစ်ခု၊ ခရိုင်ကြီးတစ်ခု၊ တိုက်နယ်ကြီးတစ်ခု တွေ့ခဲ့ပါတယ်။ အဲဒီ ခရိုင်တိုက်နယ်ကြီးမှာ ဆင်တပ် မြင်းတပ် ရထားတပ် ခြေကျင်တပ်တွေ စစ်တပ်တွေကလည်း ပြည့်လို့။ ဆင်စွယ်တွေက အချောင်းချောင်း၊ သစ်နက်ရေတွေက အထပ်ယပ် ပေါပါဘိသနဲ့။ ရှေးတုန်းကတော့ မင်းဆိုတာ ဆင်စွယ်ဟာ မင်းအသုံးအဆောင် တစ်မျိုး၊ သစ်နက်ရေလည်း မင်း အသုံးအဆောင်ပဲ၊ အင်မတန် မြတ်နိုးကြတယ်။

http:\\www.dhammadownload.com



ဒါတင်ပဲလားဆိုတော့ ခုတ်လုပ်ပြီး မခုတ်လုပ်ရသေး၊ သွန်းလုပ်ပြီး မသွန်းလုပ်ရသေးတဲ့ ရွှေရိုင်း ရွှေယဉ် ငွေရိုင်း ငွေယဉ်ဆိုတဲ့ ရွှေတုံး ငွေတုံးတွေကလည်း အသချေ်အနန္တ ပေါပါဘိသနဲ့။ ဒါတင်ပဲလားလို့ ဆိုတော့ သတို့သမီးကညာ ရတနာဒေဝီ မြှောက်ထိုက်တဲ့ သိမ်းပိုက်ရမယ့် အမျိုးသမီးတွေကလည်း ပေါပါဘိသနဲ့။ ဒါလောက်သာပေါတယ်၊ စစ်သားတွေ စစ်သည်မိုလ်ပါ တစ်ရာ နှစ်ရာမကနဲ့ အလွယ်နဲ့ သိမ်းပိုက်နိုင်တဲ့ နိဂုံးဖြစ်ပါတယ်။ အဲဒီကို တိုက်ခိုက်သိမ်းပိုက်တော်မူပါ ဘုရားလို့ အလိုတော်ပြည့်အောင် တိုက်ခိုက်သိမ်းပိုက်တော်မူပါ ဘုရားလို့ ဒီလိုများ လျှောက်ထားလာယင်ကော သင် ဘယ့်နှယ်လုပ်မလဲ ဆိုတော့ -

တမ္ပိ မယံ ဘော ရဋ္ဌပါလ အဘိဝိဇိယ အဇ္ဈာဝသေယျာမ–တဲ့။

အဲဒီ သမုဒ္ဒရာ ဟိုဘက်က ဇနပုဒ်ကြီးကိုလည်းပဲ တပည့်တော်တို့ တိုက်ခိုက်အောင်နိုင်ပြီး သကာလ စိုးပိုင်အုပ်ချုပ် မင်းပြုလုပ်ပြီးနေမယ် ဘုရား–တဲ့၊ ဒါ အသက်ရှစ်ဆယ်ကြီးက ပြောတယ်။ ပိုင်ဆိုင်ဆိုပြီးတော့မှ အရှင်ရဋ္ဌပါလက –

ဣဒံ ခေါ တံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန၊ သန္ဓာယ ဘာသိတံ "ဦနော လောကော အတိတ္တော တဏှာဒါသော"တိ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဣဒံ=ဤသင်မင်းတရား ယခု လျှောက်ထားတဲ့ လောဘတရား မသိမ်းနိုင်တဲ့ အချက်ကိုပင်။ သန္ဓာယ=ရည်၍။ ဇာနတာ=သိတော်မူသော။ ပဿတာ=မြင်တော်မူသော၊ အရဟတာ=ပူဇော်အထူး ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန=သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော။ တေန ဘဂဝတာ=ထို မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ လောကော=သတ္တလောက ရှိသမျှ လူအပေါင်းသည်။ ဦနော=အမြဲတစေ ယုတ်လျော့ ဟောက်

http:\\www.dhammadownload.com



လျက်သာ နေပေ၏။ ဘယ်တော့မှ ပြည့်တယ်လို့ မရှိ။ အတိတ္တော= ဘယ်တော့မှ ရောင့်ရဲတင်းတိမ် အားရတယ်လို့ မရှိ။ တဏှာဒါသော= အမြဲတမ်း တဏှာ၏ ကျွန်ခံလျက်သာ ရှိပါပေ၏။ ဣတိ ဣဒံ=ဤ စကားကို။ ဘာသိတံ=ဟောတော်မူအပ်ပါပေ၏။ ဣတိ ဣဒံ=ဤ စတုတ္ထ ဓမ္မုဒ္ဒေသ တရားကို။ ဘာသိတံ=ဟောကြားတော် မူအပ်ပါ ပေ၏။

ယမဟံ ဉတွာ စ ဒိသွာ စ သုတွာ စ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတောတိ။

အဟံ=ငါသည်။ ယံ=အကြင် စတုတ္ထ လူတိုင်းလူတိုင်း တဏှာကို မသိမ်းဆည်းနိုင်တဲ့ ဓမ္မုဒ္ဒေသ ဓမ္မအချက်ကို။ ဉတွာ စ=ကိုယ်တိုင် သိလည်း သိ၍လည်းကောင်း။ ဒိသွာ စ=ကိုယ်တိုင်မျက်ဝါးထင်ထင် မြင်လည်းမြင်ရ၍လည်းကောင်း။ သုတွာစ=ကိုယ်တိုင်ကိုယ်ကျ ကြား လည်း ကြားရ၍လည်းကောင်း။ အဂါရသ္မာ=အိမ်ရာတည်ထောင် လူ၏ဘောင်မှ။ အနာဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော=ရဟန်းအဖြစ်မြောက် ကပ်ရောက်ခဲ့ပါပြီ – လို့ –

အဲဒီလို ရှင်းလင်း ဟောကြားတဲ့အခါကျတော့မှ ကောရဗျမင်းတရား က ကောင်းချီးပေးသောအားဖြင့် –

အစ္ဆရိယံ ဘော ရဋ္ဌပါလ၊ အဗ္ဘုတံ ဘော ရဋ္ဌပါလ။

အရှင်ဘုရား ရဋ္ဌပါလ၊ လက်ဖျစ်တီး၍ အံ့ချီးလောက်အောင် မှန်ပါ ပေ၏။ မဖြစ်စဖူး အထူးဖြစ်တာ မှန်ပါပေ၏။

> ယာဝ သုဘာသိတံ စိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန “ဦနောလောကော အတိတ္တော တဏှာဒါသော” တိ။

ဦနော လောကော အတိတ္တော တဏှာဒါသော=လူတိုင်းလူတိုင်း အမြဲတမ်း ယုတ်လျက် ဟောက်လျက် ရှိကြတယ်၊ ဘယ်တော့မှ တင်း

http:\\www.dhammadownload.com



တိမ်တယ် မရှိဘူး၊ တဏှာ၏ကျွန် အမြဲခံယူတယ်ဆိုတဲ့ အဲဒီစကားကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိလေသာ အညစ်အကြေး ကင်းစင်ပြီးတော့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပိုင်းပိုင်းခြားခြား သိတော်မူသောကြောင့် သိတော်မူပြီးမှ ဟောကြားတဲ့ တရားဖြစ်လို့ သုဘာသိတ အင်္ဂါနဲ့ အင်မတန် ပြည့်စုံတဲ့ တရားစကား ဖြစ်ပါပေတယ်။

ဦနော ဟိ ဘော ရဋ္ဌပါလ လောကော အတိတ္တော တဏှာဒါသော။

ဘော ရဋ္ဌပါလ=အို အရှင်ဘုရား ရဋ္ဌပါလ။ လောကော=ရှိသမျှ လူအပေါင်းသည်။ ဦနောဟိ ဦနောဧဝ=လျော့လျက် ဟောက်လျက်သာ တစေရှိပါပေ မှန်ပါပေတယ် ဘုရား။ အတိတ္တော ဟိအတိတ္တော ဧဝ=မည်သူတစ်ဦးတစ်ယောက်မျှ ရောင့်ရဲတင်းတိမ်တယ်လို့ မရှိကြကေန် မှန်လှပေတယ် ဘုရား။ တဏှာဒါသောဟိ-တဏှာဒါသော ဧဝ=တဏှာ၏ ကျွန်အဖြစ် ကေန်စင်စစ် မှန်လှပါပေသည် ဘုရား။

လို့ အဲဒီလို တရားဓမ္မုဒ္ဒေသလေးချက်၊ အင်း-ကောရဗျမင်းတရား ကြည်ကြည်ညိုညို ထောက်ခံပြီးတဲ့နောက်မှ အရှင်ရဋ္ဌပါလက မိမိရဟန်းပြုတဲ့ အကြောင်းရယ်၊ ဒီဓမ္မုဒ္ဒေသတွေရဲ့ အကြောင်းရယ် အကျဉ်းချုပ်ဂါထာ တစ်ဆယ့်သုံးဂါထာနဲ့ ဟောခဲ့တယ်။

## ပို၍ ပို၍သာ လိုချင်မှု

ဣဒမဝေါ စ အာယသ္မာ ရဋ္ဌပါလော=ဤစကားပြေ စုဏ္ဏိယဖြစ်တဲ့ စကားကို အရှင်ရဋ္ဌပါလ အကျယ် ဟောတော်မူခဲ့တယ်။။ ဣဒံ ဝတွာ အထာပရံ ဧတဒဝေါစ=ဟောပြီးတဲ့နောက် ဂါထာဗန္ဓ အနုဂီတိဖြစ်တဲ့ တရားစကားလည်း ဤသို့ ဟောပြန်တယ်။

ပဿာမိ လောကေ သဓနေ မနုဿေ၊
လဒ္ဓါန ဝိတ္တံ ဒဒန္တိ မောဟာ။

http:\\www.dhammadownload.com



လုဒ္ဒါ ခန့် သန္ဓိစယံ ကရောန္တိ၊
ဘိယျောဝ ကာမေ အဘိပတ္ထယန္တိ။

မဟာရာဇ=ကောရဗျမည်ဒြား အို မင်းတရား။ လောကေ=လောက၌။ သဓနေ=ဥစ္စာနဲ့ ပြည့်စုံကြကုန်သော။ မနုဿေ=လူအပေါင်းတို့ကို။ ပဿာမိ=မျက်ဝါးထင်ထင် ငါ မြင်ရပြန်ပကော။

လူ့လောကမှာ လူတွေ၊ ဥစ္စာရှိတဲ့ လူတွေကို ငါမြင်ရတဲ့ အခြေအနေ ပြောပြရမယ်ဆိုယင် –

မောဟာ=အသိအလိမ္မာ ဉာဏ်ပညာ ခေါင်းပါး လွန်စွာပင် တွေဝေကြတဲ့ ဥစ္စာရှိ ပုဂ္ဂိုလ်များတို့သည်။ (ပိုက်ဆံရှိသော်လည်းပဲ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်၊ ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ် နှစ်မျိုး ရှိတယ်။ ဉာဏ်ပညာ မရှိတဲ့ မောဟ သမား ခနရှင်များတို့သည်)။ ဝိတ္တံ=စည်းစိမ်ဥစ္စာကို။ လဒ္ဓါန=ဒီရေအလား တစ်နေ့တခြား တိုးပွားရကြပါကုန်လျက်။ န ဒဒန္တိ=မပေးရက် မလှူရက် မစွန့်လွှတ်ကြကုန်။ လုဒ္ဒါ=အလွန်အမင်း တပ်မက်ကြကုန်သည်ဖြစ်၍။ ခနံ=စီးပွားဥစ္စာကို။ သန္နိစယံ ကရောန္တိ=သိုမှီးသိမ်းဆည်းမှုကိုသာ ပြု၍ ပြု၍ နေကြကုန်၏။

## မျက်စဉ်းကျောက် ဥပမာ

ဟို သူတို့ခေတ်တုန်းကပေါ့၊ သိပ်ထင်ရှားတယ်၊ သုဘလုလင်ရဲ့ အဖေ တောဒေယျပုဏ္ဏားကြီး ဆိုပါစို့၊ သူတို့ဆီမှာ မှုကို ရှိတယ်။ အိန္ဒိယမှာ မှုရှိတာက –

အဉ္စနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။

သူတို့ရဲ့ ရှောင်စရာ ကျင့်စရာပေါ့လေ၊ မှုရှိတယ်။ တောဒေယျပုဏ္ဏားက သူ့သား သုဘလုလင်ကို ဆုံးမတဲ့ ဂါထာ။ ငါ့သား၊ ဒီ့မျက်စဉ်းကျောက်ကြီးဟာ ခွက်တောင်းလောက်ကြီး ပြည့်တောင်း

http:\\www.dhammadownload.com



လောက်ကြီး ရှိတယ်။ ဒါကို သွေးသွေးပြီးတော့ မျက်ရေကွင်းတယ်၊ မျက်စဉ်းခက်တယ်၊ ဒါလောက်ကြီးတဲ့ ကျောက်ကြီးပေမယ့် ကုန်မယ် မထင်ပေမယ့်လေ တစ်နေ့တစ်နေ့၊ တစ်နေ့တစ်နေ့နဲ့ ဒီလို သွေးသွေး ပြီးတော့ ခပ်တဲ့အခါကျတော့ နောက်တော့ အဲဒီ ပြည်တောင်းလောက် ရှိတဲ့ မျက်စဉ်းကျောက်ကြီး ကုန်သွားတာကို မင်း သက်သေ စံနမူနာ ကြည့်။

ဟော–အဲဒီလို ကြည့်ပြီးတော့ ပိုက်ဆံများကိုလေ သုံးလို့ရှိယင် ငါ တစ်နေ့ တစ်ပဲ သုံးတာပဲ၊ မကုန်နိုင်ပါဘူး မအောက်မေ့နဲ့၊ မင်း တစ်နေ့တစ်နေ့ မှန်မှန် မှန်မှန် သုံးသွားယင် တစ်နေ့ကုန်မှာပဲ။ ဒီလို ပြောတယ်။ ကုလားတွေဟာ ဒါကြောင့် မသုံးမစွဲတာ။ မုန့်တွေတောင် မစားရက်ဘဲနဲ့ပေါ့လေ၊ ရေချည်းပဲ နင်းကန်သောက်တယ်ဆိုတာ၊ ဒါ သူတို့နည်းရှိတယ်။ အဲဒီလို ရှေးက မိဘဘိုးဘွားက ဒီမူကို ပေးထား တာ။ ဟို သံသရာမျှော်ကြည့်လိုက်တာမှ မဟုတ်ဘဲ၊ ပစ္စုပ္ပန်မှာ လူချမ်း သာအဖြစ်ကိုသာ ကြည့်တာ၊ သံသရာချမ်းသာရေး မကြည့်ဘူး။

ဝမ္မိကာနဉ္စ သဉ္စယံ=ငွေစုတဲ့ နေရာမှာ ခြတွေ ကြည့်စမ်း။ ခြတောင် ကြီးများ ပါးစပ်ကထွက်တဲ့ မြေလေးတွေ စုတာနဲ့ တစ်ရပ်တသူ တောင် မို့ကြီး ဖြစ်မလာဘူးလားကွယ့်။ ဖြစ်လာတယ်။ ဒီလိုပဲ တစ်နေ့ကို တစ်ပဲစု၊ တစ်မူးစု၊ တစ်မတ်စု စုပါများယင် တစ်နေ့ ခြပုံကြီး တောင်ပုံ ကြီး ဖြစ်လာမယ်တဲ့။

မဓူနဉ္စ သမာဟာရံ=ပျားကောင်ကြီးများ ကြည့်စမ်း။ ပျားအုံကြီးမှာ ရှိတဲ့ ပျားရည်တွေဟာ ပျားကောင် တစ်ကောင် တစ်ကောင်ရဲ့ ပါးစပ်နဲ့ စုပ်ယူလာတဲ့ ဝတ်ရည်ကလေးတွေ။ ဟုတ်လား။ နှမ်းစေ့လောက် နှမ်း စေ့လောက် ဝတ်ရည်ကလေးတွေ စုဖန်များတော့ ပျားအုံကြီး ဖြစ်လာ တယ်ကွ။ အေး ... အဲဒီအတိုင်းပဲတဲ့၊ ပညာရှိတဲ့ အမျိုးကောင်းသား ဆိုတာ။

http:\\www.dhammadownload.com



"ခြကို ပုံပြု၊ ပျားလိုစု၊ ရမှုဥစ္စာ မြတ်ပညာ"

လို့ ရှိသကွယ့်။ ဥစ္စာရှာတဲ့နေရာ၊ ပညာရှာတဲ့နေရာမှာ ခြကို ပျားကို ဥပမာထားပြီးတော့ ရှာလို့ရှိယင် ဥစ္စာရတယ်။ ပညာရတယ်။ အဲဒီလို သူတို့က ချမ်းသာရင်း အကြောင်းတစ်ခုပဲ ရှိတယ်။ အဲဒါ သူတို့ စုဖို့ လမ်းတစ်ခုပဲ ရှိတယ်။ သုံးဖို့၊ နေရာတကျ သုံးဖို့လမ်း သာသနာပြင်ပ ဆိုတာ ရွေးပြီးတော့ သူတို့အထာနဲ့ အလျောက် သူတို့ ချီးမွမ်းမယ်ဆို ယင် ချီးမွမ်းစရာပေါ့။

သို့သော် သာသနာတွင်း မျက်စိနဲ့ကြည့်ယင် သုံးဖို့ နည်းလမ်း တခြမ်းပဲ မြင်တယ်။ မြတ်စွာဘုရားကတော့ အေး-ရတဲ့ဥစ္စာ စု၊ "ခြကို ပုံပြု၊ ပျားလိုစု၊ ရမှုဥစ္စာ" ဆိုတဲ့ ရလာတဲ့ ဥစ္စာကိုမှ -

ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။

အေး ... ရလာပြီဆိုတဲ့ ဥစ္စာကို တစ်ရာရယင် အစိတ်ပဲ ထုတ်တယ်။ အဲ-တစ်ရာကို လေးပုံပုံ၊ တစ်ပုံနဲ့ လောက်အောင် စားရမယ်။ အဲဒီ အထဲကပဲ လှူရမယ်။ နှစ်ပုံကို အရင်းထဲ ပြန်ထည့်၊ ငါးဆယ်။ အဲ- စတုတ္ထအပုံ အစိတ်ကို ဘဏ်အပ်ထား၊ ဒါမှမဟုတ်ယင် လုံခြုံတဲ့ နေရာ သိမ်းထားပေါ့။ ငါ့မှာ ဘေးတို့ ရန်တို့ ရှိယင် ငါအသုံးအစွဲဖြစ်အောင် ဆိုပြီးတော့ ထားရတယ်။ မြတ်စွာဘုရားရဲ့နည်း။

အဲဒီလို သုံးနည်းကျတော့ သူတို့က မသိဘူး။ ရှာဖို့နည်း တစ်ခုပဲ တစ်ခြမ်းရှိတယ်။ အဲ-သူတို့နည်းနဲ့တော့ သူတို့ ဟုတ်တယ်။ တစ်ခြမ်း တွင်ပဲ ဉာဏ်မျက်စိ တစ်ဖက်တွင် ကြည့်တော့ တစ်ခြမ်းတွင်ပဲ သူတို့ သိကြတယ်။

ဘိယျောဝ ကာမေ အဘိပတ္ထယန္တိ။

ဘိယျောဝ=အဟိုင်းအထက် အလွန်သာလျှင်။ ကာမေ=ဝတ္ထုအာရုံ

http:\\www.dhammadownload.com



ကာမဂုဏ်တို့ကို။ အဘိပတ္ထယန္တိ=တောင့်တလင့်ဆို အလိုရှိကြပါပေ ကုန်၏။

တစ်ရာရှိတဲ့လူက နှစ်ရာ၊ နှစ်ရာရှိတဲ့လူက သုံးရာ၊ ဒီလို လိုချင် လာတယ်။ အဲဒီ တိုင်းသူပြည်သားတင် မကြည့်နဲ့၊ မင်းဘက်ကြည့်ကြ ဦးစို့။ သင် မင်းတရားပဲ အခုနင်က ပြောတဲ့စကားနဲ့ ပြန်ပြီးတော့ စဉ်းစားကြဦးစို့။

ရာဇာ ပသယှာ ပထဝိံ ဝိဇိတွာ၊
သသာဂရန္တံ မဟိမာ ဝသန္တော။
ဩရံ သမုဒ္ဒဿ အတိတ္တရူပေါ၊
ပါရံ သမုဒ္ဒဿပိ ပတ္ထယေထ။

သသာဂရန္တံ=သမုဒ္ဒရာ အပိုင်းအခြား ရှိသော။ မဟိံ=ဤမြေအဝန်း ကို။ အာဝသန္တော=စိုးအုပ်နေထိုင်တော်မူရသော။ ရာဇာ=အရှင်မင်း တရားကသော်မှ။ ပသယှာ=လွှမ်းမိုးနှိပ်စက် အနိုင်စစ်တက်၍။ ပထဝိံ =မြေအဝန်းကို။ ဝိဇိတွာ=အောင်မြင်ပြီးဖြစ်ပါလျက်။ ဩရံ သမုဒ္ဒဿ =သမုဒ္ဒရာ၏ ဒီဘက်ကမ်း ကုရုတိုင်းအဝန်းဖြင့်။ အတိတ္တရူပေါ= ရောင့်ရဲခြင်း အလျှင်း မရှိဘဲ။ ပါရံ သမုဒ္ဒဿပိ=သမုဒ္ဒရာ၏ ဟို ဘက်ကမ်း စိတ်မှန်းလို့ပြောတဲ့ တိုင်းပြည်ကြီးကိုသော်မှလည်း။ ပတ္ထယေထ=တောင့်တလင့်ဆို အလိုရှိတော်မူပါပေ၏။

အရှင်မင်းတရားကြီး ကိုယ်တိုင် ခုနင်က ဝန်ခံတယ် မဟုတ်လား တဲ့။ ပြည့်ရှင်မင်းတရား တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့နေရာ သမုဒ္ဒရာ အပိုင်းအခြားရှိတဲ့ ဒီဘက်ကမ်း အစိုးရရုံနဲ့ အားမရ တင်းမတိမ်နိုင်တဲ့ အတွက် လူယုံတော် လျှောက်ထားတဲ့ စကားအရ သမုဒ္ဒရာရဲ့ ဟိုဘက် ကမ်းတောင် လှမ်းပြီးတော့ အုပ်ချုပ်လိုက်ချင်သေးတယ် မဟုတ်လား။ ဒါဘာလဲ၊ စတုတ္ထ ဓမ္မုဒ္ဒေသဖြစ်တဲ့ "ဦနော လောကော အတိတ္တော တဏှာ ဒါသော" ဆိုတဲ့ စတုတ္ထဓမ္မုဒ္ဒေသ။ လူတိုင်းလူတိုင်း ယုတ်လျက်

http:\\www.dhammadownload.com



လျော့လျက် ဟောက်လျက် ရှိတယ်၊ ဘယ်တော့မှ မရောင့်ရဲဘူး၊ တဏှာရဲ့ကျွန် အမြဲခံယူနေတယ်။ ဒါတွေဟာ တဏှာရဲ့ အလုပ်တွေ၊ ဒါ စတုတ္ထဓမ္မုဒ္ဒေသရဲ့ ဂါထာပဲ။

ရာဇာ စ အညေ စ ဗဟူ မနုဿာ၊
အဝီတတဏှာ မရဏံ ဥပေန္တိ။
ဦနာဝ ဟုတွာန ဇဟန္တိ ဒေဟံ၊
ကာမေဟိ လောကမှိ န ဟတ္ထိ တိတ္ထိ။

ရာဇာ စ=ပြည့်ရှင်မင်းသည်လည်းကောင်း။ အညေ=မင်းမှတစ်ပါးကုန်သော။ ဗဟူ မနုဿာစ=များစွာသော လူအပေါင်းတို့သည် လည်းကောင်း။ အဝီတတဏှာ=တဏှာ မကင်းကြကုန်ပဲသာလျှင်။ မရဏံ=စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ ဥပေန္တိ=ကပ်ရောက်ကြပါကုန်၏။ ဦနာဝ ဟုတွာန=ယုတ်လျက် ဟောက်လျက် ရှိကြကုန်သည်ဖြစ်၍သာလျှင်။ ဒေဟံ=မိမိကိုယ်ကို။ ဇဟန္တိ=စွန့်ပယ်ကြရကုန်၏။ (သေသာသေသွားတယ်၊ ဘယ်တော့မှ အလိုပြည့်သည် မရှိဘူး။ ဟောက်လျက် ဟောက်လျက်၊ ယုတ်လျက်၊ ယုတ်လျက်နဲ့ ဒီလိုပဲ သေသွားကြရတယ်။ ဘယ်တော့မှ အလိုပြည့်တယ် မရှိဘူးတဲ့)။ လောကမှိ=လောက၌။ ကာမေဟိ=လောကီအာရုံ ကာမဂုဏ်တို့ဖြင့်။ တိတ္ထိ=ရောင့်ရဲခြင်းသည်။ န ဟိ အတ္ထိ=တစိုးတစိ မရှိစကောင်း မှန်လှပါပေ၏။

ဒါ စတုတ္ထဓမ္မုဒ္ဒေသ၊ "အတိတ္တော"ဆိုတဲ့ ဒီစကားအရ ဖြစ်တယ်။ ပြီးတော့ တတိယ ဓမ္မုဒ္ဒေသ၊ ကိုင်း ဒါနဲ့ ပြီးရောလားဆိုတော့ အရှင်ရဋ္ဌပါလက –

ကန္ဒန္တိ နံ ဉာတီ ပကိရိယ ကေသေ၊
အဟောဝတာ နော အမရာတိ စာဟု။
ဝတ္ထေန နံ ပါရုတံ နီဟရိတွာ၊
စိတံ သမာဒါယ တတော ဍဟန္တိ။

http:\\www.dhammadownload.com



မဟာရာဇ=မြတ်သောမင်းကြီး။ နံ=ထိုအလိုမပြည့်ဘဲ စုတိပြတ်ကြွေ သေလွန်၍ သွားတဲ့သူကို။ ဉာတီ=ဆွေမျိုးအပေါင်းတို့သည်။ ကေသေ=ဆံတို့ကို။ ပကိရိယ=ကြဲဖြန့်၍။ ကန္ဒန္တိ=ငိုကြွေးမြည်တမ်းစကား ပြောကြားကြကုန်၏။

ဘာတတ်နိုင်သေးသလဲ။ အဲဒီလို တဏှာ လောဘ သူမတူ အားမရ သေးဘဲနဲ့ သေကြပြီးယင်တော့ ဒီလူ့အပေါ်မှာ ကျန်တဲ့ ဆွေတွေ မျိုးတွေက ဘာလုပ်နိုင်သေးသလဲ၊ ဝိုင်းပြီးတော့ ဆံပင်တွေ ဖြန့်ကြဲ၊ ဟုတ်လား။ ဟင်း ဟဲနဲ့ ငိုကြတာပဲ မဟုတ်လား။ ငိုရုံတင် အားမရသေးတော့ "အဟောဝတာ နော အမရာတိ စာဟု" (အမရာလို့ ဆိုတာက အမှာကံ ငါတို့၏လို့ ဆိုချင်တဲ့နေရာမှာ သောကမီး နှိပ်စက်လို့ အပြည့်အစုံ မဆိုနိုင်တဲ့အတွက် အမရာလို့ ဖြစ်သွားပါတယ်)။

အမရာ=ငါတို့၏။ ဘာတာ=မောင်သည်။ ပုတ္တော=သားသည်။ မတော=စုတိပြတ်ကြွေ သေခဲ့ပြီတကား။ အဟောဝတ မတော=သြော် စုတိပြတ်ကြွေ သေခဲ့ပြီတကား။ ဣတိ=ဤသို့။ အာဟု=မြည်တမ်းစကား ပြောလည်း ပြောကြားကြကုန်၏။

ဒို့မှာ မောင်လေး တစ်ယောက်ရှိတယ်၊ သူ့အားကိုးနေရ၊ သူသေ သွား။ ဒို့သားတစ်ယောက်ရှိတယ်၊ ဒီသား အားကိုးနေရ၊ သူသေသွား။ ဒို့မောင်ကြီးတစ်ယောက်ရှိ၊ သူတစ်ယောက် အားကိုးနေရပါတယ်၊ သူပါ သေသွားပြန်ပြီ။ သေတဲ့ လူရဲ့ ဂုဏ်တွေ ဖော်ဖော်ပြီးတော့ သောက နဲ့ စိုးရိမ်ပူဆွေး ငိုကြွေးကြတယ်။ ငိုကြွေးတဲ့ ဟိုဘက် ဘာလုပ်ကြသလဲ ဆိုတော့ -

နံ=ထို စုတိပြတ်ကြွေ သေလွန်တဲ့ ပုဂ္ဂိုလ်ကို။ ဝတ္ထေန=အဝတ်တစ်ထည်ဖြင့်။ ပါရုတံ-ပါရုပိတွာ=ဝတ်ရုံရစ်ပတ်၍။ နံ=စုတိပြတ်ကြွေ သူသေကို။ တကော=ထိုလူသေတဲ့အိမ်မှ။ နီဟရိတွာ=ထုတ်ဆောင်၍။ စိတံသမာဒါယ=ထင်းပုံသို့ရောက်အောင် ယူဆောင်ကြပြီးလျှင်။ ဍဟန္တိ =မီးရှို့ကြကုန်၏။

http:\\www.dhammadownload.com



ဒါပဲ မဟုတ်လား၊ သေပြီးတဲ့နောက်။ ဒါဖြင့် အဲဒီ သေသွားတဲ့လူ အဖို့ စဉ်းစားကြည့်ကြဦးစို့။

သော ဥယှတိ သူလေဟိ တုဇ္ဇမာနော၊

ဧကေန ဝတ္ထေန ပဟာယ ဘောဂေ။

သော=ထိုစုတိပြတ်ကြွေ သေလွန်တဲ့ ပုဂ္ဂိုလ်သည်။ ဘောဂေ=မိမိ ဖွေရှာ ဆည်းပူး၍ ထားခဲ့တဲ့ အထူးထူးသော ဥစ္စာတို့ကို။ ပဟာယ=စွန့် ပယ်ခဲ့၍။ ဧကေန ဝတ္ထေန=အဝတ်တစ်ထည်တည်းဖြင့်။ တစ်ထည် ထက် ပိုယင်လဲ မီးရှို့ပစ်ရမှာပဲ မဟုတ်လား။ အာဠှဟနေ=သုသာန်တစ သင်္ချိုင်းဝ၌။ သူလေဟိ တုဇ္ဇမာနော=တံစူးဝါးတို့ဖြင့် ဟိုဘက်ဒီဘက် အပေါက် ထိုးဖောက်အပ်သည်ဖြစ်၍။ ဥယှတိ=မီးအလောင်အမြိုက် ခံရလေ၏။

ဒီ ကျန်တဲ့ ဥတုဇကြီး ကြည့်မယ်ဆိုယင် ဒါပဲ မဟုတ်လားတဲ့။

န မီယမာနဿ ဘဝန္တိ တာဏာ၊

ဉာတီ စ မိတ္တာ အထ ဝါ သဟာယာ။

လူ့ဓ=ဤလောက၌။ မီယမာနဿ=စုတိပြတ်ကြွေ သေလွန်တဲ့ ပုဂ္ဂိုလ်၏။ ဉာတီ ဝါ=ဆွေမျိုးတို့သည်လည်းကောင်း။ မိတ္တာ ဝါ=မိတ် သင်္ဂဟတို့သည် လည်းကောင်း။ သဟာယာ ဝါ=အဆွေခင်ပွန်းတို့ သည် လည်းကောင်း။ တာဏာ=စောင့်ရှောက်နိုင်ကုန်သည်။ န ဟောန္တိ=မဖြစ်ကြကုန်။

အဲဒီလူတွေက မသေအောင်များ စောင့်နိုင်ရဲ့လားတဲ့။ မစောင့်နိုင် ဘူး။ ဘယ်မိတ်ဆွေ သင်္ဂဟမှ မစောင့်နိုင်ဘူး။ ဒါကြောင့် "အတာဏော လောကော အနဘိဿရော"လို့ မြတ်စွာဘုရားက လူတိုင်းလူတိုင်းဟာ စောင့်ရှောက်မယ့်ပုဂ္ဂိုလ် မရှိဘူး၊ မသေအောင် ကိုးကွယ်ရမယ့် ပုဂ္ဂိုလ် မရှိဘူးလို့ မြတ်စွာဘုရား ဟောကြားခြင်း ဖြစ်တယ်တဲ့။ ဒါ–ဒုတိယ ဓမ္မုဒ္ဒေသအတွက်။

http:\\www.dhammadownload.com



## ကိုယ့်ကံတရားနှင့် ကိုယ်သာဖြစ်

ဒါယာဒကာ တဿ ဓနံ ဟရန္တိ၊
သတ္တော ပန ဂစ္ဆတိ ယေန ကမ္မံ။
န မီယမာနံ ဓနမနွေတိ ကိဉ္စိ၊
ပုတ္တာ စ ဒါရာ စ ဓနံ စ ရဋ္ဌံ။

မဟာရာဇ=ကောရဗျမည်ပြော အို မင်းတရား။ ဒါယာဒကာ=အမွေခံတို့သည်။ တဿ=ထိုသူ၏။ ဓနံ=ဥစ္စာကို။ ဟရန္တိ=မိမိတို့ အိမ်ရပ်ဘောင် ယူဆောင်၍ သွားကြကုန်၏။ (တစ်ယောက်သေပြီဆိုလို့ရှိယင် အမွေခံပေါ်တယ်။ အရှေ့လူ အနောက်လူ တောင်လူ မြောက်လူ ကိုယ့်အိမ်ကိုယ် ယူသွားတာပဲ ရှိတယ်)။

သတ္တော ပန=ဥစ္စာစီးပွား ရှာဖွေထား၍ သေသွားတဲ့သူကတော့။ ယေန ကမ္မံ=သူ့ကံအတိုင်းသာလျှင်။ ဂစ္ဆတိ=သွားရလေတော့၏။ (သူ့နောက် ငွေတစ်ကျပ်တောင် ပါမသွားဘူးတဲ့။ ပါစပ်ထဲထည့်လိုက်တဲ့ ဟာလေးတောင် ဟို သုသာန်ကျတော့ သုဘရာဇာက နှိုက်ပြီးတော့ ယူလိုက်သေး၊ ဟုတ်လား။ ဒီတော့ ငွေတစ်ကျပ်လည်း မပါဘူး။ သူကတော့ ကံကိုသာ အဖော်လုပ်ပြီးတော့ ကံစီမံတဲ့အတိုင်း သွားရမယ်။)

မီယမာနံ=စုတိပြတ်ကြွေ သေလွန်တဲ့ ပုဂ္ဂိုလ်ကို။ ပုတ္တာ စ=သားသမီးတို့သည် လည်းကောင်း။ ဒါရာ စ=ဇနီးမယားတို့သည် လည်းကောင်း။ ဓနံ စ=ရွှေငွေဥစ္စာသည် လည်းကောင်း။ ရဋ္ဌံ စ=တိုင်းနိုင်ငံသည် လည်းကောင်း။ ကိဉ္စိ ဓနံ=တစ်စုံတစ်ခုသော ဥစ္စာမျှ။ န အနွေတိ=မလိုက်ပါ။

စုတိပြတ်ကြွေ သေလွန်တဲ့သူနောက် ဘယ်သား ဘယ်သမီး ဘယ်ရွှေ ဘယ်ငွေ ဘယ်တိုင်းပြည်မှ လိုက်မသွားဘူးတဲ့။

http:\\www.dhammadownload.com



## အသက်ရှည်အောင် ဥစ္စာဖြင့် ဝယ်မရ

န ဒီဃမာယုံ လဘာတေ ဓနေန။

မဟာရာဇ = ကောရဗျမည်ပြြား အို မင်းတရား။ ဒီဃံ အာယုံ= အသက်ရှည်မှုကို။ ဓနေန=ဥစ္စာဖြင့်။ န လဘာတေ=ဝယ်၍မရပါ။

အသက်ရှည်ဖို့ရန် ဥစ္စာနဲ့ဝယ်ပြီး ကျွန်တော် အသက်တစ်ရာ ရှည် ချင်ပါတယ်၊ ရော့ငွေတစ်ထောင်၊ ဘယ်တော့မှ ဝယ်လို့မရဘူး။ အသက် ရှည်ချင်ယင် အဲဒီ ငွေတစ်ထောင်နဲ့ အသက်ရှည်တတ်တဲ့ ကုသိုလ် ကောင်းမှု သီလကောင်းမှုကိုသာ ပြု။ ငါးပါးသီလကိုသာ မကျိုးမပေါက် အောင် စောင့်၊ အဲ-မရှည်ပါနဲ့ဆိုလို့ မနေဘူး။ အသက်ရှည်တယ်။ ဥစ္စာနဲ့သာဖြင့် ဟုတ်လား၊ ကျုပ်အသက် ရှည်ချင်ပါတယ်၊ ငွေတစ် ထောင် ယူပါ၊ ဟုတ်လား၊ ဥစ္စာနဲ့ဝယ်လို့ အသက်ရှည်မှု မရဘူး။

### လက်တွေ့ဥပမာ

ဘာပြုလို့တုန်း၊ လောကမှာ အင်မတန် ငွေတွေ ရွှေတွေ ကျိုကျိုတက် ရှိတယ်ဆိုတဲ့ ဒီအဝေးကြီး မပြောပါနဲ့၊ ဟုတ်လား။ ဘုန်းကြီးတို့ရဲ့ ရဟန်းဒကာကြီး သူ့သမီးရှိစဉ်က သူ့သမီးမှာ ကင်ဆာရောဂါဖြစ်တယ်။ ဖြစ်တဲ့ ကင်ဆာရောဂါကို ငွေဘယ်လောက် ပေးရပေးရ၊ ရွှေဒင်္ဂါးတစ်ရာ ပေးရပေးရ ငါ့သမီးအသက်ကို ကယ်တင်မယ်ဆိုပြီးတော့ မြန်မာပြည် မှာတင် ကုတာ အားမရ၊ တင်းမတိမ်ဘဲနဲ့ပေါ့လေ၊ ငွေနဲ့အသက်ကို လဲမယ်ဆိုပြီးတော့ အိန္ဒိယ သွားတယ်၊ အပြန်ကျ အလောင်းကို ပိုက် ပြန်လာတယ်။

အင်း-ဒါပဲ၊ ငွေနဲ့လဲလို့ အသက်ရှည်မှုဆိုတာ မရဘူးဆိုတာ အင်မတန် ထင်ရှားပါတယ်။ ငွေနဲ့ ဘယ်လို ပုံတိုက်ပေမယ့် အသက် ရှည်လို့ မရဘူး။ အသက်ရှည်ဖို့ ရချင်ယင် သီလဆောက်တည်။ သီလ ကို မကျိုး မပေါက် မကျား မပြောက်အောင် ဆောက်တည်ယင် အသက် မရှည်နဲ့ဆိုလို့ မရဘူး။

http:\\www.dhammadownload.com



န ဒီဃမာယုံ လဘတေ ဓနေန၊
န စာပိ ဝိတ္တေန ဇရံ ဝိဟန္တိ။
အပ္ပံ ဟိဒံ ဇီဝိတမာဟု ဓီရာ၊
အသဿတံ ဝိပ္ပရိဏာမ ဓမ္မံ။

မဟာရာဇ=ကောရဗျမည်ြသော အို မင်းတရား။ ဒီဃံ အာယုံ= အသက်ရှည်မှုကို။ ဓနေန=ဥစ္စာဖြင့်။ န လဘတေ=ဘယ်နည်းနဲ့မှ ဝယ်၍ မရနိုင်ပါ။ ဝိတ္တေန=ဥစ္စာဖြင့်။ ဇရံ=အိုမင်းရင့်ရော်မှုကို။ န စာပိ ဝိဟန္တိ=ဘယ်နည်းနဲ့မှ မပယ်ဖြတ်နိုင်။

ကိုယ့်ရှိတဲ့ ဥစ္စာနဲ့ မအိုပါရစေနဲ့၊ မအိုအောင် လုပ်ပေးပါ၊ ရော့ငွေ တစ်သိန်း၊ ဘယ်တော့မှ မရဘူး။ အိုချင် အိုတာပဲ။ ဆံဖြူချိန် ဖြူတာပဲ။ ဒီဥစ္စာဟာ မအိုအောင်လည်း လုပ်မရဘူး၊ အသက်ရှည်အောင်လည်း လုပ်မရ။

ဟိ=မှန်၏။ ဓီရာ=ပညာရှိတို့သည်။ ဣဒံ ဇီဝိတံ=ဤယခုရှိနေတဲ့ အသက်ကလေးက။ အပ္ပံ=အနည်းငယ်မျှသာ။ အသဿတံ=ဘယ် တော့မှ မြဲတယ်ရယ်လို့ မရှိဘူး။ ဝိပ္ပရိဏာမဓမ္မံ=ဖောက်ပြန်ပျက်စီး ခြင်း သဘောရှိ၏ဟူ၍။ အာဟု=ဟောတော်မူကြပါကုန်၏။

ဘယ်တော့မှ ဒီအသက် မြဲတယ်မရှိဘူး၊ ပြီးတော့ အသက်ဆိုတဲ့ တရားလေး တစ်ကိုယ်လုံး လိုက်ရှာ၊ နည်းနည်းလေး၊ အင်မတန် တို တောင်းတယ်။ အသက်ဆိုတဲ့ တရားလေးရဲ့ ရုပ်ဇီဝိတ နာမ်ဇီဝိတရဲ့ အသက်ကို ကြည့်မယ်ဆိုယင် ဘာမှမကြာဘူး။ ဟို–စိတ်သက်တစ်ခု၊ နာမ်ဇီဝိတက ရုပ်ဇီဝိတ ခေါ်တဲ့ ရုပ်တရားကလည်းပဲ ရုပ်သက်တစ်ခု လောက်ပဲ ရှိတာ။ သူလည်း ရုပ်တစ်မျိုးပဲ။ အဲဒီတော့ အသက်ဆိုတဲ့ တရားက နည်းနည်းလေးရယ်။ မြဲလည်း မမြဲဘူး။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တယ်လို့ ပညာရှိ သူတော်ကောင်းကြီးများ ဟောကြားသွား တယ်။ ဒါဘာပြောသလဲ – "ဥပနိယျတိ လောကော အဒ္ဓုဝေါ"ဆိုတဲ့

http:\\www.dhammadownload.com



ပထမဓမ္မဒွေ့သအတွက်။ ဇရာတရား၊ ဗျာဓိတရားတို့က လူအပေါင်းကို မရဏာရောက်အောင် အမြဲတမ်း ဆောင်နေတယ်။ ဘယ်တော့မှ မြဲတယ် ခိုင်တယ် မရှိဘူးဆိုတဲ့ အကြောင်း ပြောတာ။

အဗ္ဗာ ဒလိဒ္ဒါ စ ဖုသန္တိ ဖဿံ။ ဒီကနောက်တော့ သူရဟာန်းပြုတဲ့ အခြေခံအကြောင်း ပညာတွေ စဉ်းစားချက်တွေ ပစ္စဝေက္ခဏာဉာဏ်တွေ ပြောချင်လို့။

## လူမိုက်သေနည်းနှင့် လူလိမ္မာသေနည်း

အဗ္ဗာ ဒလိဒ္ဒါ ဖုသန္တိ ဖဿံ၊
ဗာလော စ ဓီရော စ တထေဝ ဖုဋ္ဌော။
ဗာလော စ ဗာလျာ ဝဓိတောဝ သေတိ၊
ဓီရော စ န ဝေဓတိ ဖဿဖုဋ္ဌော။

မဟာရာဇ=ကောရဗျမည်ဪး မြတ်သော မင်းတရား။ အဗ္ဗာ စ= ကြွယ်ဝတဲ့ သူတို့သည် လည်းကောင်း။ ဒလိဒ္ဒါ စ=ဆင်းရဲတဲ့ လူတို့ သည် လည်းကောင်း။ ဖဿံ=သေခြင်းဆိုတဲ့ အတွေ့ကို။ ဖုသန္တိ=မည် သူ တစ်ယောက်မျှ ရှောင်ကွင်းလို့မရ တွေ့ကြပါကုန်၏။ ဗာလော စ=မသိမလိမ္မာတဲ့ လူမိုက်သည် လည်းကောင်း။ ဓီရော စ=ဉာဏ် ပညာရှိတဲ့ ပုဂ္ဂိုလ်သည် လည်းကောင်း။ တထေဝ=ထို့အတူသာလျှင်။ ဖုဋ္ဌော=သေခြင်းဆိုတဲ့ အတွေ့နဲ့ နှစ်ဦးလုံး တွေ့ခဲ့ကြသည် ဧကန် မုန်ပါပေ၏။

စ=ထိုသို့ လူမိုက်နဲ့ ပညာရှိ နှစ်ဦးစလုံးပင် သေခြင်းဆိုတဲ့ တရားနဲ့ တွေ့ရတာချင်း အတူဖြစ်သော်လည်းပဲ။ ဗာလော=သူမိုက်သည်။ ဗာလျာ =မသိမလိမ္မာ မိုက်မဲခဲ့ခြင်းကြောင့်။ ဝဓိတောဝ=တလျှပ်လျှပ် တုန်လှုပ်သည် ဖြစ်၍သာလျှင်။ သေတိ=အိပ်ရာ ညောင်စောင်း လျောင်းရလေ၏။

http:\\www.dhammadownload.com



ဘာမှ မသိတဲ့ လူမိုက်က အဲဒီလို မသိတဲ့အတွက် မိုက်တဲ့အတွက် ကာယဒုစရိုက်တွေ ဝစီဒုစရိုက်တွေ မနောဒုစရိုက်တွ ဒါတွေ လုပ်ခဲ့တယ်။ ဒုစရိုက်အိုးကြီး ဖြစ်တယ်။ ပညာရှိကျတော့ သိတယ်၊ တမလွန်အရေးကိုလည်း သိတယ်၊ အေး ... ဒီဘဝ ချမ်းသာရုံနဲ့ မပြီးဘူးဟဲ့။ တမလွန်ဘဝ ချမ်းသာအောင်၊ နိဗ္ဗာန်ရောက်အောင် ချမ်းချမ်းသာသာနဲ့ ဟုတ်လား။ ငါ နိဗ္ဗာန် ခေမာသောင်ကမ်းကြီး ကူးမယ်၊ ဒီအနေဖြင့် သတိ စောစောရတော့ စောစောကတည်းက ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ဆိုတဲ့ ဒုစရိုက်တွေ ရှောင်ရှား၊ သုစရိုက်ဆယ်ပါး ကုသိုလ်တရားတွေ ပွားခဲ့ကြတယ်။ ပညာရှိနဲ့ လူမိုက်ကွာပုံကို ပြောတာ။

အဲဒီတော့ လုပ်ငန်းစဉ် ကွာခြားခဲ့တော့ စုတိပြတ်ကြွေ သေခါနီးအခါကျ ဘာဖြစ်တုန်း။ လူမိုက်မှာတော့ မိုက်ခဲ့တဲ့အတွက် သေခါနီးကျတော့ ငရဲနိမိတ်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်နိမိတ်တွေ ထင်တော့ ကယ်ကြပါဦး၊ အမေတို့ အဖေတို့။ ဒီကျတော့ အမေတို့ အဖေတို့လည်း မတတ်နိုင်ဘူး။ တုန်လှုပ်ပြီး သေရာ ညောင်စောင်း လျောင်းရတယ်။

ဓီရော စ=ပညာရှိသည်ကား။ ဖဿဖုဋ္ဌော ပိ=သေခြင်းအတွေ့နဲ့ တွေ့ထိရငြားသော်လည်း။ န ဝေဓတိ=စောစောက သုစရိုက်တရားလိုက်စားခဲ့သူ ဖြစ်၍ လားလားမှ မတုန်လှုပ်တော့ချေ။

ပညာရှိ သူတော်ကောင်းအဖို့ သေရတော့မယ်ဆိုတဲ့တရား ရင်ဆိုင်တွေ့လာပြီဆိုယင် ဘာကြောက်စရာရှိလဲ။ ကိ+မဟံ ဘာယာမိ အတ္တိမေ ကာယသုစရိတ်=ငါ ဘာကို ကြောက်ရမလဲ၊ ငါ့ကာယသုစရိုက်တရားတွေ ပြုထားတာ အများကြီး ရှိတယ်။ ငါ ဘာကြောက်ရမလဲ။ ငါ့ဝစီသုစရိုက် တရားတွေ၊ ငါ့ မနောသုစရိုက်တရားတွေ အများကြီးရှိတယ်။ ငါ ဗုဒ္ဓသရဏဂုံတည်၊ ဓမ္မသရဏဂုံ၊ သံဃာ့သရဏဂုံတည်၊ ငါစောင့်ထိန်းခဲ့တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလတွေ ရှိတယ်။ ဒီခန္ဓာစွန့်ပယ်လိုက်ရလို့ ဘာနမြော်ရမှာလဲ။ မြေအိုးကြီး စွန့်ပြီးတော့ ရွှေအိုး

http:\\www.dhammadownload.com



ကြီး ယူရမယ့် ငါလို ပုဂ္ဂိုလ်က ဘာတုန်လှုပ်ရမှာလဲ ဆိုပြီးတော့ အိပ်ရာ သေရာ ညှောင်စောင်းလျောင်းတဲ့အခါမှာလည်းပဲ မတုန်မလှုပ်ဘဲနဲ့ ရဲရဲကြီး သေသွားနိုင်တယ်တဲ့။ ဒါ ပြောတာ။

တသ္မာ ဟိ ပညာဝ ဓနေန သေယျော၊
ယာယ ဝေါသာနမိဓာဓိဂစ္ဆတိ။
အဗျောသိတတ္တာ ဟိ ဘဝါဘဝေသု၊
ပါပါနိ ကမ္မာနိ ကရောန္တိ မောဟာ။

တသ္မာဟိ–တသ္မာ ဧဝ=ထို့ကြောင့်သာလျှင်။ ပညာဝ=ရှေ့ရေး နောက်ရေး ထောက်ထွေးမြော်မြင် ပညာ်ဆိုတဲ့ အသိဉာဏ် သမ္ဗဇဉ် သာလျှင်။ ဓနေန=ဥစ္စာထက်။ သေယျော=အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

(ဥစ္စာနဲ့ ဘာမှ လုပ်မရဘူး။ ပညာနဲ့မှ တမလွန်ဘဝ ကောင်းစားရေး လုပ်ဖြစ်တယ်။ အဲဒါကြောင့် ဥစ္စာထက် ပညာသည် မြတ်တယ်။ ဘာကြောင့်လဲဆိုတော့) –

ယာယ=အကြင်ပညာဖြင့်။ ဣဓ=ဤဘုရားသာသနာ၌။ ဝေါသာနံ =ကိစ္စရဲ့ အပြီးအဆုံးဆိုတဲ့ အရဟတ္တဖိုလ်သို့။ အဓိဂစ္ဆတိ=ရောက်နိုင်၏။

ပညာအခြေခံမှ အလုပ်ကိစ္စရဲ့ အပြီးအဆုံး ဆိုတဲ့ အရဟတ္တဖိုလ်ကို ရောက်နိုင်တယ်။ ပညာမရှိယင် အရဟတ္တဖိုလ်ကို ရောက်ကို မရောက်နိုင်ဘူး၊ ပညာမရှိယင် ဘဝသံသရာ ဘဝဇာတ် ဘဝဒုက္ခကြီး ဘယ်တော့မှ မအေးဘူး။ ပညာရှိမှ အရဟတ္တဖိုလ် ရောက်တယ်၊ အရဟတ္တဖိုလ်ရောက်မှ ဒုက္ခငြိမ်းတယ်။ အရဟတ္တဖိုလ် မရောက်ယင် ဘာဖြစ်တုန်း၊ ပညာမရှိယင် အရဟတ္တဖိုလ် မရောက်ဘူး။ အရဟတ္တဖိုလ် မရောက်တော့ ကိုယ်တော့ ဘာဖြစ်ရမှာလဲ လူမိုက်က ပြောတယ်။ ဒီလို ပြောစရာရှိလို့ အရှင်ရဋ္ဌပါလက –

http:\\www.dhammadownload.com



ဟိ = မှန်၏။ အဗျောသိ တတ္တာဟိ – အဗျောသိ တတ္တာ ဧဝ = အရဟတ္တဖိုလ်ပေါက် အပြည့်အစုံ ရောက်နိုင်တဲ့ ပညာမရှိကြသော ကြောင့်ပင်လျှင်။ မောဟော=တွေဝေတဲ့ မောဟပြည့်ဝတဲ့ ပုဂ္ဂိုလ်တို့ သည်။ ဘဝါဘဝေသု=ငယ်ငယ်ကြီးကြီး ဘဝအသီးသီးတို့၌။ ပါပါနိ ကမ္မာနိ=ယုတ်မာတဲ့ ဒုစရိုက်ကံတို့ကို။ ကရောန္တိ=ပြုမှားကြကုန်၏။

ဟို အရဟတ္တဖိုလ်ပေါက် ရောက်လောက်ငဲ့ ဉာဏ်ပညာ အခြေခံ မရှိတဲ့အတွက် လူမိုက်များဟာ မိမိတို့ ငယ်ငယ်ကြီးကြီး ရောက်တိုင်း ရောက်တိုင်း ဘဝမှာ မကောင်းတဲ့ ဒုစရိုက်မှုတွေချည်းပဲ ဒင်းတို့ ပြုမိ တယ်။ သန်းခေါင်ထက်တော့ ညဥ့်မနက်ဘူး ကိုယ်တော်၊ ပြုမိတော့ ကော ဘာဖြစ်တုန်းဆိုတော့ –

ဥပေတိ ဂဗ္ဘဥ္စ ပရဉ္စ လောကံ၊
သံသာရမာပဇ္ဇ ပရမ္ပရာယ။
တဿပ္ပပညော အဘိသဒ္ဒဟန္တော၊
ဥပေတိ ဂဗ္ဘဥ္စ ပရဉ္စ လောကံ။

မဟာရာဇ=မြတ်သောမင်းကြီး။ (သန်းခေါင်ထက် ညဥ့်မနက်ဘူးဆို တဲ့ အဒိပုဂ္ဂိုလ်ဟာ) သံသာရံ=ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်ခြင်းဆိုတဲ့ သံသရာ စက်ရဟတ်ကြီးကို။ ပရမ္ပရာယ=အဆက် ဆက်။ အာပဇ္ဇ=ရောက်ရှိ၍။ ဂဗ္ဘဥ္စ=တမလွန်လောက ဟိုဘဝဝယ် အမိဝမ်းခေါင်းသို့လည်း။ ဥပေတိ=ကပ်ရောက်ရ၏။ ပရဉ္စလောကံ= တမလွန်လောက ဟိုငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ ဘဝသို့ လည်း။ ဥပေတိ=ကပ်ရောက်ရ၏။

သန်းခေါင်ထက် ညဥ့်မနက်ပါဘူး ကိုယ်တော်လို့ ဆိုတဲ့ အဲဒိပုဂ္ဂိုလ် သည် သံသရာစက်မပြတ်ဘူး။ သံသရာစက် အဆက်ဆက် လည်လိုက် တာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံဆိုတဲ့ ဘုံဘဝ ရောက်တယ်။ သူတင် ရောက်သလားလို့ဆိုတော့ –

http:\\www.dhammadownload.com



တဿ=ထို ဉာဏ်ပညာမရှိတဲ့ လူမိုက်၏စကားကို။ အဘိသဒ္ဒဟန္တော=ယုံကြည်ကိုးစားတဲ့။ အပ္ပပညော=ပညာမရှိတဲ့ ထိုသူမိုက်ရဲ့ နောက်လိုက် သူမိုက်လည်းပဲ။

## ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော်

ဘာတွေလုပ်သလဲ၊ မကောင်းမှု ဒုစရိုက်တွေ လုပ်သည်။ အေး- "ရှေ့ဆောင်နွားလား အကောက်သွားယင်၊" "နောက်နွား တစ်သိုက် အကောက်လိုက်၏" ဆိုတဲ့အတိုင်း ရှေ့က လူမိုက်တစ်ယောက် ခေါင်းဆောင်မိယင် နောက်က လူတွေလည်း လူမိုက်အလုပ် ချည်းထဲ ရောက်လုပ်တာပဲ။ ရှေ့က လူက လူလိမ္မာ ခေါင်းဆောင်ယင် နောက်က လူတွေ လူလိမ္မာ အလုပ်လုပ်တယ်။ ဒါ(ရာဇောဝါဒဇာတ်) တရားတော် အတိုင်းပဲ။

ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။

သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

ဆိုတဲ့ တရားတော် ရှိပါတယ်။ မြစ် ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးတဲ့ နေရာမှာ ရှေ့ဆောင်နွားကြီးကသာ ဖြောင့်ဖြောင့်ကူးယင် နောက်နွား တွေက ဖြောင့်ဖြောင့်လိုက်တယ်။ ဟင်-ရှေ့ဆောင်နွားကြီးက ဟိုကွေ့ သည်ကွေ့ဆိုယင် နောက်က နွားလတ် နွားငယ်တွေ အကုန်ကောက် ကွေ့ပြီး ငယ်ငယ်လေးတွေ ဝဲထဲကျသေရော။ အင်း-ရှေ့နွားကောက်ယင် ဒုက္ခရောက်တတ်ပုံ ပြောတာ။

အဲ-အခုလည်းပဲ လူမိုက်က ရှေ့ဆောင် အဲဒီ လူယုတ်စကား ယုံကြည်ပြီးတော့ နောက်က လူတွေက ဒုစရိုက်တွေလုပ်၊ လုပ်တော့ ဘာဖြစ်သလဲ။

ဥပေတိ ဂဗ္ဘဉ္စ ပရဉ္စ လောကံ=သူလည်း သံသရာ စက်လည်ပြီးတော့ အမြတ်ဆုံး လူ့ဘုံလောကမှ အောက်တန်း နောက်တန်းကျပြီးတော့ အမိဝမ်းခေါင်း ကိန်းအောင်းရတယ်။ ဒုစရိုက် အကုသိုလ်ကံတွေ

http:\\www.dhammadownload.com



အကျိုးပေးခွင့်ရတဲ့အခါ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံမှာ သံသရာကြီး လည်နေရတယ်။ ဟာင်း-အပါယ်သံသရာ လည်နေရကော ကိုယ်တော် ဘာဖြစ်သလဲလို့ လူမိုက်များက ပြောလို့ ရှိယင် -

စောရော ယထာ သန္ဓိမုခေ ဂဟိတော၊

သ ကမ္မုနာ ဟညတိ ပါပဓမ္မော။

ဧဝံ ပဇာ ပေစ္စ ပရမှိ လောကေ၊

သ ကမ္မုနာ ဟညတိ ပါပဓမ္မော။

မဟာရာဇ=ကောရဗျမည်ပြေား အို-မြတ်သောမင်းတရား။ ပါပ ဓမ္မော=ယုတ်မာသော ကိုယ်ကျင့်တရားရှိသော။ စောရော=ခိုးသူကို။ သန္ဓိမုခေ=ခြံစပ်အိမ်ဝဌ်။ ဂဟိတော=မင်းတွေက အတင်းအကြပ် ဖမ်းယူအပ်သည်ဖြစ်၍။ ဝါ=ဖမ်းယူအပ်သော။ စောရော=လူဆိုးသူခိုး ဓားပြသူခိုးကို။ ဝါ-ဓားပြသူခိုးသည်။

ဆိုကြပါစို့၊ သူ့ဥစ္စာကို ခိုး၊ ဂုက်၊ တိုက်ခိုက် မကောင်းတဲ့ ပါပဓမ္မ ကိန်းအောင်းတဲ့ လူဆိုးသူဆိုး ဓားပြသူခိုးကို ခိုးနေတုန်း၊ တိုက်နေတုန်း၊ သတ်နေတုန်း၊ ခိုက်နေတုန်း ခြံစပ်အိမ်စပ်မှာပဲ ဟုတ်လား၊ အစိုးရမင်း များ ဖမ်းမိပြီ ဆိုပါစို့။ အဲဒီလို ဖမ်းမိပြီ ဆိုလို့ရှိယင် -

သကမ္မုနာ=မိမိပြုလုပ်တဲ့ အဒိန္နဒါန် မကောင်းမှုသော အကုသိုလ် ကံကြောင့်။ ဟညတိ=အနှိပ်စက် အညှဉ်းပန်း ခံရပေ၏။

ခေါ်သွားရော၊ ဖမ်းသွားရော၊ ဟုတ်လား။ အချုပ်ရောက်သွားရော။ ရောက်တော့ သူ့ကိုယ်သူ လွတ်ရာလွတ်ကြောင်း "ကျွန်တော် မခိုးပါဘူး ခင်ဗျား" ဒီလို ပြောပေမယ့် အိတ်ကပ်ထဲမှာက သူ ခိုးတဲ့ ပစ္စည်းတွေက ခိုးထုပ်ခိုးထည်နှင့်တကွ မိနေတော့ ရိုက်ပြီ၊ ကန်ပြီ၊ ကျောက်ပြီ၊ နက်ပြီ၊ ဟုတ်လား။ အေး-ဒါထက် ဟိုဂါတ်ထဲက ဟာတွေပေါ့လေ၊ ဒီအချုပ် ရောက်သွားတဲ့အခါ ညှဉ်းပန်းမှု နှိပ်စက်မှုဆိုတဲ့ ဆင်းရဲဒုက္ခတွေ၊ အဲဒါ

http:\\www.dhammadownload.com



တွေ မျှော်ပြီးတော့ ကြည့်စမ်း။ အဲဒီလို ပင်ပန်းနွမ်းနယ်ရသကဲ့သို့။

ဓဝံ=ဤအတူ။ ပါပဓမ္မော=ယုတ်မာတဲ့ ဒုစရိုက်မှု မကောင်းမှုပြုသော။ ပဇာ=သတ္တဝါအပေါင်းသည်။ ပေစ္စ=ဒိပစ္ဆုပ္ပန်ဘဝမှာ သွားရောက်ရသည် ရှိသော်။ ပရမှိ လောကေ=တမလွန်လောက ဟို ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံဘဝ၌။ သကမ္မုနာ=မိမိပြုခဲ့တဲ့ မကောင်းမှု ဒုစရိုက်ကံကြောင့်။ ဟညတိ=ပင်ပန်းနွမ်းနယ်ရတော့၏။

ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ ဥစ္စာရှိယင် ပညာရှိမှ၊ ဥစ္စာရှိတာထက် ပညာရှိမှ ကိုက်တယ်။ ဥစ္စာရှိလို့ ပညာမရှိဘူးဆိုယင် ပိုရိုင်းတယ်။ ဒုစရိုက်တွေပြုပြီး အပါယ်သံသရာတွေလည်၊ အဲ–သူတစ်ယောက်တင် မကဘူး။ အဲဒီ သူ့နောက်က သူ့စကား နားယောင်တဲ့လူတွေလည်း အပါယ်သံသရာ လည်ပြီးတော့ ဒုက္ခအစဉ်အတန်း၊ တိရစ္ဆာနဒုက္ခ၊ ပြိတ္တာဒုက္ခ၊ အသူရကာယ်ဒုက္ခ အပင်တပန်း အနွမ်းတနယ် ခံရတယ်။

## ကာမဂုဏ်၏အပြစ်

ပညာရှိက သုဂတိ တစ်ဘဝမှ တစ်ဘဝ၊ တစ်ဘဝမှ တစ်ဘဝ အဲဒီလို လှည့်လည်ပြီးတော့ နောက်ဆုံးဘဝ ဇာတ်သိမ်းငြိမ်းသည့်တိုင်အောင် သုစရိုက်သမားကတော့ အငြိမ်းလမ်းကို သူသွားတယ်တဲ့။ အရဟတ္တဖိုလ်ရောက်တော့ ငြိမ်းတာပနော်။ ကိုင်း ဒါဖြင့် အရှင်ဘုရား ရဟာန်းပြုတာ၊ အေး–ဥစ္စာနဲ့ ပညာတို့ရဲ့ အကျိုးအပြစ်ကို ငါ ဒီလိုမြင်လို့ ရဟာန်းပြုတာ။

> ကာမာ ဟိ စိတြာ မဓုရာ မနောရမာ၊
> ဝိရူပရူပေန မထေန္တိ စိတ္တံ။
> အာဒီနဝံ ကာမဂုဏေသု ဒိသွာ၊
> တသ္မာ အဟံ ပဗ္ဗဇိတောမှိ ရာဇ။

http:\\www.dhammadownload.com



ရာဇ=ကောရဗျမည်ဘြား အိုမင်းတရား။ ဟိ=မှန်၏။ ကာမာ=ဝတ္ထုအာရုံ ကာမဂုဏ်တို့သည်။ စိတြာ=အလွန်အမင်း ဆန်းကြယ်ကြပါကုန်၏။ မဓုရာ=အပေါ်ကြောက ကြည့်လို့ရှိယင် သာယာတယ်။ ချိုမြိန် ကောင်းမြတ်တယ်လို့ ထင်ရကုန်၏။ မနောရမာ=စိတ်နှလုံးမွေ့လျော်ဖွယ်ကဲ့သို့ ဖြစ်ကြကုန်၏။ ဝိရူပရူပေန=သူတို့ရဲ့ သဘောအမျိုးမျိုးဖြင့်။ စိတ္တံ=ပုထုဇဉ် သူ ငါတို့ရဲ့ စိတ်ကို။ မထေန္တိ=နှောင့်ယှက်တတ်ပါပေကုန်၏။

(ဝတ္ထုအာရုံ ကာမဂုဏ်တို့ရဲ့ ပုံပန်းအမျိုးမျိုးနဲ့ ပုထုဇဉ်ရဲ့ စိတ်ကို ဝတ္ထုအာရုံ ကာမဂုဏ်တို့က အမြဲတစေ နှောင့်ယှက်နေတယ်။ လှောင်လှက်နေတယ်)။

ရာဇ=ကောရဗျမည်လျှင်း အို မြတ်သောမင်း။ ကာမဂုဏေသု=အာရုံငါးပါး ကာမဂုဏ်တရား၌။ အာဒီနဝံ=အပြစ်ဒေါသ အာဒီနဝကို။ ဒိသွာ =မျက်ဝါးထင်ထင် ငါ တွေ့မြင်ရသောကြောင့်။ တသ္မာ=ထိုသို့ ကာမအာရုံ အပြစ်အစုံကို အကုန်သိမြင်သည် ဖြစ်သောကြောင့်။ အဟံ=ငါသည်။ ပဗ္ဗဇိတော=ရဟန်းအဖြစ်သို့ ကပ်ရောက်ခဲ့သည်။ အမှိ=ဖြစ်ပါပေ၏။

ဘာပြောသလဲ။

ကာမဂုဏ်တို့ရဲ့ အပြစ်ကို မြင်လို့ ဒို့ ရဟန်းပြုတယ်။

ဒါပြောတာ။ ဒါတင်ပဲလားလို့ ဆိုတော့ ခန္ဓာရဲ့ အပြစ်ကိုလည်းပဲ သံသရာရဲ့အပြစ်ကိုလည်း ပြောဦးမယ်။

ဒုမပ္ဖလာနေဝ ပတန္တိ မာဏဝါ၊
ဒဟရာ စ ဝုဍ္ဍာ စ သရီရဘေဒါ။
ဧတံ ပိ ဒိသွာ ပဗ္ဗဇိတောမှိ ရာဇ၊
အပဏ္ဏကံ သာမညမေဝ သေယျော။

http:\\www.dhammadownload.com



ရာဇ=ကောရဇ္ဇမည်လျှင်း အို–မြတ်သောမင်း။ ဒုမပ္ပလာနေဝ=သစ်ပင်ပေါ်မှ သစ်သီးကြီးငယ် အသွယ်သွယ်တို့ကဲ့သို့။ သရီရဘေဒါ=ကိုယ်ခန္ဓာ ပျက်ကြွေခြင်းကြောင့်။ ဒဟရာ စ=အသက်အရွယ်ငယ်သော သူတို့သည် လည်းကောင်း။ ဝုဍ္ဎာ စ=အသက်ကြီးရင့်သော သူတို့သည် လည်းကောင်း။ ဒဟရာ=အသက်အရွယ် ငယ်ကြကုန်သော။ မာဏဝါ စ=သတ္တဝါတို့သည် လည်းကောင်း။ ဝုဍ္ဎာ=အသက်အရွယ် ကြီးရင့်ကြကုန်သော။ မာဏဝါ စ=သတ္တဝါတို့သည်လည်းကောင်း။ ဒုမပ္ပလာနေဝ= သစ်ပင်ပေါ်က သစ်သီးကြီးငယ် အသွယ်သွယ်တို့ကဲ့သို့။ ပတန္တိ=စုတိပြတ်ကြွေ လျှောကျကြရပေကုန်၏။

ငယ်တယ်လို့လည်း မနေရဘူး၊ ကြီးတယ်လို့လည်း မနေရဘူး၊ သစ်သီးတွေ ကြီးလည်း ကြွေတာပဲ။ ပကတိ လေပြင်းတိုက်လို့ ရှိယင် သစ်သီးအကြီးလည်း ကြွေ၊ အသေးလည်း ကြွေသလို လောကဓံ လေပြင်းတိုက်ခတ်လို့ရှိယင် အကြီးလည်း သေတယ်၊ အငယ်လည်း သေတယ်။ သစ်သီးတွေ ကြွေသလိုပဲ လူကြီး လူငယ်တွေ သေနေကြတယ်။

ဇတံ ပိ=ဤသတ္တဝါ ကြီးငယ် အသွယ်သွယ်တို့ စုတိပြတ်ကြွေ သေနေရခြင်းဆိုတဲ့ ဘေးကိုလည်းပဲ။ ဒိသွာ=မျက်ဝါးထင်ထင် ငါတွေ့မြင်ရသောကြောင့်။ အပဏ္ဏကံ=မချွတ်မယွင်းဘဲ။ ဝါ–သံသရာဝဋ်မှ ဧကန်ထွက်မြောက်စေတတ်တဲ့။ သာမညမေဝ=ရဟန်းတော်ဓာတ် အမြင့်မြတ်သည်သာလျှင်။ သေယျော=ချီးမွမ်းအပ် မြတ်လှပေ၏။ ဣတိ=ဤသို့ နလုံးပိုက်၍။ အဟံ=အကျွန်ုပ်သည်။ ပဗ္ဗဇိတော=ရဟန်းပြုသည်။ အမှိ=ဖြစ်ပါ၏။

ငယ်ငယ်ကြီးကြီး သတ္တဝါတွေ သေတာတွေ မြင်ရတဲ့အတွက် သံဝေဂ ရပြီးတော့ ဧကံ–မချွတ်မယွင်း မှန်ကန်တဲ့ အပဏ္ဏက ပဋိပဒါ၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေတတ်တဲ့ နိယျာနိက ပဋိပဒါ၊ ဒီလို ဂုဏ်

http:\\www.dhammadownload.com



ထူးရှိတဲ့ ရဟန်းတရားမှ ချီးမွမ်းအပ်တဲ့ တရားပဲလို့ ခွဲခွဲခြမ်းခြမ်း သိပြီး တော့ ငါ ရဟန်းအဖြစ်သို့ ကပ်ရောက်ပါတယ်လို့ အဲဒီလို နောက်ဆုံး (၁၃)တစ်ဆယ့်သုံးဂါထာတို့ဖြင့် နိဂုံးအုပ်၍ ဟောခဲ့ပါတယ်။

## တရားတော်နိဂုံး

ဤသို့လျှင် ရဋ္ဌပါလ သုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရခြင်း =ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံသီလ ဆောက် တည်ရခြင်း=သီလမယကောင်းမှု ကုသိုလ်ကံစေတနာ၊ ဓမ္မပူဇာဖြစ်စေ ခြင်းငှာ ဒေယျဓမ္မ ဒါနဝတ္ထုတို့ဖြင့် ပြဋ္ဌာန်းလှူဒါန်းရခြင်းတည်းဟူသော =ဒါနကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ စသည် များမြတ် ပေါင်း အပ်သော ကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤရဋ္ဌပါလ သုတ္တန်ဝယ် သုတ္တန်ဝင် ဖြစ်တော်မူကြသော အရှင်ရဋ္ဌပါလ မထေရ်မြတ် တို့ ကိန်းစံရာ ခေမာသိဝ အမတကြငှန်း နိဗ္ဗာန်နန်းကို မပင်မပန်း ချမ်းသာ လွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်တောင့်တရင်း အသီးအသီး ရှိကြတဲ့ မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ပါ စေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထို နောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောက်ကာလ၌ တစ်စုံ တစ်ခုသော ဘဝဂတိ ယောနိ ဝိညာဏဋ္ဌိတိမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာ ငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ်မဖြစ်ဘဲ ချုပ်ခြင်း ငြိမ်းခြင်း တည်းဟူသော အနုပ္ပာဒနိရောဓ အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီ စံရစေကုန်သတည်း။ အနုပါဒိ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု။ သာဓု။ သာဓု။

ရဋ္ဌပါလ သုတ္တန်တရားတော် ပြီးပြီ။

http:\\www.dhammadownload.com



# ရေဝတီဝိမာနဝတ္ထု တရားတော်

## ကောင်းမှုပြု၍ နတ်ပြည်ရောက်ပုံကို အားကျစေရန်နှင့် မကောင်းမှုပြု၍ အရှင်လတ်လတ် ငရဲကျပုံကို ထိတ်လန့် သံဝေဂရစေရန် ရည်သန်ဟောကြားခြင်း

ဓမ္မာရုံ၌ တရားပွဲ ဒါယကာ အုပ်သူကြီး ဒါယကာ ဦးတုတ် တောင်းပန်ချက်အရ ဒုတိယအကြိမ် ဟောကြားအပ်သော ရေဝတီ ဝိမာနဝတ္ထုတရား။

.ဘုန်းကြီး ရေဝတီဝိမာန ဝတ္ထုကို ဟောပေးပါလို့ တရားပွဲ ဒကာကြီး ဦးတုတ်က တောင်းပန်တယ်။ ဘုန်းကြီးအနေနဲ့ကတော့လည်းပဲ ဇာတ်တွေ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု၊ အဲဒီလို ဟောဖို့ အစီအစဉ် ရှိပါတယ်။ ဒကာ ဒကာမ-က တစ်ခါ ဒါ ဟောပါဦးဘုရား ဆိုလို့ရှိယင်လည်းပဲ ဟောရမှာပဲ။ ဘာပြုလို့တုန်းဆိုတော့ နာကြစမ်းပါလို့ လိုက်ပြီးတော့ တောင်းတောင်းပန်ပန် ပြောရမယ့် ကိစ္စ။

အခု ဒါ နာပါရစေလို့ တောင်းပန်တဲ့ ကိစ္စပါ-တဲ့။

ဒီတော့ မနာဖူးဘူးလားဆိုတော့ မကြာခင်က နာဖူးတယ်။ ဒါပေမယ်လို့ "သုတံ ပရိယောဒပေတိ" ကြားပြီး နာပြီးတဲ့ တရားကို တစ်ဖန်ထပ်၍ ဖင်ကြယ်စေချင်လို့တဲ့။ တရားနာတဲ့ အကျိုးထဲမှာ ဒုတိယအကျိုးအနေနဲ့ ဒါ ပါတယ်။ တရားနာတဲ့ ပုဂ္ဂိုလ်များသာ သုတံ ပရိယောဒပေတိ ဖြစ်သလားလို့ဆိုတော့ မဟုတ်ဘူး။ ဘုန်းကြီးတို့ အနေနဲ့လည်းပဲ ပဌမအကြိမ် ဟောလိုက်ရတာနဲ့ ဒုတိယအကြိမ် ဟောလိုက်ရတာ မတူဘူး။ ဒုတိယအကြိမ်ကျတော့ အသိဉာဏ် ပိုရှင်းသွားတယ်။ ဒုတိယအကြိမ်ထက် တတိယအကြိမ်ကျတော့ ပိုရှင်းသွားတယ်။ အဲဒီလို ဖြစ်ပါတယ်။

http:\\www.dhammadownload.com



ဒါကြောင့် ဘုန်းကြီးတို့လည်း "သုတံ ပရိယောဒပေတိ" ကြားဖူးနာဖူးသော ပုဂ္ဂိုလ်များသည် "သုတံ ပရိယောဒပေတိ"ဆိုတဲ့ အကျိုးနှစ်ပါး နှစ်ဖက်ပြီးစေတဲ့ ရေဝတီဝိမာနဝတ္ထု တရားကို ဟောရပါ့မယ်။ ဝိမာနဝတ္ထု တရားဂါထာရင်းကတော့ -

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။

ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာ၊၊တံ -

စသည်ဖြင့် ဂါထာပေါင်း ၂၅ ဂါထာ ရှိပါတယ်။ အဲဒီ ဂါထာတွေဟာ ရေဝတီဝိမာနလို့ ခေါ်သတဲ့၊ တိုတိုချုံးယင်။ မိမိက အသိုင်းအဝိုင်းအနေနဲ့ စောစောစီးစီး တင်ကြို သတိပြုထားဖို့ ကောင်းတဲ့ ဘုရား တရားတော် ဂါထာ နှစ်ပုဒ်လောက် စဉ်းစားကြည့်ရအောင် ... ။

## ဓမ္မနှင့် အဓမ္မ

န ဟိ ဓမ္မော အဓမ္မော စ၊
ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊
ဓမ္မော ပါပေတိ သုဂ္ဂတိံ။

(ဓမ္မိကတ္ထေရဂါထာ၊ အမှတ် ၃၀၄)

အဓမ္မော စ=မသူတော်တရားသည် လည်းကောင်း။ ဓမ္မော စ= သူတော်တရားသည် လည်းကောင်း။ ဥဘော=ဓမ္မ အဓမ္မအား ဤနှစ်ပါးတို့သည်။ သမဝိပါကိနော=တူညီသော အကျိုးရှိ ကုန်သည်။ န ဟိ-န ဧဝ ဟောန္တိ=မဖြစ်ကေန် မှန်လှကုန်၏။ (ဓမ္မနဲ့ အဓမ္မဆိုတာ ဘယ်လိုနည်းနဲ့မှ အကျိုးပေးတူလို့ မရဘူးတဲ့။ လမ်းကိုက တစ်လမ်းစီတဲ့) အဓမ္မော=ဒုစရိုက်ဆယ်ပါး အဓမ္မတရားသည်။ နိရယံ=ငရဲအစ အပါယ်လေးဝသို့။ နေတိ=ရောက်အောင် ပို့ဆောင်တတ်၏။ ဓမ္မော= သုစရိုက်ဆယ်ပါး ကောင်းမြတ်တဲ့ တရားသည်ကား။ သုဂ္ဂတိံ=လူ့ရပ်နတ်ရွာ ကောင်းရာ သုဂတိသို့။ ပါပေတိ=ရောက်စေတတ်၏။

http:\\www.dhammadownload.com



အကုသိုလ်ဆယ်ပါး အဓမ္မတရားများအား ငရဲအစ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ပို့ဆောင်တတ်တယ်။ သုစရိုက် ဆယ်ပါး ကောင်းမှုတရားများကား လူ့ရပ် နတ်ရွာ ကောင်းရာ သုဂတိ ကို ရောက်စေတတ် ပို့ဆောင်စေတတ်တယ်-တဲ့၊ ဟောဒီလို အင်မတန် ရှင်းရှင်းနဲ့ မြတ်စွာဘုရား ဟောထားတဲ့ တရားဂါထာ တစ်ခု ရှိပါတယ်။

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။

(သံ၊ ၁၊ ၂၂၉)

ယာဒိသံ=အကြင်သို့ သဘောရှိသော။ ဗီဇံ=မျိုးစေ့ကို။ ဝပ္ပတေ= စိုက်ပျိုးအံ့။ တာဒိသံ=ထိုမျိုးစေ့နှင့် အလားတူသော။ ဖလံ=အကျိုး ကို။ ဟရတေ=ဆောင်တတ်၏။ (အခါးမျိုးကို စိုက်ယင် အခါးပင် ပေါက်ပြီးတော့ အခါးသီးပဲ စားသုံးရတယ်။ အချိုမျိုးစေ့ စိုက်ယင် အချိုပင်ပေါက်၍ ချိုမြိန်သော အရသာကို စားသုံးရတယ်တဲ့။ အဲဒါ လိုပဲ) ကလျာဏ ကာရီ=ကောင်းသောအမှု ပြုလေ့ရှိသောသူသည်။ ကလျာဏံ=ကောင်းသောအကျိုးကို။ လဘတေ=ရ၏။ ပါပကာရီ စ= မကောင်းမှု ပြုတဲ့သူသည်ကား။ ပါပကံ=ယုတ်မာသော မကောင်း သော အကျိုးကို။ လဘတေ=ရပေ၏။

ကောင်းမှုပြုယင် ကောင်းသောအကျိုး၊ မကောင်းမှုပြုတဲ့ ပုဂ္ဂိုလ်သည် မကောင်းသော အကျိုးကို ရတတ်တယ်။ ဒါ တရားဥပဒေသ ဖြစ်ပါ တယ်။ အဲဒီ ဥပဒေသ နှစ်ချက်စလုံး စုံညီတဲ့ ဝိမာနဝတ္ထုပါဠိ ဖြစ်ပါ တယ်။ ရေဝတီဝိမာနဝတ္ထုဆိုတာ မြတ်စွာဘုရား ဗာရာဏသီပြည် မိဂဒါ ဝုန်ကျောင်းမှာ နေတုန်း ဒီ ရေဝတီဝိမာနဝတ္ထု ဖြစ်ရပ်တွေကို မြတ်စွာ ဘုရား အပြည့်အစုံ အကုန်ဖော်ပြပြီး ဟောရတယ်။

ဘုရားလက်ထက်တော်တုန်းက ဗာရာဏသီပြည်မှာ နန္ဒိယသေဌေး သားလို့ သေဌေးသား တစ်ယောက်ရှိတယ်။ သူ့ရဲ့ ဂုဏ်တွေကို –

http:\\www.dhammadownload.com



သဒ္ဓေါ=တဲ့၊ ရတနာသုံးပါးရဲ့ဂုဏ် ကံ-ကံရဲ့ အကျိုးကို ယုံတဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တဲ့။

ဒါယကော=ပစ္စည်း လေးဖြာ လှူဒါန်းတတ်တဲ့ ပုဂ္ဂိုလ်။

ဒါနပတိ=ဒါနပတိဆိုတာ အလှူဒါနနဲ့ ပတ်သက်၍ လှူပုံ သုံးမျိုး ရှိပါတယ်။ တစ်-**ဒါနဒါသ**။ နှစ်-**ဒါနသဟာယ**။ သုံး-**ဒါနသာမိတဲ့**။

(၁) **ဒါနဒါသ**=ဆိုတာ မိမိအောက်က ပုဂ္ဂိုလ်များကို မိမိစားသည့် အောက် ယုတ်ညံ့သော အရာများကိုသာ ကျွေးတယ် မွေးတယ် ပေး တယ် ကမ်းတယ်။ အဲဒါမျိုးလို မိမိသုံးစွဲသည့် အောက် ယုတ်လျော့သော ပစ္စည်းများ လှူတာ တန်းတာကိုတော့ ဒီအလှူမျိုးကို ဒါနဒါသလို့ ခေါ်ပါ တယ်။

(၂) မိမိ သူငယ်ချင်းများကျတော့ မိမိစားတဲ့အတိုင်း ဝတ်တဲ့အတိုင်း သုံးတဲ့အတိုင်း ပေးကမ်းတတ်တယ်၊ လက်ဆောင် ပို့တတ်တယ်။ ထို့ အတူတဲ့၊ မိမိစားသုံးသည်နှင့်ညီမျှသော ဒါနဝတ္ထုများ လှူဒါန်းပေးကမ်း ယင် အဲဒီ ဒါနမျိုးကို **ဒါနသဟာယ**=သူငယ်ချင်းအား ပေးသည်နှင့် တူသော အလှူဒါနတဲ့။

(၃) **ဒါနသာမိ**=မိမိထက်ကြီးတဲ့ မိမိရဲ့ ဆရာသမား အရှင်သခင် များကျတော့ မိမိစားသုံးသည်ထက် ပိုလွန်သော အရာများကို ကျွေးမွေး ညှော်ခံတတ်တယ်။ အဲဒါလို လှူတဲ့တန်းတဲ့နေရာမှာ မိမိသုံးစွဲသည်ထက် သာလွန်သော အရာကို လှူလို့ရှိယင် အဲဒီ အလှူမျိုးကို **ဒါနသာမိ**လို့ သုံးနံ့ပါတ် ခေါ်ရတယ်။

အခု နန္ဒိယသေဋ္ဌေးသားဟာ ဒီဒါနသုံးမျိုးတွင် ဒါနသာမိဆိုတဲ့ အကောင်းဆုံး တတိယအလှူ ဒါနမျိုး ပေးလှူတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ စာထဲမှာ ဒါနပတိလို့ အဲဒီလို သုံးပါတယ်။ သာမိရဲ့ ပရိယာယ် ပတိလို့ သူ့ကို သုံးပါတယ်။

http:\\www.dhammadownload.com



သံဃုပဋ္ဌာက=သံဃာတော်အား ပစ္စည်းလေးပါးဖြင့် ပြုစုတဲ့ ဒကာတဲ့။ ပုံပန်းမှာ ဒီလို သာသနာကို ပြုစုတာဟာ သူ့အိမ်ထောင် မကျခင်ကတည်းက သာသနာမှာ ယုံကြည်နေတဲ့ ဒကာတစ်ယောက် ဖြစ်တယ်။

သူတို့အိမ်နဲ့ မျက်နှာချင်းဆိုင် ဟိုဘက်လမ်းကတော့ ပါဠိလို နန္ဒိယရဲ့ 'မာတုလ' မာတုလဆိုတာ မြန်မာလို အမေ့မောင်ပေါ့။ အမေ့မောင်ကို ပါဠိလို မာတုလ ခေါ်တယ်။ အဖေရဲ့ညီ အဖေရဲ့အစ်ကိုများကျတော့ ပိတုစ္ဆလို့ ဒီလို ခေါ်ပါတယ်။ အဲ-မာတုလလို့ ဆိုသဖြင့် နန္ဒိယရဲ့ အမေ့မောင် အိမ်က သူတို့ အိမ်နဲ့ မျက်နှာချင်းဆိုင် ဟိုဘက်က ရှိတယ်။

## နန္ဒိယအမျိုးသားနှင့် ရေဝတီအမျိုးသမီးတို့ အိမ်ထောင်ရေး

ဒီတော့ နန္ဒိယရဲ့ အမေက သူ့သားလိမ္မာ နန္ဒိယကို မျက်နှာချင်းဆိုင် သူ့မောင်ရဲ့ သမီး ရေဝတီဆိုတဲ့ အမျိုးသမီးနဲ့ နေရာချမလို့။ နန္ဒိယကလည်း သဒ္ဓါတရား ကောင်းတယ်။ ရေဝတီက သာသနာနဲ့ မနီးစပ်ဘူး။ ဒါလောက်ပဲ ပြောကြပါစို့ရဲ့။ သဒ္ဓါတရား နည်းပါးတယ်။ အဲဒါသိလို့ နန္ဒိယက မလိုချင်ဘူး။ သဘောမတူဘူး။ အဲဒီတော့ နန္ဒိယအမေက တူမကို နေရာချချင်တော့ နားသွင်းတယ်။ ဘယ့်နှယ်ပြောသလဲ ဆိုတော့-

အမ္မ တွံ ဣမံ ဂေဟံ အာဂန္တွာ ဘိက္ခုသံဃဿ နိသီဒနဋ္ဌာနံ ဟာရိတေန ဂေါမယေန ဥပလိမ္ပိတွာ အာသနာနိ ပညာပေဟိ။

အမ္မ=သမီး။ တွံ=သင်သည်။ ဣမံ ဂေဟံ=ဤ ငါတို့အိမ်သို့။ အာဂန္တွာ-အာဂစ္ဆာဟိ=လာခဲ့။ အာဂန္တွာ=လာပြီးတော့။ ဘိက္ခုသံဃဿ=ရဟန်းသံဃာ၏။ နိသီဒနဋ္ဌာနံ=နေထိုင်ရာ အရပ်ကို။ ဟာရိဟေန ဂေါမယေန=စိုသော နွားချေးဖြင့်။ ဥပလိမ္ပိတွာ-ဥပလိမ္ပာဟိ=လိမ်းကျံလော့။

http:\\www.dhammadownload.com



(ဒါ အိန္ဒိယရဲ့ ယဉ်ကျေးမှုပါ၊ ပူဇော်မှုတစ်ခု ပြုမယ်ဆိုယင် ဒီပြုမယ့် နေရာကို နွားချေးအစိုနဲ့ လိမ်းကျံတာဟာ မင်္ဂလာတစ်ခုကဲ့သို့ ဖြစ်နေတယ်။ ဒါ အကုသိုလ် မဖြစ်တော့လည်း မြတ်စွာဘုရားက ဒါမလုပ်ကြနဲ့၊ မလုပ်ကောင်းဘူး မပြောပေမယ့် အလိုရှိသလို သိကြရမယ်။ အဲဒီလို လိမ်းကျံပြီးတော့)-

ဥပလိမ္ပိတွာ=လိမ်းကျံပြီးတော့။ အာသနာနိ=သံဃာတော်တို့ ထိုင်စရာ နေရာတို့ကို။ ပညာပေဟိ=ခင်းထားလော့။

သမီးက သိပ်ပြီးတော့ ညံ့တာကိုး။ နန္ဒိယ သဘောကျအောင် နန္ဒိယ နှစ်သက်အောင် ဟောဒီအလုပ်တွေ လုပ်ပါ။ နန္ဒိယက သာသနာကို ကြည်ညိုယင် သမီးကို နှစ်သက်လိမ့်မယ်။

အာဓာရကေ ဌပေဟိ။ အာဓာရကေ=ရဟန်းသံဃာတော်တို့ လာတဲ့အခါ သပိတ်ထားစရာ သပိတ်ခြေတို့ကို။ ဌပေဟိ=နေရာတကျ ထားပါလော့။ တန်းပြီးတော့ သပိတ်ခြေတွေ ထားရတယ်။

ဘိက္ခူနံ အာဂတကာလေ ဝန္ဒိတွာ ပတ္တံ ဂဟေတွာ နိသီဒါပေတွာ ဓမ္မကရဏေန ပါနီယံ ပရိဿာဝေတွာ ဘုတ္တကာလေ ပတ္တာနိ ဓောဝါဟိ။

ဘိက္ခူနံ=ရဟန်းတော်တို့၏။ အာဂတကာလေ=ဤအိမ်ကို ကြွလာသောအခါ ကာလ၌။ ဝန္ဒိတွာ ဝန္ဒာဟိ=သမီးရှိခိုးပါလော့။ ဝန္ဒိတွာ=ရှိခိုးပြီးတော့။ ပတ္တံ=သပိတ်ကို။ ဂဟေတွာ-ဂဏှာဟိ=ဆီးကြိုယူပါလော့။ ဂဟေတွာ=ယူပြီးတော့။ နိသီဒါပေတွာ=ကိုယ်တော်တွေကို သင့်လျော်ရာ နေရာ၌ ထိုင်စေပြီး သကာလ။ ဓမ္မကရဏေန=ဓမ္မကရိုဏ် ရေစစ်ဖြင့်။ ပါနီယံ=သောက်ရေကို။ ပရိဿာဝေတွာ ပရိဿာဝေဟိ=စစ်ပါလော့။ ပရိဿာဝေတွာ=ရေစစ်ပြီးသကာလ။ ဘုတ္တကာလေ=သံဃာတော်တို့ ဆွမ်းစားပြီးသောအခါ၌။ ပတ္တာနိ=သပိတ်တို့ကို။ ဓောဝါဟိ=သမီး ဆေးပါလော့။

http:\\www.dhammadownload.com



သာသနာနဲ့ နီးပေးပါတယ်။ အဲဒီလို နီးပေးလို့ သမီးအခုပြောတဲ့ အတိုင်း လုပ်ဆောင်လို့ရှိယင် -

ဧဝံ မေ ပုတ္တသ္သ အာရာဓိကာ ဘဝိဿသိ။

ဧဝံ=ဤသို့ အမေပြောတဲ့အတိုင်း သမီး ရွက်ဆောင်လို့ရှိယင်။ မေ= ငါ၏။ ပုတ္တဿ=သားဖြစ်သော နန္ဒိယသေဌေးသား၏။ ဝါ-သေဌေး သားက။ အာရာဓိကာ=နှစ်လိုအားရသော သူမသည်။ ဘဝိဿသိ= ဖြစ်ပါလိမ့်မယ်။

အဲဒီလိုသာ သမီးကျင့်ဆောင်လို့ရှိယင် သမီးကို ကျုပ်သားနန္ဒိယက သဘောကျပါလိမ့်မယ်တဲ့။ နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ ရွက် ဆောင်ပါလိမ့်မယ်၊ အဲဒီလို ပြောတယ်။

ဒီတော့ ရေဝတီက သဒ္ဓါတရား မရှိသော်လည်းပဲ ယောက္ခမလောင်း ပြောကြား သင်ကြားချက်အရ နန္ဒိယတို့အိမ်ကို လာတယ်။ လာပြီးတော့ ရဟန်းသံဃာထိုင်တဲ့နေရာကို နွားချေးအစိုများနဲ့ လိမ်းကျံပေးတယ်။ ပြီးတော့ နေရာများခင်းတယ်။ သပိတ်ခြေများ နေထားတကျ လျှောက် ပြီး ထားတယ်။ သံဃာတော်တွေ လာတဲ့အခါ သဒ္ဓါတရား မရှိပေမယ့် ဟန်ဆောင်သဒ္ဓါတရားအနေနဲ့ ရှိခိုးတယ်။ သပိတ်များ ဆီးယူ၊ နေရာ များခင်း၊ ဓမ္မကရိဏ် ရေစစ်ဖြင့် ရေများ စစ်၊ သံဃာတော်များ ဆွမ်းစား ပြီးတဲ့အခါ သပိတ်များ ခွက်များ ပန်းကန်များကို စိတ်ပါလက်ပါ ဆေး ကြောတယ်တဲ့။ ဤနည်းဖြင့် တစ်ရက်က နှစ်ရက်၊ ရက်ကလေး အတော်ညောင်းအောင် ပြုလာတဲ့အခါကျတော့ မိခင်ဖြစ်တဲ့ ဒကာမကြီး က နန္ဒိယကို နားချတယ်။

သြဝါဒက္ခမာ ဇာတာ။ တာတ=ချစ်သား။ ရေဝတီ=ငါ့တူမ ရေဝတီ သည်။ သြဝါဒက္ခမာ=အဆုံးအမကို ခံယူသူသည်။ ဇာတာ=ဖြစ်ခဲ့ပါပြီ။

မင်းကြည့်ပါ၊ အဆုံးအမ ခံသားပဲတဲ့။ ဆုံးမတဲ့အတိုင်း လိုက်နာ ပြုလုပ်တဲ့ အမျိုးကောင်းသမီး ဖြစ်ပါတယ်ကွယ်။ ဒီတော့ ငါ့သား

http:\\www.dhammadownload.com



ရေဝတီကို သဘောကျ လက်ခံလိုက်ပါလို့ဆိုတော့ နန္ဒိယက "သာဓု=ကောင်းပါပြီ"လို့ အဲဒီလို လက်ခံတဲ့အခါ မိဘနှစ်ပါးက နန္ဒိယနဲ့ ရေဝတီကို တိုတိုပြောရယင် ထိမ်းမြားပေးလိုက်တယ်။ ရေဝတီ နန္ဒိယတို့အိမ်ရောက်လာတဲ့အခါ နန္ဒိယက ဘာပြောသလဲ။

သစေ ဘိက္ခုသံဃံ မာတာပိတရော စ မေ ဥပဋ္ဌဟိဿသိ၊

ဝေံ ဣမသ္မိံ ဂေဟေ ဝသိတုံ လဘိဿသိ၊

အပ္ပမတ္တာ ဟောဟိ။

သုံးပိုဒ်ထဲ ပြောတယ်။ ရေဝတီ=ရေဝတီ။ တွံ=သင်သည်။ ဘိက္ခုသံဃံ=ရဟန်းသံဃာကိုလည်းကောင်း။ မေ=ငါ၏။ မာတာပိတရော စ=မိဘတို့ကိုလည်းကောင်း။ သက္ကစ္စံ=ရိုသေစွာ။ သစေ ဥပဋ္ဌဟိဿသိ=အကယ်၍ ပြုစုငြားအံ့။

ဝေံ=ဤသို့ ပြုစုသည်ရှိသော်။ ဣမသ္မိံ ဂေဟေ=ဤအိမ်၌။ ဝသိတုံ=ချမ်းချမ်းသာသာ နေခြင်းငှာ။ လဘိဿသိ=ရပေလိမ့်မယ်။

တွံ=သင်သည်။ အပ္ပမတ္တာ=မမေ့မလျော့သည်။ ဟောဟိ=ဖြစ်ပါလော့။

ရှင်မ ရေဝတီတဲ့၊ ငါက သာသနာ သိပ်ကြည်ညိုတယ်။ ရဟန်းသံဃာနဲ့ အမြဲမပြတ် ဆက်စပ်တယ်။ ဣသိပတန မိဂဒါဝုန် ကျောင်းတိုက်ကြီးက သံဃာတော်တွေဟာ ဒို့အိမ်မှာ ရေတွင်းသဖွယ် "သြပါနဘူတ"ခေါ်တဲ့ သောက်ရေကန်သဖွယ် ဖြစ်တယ်။ ဒီတော့ ငါ ကိုးကွယ်ပူဇော်တဲ့ ရဟန်းသံဃာကိုလည်းကောင်း၊ ငါရဲ့ မိဘနှစ်ပါးကိုလည်းကောင်း စုစုအောင့်အောင့်တော့ မလုပ်နဲ့၊ သင် ကောင်းကောင်း ရိုရိုသေသေ ပြုလုပ်။ ပြုစုကျွေးမွေးယင်တော့ သင် ဒီအိမ်မှာ စိုးစိုးပိုင်ပိုင် နေခွင့်ရမှာပဲ။ အဲဒီတော့ မမေ့မလျော့ အခုနှစ်ချက်ကို မှတ်သားပြီးတော့ ရေဝတီ၊ ရဟန်းသံဃာကိုလည်း ရိုရိုသေသေပြုပါ၊ ငါ့မိဘနှစ်ပါးကို

http:\\www.dhammadownload.com



လည်း ရှိရှိသေသေ ပြုစုလုပ်ကျွေးပါ။

အဲဒီလို ပြောတော့ ရေဝတီက "သာဓု=ကောင်းပါပြီ"လို့ လက်ခံတယ်။ ဟန်ဆောင်သဏ္ဌာန်နဲ့ပဲ ရဟန်းသံဃာကိုလည်း ပြုစုတယ်၊ ဟန်ဆောင်တဲ့ သဏ္ဌာန်နဲ့ပဲ နန္ဒိယရဲ့ မိဘနှစ်ပါးကိုလည်းပဲ ရှိရှိသေသေ ပြုတယ်။ ဒီလိုပြုရင်းက ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေလာတဲ့အတွက် ရေဝတီမှာ သားသမီးလေး နှစ်ယောက် ထွန်းကားခဲ့ပြီ။ သံယောဇဉ် ဖြစ်စရာပ။

အဲဒီလို သားသမီးနှစ်ယောက် ထွန်းကားပြီးတဲ့နောက် နန္ဒိယရဲ့ မိဘနှစ်ပါး ကွယ်လွန်သွားကြတဲ့ အချိန်မှာ ထိုအိမ်မှာ ရေဝတီသည် အိမ်ရှင်မ အိမ်ထောင်ဦးစီး ဖြစ်ခဲ့ရတယ်။ နန္ဒိယကား အဲဒီအချိန်မှာ အလှူရှင်ကြီး "မဟာဒါနပတိ=တကယ့်အလှူရှင်ကြီး" ဖြစ်ပြီးတော့ ရဟန်း သံဃာအား အမြဲတမ်း ဒါနဝတ်တည်တယ်၊ ခိုကိုးရာမဲ့ ဖြစ်ကြတဲ့ ခရီးသွားတွေ၊ ဆင်းရဲတဲ့ ပုဂ္ဂိုလ်များအား ကျက်ပြီးသော ထမင်းဟင်းဆိုတဲ့ "ပါကဝတ်"လို့ စာထဲကခေါ်တယ်။ ဆင်းရဲသားပဲ ဘယ့်နှယ်လုပ်ပြီးတော့ ကိုယ့်ဘာသာကိုယ် ချက်နိုင်မှာလဲ။ အဲဒီတော့ ချက်ပြီးသားကို ပေးလိုက်တော့ အသာစားရုံပဲ။ ဒီအနေနဲ့ 'ပါကဝတ်'ဆိုတာ ကျက်ပြီး ထမင်းဟင်းကို လှူတာတန်းတာကို ခေါ်တယ်။

## နန္ဒိယသေဌေး လှူဒါန်းသောကျောင်း ယနေ့တိုင်ရှိနေ

အဲဒီလို လှူတဲ့တန်းကဲ့ ပါကဝတ်=ဒါနဝတ်ကို ဟည်တယ်။ အဲဒီလို တည်နေရုံတင်လားဆိုတော့ မကသေးဘူးတဲ့။ မိဘထားခဲ့တဲ့ စီးပွား၊ အဘိုးအဘွား ထားခဲ့တဲ့ စီးပွား၊ မိမိလက်ထက် ဖြစ်ပွားတဲ့ စီးပွား အင်အားကို ကြည့်ပြီးတော့ ဣသိပတန မိဂဒါဝုန် ကျောင်းတိုက်ကြီး ထဲမှာ ကျောင်းဒကာအဖြစ် ခံယူတယ်။ အိန္ဒိယရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေ ကတော့ နန္ဒိယကျောင်းကြီးဟာ အခုထက်ထိ တစ်ပိုင်းတစ်စ တွေ့သေးတယ်လို့ ပြောပါတယ်။ ဗာရာဏသီရောက်တဲ့ ပုဂ္ဂိုလ်တွေက။

http:\\www.dhammadownload.com



အဲဒီ နန္ဒိယ မိဂဒါဝုန် ကျောင်းတိုက်ကြီးထဲမှာ ဆောက်လုပ်တဲ့ ကျောင်းအကြောင်း။

ဣသိပတနေ မဟာဝိဟာရေ စတုဟိ ဂဗ္ဘေဟိ ပဋိမဏ္ဍိတံ စတုသာလံ ကာရေတွာ မဉ္စပီဌာဒီနိ အတ္ထရာပေတွာ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ မဟာဒါနံ ဒတွာ တထာဂတဿ ဟတ္ထေ ဒက္ခိဏောဒကံ ပါတေတွာ နိယျာဒေသိ။

(စာတစ်ပိုဒ်နဲ့ နန္ဒိယရဲ့ ကျောင်းဒကာအဖြစ် ခံယူပုံကို ဖော်ပြတယ်)

ဣသိပတနေ မဟာဝိဟာရေ=ဣသိပတန ကျောင်းတိုက်ကြီး၌။ သံဃဿ=သံဃာတော်အား။ စတုဟိ ဂဗ္ဘေဟိ=တိုက်ခန်းကြီးလေးခန်းတို့ဖြင့်။ ပဋိမဏ္ဍိတံ=တန်ဆာဆင်အပ်သော။ စတုသာလံ=စတုသာလ အမည်ရတဲ့ လေးခန်း (လေးခန်းဆိုလို့ ကနေ့ ကိုးပေခန်း လေးခန်း မဟုတ်ပါဘူး။) ဒီလိုခန်းမကြီး လေးခန်းပါတဲ့ကျောင်း။ စတုသာလံ= စတုသာလ အမည်ရတဲ့ အုတ်ကျောင်းကြီးကို။ ကာရေတွာ–ကာရေသိ =ဆောက်လုပ် လှူဒါန်းခဲ့ပြီ။ ကာရေတွာ=ဆောက်လုပ်ပြီးတော့။ မဉ္စပီဌာဒီနိ=ညောင်စောင်းအင်းပျဉ် စသည်တို့ကို။ အတ္ထရာပေတွာ– အတ္ထရာပေသိ=ခင်းထားစေပြီ။ (ညောင်စောင်းတွေ အင်းပျဉ်ခုတင် တွေ ခြေသုတ်ခုံတွေ အိပ်ရာနေရာတွေ ခေါင်းအုံးတွေ သံဃာရဲ့ အသုံး အဆောင် သေနာသနပရိဘောဂတွေ အပြည့်အစုံ လှူမလို့ အဲဒီလို ခင်းထားစေပြီးတော့–) ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ=မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်းသံဃာအား။ မဟာဒါနံ=ကြီးစွာသော အလှူဒါနကို။ ဒတွာ=ပေးလှူ၍။ (ကျောင်းလှူတဲ့နေ့ ဘုရားအမှူးရှိတဲ့ သံဃာအား ကြီးစွာသော အလှူဒါနကြီး ပေးပြီးတော့) တထာဂတဿ ဟတ္ထေ= မြတ်စွာဘုရား၏ လက်တော်၌။ ဒက္ခိဏောဒကံ=အလှူရေစက်ကို။ ပါတေတွာ=သွန်းချ၍။ နိယျာဒေသိ=သံဃာတော်အား တည်ထား ကော်ရော် ပူဇော်အပ်နှင်းခဲ့လေပြီ။

http:\\www.dhammadownload.com



## ကျောင်းဒကာ နန္ဒိယအတွက် ဘုံဗိမာန်ကြီးပေါ်ခြင်း

ဗုဒ္ဓပ္ပမုခစတုဒိသာ သံဃိကစတုသာလ=ခန်းမကြီး လေးခန်းရှိတဲ့ တိုက်ကျောင်းကြီးကို စတုဒိသာ သံဃိက လှူပါတယ်။ အဲဒီလို လှူလိုက်သည်နှင့် တစ်ပြိုင်နက် သူရဲ့ကောင်းမှုကုသိုလ်ရဲ့ အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်မှာ တစ်ဆယ့်နှစ်ယူဇနာ အရှေ့၊အနောက်၊တောင်၊ မြောက် တစ်ဆယ့်နှစ်ယူဇနာ အေး-တစ်ဆယ့်နှစ်ယူဇနာ စတုရန်းရှိသော ရတနာဗိမာန်ကြီး ပေါ်တယ်တဲ့။ အကျယ် တစ်ဆယ့်နှစ်ယူဇနာ၊ အမြင့်က ယူဇနာ တစ်ရာမြင့်တယ်။ သူ့ဗိမာန်ကြီး ကြည့်လိုက်ရတာဟာ နေကြီးလိုပဲတဲ့၊ အရောင်ဟာ အမြဲတမ်း နေလို လင်းနေသတဲ့။

နန္ဒိယက လူ့ပြည်မှာ ရှိသေးတယ်။ ကုသိုလ်ကောင်းမှုရဲ့ အာနုဘော်ကြောင့် နတ်ပြည်မှာ ဗိမာန်ကလည်း အသင့်ဖြစ်နေပြီ။ အဲဒီဗိမာန်ထဲမှာ နန္ဒိယလာယင် ပြုစုဖို့ရန်အတွက် ပြုစုမယ့် နတ်သားတွေ ဖျော်ဖြေမယ့် နတ်သမီးတွေ အသင့်ရောက်ရှိနေကြပြီတဲ့။ ဆီးကြိုနေကြတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီး နတ်ပြည်ခရီး ဒေသစာရီ ကြွချီတော်မူတဲ့အခါကျတော့ နန္ဒိယရဲ့ ဗိမာန်ရောက်လို့ အဲဒီ ဗိမာန်က နတ်သားတွေထွက်ပြီး ရှင်မဟာမောဂ္ဂလ္လာန်ကို ဝတ်ပြုတဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်က မေးတယ်။

ကဿာယံ ပါသာဒေါ။ ဒေဝတာယော=ဒါယကာ နတ်သားတို့။ အယံ = ဤပြသာဒ်သည်။ ကဿ = အဘယ်သူ၏။ ပါသာဒေါ = ပြာသာဒ်နည်း။

ဒကာနတ်သားတို့၊ ဤပြာသာဒ်ဟာ ဘယ်သူ့ပြာသာဒ်လဲလို့ အရှင်မဟာမောဂ္ဂလ္လာန်က မေးမြန်းတော်မူတဲ့အခါ နန္ဒိယရဲ့ အပြုအစုဖြစ်မယ့် နတ်သားတွေက ဘာလျှောက်သလဲ။

ဣမဿ ဘန္တေ ပါသာဒဿ သာမိကော မနုဿလောကေ

ဗာရာဏသိ သိယံ နန္ဒိယော နာမ ကုဋုမ္ဗိယ ပုတ္တော သံဃဿ

http:\\www.dhammadownload.com



ဣသိပတနမဟာ ဝိဟာရေ စတုသာလံ ကာရေသိ၊ တဿာယံ နိဗ္ဗတ္တော ပါသာဒေါ။

ဘန္တေ=အရှင်ဘုရား။ ဣမဿ ပါသာဒဿ=ဤပြာသာဒ်ကြီး၏။ သာမိကော=အရှင်သည်။ မနုဿလောကေ=လူ့ပြည်လောက၌။ ဗာရာဏသိယံ=ဗာရာဏသီပြည်၌။ နန္ဒိယော နာမ=နန္ဒိယအမည်ရှိသော။ ကုဋုမ္ဗိယပုတ္တော=သူကြွယ်သားသည်။ သံဃဿ=သံဃာတော်၏အတွက်။ ဣသိပတန မဟာဝိဟာရေ=ဣသိပတန ကျောင်းတိုက်ကြီး၌။ စတုသာလံ=ခန်းမကြီးလေးခန်းရှိတဲ့ စတုသာလ အမည်ရသော ကျောင်းကြီးကို။ ကာရေသိ=ဆောက်လုပ် လှူဒါန်းခဲ့ပါပြီ။ အယံ=ဤပြာသာဒ်ကြီးပါဘုရား။

နန္ဒိယအတွက် ပေါက်တဲ့ ပြာသာဒ်ကြီးပါဘုရားလို့ လျှောက်တယ်။

အဲဒီလို နတ်သားတွေနဲ့ အရှင်မဟာမောဂ္ဂလ္လာန် စကားပြောနေတုန်း ဗိမာန်ထဲက နတ်သမီးတွေကလည်း ထွက်လာပြီးတော့ အဖျော်အဖြေပြုရမယ့် နတ်သမီးတွေက အရှင်မဟာမောဂ္ဂလ္လာန်ကို ရှိခိုးပြီးတော့ ဘာလျှောက်သလဲ။

ဘန္တေ မယံ ဗာရာဏသိယံ နန္ဒိယဿ နာမ ဥပါသကဿ၊ ပရိစာရိကာ ဘဝိတုံ ဣဓ နိဗ္ဗတ္တာ။

ဘန္တေ=အရှင်ဘုရား။ မယံ=တပည့်တော်မတို့ကတော့။ ဗာရာဏသိယံ=ဗာရာဏသီပြည်၌။ နန္ဒိယဿ နာမ=နန္ဒိယအမည်ရှိသော။ ဥပါသကဿ=ကျောင်းဒကာ၏။ ပရိစာရိကာ=အပြုအစု အလုပ်အကျွေးတို့သည်။ ဘဝိတုံ=ဖြစ်ခြင်းငှာ။ ဣဓ=ဤပြာသာဒ်ကြီး၌။ နိဗ္ဗတ္တာ=ဖြစ်နှင့်ကြကုန်သော။ ဒေဝတာယော=နတ်သမီးတို့ ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား၊ တပည့်တော်များကတော့ နန္ဒိယသူကြွယ်သား ဤနတ်ပြည် ရောက်လာတဲ့အခါ ပြုစုဖျော်ဖြေဖို့ ကြိုတင် ပြုလုပ်ရတဲ့

http:\\www.dhammadownload.com



နတ်သမီးတွေပါ ဘုရားတဲ့။

တဿ ဇဝံ ဝဒေထ။

တဿ=ထို နန္ဒိယ ဥပါသကာအား။ ဇဝံ=ဤသို့။ ဝဒေထ=တဆိတ် မိန့်ကြားပေးတော်မူပါဘုရား။

နန္ဒိယသဒ္ဓေး=နန္ဒိယ ကျောင်းဒကာကို ယခုလို တဆိတ်မိန့်ကြား ပေးပါဘုရားတဲ့။ ဘယ်လိုပြောရမလဲ။

တုယှံ ပရိစာရိကာ ဘဝိတုံ နိဗ္ဗတ္တာ ဒေဝတာယော

တယိ စိရာယန္တေ ဥက္ကဏ္ဌိတာ။

တုယှံ=သင်၏။ ပရိစာရိကာ=အလုပ်အကျွေးတို့သည်။ ဘဝိတုံ= ဖြစ်ခြင်းငှာ။ နိဗ္ဗတ္တာ=ဖြစ်ကုန်သော။ ဒေဝတာယော=နတ်သမီးတို့ သည်။ တယိ စိရာယန္တေ=သင် ကျောင်းဒကာ ကြာမြင့်နေသည်ရှိ သော်။ ဥက္ကဏ္ဌိတာ=ပျင်းကုန်ကြလိမ့်မယ်။

တဆိတ် အမိန့်ရှိပါဘုရား၊ သင့်ကို ပြုစုလုပ်ကျွေးဖို့ရန် စောင့်နေတဲ့ နတ်သမီးတွေက ကျောင်းဒကာ လူ့ပြည်မှာ ကြာကြာနေလို့ရှိယင်ဖြင့် ပျင်းကုန်ကြလိမ့်မယ်။ ဒါလောက်နဲ့ သူလာချင်မှာ မဟုတ်ဘူး။

ဒေဝလောကသမ္ပတ္တိ နာမ မတ္တိကဘာဇနံ ဘိန္ဒိတွာ

သုဝဏ္ဏဘာဇနဿ ဂဟဏံ ဝိယ အတိမနာပန္တိ ဝတွာ ဣတာဂမနတ္ထာယ

တဿ ဝဒေထ။

ဒေဝလောကသမ္ပတ္တိ နာမ=နတ်ပြည်စည်းစိမ်မည်သည်။ မတ္တိက ဘာဇနံ=မြေအိုးကို။ ဘိန္ဒိတွာ=ခွဲ၍။ သုဝဏ္ဏဘာဇနဿ=ရွှေအိုးရွှေခွက် ကို။ ဂဟဏံ ဝိယ=ယူရခြင်းကဲ့သို့။ အတိမနာပံ=အလွန်နှစ်သက်ဖွယ် ကောင်းလှပါပေ၏။ ဣတိ=ဤသို့။ ဝတွာ ဝဒေထ=မိန့်ဆိုတော်မူကြပါ ဘုရား။

နတ်ပြည် စည်းစိမ်ဆိုတာ ဒကာနန္ဒိယ၊ လူ့ပြည်စည်းစိမ်ထက် လူ့ ခန္ဓာကိုယ် စွန့်၍ နတ်ခန္ဓာကိုယ် ယူရခြင်းဟာဖြင့် မြေအိုးကို ခွဲပြီးတော့

http:\\www.dhammadownload.com



ရွှေအိုးကို ယူရသလိုပဲလို့ အဲဒီလို အမိန့်ရှိတော် မူပါဘုရား။

ဣတိ=ဤသို့။ ဝတွာ=မိန့်ဆိုတော်မူ၍။ ဣမ=ဤတာဝတိံသာနတ်ရွာသို့။ တဿ=ထိုနန္ဒိယကျောင်းဒကာ၏။ အာဂမနတ္ထာယ=လာခြင်းအကျိုးငှာ။ ဝဒေထ=မိန့်ကြားတော်မူကြပါဘုရား။

အဲဒီလို တောင်းပန်စကား လျှောက်ထားကြတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကလည်းပဲ "သာဓု=အေး-ကောင်းပြီ ကောင်းပြီ"ပြောလိုက်မယ်ပေါ့။ အရှင်မဟာမောဂ္ဂလ္လာန်က ကောင်းပြီလို့ ဝန်ခံပြီးတော့ နတ်ပြည်ကနေပြီး လျင်မြန်စွာ လူ့ပြည်ကြွတယ်။ ပရိသတ်လေးပါး တရားဟောနေဆဲဖြစ်တဲ့ မြတ်စွာဘုရားကို ဝင်ပြီးတော့ သူဘာလျှောက်သလဲ။

နိဗ္ဗတ္တတိ နု ခေါ ဘန္တေ ကတပုညာနံ မနုဿလောကေ ဌိတာနံယေဝ ဒိဗ္ဗသမ္ပတ္တိ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ကတပုညာနံ=ပြုအပ်ပြီးသော ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တို့အဖို့ရာ။ မနုဿလောကေ=လူ့ပြည်လောက၌။ ဌိတာနံယေဝ=တည်နေကြကုန်စဉ်ပင်လျှင်။ ဒိဗ္ဗသမ္ပတ္တိ=နတ်၌ဖြစ်သော စည်းစိမ်သည်။ နိဗ္ဗတ္တတိ နု ခေါ=ဖြစ်တတ်သလားဘုရား။

မြတ်စွာဘုရား-တဲ့။ ကုသိုလ်ကောင်းမှု ပြုကြတဲ့ ပုဂ္ဂိုလ်တို့အတွက် ထိုကောင်းမှုရှင်များသည် လူ့ပြည်လောကမှာ ရှိနေစဉ် နတ်ပြည်လောကမှာ စည်းစိမ်ဘုံဗိမာန်စသည်များ ကြိုတင်ပြီးတော့ ဖြစ်တတ်ပါသလား မြတ်စွာဘုရားလို့ မေးမြန်းလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

နနု တေ မောဂ္ဂလ္လာန နန္ဒိယဿ ဒေဝလောကေ နိဗ္ဗတ္တာ ဒိဗ္ဗသမ္ပတ္တိ သာမံ ဒိဋ္ဌာ ကသ္မာ မံ ပုစ္ဆသိ။

မောဂ္ဂလ္လာန=ချစ်သား မောဂ္ဂလ္လာန်။ တေ=သင်ချစ်သားသည်။ နန္ဒိယဿ = နန္ဒိယ ကျောင်းဒကာ အတွက်။ ဒေဝလောကေ = တာဝတိံသာ နတ်တို့ရွာ၌။ နိဗ္ဗတ္တာ=ဖြစ်နင့်သော။ ဒိဗ္ဗသမ္ပတ္တိ=နတ်

http:\\www.dhammadownload.com



စည်းစိမ်ကို။ သာမံ=သင် ချစ်သားကိုယ်တိုင်။ ဒိဋ္ဌာ နနု=မြင်အပ်ခဲ့ပြီ မဟုတ်လော။

(ချစ်သား၊ နန္ဒိယ ကျောင်းဒကာအတွက် တာဝတိံသာ နတ်ပြည်မှာ နတ်စည်းစိမ် ဘုံဗိမာန်ကြီး ပေါက်နေတာ ချစ်သားကိုယ်တိုင် မြင်ခဲ့တယ် မဟုတ်လား-တဲ့)။

အထ=ထိုသို့ ကိုယ်တိုင်ကိုယ်ကျ မြင်ရပါလျက်။ ကသ္မာ=အဘယ့်ကြောင့်။ မံ=ငါဘုရားကို။ ပုစ္ဆသိ=သင်ချစ်သား မေးနေရသေးသလဲလို့။

အဲဒီလို အမိန့်ရှိတဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်က -

"ဧဝံ ဘန္တေ နိဗ္ဗတ္တတိ"။ ဘန္တေ=ရှင်တော်မြတ်ဘုရား။ ဧဝံ=အရှင်ဘုရား။ ဧဝံ=အရှင်ဘုရား မြွက်ကြားတဲ့အတိုင်း တပည့်တော် မြင်ခဲ့ရတာ အမှန်ပါပဲ။ နိဗ္ဗတ္တတိ=နန္ဒိယကျောင်းဒကာအတွက် နတ်ဌာ်ဖြစ်တဲ့ စည်းစိမ်ကြီး အထင်အရှား ဖြစ်နေတာ တပည့်တော်ကိုယ်တိုင် အမြင်ပါပဲ ဘုရားလို့ ရှင်မဟာမောဂ္ဂလ္လာန် လျှောက်တော့မှ မြတ်စွာဘုရားက ဆက်ပြီးတော့ တရားသဘော ဒီလို ဟောပြန်တယ်။

ယထာ စိရံ ဝိပ္ပဝသိတ္တွာ အာဂတံ ပုရိသံ မိတ္တာဗန္ဓဝါ အဘိနန္ဒန္တိ ပဋိဂ္ဂဏှန္တိ။

စိရံ=ကြာမြင့်စွာ။ ဝိပ္ပဝသိတ္တွာ=ကွေကွင်း ကင်းကွာ၍ တစ်ယောက်နဲ့ တစ်ယောက် လပေါင်းများစွာ ကွေကွင်းပြီး သကာလ။ အာဂတံ=ချမ်းချမ်းသာသာ ရောက်ဆိုက်လာသော။ ပုရိသံ=ယောကျ်ားကို။ မိတ္တာဗန္ဓဝါ=ဆွေရင်းမျိုးချာတို့သည်။ အဘိနန္ဒန္တိ ယထာ=နှစ်လိုအားရမ်း ဝမ်းမြောက် ကြိုကုန်သကဲ့သို့ လည်းကောင်း။ ပဋိဂ္ဂဏှန္တိ ယထာ=ဆီးကြိုပွေ့ဖက် ကြိုကုန်သကဲ့သို့ လည်းကောင်း။

လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဆွေမျိုးတွေနဲ့ ကင်းကွာနေတဲ့ လူတစ်ယောက် ပြန်လာမယ်၊ ရောက်လာမယ်ဆိုယင် ဒီကရှိတဲ့ ဆွေမျိုး

http:\\www.dhammadownload.com



မိတ်သင်္ဂဟတွေ အင်မတန် ဝမ်းမြောက်လို့ ဝိုင်းပြီးတော့ ဖက်ကြတယ် မဟုတ်လား။ ဖက်ကြသလိုပဲတဲ့။

ဧဝံ=ဤအတူ။ ကတပုညံ ပုဂ္ဂလံ=ပြုအပ်တဲ့ ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်ကို။ ဣတော=ဤလူ့ပြည်မှ။ ပရလောကံ=တမလွန်လောကသို့။ ဂတံ=သွားသည်ရောက်သည်ရှိသော်။ သကာနိ ပုညာနိ=မိမိကောင်းမှု ကုသိုလ်တို့သည်။ ဝါ-ကောင်းမှု ကုသိုလ်တို့က။ သမ္ပတ္တိဟတ္ထေဟိ= စည်းစိမ်တည်းဟူသော လက်တို့ဖြင့်။ သမ္ပဋိစ္ဆန္တိ=ဆီးကြိုခံလင့်ကြကုန်၏။ ပဋိဂ္ဂဏှန္တိ=ပွေ့ဖက်ကြကုန်၏။

စည်းစိမ်ဥစ္စာ တည်းဟူသော လက်တို့ဖြင့် မိမိရဲ့ ကောင်းမှုကုသိုလ်တွေက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပွေ့ဖက်ကြတယ်တဲ့၊ အဲဒါကို ဂါထာ အနေနဲ့ -

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။

စိရပ္ပဝါသိံ=ကြာမြင့်စွာ ကွေကွင်း ကင်းကွာ၍နေသော။ ဒူရတော= ဝေးခြားသော အရပ်မှ။ သောတ္ထိ=မပင်မပန်း ချမ်းချမ်းသာသာ။ အာဂတံ = ပြန်ရောက်၍ လာသော။ ပုရိသံ = ဆွေမျိုးဖြစ်တဲ့ မင်းယောကျာ်းကို။ ဒိသွာ=မျက်ဝါးထင်ထင် တွေ့မြင်ရသည်ရှိသော်။ ဉာတိမိတ္တာ စ= ဆွေမျိုးမိတ်သင်္ဂဟတို့သည် လည်းကောင်း။ သုဟဇ္ဇာ စ=နှလုံးအကျွမ်းဝင်တဲ့ သူတို့သည် လည်းကောင်း။ အာဂတံ=ရောက်ဆိုက်လာတဲ့ ထိုယောကျာ်းကို။ အဘိနန္ဒန္တိ ယထာ=နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်သကဲ့သို့။

တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတီဝ အာဂတံ။

တထေဝ=ထို့အတူပင်လျှင်။ ကတပုညမ္ပိ=ပြုအပ်ပြီးသော ကုသိုလ် ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်ကိုလည်းပဲ။ အသ္မာ လောကာ=ပစ္စုပ္ပန် ဤ

http:\\www.dhammadownload.com



လူ့ပြည်လောကမှ။ ပရံ=တမလွန်လောက နတ်ပြည်ဘုံဘဝသို့။ ဂတံ=ရောက်ဆိုက်လာသည်ရှိသော်။ ပုညာနိ=ကုသိုလ်ကောင်းမှုတို့သည်။ အာဂတံ= အဝေးမှ ရောက်လာသော။ ပိယံ=ချစ်အပ်တဲ့သူကို။ ဉာတီ=ဆွေမျိုးတို့သည်။ ပဋိဂ္ဂဏှန္တိဣဝ=ဆီးကြိုပွဲဖက်ကြကုန်သကဲ့သို့။ ပုညာနိ=မိမိပြုတဲ့ကောင်းမှုတို့က။ သမ္ပတ္တိပဟာရ္ဟေဟိ=စည်းစိမ်တည်းဟူသော လက်တို့ဖြင့်။ ပဋိဂ္ဂဏှန္တိ=ဆီးကြိုပွဲပိုက်ကြကုန်၏။

မြတ်စွာဘုရား ဒီတရားကို ဓမ္မပဒမှာလည်းပဲ အဟော ရှိတယ်။

ဟောဒီလို ဟောတော့ ဗာရာဏသီပြည်ထဲ သတင်းပျံ့သွားတယ်။ ပရိသတ်လေးပါးကလည်း စုံနေတယ်။ နန္ဒိယ ကျောင်းဒကာဖို့ တာဝတိံသာ နတ်ပြည်မှာ နတ်ဗိမာန်ကြီး တစ်ဆယ့်ယူဇနာ အကျယ်အဝန်း၊ အမြင့်ယူဇနာ တစ်ရာရှိသတဲ့၊ ရတနာခုနစ်ပါးဖြင့်ပြီးတဲ့ နတ်ဗိမာန်ကြီး ပေါ်သတဲ့၊ ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်ကြီး ပြန်ကြွလာသတဲ့ဆိုတဲ့ သတင်းဟာ ဗာရာဏသီပြည်အတွင်း ဂယက်ရိုက်တော့ နန္ဒိယကျောင်းဒကာသည် ဆတက်ထမ်းပိုး တိုး၍တိုး၍ ကုသိုလ်ကို ပြုအားရှိသည်။ ပြုလည်း ပြုတယ်။ ပြုဖို့ရန် နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ ပီတိတွေ အဆင့်ဆင့် တိုးပြီးတော့ ကုသိုလ်တွေ တိုးပြီးတော့ ပြုတယ်။

## ဒါနဝတ်များကို ဖျက်ဆီးပစ်သော ရေဝတီ

အေး ... ကုန်ရောင်း ကုန်ဝယ် တစ်ခါ သွားခါနီးကျတော့ အိမ်ရှင်မ ရေဝတီကို သူမှာခဲ့တယ်။

ဘဒ္ဒေ မယာ ပဋ္ဌပိတံ သံဃဿ ဒါနံ အနာထာနံ ပါကဝတ္တဥ္စ တွံ အပ္ပမတ္တာ ပဝတ္တေယျာသိ။

ဘဒ္ဒေ=ရှင်မရေဝတီ။ မယာ=ငါသည်။ ပဋ္ဌပိတံ=တည်ထားအပ်သော။ သံဃဿဒါနံ=သံဃဒါန ကောင်းမှုဝတ်ကို လည်းကောင်း။ အနာထာနံ=ကိုးကွယ်ရာမဲ့တဲ့ သူတို့အား။ ပါကဝတ္တဥ္စ=ကျက်ပြီးထမင်း ကျက်ပြီးဟင်းဆိုတဲ့ အလှူဝတ်ကို လည်းကောင်း။ တွံ=

http:\\www.dhammadownload.com



သင်သည်။ အပ္ပမတ္တာ=မမေ့မလျော့သည်ဖြစ်၍။ ပဝတ္တေယျာသိ= ဖြစ်စေလစ်ပါ။

ရှင်မရေ ... ငါ ဝတ်တည်ထားတဲ့ သံဃဒါန အလှူဝတ်ကြီး၊ ကိုးကွယ်ရာမဲ့တဲ့ ပုဂ္ဂိုလ်တွေအတွက် ပါကဒါန အလှူဝတ်ကြီး အဲဒီ ကောင်းမှုဝတ်ကြီး နှစ်ပါးကို ရှင်မ မမေ့မလျော့ ပြုရစ်ပါလို့ မှာကြား သွားတယ်။ ရေဝတီက 'သာဓု=ကောင်းပါပြီ'လို့ ဝန်ခံတယ်။ နန္ဒိယက စိတ်ချလက်ချ ကုန်ရောင်းသွားတယ်။

နန္ဒိယ ကုန်ရောင်းသွားလို့ သုံးရက်လောက် ရှိတယ်ဆိုယင်ပဲ 'ပါကဝတ်'ကိုးကွယ်ရာမဲ့ လူတွေကို လှူနေတန်းနေကျဖြစ်တဲ့ ကျက်ပြီး ထမင်း ကျက်ပြီးဟင်း လှူတဲ့ အလှူဝတ်ကို တစ်ခါတည်း ဖျက်ပစ်လိုက် တယ်။ ဖြတ်ပစ်လိုက်တယ်။ မလှူဘူး။

နန္ဒိယ ရှေးတုန်းက သံဃာတော်တွေအတွက် အလွန်မွန်မြတ်တဲ့ ဆွမ်းခဲဖွယ် ဘောဇဉ် လှူနေကျလည်းပဲ အဲဒီလို မလှူတော့ဘူးတဲ့။ ဝတ် မပျက်ရုံကလေး၊ ဟင်းဆိုလို့ရှိယင် ဆန်ပုန်းရည်၊ ဆွမ်းအတွက်က ဆန် ကွဲထမင်း၊ ဒါကို ဆွမ်းပြုပြီးတော့ ဟင်းကတော့ ဆန်ပုန်းရည်၊ ဆန် ဆေးရည်ကို အချဉ်တည်ထားတာက ပုဂံပုန်းရည်လို အရသာရှိတဲ့ဟာ မဟုတ်ပါဘူး။ ချဉ်တဲ့ အရည်တစ်ခုပါ၊ ဟင်းအတွက်က ဆန်ပုန်းရည်၊ ဆွမ်းအတွက်က ဆန်ကွဲထမင်း။

သူတစ်ခါတည်း ဝတ်ကိုဖျက်ပြီးတော့ အဲဒီလို ပြုတယ်။ နန္ဒိယ ကျောင်းဒကာကတော့ သဒ္ဓါတရား ကောင်းလိုက်တာ၊ ကုန်ရောင်းသွား ယင်လည်းပဲ ရောက်တဲ့နေရာ သံဃာတွေ ဖြစ်နိုင်သလောက် လှူတယ်။ ကိုးကွယ်ရာမဲ့တဲ့ ပုဂ္ဂိုလ်တွေကို ရှာပေးစမ်းပါ၊ ကျွန်တော် ကျွေးချင် လှူချင်လွန်းလို့။ ကုန်ရောင်းသွားရင်းလည်းပဲ ကိုးကွယ်ရာမဲ့တဲ့ ပုဂ္ဂိုလ် တွေအတွက် ကျက်ပြီးထမင်း ကျက်ပြီးဟင်းကို လှူဒါန်းတယ်တဲ့။ ပါကဝတ် ဒါနဝတ်ကို။

http:\\www.dhammadownload.com



အဲဒီလို လှူတဲ့ သဒ္ဓါတရား ကြီးမားလှတဲ့အတွက် ရဟန္တာ ကိုယ်တော်ကြီးတွေ၊ ပရစိတ္တဝိဇာနန အဘိညာဉ်ရတဲ့ ရဟန္တာကိုယ်တော်ကြီးတွေ နန္ဒိယသွားတဲ့နေရာ အဘိညာဉ်နဲ့ ကြွကြွပြီးတော့ အလှူခံကြတယ်၊ ချီးမြှောက်တော်မူကြတယ်။ နန္ဒိယဘက်က ကြည့်တော့လည်းပဲ ကလျာဏကာရီ ဖြစ်တယ်။ ရေဝတီဘက်က ကြည့်တော့လည်းပဲ ပါပကာရီ ဖြစ်နေတယ်။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။

ကောင်းမှုပြုတဲ့သူသည် ကောင်းသောအကျိုးကို ရတယ်။ မကောင်းမှု ပြုလုပ်ယင် မကောင်းသော အကျိုးကို ရတယ်တဲ့၊ ဘုရားတရားက ရှိတယ်။

အဲ–သံဃာအတွက် ရေဝတီက ဆန်ကွဲထမင်းနဲ့ ဆန်ပုန်းရည်၊ ဒါကိုပဲ ဟင်းပြုပြီးတော့ ကျွေးမွေးတယ်၊ စားချင်စား၊ မစားချင်နေ၊ ဤအနေပြုလုပ်ပြီးတော့ သံဃာဆွမ်းကျွေးတဲ့နေရာမှာတော့ တကတည်း သူစားတဲ့ ထမင်းကောင်း ဟင်းကောင်း ထမင်းလုံးတွေ ကြဲထား၊ အဲ–သူစားတဲ့ အမဲရိုးတွေ ငါးရိုးတွေ ကြက်ရိုးတွေ၊ အင်း–ဒါတွေ စားသောက်ပြီးတော့ သံဃာဆွမ်းကျွေးတဲ့နေရာမှာ ကြဲဖြန့်ထားတယ်။ ကြဲဖြန့်ထားပြီးတော့ အိမ်နားနီးချင်း လူတွေကို ခေါ်ပြတယ်။

ပဿထ သမဏာနံ ကမ္မံ။

သမဏာနံ=ရဟန်းတို့၏။ ကမ္မံ=ပြုလုပ်ပုံကို။ ပဿထ=ကြည့်ကြပါကုန်လော့။

ကြည့်ကြစမ်းပါတော်၊ ကိုယ်တော်တွေရဲ့ လုပ်ပုံပေါ့။

ဆိုလိုတာက ကိုယ်တော်တွေက ဝက်သားတွေ အားပြီးတော့ ဝက်ရိုးတွေ ဒီအပေါ် ပစ်ထားခဲ့တယ်။ ကြက်သားဟင်းတွေ စားပြီးတော့ ကြက်ရိုးတွေ ဒီဖျာပေါ်မှာ ပစ်ထားခဲ့တယ်ပေါ့။ အင်း ... ငါးဟင်းတွေ စားပြီးတော့ ငါးရိုးတွေ ဒီဖျာပေါ် ပစ်ထားတဲ့ပုံ။ သူကတော့ အကောင်း

http:\\www.dhammadownload.com



ကျေးပြီး ကိုယ်တော်တွေကသာ -

သဒ္ဓါဒေယျံ နာမ ဧဝံ ဆဍ္ဍေန္တိ။

သဒ္ဓါဒေယျံ=ဒကာဒကာမတို့က သဒ္ဓါသဖြင့် လှူအပ်တဲ့ ဆွမ်းကောင်းဟင်းကောင်းကို။ဧဝံ=ဤသို့။ ဆဍ္ဍေန္တိ နာမ=စွန့်ပစ်ရက်ကုန်၏။

ကဲ့ရဲ့စကား ဒီ 'နာမ'က။ ဒီ'နာမ'က ချီးမွမ်းတဲ့ 'နာမ' မဟုတ်ဘူး။ 'ဂရဟာ နာမ'လို့ ခေါ်ပါတယ်။ ဆဍ္ဍေန္တိ နာမ=စွန့်ပစ်ရက်ကုန်၏။

## နန္ဒိယ စုတေ၍ တာဝတိံသာ ရောက်ခြင်း

ကြည့်ကြစမ်းပါတော်၊ ကျုပ်တို့ သဒ္ဓါဒေယျနဲ့ သဒ္ဓါသဖြင့် လှူတဲ့ ဟင်းကောင်းတွေ တကတည်း စွန့်ပစ်၊ ပြုမှ ပြုရက်ပလေတယ်။ အရပ်က ရေဝတီ အထင်ကြီးအောင် ဆိုပြီးတော့ ပြတယ်။

နန္ဒိယ ကုန်ရောင်းရာက ပြန်လာတော့ အိမ်မရောက်သေးဘူး၊ မခံချင်တဲ့ လူတွေက ကြိုပြီးတော့ နန္ဒိယကို ဒီအကြောင်းတွေ ပြောထားနှင့်တယ်။ နန္ဒိယကလည်း ဘယ်လောက်တင်းမာတဲ့ ပုဂ္ဂိုလ်လည်းဆိုယင် သူ့အိမ်ကို မတက်သေးဘူး၊ "ရေဝတီ အခု အိမ်က ဆင်းသွား" တကတည်း လမ်းကနေ အမိန့်ပေးလိုက်တယ်။ အဲ-သူဆင်းသွားပြီဆိုတော့မှ နန္ဒိယက အိမ်ပေါ်ရောက်တယ်ဆိုယင်ပဲ နောက်တစ်နေ့က အစပြုပြီးတော့ ရှေးက ပြုမြဲတိုင်း သံဃဒါနဝတ်တွေ အနာထပါက ဒါနဝတ်တွေ၊ ကိုးကွယ်ရာမဲ့တဲ့ ပုဂ္ဂိုလ်တွေအား ကျက်ပြီး ထမင်းဟင်း အလှူဝတ်တွေ ကောင်းကောင်းကြီး ပြုတယ်။ သံဃာတော်အား အလှူဝတ်တွေ ကောင်းကောင်းကြီး ပြုတယ်။

သို့သော် မိတ်ဆွေများက "နန္ဒိယ-မင်းဟာ ကျောင်းဒကာ တစ်ယောက်၊ အင်မတန် သည်းခံခြင်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တော့ ရေဝတီကို အပြီးနှင်ထားလို့တော့ မတော်ပါဘူးကွာ"လို့ ဝိုင်းပြီး သူငယ်ချင်းတွေရဲ့ တောင်းပန်ချက်အရ "ဧအေး ...ဒီအိမ်ပြန်လာချင်

http:\\www.dhammadownload.com



ယင်တော့ လာပါစေ၊ ရှေးတုန်းကလိုတော့ သူ့ကို အိမ်ထောင်ဦးစီးတော့ မခန့်နိုင်ဘူးကွာ၊ စားလောက်ရုံ ဝတ်လောက်ရုံတော့ ငါပေးမယ်" ဒီအနေနဲ့ နန္ဒိယက ဒဏ်ခတ်တာပလေ၊ ရေဝတီကို။

ဒါနဲ့ ရေဝတ် ပြန်လာတယ်။ ဒီတစ်ခါ ပြန်လာတော့ အိမ်ထောင်ဦးစီး မဟုတ်တော့ဘူး။ သူ့ကို စားစရာ ပေးတယ်၊ ဝတ်စရာ ပေးတယ်၊ နေစရာ နေရာပေးတယ်။ ဒီတော့ အိမ်ထောင်ဦးစီးတော့ မလုပ်နဲ့တော့၊ ကျုပ်အိမ်ထောင် ကျုပ်ဘာသာ ကျုပ်ဦးစီးပြီးတော့ စီးပွားဥစ္စာလည်း လုပ်မယ်၊ အရောင်းအဝယ်လည်း လုပ်မယ်၊ အလှူအတန်းလည်း လုပ်မယ်။ လောကီစီးပွား လောကုတ္တရာစီးပွား နှစ်ပါးကို သူကိုယ်တိုင် ဦးစီးလုပ်မယ် ဆိုပြီးတော့ လုပ်ရင်းက နန္ဒိယသည် စုတေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်သည်။

အေး ... အိပ်ပျော်သော ယောကျ်ား နိုးသွားသလို တစ်ခါတည်း တာဝတိံသာနတ်ပြည်ကို သူက ရောက်၍ ရှိရင်းစွဲ တစ်ဆယ့်ယူဇနာ ကျယ်ဝန်း၍ ယူဇနာ တစ်ရာမြင့်တဲ့ ရတနာဗိမာန်ကြီး၌ တာဝတိံသာ နတ်စည်းစိမ်ကို ချမ်းချမ်းသာသာ ခံစား၍ နေပြီ။

ရေဝတီက နန္ဒိယ သေတော့ သူက အိမ်ရှင်ပေါ့။ နန္ဒိယလည်း သေရော၊ ဒီအိမ်ကြီး သူအကုန် ပိုင်တော့တယ်။ ပိုင်ပေါ့လို့ ဆိုကတည်း က နန္ဒိယတို့ အိမ်ရှေ့မှာ ဆောက်ထားတဲ့ လှူဖို့တန်းဖို့ ဆွမ်းကျွေးဖို့ ဆိုတဲ့ လျှော့လျှော့ပြောယင် တဲကလေးကိုပေါ့။ (ဟိုဆွမ်းကျွေးတဲ့ ဆွမ်းစားကျောင်းကို ခေါ်တယ်နော်။ အခုတော့ နည်းပါတယ်၊ ရှိခဲပါတယ်။ ဟို–ရှေးက ဆိုလို့ရှိယင် သိပ်မဝေးသေးတော့ ရှေးပေါ့၊ ဒီလွန်ခဲ့တဲ့ တစ်ဆင့်လောက်က တကယ့်ကို စီးပွားဥစ္စာလည်း ရှိတယ်၊ သဒ္ဓါတရားကိုလည်း သက်ဝင်ယုံကြည်တယ်ဆိုတဲ့ တော်တော်ချမ်းသာတဲ့ သဌေး အမည်ခံ ကျောင်းဒကာကြီးများဟာ မိမိတို့ရဲ့ အိမ်ဝိုင်းထဲမှာ သံဃာ ဆွမ်းကျွေးဖို့ ဆွမ်းစားကျောင်းကြီးတွေ သီးခြား ဆောက်ထားကြတယ်၊

http:\\www.dhammadownload.com



ဆောက်ထားတာရှိသပ။ ဒီလို တွေ့ရဖူးပါတယ်။ အဲဒီလို ဆောက်ထားတဲ့ ဆွမ်းစားကျောင်းတွေ အကုန်လုံး ဖျက်တယ်။

ဣမေသံ ဝသေန မယှံ လာဘသက္ကာရော ပရိဟာယိ။

ကိုယ်တော်တွေကို ဆွမ်းမလောင်း၊ ဘာမှ မလှူတဲ့အပြင် ရှာထဲ အရပ်ထဲ လျှောက်ပြီးတော့ သူက ဘာပြောသလဲ။

ဣမေသံ ဝသေန=ဒီကိုယ်တော်တွေအတွက်ကြောင့်။ မယှံ=ငါ၏။ လာဘသက္ကာရော=လာဘ်ပူဇော်သက္ကာရသည်။ ပရိဟာယိ=ယုတ်လျော့ခဲ့တာ။

ငါ့ကြောင့်တော့ မဟုတ်ဘူးတဲ့။ သူ့ရဲ့ အပြစ်ကိုတော့ သူ မမြင်ဘူး။ ဒီကိုယ်တော်တွေကြောင့် နန္ဒိယ တစ်သက်လုံး ငါ့မှာ ရသင့်ရထိုက်တဲ့ လာဘ်ပူဇော်သက္ကာရတွေ ဆုံးရှုံးခဲ့တယ်၊ အဲဒီလို ကိုယ်တော်တွေရဲ့ အပြစ်ကို ရေရွတ်စကား ပြောပြီးတော့ အရပ်ထဲမှာ နေတယ်။ ကောင်းမှုကုသိုလ်တော့ ဘာမှမပြုဘူး။ သာသနာနဲ့ တစ်ဖက်တစ်လမ်း နေခဲ့တယ်။

## ရေဝတီကို ငရဲချမည်ဟု ဘီလူးများ ကြွေးကြော်ခြင်း

အဲဒီလိုနေလို့ သူ့အသက်တမ်း ကုန်ချိန်နီးတဲ့အခါကျတော့ (ခုနစ်ရက်မြောက် ရောက်တဲ့နေ့မှာ သူ့ကုသိုလ်ကံ ကုန်တော့မယ်ဆိုတော့) ဒီကနေ့ ဝေဿဝဏ် နတ်မင်းကြီးက သူ့အကုသိုလ်ကံ လှုံ့ဆော်တော့ ဘီလူးနှစ်ယောက်ကို လွှတ်လိုက်တယ်။

ဂစ္ဆထ ဘဏေ ဗာရာဏသိနဂရေ ဥဃ္ဃောသထ။

ဘဏေ = အချင်းတို့။ ဂစ္ဆထ = သွားကြကုန်။ ဗာရာဏသိနဂရေ=ဗာရာဏသီမြို့၌။ ဥဃ္ဃောသထ=ကြွေးကြော်ကြကုန်လော့။

ဝေဿဝဏ်နတ်မင်းကြီးက ဘီးလူးယက္ခ နတ်နှစ်ယောက်ကို လွှတ်လိုက်တယ်။ အဲဒီ ဘီလူးယက္ခနတ်နှစ်ယောက်က ဗာရာဏသီလမ်းအမျှ-

http:\\www.dhammadownload.com



ဣတော သတ္တမေ ဒိဝသေ ရေဝတိံ ဓီဝန္တိံယေဝ နိရယေ ပက္ခိပိဿတိ။

သူတို့ခေတ် ပါဠိလို ပြောတဲ့ခေတ်။ ဗမာလိုဆိုတော့ "ကနေ့မှ နောက် ခုနစ်ရက်မြောက်သောနေ့၌ ရေဝတီကို အရှင်လတ်လတ် ငရဲ ပစ်ချရလိမ့်မယ်"လို့ ဘီလူးသံကြီးတွေနဲ့ လှည့်လည်ကြွေးကြော်တယ်။

ဟာ–ဗာရာဏသီပြည်က ကြားတိုင်း ကြားတိုင်းသော လူတွေ ထိတ်လန့်သံဝေဂ ရလိုက်တာတဲ့၊ အားလုံး လန့်သွားကြသတဲ့၊ ထိတ် လန့်သွားတယ်။ အကုသိုလ်များ တယ်ကြောက်စရာ ကောင်းတယ်၊ သံသရာ မဆိုင်းဘူး။ ပစ္စုပ္ပန်မှာပဲ ဒိဋ္ဌဓမ္မ အကျိုးပေးကုန်ပြီ။

ရေဝတီကလည်းပဲ အဲဒီလို ဘီလူးနှစ်ယောက် ဗာရာဏသီမြို့အနှံ့ ကြွေးကြော်တဲ့အသံ ကြားတော့ ကိုင်း–ဘယ်လောက် ကြောက်သလဲ ဆိုယင် သူ့တိုက်ပေါ် တက်ပြီးတော့ တံခါးပိတ်ပြီးတော့ပဲ နေတော့ တယ်။ ခုနစ်ရက်မြောက်ယင် သူ့ကို အရှင်လတ်လတ် ငရဲချမယ်ဆိုတာ ကို သူ အင်မတန်ကြောက်ပြီးတော့ တိုက်ပေါ်က မဆင်းဘူး။ တံခါးပိတ် သော့ခတ်ပြီးတော့ တိုက်ပေါ်မှာပဲ ကြောက်လန့်၍ နေတယ်။ တစ်ရက် နှစ်ရက် သုံးရက် လေးရက် ငါးရက် ခြောက်ရက် ခုနစ်ရက်မြောက် ရောက်လာတဲ့အခါကျတော့ ကိုင်း–ဘယ်လိုပဲ ပိတ်ထားပေမယ့်လို့ ဘယ်က ရောက်လာတယ် မသိဘူး။ အချိန်တန်ပြီ၊ ဘီလူးနှစ်ကောင် ရောက်လာပြီးတော့ ဘာပြောသလဲဆိုတော့ –

ဥဋ္ဌေဟိ ရေဝတေ သုပါပဓမ္မေ၊
အပါရုတဒွါရေ အဒါနသီလေ။
နေဿာမ တံ ယတ္ထ ထုနန္တိ ဒုဂ္ဂတာ၊
သမပ္ပိတာ နေရယိကာ ဒုခေန။ ။

ရေဝတေ=ဟဲ့–ရေဝတီ။ ဥဋ္ဌေဟိ=ထလော့။ (ဘာ့ကြောင့်လဲ၊ ဒင်း

http:\\www.dhammadownload.com



မထဘဲ မနေရဘူးတဲ့) သုပါပဓမ္မေ=အလွန်ယုတ်မာသော သဘောရှိသောကြောင့်။ (နင့်ကို ဒို့ ထူရမှာ ခေါ်ရမှာတဲ့၊ အခုထ၊ အဲဒီအာလုပ်ပုဒ်ရဲ့ ဝိသေသနပုဒ်တွေကို ဟိုနောက်နားက ထားတာ၊ အဋ္ဌကထာကတော့ ဒါတွေဟာ အကြောင်းပြ စကားတွေတဲ့၊ နင် ထရမယ်၊ မထဘဲ မနေရဘူး။ ဘာပြုလို့လဲ) သုပါပဓမ္မေ–သုပါပဓမ္မတ္တာ=အလွန်ယုတ်မာတဲ့ သဘောရှိသောကြောင့်။ ဥဋ္ဌေဟိ=မထမနေရ ထရမယ်။ (ဒီလို ဆိုလိုပါတယ်)။ အပါရုတဒွါရေ=နင့်အတွက် အပါယ်တံခါးဖွင့်၍ ထားအပ်သည် ဖြစ်သောကြောင့်။ ဥဋ္ဌေဟိ=မထမနေရ၊ အခု ထရမယ်။ အဒါနသီလေ=အလှူအတန်း မပေးမကမ်းခဲ့ခြင်းကြောင့်။ တွံ=သင်သည်။ ဥဋ္ဌေဟိ=မထ မနေရ၊ အခု ထရမယ်။

(ဒါ–အဋ္ဌကထာက နောက်ပုဒ်တွေဟာ ဥဋ္ဌာနကြိယာရဲ့ အကြောင်းပြတဲ့ ပုဒ်တွေလို့ ဆိုတယ်။

"ဝိသေန၊ နောက်ဝယ်ကျသား၊ မထင်ရှား၊ ကျေငြားဟုတ္တာ။
ဟုတ္တာကျေက၊ ထင်စွာပြရ၊ ဟိတ်ရ လက္ခဏာ"

ဆိုတဲ့ နိယံများ မှတ်တမ်းများအတိုင်း ဒီဝိသေသနပုဒ်ကို ဟိတ်လို့ ဆိုရတယ်)။ ရိုးရိုးပေးတော့ –

သုပါပဓမ္မေ=အလွန်ယုတ်မာသော သဘောရှိသော။ အပါရုတဒွါရ=ဖွင့်အပ်သော အပါယ်တံခါး ဟင်းလင်းရှိသော။ အဒါနသီလေ=လှူလေ့တန်းလေ့ ဘိတ်မရှိသော။ ရေဝတေ=ဟဲ့–ရေဝတီ။ ဥဋ္ဌေဟိ=နေရာမှ ယခုထလော့။ ယတ္ထ=အကြင်ငရဲ၌။ နေရယိကာ=ငရဲသားတို့သည်။ ဒုခေန=ဆင်းရဲဒုက္ခဖြင့်။ သမပ္ပိတာ=နှိပ်စက်အပ်ကုန်သည် ဖြစ်၍။ ထုနန္တိ=ညည်းတွားကြကုန်၏။ တံ=သင့်ကို။ တံ=ထိုငရဲသို့။ နေဿာမ=ငါတို့ ဆောင်ကြရလိမ့်မယ်။

ဘုန်းကြီးတို့ စာအခေါ်တော့ အနိယတ၊ နိယတ–လို့ အကြောင်နဲ့ထိုနဲ့၊ အဲဒီလိုပြောတဲ့ စကားဟာ စာနှစ်ပိုဒ် ပြောတဲ့နေရာမှာ ပြောရ

http:\\www.dhammadownload.com



တယ်။ အဲဒီ အကြောင်တို့ ထိုသို့ မသုံးချင်လို့ တစ်ပိုဒ်တည်းနဲ့ ပြောချင်တယ် ဆိုလို့ရှိယင် –

"ရေဝတီ နင့်ကို ငရဲသားများ ဆင်းရဲဒုက္ခရောက်လို့ အမြဲတမ်း ညည်းညူနေရသော ငရဲသို့ ငါတို့ ဆောင်ရလိမ့်မယ်"ဒါ တစ်ပိုဒ်တည်း ပြောယင် အဲဒီလို ပြောလိုတယ်။

ဣစ္စေဝ ဝတွာန ယမဿ ဒူတာ၊
တေ ဒွေယက္ခာ လောဟိတက္ခာ ဗြဟန္တာ။
ပစ္စေကဗာဟာသု ဂဟေတွာ ရေဝတံ၊
ပက္ကာမယုံ ဒေဝဂဏဿ သန္တိကေ။

(ဒါ မြတ်စွာဘုရား စကားဆက်ပေးတဲ့ အနုသန္ဓေ အဘိသမ္ဗုဒ္ဓ ဂါထာပါတဲ့)။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဣစ္စေဝ=ဤသို့လျှင်။ ဝတွာန=ပြောဆို၍။ (ဥဒ္ဓေဟိ ရေဝတေ သုပါပဓမ္မေ–အစရှိတဲ့ ဂါထာနဲ့ ပြောကြားပြီးသကာလ) ယမဿ=ငရဲသော်၌နင်း ယမမင်း၏။ ဒူတာ=တမန်ဖြစ်တဲ့ ငရဲမင်းနှင့် တူကြကုန်သော။ လောဟိတက္ခာ =နီးမြန်းသော မျက်လုံးရှိကြကုန်သော။ ဗြဟန္တာ=ကြီးစွာသော ခန္ဓာရှိကြကုန်သော။ တေ=ထိုယက္ခနတ် နှစ်ဦးသားတို့သည်။ ရေဝတံ= ရေဝတီကို။ ပစ္စေကဗာဟာသု=တစ်ယောက်လျှင် တစ်ဖက်ကျ လက်မောင်းတို့၌။ ဂဟေတွာ=ဆွဲကြ၍။ ဒေဝဂဏဿ=နတ်အပေါင်း၏။ သန္တိကေ=အထံသို့။ ပက္ကာမယုံ=ဖဲသွားကြကုန်ပြီ။

## နန္ဒိယနတ်သား၏ ဗိမာန်ကို ရေဝတီအား ပြခြင်း

ခုနင်က ဂါထာနဲ့ ပြောပြီးတော့ နားမလည်ဘူး၊ သူငိုတာ ရယ်တာ ဒါတွေ အကုန်ဖယ်ထား။ ပြောလည်းပြီးရော ညာဘက်လက်က တစ်ယောက်၊ ဘယ်ဘက်လက်က တစ်ယောက် ဘီလူးနှစ်ကောင် ရေဝတီကို ဆွဲပြီးတော့ ပထမ ငရဲတော်က်လျှောက် ခေါ်မသွားသေးဘူး။ ဟို–

http:\\www.dhammadownload.com



တာဝတိံသာနတ်ပြည်မှာ နန္ဒိယနတ်သားနေရာ ဖြစ်တဲ့ ဗိမာန်ရဲ့အနီးအပါးမှာ သူတို့က ခေါ်သွားသေးတယ်။

နန္ဒိယရဲ့ ဗိမာန်ကို လှမ်းမြင်ရတော့ ရေဝတီက ပြောတယ်၊ မေးတယ်။

အာဒိစ္စဝဏ္ဏံ ရုစိရံ ပဘဿရံ၊
ဗျမှံ သုဘံ ကဉ္စနဇာလဆန္နံ။
ကဿေတမာကိဏ္ဏဇနံ ဝိမာနံ၊
သူရိယဿ ရံသီရိဝ ဇောတမာနံ။

ဘောန္တော=အို ယက္ခနတ်ကို။ အာဒိစ္စဝဏ္ဏံ=နေ၏အဆင်းနှင့်တူသော။ ရုစိရံ=တင့်တယ်လှစွာသော။ ပဘဿရံ=အရောင်ပြိုးပြက်တလက်လက် ထွက်၍နေသော။ ကဉ္စနဇာလဆန္နံ=ရွှေဇာအုပ်ဖုံးလျက်ရှိသော။ သုဘံ=တင့်တယ်သော။ ဧတံ=ဤဗိမာန်သည်။ ကဿ=အဘယ်သူ၏။ ဝိမာနံ=ဗိမာန်ပါနည်း။

(အရှင်ယက္ခနတ်တို့၊ နေလိုပဲ အရောင်တလက်လက် ပြိုးပြိုးပြက်ထွက်၍ တင့်တယ်နေတဲ့ ဗိမာန်ကြီးဟာ ဘယ်သူ့ဗိမာန်လဲ၊ ဘယ်နတ်သားရဲ့ ဗိမာန်လဲ။)

အာကိဏ္ဏဇနံ=ထွက်တဲ့လူ ဝင်တဲ့လူ နတ်လူတို့ဖြင့် ရော၍ ပြွမ်း၍နေပေထသော။ သူရိယဿ ရံသီရိဝ=နေ၏အရောင်ကဲ့သို့။ ဇောတမာနံ=တပြောင်ပြောင် တောက်ပ၍နေသော။ ဧတံ=ထိုဗိမာန်သည်။ ကဿ=အဘယ်သူ၏။ ဝိမာနံ=ဗိမာန်ပါလဲ။

နေရောင်လို တောက်ပြောင်နေတဲ့ အဲဒီ ဗိမာန် ဘယ်သူ့ ဗိမာန်လဲ။ ထွက်တဲ့လူ ဝင်တဲ့လူတွေနဲ့ မစဲပါပဲလား။

နာရိဂဏာ စန္ဒနသာရလိတ္တာ၊
ဥဘတော ဝိမာနံ ဥပသောဘယန္တိ။
တံ ဒိဿတိ သူရိယသမာနဝဏ္ဏံ၊
ကော မောဒတိ သဂ္ဂပတ္တော ဝိမာနေ။

http:\\www.dhammadownload.com



နာဂရိဂဏာ=နတ်သမီးအပေါင်းတို့သည်။ စန္ဒနသာရလိတ္တာ=စန္ဒကူး နှစ်တွေကို လိမ်းကျံအပ်ကုန်သည်ဖြစ်၍။ ဥဘတော ဝိမာနံ=ဗိမာန်ရဲ့ အတွင်းအပြင် နှစ်ဌာနၶ္ဓ။ ဥပသောဘယန္တိ=တင့်တယ်စေကုန်၏။

နတ်သမီးတွေကလည်း အတွင်းရော အပြင်ရော ဗိမာန်ကြီးကို ကင့်တယ်အောင် တန်ဆာဆင်ထားသကဲ့သို့ ရှိပါ၏။ အဲဒီ နတ်သမီးတို့ တစ်ကိုယ်လုံးမှာလည်းပဲ စန္ဒကူးအနှစ်တွေ လိမ်းထားသလိုပါလား။

တံ=ထိုဗိမာန်ကြီးကို။ သူရိယသမာနဝဏ္ဏံ=နေနှင့်တူသော အဆင်း ရှိသည်ဖြစ်၍။ ဒိဿတိ=ထင်ရပါ၏။ ကော=အဘယ်နတ်သားသည်။ သဂ္ဂပတ္တော=နတ်ပြည်သို့ ရောက်သည်ဖြစ်၍။ ဝိမာနေ=အဲဒီဗိမာန်ကြီး ၌။ မောဒတိ=နှစ်လိုအားရမ်း ဝမ်းမြောက်၍ နေရပါသလဲ။

ယက္ခနတ်နှစ်ဦးကို မေးတယ်။ အဲဒီယက္ခနတ်နှစ်ဦးက ပြန်ပြောတယ်။

ဗာရာဏသိယံ နန္ဒိယော နာမာသိ၊
ဥပါသကော အမစ္ဆရီဒါနပတိ ဝဒညူ။
တဿေတ မာကိဏ္ဏဇနံ ဝိမာနံ၊
သူရိယသ ရံသီရိဝ ဓောတမာနံ။

ရေဝတီ=ဟဲ့ ရေဝတီ။ ဗာရာဏသိယံ=ဗာရာဏသီပြည်၌။ နန္ဒိယော နာမ=နန္ဒိယ အမည်ရှိသော။ အမစ္ဆရီ=ဝန်တိုခြင်း လုံးဝမရှိသော။ ဒါနပတိ=ဒါနသာမိဆိုတဲ့ အကောင်းဆုံး အလှူဒါနကို ပေးလှူလေ့ရှိ သော။ ဝဒညူ=အလှူခံပုဂ္ဂိုလ်တို့ရဲ့ စကားကို နားလည်သော။

(အေး–အလှူခံပုဂ္ဂိုလ် အိမ်ရှေ့ရောက်လို့ အရှင် ဘာများ အလိုရှိပါ သလဲဘုရားလို့ ဆိုယင် ပမာပုံ ဆိုပါစို့ရဲ့၊ ကိုယ်တော်က မိမိအတွက် နေ့သန့်ရာ ကျောင်းလေးတစ်ခု ဆောက်မလို့။ ဟတ္ထကံ=လက်သမား အကူအညီ အလိုရှိလို့ လာတယ်လို့ ပြောချင်တဲ့စကား "ဒကာကြီးရယ်၊ ဦးပဥ္ဇင်းအတွက် ဟို မိဂဒါဝုန်တော တစ်နေရာမှာ နေ့သန့်စရာ သခ်မ်း ကျောင်းလေးတစ်ခု ဆောက်လိုတယ် ဒကာကြီးရဲ့"လို့ဆိုယင် ဟာ

http:\\www.dhammadownload.com



တန်တော့ အရှင်ဘုရား သင်္ခမ်းကျောင်း ဆောက်ဖို့အတွက် (ဟတ္ထကံ=) လက်မှုလိုအပ်နေပြီ၊ 'ရတယ်ဘုရား' အဲဒီလို အလှူခံပုဂ္ဂိုလ် စကားခင်း လိုက်ယင် ဘာလိုပြီ၊ ဘာလှူရမယ်၊ ကြိုတင်သိတာကို 'ဝဒညူ'လို့ ခေါ်တယ်။)

ဝဒညူ=အလှူခံပုဂ္ဂိုလ်တို့ရဲ့ စကားကို နားလည်သိမြင်တတ်သော။ နန္ဒိယော နာမ=နန္ဒိယ အမည်ရှိသော။ ဥပါသကော=ရတနာသုံးဖြာ ဆည်းကပ်တဲ့ ကျောင်းဒကာသည်။ အသိ=ရှိခဲ့လေပြီ။

ရေဝတီ၊ ဗာရာဏသီပြည်က နန္ဒိယကျောင်းဒကာလေ၊ အေး ... နင်သိတာယ် မဟုတ်လား။

အာကိဏ္ဏဇနံ=ထွက်လူဝင်လူ နစ်လူတို့ဖြင့် ရောပြွမ်း၍နေသော၊ တေ ဝိမာနံ=ထိုဗိမာန်သည်။ သူရိယဿ ရံသိရိဝ=နေ၏အရောင်ကဲ့သို့။ ဇောတမာနံ=တပြောင်ပြောင် တောက်ပ၍နေသော။ တေ=ထို ဗိမာန်သည်။ တဿ=ထိုနန္ဒိယ၏။ ဝိမာနံ=ဗိမာန်ပါပေ။

နန္ဒိယက နတ်သားဖြစ်နေတယ်၊ သိရဲ့လား-ဟဲ့။ အေး ... နန္ဒိယ နတ်သားရဲ့ဗိမာန်ဖြစ်တယ်။

> နာရီဂဏာ စန္ဒနသာရ လိတ္တာ၊
> ဥဘတော ဝိမာနံ ဥပသောဘယန္တိ။
> တံ ဒိဿတိ သူရိယသမာနဝဏ္ဏံ၊
> သော မောဒတိ သဂ္ဂပတ္တော ဝိမာနေ။

နာရီဂဏာ=နတ်သမီးအပေါင်းတို့သည်။ စန္ဒနသာရလိတ္တာ=စန္ဒကူး အနှစ်ဖြင့် လိမ်းကျံအပ်ကုန်သည်ဖြစ်၍။ ဥဘတောဝိမာနံ=ဗိမာန် ၏ အတွင်းအပြင် နှစ်ဌာနဒ္ဓ။ ဥပသောဘယန္တိ=တင့်တယ်စေကြပေကုန် ၏။ တံ=ထိုဗိမာန်ကြီးကို။ သူရိယသမာနဝဏ္ဏံ=နေနှင့်တူသော အဆင်းရှိသည်ဖြစ်၍။ ဒိဿတိ=ထင်ရ၏။ သော=ထိုနန္ဒိယ နတ်သား သည်။ သဂ္ဂပတ္တော= နတ်ရွာသို့ ရောက်သည်ဖြစ်၍။ ဝိမာနေ=အဲဒီ

http:\\www.dhammadownload.com



ဗိမာန်ကြီးထဲ၌။ မောဒတိ=ဝမ်းမြောက်ဝမ်းသာ ခံစား စံစား၍ နေပါ၏။

နတ်ဘီလူး နှစ်ယောက်က အဲဒီလို ပြောလိုက်ယင်ပဲ ရေဝတီက ဘာပြောသလဲ။

နန္ဒိယဿာဟံ ဘရိယာ၊
အဂါရိနီ သဗ္ဗကုလဿ ဣဿရာ။
ဘတ္တု ဝိမာနေ ရမိဿာမိ ဒါနဟံ၊
န ပတ္ထယေ နိရယံ ဒဿနာယ။

ဘောန္တော=အို ယက္ခနတ်မင်းတို့။ အဟံ=အကျွန်ုပ်သည်။ နန္ဒိယဿ =နန္ဒိယ၏။ ဘရိယာ=လူ့ပြည်လောကတုန်းက ဇနီးပါပေတည်း။ အဂါရိနီ=နန္ဒိယရဲ့ အိမ်ထောင်စိုးအုပ်ရတဲ့ အိမ်ရှင်မပါ။ သဗ္ဗကုလ ဿ ဣဿရာ=တစ်အိမ်လုံးကို အစိုးရတဲ့ အိမ်ရှင်မပါ။ ဒါနိ–ဣဒါနိ =ယခုအခါ၌။ အဟံ=ငါသည်။ ဘတ္တု=အရှင်သခင် လင်ယောကျ်ား ဖြစ်တဲ့ နန္ဒိယနတ်သား၏။ ဝိမာနေ=ဗိမာန်၌။ ရမိဿာမိ=မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်ပေတော့အံ့။ (ငါသွားတော့မယ်ပေါ့၊ ငါ့အရှင်သခင် လင်ယောကျ်ားရဲ့ ဗိမာန်၊ ဒီဗိမာန်မှာပဲ ငါပျော်တော့မယ်။)

နိရယံ=မောင်တို့ပြောတဲ့ ငရဲကို။ ဒဿနာယ=ရှုရုံကလေး ရှုခြင်း ငှာ။ အဟံ=ငါသည်။ န ပတ္ထယေ=မတောင့်တ မလင့်ဆို အလိုမရှိပါ။

မင်းတို့က ငါ့ကို ငရဲဆောင်မယ်လို့ ပြောတယ်။ မင်းတို့ပြောတဲ့ ငရဲကို ငါကြည့်ရုံကလေးတောင် မကြည့်ချင်ဘူးတဲ့။ မတောင့်တဘူးတဲ့ ဆိုတော့ အဲဒီ နတ်ဘီလူးနှစ်ကောင်က ဘယ့်နှယ်ပြောသလဲ။

တွံ တံ ပတ္ထေဟိ ဝါ မာ ဝါ ကိံ တဝ ပတ္ထနာယ။

တွံ=သင်သည်။ တံ=ထိုငရဲကို။ ပတ္ထေဟိ ဝါ=တောင့်တသည်မူ လည်းဖြစ်ဖြစ်။ မာ ဝါ ပတ္ထေဟိ=မတောင့်တသည်မူလည်း ဖြစ်စေ။ (နင် ငရဲကို တောင့်တ၊ တောင့်တ၊ မတောင့်တ၊ မတောင့်တ) တဝ=သင်၏။ ပတ္ထနာယ=တောင့်တခြင်းဖြင့်။ ကိံ=ဘာလုပ်မလဲ။

http:\\www.dhammadownload.com



## ရေဝတီအား ဘင်ပုပ်ငရဲသို့ ခေါ်ဆောင်ခြင်း

နင်ရဲ့ တောင့်တခြင်း ဘာလုပ်မလဲ။ အဲဒီ နန္ဒိယရဲ့ ဗိမာန်ကြီးကို မြင်လည်းပြီးရော တစ်ခါ နှစ်ယောက်သား ဆွဲပြီးတော့ ငရဲပြည် ခေါ်သွားပြန်ပြီ။ သံသဝကခေါ်တဲ့ ငရဲ။ ပါဠိလို သံသဝက=မြန်မာလို့ ပြောလို့ရှိယင် ငရဲကြီးရဲ့ဘေးက ဥဿဒငရဲထဲမှာ ဘင်ပုပ်ငရဲ တစ်ထပ်ရန် လျက်၊ ပြာပူငရဲ တစ်ထပ်ရန်လျက်၊ အဆူးရှိတဲ့ လက်ပံတောငရဲ၊ ပြာပူငရဲ တစ်ထပ်ရန်လျက် အဆူးရှိတဲ့ လက်ပံတောငရဲ တစ်ထပ်ရန်လျက်၊ သန်လျက်တောငရဲ တစ်ထပ်ရန်လျက်၊ ငရဲကြီးတစ်ထပ် တစ်ထပ်လျှင် ဒီအရန်ငရဲငယ်ဟာ လေးထပ် လေးထပ် ရှိတယ်။

ဆောင်။　　။ ဘင် ပြာ လက် သန်၊ အခြံရန်၊ လေးတန်ဥဿဒ။

ဟို–ပဏ္ဍိတဇာတ်များဟာ လာတဲ့အတိုင်း ပြုပြီးတော့ လယ်တီ ဆရာတော်ဘုရားကြီးက သံခိပ်များ ရေးထားတယ်။

အဲဒီ အထဲမှာ ပထမ ဘင်ပုပ်ငရဲကို အခုပြောနေတယ်၊ သံသဝက ငရဲလို့။ အဲဒီ ဘင်ပုပ်ငရဲဆီကို ရှေးရှုဆောင်ပြီးတော့ –

ဧသော တေ နိရယော သုပါပဓမ္မေ၊
ပုညံ တယာ အကတံ ဇီဝလောကေ။
န ဟိ မစ္ဆရိ ရောသကော ပါပဓမ္မော၊
သဂ္ဂူပဂါနံ လဘတိ သဟဗျတံ။

သုပါပဓမ္မေ=အလွန်ယုတ်မာသော သဘောရှိသော။ ရေဝတေ=ဟဲ့ ရေဝတီ။ ဧသော=ဟောဟိုက မြင်ရတဲ့ ငရဲသည်။ တေ=သင့်အတွက်။ နိရယော=ငရဲပါတည်း။ တယာ=သင်သည်။ ဇီဝလောကေ=အသက် ရှင်ကြ လူ့လောကတုန်းက။ ပုညံ=ကုသိုလ်ကောင်းမှုကို။ အကတံ= မပြုအပ်ခဲ့ချေ။

သင်က လူ့ပြည်လောကတုန်းက ကုသိုလ်ကောင်းမှုမှ မပြုဘဲကိုး။ မပြုတဲ့ ပုဂ္ဂိုလ်တွေရဲ့ လားရာဖြစ်တဲ့ ငရဲကိုပဲ နင် သွားရမှာပဲ။ အဲဒီ

http:\\www.dhammadownload.com



ငရဲဟာ နင့်ဖို့။ နင်ဘာပြုလို့ ဒီငရဲ ရောက်ရသလဲဆိုယင် လူ့လောကမှာ နင် ကုသိုလ်ကောင်းမှု မပြုလို့ ရောက်တာ။ နင် နန္ဒိယရဲ့ ဗိမာန်မှာ ဘယ်လိုပင် ပျော်ချင်ပေမယ်လို့ -

ဟိ=မှန်၏။ မစ္ဆရီ=ဝန်တိုစေးနှဲသော။ ရောသကော=သူတော်ကောင်းတို့ကို ချုပ်ချယ်တတ်သော။ ပါပဓမ္မော=ယုတ်မာသော ကိုယ်ကျင့်ရှိတဲ့ ပုဂ္ဂိုလ်သည်။ သဂ္ဂူပဂါနံ=နတ်ရွာသို့ ကပ်ရောက်ကြတဲ့ ပုဂ္ဂိုလ်တို့၏။ သဟဗျတံ=အပေါင်းအဖော်၏ အဖြစ်ကို။ န ဟိ လဘတေ=ဘယ်လိုနည်းနဲ့မှ မရနိုင်။

နင် လူ့ပြည်တုန်းကလေ၊ မစ္ဆရိယ=မလှူရက် မတန်းရက် မပေးရက် မကမ်းရက်နဲ့ ခနမစ္ဆရိယ ရှိခဲ့တယ်။ ရောသကော=ဆင်းရဲတဲ့လူတွေက နန္ဒိယရှိတုန်းကလို ပေးမလားလို့ လာပြီးတော့ တောင်းခံတဲ့အခါ ငေါက်လွှတ်တယ်။ ဒီချုပ်ချယ်လွှတ်တယ်ဆိုတာ စိတ်ကူးလို့သာ ကြည့်ပေတော့ပေါ့။ ပါပဓမ္မော=ယုတ်မာသော ကိုယ်ကျင့်တရား ရှိတယ်။ ဘာပြုလို့လဲ၊ အရှင်သခင် လင်ယောကျ်ားကို နင် အမြဲတမ်း လိမ်ခဲ့တယ်။ အဲဒီတော့ အခု မြင်နေရတဲ့ ငရဲဟာ နင်ဖို့ ငရဲပဲတဲ့။

အဲဒီ နင့်လို ပုဂ္ဂိုလ်သည် နတ်ပြည်ရောက်နေတဲ့ နန္ဒိယတို့လို ပုဂ္ဂိုလ်မျိုးရဲ့ အပေါင်းအသင်း အပေါင်းအဖော်အဖြစ်ကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး။ အဲဒီလို ပြောပြီးတော့ နတ်သားနှစ်ယောက်က ဒီအနားတွင် ကွယ်လိုက်တယ်။ သူတို့လည်း ကွယ်သွားရော ငရဲထိန်းနှစ်ယောက်က တစ်ခါတည်း ရောက်လာတယ်။ ရေဝတီကို ဆွဲလှုပ်ကိုင်လှုပ် နတ်သားနှစ်ယောက် ပျောက်ပြီးတော့ ငရဲထိန်းနှစ်ယောက် ရောက်လာတယ်။ ရောက်တော့ ဆွဲသွားတယ်။ ခပ်လှမ်းလှမ်းက ခုနင်က ပြတယ်။ အခုသံသဝဆိုတဲ့ ဘင်ပုပ်ငရဲနား ရောက်ပြီ။ နံလိုက်တဲ့ အညစ်အကြေးတွေ။

ကိံ နု ဂူထဥ္စ မုတ္တဉ္စ၊ အသုစိ ပဋိဒိဿတိ။
ဒုဂ္ဂန္ဓံ ကိမိဒံ မီဠ္ဟံ၊ ကိမေတံ ဥပဝါယတိ။

http:\\www.dhammadownload.com



ဘောန္တော=အမောင်တို့။ ကိံ နု=ဘယ့်နှယ်လဲ။ ဂူထဋ္ဌ=မစင်တွေလည်း ရှိနေပါတကား။ မုတ္တဉ္စ=ကျင်ငယ်တွေလည်းပဲ ပြည့်၍နေပါတကား။ (အမောင်တို့၊ ဘယ့်နှယ်လဲ၊ မစင်တွေပါလား၊ ကျင်ငယ်ရေတွေပါလား) အသုစိ=မစင်ကြယ်တဲ့ သဘောသည်။ ပဋိဒိဿတိ=ထင်ရပေတကား။

ဟို–လူ့ပြည်လောကတုန်းက နန္ဒိယသေဋ္ဌေးရဲ့ သေဋ္ဌေးကတော်ဘဝက ကောင်းတာတွေ မြင်ရ ကြားရတယ်၊ နမ်းရှူခဲ့ရတယ်။ အခုတော့ မကောင်းတဲ့ အနိဋ္ဌာရုံဖြစ်တဲ့ မစင်တွေ ကျင်ငယ်တွေဆိုတဲ့ ဒီဘင်ပုပ်ငရဲရောက်တော့ ဘယ့်နှယ်လဲ၊ မစင်တွေပါကလား၊ ကျင်ငယ်တွေပါကလား၊ စက်ဆုပ်ဖွယ် မစင်ကြယ်တဲ့ သဘောတွေ ထင်ရချေတကား။

ဒုဂ္ဂန္ဓံ=မကောင်းသော ရနံ့လွှမ်းလှချည့်တကား။ ဣဒံ=ဤအရာသည်။ ကိံ=အဘယ်ပါနည်း။ မိဠ္ဍ=မစင်တွေပါတကား။ ဧတံ=ဤယခုလှိုင်၍နေတဲ့ အရာတွေကား။ ကိံ=အဘယ်ပါနည်း။ ဥပဝါယတိ=အနံ့တထောင်းထောင်း မကောင်း လှောင်းလှချည့်တကား။

မကောင်းတဲ့ ရနံ့ကျတော့ အနံ့တထောင်းထောင်း လှောင်းလှချည့်ကလားလို့ ဒီလို ပြောရတယ်။ ကောင်းတဲ့ ရနံ့ကျတော့ ကြိုင်တယ် လှိုင်တယ်။ မကောင်းတဲ့ ရနံ့ကျတော့ တထောင်းထောင်း လှောင်းတယ်ပေါ့။

ဧတံ ဥပဝါယတိ=ဤအနံ့မကောင်း တထောင်းထောင်း လှောင်းနေတာက။ ကိံ=ဘာနံ့လဲ။

အဲဒီလို မေးတဲ့အခါကျတော့ ငရဲထိန်းနှစ်ယောက်က –

ဧသ သံသဝကော နာမ၊
ဂမ္ဘီရော သတပေါရိသော။
ယတ္ထ ဝဿသဟဿာနိ၊
တုဝံ ပစ္စသိ ရေဝတေ။

http:\\www.dhammadownload.com



ရေဝတော=ဟဲ့–ရေဝတီ။ ဓသ–ဓသော=ဤသင် ယခုမြင်နေရတဲ့ ရန့်မကောင်း တထောင်းထောင်းလှောင်းနေတဲ့ ငရဲဟာ။ သံသဝကော နာမ=သံသဝကခေါ်တယ်။ (နင့်ကို လူ့ပြည်လောကလို ပြောယင် ဘင်ပုပ်ငရဲ ဥဿဒငရဲ) ဂမ္ဘီရော=အလွန်နက်တယ်နော်။ (နင် အဲဒီ အထဲကျ ရောက်ယင် လေးတောင် ငါးတောင် ထင်မနေနဲ့) သတပေါရိ သော=အသူအရာ နက်လှစွာ၏။ ယတ္ထ=အကြင်အသူအရာ နက်လှစွာသော သံသဝကခေါ်တဲ့ ဘင်ပုပ်ငရဲ၌။ ဝဿသဟဿနိ=နှစ်ပေါင်း အထောင်များစွာသော ကာလတို့ပတ်လုံး။ တုဝံ=သင်သည်။ ပစ္စသိ= ကျက်ရလိမ့်မယ်။

အေး ... မြင်လို့များ အေးအေးကြီး မထင်နဲ့ အဲဒီ အထဲကျယင် မကောင်းတဲ့အနံ့က လှောင်းတဲ့အပေါ်မှာ ပူသေးသဗျား၊ အဲဒါ ကျက်ကျက်ဆူတဲ့ ရေနွေးလိုကို ပူတာ။ အဲဒီအထဲမှာ နင်ကျက်ရမှာ။ ရေဝတီ ကြောက်တယ်။ ကြောက်လို့ မေးတယ်။

ကိံ နု ကာယေန ဝါစာယ၊
မနသာ ဒုက္ကဋံ ကတံ။
ကေန သံသဝကော လဒ္ဓေါ၊
ဂမ္ဘီရော သတပေါရိသော။

ဘောန္တော=အမောင်တို့။ မယာ=ကျွန်တော်မသည်။ ကာယေန= ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ=နှုတ်ဖြင့်လည်းကောင်း။ မနသာ= စိတ်ဖြင့်လည်းကောင်း။ ကိံ နု=အဘယ်သို့သော သဘောရှိသော။ ဒုက္ကဋံ=မကောင်းမှုကို။ ကတံ=ပြုအပ်ခဲ့ပါသလဲ။

(အမောင်တို့၊ ကျွန်မ အဘယ်လို ကာယကံ မကောင်းမှု ဝစီကံ မကောင်းမှု မနောကံ မကောင်းမှုကို ပြုခဲ့ ပြောခဲ့ ကြံခဲ့လို့လဲ)

ကေန=အဘယ်သို့ပြု မကောင်းမှုကြောင့်။ ဂမ္ဘီရော=နက်လှစွာ သော။ သတပေါရိသော=အသူအရာ နက်လှစွာသော။ သံသဝကော=

http:\\www.dhammadownload.com



သံသဝက အမည်ရတဲ့ ဘင်ပုပ်ငရဲကို။ မေ-မယာ=ကျွန်တော်မသည်။ လဒ္ဓါ=ရအပ်ပါသလဲ။

## အရိယာတို့အား မုသာဝါဒဖြင့် ဆဲရေးပြောဆိုမှု

ဘယ်လိုမကောင်းမှုကြောင့် ကျွန်မ သံသဝက ခေါ်တဲ့ ဘင်ပုပ်ငရဲ ရ ရတာလဲတဲ့။ အဲဒီတော့ ငရဲထိန်းနှစ်ယောက်က ပြောတယ်။

သမဏေ ဗြာဟ္မဏေ စာပိ၊ အညေဝါပိ ဝနိဗ္ဗကေ။
မုသာဝါဒေန ဝဉ္စေသိ၊ တံ ပါပံ ပကတံ တယာ။

ရေဝတေ=ဟဲ့ ရေဝတီ။ တွံ=သင်သည်။ သမဏေ စာပိ=ကိလေသာ ခပ်သိမ်း ငြိမ်းအောင် ကျင့်ကြံတဲ့ သူတော်စင်တို့ကိုလည်းကောင်း။ ဗြာဟ္မဏေ စာပိ=မကောင်းမှုကို အပပြုအောင် ကျင့်ကြံတဲ့ သူတော်စင်တို့ကိုလည်းကောင်း။ ဝါ-ကျင့်ကြံပြီးတဲ့ သူတော်စင် ကျင့်ကြံဆဲ သူတော်စင်တို့ကိုလည်းကောင်း။ အညေ=ရဟန်း ပုဏ္ဏားမှ တစ်ပါး ကုန်သော။ ဝနိဗ္ဗကေဝါပိ=ဖုန်းတောင်းယာစကာတို့ကိုလည်းကောင်း။ မုသာဝါဒေန=မုသားစကားဖြင့်။ တွံ=သင်သည်။ ဝဉ္စေသိ= လှည့်ပတ်ခဲ့ပြီ။

လူ့စရာတွေ တန်းစရာတွေ နင် အိမ်ကြီး အပြည့်ရှိလျက်သားနဲ့ မရှိဘူး၊ ကုန်ပြီ။ နန္ဒိယ မရှိယင် နင် လုပ်ချင်တိုင်းလုပ်၊ ရဟန်း ပုဏ္ဏား သူမြတ်များနဲ့ ဖုန်းတောင်းယာစကာ အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ နင် လိမ်ချင်တိုင်း လိမ်ခဲ့တယ်။

တံ ပါပံ=ထို ရဟန်း ပုဏ္ဏား သူမြတ်များနဲ့ ဖုန်းတောင်း ယာစကာတို့ကို လိမ်လည်လှည့်ဖျားခြင်း အမှုကို။ တယာ=သင်သည်။ ပကတံ =ပြုအပ်ခဲ့ပြီ။ နေ့ဆက် ရက်ဆက် အရှက်မရှိ နင် ပြုအပ်ခဲ့ပြီ။

တေန သံသဝကော လဒ္ဓေါ၊ ဂမ္ဘီရော သတပေါရိသော။
တဿ ဝဿသဟဿာနိ၊ တုဝံ ပစ္စသိ ရေဝတေ။

http:\\www.dhammadownload.com



ရေဝတေ=ဟဲ့ ရေဝတီ။ တေန=ထိုသို့ ရဟန်းပုဏ္ဏား သူမြတ်များနဲ့ ဖုန်းတောင်းယာစကာတို့အား မုသာဝါဒ စကားဖြင့် လှည့်ဖျားခဲ့ခြင်း ဟူသော မကောင်းမှု အကုသိုလ်ကြောင့်။ ဂမ္ဘီရော=နက်စွာသော။ သဘာပေါ်ရိသော=အသူတရာ နက်လှစွာသော။ သံသဝကော= သံသဝက အမည်ရတဲ့ ဘင်ပုပ်ငရဲကို။ လစ္ဆေါ်=နင် ရအပ်ပြီ။ တတ္ထ= ထိုဘင်ပုပ်ငရဲ၌။ ဝဿသဟဿနိ=နှစ်ပေါင်း အထောင်သော ကာလ တိုင်အောင်။ တုဝံ=သင်သည်။ ပစ္စသိ=ကျက်ရလိမ့်မယ်။

ငရဲထိန်းတွေက ဂါထာနဲ့ ပြောပြီးတော့ တစ်ခါ ကြားထဲကနေပြီး စကားပြေ ဆက်ပြောတယ်။

န ကေဝလံ တုယှံ ဣဓ သံသဝကလာဘော ဧဝ။

တုယှံ=သင့်အား။ ဣဓ=ဤငရဲ၌။ သံသဝကလာဘော ဧဝ=တထွေ ထွေ စီးယိုနေတဲ့ ရွံ့ရှာဖွယ်ကောင်းသော မစင်တွေ ဘင်ပုပ်တွေကို ရရုံမျှသာ။ န=မဟုတ်သေး။ အထ ခေါ=စင်စစ်သော်ကား။ ဧတ္ထ=ဤ သံသဝကငရဲ၌။ အနေကာနိ ဝဿသဟဿာနိ=နှစ်ပေါင်း ထောင် ပေါင်း များစွာသော ကာလပတ်လုံး။ ပစ္စိတွာ=ကျက်ပြီးသကာလ။ ဉက္ကိဏ္ဏာယ=အဲဒီ သံသဝက ငရဲက လွတ်သည်ရှိသော်။ ဟတ္ထစ္ဆေဒါဒိ လာဘောပိ = လက်ကို ဖြတ်ခြင်း စသည်ကို ရခြင်းလည်းပဲ။ ဘဝိဿတိ=နင့်မှာ ဖြစ်လိမ့်ဦးမယ်။ ဒီ သံသဝက ငရဲနဲ့များ နင် ပြီးပြီ ထင်မနေနဲ့။

ဟတ္ထေပိ ဆိန္ဒန္တိ အထောပိ ပါဒေ၊
ကဏ္ဏေပိ ဆိန္ဒန္တိ အထောပိ နာသံ။
အထောပိ ကာကောဠဂဏာ သမေစ္စ၊
သင်္ဂမ္မ ခါဒန္တိ ဝိဖန္ဒမာနံ။

ရေဝတေ=ဟဲ့ ရေဝတီ။ တုဝံ=သင့်ကို။ ဟတ္ထေပိ=လက်တို့ကိုလည်း ပဲ။ ဆိန္ဒန္တိ=ဖြတ်ကြလိမ့်ဦးမယ်။ အထောပိ=ထိုမှတစ်ပါးလည်း။

http:\\www.dhammadownload.com



ပါဒေ=ခြေတို့ကို။ ဆိန္ဒန္တိ=ဖြတ်ကြလိမ့်ဦးမယ်။ အထောပိ=ထိုမှတစ်ပါး။ ကဏ္ဏေပိ=နားနှစ်ဖက်တို့ကိုလည်းပဲ။ နိရယပါလာ=ငရဲထိန်းတို့သည်။ ဆိန္ဒန္တိ=ဖြတ်ကြလိမ့်ဦးမယ်။ အထောပိ=ထိုမှတစ်ပါး။ ကာကောဠ ဂဏာပိ=ငရဲကျီးတို့ကလည်းပဲ။ သမေစ္စ=စုရုံးရောက်လတ်၍။ သင်္ဂမ္မ=တညီတညွတ် ဝန်းကြ ဝိုင်းကြလျက်။ ဝိဖန္ဒမာနံ=တဖျပ်ဖျပ် တုန်လှုပ်၍ နေသောသင့်ကို။ ခါဒန္တိ=ခဲကြ စားကြလိမ့်ဦးမယ်။

နင့်ကို အဲဒီလိုလည်း ခဲကြ စားကြဦးမှာတဲ့။ အဲဒီတော့ သူ တောင်းပန်စကား ပြောတယ်။

**ရေဝတီ ထပ်တလဲလဲ ထိတ်လန့်ငိုကြွေး တောင်းပန်ခြင်း**

သာဓု ခေါ မံ ပဋိနေထ၊ ကာဟာမိ ကုသလံ ဗဟုံ။
ဒါနေန သမစရိယာယ၊ သံယမေန ဒမေန စ။
ယံ ကတွာ သုခိတာ ဟောန္တိ၊ န စ ပစ္ဆာနုတပ္ပရေ။

ယံ=အကြင်ကုသိုလ်ကောင်းမှုကို။ ကတွာ=ပြု၍။ ဝါ-ပြုသည့်ရှိသော်။ သုခိတာ=ကာယ စိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။ န စ ပစ္ဆာနုတပ္ပရေ=နောင်တ တစ်ဖန်လည်း မပူကြရကုန်။ သာဓု ခေါ=ရှိသေစွာ တောင်းပန်ပါ၏။ မံ=အကျွန်ုပ်ကို။ ပဋိနေထ=လူ့ပြည်လောကသို့ တစ်ဖန်ပြန်၍ ပို့ဆောင်ကြပါဦး။ (တောင်းပန်ပါတယ်၊ ကျွန်တော်မကို လူ့ပြည်လောကသို့ တစ်ဖန်ပြန်ပြီး ပို့ပါဦး) သံယမေန=ကိုယ်နှုတ်နှလုံး သုံးပါးလုံး စောင့်သုံးကြောင်းဖြစ်တဲ့ သမာဓိကောင်းမှုဖြင့် လည်းကောင်း။ ဒမေန စ=ဣန္ဒြေတို့ကို ယဉ်ကျေးအောင် ဆုံးမကြောင်းဖြစ်တဲ့ ပညာကောင်းမှုဖြင့် လည်းကောင်း။ ကုသလံ=အပြစ်မရှိ ကောင်းမြတ်တဲ့ ကုသိုလ်တရားတွေကို။ ဗဟုံ=များစွာ။ ကာဟာမိ=ပြုပါရစေဦး။

လို့ တောင်းပန်တယ်။ တောင်းပန်ပေမယ့် ဒို့လည်း မတတ်နိုင်ဘူးတဲ့။

http:\\www.dhammadownload.com



ငရဲထိန်းတွေက။

ပုရေ တုဝံ ပမဇ္ဇိတွာ၊ ဣဒါနိ ပရိဒေဝသိ။
သယံ ကတာနံ ကမ္မာနံ၊ ဝိပါကံ အနုဘောသိ။

ရေဝတေး=ဟဲ့-ရေဝတီ။ တုဝံ=သင်သည်။ ပုရေ=ရှေးလူဖြစ်စဉ်တုန်းက။ ပမဇ္ဇိတွာ-ပမဇ္ဇသိ=မေ့လျော့ခဲ့၏။ ပမဇ္ဇိတွာ=မေ့လျော့ခဲ့ပြီးမှ။ ဣဒါနိ=ယခု ငရဲဘုံ ရောက်တော့မှ။ ပရိဒေဝသိ=ငိုကြွေး၍နေ၏။ သယံ ကတာနံ ဓမ္မာနံ=မိမိပြုခဲ့တဲ့။

(အရှင်သခင် လင်ယောကျ်ားကို ကောင်းပါပြီ၊ ပြုပါပြီ။ ဒီလို ပြောပြီး အမျိုးမျိုး လိမ်ခဲ့တဲ့ မကောင်းမှုတွေ၊ ရဟန်းသံဃာသူတော်စင်တို့ကို မဟုတ်မတရား လူ့ပြည်တုန်းက ပြုခဲ့တဲ့ မကောင်းမှုတွေ "ကြည့်စမ်း၊ ကြည့်ကြစမ်းပါတော်၊ ရဟန်းတွေရဲ့ လုပ်ပုံ သဒ္ဓါဒေယျ ပစ္စည်းတွေကိုမှ ဒီလို ရက်ရက်စက်စက် ပစ်သွားလေခြင်း"လို့ ပြောတယ်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့။ အလိမ်ကြီး လိမ်ပြီးတော့။ အဲ-နောက် နန္ဒိယ ကွယ်လွန်တဲ့အခါကျတော့ ဒီကိုယ်တော်တွေ အကြောင်းပြုပြီးတော့ ငါ့ရဲ့ လာဘသက္ကာရတွေ ဆုံးရှုံးရတာဆိုပြီး ကိုယ်တော်တွေကို အမျိုးမျိုး ဆဲရေးခဲ့တယ်။ ကိုယ်တော်တွေအား အမျိုးမျိုး ရေရွတ်ခဲ့တယ်။ အဲဒီ မကောင်းမှု အကုသိုလ်ကံတွေရဲ့) အကျိုးကို။

သယံ ကတာနံ ကမ္မာနံ=မိမိကိုယ်တိုင် ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတို့၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ အနုဘောသိ=နင်တော့ ခံစားရတော့မှာပဲ။

အဲဒီတော့မှ ရေဝတီ ငရဲထိန်းများ လက်ထဲက ဘယ်လိုမြည်တမ်းသလဲ။ ငါးဂါထာ မြည်တမ်းတယ်။ အရပ်ပြော ပြောယင် လူမိုက်နောက်မှ နောင်တရ ဆိုတာမျိုးလိုပေါ့။

http:\\www.dhammadownload.com



## ရေဝတီ နောင်တရ၍ ပြောသော စကားများ

ကော ဒေဝလောကတော မနုဿလောကံ၊
ဂန္ဒာန ပုဋ္ဌော မေ ဇဝံ ဝဒေယျ။
နိက္ခိတ္တဒဏ္ဍေသု ဒဒါထ ဒါနံ၊
အစ္ဆာဒနံ သေယျမထန္နပါနံ။
န ဟိ မစ္ဆရီ ရောသကော ပါပဓမ္မော၊
သဂ္ဂူပဂါနံ လဘတိ သဟဗျတံ။

ဘောန္တော=အိုအချင်းတို့။ ကော=အဘယ်မည်သောသူသည်။ ဒေဝလောကတော=နတ်ပြည်လောကမှ။ မနုဿလောကံ=လူ့ပြည်လောကသို့။ ဂန္ဒာန=သွားရောက်၍။ မေ=အကျွန်ုပ်သည်။ ပုဋ္ဌော=မေးအပ်လွှတ်အပ်သည်ဖြစ်၍။ ဇဝံ=ဤသို့နှိုးဆော်တဲ့ စကားကို။ ဝဒေယျ=ပြောကြားပါ့မလဲ။

(လူ့ပြည်လောကကို တစ်ယောက်ယောက် လွှတ်ပြီးတော့ သတိပေးစကား ပြောချင်လိုက်တာ၊ ဘယ်သူများ ဒီငရဲပြည်လောကက နေပြီး လူ့ပြည်သွားပြီးတော့ ပြောပေးပါ့မလဲ။ ဒီအဓိပ္ပာယ်နဲ့။ ကျုပ်သတိပေးစကား လူတွေပြန်ပြီးတော့ ပြောချင်လိုက်တာ။ နင်ဘယ်လိုပြောချင်တာလဲလို့ မေးစရာရှိလို့)။

နိက္ခိတ္တ ဒဏ္ဍေသု=ပယ်ချအပ်သော တုတ် လှင်ကန် အစရှိသည် ရှိကြတဲ့ ရဟန်း ပုဏ္ဏား သူမြတ်များ၌။ ဒါနံ=အလှူဒါနကို။ ဒဒါထ=ပေးလှူကြကုန်။

(နိက္ခိတ္တဒဏ္ဍာ ဆိုတာ သီလရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အလှူခံပုဂ္ဂိုလ်တွေဆိုယင် ဒါ-နိက္ခိတ္တဒဏ္ဍာ။ ဘာဖြစ်လို့ သူတို့ကို နိက္ခိတ္တဒဏ္ဍာ ခေါ်သလဲဆိုတော့ ဒီလို သူတော်သူမြတ်များဆိုတာ မိမိလက်ထဲမှာ တောင်ဝှေးယူတယ်။ တောင်ဝှေးသည် တုတ်ပဲ၊ သူတော်ကောင်းကြီးတွေ ဘုရား

http:\\www.dhammadownload.com



သွား ကျောင်းတက်၊ တောင်ဝှေးကြီးတွေ ကိုင်လို့။ ဒါ ဘာလုပ်ဖို့လဲ။ ဒီတောင်ဝှေးက မိမိခန္ဓာကိုယ် ယိုင်လဲမသွားအောင် ထောက်ဖို့ပဲ။ ဒီသူတော်ကောင်း ဘုရားဒကာကြီးတွေ ကိုင်တဲ့ တောင်ဝှေးရဲ့ ရည်ရွယ်ချက်က ဒါပဲ။ ဒီ တောင်ဝှေးနဲ့ လူတစ်ယောက် ရိုက်လိုက်ဖို့ ဘာမှ ရည်ရွယ်ချက် မရှိဘူး။ အဲဒီလို တောင်ဝှေးပင် ကိုင်ထားသော်လည်းပဲ ဒီ သူတော်ကောင်းများ ကျတော့ နိက္ခိတ္တဒဏ္ဍာတဲ့။ စွန့်ပယ်အပ်ပြီးသော တုတ် လှင်ကန်ရှိတဲ့ ပုဂ္ဂိုလ်တွေလို့ ခေါ်ရတယ်။

ဘယ်လို ပုဂ္ဂိုလ်တွေကျတော့ မစွန့်မပယ်အပ်သော တုတ် လှင်ကန်ရှိတဲ့ ပုဂ္ဂိုလ်ခေါ်သလဲဆိုတော့ ဒို့မြင်ယင် ရိုက်လိုက်မကွာဆိုတဲ့ ပုဂ္ဂိုလ်ကို မစွန့်မပယ်အပ်သော တုတ် လှင်ကန်ရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။

နိက္ခိတ္တဒဏ္ဍာ=စွန့်ချအပ်ပြီးသော တုတ် လှင်ကန် ရှိကြတဲ့ သူဘောက်စင် သူမြတ်လောင်း အလှူခံပုဂ္ဂိုလ် အပေါင်း၌။ ဒါနံ=အလှူဒါနကို။ ဒဒါထ=ပေးလှူကြပါကုန်လော့။

(ပြောချင်လိုက်တာတော်၊ ဘယ်သူများ သွားပြောပါ့မလဲ။ ဒါတင်ပဲလား)။

အစ္ဆာဒနံ=အဝတ်သကင်္န်းကို လည်းကောင်း။ အထ=ထိုမှတစ်ပါး။ အန္နပါနံ=စားဖွယ်သောက်ဖွယ် အသွယ်သွယ်ကိုလည်းကောင်း။ ဒဒါထ=ပေးလှူကြကုန်။ (ဘာကြောင့်လဲ) ဟိ=မှန်၏။ မစ္ဆရီ=ဝန်တိုစေးနဲ နှမြောသော။ ရောသကော=ချုပ်ချယ်လေ့ရှိသော။ ပါပဓမ္မော=ယုတ်မာသော ကိုယ်ကျင့်ရှိတဲ့ ယောကျ်ားမိန်းမသည်။

(မိန်းမ ယောကျ်ား မည်သူမျိုးမဆို မစ္ဆရီ = ဝန်တိုတဲ့ ပုဂ္ဂိုလ်၊ ရောသက=ချုပ်ချယ်တဲ့ ပုဂ္ဂိုလ်၊ ပါပဓမ္မ=ယုတ်မာတဲ့ ကိုယ်ကျင့်ရှိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင်) -

သဂ္ဂူပဂါနံ = နတ်ပြည်သို့ ကပ်ရောက်ကြကုန်သော နတ်သား

http:\\www.dhammadownload.com



နတ်သမီးတို့၏။ သဟဗျတံ=အပေါင်းအဖော်၏ အဖြစ်ကို။ န ဟိ လဘာတေ=မရကောန် မှန်လှ၏။ ဣတိ=ဤသို့။ ကော=အဘယ်သူ သည်။ ဝဒေယျ=သွားပြောမှာပါလိမ့်။

(ဒါဟာ ကနေ့ စကားနဲ့ဆိုယင် ကျုပ် တော် လူ့ပြည်လောကကို လွှတ်ပြီးတော့ လူတွေကို သတိပေးစကား ပြောချင်လိုက်တာ၊ ဘယ့်နှယ် ပြောချင်လဲ၊ ဩော် ... နိက္ခိတ္တဒဏ္ဍာဖြစ်တဲ့ အလှူခံ သူတော်စင် မြတ်များ အား အဝတ်သင်္ကန်းတွေ ဝတ်ဖွယ်တွေ စားဖွယ်တွေ သောက်ဖွယ်တွေ လှူကြပါ။ ဘာပြုလို့လဲ။ မိမိက မစ္ဆရိယရှိပြီးတော့ သူတစ်ဖက်သားကို ချုပ်ချယ်နေတဲ့ ကိုယ်ကျင့်တရား ညံ့နေမယ်ဆိုလို့ရှိယင် နတ်ရွာသုဂတိ ကပ်ရောက်ကြတဲ့ နတ်သား နတ်သမီးရဲ့ အဖော်အဖြစ်ကို မရဘူး။ အေး ... နတ်သား နတ်သမီး မဖြစ်နိုင်ဘူးပေါ့။ နတ်ပြည်ချမ်းသာကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး။ ဒါကြောင့် လှူကြပါ၊ တန်းကြပါလို့ ကျုပ် ပြောချင်လိုက်တာ၊ ကျုပ်ကိုယ်စား လူ့ပြည်များ ဘယ်သူ သွားပြောပါ့ မလဲလို့ မြည်တမ်းတဲ့ ဂါထာ။ သူက ဂါထာကြီး)။

သာဟံ နူန ဣတော ဂန္တွာ၊
ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နာ၊
ကာဟာမိ ကုသလံ ဗဟုံ။

သာဟံ=ထို ကျွန်တော်မသည်။ နူန=စင်စစ်။ ဣတော=ဤငရဲရွာမှ။ ဂန္တွာ=ကျွတ်လွတ်၍ သွားရသည်ရှိသော်။ မာနုသိံ ယောနိံ=လူ့ဘဝ ပဋိသန္ဓေကို။ လဒ္ဓါန=ရပါမူကား။ ဝဒညူ=အလှူခံပုဂ္ဂိုလ်တို့ စကား နားလည်သည်ဖြစ်၍။ သီလသမ္ပန္နာ=ကိုယ်ကျင့်သီလနဲ့ ပြည့်စုံသည် ဖြစ်၍။ ဗဟုံ=များစွာ။ ကုသလံ=ကုသိုလ်ကို။ ကာဟာမိ=ပြုပေအံ့။ ဘယ်လိုပြုမှာလဲ။

http:\\www.dhammadownload.com



ဒါနေန သမစရိယာယ၊ သံယမေန ဒမေန စ။

အလှူအတန်းပေးလိုက်၊ သီလ ဆောက်တည်လိုက်၊ သော ဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် သမာဓိဘာဝနာကို ပွားလိုက်၊ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ စသည်ဖြင့် ပညာ ဘာဝနာ၊ ဒမ=ဣန္ဒြေတွေ ယဉ်ကျေးအောင် ဆုံးမတဲ့ ပညာဆိုတာ 'ဝိပဿနာဒမ'၊ ဒါကို ခေါ်တာ။ အဲဒီတော့ ကျုပ်ဟာတဲ့ – ဒီ ငရဲပြည်က လွတ်လို့ လူ့ပြည်များ ရောက်သွားမယ်ဆိုယင် ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ ဒီကုသိုလ်ကောင်းမှု လေးပါးကို အများကြီး ပြုလိုက်မယ်လို့ ဒါ ပြောတယ်။ မြည်တမ်းတယ်။

အာရာမာနိ စ ရောပိဿံ၊
ဒုဂ္ဂေ သင်္ကမနာနိ စ။
ပပဉ္စ ဥဒပါနဉ္စ၊
ဝိပ္ပသန္နေန စေတသာ။

အဟံ=ကျွန်တော်မ ရေဝတီသည်။ မာနုသံ ယောနိံ=လူ့ပြည်လူ့ဘဝ ပဋိသန္ဓေကို။ လဒ္ဓါန=ရပါမူကား။ အာရာမာနိ စ=အာရာမ်ဥယျာဉ်တို့ ကိုလည်းပဲ။ ရောပိဿံ=စိုက်ပျိုးပေအံ့။ (အများသွားလာလို့ မိုးတို့ နေတို့ မပူအောင် မိုးမစွတ်အောင်၊ ဟို–အများသွားလာတဲ့လမ်း သစ်ပင်လေးတွေ အရိပ်အာဝါသဖြစ်အောင် စိုက်လိုက်မယ်လို့) ဒုဂ္ဂေ= အသွားခက်ကဲ့နေရာ၌။ သင်္ကမနာနိ စ=တံတားနင်းကြမ်းတို့ကိုလည်း ပဲ။ ကရိဿံ=ပြုပါပေအံ့။

လူ့ဘဝသာ ဒီကမ်းခါရယင်တော့ အသွားခက်တဲ့ နေရာတွေမှာ တံတားတွေ နင်းကြမ်းတွေ လုပ်ပေးလိုက်မယ်၊ ကုသိုလ်ကောင်းမှုကို သူက စိတ်မပါလို့ ... မပါတာ၊ သူအမိန့်ပေးရတာ ဘုရားကို မျက်မှောက် ဖူးတွေ့ရတယ်။ ဘကယ်ကို တရားပွဲကြီးတွေကိုပေါ့လေ၊

http:\\www.dhammadownload.com



တကယ် တွေ့ရတယ်။ အင်မတန် သဒ္ဓါတရား ညံ့ဖျင်းလို့ ဘေးက အပေါင်းအသင်းကလည်း ညံ့လို့ နေမှာပ။ တကယ့်ကို သက်တော်ထင်ရှား ဘုရားကို ဖူးတွေ့ရတယ်။ ဘုရားရဲ့ တရားပွဲတွေကိုလည်း တွေ့ရတယ်။ အဲဒီလို တွေ့ရပါလျက်ကနဲ့ အင်မတန် သူ့အဖို့က နစ်နာတယ်။ နို့-ဘာလုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတဲ့ တရားသံတွေလည်း သူကြားတယ်။ လုပ်လည်း မလုပ်ခဲ့ဘူး။ အခုမှ နောင်တ ရပြီးတော့-

ဒုဂ္ဂေ=အသွားခက်တဲ့ လမ်းခရီး၌။ သင်္ကမနာနိ စ=တံတားနင်းကြမ်း တို့ကိုလည်းပဲ။ ကရိဿံ=ဆောက်လုပ်လှူဒါန်းပါ့မယ်။ ပပဉ္စ= ရေတွင်းကို လည်းကောင်း။ ဥဒပါနဉ္စ=ရေအိုးစင်ကို လည်းကောင်း။ ဝိပ္ပသန္နေန စေတသာ=သဒ္ဓါရွှမ်းစို ကြည်ညိုတဲ့စိတ်ဟာဖြင့်။ ကရိဿံ =တူးပေဆောက်ပေအံ့။

လူ့ပြည်ရောက်ယင်ဖြင့် ရေတွင်းဒါယကာ ရေတွင်းအစ်မ၊ ရေချမ်းစင်ဒါယကာ ရေချမ်းစင်အစ်မ သဒ္ဓါကြည်လင်စွာ ခံလိုက်မယ်။ ဒီလို ပြောတယ်။ ဒါနဲ့ အားမရသေးဘူး။

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယ ပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။
ဥပေါသထံ ဥပဝသိဿံ၊ သဒါ သီလေသု သံဝုတာ။
န စ ဒါနေ ပမဇ္ဇိဿံ၊ သာမံ ဒိဋ္ဌမိဒံ မယာ။

စာတုဒ္ဒသိံ=စာတုဒ္ဒသီ တိထိကြိမ်တွေ့ တစ်ဆယ့်လေးရက်နေ့ လည်းကောင်း။ (လဆန်း ၁၄ ရက်၊ လဆုတ် ၁၄ ရက်၊ ဒါကို စာပေ နယ်ပယ်က စာတုဒ္ဒသီ ဥပုသ်နေ့လို့ ခေါ်တယ်။) ပဉ္စဒသိံ=တစ်ဆယ့်ငါးရက် ဥပုသ်နေ့၌ လည်းကောင်း။ (လဆန်း ၁၅ ရက်၊ လဆုတ် ၁၅ ရက် ဥပုသ်နေ့၌ လည်းကောင်း) ပက္ခဿ=ဆန်းဆုတ်ခေါ်ကြနှစ်ပက္ခ၏။ ယာ စ အဋ္ဌမီ=အကြင်ရှစ်ရက်မြောက် ဥပုသ်နေ့လည်း

http:\\www.dhammadownload.com



ကောင်း။ အတ္ထိ=ရှိ၏။ တဉ္စ=ထိုရှစ်ရက်မြောက် အဋ္ဌမီဥပုသ်နေ့၌လည်းကောင်း။ ပါဋိဟာရိယပက္ခဉ္စ=ပါဋိဟာရိယပက္ခခေါ်ဆို အဋ္ဌမီဥပုသ် စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ်တို့ရဲ့ ရှေ့တစ်ရက် နောက်တစ်ရက်ဆိုတဲ့ အကြိုအပို ဥပုသ်နေ့တို့၌ လည်းကောင်း။

## ပါဋိဟာရိယပက္ခယူပုံ အမျိုးမျိုး

ရှေးတုန်းကတော့ ရှစ်ရက်ဥပုသ် စောင့်မယ်ဆိုယင် ရှစ်ရက်ဥပုသ်က အဋ္ဌမီဥပုသ် ခေါ်ပါတယ်။ အဲဒီ ရှစ်ရက်ရဲ့ အကြိုအနေနဲ့ ပါဋိဟာရိယပက္ခ။ ဒီ ပါဋိဟာရိယပက္ခ ယူပုံတွေကတော့ အများကြီးပေါ့လေ။ သို့သော် အများကျင့်နိုင်တဲ့ ပါဋိဟာရိယပက္ခ ယူပုံပဲ ပြောကြစို့။ အဲဒီ အဋ္ဌမီဥပုသ်ရဲ့ ရှေ့ကနေပြီးတော့ ပါဋိဟာရိယ ဥပုသ် ငါစောင့်မယ်ဆိုပြီးတော့ အကြိုခုနစ်ရက်က စပြီးတော့ ဥပုသ်စောင့်တယ်။ ရှစ်ရက်ပြီးတော့ ဥပုသ် မထွက်လိုက်သေးဘူး။ ကိုးရက်အထိ စောင့်တယ်။ ဒါလဲ ပါဋိဟာရိယဥပုသ်။ အဲဒီတော့ ဥပုသ် စောင့်နေတဲ့လူကတော့ အကြိုတစ်ရက်၊ အပိုတစ်ရက်၊ ဒါ ပါဋိဟာရိယပက္ခဥပုသ်လို့ ခေါ်တယ်။ အဲဒီလို အများစောင့်နိုင်တဲ့ ပါဋိဟာရိယပက္ခကိုပဲ အခု ပြောနေတယ်။ ဒီပြင် ပါဋိဟာရိယပက္ခ ယူပုံတွေ ရှိသေးတယ်။ တစ်ဝါတွင်းလုံး ဥပုသ်စောင့်တာလဲ ဒါ ပါဋိဟာရိယပက္ခပဲ။ ခေါ်တဲ့နည်းတွေပေါ့။ ထားပါတော့၊ အားလုံး စောင့်နိုင်တဲ့မှုကိုပဲ ပြောကြစို့။

ပါဋိဟာရိယပက္ခဉ္စ=ပါဋိဟာရိယပက္ခခေါ်ဆို အကြိုအပို ဥပုသ်နေ့တို့၌လည်းကောင်း။ အဋ္ဌင်္ဂသုသမာဂတံ=အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထံ=ဥပုသ်ကို။ ဥပဝသိဿံ=ကျင့်သုံးဆောက်တည်ပါပေအံ့။

လူ့ပြည်မှာ ရောက်လိုက်ယင် စတုဒ္ဒသီဥပုသ်တွေ၊ ပန္နရသီဥပုသ်တွေ၊ အဋ္ဌမီဥပုသ်တွေ၊ ပါဋိဟာရယ ပက္ခဥပုသ်တွေ လုလုကြီး စောင့်လိုက်မယ်တဲ့။

http:\\www.dhammadownload.com



ဒါနေ=အလှူဒါန၌။ န စ ပမဇ္ဇိသံ=မမေ့မလျော့တော့အံ့။ (မမေ့ဝံ့တော့ဘူး၊ ဘာကြောင့်လဲ) မယာ=ကျွန်တော်မသည်။ ဣဒံ=ဤငရဲဒုက္ခကို။ သာမံ ဒိဋ္ဌံ=ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရလေပြီ။

ဒါကြောင့် နောက် မမေ့ဝံ့တော့ပါဘူးလို့ ပါးစပ်နဲ့ သူ့ခမျာမယ် မြည်တမ်းပြောဆို နေရှာတယ်။ ပြောတော့ ပြောတယ်၊ အဲဒီပြောတဲ့ စကားတွေ ဆုံးရှုံးလောက်တော့ ရောက်ပုံပဲ။ အဲဒီအချိန်မှာ ဘာဖြစ်သွားသလဲ။

## ရေဝတီကို ဘင်ပုပ်ငရဲသို့ ပစ်ချပြီ

ဣစ္စေဝံ ဝိပ္ပလပန္တိံ၊ ဖန္ဒမာနံ တတော တတော။
ခိပိံသု နိရယေ ဃောရေ၊ ဥဒ္ဓံ ပါဒံ အဝံသိရံ။

(ဒါက သင်္ဂီတိကာရက မထေရ်မြတ်များ ထည့်ပေးတဲ့ ဟိုအချိန်က ဖြစ်ရပ်)။

ဣစ္စေဝံ=ဤသို့လျှင်။ တတော တတော=ထိုမှ ထိုမှ။ ဖန္ဒမာနံ=တုန်လှုပ်လျက်။ ဝိပ္ဖန္ဒမာနံ=ရုန်းကန်တုန်လှုပ်လျက်။ ဝိပ္ပလပန္တိံ=သနားစဖွယ် မြည်တမ်းစကား ပြောကြားနေစဉ်။ ဝါ ပြောကြားနေဆဲ ဖြစ်သော ရေဝတီကို။ နိရယပါလာ=ငရဲထိန်းတို့သည်။ ဥဒ္ဓံ ပါဒံ အဝံသိရံ =ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ပြုလျက်။ ဃောရေ=ကြမ်းတမ်းစွာသော။ နိရယေ=သံသဝကငရဲ၌။ ခိပိံသု=ပစ်ချလိုက်ကြလေကုန်ပြီ။

ဒီကမှ ပြောတုန်းရှိသေးသတဲ့၊ အခုပြောလို့ ဆုံးပြီဆိုပါစို့။ ဆုံးလို့လည်းပဲ ဒီအသံတွေ မြတ်စွာဘုရား ပြန်ပြီး ဟောကြားလို့ ကနေ့ကြားနေကြရတယ်။ တစ်ခါတည်း ငရဲထိန်းတွေက ငရဲအိုးထဲလည်း ပစ်ချလိုက်ကရောတဲ့။ ရေဝတီက -

http:\\www.dhammadownload.com



## ရေဝတီ၏နောက်ဆုံး နောင်တ သံဝေဂဂါထာ

အဟံ ပုရေ မစ္ဆရိနီ အဟောသိံ၊
ပရိဘာသိကာ သမဏဗြာဟ္မဏာနံ။
ဝိတထေန စ သာမိကံ ဝဉ္စယိတွာ။
ပစ္စာမဟံ နိရယေ ဃောရရူပေ။

အများကတော့ ပြောမှာပေါ့။ ဂါထာတွေ တရွတ်ရွတ်နဲ့ ပျော်လွန်းလို့ ထင်ကြမယ်။ မဟုတ်ဘူး။ ဝမ်းနည်းယင်လည်းပဲ ဝမ်းနည်းလို့ ဒီဂါထာတွေပေါ်တာပဲ။ မွေ့သဘော ဘယ်လိုမှ မတတ်နိုင်ဘူး။ ဘေးက ပုဂ္ဂိုလ်အနေနဲ့ ကြည့်ယင် သံဝေဂ ရစရာ။ ဒါ–ရေဝတီ ငရဲအိုးထဲ ကျတော့ ရွတ်တဲ့ ဂါထာတဲ့။

အဟံ=ကျွန်တော်မ ရေဝတီသည်။ ပုရေ=ရှေးလူဖြစ်စဉ် ဘဝတုန်းက။ မစ္ဆရိနီ=ဝန်တိုစေးနဲ မပေးရက်သူသည်။ အဟောသိံ=ဖြစ်ခဲ့လေပြီ။ သမဏ ဗြာဟ္မဏာနံ=ရဟန်း ပုဏ္ဏား သူမြတ်များအား။ ပရိဘာသိကာ=ရေရွတ်စကား ဆဲရေးစကား ပြောကြားခဲ့လေသည်။ အဟောသိံ=ဖြစ်ခဲ့ပါပြီ။

(ဒီ ကိုယ်တော်တွေကြောင့်သာ နန္ဒိယ မသေမချင်း မျက်နှာငယ်နေသပေါ့။ အဲဒီ ငယ်နေသပေါ့ နောက်နားကတော့ သူထင်သလို ဆဲရေး တိုင်း ထွာ စကားတွေ ပြောသပေါ့။ အဲဒီ ပြောခဲ့တာတွေ သူ အခုမှ ပြန်ပြီး သတိရတယ်)။

သမဏဗြာဟ္မဏာနံ=ရဟန်းပုဏ္ဏားသူမြတ်များအား။ ပရိဘာသိကာ =ရေရွတ်စကား ဆဲရေးစကား ပြောကြားခဲ့လေသည်။ အဟောသိံ= ဖြစ်ခဲ့လေပြီ။ သာမိကံ=အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ နန္ဒိယ သေဌေး နန္ဒိယကျောင်းဒကာကို။ ဝိတထေန=လိမ်လည်လှည့်ဖျား မဟုတ်စကားဖြင့်။ ဝဉ္စယိတွာ=အလိမ်ကြီး လိမ်ခဲ့သောကြောင့်။ အဟံ =အကျွန်ုပ်သည်။ ဃောရရူပေ=ကြောက်မက်ဖွယ် သဘောရှိသော။ နိရယေ= သံသဝကငရဲ၌။ ပစ္စာမိ=ယခုတော့ ကျက်ရပါပကော။

http:\\www.dhammadownload.com



အခုတော့ သံသဝကရေမှာ ကျက်ရပေါ့၊ ကျက်ရပါပေါ့လို့ ဒီလို အမိပ္ပာယ်နဲ့ ဒီဂါထာကို ရွတ်တာတဲ့။ ဒါ ရေဝတီရဲ့ အပြစ်ဟာ အဲဒီမှာ ဆုံးတယ်။

ကိုယ်တော်ရယ် အဲဒီ စကားတွေ ဘယ်သူကများ ပြန်ပြီးတော့ ပြော သလဲ။ ခါတိုင်းတော့ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်ကြီး သွားလို့ ပြော တယ်၊ ထားပါဦး။ အခုတော့ ပြန်ပြီးတော့ စဉ်းစားတယ်။ ပြန်ပြီးတော့ စဉ်းစားယင် ဒီစကားတွေဟာ လူ့ပြည်လောကက ဘုရားကလည်း လိုက်ကြည့်နေတာ မဟုတ်ဘူး။ ရှင်မောဂ္ဂလ္လာန်ကလည်း ဒေသစာရီ ကြွပြီးတော့ ကြည့်တာ မဟုတ်ဘူး။ ဒီအကြောင်းအရာ ဒီလို စီကာ ပတ်ကုံး ဒီလို ဖြစ်နေတာ ဘယ်နည်းနဲ့ ဖြစ်တာလဲလို့ အတွေးအခေါ်ပေါ့ လေ၊ တွေးခေါ်တဲ့ ပုဂ္ဂိုလ်တွေ၊ တစ်နည်းအားဖြင့် သာသနာတော်ကို တက်ပြီးတော့ ဝေဖန်ချင်တဲ့ ပုဂ္ဂိုလ်တွေ ရှိတတ်တယ်။ အဲဒီ ပုဂ္ဂိုလ်တွေ ဟုတ်လား၊ သဒ္ဒါတရား ဖြစ်ပွားနိုင်၍ အဲဒီပုဂ္ဂိုလ်တွေအတွက် ဖြေ ပေးတဲ့ အနေနဲ့ အဋ္ဌကထာက ဟောဒီလို ရေးသားခဲ့တယ်။

"ဘိက္ခူ ရေဝတိယာ ယက္ခေဟိ ဂဟေတွာ နီတဘာဝံ ဘဂဝတော အာရောစေသုံ"

ဘိက္ခူ=ရဟန်းတို့သည်။ ရေဝတိယာ=ရေဝတီအား။ ယက္ခေဟိ= (ဗာရာဏသီပြည်က သိလိုက်ကြတဲ့ အချက်ကတော့ ရေဝတီကို ဘီလူးနှစ်ကောင် ဆွဲခေါ်သွားတာပဲ သိလိုက်တယ်။ အဲဒီနောက် ဘာမှ မသိဘူး။ အေး ... ရဟန်းတွေလဲ ဒီသတင်းကို သိလိုက်တယ်)။ ယက္ခေဟိ=ဘီလူးနှစ်ကောင်တို့က။ ဂဟေတွာ=ဆွဲ၍။ နီတဘာဝံ= ဆောင်အပ်သည်၏အဖြစ်ကို။ ဘဂဝတော=မြတ်စွာဘုရားအား။ အာရောစေသုံ=လျှောက်ထားကြကုန်ပြီ၊

အဲဒီအချိန်မှာ ဘုရားက မိဂဒါဝုန်ကျောင်းတိုက်ကြီးမှာ ရှိတယ်။ ရဟန်းတွေက "မြတ်စွာဘုရား၊ ရေဝတီကို ကနေ့ နံနက်ဘီလူးနှစ်ကောင်

http:\\www.dhammadownload.com



ဆွဲသွားပေါ့တဲ့"။ အဲဒီလို လျှောက်တယ်။

တံ သုတွာ ဘဂဝါ အာဒိတော ပဋ္ဌာယ ဣမံ ဝတ္ထုံ ကထေတွာ။

တံ=ထို ရဟန်းတို့ ပြောကြားတဲ့ စကားကို။ သုတွာ=ကြားရသောကြောင့်။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာဒိတော=အစကပင်လျှင်။ ပဋ္ဌာယ=အစပြု၍။ ဣမံ ဝတ္ထုံ=ဤယခု ပြောခဲ့တဲ့ ရေဝတီအကြောင်းအရာ ဝတ္ထုကို။ ကထေတွာ-ကထေသိ=ဟောကြားတော်မူခဲ့ပြီ။

ရေဝတီရဲ့အကြောင်းအရာဝတ္ထု။ "ရေဝတီကို နတ်ဘီလူးနှစ်ကောင်ဆောင်သွားပေါ့တဲ့"ဆိုတဲ့ အကြောင်းအရာကို ရဟန်းတွေက လျှောက်လို့ ဒီသတင်း ကြားပြီးတဲ့အခါမှာမှ မြတ်စွာဘုရားက "အေး ... ရေဝတီရဲ့ အကြောင်း၊ ဒို့ တရား ဟောကြဦးစို့"ဆိုပြီး ရဟန်းတွေ ဘယ်သိမလဲ၊ စောစောကပြောတဲ့ နန္ဒိယအမေက ချွေးမ ဖမ်းလိုတဲ့စကား။

"သမီး၊ ဒို့အိမ်ကို လာအေ့၊ ဒို့အိမ်မှာ လာပြီးတော့ နန္ဒိယ သဘောကျအောင် ရဟန်းသံဃာတွေ နေတဲ့နေရာ သမီးက နွားချေးလေးများ လိမ်းကျံ၊ နေရာလေးခင်း" ဒါတွေ စောစောစီးစီးက ဒီလိုပြောတယ်။ ဘယ်သူမှ အပြောမရှိဘူး။

အေး ... ဒီရေဝတီကို ဘီလူးနှစ်ကောင် ယူဆောင်သွားပေါ့-တဲ့ဆိုတဲ့ သတင်းစကား ရဟန်းတွေက မြတ်စွာဘုရားကို လျှောက်ထားတော့မှ ဘုရားက ဒီဝတ္ထုအကြောင်း 'အခြေခံကစပြီးတော့ အကျယ်ဟောပြတော်မူတယ်။

ကထေတွာ=ဟောကြားပြီးနောက်။ ဥပရိ=အထက်၌။ (ဝါ၊ ရေဝတီဝတ္ထုမှာ ရေဝတီ အခုအချိန်၌ ဤကဲ့သို့ ဂါထာတွေ ရွတ်ပြီးတော့သံသဝက ငရဲထဲမှာ မြှုပ်သွားပြီဆိုတဲ့ ခုနင်က ဂါထာ ရေဝတီနဲ့ဘီလူးနှစ်ကောင်နဲ့ လမ်းမှာပြောကြတာ၊ အင်း-တစ်ခါ ငရဲထိန်းကပြောတာ၊ ရေဝတီက ပြောတာ၊ ဒါကို ဘုရားအနေနဲ့ အကုန်သိတယ်။

http:\\www.dhammadownload.com



ဆင်ခြင်ပြီးတော့ သိလို့ ပြန်ပြီး ဒီဝတ္ထု ဟောပြီးတဲ့နောက်မှ) ဥပရိ= အထက်၌။ ဝိတ္ထာရေန=အကျယ်အားဖြင့်။ ဓမ္မံ=တရားကို။ ဒေသေတိ =ဟောကြားတော်မူပြီ။

အဲဒီ ရေဝတီဝတ္ထု ကုန်အောင် ဟောပြီးတဲ့နောက် တရားနာပရိသတ် အား အကျယ်ချဲ့ပြီးတော့ အကုသိုလ်များ ကြောက်စရာကောင်းတဲ့ အ ကြောင်း၊ ကုသိုလ်ကောင်းမှုများ ပွားဖို့ကောင်းတဲ့အကြောင်း၊ အကုသိုလ် များ ပယ်ဖို့ ကောင်းတဲ့အကြောင်းကို အကျယ်တဝင့် ဘုရားက တရား ဟောတယ်။

ဒေသနာဝသာနေ=ဒေသနာနိဂုံး ဆုံးလတ်သောအခါ၌။ ဗဟူ=များ စွာသော လူတို့သည်။ သောတာပတ္တိဖလာဒီနိ=သောတာပတ္တိဖိုလ် စသည်တို့ကို။ ပါပုဏိံသု=ရောက်ကြကုန်ပြီ။

ဒေသနာနိဂုံး ဆုံးလည်းဆုံးရော များစွာသော ပုဂ္ဂိုလ်တွေ၊ တချို့ သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့အနာဂါမ်၊ တချို့ရဟန္တာ ဖြစ်ကြ တယ်တဲ့။ ဒါက ရေဝတီဝိမာနဝတ္ထုရဲ့ အဆုံးလို့ ပြောကြပါစို့။

အဲဒီမှာ ဘုန်းကြီးတို့ စာပေနယ်ပယ်က အသုံးပဲ ပြောကြပါစို့။ ဝိမာနဝတ္ထု ပါဠိတော်ဆိုတာ အမျိုးသမီးနတ်သမီး ဗိမာန်ရှင်တွေအတွက် ဘုံခန်းဒေသနာပ။ အဲဒါကို က္ကတ္ထိဝိမာနလို့ ဝိမာနဝတ္ထု ပါဠိတော်မှာ ရှေ့ပိုင်းက နေပြီးတော့ သင်္ဂါယနာ တင်တယ်။ အမျိုးသား နတ်သားတို့ ရဲ့ ဗိမာန်အကြောင်း၊ စည်းစိမ်အကြောင်းကျတော့ ပုရိသဝိမာနဝတ္ထု ဆိုပြီးတော့ နောက်ပိုင်းက နေပြီးတော့ သင်္ဂါယနာတင်တယ်။

## ရေဝတီ၏အကြောင်းအရာ များစွာပါ၍ ရေဝတီဝိမာနဟုခေါ်ခြင်း

ဘုန်းကြီးတို့ စာလို ပြောကြပါစို့။ အခု ပြောထားတဲ့ "ရေဝတီဝိမာန နာမည်က ရေဝတီဝိမာန ဆိုပြီးတော့ ရေဝတီရဲ့ ဗိမာန်လည်း ဒ..ယ်မှ

http:\\www.dhammadownload.com



မရှိဘူး။ ဘာပြုလို့ "ရေဝတီဝိမာန=ရေဝတီရဲ့ဗိမာန်"လို့ ပြောရသလဲ။ မေးစရာရှိလို့ အဋ္ဌကထာက စာချစာသင်တဲ့ ပုဂ္ဂိုလ်များ ဟိုကျောင်းမှာ စာချတယ်၊ စာသင်တယ်ဆိုတာ ဒါမျိုးတွေကို အကပ်တွေ အကိုးတွေကို ဒီလို ရှင်းတာ ဖြေတာပါလားလို့ သိတာ။ ဘယ်လိုလဲလို့ ဆိုတော့-

"ကာမဉ္စေတံ ရေဝတီပဋိဗဒ္ဓါယ ကထာယ ယေဘုယျဘာဝတော။ ရေဝတီဝိမာန' န္တိ ဝေါဟရီယတိ"

စေတံ=ဤစကားရပ်ကို။ ရေဝတီပဋိဗဒ္ဓါယ=ရေဝတီနဲ့စပ်သော။ ကထာယ=အကြောင်းအရာ စကားက။ ယေဘုယျဘာဝတော= များသည်၏ အဖြစ်ကြောင့်။ ရေဝတီဝိမာနန္တိ=ရေဝတီဝိမာနဟူ၍။ ဝေါဟရီယတိ=ခေါ်အပ်၏။

ရေဝတီဝိမာနလို့ ဘာကြောင့်ခေါ်ရသလဲ။ ဒီတရားဒေသနာတစ်ခုလုံးဟာ ရေဝတီနဲ့စပ်တဲ့ အကြောင်းအရာ စကားတွေများလို့ ရေဝတီဝိမာနလို့ ခေါ်တယ်။ ရေဝတီဝိမာနဆိုယင် ရေဝတီက အမျိုးသမီးကွဲ့။ ဒီရေဝတီဝိမာနဆိုတဲ့ ဒီပါဠိတွေက သင်္ဂါယနာတင်တော့ ပုရိသဝိမာန ပါဠိထဲမှာ လာပြီးတော့ သင်္ဂါယနာ တင်ထားတယ်။ ဒီတော့ ရေဝတီက အမျိုးသမီးဖြစ်လို့ ဣတ္ထိဝိမာနအခန်းထဲမှာ သူ့ကို သင်္ဂါယနာတင်ပါလား။ ထည့်ပါလား။ မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထုရဲ့နောက်မှာ ရေဝတီဝိမာနဝတ္ထုလို့ ရှိတယ်။ ဘာပြုလို့ ယောကျ်ားတွေရဲ့ ဘုံခန်းထဲမှာ ဒီရေဝတီဝိမာနကို လာထည့်ရတုန်းဆိုတော့- ဒီမှာ အမေးနှစ်ခွန်းပေါ့။

ဒီ ရေဝတီဝိမာနကို ဘာပြုလို့ ဣတ္ထိဝိမာန ခန်းထဲ မထည့်ရတုန်း။

ဘာပြုလို့ ပုရိသဝိမာနအခန်းထဲမှာ လာထည့်ရတုန်း။

ယသ္မာ ပန ရေဝတီဝိမာနဒေဝတာ န ဟောတိ။

ရေဝတီ=ရေဝတီသည်။ ဝိမာနဒေဝတာ=ဗိမာန်ပိုင်ရှင် နတ်သမီး

http:\\www.dhammadownload.com



သည်။ ယသ္မာ=အကြင်ကြောင့်။ န ဟောတိ=မဖြစ်။ တသ္မာ စ=ထို့ကြောင့် လည်းကောင်း။

ရေဝတီသည် ဗိမာန်ပိုင်ရှင် နတ်သမီး မဟုတ်ပါဘူး။ အဲဒီလို မဟုတ်သောကြောင့် ဣတ္ထိဝိမာန အစုထဲမှာထည့်ပြီး သင်္ဂါယနာ မတင်ဘူးလို့ ပြောချင်တာ။

နန္ဒိယဿ ပန ဒေဝပုတ္တဿ ဝိမာနာဒိဿမ္ဗန္ဓပဋိသံယုတ္တတ္တာ၊ တသ္မာ ပုရိသဝိမာနေသွေဝ သင်္ဂဟံ အာရောပိတံ။

တော်=ဤဝိမာနဝတ္ထု စကားအစုသည်။ နန္ဒိယဿ ဒေဝပုတ္တဿ= နန္ဒိယနတ်သား၏။ ဝိမာနာဒိသမ္ဗန္ဓပဋိသံယုတ္တံ=ဗိမာန်အစရှိသော စည်းစိမ်နှင့် စပ်ယှဉ်သည်။ ယသ္မာ=အကြင်ကြောင့်။ ဟောတိ=ဖြစ်၏။ တသ္မာ စ=ထို့ကြောင့်လည်းကောင်း။ (ဒီအကြောင်းက ဘယ်အတွက်လည်းဆိုတော့) ပုရိသဝိမာနေသွေဝ=ပုရိသဝိမာန ပါဠိအစုတို့၌သာ လျှင်။ သင်္ဂဟံ အာရောပိတံ=သင်္ဂါယနာ တင်အပ်ပါပေ၏။

အေး ... နန္ဒိယနတ်သားရဲ့ ဗိမာန်စည်းစိမ်စတဲ့ အကြောင်းအရာတွေကလည်း ဒီအထဲမှာ ပါနေတယ်တဲ့။ ဒါကြောင့် ပုရိသဝိမာန နတ်သား ဗိမာန်ခန်းထဲမှာ ဒီရေဝတီဝိမာန ပါဠိကို ထည့်ပြီးတော့ သင်္ဂါယနာ တင်ထားတာပါတဲ့။

> ဣတိ=ဤသို့။ ဒဋ္ဌဗ္ဗံ=သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ သန္နိဋ္ဌာန်ကျ ဆုံးဆုံးဖြတ်ဖြတ်ပဲ မှတ်ပါ-တဲ့။

သူ့ကို ဗိမာန်ရှင်လည်း မဟုတ်ဘဲနဲ့ ဘာပြုလို့ "ရေဝတီဝိမာန"လို့ ခေါ်ရတုန်း။ မေးစရာ ရှိတယ်။ အေး-ရေဝတီအကြောင်းအရာတွေများလို့ ဒါရေဝတီဝိမာနလို့ ခေါ်တယ်။ နို့ ဣတ္ထိဝိမာနထဲမှာ သင်္ဂါယနာတင်ပါ့လား၊ ပုရိသဝိမာနထဲမှာ ဘာပြုလို့ တင်ရသလဲ။ ဘာပြုလို့ ဣတ္ထိဝိမာနထဲမှာ သင်္ဂါယနာ မတင်ရတုန်းလို့ဆိုတော့ ရေဝတီက ဗိမာန်ရှင်

http:\\www.dhammadownload.com



နတ်သမီး မဟုတ်သောကြောင့် ဣတ္ထိဝိမာန အမျိုးသမီး ဘုံခန်းထဲမှာ လည်းပဲ ဒီစကားတွေ သင်္ဂါယနာတင်လို့ မဖြစ်ဘူး။ ဒါဖြင့် မဆိုင်ဘဲနဲ့ ပုရိသဝိမာနထဲမှာ ဒီအမျိုးသမီး ဗိမာန်ကို သွားထည့်ရတုန်း ဆိုတော့ နန္ဒိယနတ်သားရဲ့ ဗိမာန်နဲ့ စပ်တဲ့စကားတွေ မပါဘူးလားတဲ့။ ရေဝတီက မေးတယ်။ ယက္ခနတ်နှစ်ယောက်က ပြောတယ်။ အဲဒီမှာ လေးဂါထာ ငါးဂါထာ ပါနေတယ်။

အဲဒီလို နန္ဒိယနတ်သားရဲ့ ဗိမာန်စည်းစိမ်နဲ့ စပ်တဲ့ တရားစကားတွေကလည်း အများကြီး ပါနေလို့။ ဒီဝိမာနကို ပုရိသဝိမာနထဲမှာ သင်္ဂါယနာတင်တယ်လို့ ပိုင်ပိုင်ကြီး မှတ်ပါတဲ့၊ ဘုန်းကြီးတို့ စာပြောပြောယင်။

ဒွန္ဒဖွဲ့ကား သန္နိဋ္ဌာန်၊ ဝေဒိတဖွဲ့ကား သံသယ၊ ဝုတ္တံရှိက စကားကျ–တဲ့။

ဒွန္ဒဖွဲ့လို့ ရေးယင်ဖြင့် ဆုံးဆုံးဖြတ်ဖြတ် ပိုင်ပိုင်ကြီးသာ မှတ်ကြတော့တဲ့။

ဝေဒိတဖွဲ့ ဆိုလို့ရှိယင် သံသယနဲ့ မှတ်ရမတဲ့။ ဝုတ္တံလို့ စကားသုံးထားလို့ ရှိယင်ဖြင့် စကားကျအားဖြင့် ဒီလိုရောက်တယ်လို့ ဒီလိုမှတ်ရမယ်။ ဒါ ပိုင်ပိုင်ကြီးသာပေါ့လေ၊ မသေမချင်း မှတ်ပေါ့လေ။ ဘုန်းကြီးတို့ စာပြောပြောယင်။ ဟောဒါ ရေဝတီဝိမာနဝတ္ထု ပြီးပါပြီ။

## တရားတော်နိဂုံး

ဤသို့လျှင် ရေဝတီဝိမာနဝတ္ထုနှင့် စပ်သော တရားဒေသနာကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း=သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား

http:\\www.dhammadownload.com



တရားအလှူ ပေးလှူရခြင်း=ဓမ္မဒါန=အမတဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရိယာသူမြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ၊ အစ္စုတိရသ၊ အနိမိတ္တ ပစ္စုပဋ္ဌာန် အရိယာမဂ်တည်းဟူသော ရောက်ကြောင်း သမ္ပာပကပဒဋ္ဌာန်ရှိသော အသခ်တဓာတ် စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်ရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အကျွန်ုပ်တို့တစ်စု အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ကိုယ်ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိစိတ်၏ နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာ ဝါသ သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရ ပါစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း .... ။

သာဓု။ သာဓု။ သာဓု။

ရေဝတီဝိမာနဝတ္ထု တရားတော် ပြီးပြီ။

[ဗုဒ္ဓလက်ထက်တော်မှာ ဤနန္ဒိယ သေဌေးကတော် ရေဝတီမှ တစ်ပါး အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုရာ ဈာပနသဘင်၌ ရွှေပန်းအိုး သုံးလုံးဖြင့် ပူဇော်အပြီးတွင် လူအနင်းခံရ၍ သေဆုံးပြီး တာဝတိံသာ နတ်ပြည် ရောက်ကာ ရွှေဗိမာန်ရှင် ဖြစ်သွားသော ရေဝတီအမျိုးသမီး တစ်ဦးလည်း ရှိသေးသည်။ (သံ၊ ဋ္ဌ။ ၃။ ၂၅၂။) ဟောစဉ်၊ ဒု။ ၃၂၉ လည်း ရှုပါ။]

http:\\www.dhammadownload.com



အရှင်ဝိစိတ္တသာရာဘိဝံသ၏
တိပိဋကဓရ ဟောစဉ်တရားတော်များ
(စတုတ္ထတွဲ)
မှတ်သားဖွယ် ကောက်နုတ်ချက်

## အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဂ္ဂိကဘာရဒွါဇပုဏ္ဏား | ၈၉ |
| အစာ ငါးမျိုး (ဝမ်းထဲ၌) ကွဲသွားပုံ | ၄၂ |
| အစာငတ်ခံ ဆန္ဒပြသော ရဋ္ဌပါလ | ၃၀၄ |
| အစိန္တေယျကြီး လေးပါး | ၂၀၀ |
| အဆုတ် | ၄၅ |
| အဇ္ဈတ္တိကာယတန ၆ ပါး | ၁၄၀ |
| အဇ္ဈတ္တိကာယတနဟုခေါ်ရပုံ | ၁၄၇ |
| အညှိ | ၄၆ |
| အနတ္တဖြစ်အောင် ရှုပုံ | ၁၆၅ |
| အနိစ္စသဘော | ၂၅၇ |
| အန္တရကပ်၏ကာလ | ၂၁၅ |
| အန္တောမဏ္ဍလ ခေါ်ပုံ | ၂၉၀ |
| အပါယ်တံခါး ဖွင့်ထားပြီ | ၄၄၃ |
| အမ္ဗပါလီ | ၇ |
| အရဟာတ္တဖိုလ်သို့ | ၁၉၂ |
| အရိယာတို့အား ကဲရဲ့မှု အကုသိုလ်အကျိုး | ၄၅၃ |
| အရိုးပေါင်းသုံးရာရေတွက်ပုံ | ၃၇ |
| အဝန်းသုံးပါး | ၂၈၈ |
| အသံကိုကြိုက်၍ကြည်ညိုသူ | ၁၉၈ |
| အာဒီနဝဉာဏ် | ၂၆၀ |
| ဣဒ္ဓိအစိန္တေယျ | ၂၀၂ |
| အူမခွေ | ၄၀ |
| ဧတဒဂ်ဆုတောင်း | ၂၀၆ |
| [ က–ခ–ဂ–ဃ–င ] | |
| ကာမဂုဏ်၏အပြစ် | ၄၁၆ |
| ကိုယ်ပိုင်ဥစ္စာမရှိ(အဿက) | ၃၆၈ |
| ကိုယ့်ကံနှင့် ကိုယ်သာဖြစ် | ၄၀၇ |
| ကျင့်စရာတရား အပိုင်းလေးပိုင်း | ၂၄၀ |
| ကြည်ညိုတတ်သူလေးမျိုး | ၁၉၇ |
| ခန္ဓာကိုယ်နှင့်အပုပ်အမျိုးမျိုး | ၆၂ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ခန္ဓာ၅ပရိညာသုံးပါးဖြင့် ပိုင်းခြားသိပုံ | ၅၆ |
| ခိပ္ပါဘိညာ ဇောဂဒ်ရရှိခြင်း | ၂၈၂ |
| ခေါင်းခေါင်းပါးပါး အကျင့်ကို ကြည်ညိုသူ | ၁၉၈ |
| ခြောက် ခြောက်လီတရား | ၁၃၈ |
| ခြောက် ခြောက်လီ တစ်ခုစီရှုနည်း | ၁၄၀ |
| ဂါထာငါးရာနဲ့အမျိုးမျိုး ဘုရားကို ဆဲသူ | ၁၀၀ |
| ဃန လေးမျိုး | ၃၃ |
| ငရဲငယ် လေးထပ် | ၄၄၉ |
| ငရဲထိန်းနှစ်ယောက်က ဆွဲခေါ်ခြင်း | ၄၅၀ |
| **[ စ–ဆ–ဇ–ဈ–ည ]** | |
| စရိုက် ၆ ပါးသွေးရောင် ခြောက်မျိုး | ၄၄ |
| စည်းစိမ်ကို တမလွန်ဘ၀ ရ မရ | ၃၈၆ |
| ဆ ဆက္ကသုတ်သည် ပညာတရား | ၁၃၂ |
| ဆ ဆက္ကသုတ်တရားတော် | ၁၃၂ |
| ဆွမ်းကပ်ဆောင်များကို ရေ၀တီဖျက်ဆီးပစ်ခြင်း | ၄၄၀ |
| ဇရာပါရိဇုည | ၃၄၈ |
| ဇရာဗျာဓိက မရဏသို့ ပို့ | ၃၆၇ |
| ဇာတ်နိမ့်တဲ့မာတင် ဖြဟ္မာ့ပြည်ရောက် | ၁၂၃ |
| ဈာန်အဘိညာဏ်နှစ်မျိုး | ၂၁၂ |
| ဉာဏအစိန္တေယျ | ၂၀၃ |
| ဉာတပရိညာ | ၂၅၀ |
| ဉာတိပါရိဇုည | ၃၆၀ |
| **[ တ–ထ–ဒ–ဓ–န ]** | |
| တစပဥ္စကပါဠ်အနက် | ၁ |
| တဏှာ ၆ ပါး | ၁၅၇ |
| တဏှာချုပ်လျှင် နိဗ္ဗာန်ဝင် | ၃၆၄ |
| တရားအကျဉ်းလေးပါး | ၂၃၉ |
| တီရဏပရိညာ | ၂၅၁ |
| တောင်ကလာပ်ပေါ်တက်၍ တရားအားထုတ်ကြပုံ | ၂၁၁ |
| ထက်ဝန်းကျင်ပြည့်စုံသော ဒေသနာ | ၁၃၃ |
| ဒါနဝတ်ကိုဖျက်ဆီးပစ်သော ရေ၀တီ | ၄၃၆ |
| ဒါနသုံးမျိုး | ၄၂၃ |
| ဒိဋ္ဌ, သုတ, မုတ ဝိညာတ | ၂၅၃ |
| ဒိဋ္ဌဒ္ဓဝိပဿနာရှုပုံလက်ာ | ၂၅၅ |
| ဒုလ္လဘတရားငါးမျိုး | ၇၈ |
| ဓမ္မနှင့် အဓမ္မ | ၄၂၁ |
| ဓမ္မုဒ္ဒေသ လေးပါး | ၃၆၄ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| နန္ဒိယ၏ဗိမာန်ကို ရေဝတီအား ပြသခြင်း | ၄၄၄ |
| နန္ဒိယ ကုန်ရောင်းသွားခြင်း | ၄၃၆ |
| နန္ဒိယကို နတ်သမီးများ စောင့်နေကြခြင်း | ၄၃၂ |
| နန္ဒိယစုတေပြီး တာဝတိံသာ ရောက်ခြင်း | ၄၃၉ |
| နန္ဒိယနှင့်ရေဝတီ အိမ်ထောင်ရေး | ၄၂၄ |
| နန္ဒိယနတ်စည်းစိမ်ခံစားခြင်း | ၄၄၀ |
| နတ်ဘီလူးနှစ်ယောက် ကြွေးကြော်ခြင်း | ၄၄၁ |
| နိဗ္ဗိဒါဉာဏ် | ၂၆၀ |
| နလုံးသား | ၄၄ |
| နင်ချထားရာမှအိမ်ပြန်ရောက် လာသော ရေဝတီ | ၄၄၀ |
| နွားငှေ့၍ ပရိနိဗ္ဗာန်ပြုခြင်း | ၂၇၀ |

[ ပ–ဖ–ဗ–ဘ–မ ]

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ပဋိသင်္ခါဉာဏ် | ၂၆၁ |
| ပရိညာနှစ်ပါးဖြစ်ပုံ | ၂၄၉ |
| ပရိညာသုံးပါးဖြင့် ပိုင်းခြားသိပုံ | ၅၆ |
| ပါဋိပ[illegible]ိယပက္ခယူပုံ အမျိုးမျိုး | ၄၆၂ |
| ပါရိဇုညတရားလေးပါး | ၃၄၇ |
| ပယ်ချထားသော တုတ် လုင်ကန် ရှိသူ | ၄၅၈ |
| ပျက်စီးခြင်းလေးမျိုး | ၃၄၇ |
| ပြည့်စုံပြီးဟူ၍ မရှိ | ၃၇၀ |
| ပို၍ ပို၍ လိုချင်မှု | ၃၉၉ |
| ဖဿ ၆ ပါး | ၁၅၂ |
| ဗာဟိယ နွားငှေ့၍ ပရိနိဗ္ဗာန် ပြုခြင်း | ၂၇၀ |
| ဗာဟိယ၏ အမြင်မှန် သံဝေဂ | ၂၂၈ |
| ဗာဟိယတိုင်း | ၂၁၇ |
| ဗာဟိယ ဒါရုစီရိယ အမည်ရပုံ | ၂၁၇ |
| ဗာဟိယသည် ဘုရားထံ အမြန်သွားခြင်း | ၂၂၉ |
| ဗာဟိယသုတ္တန်တရားတော် | ၁၉၇ |
| ဗာဟိရာယတန ၆ ပါး | ၁၄၈ |
| ဗုဒ္ဓကိစ္စ ငါးပါး | ၆၉ |
| ဗျာဓိပါရိဇုည | ၃၅၃ |
| ဘောဂပါရိဇုည | ၃၅၆ |
| ဘုရားကို ဂါထာငါးရာနဲ့ အမျိုးမျိုး ဆဲရေးသူ | ၁၀၀ |
| ဘင်္ဂဉာဏ် | ၂၆၀ |
| ဘင်ပုပ်ငရဲ | ၄၄၉ |
| မအိုအောင် ငွေနဲ့လုပ်လို့မရ | ၄၀၈ |
| မဇ္ဈေမဏ္ဍလ ခေါ်ပုံ | ၂၉၀ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မရိုးမျှင်အဝတ်ကိုဝတ်သူ | ၂၁၉ |
| မသေခင် မိမိအတွက် နတ်ပြည်၌ဗိမာန်ပေါက်ခြင်း | ၄၃၀ |
| မဟာမင်္ဂလခေါ်ပုံ | ၂၈၉ |
| မာတင် ဒွန်းစဏ္ဍား | ၁၂၃ |
| မိဘတို့က ချော့မော့ကြခြင်း | ၃၀၅ |
| မုစ္စိတုကမျတာဉာဏ် | ၂၆၂ |
| မျက်စဉ်းကျောက်ဥပမာ | ၄၀၀ |
| **[ ယ–ရ–လ ]** | |
| ယာဂုသုံးမျိုး | ၁၉၅ |
| ယူဇနာ ၁၂၀ လျှင် မိုင်ပေါင်း ၁၄၄၀ | ၂၃၀ |
| ရဋ္ဌပါလ ရဟန္တာဖြစ်ခြင်း | ၃၁၂ |
| ရဋ္ဌပါလ ရဟန်းပြုခြင်း | ၃၁၀ |
| ရဋ္ဌပါလ သုတ္တန်တရားတော် | ၂၈၅ |
| ရတနာ ၇ ပါးဖြင့်ပြီးသော နတ်ဗိမာန် | ၄၃၆ |
| ရာမဇာတ် | ၂၇၉ |
| ရူပအစိန္တေယျ | ၂၀၁ |
| ရေဝတီ၏နှောင်တစကားများ | ၄၅၇ |
| ရေဝတီ၏နောက်ဆုံးစကား | ၄၆၄ |
| ရေဝတီကိုအရှင်လတ်လတ် ငရဲပစ်ချ | ၄၆၃ |
| ရေဝတီကို အိမ်မှနှင်ချခြင်း | ၄၃၉ |
| ရေဝတီကို ဘင်ပုပ်ငရဲသို့ ချခြင်း | ၄၆၃ |
| ရေဝတီဝိမာနဝတ္ထု တရားတော် | ၄၂၀ |
| ရောင့်ရဲမှုမရှိ (အတိတ္တ) | ၃၇၀ |
| ရုပ်အဆင်းကိုကြည်ညိုသူ | ၁၉၇ |
| ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် | ၄၁၄ |
| လရထား လမ်းသုံးသွယ် | ၂၈၇ |
| လူတိုင်းကိုးကွယ်ရာမရှိ (အနဘိဿ) | ၃၆၇ |
| လူတိုင်း ကိုယ်ပိုင်ဥစ္စာမရှိ | ၃၆၈ |
| လူတိုင်း မမြဲ (အဒ္ဓုဝ) | ၃၆၇ |
| လူမိုက် သေနည်း | ၄၁၀ |
| လူလိမ္မာ သေနည်း | ၄၁၀ |
| လေးကျွန်းလုံးကို အုပ်စိုး လိုခြင်း | ၃၉၁ |
| လင်္ကာကဗျာဖြင့်တရားရှုနည်း | ၂၅၂ |
| **[ ဝ–သ ]** | |
| ဝသလ သုတ္တန်တရားတော် | ၆၈ |
| ဝါစာ အစိန္တေယျ | ၂၀၂ |
| ဝိဇယ သုတ္တန် တရားတော် | ၁ |
| ဝိညာဏ် ၆ ပါး | ၁၅၀ |
| ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပုံ | ၂၅၇ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| ဝေဒနာကို မျှခံလို့ မရ | ၃၈၂ | သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ခြင်း | ၅၈ |
| ဝေဒနာ ၆ ပါး | ၁၅၅ | သာလဝတီ | ၈ |
| ဝမ်းထဲ၌အစာငါးမျိုးကွဲပုံ | ၄၂ | သီရိမာ ပြည့်တန်ဆာမဝတ္ထု | ၇ |
| သံဃာကို မတရား စွပ်စွဲသော ရေဝတီ | ၄၃၈ | သီရိမာ ယာဟာဘုံရောက်ခြင်း | ၁၆ |
| သရက်ရွက်ခေါ် အဖျဉ်း | ၄၇ | သီလ,သမာဓိ,ပညာဂုဏ်ကို ကြည်ညိုသူ | ၁၉၈ |
| သက်မဲ့ အသုဘရှုပွားခန်း | ၅၂ | သူခိုးကြီး ငါးဦး | ၁၁၇ |
| သက်ရှိ အသုဘရှုပွားခန်း | ၂၆ | သေမှာမကြောက်သူ | ၄၁၁ |
| သင်္ခါရုပေက္ခာဉာဏ် | ၂၆၂ | သေတာ သေသွားတယ် ဘယ်တော့မှအလိုမပြည့် | ၄၀၄ |
| သတ္တဝါ လေးမျိုး | ၉၉ | သွေးအရောင်နှင့် စရိုက် | ၄၄ |
| သဒ္ဓါ ပဗ္ဗဇိတ | ၃၇၀ | | |


အရှင်ဝိစိတ္တသာရာဘိဝံသ၏

တိပိဋကဓရ ဟောစဉ်တရားတော်များ

**(စတုတ္ထတွဲ)**

**မှတ်သားဖွယ် ကောက်နုတ်ချက်**

အက္ခရာစဉ်အညွှန်း ပြီး၏။